

ဆဋ္ဌသံဂါယနာ မှတ်တမ်း

The Chattha Sangāyanā Souvenir Album

"ဂုဏ်ထူးဆောင်လက်မှတ် နှင့် ရွှေတံဆိပ်ရ သမားတော်ဆရာလူ"

—[သက္ကရာဇ် ၁၂၀၂.ခုနှစ်မှစ၍ တည်ထောင်မွှင်လှုပ်သည်။]—

ဘယသုဒ္ဓိဆေးတိုက်၊

အမှတ် ၂၉၄၊ ဘိုလိမ်းလမ်း၊ ကျောက်မြောင်းရပ်-ရန်ကုန်မြို့။

THE BAYA THOKDI MEDICAL HALL.

294, Bowlane Kyaukmyaung Tamwe P.O.

RANGOON.

နေ့ ၂၉-၃-၂၆

ကျွန်တော် ကျွန်မတို့ ဘယသုဒ္ဓိ ဆေးတိုက်ကို ပြင်ဦးလွင်
ဆေးရုံကနှင့် သားမြီးတို့ကြီးဆောင်ကျော် ကျောင်းသူ



ဆဋ္ဌသံဂါယနာ မှတ်တမ်း

The Chaṭṭha Saṅgāyanā Souvenir Album

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့—ပုံနှိပ်တိုက်၊ ရေကူး။ ရန်ကုန်၊ မြေညီသောင်စု မြန်မာနိုင်ငံတော်။
Union Buddha Sāsana Council Press, Yegu, Rangoon, Union of Burma.

နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद္ဓဿ

သစ္စာလေးဆူ၊ အောင်လံသူလျက်၊ ပြိုင်သူ ဘက်ကင်း၊ တရားမင်း ဖြစ်တော်မူသော ဗုဒ္ဓ ရှင်တော် ဘုရားသည်၊ ၄၅-နှစ် အတွင်း ဟောကြား တော် မူ အပ် သော တရား တော် တို့ ကို ကြွသွားနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် လေးလ အကြာတွင် (၁) ရာဇဂြိုဟ်ပြည်၌ ပဌမ သံဂါ ယနာတင်ခြင်း (၂) အနှစ်တရာ အကြာတွင် ဝေသာလီပြည်၌ ဒုတိယ သံဂါယနာ တင်ခြင်း (၃) အနှစ် ၂၃၅-နှစ် အကြာတွင် ပါဠလိပုတ် ပြည်၌ တတိယ သံဂါယနာတင်ခြင်း (၄) အနှစ် ၄၅၀-ကျော်တွင် သီဟိုဠ်ကျွန်း၌ စတုတ္ထ သံဂါ ယနာတင်ခြင်း (၅) အနှစ် ၂၄၁၅-အကြာတွင် မြန်မာနိုင်ငံ မန္တလေး ရွှေမြို့တော်၌ ပဉ္စမ သံဂါ ယနာ တင်တော်မူခြင်းတို့ကို ပြုတော် မူခဲ့ကြ ပေကုန်၏။

ယခုတဖန် "(၁)မြတ်စွာဘုရား ဟောကြား တော် မူအပ်သော နိကာယ် ငါးရပ်တို့ကို အ ထင်ထင်အဆင့်ဆင့်ရေးကူးရာ၌သတိချက်ယွင်း ရေးမှား မိခြင်း ဟု ဆိုအပ်သော ပမာဒလေခ (ပါဠိပျက်)များကို အထူး သန့်ရှင်း စင်ကြယ် စေလိုသောကြောင့်ဌာန်း(၂)ထိုစင်ကြယ်သော ပိဋကတော်များကို စက်တင်ပုံနှိပ်၍ ကမ္ဘာ အရပ်ရပ်သို့ ပြန့်နှံ့စေခြင်း အားဖြင့် အခွန် ရှည်စွာ တည်စေ လိုသောကြောင့်ဌာန်း (၃) လွတ်လပ်သော မြန်မာနိုင်ငံတော်နှင့် တကွ ဗုဒ္ဓဘာသာနိုင်ငံအားလုံးတို့က သာသနာတော် ကို စုပေါင်းအားပေး ချီးမြှောက်လိုသော ကြောင့်ဌာန်း၊ ဆဋ္ဌသံဂါယနာ တင်တော် မူကြ သည်" ဟူ၍၊ မြန်မာ, ယိုးဒယား, သီဟိုဠ်, ကမ္ဘောဇ, လောဟူသည့် ထေရဝါဒ ငါးနိုင်ငံရှိ သံဃာတော် အရှင်မြတ်တို့၏ ဆုံးဖြတ်တော်မူ ချက်အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ ရေကူးရပ် သီရိမင်္ဂလာ ကမ္ဘာဧစေတီ တော်အနီး ဆဋ္ဌသံဂီတိ မဟာပါသာဏဂုဟာ ခေါ်လိုဏ်ဂူတော်ကြီးအတွင်း၊ သာသနာတော် ၂၄၉၈-မြန်မာဂေါဇာ ၁၃၁၆-ခု၊ ကဆုန်လပြည့် အင်္ဂလိပ် ၁၉၅၄-ခု၊ မေလ ၁၇-ရက်နေ့မှ စ၍၊ နှစ်နှစ် တိုင်တိုင် ကျင်းပသည့် ဆဋ္ဌသံဂါယနာ ပွဲတော်ကြီးတွင်၊ ပြည်တွင်းမှ သံဃာတော် ၂၄၇၃-ပါး၊ ကမ္ဘာ အရပ်ရပ်မှ ၁၄၄-ပါးတို့နှင့် တကွ ပြည်တွင်းပြည်ပမှ ကိုယ်စားလှယ်တော် အမြောက်အများတို့ ၃-ရက်တိုင်တိုင် ကျင်းပ အပ်သော ဖွင့်လှစ်ပွဲ အခမ်းအနားကြီးနှင့်တကွ ပဌမ, ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ သန္နိပါတ ငါးခုလုံး၌ မြှက်ကြားသော မိန့် ခွန်းများ၊ လျှောက်ထားသော လျှောက်ထားချက်များ၊ ဘတ်လ်ျှောက်သောသဝဏ်လွှာများနှင့် ဆောင် ရွက်ဆဲ ကိစ္စ အရပ်ရပ်ကို ဆိုင်ရာ ဓာတ်ပုံ များနှင့် ပူးတွဲလျက်၊ နောင်အစဉ် သတိရ ကြည်ညိုနိုင်ကြစေခြင်း အကျိုးငှါ ဤ ဆဋ္ဌ သံဂါယနာ မှတ်တမ်း ကို ရိုက်နှိပ် ဖြန့်ဝေလိုက်ရ ပေသတည်း။

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့
ရေကူး-ရက်ကုန်မြို့
မြန်မာနိုင်ငံတော်

INTRODUCTION

NAMO TASSA BHAGAVATO ARAHATO SAMMĀ SAMBUDDHASSA

VENERATION TO HIM, THE MOST EXALTED, THE PURIFIED, THE SUPREMELY ENLIGHTENED ONE.

The Dhamma taught to all beings by the Omniscient Buddha was arranged, classified and recited at the First Great Council held at Rājagaha four months after His Mahā-parinibbāna, at the Second Great Council held at Vesāli in 100 B.E., at the Third Great Council at Pāṭaliputta in 235 B.E, at the Fourth Great Council at Ceylon *circa* 450 B.E. and at the Fifth Great Council at Mandalay in Burma in 2415 B.E.; and now again, as decided by the five Theravādin countries of Burma, Thailand, Ceylon, Cambodia and Laos, and to satisfy the following conditions :

(1) To revise the Texts which contain some mis-spellings and omissions due to repeatedly copying the Five Nikāyas ;

(2) To print these edited Piṭakas in books, to recite them at the Sixth Great Buddhist Council, and to distribute them all over the world with the object of preserving the Dhamma ; and

(3) To enable the Union of Burma, in co-operation and collaboration with all Buddhist countries to promote the Buddha Sāsana.

2473 Bhikkhus from the Union of Burma, 144 Bhikkhus from other Buddhist countries and many representatives from various countries of the world celebrated the 3-Day Opening Ceremony of the Chaṭṭha Sangāyanā at the Mahā Pāsāna Guhā (the Great Sacred Cave) commencing on the Visākhā Day of 2498 B.E. (17th May 1954 C.E.). The Chaṭṭha Sangāyanā will terminate on the Visākhā Day of 2500 B.E. (May 1956 C.E.). To commemorate this and for the benefit of posterity, we publish an Album containing the Messages and Addresses delivered at the first five Sessions which have now concluded together with relevant photographs.

Union Buddha Sāsana Council,
Yegu, Rangoon,
Union of Burma.



ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘာ ကျင်းပရာ **"ဆဋ္ဌသံဂီတိ မဟာပါသာဏဂုဟာ"** ခေါ် ကျောက်လိုဏ်ဂူတော်ကြီးပို့

The Maha Pasana Guha (The Great Sacred Cave) wherein the Chattha Sangayana Proceedings are being held



ဆဋ္ဌသံဂါယနာ သံဂီတိကာရက ရဟန်းတော် ၂၅၀၀-တို့ သီတင်းသုံးရာ အာဂန္တု ကျောင်းဆောင်ကြီးများ

The Hostels in which the 2,500 Chattha Sangayana Sangiti-Karaka Mahatheras and Theras are accommodated



ဓာတ္တသံဂါယနာ မဟာမေဃသာဘင် ဖုင်ပို့ကြီးသို့ ပြည်ထောင်စု ဒေသ အရပ်ရပ်မှ တက်ရောက်ကြသော ပရိသတ် နှစ်သိန်း ကျော်အနက် တစိတ် တဒေသကို တွေ့မြင်ရပုံ

Some of the two hundred thousand pilgrims who gathered in the rain outside the Great Cave to listen to the broadcasts of the first day's Opening Proceedings

နေ့စဉ် လာရောက်ကြ သည့် တခဲနက် ပရိသတ်ကြီးအနက် နံနက်ပိုင်းနှင့် မွန်းလွဲ ပိုင်းအတွက် မဲကျ၍ မဟာပါသာဏလိုဏ် ဂူတော်ကြီးအတွင်းသို့ ဝင်ရောက်နာယူ ခွင့် ရရှိသော လူထု ပရိသတ် တစိတ် တဒေသသည် တောင်ဘက် မုခ်ပေါက် ကြီးမှ ဝင်နေကြပုံ

The fortunate few who obtained Passes to witness the Opening Proceedings inside the Great Cave, entering it from the Southern Entrance



လိုဏ်ဂူတော်ကြီး အတွင်းသို့ ဝင်ခွင့်မဲ့ မကျသဖြင့် လိုဏ်ဂူတော် ပတ်ဝန်းကျင်ဝယ် ဆောက် လုပ်ထားသည့် ဓမ္မသာလာ ဇရပ်ကြီးများ အတွင်း၌ ထားရှိသော အသံချဲ့စက်များမှ တဆင့် တရား နာယူ နေကြသော လူထု ပရိသတ်ကြီး၏ တစိတ် တဒေသ

A section of the pilgrims who could not go inside the Great Cave, but took shelter in the rest houses around it to listen to the broadcasts of the Chaṭṭha Sangāyanā Opening Proceedings



လို ဏ်ဂ္ တော် ကြီး ၏ အ ရှေ့ ဘက် တံခါးသို့ ပြည်တွင်းမှ အရေးကြီးသော ပဂ္ဂိုလ်ကြီးများနှင့်နိုင်ငံခြားမှ ည့ှေ်သည် တော်များဆိုက်ရောက်လာရာ သာသနာ ရေးဝန်ကြီး ဦးဝင်းက ကြိုဆိုနေပုံ

Hon'ble U Win, Minister for Religious Affairs welcoming the Dignitaries and Foreign Guests at the Eastern Entrance of the Great Sacred Cave

နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုနှင့်ဝန်ကြီးချုပ်ကတော်
ဒေါ်မြရီတို့ လိုဏ်ဂူတော်ကြီးသို့
ဆိုက်ရောက်လာပုံ

The Honourable Prime Minister of the Union of Burma and Mrs. Nu entering the Great Sacred Cave

မဟာပါသာဏဂုဟာ လိုဏ်ဂူတော်မှခ်ဝတွင် ထင်ရှားကျော်စောသော ပဂ္ဂိုလ်များအား ကြိုဆိုနေရာ ကုလသမဂ္ဂဥက္ကဋ္ဌ မဒမ်ဝိဇယလက်ရှိမပဏ္ဍိတ်အား ဝန်ကြီးဦးဝင်းက နှုတ်ခွန်းဆက်သ နေပုံ

Receiving the distinguished guests at an entrance of the Great Cave, Hon'ble U Win is seen welcoming one of the distinguished visitors, Madame Vijayalakshmi Pandit.



ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီး အဂ္ဂမဟာ သီရိသုဓမ္မ, အဂ္ဂမဟာသရေစည်သူ ဒေါက်တာဘဦးသည် လိုဏ်ဂူတော်ကြီးအတွင်းရှိ သင်္ဂီတိကာရက အရှင်မြတ်များဆီသို့ လက်အုပ်ချီ၍ အလေးပြုကာ ဝင်ရောက်လာပုံ

H.E. *Agga Mahā Thiri Thudamma, Agga Mahā Thray Sithu* Dr. Ba U paying his deepest respects to the Sangīti-kāraka Bhikkhus while entering the Glorious Cave



နိုင်ငံတော် သမတကြီးသည် မိမိအတွက် သီးသန့်ထားရှိသော ကတ္တီပါဖုံခင်းနေရာပေါ်၌ ပုဆစ်ဒူးတုပ်ကာ ထိုင်နေပုံ

H.E. the President of the Union of Burma taking his place of honour at the head of the lay assemblage



(ရှေတန်း ယာမှဝဲသို့)
(၁) နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ (၂) နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင် (၃) နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဒုတိယ ဥက္ကဋ္ဌကြီး-တရားဝန်ကြီးချုပ် အဂ္ဂမဟာသရေစည်သူ ဦးသိန်းမောင်တို့ သံသာတော် အရှင်မြတ်များအား လက်အုပ်ချီ၍ ကန်တော့နေကြပုံ

(Front row right to left)
Attitudes of Devotion

Prime Minister U Nu, *Thado Thiri Thudhamma* Sir U Thwin, President of the Union Buddha Sāsana Council, and *Agga Mahā Thray Sithu* U Thein Maung, Chief justice of the Union and Vice-President of the Union Buddha Sāsana Council, paying their deep respects to the venerable Mahātheras

မဒမ်လက်ရှိမီပဏ္ဍိတ်စသော နိုင်ငံခြား
အမျိုးသမီး ဧည့်သည်တော် တို့နှင့်
ဂုဏ်သရေရှိ မြန်မာ အမျိုးသမီးများ
ပါဝင် သည့် လိုဏ် ဂ တော် အ တွင်း
ပရိသတ် တစိတ်တဒေသ

Madame Vijayalakshmi Pandit
and some of the prominent ladies
of Burma and abroad

လိုဏ် ဂူ တော်၏ လက္ခါဘက်တွင် ထိုင်လျက်ရှိသော နိုင်ငံခြားအမျိုးသမီး ဧည့်သည်တော် အချို့နှင့် ဂုဏ်သရေရှိ မြန်မာအမျိုးသမီးများ,လူကြီးများ

Some of the prominent ladies of Burma and abroad occupying seats on the right wing of the Assembly Hall



ထင်ပေါ် ကျော်စောသော မြန်မာ
သီလရှင်ဆရာကြီးများနှင့် နိုင်ငံခြားမှ
လာရောက် ကြသော သီလရှင်များ
အပါအဝင် (လိုဏ်ဂူတော်ကြီးကောင်
ဘက်၌) ဝင်ရောက် ကြည်ညိုနေကြ
သော လူထုတစိတ်တဒေသ

Buddhist nuns of Burma, Cambodia, Nepal, Thailand, Vietnam, and other lay devotees at the Opening Ceremonies of the Chaṭṭha Sangāyanā



လိုဏ် ဂုတော် ကြီး အ လယ် ပိုင်း နှစ်ဘက်နှစ်ချက်တွင် သံဃာစင်များ ပေါ်၌ သီတင်းသုံးလျက် ရှိသော သံဂီတိကာရက ရဟန်းတော်အချို့နှင့် အောက်တွင် ကြည် ညိုနေ ကြ သည့် ပြည်တွင်း ပြည်ပ မှ ကိုယ်စားလှယ် တော် အချို့ပုံ

Some Sangīti-kāraka Mahātheras occupying seats on the dais on both flanks of the middle of the Assembly Hall; on the floor are some lay devotees both from Burma and abroad



လိုဏ်ဂူတော်ကြီးအတွင်း (က)အမှတ် သံဃာစင်များပေါ်၌ သီတင်းသုံးတော်မူလျက်ရှိကြသော သံဂီတိကာဂုဏ သံဃာတော် အရှင်မြတ်များပုံ

A section of the Theras and Mahātheras occupying seats on the dais marked (A) (in Burmese, *Ka-gyi*)



မဟာထေရ်ကြီးမျှား အတွက် လိုဏ်ဂူတော်၏ မြောက်ဘက် အလယ်ဗဟိုရှိ သီးသန့်ထားသော စင်မြင့်ပေါ်၌
သီတင်းသုံး စံနေတော်မူကြသည့် အဂ္ဂမဟာပဏ္ဍိတ-မဟာနာယက ဆရာတော်ကြီး အချို့ပုံ

Some of the Agga Mahā Paṇḍita Mahatheras occupying seats of honour on the highest level of the balcony on the northern flank of the Assembly Hall

သာသနာတော် ၂၄၉၈။မြန်မာဂေါဇာ
ဘုဝဖ-ခု၊ ကဆုန်လပြည့်နေ့ (၁၂)
နာရီခွဲ အချိန်တွင် ဆဋ္ဌသံဂါယနာဝန်
ဆောင် သံဃအဖွဲ့ အတွင်းရေးမှူး
ဘဒန္တနာဂဝံသ (ဗားကရာတောရ)
ဆရာတော်က ဆဋ္ဌသံဂါယနာ မဟာ
ဓမ္မသဘင်ကို စတင်ဖွင့်လှစ်ပြီ ဖြစ်ပါ
ကြောင်း လျှောက်ထားနေပုံ။
(ကြေးစည် ၁၀-ချက်ခြင့်လည်း
အချက်ပေးသည်)

The Venerable Bhaddanta Nāga-vamsa (Bāgayā Sayadaw), Honorary Secretary of the Bhāranitthāraka Sabhā (Supreme Sangha Council), speaking in Pāli and Burmese, acted as the Master of the ceremony and announced the opening of the Chaṭṭha Sangāyanā at twelve and a half minutes past noon, on the Full moon of Kason 1316 Burmese Era (2498 B.E.) (Signal by ten strokes of gongs)



သံဂီတိ ကာရက ရ ဟန်း တော်မျှား အနက် သက်တော် ၀ါတော် အကြီး ဆုံး ဖြစ် တော်မူ သော ဘဒန္တ ဝဏ္ဏ (မင်းဆရာတော်)က အဘိဓဇမဟာ ရဋ္ဌဂုရု· အဂ္ဂ မဟာ ပဏ္ဍိတ ဘဒန္တ ရေ၀တ (ညောင်ရမ်း ဆရာတော်) အား ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် တွင် သံဃနာယကအဖြစ် ဆောင်ရွက် တော်မူရန် သမုတ်ပေးတော်မူခြင်းကို ဝန်ဆောင်သံဃအဖွဲ့ တွဲဘက် အတွင်း ရေးမှူး ပဌမကျေ၊်ဘဒန္တ၀ိသုဒ္ဓ(ဝိဇ္ဇာ လင်္ကာရဆရာတော်) က ဖတ်ကြား နေပုံ

Ven. Bhaddanta Visuddha, Joint-Secretary of the Bhāranitthāraka Sabhā (Supreme Sangha Council) requesting the 90 years old Venerable Ma-ngay Sayadaw, Bhaddanta Vanna Mahāthera to act as the temporary Sanghanāyaka of the Congregation and to propose to the Sangāyanā the name of the Venerable Abhi Dhaja Mahā Raṭṭha Guru Bhaddanta Revata, Nyaungyan Sayadaw as the Presiding Mahāthera of the Sangāyanā



လိုဏ်ဂူကြီးအတွင်း သံဃာစင်အသီးသီးရှိ သံဂီတိကာရက အရှင်မြတ်တို့အား မှုမြင်ရပုံ

The Sangiti-kāraka Bhikkhus occupying seats inside the Great Cave











သံဃနာယက(ညောင်ရမ်းဆရာတော်ကြီး) သည် ဝန်ဆောင် သံဃအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒန္တ ဣန္ဒာဝသဘ (ဟံသာဝတီ ဆရာတော်) နှင့် (ဝန်ဆောင်သံဃအဖွဲ့အတွင်းရေးမှူးဘဒန္တ နာဂဝံသ (ဗားကရာ တောရ ဆရာတော်)တို့ခြံရံလျက် ထေရာသနပလ္လင်သို့ ဆိုက်ရောက်တော်မူလာရာ ရဟန်းပရိသတ် လူပရိသတ်တို့က လက်အုပ်ချီကာ ဖူးမြော်နေကြပုံ

The Bhikkhus and the lay devotees showing their deep veneration when the elected Sanghanāyaka accompanied by the Venerable Hanthawaddy Sayadaw and the Venerable Bāgayā Sayadaw, assumed his seat on the special dais known as Therāsana

ဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင်ကြီး
၏ သံဃ နာယက ဘဒန္တ ရေဝတ
(ညောင်ရမ်း ဆရာတော် ဘုရားကြီး)
သည် ထေရာသန ပလ္လင် ပေါ်တွင်
သီတင်းသုံးစံနေတော်မူလျက် ရဟန်း
ပရိသတ်, လူပရိသတ် တို့၏ ပူဇော်
ကြည်ညိုမှုကို ခံယူတော်မူနေပုံ

The Venerable Nyaungyan Sayadaw occupying his seat on the Therāsana



ဘဒ္ဒန္တပဏ္ဍိတ (အနီးဧခမ်း ဆရာတော်) က ထုတိဝေဒလ္လဂါထာမျှားကို သံဃနာယကဆရာတော်ဘုရားကြီး ရှေတော်မှောက်တွင် ဖတ်လျှောက်နေပုံ

Ven'ble Bhaddanta Paṇḍita (Anisakhan Sayadaw) reading the Thuti Vedalla Gathas, (verses in praise of the Chaṭṭha Sangayana)

သံဂီတိ ပဝတ္တိ သမ္ဗဝေဒက

ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ ပြန်ကြား
ရေးဌာနမှ ဖတ်လျှောက်သော ဆဋ္ဌသံဂါယနာ
မဟာခမ္မသဘင် အခမ်းအနားဖွင့်

ထုတိဝေဒလ္လ ဂါထာမျှား

၁။ ထေရာကံသ္ဘာသဘာမြမ္မ၊
ရဌ္ဌ သရာဇ ရာဇိတော။
သဒ္ဓမ္မဋ္ဌိတိယာ ဆဋ္ဌ၊
သံဂီတိယာတ္ထပါဒကေ။ ။

၁။ အာသဘာ၊ ပါဠိပိဋကတ်၊ ကျမ်းတတ်စွယ်စုံ၊ သီလဂုဏ် ကမ္ဘာသိလောက်အောင်၊ သမာဓိတည်ကြည်၊ အလုပ်ရည် ဝါရင့်သဖြင့်၊ ကမ္ဘာနှင့် ဆက်ဆံ၊ ကိုယ်ပိုင်ဥာဏ် ကဲမောက်လျက်၊ ရဲရဲတောက် ထူးချွန်တော်မူကြပေကုန်သော။ ထေရာ၊ ထေရဝါဒီ၊ အပြည်ပြည်ပေါင်းရုံးလျက်၊ အကောင်းဆုံး လက်ရွေးစဉ်၊ သာသနာတွင် ဂုဏ်မချို့သည့်၊ မြို့ကျော် ပြည်ကျော်၊မထေရ်တော်ရှိသမျှ၊သမ္ဘူတိရ ဆရာတော် အရှင်မြတ်တို့သည်။ သရာဇရာဇိတော၊ လူထုမြောက်တင်၊ ကိုယ့်ဘုရင် သမတ၊ ကိုယ့် အစိုးရ ဝန်ကြီးတို့ဖြင့် အသီးသီးကမ္ဘာတွင်အောင်၊ ရာဇဝင် အသစ်တည်လျက်၊ ခေတ်ခိုပ်ပြင်၊ အလွန်လျှင်တင်ယ် လျက်ရှိပေသော။ (နော) တပည့်တော် တို့၏။ မြမ္မရဌ္ဌ၊ ရှစ်သောင်းလေးထောင်၊ တရားရောင်သာသနာ ရှိသည်ဟု၊ ကမ္ဘာသိ ထင်ပေါ်၊ လွှာလပ်သည့် ပြည်ဆောင်စု မြန်မာနိုင်ငံတော်၌။ သဒ္ဓမ္မဋ္ဌိတိယာ၊သာသနာငါးထောင်၊ တရားရောင် လွှမ်းဖောက်လျက်၊ ထွန်းတောက်ကျေညာ၊ ကမ္ဘာဘဘုင် ထက်ဝန်းကျင် ပြန့်ပျံ့ကားဘို့၊ အခ့ဲစား၊ဘည်ဘုံခိုင်ရန် အလို့ငှါ။ ဆဋ္ဌသံဂီတိယာ၊ သာသနာဘာက် အခိုးတွင်၊ တဆက်ထည်း ထိန်

တောက်လျက်၊ ခြောက်ကြိမ်မြောက် ကမ္ဘာတွင် မည်၊ ရာဇဝင်အသစ်၊ လူထုခေတ် သံဂါယနာ မဟာမြတ်သာဘင် ကြီး၏။ အတ္တယါဒကေ၊ လိုရင်း ဥစ္စာ၊ အချုပ်အခြာ သမုတ်ရသည်၊ ဗုဒ္ဓဝါဒ အုတ်မြစ်ချဝေဖန်၊ အခြေခံကိစ္စ ဖြစ်ကုန်သော။ အတ္တယါဒကေ၊ ပိဋကတ် စာသွား၊ ပုဒ်မှား သုတ်သင်၊ လုပ်ငန်းစဉ် အရပ်ရပ်တို့နှင့် တကွ၊ ပိဋကတ် မြန်မာပြန်၊ မှုမှန်စစ်ဆေး၊ ခွင့်ရေး ကြီးကျယ်၊ ဆောင်ရွက်ဖွယ် ဟူသမျှတို့ကို။ အကံသု၊ ထေရဝါဒီ၊ အပြည်ပြည် ပေါင်းရုံးလျက်၊ အကောင်း ဆုံး တံခွန်ထူ၊ စာတော်မှ ဖြစ်ရေ့ဘု၊ မထစ်မငေ့ ဆောင်ရွက် ခဲ့ကြပါကုန်ပြီဘုရား။

၂။ ကဿပါဒျာနုဟေကွန္တာ၊
ဒိသွာ သာသနုပဒ္ဒဝံ။
ယထာ သံဂီတိကိစ္စေဟိ၊
ဇောတေသု မနိဝတ္တိတာ။ ။

၃။ တထေ၀ သာသနံ ဟာယ၊
မာနံ နေ၀ပျနဒဿိနေ၀။
သမ္ဘေဒေတေမ တံ ဗုဒ္ဓ၊
သမ်ိတိယုပထဗ္ဘိတာ။ ။

၂။ ကဿပါဒီ၊ အနာဂတ် သာသနာ၀င်၊ မြင့်တင်ထူထောင်၊ စည်ပင်အောင် ကြိုးစားမည်ဟု၊ နိုးကြားတက်ကြ၊ ဇောဒဂ်ရ၊ တုမရှိသည့်၊ သမ္ဘတိ နာယက အရှင်မဟာ ကဿပ အစရှိကြ ပေကုန်သော။ ထေရာ၊ မရှိမ တမ္ဗဒီ၊ မထေရ်မျှားစွာ ရဟန္တာ အရှင်မြတ် တို့နှင့်တကွ၊ မြန်မာ့နန်းစဉ်၊ သာသနာ၀င် အလွမ်း မဝေးသည့်၊ မန္တလေး ရတနာ၀ပ်၊ ကမ္ဘာတုန်လှုပ်မေ့ကျော်၊ ကျွမ်းကန်တတ် မထေရ် တော်တို့သည်။ သာသနုပဒ္ဒဝံ၊ အခြေ အနေအရ၊ အမမှု ဖြစ်ပွါးသည့်၊ ခေတ်အားလျော်၍ စွာ၊ သာသနာ ရန်စွယ်၊ အန္တရာယ်စွန်းကွက်၊ ဆန့် ကျင်ဖက် ဘေးရန်ကို။ ဒိသွာ၊ ကိုယ်တော်မြတ် တို့၏ ဥာဏ်အမြင်ဖြင့်၊ အမှန်ပင် ထိတ်ဖွယ်ဟု စိတ် ဝယ်ဝင်စား၊ အထင်အရှား တွေ့မြင် ကြရကုန်သည် ရှိသော်။ အနုပေကွန္တာ၊ နောင်ရေး မြော်ကာ၊ ဥာဏ်မှာထင်ခဲ့၍၊ အမှတ်တမဲ့ မနေပျော်၊ လစ်လျူ တော် မရှုကြ ကုန်ဘ၀လျက်။ သံဂီတိကိစ္စဟိ၊နဲတ် တက်သံဂါယနာ၀၊ ပေမှာရေးတင်၊ ကျေဘက်တွင် ရေးထု ဆောင်ရွက်မှု လုပ်ငန်းစဉ်တို့ဖြင့်။ တံ(သာ သနံ)၊ ဘေးရန် ရောက်လာ၊ ရောင်ဝါမလင်း၊ ထိုအ နေ့ဘက်အယုက် မကင်းသော သာသနာတော်ကြီး ကို။ အနိ၀တ္တိတာ၊ စိတ်ထားလိုအင်၊ မင့်မြင့်င မ ဆုတ်နစ်ကြကုန်ဘဲ။ ဇောတေသုယထာ၊ ပ-ဒု-တ-စ ပဋ္ဌမထိန်တောက်၊ ငါးကြိမ်မြောက် သတင်းဖြာ အောင်၊ မင်းဘသာဏာ တွဲဖက်လျက်၊ ဆန့်ကျင် ဘက် နောင်မမြင်ဘူး၊ အရောင်တင်ချယ်သန်း၍၊ တကယ်တမ်း ထွန်းလင်း စေတော်မူကြကုန်သကဲ့ သို့—

၃။ တထေ၀၊ ရှေးရှေး သံဂါယနာ ပမာထား ယူ ထိုအတူသာလျှင်။ သာသနံ၊ ဓမ္မ၀ိနယ ပဋ္ဌ ဂိုဏာယ်၊ အနှန်းကျယ်သည့်၊ သုံးသွယ် ပိဋကတ်၊ အထွဋ်တင်မြင့်တင်၊ ဘုရားရှင် သာသနာတော် မြတ်ကြီးကို။ ဟာယမာန်၊ ပြုပြင်ဖွယ်အထွေထွေ ဆောင်ရွက်ဖွယ်တွေ အပြာဖြာ၊ အရာရာမှာကြွေး တင်လျက်၊ မနေ့အလျှင် ကွယ်ခမန်း၊ တကယ်တမ်း ယုတ်လျော့ နေသည်ကို။ အနုဒဿိနေ၀၊ ဆုံးဖြတ် ချက် အဓိဋ္ဌာန်၊ သံဂါယနာတင်ရန် အခါရောက်ပြီ ဟု၊ သဒ္ဓါပေါက် ဥာဏ်ထင်၊အမှန်ပင် တွေ့မြင်ကြရ ပါကုန်သော။ နောပိ၊ ပဌမ သံဂါယနာတင်၊ လုပ် ငန်းစဉ် စပြု အရှင်မဟာကဿပ နှယ်ဘွား၊ ဘုရား တပည့်တော်တို့သည်လည်း။ အနုပေကွန္တာ၊ တို့ တာ၀နိ်မဟုတ်၊ တို့အလုပ် မဆိုသာ၊ ကိုယ်လိုရာ အကြောင်းမျိုးဖြင့်၊ ခေါင်းလျိုး ရှောင်တိမ်း၊ တောင်ရိမ်း မြောက်ငုံ၊ ကြောင့်ကြမဲ့ မနေပျော်၊ လစ်လျူတော်မရှုကြကုန်ဘဲလျက်။ ဗုဒ္ဓသမိတိယာ၊ မြန်မာပြည်လူထု၊ ပြည်ထောင်စု အစိုးရကိုယ်စား ရှေ့သွားဟုခေါ်၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ကြီး သည်။ ဥပဓမ္မိတာ၊ လူအား ဌေအား၊ အား နှစ် အားဖြင့်၊ မားမား ရှေ့ဆောင်၊ ဖြစ်မြောက်အောင် အားပေး ထောက်ပံ့ အပ်ကုန်သည် ဖြစ်ပါ၍။ သံဂီတိ ကိစ္စဟိ၊ ဗုဒ္ဓသာသနာ၀၊ကမ္ဘာ၀ယ်မ်းဖေဘက်၊ ခြောက်ကြိမ်မြောက် သံဂါယနာ၀တင်၊ လုပ်ငန်းစဉ် ကိစ္စ၊ အ၀ဝတ္တိဖြင့်။ တံ (သာသနံ) ရှေးခေတ် စံချိန်မမှီ၊ ဒီဂရီ အရှိန် လျော့လျက်၊ မှိန်တော့ မယောင်၊ မှောင်တော့ မလောက်၊အောက်တန်းသို့ ရောက်နေသော ထိုသာသနာတော် မြတ်ကြီးကို။ အနိ၀တ္တိတာ၊ ခြီးမှမ်းမှကိုလည်း မသာယာ၊ ကဲ့ရဲ့ လာလျှင်လည်း အပြစ်မမြု၊ တို့လူထု နေ၁ကိ်အား ဖြင့်၊အရောက်သွားကာ ချိတက်မည်ဟု၊ ဤတချက် မက၊ ဓမ္ဓ အဓိဋ္ဌာန်၊ အတွေးလျှ ကြောက်ရွံ့၊ နေ၁ကိ်မတွန်ကြကုန်ဘဲ။ သမ္ဘေ၀ေတမ၊ သာ သနာတ၀ကိ် အနီးတွင်၊ တဆက်ထည်း တန်းခိုးထ ရေ၁ဟု၊ အစိုးရအနေ၊ ဥပဒေတွဲဖက်လျက်၊ ပွဲဆက် မလွမ်း၊ မျက်နှာ၀နန်း ပြောင်လွင်အောင်၊ အရောင် တင်ထွန်းလင်း စေကြရ ပါကုန်တော့မည်ဘုရား။

(အနာ၀ကတ်နှင့် နီးစပ်သော သမိပ ဝတ္ထုမာန်တည်း)

၄။ အဗ္ဘာ၀ကတောသိ နော ဆဒ္ဒ၊
သံဂီတိ သမယော တူယံ။
တသ္မာ နိမ္မိတ ပါသာဏ၊
ဂုဟာယ ဝိ၀ရာမိဒံ။ ။

၄။ တု၊ တိုက်တွန်းချက် စကား၊ လျှောက် ထား ပါရစေဘုရား။ နော၀၊ ဗုဒ္ဓသာ၀ဂ်၊ ဘွဲ့ထူးရ အကျော်၊ ဘုရား၀တပည့်တော်တို့၏။ အယံ ဆဒ္ဒ သံဂီတိ သမယော၊ သာသနာ၀တ၀ကိ် အလဲတွင်၊ အခက်အခဲတွေ ဖြိုခွင်းလျက်၊ လိုရင်းခေါ် လောက်၊ ခြောက်ကြိမ်မြောက် ကမ္ဘာတွင်မည်၊ ထုဇ၀င် အသစ်၊ ဤလူ့အုခေတ် သံဂါယနာ အခါတော် ကြီးသည်။ အဗ္ဘာ၀ကတောအာသိ၊ ကမ္ဘာ၀ကအလေး ပြုလောက်အောင်၊ ရှေးရှေမျက်မှောက်၊ ယခုပင် ဆိုက်ရောက်လာခဲ့ပါပြီဘုရား။

တသ္မာ၊ ထို ကမ္ဘာမျက်မှောက်၊ ခြောက်ကြိမ် မြောက် သံဂါယနာသာဘင်၊ ယခုပင် အခါရောက် ခဲ့ပြီ ဖြစ်ပါသောကြောင့်။ နော (မယံ) ပြည်တွင်း ပြည်ပ၊ ထေရ၀ါဒဂိုဏ်းသား၊ ဘုရားတပည့်တော် တို့သည်။ ဣဒံ၊ သာသနာတော်သက္ကရာဇ် ၂၄၉၀-ခု ရတုနွေကြို၊ ကဆုန်လပြေ (ပြည့်) ဗုဒ္ဓနေ့ခေါ်၊ ဤ သံဂါယနာ၀တော် အာမင်း အနား ကြီးကို။ (အရုနာ) မြန်မာ သက္ကရာဇ် ၁၃၁၆-ခု ရတုဂိမှာန်၊ ကဆုန်လ ပုဏ္ဏမီ၊ ဤယခုရက် တနင်းလာနေ့(၁၂) နာရီ-၁၂-မိနစ်၊ စက္ကန့်-၃၀-အချိန်၌၊ (နိမ္မိတာယ) လုတရစ်၊ နတ်တရစ်၊ ရှေ့ခေတ်စာဆို၊ စံချိန်ကို ချိုးဖောက်သကဲ့သို့၊ ဖြိုးဖြိုးမောက် အသစ်တည် လျက်၊ ခေတ်မှိမှ ဖန်ဆင်း အပ်သည်လည်း ဖြစ် ပေသော။ နိမ္မိတ ပါသာဏဂုဟာယ၊ ဆဒ္ဓပါသာဏ ဂုဟာ၊ ကျေညာမှည့်ခေါ်၊ (ဤ) နိမ္မိတကျောက် လိုဏ်ဂူတော်ကြီး အတွင်း၌။ ဝိ၀ရာမ၊ ဌာနိဌာန၊ သဘာ၀ မဆန့်ကျင်၊ လုပ်ငန်းစဉ် မနေ့ာင်နေ့။ အောင်မြင်ရေး နိမိတ်ယူလျက်၊ စိတ်တူကိုယ်မျ၊ အညီအညွတ် စတင် ဖွင့်လှစ်ကြပါကုန်စို့ဘုရား။

ရေးသူ [အရှင်စန္ဒဇောတိ]
ပါဠိ-မြန်မာပဋိဗိသောဓကအဖွဲ့ဝင်

VERSES OF ADORATION READ BY THE VENERABLE ANISAKHAN SAYADAW

(Translated into English by U Hla Maung, B.A.)

1. Therākamsvāsabhā Maramma
   raṭhe sarāja rājite;
   saddhamathītiyā Chaṭṭhə
   Sangītiyātthapādake.

Most respectfully, Bhante. In order that the Buddha Sāsana may endure for another 2,500 years in our democratic country of the Union of Burma, which is noted all over the world as a country where the rays of the 84,000 Units of Dhamma are still shining brightly, the virtuous Mahātheras from all Theravādin countries, who are also well versed in the Tipiṭaka, have, in co-operation, in collaboration, and in harmony accomplished all the preliminaries for the recension of the Pāli Texts, the essentials of Buddhism, and their Burmese translations, to be recited at this Great International Sixth Buddhist Council.

2. Kassapādyānupekkhantā
   disvā sāsanupaddavam;
   yathā sangīti kiccehi
   jotesu mani vattitā.

3. Tatheva Sāsanam hāya
   mānam nopyanudassino;
   samujjo-tema tam buddha
   samītiyupathambhitā.

Just as the Elders of former days, Arahant Kassapa, Arahant Yasa, and Arahant Moggalli-putta Tissa of India, Arahant Rakkhita of Ceylon, and the learned Mahātheras of Mandalay, full of energy, treating the recension of the Texts as a matter of vital importance, had the Texts arranged, classified and recited whenever they saw dangers arising against the Buddha Sāsana; and with the ardent support of the then Rulers had convened the five previous Sangāyanās at the Fourth of which the Texts were reduced to writing, and in the Fifth of which they were inscribed on marble slabs; we, the spiritual descendants of Arahant Kassapa, who had set an example to us by his leadership in the holding of the First Great Council, having decided that it is meet and proper for us to uplift the Sāsana zealously by revising the Texts comprising the five Nikāyas of the Tipiṭaka (and as all the preliminary preparations for the holding of the Chaṭṭha Sangāyanā with finance and manpower at its command have been made by the Union Buddha Sāsana Council coupled with the generous support of the public) have, without regard of praise or blame, striven our best to accomplish all the preparations for the holding of this Sangāyanā and will now be able to honour the Buddha Sāsana (which has been showing signs of fading), in such a way that its lustre will become brighter and brighter for another 2,500 years.

4. Abbhāgatosi no Chaṭṭha
   Sangīti samayo tvayam;
   tasmā nimmita pāsāṇa
   guhāya vivarāmidam.

Most respectfully, Bhante. As it is now a felicitous and opportune time for your venerable selves to commence the Proceedings of this epoch-making Chaṭṭha Sangāyanā, therefore let us, the Theravādin Sangītikāraka Bhikkhus from Burma and abroad, commence the Opening Proceedings of the Chaṭṭha Sangāyanā at this Mahā Pāsāṇa Guhā (the Glorious Great Cave) on this Visākhā Day of 2498 B.E. at 12 and a half minutes past noon.

သံဂါယနာ ပူဇနိယမဂ်လာ ထောမနာဂါထာများ

၁။ နေကပ္ပဘာသုရဠိတ၊
သဗ္ဗရတနသဠိတေ။
နေကဂန္ဓပ္ပဝါယိတ၊
ဂန္ဓမာဒနပဗ္ဗတေ။
အဟောသိ သမိတိပုဗ္ဗေ၊
ပါသာဏဂုဟာပဗ္ဗတေ။

နေကပ္ပဘာသုရဠိတသဗ္ဗရတနသဠိတေ၊ ရောင်စုံတောက်ထွန်း၊ အိန္ဒြန်း ဝင်းပြောင်၊ မျှားမြောင်သော ရတနာ ၇-ပါးတို့၏ စုဝေးရာလည်းဖြစ်ထသော။ နေကဂန္ဓပ္ပဝါယိတဂန္ဓမာဒန ပဗ္ဗတေ၊ သင်းပျံ့မွှေးကြိုင် ဂန္ဓိင်အတွင်း ယန္ဒသင်းရာ ဂန္ဓမာဒန တောင်မြတ်၌။ ပုဗ္ဗေ၊ ရှေးရှေးအဖြစ် ပစ္စေက ဗုဒ္ဓါ ပွင့်ရာအခါတော်ခေတ်၌။ သမိတိ၊ အာသဝေါ ကင်းစင် ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တို့၏ အစည်းအဝေး ကြီးသည်။ အဟောသိ ဣဝ၊ မဖြစ်စဘူး အထူးဖြစ်သကဲ့သို့။ ဝေတထာ၊ ပမာပုံထား ထို အလားသာလျှင်။ နေကပ္ပဘာသုရဠိတ သဗ္ဗရတနသဠိတေ၊ တပါးမက မျှားလှစ္စာသော တရားတော် အရောင်တို့ဖြင့် တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်း တောက်ပရာ သိန်းပေါင်း မျှားစွာ ရတနာတို့၏စုပုံရာလည်း ဖြစ်ထသော။ နေကဂန္ဓပ္ပဝါယိတ ဂန္ဓမာဒနပဗ္ဗတေ၊ မျှားစွာသော တရားတော်ယန္ဒတို့ဖြင့် သင်းပျံ့မွှေးကြိုင်ရာဖြစ်၍ ဂန္ဓမာဒနတောင်မြတ်၊သတ္တပဏ္ဏိဂုမြတ်တို့နှင့် တူထသော။ ပါသာဏဂုဟာပဗ္ဗတေ၊ တောင်ကြီး သဖွယ် လှန်တင့်တယ်သော ကျောက်ဂုတော်ကြီး၌။ သမိတိ၊ ဆဋ္ဌသံဂါတင်၊ ပွဲကြီးယင်ရန်၊ ရှင်ရှင်ပြပြ၊ စည်းဝေးတော်မူကြသော ၂၅၀၀-မျှသော သံဃာတော်တို့၏ အစည်းအဝေး ကြီးသည်။ အဟောသိ ၊ ယခုမသေ့ ဖြစ်ပေါ် ခဲ့လေပြီ။

၂။ ဆဋ္ဌသင်္ဂီတိအာဒိစ္စော၊
ဥဒယန္တော မဟိတလံ။
သာသနသ္သ စ လောကဿ
စိရံတိဋ္ဌ သုခါဝဟံ။ ။

အယံ ဆဋ္ဌသင်္ဂီတိ အာဒိစ္စော၊ ဇမ္ဗူသောင်းခွင်၊အလှန်ထင်ရှား၊ ကျော်ကြားပေလ၊ ပိဋကသုံးပုံ ကျမ်းမျိုးစုံကို၊ အကုန်မမြင်ကင်း၊ သန့်ရှင်းမှန်ကန်၊ ဘုရားပွင့်ဟန်ကဲ့သို့သော ဤခြောက်ကြိမ်မြောက် သံဂါယနာ တည်းဟူသော နေမင်းကြီးသည်။ မဟိတလံ-မဟိတလေ၊ ကမ္ဘာသောင်းခွင် မြေအပြင်၌။ ဥဒယန္တော၊ ဝန်းဝန်းစက်စက် ယုဂန္ဓိရ် ထက်မှ ပေါ် ထွက်၍ လာသကဲ့သို့ မဖြစ်ဘူးမြဲထူးကဲ မှန်စွာ ဖြစ်ပေါ် လာပြီဖြစ်၍။ သာသနသ္သ စ၊ဘုရား မြတ်စွာသာသနာတော်ကြီး၏ရင်း။ လောကဿ စ၊ ကမ္ဘာသား ကမ္ဘာသူ မျှားစွာသော လူအပေါင်း၏ရင်း။ သုခါဝဟံ-သုခါဝဟတော်ကြီး၊ လူနတ်နီဗ္ဗာန် သုံးတန်သော ချမ်းသာကို ရှက်ဆောင်လျက်။ စိရံ၊ သာသနာ ငါးထောင် ရှည်မြင့်ကြာအောင်။ တိဋ္ဌ-တိဋ္ဌတု၊ ကောင်းစွာမသွေ့ တည်ပါစေသတည်း။

၃။ မယဠ္ဆ ဓမ္မစရာစ၊
ရာဇာနော သုခမေဓဂါ။
သဗ္ဗရဋ္ဌ ဇယပတ္တာ၊
သဗ္ဗဣစ္ဆာသုပူရယာ။
အဟောသိ သင်္ဂီတိ မဟာ၊
သဗ္ဗလောက ပရာယဏာ။ ။

VERSES OF ADORATION BY PATAMAGYAW DHAMMĀCARIYA U SAING GYAW, EXECUTIVE OFFICER OF THE UNION BUDDHA SĀSANA COUNCIL

1. Nekappabhāsurañjita
   Sabbaraṭanasañjite
   Nekagandhappavāyita
   Gandhamādanapabbate
   Ahosimsamitipubbe
   Pāsāṇaguhapabbate.

As there had been an assembly of Silent Buddhas in days of yore on the Gandhamādana Mountain which abounded with seven kinds of precious jewels and fragrant flora, 2,500 Sangīti-kāraka Bhikkhus have now assembled to celebrate the Opening Ceremony of the Chaṭṭha Sangāyanā to be held at the Mahā Pāsāṇa Guhā (Great Sacred Cave)—a massive rock structure which may be compared to the Gandhamādana Mountain.

2. Chaṭṭha—sañgītiādicco
   Udayanto mahītalam
   Sāsanassa ca lokassa
   Cīram tiṭṭhim sukhāvaham.

Just as the Sun with its radiant lustre rises at the eastern horizon, the Chaṭṭha Sangāyanā where the revised Texts are to be recited has appeared. May the Buddha Sāsana endure for another 2,500 years and enable the worldlings to attain the Happy Course of Existence and finally Nibbāna.

3. Mayañca dhammacarāca
   Rājā no sukha medhagā
   Sabbaraṭṭha jayapattā
   Sabbaiccāsu pūrayā
   Ahosi sañgiti mahā
   Sabbaloka parāyaṇā.

May the people of the Union of Burma, all lay devotees and the Government of the Union of Burma who are acting as righteous Promoters of the Buddha Sāsana be endowed with all kinds of Blessings and be undisturbed by internal troubles and foreign aggression. The Chaṭṭha Sangāyanā is indeed the Refuge of men, Devas and Brahmas, because the Tipiṭaka is eminently precious, the Sacred Cave is also magnificent, and the number of Sangīti-kāraka Bhikkhus is also very great. The cetanā originated from the preparations for the holding of this Chaṭṭha Sangāyanā is really incomparable.

မယ္ဆ၊ မြန်ပြည်တိုင်းဘွား၊ ငါတို့မျိုးနှင့်၊ မခြားအတူ၊ သူတော်စင်ဟူသမျှ တို့သည်ငင်း။မမ္ဍ စရာ၊ သဠါတရား၊ လက်ကိုင်ထား၍ ၊တရား ကျင့်ကုန်သော။ ဆုဇာနော၀၊ မြန်မာ လူထု၊ အကျိုးရှု၍၊ ပြုစုစောင့်ရှောက်၊ မဘောက်မယွင်း၊ တရားမင်း၏ သာသနာကို၊ ကောင်းစွာ စောင့်ရှောက်တော်မူကြသော သမတ မင်းမှစ၍ သာသနာပြုမင်းအပေါင်းတို့သည်ငင်း။ သုခ မေဓာ၊ လော ကုတ် လောကီ၊ အလိမ်လိမ်သော ချမ်းသာ အကျိုးကို၊ မညှိုးထင်စွာ၊ ရကြပါလျက်၊ သမ္ဘရဌ ဇယပတ္တာ၊ အလုံးစုံသော ပြည်တွင်း ပြည်ပ ဘယ ဘေးဒဏ်ရန်မျိုးမှန်သမျှ အ၀ဝကို မုဏ္ဍ အောင်မြင်ခြင်းသို့ ရောက်ကုန်၍ ။ သမ္ဘဏ္ဍာ သုပုရယာ၊ လိုအင်ဆန္ဒမှန်သမျှတို့သည် ခဏမကြာ ပြည့်စုံ ကြပါစေကုန်သတည်း။ ဟိ၊ ယင်းသို့ အောင်စေရာ အပေါင်းအောင်စေကြောင်းနှင့် ဆုတောင်းသမျှ လိုအင်ပြည့်ဝကြခြင်းသည်မှန်လှပါ၏။ မဟာ၊ အဆောက်အဦအားဖြင့်လည်း ကြီးကျယ်၊ သံဃာတော်အားဖြင့်လည်း ကြီးကျယ်၊ ပိဋကတော် ကလည်း ကြီးကျယ်၊ဂုဏ်တော်ကလည်း ကြီးကျယ်လှသော။ သမ္ဘလောကပွဏ္ဍရယဏာ၊ လူနှတ်ပြဟ္မာ၊ သတ္တဝါအပေါင်း၏ လည်းလျှောင်းရာ အစစ်ကြီး ဖြစ်သော ကြောင့်။ ဝါ၊ ဖြစ်သော။ အယံသင်္ဂီတိ၊ ဤဆဋ္ဌသံဂါယနာပြု ဤကောင်းမှု စေတနာ ကြီးသည်။ အဟော၊ ဤဇမ္ဗူတွင် တူမီရန် မနှန်းပိုင်သဖြင့် မဆုံးနိုင်အောင် အုံ့ဩဘွယ် ကောင်းပါပေစွ တကား။



သံဂါယနာ ပူဇနီယမဂ်လာ ထောမနာဂါထာများကို နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိ(၂) ဝဏ္ဏကျော်ထင် ပဌမကျော် ဦးဆိုင်ကျော်က ဖတ်လျှောက်နေပုံ

Wunna Kyaw Htin U Saing Gyaw, Executive Officer of the Union Buddha Sāsana Council, reading the Thuti-Vedalla Gathas (verses in praise of the Chaṭṭha Saṅgayana)

အချိုးသားစီမံကိန်းနှင့် သာသနာရေးဌာန ဝန်ကြီး ဦးဝင်း ဘတ်ကြားအပ်သော ထောမနာစာတမ်း

သိဒ္ဓမ်။ ။ဝိဇိတာရိဇယော ရာဇာ၊
စက္ကာတိစက္က ဝတ္တိယော။
စက္ကံ ဝေတ္တေသိ လောကမှိ၊
ဌာတံ တသ္သ ယထာရုစိ။ ။

အောင်သူတကာ တို့၏၊ မဟာအဂ္ဂိန္ဒခီပတိ သီရိမကုဋ၊ အတုလဝဍ္ဎသကာ၊ မဂ်လာ ဝတ်မှုံ၊ ကျေးဇူးဂုဏ်တို့၊ ထုံတလိုင်လိုင်၊ ကြိုင်တလျှမ်း လျှမ်း၊ သုံးလောကတိုက်ခန်းဝယ်၊ ဦးစိုက်ပန်းသဖုဖြစ်တော်မူသော၊ သဗ္ဗညုတ္တရိဏား၊ ဘုရားသမ္ဘူမှုရာသည်၊ ဝါ လေးဆုင်း၊ ကာလလျှားအောင်၊ ဘုရားတို့ငြမ်း၊ကိစ္စတော် ငါးခန်းကို၊ကြိုးပမ်းနေစဉ်၊ ပြီးစုံလင်မှု အသခံတာ၊ အမတကြင့်နန်း၊ နိဗ္ဗာနန်းကို၊ သိမ်းမြန်းတော်မူခါနီးဝယ်၊ ပြောသီးများစွာ၊ ဝေနေယျာအား၊ ဒယာဟုန်ဇော၊ ထပ်ထပ်စောသဖြင့်၊ ।ယော ခေါ အာသန္န မယာ ဓမ္မော စ ဝိနယော စ ဒေသိတောဝ ပညတ္တော၊ သော ဝေါ မမစ္စယေနသတ္ထာ ရေဗျာဒိတ်မှတ်၊ တံဆိပ်ခတ်၍၊ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးတန်းမေ့ကွန်ပေါင်း၊ ရှစ်သောင်းလေးထောင်၊ မြားမြောင်တရား၊ ကိုယ်တော်ပွါးကို၊ ထားတော်မူခဲ့ပါသတည်း။

မဟာမုနိ၊ တုမရှိလျှင်၊ သီရိမင်္ဂလာ၊ ဆင့်ဆင့်မြှောသား၊ ကမ္ဘာတော်အေး၊ အမြိုက်ဆေးကို။ တိုက်ကျေး မျှတ၊ ကျွတ်ဆုလ,ရ်၍၊ အမတနိရော်၊ ကိန်းစံပျော်ဂ၊ ကိုယ်တော်အလျှာ၊ ထားခဲ့ပါသော မဟာကဿပ၊ သံဃိန္ဒသည်၊ သာသနပစ္စတ္တိက၊ သုဘဒ္ဒရဟန်းကြီး၏၊ ရင်သီးနှုတ်ထွက်၊ ပြောဆိုချက်ကြောင့်၊ အသဲရွက်ကို လှီးဖြင့် ဆွသကဲ့သို့၊ ဓမ္မသံဝေ၊ သဟောတ္တပ္ပ ဥဒ္ဓတ်အခြေဖြင့်၊ ရှေ့မြေ မာဂ ရိုရ်၊ ရာဇဂြိဟ်သေင့်နင်း၊ အစာတသတ်မင်းကို၊ မိုက်ဝင်းဥပဂၢ၊ရယူပါ၍၊ ပဌမာဒိက၊ ဓမ္မသံဂါယနာ သဘင်၊ ငါးရာသော ရဟန္တာ အရှင်တို့နှင့်၊ ဆင်ယင်ကျင်းပတော်မူခဲ့ပါသတည်း။

မဟာသက္ကျ၊ စောသီဟလျှင်၊ အမတကွန်း ပြောက်၊ ဆောက်သည့်နေ့ကိုဝယ်၊ ရောက်သည့် သာသနာ၊ နှစ်တရာ၌၊ ဝေသာလီသား၊ ရဟန်းများ ၏၊ ဆယ်ပါးသော အမမ္ဘတ္တာ၊ အကြောင်းပြု၍၊ သံဃုပ နာယက၊ ယသရဟန္တာ၊ ထေရ်မဟာနှင့်၊ ကာလာသောက၊ နရိန္ဒတို့၊ သတ္တသတာ၊ ရဟန္တာ တို့ကို၊ သေချာ ရွေးကောက်၊ နောက်ရေးထောက် ၍၊ နှစ်ကြိမ်မြောက် သံဂါယနာ၊ ယင်ပြီးသည့် နောက်အခါဝယ်၊ (၂၃၅) နှစ်ရာသုံးဆယ့်ငါး၊ ဘုရား သာသနာနှစ်၊ တိုင်ရောက်လစ်က၊ ဆိုးညစ်ပါပ၊ ဗာဟိရက တို့၏၊ ဝါဒယုတ်မာ၊ သာသနာဝယ် ဝင်လာ ရှုပ်ထွေး၊ ရောယှက်ဘေးကြောင့်၊ မိတေး ယျနေဘင်္ဘာ၊ ဒ္ဒိဘုရား၏၊ သားကြီး မောဂ္ဂလိ ပုတ္တ၊ တိဿရက ဟန္တာ၊ ထေရ် မဟာသည်၊ ဓမ္မာသော က၊ နရမောဠိ၊ အမှီ ကောင်းရရှိ၍၊ တတိယသံဂါ ယနာ သဘင်ကို၊ လက်ရွေးစင် ရဟန္တာ၊ သခ္ခ၁ မြားမြောင်၊ ထေရ် တထောင်တို့နှင့်၊ တင်ဆောင် ပြီးမြောက်။ ဘုရား သာသနာ-စက်အာဏာလျှင် လေးရာ ငါးဆယ်တိုင် ရောက်က၊ နောက်ပစ္ဆိမာ၊ ဇနတာတို့၊ အရာရာဆုတ်လတ်၊ ဟာနိဘေး နှိပ်စက် အပ်သဖြင့်၊ မုခပါဠ် နှုတ်တက်အောင်၊ မဆောင်နိုင် မည့်အရေး၊ ထောက်တွေး ဥာဏ်တော်၊ အရှည် မြော်ကြသော၊ ထေရ်ကျော် ငါးရာ၊ မဟာဓမ္မ ရက္ခိတ၊ သံဃပရိနာယက၊ ထေရ်ဒုတ်သည်၊ သီဟဠ ကျွန်း၊ မြေဦးစွန်းဝယ်၊ ရိပ်ဝန်းသာစွ၊ မာတုလ သမုတ်၊ ဇနပုဒ်ဌ၊ နရကွဠ၊ ဝန္ဓာမဏ်မင်းလက် ထက်၊ စောမုနိ ဓမ္မစက်ကို၊ ပေထက်သို့ ရေးတင်၊ သဘင် ပေါ်ထွက်ဘဝ၌၊ သမုတ်ပြအပ်သော၊စတုတ္ထ သံဂါယနာပွဲကို၊ ခြိမ့်သဲမြေပြင်၊ ကောင်းသံထင် ဖြင့်၊ ဆင်ယင် ကျင်းပတော်မူ ခဲ့ကြပါသတည်း။

ရှမ္မ မရမ္ဘ၊ မဏ္ဍလဟု၊ ကမ္ဘာ့ဝဒေသာ၊ သံပိုင်း ဖြာသော၊ မြန်မာခေါ်မှတ်၊ ကျွန်ပ်တို့ တိုင်းရင်ဌ် လည်း၊ မြတ်စိန်ဆွေယျာ၊ သာသနာလျှင်၊ သခ္ခ၁ နှစ်ထောင်၊ လေးရာ့နှောင်ဌ်၊ စွန်းဆောင်ဆယ့်ငါး၊ နှစ်တိုင်မျှကား၊ ဘုရားဩဝါ၊ သာသနာသည်၊ပဠာ သဟသ်၊ နှစ်တိုင် ခတ်အောင်၊ စိရဋ္ဌတိကာ၊ တည် စိမ့်ဌါဟု၊ ဇာဂရာဘိဓေ၊ တိပိဋကရရ ထေရ်၊ အမှူး ချီသော၊ သာကီညွန့်ပေါင်း၊ နှစ်ထောင် လေးရာ ကျော်၊ သံဃာတော်မျှား၊ ထေရ် ဘုရားတို့သည်၊ ကျောက်သားပြင်ထက်၊ ဓမ္မစက်ကို၊သေလကွန္ဒရာရဏ္ဍ ပဋ္ဌမ သံဂါယနာသဘင်၊ ယင်တော် မူရာ၊ ထိုအခါ၌၊ ရတနာ၁ပုဏ္ဍ၊ ပဌမမ္ပိုရန်း၊ ဖန်ဆန်းတည်ထွင်၊ အရှင် ဘဝရှင် မင်းတရားကြီး ဘုရားသည်။ လေးပါး ပစ္စယ၊ လိုသမျှကို၊ မုတ္တစာဂ၊ ထောက်ကူညီ၍၊မသီ မစ္ဆေ၊ ကပ်လျှူပေးလျှက်၊ ဇိနေးမြတ်စွာ၊ သာ သနာကို၊ သဒ္ဓါလှလှ၊ ချီးမြှောက် ပြုခဲ့သော၊ ဓမ္မ ပဒေသ၊ နယစ်ပြင်၊ ဂန္ဓဝင်တို့ကို၊ သမ္ဘဇ်ရှေးရှု၊ မြော်တွေးပြုသော၊ မှန်ညြဝါ၊ သာသနာ သုံးရပ်၊ မန္တန်းအပ်တွင်၊ ပရိယတ် သာသနာကို၊ ဆရာဒကာ နှစ်ဦးသားတို့၊ ပိုင်းခြားတောန်၊ ကိုယ့်တာဝန်မှ၊ အားသွန် ဆောင်ကျင်း၊ မလစ်ဟင်း စေကြမှ၊ အချင်းချင်း အမှီရ၍၊ သီဝခရိုင်၊ နိဗ္ဗာတိုင်အောင်၊ ဂုဏ်စိုင်ကျေးဇူး၊ ပွါးပြန့်ပျူ၊မည်မှာ၊ အထူးပင် ထင်ရှားလှပါသတည်း။ ။

သာဂါရာ အနာဂါရာစ၊ ဥဘော အညောညနိဿိတာ၊ မြတ်စွာ နှုတ်မြွက်၊ ဟောမိန့်ချက်ကို၊ သက်ဝင်ယုံကြည်၊ သဒ္ဓါရည်ဖြင့်၊ မြန်ပြည်ထောင်စု ဖန်တည်ပြုကြသော၊ လူထု အစိုးရတို့သည်လည်း ကာလရှည်ကြာ၊ နှစ်တရာမျှ၊ မိစ္ဆာဒိဋ္ဌိ၊ လောင်း ရိပ်မိကြသဖြင့်၊ ပျောက်ဘိဘာနန်း၊ ခြည်လျှံ နှမ်းခဲ့ သော၊ လူ့ထိပ်ပန်းသာသနာကို၊မကြာလျှင်ဆော ထွန်းစေသောဝ်ဟု၊ မနေပဏ္ဍိတ်၊ ရည်သန်ရင်း ရှိ ကြ၍၊ အဓိပတိ ပါမောက္ခ၊ ဂဏဘုဂင်၊ ထေရ်သခင် တို့၊ တိုင်ပင်ဆွေးနွေး၊ အကြိမ်ကြိမ် စည်းဝေးလျှက်၊ တသွေးမပြား၊ ဆဌသံဂါယနာ မဟာဓမ္မသဘင် ယင်ပ်မ့်မည် မိန့်စကား၊ကို၊ ဦးဖျားညွှန်ဆံ၊ ထိပ်ဝယ် ပန်ပြီးမှ၊ ပရိက်ကိစ္စ၊ အဝဝတ္ထိုကို၊ ဗုဒ္ဓသာသနာ အမှိုကြီး၊က၊ အပြီးတိုင် တာဝန်ယူ၍၊ ဘုမိဇာတ၊ မြေမှပေါ် တက်၊ ရှေ့တောင်ကြီး အသီးသီး ထွက် သက့ဲ့သို့၊ အပဝဂ္ဂကြီယာ၊ တဆယ်လေးလ၊ တို တောင်းလှသော၊ သမယ ချိန်အခါဖြင့်၊ ဣန္ဒသန၊ သိကြားဗိမာန်၊ ဝေဇယန်ကို၊ အန်တတုတု၊ မာန် တင်းကာ ပြူသကဲ့သို့၊ ဇမ္ဗူမင်္ဂလာ၊ အမြှောမြှာတို့ ဖြင့်၊ သိလဇာတိ၊ မိုးပါးထိမျှ၊ ဂီရိကျောက်တောင် ဖန်တည်ဆောင်ပြီးမှ အထောင်မျှားစွာ၊ ထေရ် သံဃာတို့၊ သံဂါယနာသဘင်၊ ယင်ပါ စေလျှင်း၊ တောင်အတွင်းဝယ်၊ ဝင်းဝင်းတောက်ထိန်၊ နဝရတ် အိမ်သို့၊ အာဠိန္ဒ ခြောက်ဆင့်၊ တင့်ရရင့်တို့၊ ဆင့် ဆင့် စီရင်၊ ပတ်ခန်းကျင်မှလည်း၊ ဥမင်လိုဏ်နန်း၊



ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် သာသနာရေးဌာနဝန်ကြီး ဦးဝင်းက သံဂါယနာ ထုတိမဂ်လာထောမနာစာတမ်းကို ဖတ်လျှောက်နေပုံ

Hon'ble U Win, Minister for Religious Affairs and National Planning, reading an address of adoration

AN ADDRESS OF PRAISE READ BY THE HONOURABLE U WIN, MINISTER FOR RELIGIOUS AFFAIRS AND NATIONAL PLANNING AT THE OPENING CEREMONY OF THE CHAṬṬHA SANGĀYANĀ HELD ON THE VISAKHA DAY OF 2498 B.E.

Paraphrased by U Hla Maung, B.A.

(*Mixed Prose and Poetry in Burmese*)

May the Buddha-Dhamma remain for long!

Venerable Bhante, Ladies and Gentlemen,

The most Exalted, the Purified, the Omniscient, the Perfected, the Supremely Enlightened Buddha, after preaching various Discourses on the Dhamma during His Teaching of 45 years and on the verge of His Mahā-parinibbāna declared: "The Dhamma and Discipline, Ānanda, which I have taught and enjoined upon you is to be your teacher when I am gone". The Dhamma taught by Him comprises three by way of Piṭakas, five by way of Nikāyas, and eighty-four thousand by way of Units of Dhamma.

Immediately after the Mahā-parinibbāna of the Omniscient Buddha, owing to the objectionable and heretic views advanced by one Subhadda, who had joined the Order in his old age, the five hundred Arahants under the leadership of the Venerable Mahā Kassapa and with the support of King Ajātasattu held the First Great Council in Rājagaha to recite, classify and arrange all the Teachings of the Buddha.

A century after the Mahā-parinibbāna of the Exalted One, the Vajjiputtaka bhikkhus of Vesāli promulgated ten materialistic points. This amounted to a relaxing of the Rules, and the seven hundred Arahants under the leadership of the Venerable Yasa and with the support of King Kālāsoka held the Second Great Council to recite, classify and arrange all the Teachings of the Buddha. Two hundred and thirty-five years after the Buddha's Mahā-parinibbāna, in order to purge the Sāsana of materialist elements introduced by a large body of heretics, the one thousand Arahants under the leadership of the Venerable Elder Moggali-putta Tissa and with the support of Emperor Āsoka held the Third Great Council to recite, classify and arrange all the Teachings of the Buddha. In Ceylon, about four hundred and fifty years after the Mahā-parinibbāna of the Buddha, their great culture being threatened by the growing world materialism and the decline of mankind with wars and famine, five hundred Arahants under the leadership of the Venerable Mahāthera Rakkhita and with the support of King Vuṭṭagāmaṇi held the Fourth Great Buddhist Council in the village of Ma-la-ya to recite all the Teachings of the Buddha. Also finding that the people became less righteous and were unable to commit the Texts to memory they wrote all the Texts on palm leaves.

In our country of the Union of Burma, the Fifth Great Council was held at Mandalay in 2415 B.E. by 2,400 learned Mahātheras under the leadership of the Venerable Mahāthera Jāgarābhivamsa and with the generous support of King Mindon. At this Great Council the bhikkhus recited the revised Tipiṭaka and the Texts were recorded on marble slabs, so that the Teachings of the Buddha may remain for a great length of time. From the methods adopted in the holding of the Five previous Sangāyanās it is abundantly clear that the Sangha and the Dāyakas who supported them were interdependent. The one could not remain without the other.

In conformity with the Buddha's declaration: "The Sangha and the Laity are interdependent" we the People and the Government of the democratic country of the Union of Burma had a great desire to promote the Buddha's Sāsana which had been eclipsed for about a hundred years when Burma fell under foreign domination.

After repeatedly consulting the learned Mahātheras of the Union of Burma we decided to hold the Chaṭṭha Sangāyanā, so

---

စကြံ လမ်းကို၊ ဥာဏ်စွမ်း နက်လေး၊ မဟော ဘွေးတို့သည်ကြွေးကျော် ကောင်းဟိတ်၊ ကမ္ဘာကို ပဲ့တင် ငြိတ်စေလျက်၊ ကိစ္စ ၃ သုံ၊ အလုံးစုံကို၊ ကုန် အောင် ပြီးစေခဲ့ကြပါသတည်း။

ကိဋ္ဌဘိယျော၊ စိပ်သပ်မော၍၊ သြသြရင့်ကြွေး၊ ကောင်းခြီး ပေးလောက်အောင်၊ လေးဒီပနာမ်၊ ဘွဲ့သီးနှံ၍၊ မိုးပျံ့လုနီး၊ ကျောင်းဆောင်ကြီးတို့နှင့် တကွ၊ ဘဗ္ဗဂုဗိမာန်၊ ဝေယန် သုံးဆင့်၊ မြင့်မြင့် သွန်းသွန်း သရေရွန်းသော၊ ဆွမ်းစား ကျောင်း ဆောင်တော်၊ အစဖော်၍၊ ထွက်မြေ့ ဂဏန်း၊ မပြဋ္ဌာန်းနိုင်အောင်၊ နန်းအယုဇ္ဈ၊ သက္ကစ်ရာ၊ ရာဇ ဝသည်၊ ပထဗျာ မြေထက်၊ လေ့ာကြွေသက်ဘိသို့ အဆက်ဆက်သော ရာဇဝင်ဝယ်၊မမြင်စဉ်း၊ မကြား ဘူးသား၊ အထူးထူးသော သဲဂါယနာ အဆောက် အအုံ၊ ပရိက် အလုံးစုံတို့၊ ကုလုံပြီးပေါ၊ အဆင်သင့် ရှိနေပါသော၊ ဇေယျာဘိ ဇေယျသိဒ္ဓိ၊ သိရိမင်္ဂလာ၊ အခါတော်ကြိုက်၊ ရောက်ဆိုက်ပြီဖြစ်ပါသော—

ကောဇာသက္ကရာဇ်၊ (၃၃၆)ခု။ သာသနာ နှစ် (၂၄၉၈)ခု၊ ဥတုဂိမ္ဘ၊ ကဆုန်လပုဏ္ဏမီ၊ ဗေသာ ခီနန်း၊ ကြယ်ပြာသာဒ်နှင့်၊ စန်းမြတ်ကြိမ်တွေ့၊ ဤ ယနေ့ဝယ်၊ ဘုန်းဟေမြတ်စွာ၊ သာသနာလျှင်၊ ပဋ္ဌာသဟသ်၊ နှစ်တိုင်လတ်အောင်၊ မတ်မတ်ခိုင် ကျည်၊ တည်စိမ့်ရည်၍၊ မြန်ပြည်သီဟဠ၊ သိယာမ နှင့်၊ ကမ္ဘောဇ လာအို၊ ထိုထိုထေရဝါဒ နိုင်ငံတို့မှ၊ ဘုန်းလျှံသက္ကျ၊ ပုတ္တရင်နှစ်၊ သားချစ် သံသာ၊ နှစ်ထောင်ငါးရာ အတိုင်းအရှည် ရှိသော ထေရ မဟာတို့သည်။ မြန်မာပြည်ထောင်စု အစိုးရနှင့် တကွသော လူထု၏။ သာသနုပကာရ၊ ဓမ္မပူဇာ၊ မက်လာဖြင့်၊ ညီညာစည်းဝေး၊ သာမဂ္ဂီ ပေးကြ၍၊ ရှေးရှေးသော သဲဂါယနာတို့ နည်းတူ၊ ဤဆဋ္ဌ လိုဏ်ဂူဝယ်၊ သုံးဆူ ပိဋကတ၊ ဓမ္မသင်္ဂီတိသဘင်၊ မင်း အပေါင်း စုံလင်ဖြင့်၊ သဲထင်ခြိမ့်သဲ၊ ပွဲကြီးဝိဇယ-သာ၀၊ အောင်မြင်စွာ ဖွင့်လှစ်ကြသည်ကို၊ ဒိဋ္ဌ မြင်စွာ၊ ဖုးတွေ့ရပါသော၊ မြန်မာပြည်ဘွား၊ အမျိုး သားတို့နှင့်တကွ၊ တိုင်းခြား ညီညီသည်တော်၊ ရေ သော်မျှားတောင်း၊ မြေညွှတ်စောင်းမျှ၊ အပေါင်း ဗိုလ်လူ၊ ခပ်သိမ်း သူတို့၊ လိုက်ဆု ကြည်ညိုး၊ သဒ္ဓါ လုလု ညီညာစွာ ပြုရသော သာသနုပကာရ ကုသိုလ်ကို၊ ထိုထို အရပ်ရပ်၊ ဘုံသုံးထပ်ဝယ်၊ နတ် လူ ပြဟ္မာ၊ သတ္တဝါတို့လည်း၊ ပတ္တာနုမော၏၊ကောင်း ကြီး ခေါ်စိမ့်ဂျ၊ နိုင်ငံတော် လူထု၏ကိုယ်စား ဤ ယခု ထောမနာ စကားကို ဖတ်ကြား သိစေအပ်ပါ သတည်း။

that the Buddhas Sāsana may remain for another 2,500 years, and thenceforth preparations for the holding of this Sangāyanā have been made. The magnificently and spaciously constructed Cave in which we all assemble today, though it has been so marvellously constructed by able engineers within a short space of 14 months, has an outside appearance of a rock cave.

Besides, the Four Hostels by the names of Jambūdīpa, Aparagoyāna, Pubba-videha and Uttara-kuru, and the refectory have also been constructed to the admiration of many. In fact, all the preliminary works for the holding of the Chaṭṭha Sangāyanā have been completed.

On this Visākhā Day of 2498 B.E. at this Mahā Pāsāṇa Guhā, the Venerable Mahātheras of the Union of Burma in co-operation and collaboration with the Mahātheras of the other Theravādin countries—Ceylon, Thailand, Cambodia, Laos are to commence the proceedings of the Chaṭṭha Sangāyanā where they are to recite all the Teachings of the Buddha.

This Address of Praise is therefore read in order that the people of the Union of Burma, with honoured and distinguished guests who assembled here today, may rejoice at our wholesome actions and share merits with all sentient beings.

ပြည်ထောင်စု မြန်မာနိုင်ငံတော်သမတကြီး အဂ္ဂမဟာသီရိသုမေ့,အဂ္ဂမဟာသရေစည်သူ

ဒေါက်တာ၁ဦးဘဦး၏လျှောက်ကြားချက်

ကမ္ဘာ လောကကြီး အတွင်း၌ မီတင်းနေထိုင်ကြကာ၊ အရာရာဝယ်၊ ပညာရှေပြေး၊ ရှုမြော်တွေးလေ့ ရှိကြသည့်၊ ယဉ်ကျေးသူ ဟူသမျှတို့သည်၊ ယခု ပစ္စက္ခဘဝအတွက်နှင့်တကူ၊ နောင်တမလွန် ဘဝ တလျှောက်လုံးမှာ၊ ကြောက်ရွံ့ဘွယ်ရာဖြစ်သော၊ ဘေးအန္တရာယ်တို့နှင့် မတွေ့ကြုံကြစေရန်ငင်း၊ အဆင်မသင့်သဖြင့်၊ တွေ့ကြုံခွင့် ရှိလာခဲ့သော်လည်း၊ ထိုဘေးအန္တရာယ်တို့ မထိမရောက်နိုင်ဘဲ လွတ်မြောက် သွားနိုင် ကြစေရန်ငင်း၊ ရည်သန်အားထားကာ၊ ကိုးကွယ်ရာ ဖြစ်သော၊ သရဏဟု ခေါ်အပ်သည့်အရာတို့ကို ဖေ့ရှာ ကိုးကွယ်ခြင်းအမှု အစဉ်အလာ ပြုခဲ့ကြပါသည်။ ထိုသို့ ပြုကြရာ၊ မိမိတို့ စိတ်သဘော ထင်မြင်ရာ၊ အချို့က တောင်ကြီးများကို ဖြစ်စေ၊ အချို့က တောကြီးများကို ဖြစ်စေ၊ အချို့က အရာမ် ဥယျာဉ်ကြီးများကိုဖြစ်စေ၊ အချို့က သစ်ပင်ကြီးများကို ဖြစ်စေ စသည်ဖြင့် အသီးသီး ကိုးကွယ်မှု ပြုကြပါသည်။ ထိုသို့ပြုကြရာမှာ တောင်ကြီး၊ တောကြီး စသော အရာတို့၌၊ ဘေးအန္တရာယ်ကို ကာကွယ် နိုင်စွမ်းမည့်၊တန်ခိုးဂုဏ် တစုံတရာမျှ မရှိသည့်အတွက်၊ ထိုတောင်ကြီး တောကြီး စသည်တို့သည် ကိုးကွယ်ရာ သရဏ အစစ် မဖြစ်နိုင်ပါ။ ကိုးကွယ်ရာ သရဏ အစစ်ကို ရှာဖွေရာ၊ လောကဌ် စင်ကြယ်ရန် အလုနှိတ်ရာ ခဲယဉ်းလှစွာသော ကိုလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူကာ၊ အလုံးစုံသော အရာတို့ကို အကြင်းအကျန်မရှိ သိမြင်နိုင်သည့် သမ္ဗညုတ ဉာဏ်တော်ကြီးရှင် ဖြစ်၍၊ ဓင်စစ်သိမြင်တော်မူနိုင်သော ဂုဏ်ထူး ဝိသေသကြောင့်၊ ဗုဒ္ဓဟူသော ဘွဲ့အမည်ဖြင့် ခေါ်ဝေါ်သမုတ် ထင်ရှားသည့် မြတ်စွာဘုရားသခင်သည်လည်းကောင်း၊ ထိုမြတ်စွာဘုရားသည်၊ ကောင်းစွာ ဟောကြားတော်မူအပ်သော၊ တရားတော်မြတ်သည်ငင်း၊ မြတ်စွာဘုရား၏ တပည့် သားတော် ဖြစ်ကြသော သံဃာတော်ဟုခေါ်သည့်တပည့်အပေါင်းသည်ငင်း၊ ဤသို့အားဖြင့်၊ လေးစား မြတ်နိုးဘွယ်ရာ၊ သုံးပါးသော ရတနာ တို့သာလျှင်၊ ပြခဲ့သည့်အတိုင်း၊ မရောက်သေးသော ဘေးအန္တရာယ် ဟူသမျှတို့၊ မရောက်ကြစေရန်နှင့် ရောက်မည့်ဆဲဆဲ ဖြစ်သော ဘေးအန္တရာယ်တို့ကိုလည်း၊ ပျက်ပြယ် ကင်းစင်သွားစေရန်၊ စီမံဖန်တီး နိုင်သော၊ ဘုန်းတန်ခိုး အာနုဘော်သတ္တိ၊ ကောင်းစွာ ရှိသဖြင့်၊ လောကကြီးမှာ ကိုးကွယ်ရာ (သရဏ) အစစ်ကြီး ဖြစ်ပါကြောင်းကို တွေ့ရှိရပါသည်။

ဤ (သရဏ)ဂုဏ် သုံးမျိုးကို၊ ကိုးကွယ်ဆည်းကပ်ခြင်းသာလျှင် သရဏဂုဏ် တည်သော ဟူ၍ ခေါ်ဝေါ် ကြရပါသည်။ ဤသို့ ခေါ်ဝေါ်ကြရာမှာ ကိုးကွယ်ရာ ဖြစ်သော သရဏဂုဏ် သုံးပါးနှင့် (သရဏဂံတ) ခေါ် ကိုးကွယ် ဆည်းကပ်သူတို့မှာ 'ကျွန်းကိုင်းမို့၊ ကိုင်းကျွန်းမို့' ဟူသော စကား 'ကဲ့သို့ အချင်းချင်း အပြန်အလှန် အမှီသဟဲပြု၍၊ ဖြစ်တည် နေကြရပါသည်။ နေကြရပုံကား၊ဓမ္မပဒ ပါဠိတော်၊တဆယ့်လေးခုမြောက်၊ ဗုဒ္ဓဝဂ်၊ခြောက်ခုမြောက်သော၊ အဂ္ဂိဒတ္တဗြာဟ္မဏတ္တိ၌၊

နေတံ ခေါ သရဏံ ခေမံ၊
နေတံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊
သဗ္ဗဒုက္ခာပမုစ္စတိ။ ။

ထိုတောင်၊ တော အစရှိသော အရာသည်၊ ဘေးကင်း စေတတ်သော အရာမဟုတ်၊ မြတ်သော ကိုးကွယ်ရာလည်း မဟုတ်၊ ထိုတောင်၊ တောစသည်တို့ ကိုး ကိုးကွယ်၍ အလုံးစုံသော ဆင်းရဲမှု၊ မလွတ်မြောက်နိုင်ဟူ၍ ဟောတော် မူပြီးလျှင်၊

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊
သံဃဉ္စ ဘရဏံ ဂတော။
တေ ခေါ သရဏံ ခေမံ၊
တေ သရဏမုတ္တမံ။
တေ သရဏမာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။

အကြင်သူသည်၊ မြတ်စွာဘုရားကိုငင်း၊ တရားတော်ကိုငင်း၊ သံဃာတော်ကိုငင်း၊ ရိုသေလေးမြတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သမတကြီး အဂ္ဂမဟာသိရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ ဒေါက်တာဘဦးက ဗုဒ္ဓဘာသာဝင် နိုင်ငံများ၏ကိုယ်စား ဆင်္ဃသံဂါယနာ-ဒါယကာအဖြစ် ခံယူတော်မူကြောင်းကို လျှောက်ထားနေပုံ

His Excellency *Agga Maha Thiri Thudhamma* Dr. Ba U, President of the Union of Burma, delivering an address of veneration accepting the role of the Dayaka of the Sangāyanā on behalf of the Theravādin Countries

ဆည်းကပ် ကိုးကွယ်ခြင်း အမှုကို ပြု၏။ ထိုဘုရား ၀ေသာ ရတနာ သုံးပါးသာလျှင်၊ ဘေးကုန်ခမ်း ၀ေနိုင်မည့် ကိုးကွယ်ရာဖြစ်၏။ မြတ်သောကိုးကွယ် ရာလည်းဖြစ်၏။ ထိုရတနာသုံးပါး တည်းဟူသော ကိုးကွယ်ရာကို အကြောင်းပြု၍ အလုံးစုံသော ဆင်းရဲဟူသမျှတို့မှ လွတ်မြောက် နိုင်၏ဟူ၍ ဟောတော်မူသည်ကို ထောက်သဖြင့် (သရဏဂုတ) ဖြစ်သူ၊ နတ်လူတို့သည်၊ ဘေးဒုက္ခ ကင်းရေးအတွက် ရတနာ သုံးပါးသာလျှင်၊ မှီခိုကိုးကွယ်ရာရှိကြောင်း ထင်ရှားပါသည်။

ဥပမာအားဖြင့် ပြေးပြရမည် ဆိုသော် လောကဘ၌ လူတို့အား ကျေးဇူး များစေမည့် စပါးပင်များသည် အလိုအလျောက်၊ အလေ့မပေါက်ကြ ပြုစုမျိုးထောင် စောင့်ရှောက်နိုင်မှ အနိုင်နိုင်ဖြစ် ထွန်းနိုင်ပုံကို ဆင်ခြင်၍ သိနိုင်ပါသည်။ လူတို့အား အကျိုးမများမည့် မြက်ပင်တို့သည်ကား၊ စိုက်ပျိုး ပြုစု စောင့်ရှောက်ခြင်းမရှိဘဲ၊ များစွာ ဖြစ်ထွန်း လာသကဲ့သို့၊ ထို့အတူ၊ နတ်လူတို့အား အကျိုးများ စေနိုင်မည့် ရတနာ သုံးပါးသည်၊ ကိုးကွယ်သူ၊ လူ ဒါယကာတို့၏ ပြုစု စောင့်ရှောက်၊ ထောက်ပံ့မှုကို ရပါမှ၊ ကောင်းမွန်စွာ၊တည်တံ့နိုင်ပါမည်၊ဒါယကာ တို့မှာ၊ တစုံတရာ အနှောင့် အယှက်ကြောင့်၊ ပျက်စီး နိမ့်ကျ နေခဲ့ရပါလျှင်၊ ကိုးကွယ်ရာဖြစ် သော၊ ရတနာသုံးပါးမှာလည်း၊ လောက အခြေ အနေအရ၊ နိမ့်ကျ၍ နေရပါသည်။ လူဒါယကာတို့ သမ္ဘာ ဘုန်းတန်ခိုး၊ ပွါးတိုး ကြီးမြင့်လာပါလျှင်၊ ရတနာသုံးပါးမှာလည်း အခြေအနေအရ၊ တမျိုး တိုးတက် ကြီးမြင့် လာရမည်မှာ၊ ဓမ္မတာပင် ဖြစ်ပါတေ့ာ်သည်။

မြန်မာ နိုင်ငံသူ နိုင်ငံသား ဒါယကာများမှာ နှစ်ပေါင်းအတော်ကြာ၊ လူမျိုးကွဲများ၏ လက် အောက် ကျရောက် မေ့မှိန် နေခဲ့ကြရာ၊ ရတနာ သုံးပါးကိုလည်းအလိုရှိသလောက်ချီးမြှောက် အား ပေးခြင်း မပြုလုပ်ခဲ့ရပါ။ ယခုမှသာ၊ မြန်မာနိုင်ငံသူ နိုင်ငံသား လူဒါယကာ များသည်၊ သူတပါး လက် အောက်မှ လွတ်မြောက်၊ တိုးတက်၊ ဘုန်းသမ္ဘာ ထွက်လာသည် ဖြစ်၍၊ လေးနက်စွာ ကြည်ညိုကိုးကွယ်ခဲ့သော ရတနာ သုံးပါးကို၊ စွမ်းအားရှိ သမျှ၊ ချီးမြှောက်ကြရန်၊ အချိန်အခါ ရောက်သည်ကို၊ မြော်ထောက် စဉ်းစားကာ ဘုရား တရားနှင့် ပတ်သက်၍လည်း၊ ရှေးစေတီပုထိုးဟောင်း များကို ကောင်းစွာ ပြုစုခြင်း၊ ကမ္ဘာအေး စေတီကြီးကို အသစ် တည်ထားခြင်းဖြင့်၎င်း သံဃာ ဘက်မှာ လည်း၊ အသီးသီး မြို့ရွာတို့၌ နာယက ပဂ္ဂိုလ်၊ ဩ၀ါဒါစရိယ ပုဂ္ဂိုလ်များ၊ အမှတ်အသား ပြုလုပ် ချီးမြှင့်သည့် အပြင်၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ ကြီးမှ တမင် ရွေးချယ်ကာ၊ နာယက အဖွဲ့၊ဩ၀ါဒါ စရိယအဖွဲ့၊ စသည်ဖြင့်၊ ဖွဲ့စည်း ကိုးကွယ်ခြင်း၊ "အဂ္ဂမဟာပဏ္ဍိတ" "အဘိဓေမဟာရဋ္ဌဂုရု"ဘွဲ့ တံဆိပ်တော် ကပ်လှူခြင်းဖြင့်၎င်း၊ တရားတော် မှာကား၊ ဥပါသကာဂုဏ်ဆယ်ပါးတွင် (ဓမ္မာဓိပတေ ယျော) တရားကို အကြီးအမှူးထားရမည်ဟူ၍၊ ဘုရားနှင့်သံဃာကို အကြီးအမှူးထားရန် မည္ဆန် ကြားဘဲ၊ တရားတော်ကို အကြီးအမှူး ထားရန် ညွှန်ကြားသည် တကြောင်း၊ အဋ္ဌသာလိနီ အဋ္ဌ ကထာ နိဂုံးဆုတောင်း၌လည်း၊

စိရံတိဋ္ဌတုသဒ္ဓမ္မော၊ ဓမ္မေဟောန္တု သဂါရဝါ
သဗ္ဗေပိသတ္တာ။ ။

သူ့တော်ကောင်း တရားသည်၊ ရှည်မြင့်စွာ၊ တည်ပါစေ၊ သတ္တဝါအားလုံး ထို့သည်၊ တရားတော် ၌ ရိုသေခြင်း ရှိကြပါစေဟူ၍ တရားကိုသာ ထုတ် နုတ် ဆုတောင်းသည်။ စေတီ ဘုရားများ ရှည်မြင့် စွာ တည်ပါစေ ဟူ၍၎င်း၊ သံဃာတော် အရှင်မြတ် များ ရှည်မြင့်စွာ တည်ပါစေ ဟူ၍၎င်း ဆုမတောင်း ခဲ့သည်များကို ထောက်သဖြင့်၊ တရားတော်သည် ခိုင်ခံ့ ထွန်းတောက်ပါလျှင်၊ ဘုရားဂုဏ်ကို၎င်း၊ သံဃာ့ဂုဏ်ကို၎င်း၊ ဆောင်ရွက် နိုင်မည် ဖြစ်၍၊ တရားတော်ကိုပင်၊ အထူး အရေးယူကာ၊ ရှေးရှေး မင်းများလည်း၊ သာသနာတော် ရှည်မြင့် ခိုင်ခံ့ စေရန်၊ တရားတော်ကို၊ သံဂါယနာ တင်ခဲ့ကြသော ထုံးစံ နည်းလမ်းအရ၊ ယခု ဘုရားတပည့်တော်များ လက်ထက်မှာလည်း သာသနာတော်မြတ် အနှစ် ငါးထောင်မက ရှည်လျားသည်ထက် ပိုမိုရှည်လျား ထွန်းကား သည်ထက် ပိုမို ထွန်းကား စေရန် ရည် သန်စိတ်ထား အစိုးရနှင့် တကွသော နိုင်ငံလူထု အင်အားဖြင့်၊ ခမ်းနား ကြီးကျယ်စွာ၊ အဇာတ သတ် မင်းကြီး၏ မဏ္ဍပ် ရတနာနင့်ပင်၊ မနှိုင်းသာ သော မဟာကျောက်လိုဏ်ဂူကြီး အတွင်းတွင်၊ ခင်းကျင်း ဝေဖန်၊ စိမ်ခိုင်ခံ့၊အဲ့လည်းမပြီး၊ချီးလည်း မကျန်၊ လုံးစုံ အသရေ၊ ကမ္ဘာ့ကျေးလည်း မကျေ ဥဒါန်း၊ အစဉ် ထွန်းရအောင်၊ ရည်ညွှန်း မြော် ထောက်၊ ခြောက်ကြိမ်မြောက်၊ သံဂါယနာတင်ရန် စီမံကြရာ၊ ယခု ကောင်းမွန် မြင့်မြတ်လှသော အချိန်အခါ ရောက်ပြီဖြစ်၍၊ သံဂါယနာတင် မဟာ ပွဲသဘင်ကြီးကို၊ ဘုရား တပည့်တော် စတင်ဖွင့်လှစ် ပြီဖြစ်ပါကြောင်း၊ ရိုသေ လေးမြတ်စွာ လျှောက် ထားပါသည်၊ ဆရာတော် သံဃာတော် အရှင်သူ မြတ်များဘုရား။

ADDRESS OF VENERATION DELIVERED BY HIS EXCELLENCY, AGGA MAHĀ THIRI THUDHAMMA DR. BA U, PRESIDENT OF THE UNION OF BURMA

To

All Sangīti-kāraka Mahātheras and Theras.

Bhante,

In the world, it has been the practice of all civilised and conscientious people to resort to a thing called Saraṇa (Refuge) in which they put the whole hope of evading all kinds of suffering in their present as well as future births, or to overcome such suffering as may threaten them in their adverse circumstances. In so doing, some resort for refuge to hills, woods, groves and trees according to their own idiosyncrasies. Practically speaking, these hills, woods, etc. have no power whatsoever to protect them from their impending evils, and such refuge in them cannot be called the supreme refuge.

Bhante, we find that the real or supreme Saraṇa is Ti-saraṇa (Threefold Refuge), namely, the Buddha, the Dhamma and the Sangha. One who seeks refuge in the Threefold Refuge is called the faithful adherent of the Buddha. The Threefold Refuge and the one who seeks refuge in it are interdependent. The following passages from the Dhammapada will clarify this:

Stanza 189.

" Netam kho saraṇam khemam
netam saraṇam uttamam
netam saraṇam āgamma
sabbadukkhā pamuccati.

Such is no secure refuge ; nor is it the supreme refuge ; nor having come to this refuge is one freed from all suffering.

Stanza 190.

"Yo ca Buddhañ ca Dhammañ ca
Sanghañ ca saraṇam gato
cattāri ariyassaccāni
sammappaññāya passati.

He who seeks refuge in the Buddha, in the Dhamma, in the Sangha, and with the right understanding, sees the Four Noble Truths."

Judging from the above Declarations of the Buddha to the effect that these three kinds of Refuges can lead on to Emancipation, it is abundantly clear that the Saraṇangata (Devas and men who take refuge in Ti-saraṇa) put their whole hope in the Buddha, the Dhamma and the Sangha.

For instance, the paddy plants which are very advantageous to the people do not grow of themselves, they must be carefully cultivated and looked after by the people. On the contrary it will be seen that grass which can be of no great benefit to mankind grows without being cultivated or looked after by the people. In the same way, Ti-saraṇa which can be of much benefit to both Devas and men can only remain long, provided they are properly preserved by the people who are the adherents of Buddhism. If, owing to some unforeseen trouble, the Dāyakas meet with adversity, Ti-saraṇa will also lose its lustre according to time and circumstances. It is therefore natural that when the Dāyakas are in power, Ti-saraṇa will shine brightly according to new circumstances.

When Burma was under foreign domination for a good number of years, the Dāyakas who are the inhabitants of the Union of Burma had no opportunity to honour the Three Jewels as much as they wished. Now, Burma having obtained her Independence, her people, becoming more powerful, have considered that it is an opportune time for them to honour their much respected Triple Gem. Accordingly, they have performed the following wholesome deeds :—

(1) In the sphere of the Gem of the Buddha, they have repaired and reconstructed many old and ruined pagodas ; and have recently constructed the Kabā-Aye (World Peace) Pagoda.

(2) In the sphere of the Gem of the Sangha, they have appointed Mahā Nāyaka and Ovād'ācariya Mahātheras in many towns and villages of Burma. The Union Buddha Sāsana Council has separately appointed the Councils of Nāyaka and Ovād'ācariya Mahātheras. Also the titles of " Agga Mahā Paṇḍita " and " Abhi Dhaja Mahā Raṭṭha Guru " are being bestowed on the deserving Mahātheras.

Bhante, as regards the Gem of the Dhamma, I most respectfully venture to say :

In the Discourse of the "Ten Qualities of an Upasakā," the Buddha declared, " Dhamma vipateyyo (The Dhamma should be given precedence)". In the concluding passage of Aṭṭhasālinī Aṭṭhakathā there appears the following :

" Cīram tiṭṭhatu saddhammo dhamme
hontu sagāravā sabbe pi sattā."

" May the Buddha-Dhamma remain for long.
May the people revere the Buddha Dhamma."

In the above earnest wishes, only the Dhamma is mentioned and not the Buddha nor the Sangha. Therefore, it is clear that the reason why the Dhamma is given precedence is that the rise and decline of the other two depends on the Dhamma. Thus the wise kings of old caused the Text to be revised in order that the Buddha's Sāsana may continue for long. We, the Government and the people of the Union of Burma also, following the procedures of those Buddhist kings of old, have striven our best to hold the Chaṭṭha Sangāyanā in the Mahā Pāsaṇa Guha (The Great Cave) which has been so beautifully and magnificently constructed, and which is in no way inferior to the costly temporary structures constructed by King Ajātasattu at the time of the First Great Council.

In conclusion, I most respectfully beg to say that it is now an opportune time for me to declare that this Chaṭṭha Sangāyanā Ceremony be commenced.

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဆာဒီးသွင်၏ ဦးဦးကြီး

ဆဋ္ဌသံဂါယနာ မဟာမွေသာဘင်ကြီးသို့ ထေရ ဝါဒ နိုင်ငံအသီးအသီးမှ ကြွရောက်တော်မူလာကြသော သံဃနာယက သံဃရာဇာ ဂဏပါမောက္ခ ဂဏာခံပတိ မဟာထေရ်မြတ်ကြီးများနှင့် တကွ တိပိဋကဓရ တိပိဋကာလင်္ကာရ ပိဋကတ္တယဆေက ပရိယတ္တိပိသာရဒ ဖြစ်တော်မူကြသော သာသနာ တော်စောင့် အရှင်သူမြတ်တို့ဘုရား။

အရှင်သူမြတ် ကြီးတို့သည်—

၁။ မျက်မှောက် သာသနာ ထိန်းသိမ်း ပြုပြင်ရေး။

၂။ မျက်ကွယ် သာသနာ နောင်အရှည် တည်တံ့ရေး။

၃။ ဗုဒ္ဓသာသနာ ကမ္ဘာဖြန့်ဖြူးရေး ဟူသော အဓိက အချက်ကြီး ၃-ရပ်ကို မူထား၍ ဆဋ္ဌ သံ ဂါ ယ နာ တင် တော် မူ ရန် အလို့ငှါ ပင်ပန်းနွမ်းနယ်တော်မူကြသည်ကို ပမာဏ ပြုတော်မမူကြဘဲ ဤသို့ ကြွရောက် လာတော်မူကြသည်ကို တပည့်တော်များ ဖူးတွေ့ကြရပါသောကြောင့် နိုင်ငံတော် သမတကြီးနှင့်တကွ ဥပါသကာ ဥပါသကီ အပေါင်းတို့ နှစ်ထောင်းအားရ ရှိလှပါသည်ဘုရား။

တပည့်တော် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် ရှိသော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သည် နိုင်ငံတော်သမတကြီး၏လူထုအစိုးရကပြုလုပ်အပ်သော သာသန အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထား အပ်သော သာသနာပြုအဖွဲ့ကြီးဖြစ်ပါသည်ဘုရား။

ဤသာသနာပြု အဖွဲ့ကြီးက သာသန အက်ဥပဒေ အပိုဒ် (၁ဂ) အရ၊ ဗုဒ္ဓသာသနာ ပြန့်ပွါးထွန်းကားရန် အလို့ငှါ ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း၌၎င်း၊ နိုင်ငံရပ်ခြားတိုင်းတပါး၌၎င်း၊ ဆောင်ရွက်လျက်ရှိပါသည်ဘုရား။ အနည်းငယ်မျှ ထုတ်ဖော် လျှောက်ထားရသော် ပရိယတ္တိ သာသနာတော်ကြီး အခွန်ရှည်စွာ တည်ပါစေခြင်း အလို့ငှါ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့အတွက်သာသနာ တော်၌ အမြင့်မားဆုံး ဖြစ်သော **တိပိဋကဓရ ရွေး ချယ် ပွဲ ကြီး ကို နှစ် စဉ် ကျင်း ပ လျက် ရှိ ရာ တိပိဋကဓရ ပုဂ္ဂိုလ်ကျော်၁နှင့် ဝိနယဓရ ပုဂ္ဂိုလ် ကျော်၁များ၊ သံယုတ္တဘာဏက အဂ်တ္တရဘာဏက ပုဂ္ဂိုလ်ကျော်များပင် ပေါ် ပေါက်ခဲ့ပါသည်ဘုရား။**

လူပုဂ္ဂိုလ်များ အတွက်လည်း အဘိဓမ္မာစာ မေးပွဲကြီးကို စာဖြေဌာနပေါင်း (၁၆၅) ဌာနဖွင့် လှစ်၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ပြီးခဲ့သော ၃၃၁-ခု နှစ်က အောင်မြင်သူပေါင်း(၃၃၇၇)ယောက် ရှိခဲ့ပါသည်ဘုရား။ ထို့ပြင် အကျဉ်းသားများ သိမ်မွေ့ယဉ်ကျေးရန် အလို့ငှါ အကျဉ်းထောင် စာမေးပွဲကို လည်း နှစ်စဉ် ကျင်းပလျက် ရှိပါသေးသည်ဘုရား။

ပဋ္ဌိပတ္တိ သာသနာတော်ကြီး အခွန်ရှည်စွာ တည်ပါစေခြင်းအကျိုးငှါလည်း နိုင်ငံတော်အတွင်း အမြို့မြို့ အနယ်နယ်၌ရှိသော ပဋ္ဌိပတ္တိ ဌာနများကို (က) (ခ) (ဂ) အတန်း အစား ခွဲခြား၍ အထောက်အပံ့များဖြင့် ထောက်ပံ့လျက် ရှိသည့် အပြင် ကမ္မဋ္ဌာန်းဌာန မရှိသေးသော မြို့နယ်များ တွင် ကမ္မဋ္ဌာန်းဌာနများတိုးတက်ရန် အလို့ငှါလည်း ကမ္မဋ္ဌာနဘာဝရိယ ပြုလုပ်နိုင်မည့် ရဟန်းတော်တို့ အား ရန်ကုန် သာသနရိပ်သာသို့ ပင့်ဘိတ်၍ အထောက်အပံ့များ လျှုဒါန်းကာ ကမ္မဋ္ဌာန်းတရား လက်တွေ့ ပွါးများ စေပါသည်ဘုရား။

ထို့ပြင် နိုင်ငံခြား သာသနာ ပြုရေးအတွက် လည်း မမွှေတကျောင်း သီးခြား ဖွင့်ထားသည့် သာမက တောင်တန်း သာသနာပြု အဖွဲ့မှတဆင့် ၎င်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့မှ တိုက်ရိုက်၎င်း၊ ချီးမြှောက် ထောက်ပံ့ သင့်သည်ကို ချီးမြှောက် ထောက်ပံ့သည့် အပြင် သီဟိုဠ်ကျွန်းမှ ရဟန်းတော်များကိုလည်း၊ ယိုးဒယားပြည်မှ ရဟန်း သာမဏေများကိုလည်း၊ လောပြည်မှ ရဟန်းတော် များကိုလည်း၊ ကမ္ဘောဒီးယား ပြည်မှ ရဟန်းတော် များနှင့်သီလရှင်များကိုလည်း၊ နိပေါပြည်မှ သီလရှင် များကိုလည်း၊ မြန်မာနိုင်ငံတော် အတွင်း၌ ပရိယတ္တိ ပဋ္ဌိပတ္တိလေ့လာဆည်းပူး သင်ကြားနိုင်ရန် အလို့ငှါ အထောက် အပံ့များ လှုဒါန်းလျက် ရှိပါသည် ဘုရား။

ဤသို့အားဖြင့် ပြည်တွင်း ပြည်ပ သာသနာပြု လုပ်ငန်း ဆိုင်ရာတို့ကို ချီးမြှောက် ထောက်ပံ့နေ သည့်အပြင် ၃၃၁-ခုနှစ်၊ တပို့တွဲ လပြည့်နေ့က ရန်ကုန်မြို့ သာသနရိပ်သာတွင် (၁) အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်ကြီးများ၊ (၂) နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် ကြီးများ၊ (၃) နိုင်ငံ တော် ဝိနည်းဓိရိ ဆရာတော်ကြီးများ ကြွရောက် တော်မူကြကာ—

(၁) **မြတ်စွာဘုရား ဟောကြားတော် မူအပ် သော နိကာယ် ငါးရပ်ကို အထပ်ထပ် အဆင့်ဆင့် ရေးကူးဆွဲ၍ သတိချုတ်ယူင်း ရေးမှားမိခြင်းဟု ဆိုအပ်သော ပမာဒ လေခ ပါဠိပျက်မျှားကို အထူး သန့်ရှင်း စင်ကြယ်လိုသောကြောင့်ရင်း၊**

(၂) **ထိုစင်ကြယ်သော ပိဋကတော် မျှားကို စက်တင် ပုံနှိပ်ပြီးလျှင် ဆဋ္ဌသံဂါယနာ တင်၍ ကမ္ဘာ အရပ်ရပ်သို့ ပျံ့နှံ့ စေခြင်း အားဖြင့် အခွန်ရှည်စွာ တည်စေလိုသော ကြောင့်ရင်း။**

(၃) **လွတ်လပ်သောမြန်မာနိုင်ငံတော်နှင့်တကွ ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံ အားလုံး တို့ကသာသနာတော်ကိုစုပေါင်းအားပေး ချီးမြှောက် လိုသောကြောင့်ရင်း။**

ဆဋ္ဌသံဂါယနာတင်ရန် သဘော တူညီတော်မူကြ ကြောင်း ဆုံးဖြတ်တော် မူကြသည့် အချိန်မှစ၍ တပည့်တော်တို့ နိုင်ငံတော် ဗုဒ္ဓသာသနာအမှုကြီး က နိုင်ငံတော် သမတကြီး၏ နိုင်ငံတော် လူထု အစိုးရ ကိုယ်စား ဆဋ္ဌသံဂါယနာ မဟာမွေသာဘင် ကြီး ထရောက် အောင်မြင်ရန်အလို့ငှါ စတုဗစ္စယ ဒါယကာ ခံယူခဲ့ပါသည်ဘုရား။

အရှင်သူမြတ် ကြီးတို့သည်လည်း ဤသည့် အချိန်မှစ၍ ဆဋ္ဌသံဂါယနာ တင်နိုင်ရေး အတွက် ကြီးမားလှသော လုလ္လဥဿာဟဖြင့် **ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ သံဃနာယက အဖွဲ့အနေ အားဖြင့် (၄)ကြိမ်၊ ဩဝါဒါစုသာသက အဖွဲ့အနေအားဖြင့် (၂) ကြိမ်၊ ဝန်ဆောင် သံဃအဖွဲ့ အနေအားဖြင့် (၁၁)ကြိမ်၊ အာဂုံမြန် ဘာဏက စီစဉ်ရေးအဖွဲ့အ နေအားဖြင့် (၂)ကြိမ်၊** အစုစုပေါင်း သံဃ အစည်း အဝေး (၁၉)ကြိမ်တို့ကို စည်းဝေးတော် မူကြတိုင်း အရှင်သူမြတ် အပေါင်းတို့ သမဏသုခ ဖြစ်စေရန် အလို့ငှါ တပည့်တော်တို့ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့က ကုန်း၊ ရေ၊ လေ လမ်းသရီးတို့မှ အတင့်

အတယ် ပင့်ဆောင်ခြင်း၊ပြန်ပို့ခြင်း၊စည်းဝေးသော ရက်များ အတွင်း၁၀ယ် ဆွမ်း၊ သက်နှီး၊ ကျောင်း ဆေးဟု ဆိုအပ်သော လေးပါးသော ပစ္စည်းတို့ဖြင့် ထောက်ပံ့ ပြုစုခြင်းတို့ကို တာဝန် ယူခဲ့ပါသည် ဘုရား။

အရှင်သူမြတ် ကြီးတို့သည် ထိုထိုသောအစည်း အဝေးတို့မှ ချမှတ်ခဲ့သော သြဝါဒတော်အရပင်ရှက ဇာတ်များကို အကြပ်းအားဖြင့် သုခ်သင် ပြင်ဆင် စေခြင်း၊ ၎င်းပင်ရှကတော် မျှားနှင့် သီဟိဠ်မှယိုး ဒယားမှ၊ ကမ္ဘောဒီးယားမှ၊ လန်းခန်မှ၊ ကျောက်စာ တော်မှတို့ကို ဆိုင်ရာဆိုင်ရာ ပြိုကွယ် အသီးသီးရှိ ပါဠိတိပေသာဂက အဖွဲ့(၁၅ဖြ) ဖွဲ့တို့ ထံသို့ ပေးပို့ ဆက်သပ်ခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းရှိ တိဝိရှကဆေက ပရိယတ္တိ ဝိသာရဒဖြစ် တော်မူကြသော ဆရာတော်များနှင့် သီဟိဠ်ယိုး ဒယား နိုင်ငံများမှ တိဝိရှကဆေက ပရိယတ္တိဝိသာ ရဒ ဆရာတော်များ ပါဝင်သည့် ပါဠိပဋိဝိသောဂက အဖွဲ့ဝင်မထေရ်မြတ်တို့အား ရန်ကုန်မြို့ သာသနာရိပ် သာသို့ ပင့်ဆောင်ကာ ပါဠိဝိသောဂက အဖွဲ့များမှ သုခ်သင်ပြီး၍ မြန်လည်ပို့လိုက်သော ပိရှကတော် များကို ထပ်မံ သုခ်သင်ရန် အလို့ငှါ ဆက်သပ်ခြင်း စသော တာဝန်များနှင့်တကွ ပဋိဝိသောဂကပြုလုပ် ကြကုန်သော မထေရ်မြတ် တို့အားလည်း သမဏ သုခ ဖြစ်စေရန် အလို့ငှါ လေးပါးသော ပစ္စည်းတို့ ဖြင့် ထောက်ပံ့ ခဲ့ပါသည်ဘုရား။

ဤဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ကြီးကျင်းပ ပြုလုပ်ရန် စတင် ဆောင်ရွက် ရသော လ-ရက် တို့မှာ အလွန်တရာပင် တိုတောင်းလှသော်လည်း နိုင်ငံတော် လူထု အစိုးရက သိန်းပေါင်းများစွာ သော ငွေအားဖြင့်ရင်း၊ လူအားဖြင့်ရင်း၊ အကြံ ဉာဏ် အားဖြင့်ရင်း၊ ရက်ရော ထက်သန်စွာ ကူညီ ခဲ့ခြင်း၊ နိုင်ငံတော် အတွင်းရှိ ပြည်သူ့လူထုကြီး တရပ်လုံးကလည်း ငွေအားဖြင့်ရင်း၊ လုပ်အားဖြင့် ရင်းကူညီကြခြင်းတို့ကြောင့် ၁-နှစ် ၂-လ ၁၀-ရက် အတွင်း၁ယ် ၅၂မည်သော ဆဋ္ဌသံဂီတိ မဟာ ပါသာဏ ကျောက် လိုဏ်ရူတော်ကြီးနှင့် တကွ အာဂန္တုကျောင်းဆောင်များ၊ ဆွမ်း၀ေးကျောင်း ပိဋ္ဌကစာပုံနှိပ်တိုက်၊သိမ်တော်ကြီးနှင့်ဆေးရုံတော် စသောအဆောက်အဦများကို အပြီးတည်ဆောက် ခဲ့ရပါသည်ဘုရား။

အရှင်သူမြတ် ကြီးတို့သည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ဆင်ယင်ကျင်းပနေသည့် ၂-နှစ် အတွင်း၁ယ် ကျောင်း၊ အိပ်ရာ၊ နေထိုင်ရင်း၊ ဆွမ်း၊ သက်နှီး၊ ဆေး၀ါးတို့ဖြင့်ရင်း၊ ဆင်းရဲ ပင်ပန်းကြိုးပင်း ခြင်း ပဋိစေရန်အလို့ငှါ နိုင်ငံတော် အစိုးရနှင့်နိုင်ငံ တော် လူထုကြီး ကိုယ်စား တပည့်တော်များ နိုင်ငံ တော် ဗုဒ္ဓသာသနာအဖွဲ့ကြီးက စတုပစ္စယဒါယကာ ခံယူပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် လျှောက်ထားလိုသည်မှာ၊ အရှင်သူမြတ်ဘုရားတို့သည် ကာယသုခ စိတ္တသုခ ပြည်တွင်းစွဲဖြင့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသာဝင်ကြီး ကို ပြီးဆုံးသည်တိုင်အောင် အားသွန်ကြိုးပမ်းတော် မူနိုင်ရန် အလို့ငှါ နိုင်ငံတော်သမတကြီး၏ အစိုးရ နှင့်တကွ နိုင်ငံတော်လူထုကြီးတရပ်လုံးက လိုက် လိုက်လဲ့လဲ့ အလွန် ရက်ရော ထက်သန်လှသော စေတနာ အထူးတို့ဖြင့် ၊သိန်းပေါင်းများစွာ စွန့် လွှတ်၍ ပြုစုချီးမြှောက် ထောက်ပံ့သော တာဝန်ကို ယူကြသကဲ့သို့ အရှင်သူမြတ်ဘုရား အပေါင်းတို့က လည်း မြတ်စွာဘုရား သားတော် အချင်းချင်း သမာနစိတ္တ သမာနသံဝါသ ဖြစ်ကြကာ အရာရာ တွင် အချင်းချင်းပေါ်ခ်ွင်ရင်း၊ တကာ့ တကာမတို့ ကပေါ်ခ်ွင်ရင်း၊ သည်းခံတော်မူကြ၍မြတ်စွာဘုရား ကြီး၏ ဌေမျက်နှာတော်ကို ထောက်တော်မူကြ ပြီးလျှင် ဆဋ္ဌသံဂါယနာတင်ပွဲကြီး ပြီးစီးသည် တိုင်အောင် သမဏသညာ ပန်ဆင်ကာဖြင့် သံဂါ ယနာတင်တော်မူကြပါကုန်ဘုရား။

AN ADDRESS OF VENERATION DELIVERED BY THADO THIRI THUDHAMMA SIR U THWIN

To

All Mahātheras from all Therāvādin countries, some of whom are Sanghārājās, Sangha Nāyakas and all of whom are highly virtuous and well versed in the Tipiṭaka.

Bhante,

May I most respectfully say that I am very greatly joyous to have an opportunity to pay my deep veneration to the Mahātheras who came to Rangoon to attend the Opening Ceremonies of the Chaṭṭha Sangāyanā, and who are keeping in mind the following three predominant points :

(1) To preserve the extant Dhamma,
(2) To aid the Buddha's Sāsana to endure for long, and
(3) To propagate the Teachings of the Buddha abroad.

The Union Buddha Sāsana Council is an organisation established under Act of Parliament of the democratic country of the Union of Burma headed by the President of the Union.

Under the provisions contained in Section 10 of the Sāsana Act, the Union Buddha Sāsana Council is functioning both in the Union of Burma and abroad for the purpose of propagating the Dhamma. If I may be permitted to mention some of its activities, I most respectfully inform that it is holding the Tipiṭaka-dhara Selection Examination every year, which examination is the highest and hardest in the sphere of the Dhamma, and as the result of holding such examinations, Tipiṭaka-dharas, Vinaya-dharas, Samyutta Bhāṇakas and Anguttara Bhāṇakas have already appeared.

Bhante, for the lay devotees too, Abhidhamma Examinations are held annually at 165 centres in the Union and the number of passes last year, 1315 Burmese Era, was 13,777. Also, Examinations on Buddhist literature are annually held in the prisons of the Union of Burma for the purpose of improving the moral character of those citizens who have erred and been sent to prison.

Bhante, for the promotion of the Paṭipatti Sāsana (Sphere of the practice of the Dhamma), the Union Buddha Sāsana Council is subsidising Meditation Centres in all parts of the Union. For the founding of new Meditation Centres in those places where there are none, the Bhikkhus capable of becoming Kammaṭṭhāna Teachers are trained as such at Rangoon at the expense of the Council.

Bhante, for the purpose of propagating the Dhamma abroad, the Dhamma-dūta College has been opened separately. The Sāsana Council is also subsidising Missionary workers either directly or through the Hill Tracts Missions Organisation. The Union Buddha Sāsana Council is also supporting Bhikkhu scholars from Ceylon, Thailand, Laos and Cambodia and also nuns from Nepal and Cambodia, to enable them to prosecute their Buddhistic studies and practise meditation in this country.

Bhante, at the Conference of the Sangha held in 1952 in the presence of the Agga Mahā Paṇḍitas, Union Ovād'ācariya Mahātheras and Union Vinaya-dhara Mahātheras, the following resolutions were passed :

(1) There being plenty of mis-spellings and omissions by the scribes in repeatedly copying the five Nikāyas and the Teachings of the Buddha, it is expedient to hold the Sixth Great Buddhist Council for the purpose of purifying the Texts, scrutinising, editing, re-editing, arranging and reciting all the Teachings of the Buddha.

(2) In order to print these edited Piṭakas in books, to recite them at the Sixth Great Buddhist Council and to distribute them all over the world with the object of promoting the Buddha's Sāsana, it is expedient to hold the Sixth Great Buddhist Council.

(3) In order to enable the Union of Burma in co-operation and collaboration with other Theravādin countries, to promote the Buddha's Sāsana, it is expedient to hold the Sixth Great Buddhist Council.

Bhante, from that time onward, the Union Buddha Sāsana Council has been supporting the Bhikkhus with the four necessities. The

နိုင်ငံတော် ဗုဒ္ဓသာသနာအမှဲ့ ဥက္ကဋ္ဌ
ကြီး သတိုးသီရိသုမေမ္မ ဆာဦးသွင်က
ဆဋ္ဌသံဂါယနာ ပစ္စယာနုဂ္ဂဟ သဗ္ဗ
ဘာရာဝဟ ဒါယကာတော်အဖြစ်ခံယူ
ပါကြောင်းကို ပြည်ထောင်စု မြန်မာ
နိုင်ငံတော် ကိုယ်စား လျှောက်ထား
နေပုံ

Thado Thiri Thudhamma Sir U Thwin, President of the Union Buddha Sāsana Council delivering an address of veneration, accepting full responsibility to support the Bhikkhus with the four requisites

Council also looks to the convenience and comfort of all Bhikkhus who take part in the preparations for the holding of the Chaṭṭha Sangāyanā.

Bhante, the texts have been edited by 116 Editing Groups all over the Union, by collation with the Ceylon, Thai, Cambodian and London editions of the Tipiṭaka and also with the Mandalay Inscriptions. The Texts thus edited have been re-edited and scrutinised by the Text Re-editing Groups of all Theravādin countries. The Council is supporting all these Theras and Mahā-theras with the four requisites and also looking to their personal comfort and convenience.

Bhante, the time for the preparations for the holding of the Chaṭṭha Sangāyanā was very short ; but owing to a contribution of many lakhs of kyats by the Government of the Union of Burma in addition to their valuable help and advice and the co-operation of the whole populace by offering their voluntary services and also contributing towards the holding of the Chaṭṭha Sanagāyanā, this Great Sacred Cave and the multi-roomed buildings such as Hostels, the Refectory, the Sanitorium and the Simā were able to be constructed within a space of one year and two months.

Bhante, during the two years in which the Chaṭṭha Sangāyanā will have its sessions, we the members of the Union Buddha Sāsana Council in conjunction with the Union Government will undertake to support the venerable bhikkhus with the four necessary requisites.

Bhante, in conclusion, I most respectfully beg to say that while we Dāyakas for our part are undertaking to support you with the four requisites at an immense expense till the end of the Five Sessions of the Chaṭṭha Sangāyanā, you for your part will maintain the prestige of the Bhikkhus and work throughout all the Five Sessions of the Chaṭṭha Sangāyanā co-operatively and in collaboration.

ယိုးဒယား(အိမ်ဆရာတော)သာသနာပိုင်၏ သဝေါဝါဒ

ဤသည်ကား မြန်မာပြည် ဓမ္မ သံဃါယနာ သဘင်ကြီး၏ ပဌမ သန့်ပါတက္ကို အားထုတ်ကျင်းပ ရာ ယိုးဒယားပြည် သံဃရာဇာ သာသနာပိုင်မဟာ ထေရ်မြတ် လျှောက်ထား ပြောကြား သိစေအပ် သော ဝမ်းမြောက်ကြောင်း လျှောက်ထား ပြော ကြားချက်တည်း။

ဤကဆုန်လပြည့်နေ့ (ယနေ့)သည် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၏ ဘွားတော်မူရာ သစ္စာလေးပါး သိတော်မူရာ ပရိနိဗ္ဗာန် ပြုတော် မူရာ နေ့နင့်တူသည်ဖြစ်၍ မြတ်စွာဘုရားကို ရည် မှန်းကာ အလွန်အကဲ ပူဇော်သက္ကာရ ပြုကြရာ ရက်အခါ ဟု သတ်မှတ် အပ်ပါ၏။ ထိုသတ်မှတ် သော နေ့တွင် ယခုအခါ မြန်မာပြည်၌ သံဃါယနာ မဟာဓမ္မသဘင်ကြီး၏ ပဌမသန့်ပါတ အစည်း အဝေးကို စည်းဝေးရန် အားထုတ်ကြပါကုန်၏။ ယိုးဒယားပြည်၌လည်း ကျွန်ုပ်တို့သည်မြန်မာပြည် မှ ရောက်လာကြသော တမန်တော်တို့ လျှောက် ထားသော (သံဃါယနာ) သတင်းစကားကို ကြား ကြရ၍ ဝမ်းမြောက်ကြပါသည်၊ ဤသံဃါယနာ သဘင်ကြီးသို့ ရဟန်းတော်တို့ကိုင်း လူဒကာ တို့ကိုင်း စေလွှတ်ကြပါသည်၊ ထိုရဟန်းတော်တို့ နှင့်လူဒါယကာတို့သည် ယခုအခါသင်တို့၏မျက်မြင် ထင်ထင်ရှားရှားဖြစ်နေကြပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံခါနီး အချိန်က "အာနန္ဒာ၊ ငါဘုရားသည် (သင်တို့အား) အကြင် သုတ်အဘိဓမ္မာ ဟူသော ဓမ္မကိုင်း၊ အကြင်ဝိနည်း ဟူသော ဝိနယကိုင်း ဟောကြား ပညတ်အပ်၏။ ထိုဓမ္မ ဝိနယသည် ငါဘုရား ကွယ်လွန်သောအခါ သင်တို့၏ ဆရာတည်း" ဟူသော စကားကိုမိန့်ကြား တော်မူခဲ့ပါသည်၊ မြတ်စွာဘုရား မိန့်ကြားတော် မူခဲ့သော ဓမ္မ ဝိနယ နှစ်ပါးဟူသော မြတ်စွာဘုရား အဆုံးအမ သာသနာကိုသာလျှင် အစီအစဉ်အား ဖြင့် မဟာထေရ် (အဆက်ဆက်) တို့သည် သံဂါ ယနာ တင်တော်မူကြ၍ ဆောင်ယူတော် မူလာကြ ပါသည်၊ ပဌမ သံဂါယနာ၌ အကွန္ဒရာ တင်၍ထား အပ်သော ပိဋကတ် သုံးပုံသည် ယခုအခါထင်ရှား ရှိနေပါသည်၊ ထို ပိဋကတ်သုံးပုံသည် အတိုင်းတိုင်း အပြည်ပြည်ထိုး၌ အချိန်ကာလ ကြာမြင့်စွာ ဆက် ကာ ဆက်ကာ ဆောင်လာရသောကြောင့် အချို့ နေရာတို့၌ မည်မညှုတ် ကွဲပြား ဆန့်ကျင်ခြင်းရှိရာ ပါသည်၊ ထိုကွဲပြား ဆန့်ကျင်သော ပိဋကတ်ကို သန့်ရှင်း စင်ကြယ်စွာ သုတ်သင်အပ်သည် ရှိသော် စ,လယ်,အဆုံး သုံးပါးသော ကောင်းခြင်းနှင့်ပြည့်စုံ သော, အနက်သဒ္ဒါနှင့် ပြည့်စုံသော' လုံးပမည့်စုံ သော, ထက်ဝန်းကျင်စင်ကြယ်သော မြတ်သော အကျင့်ဟုဆိုအပ်သော, မြတ်စွာဘုရား သာသနာ တော်သည် တည်တံ့ပါလိမ်မည်၊ ထိုဘုရား အဆုံး အမကို ကြားနာပြီးသော် တရားကို လိုလား၍ တရားတော်အား လျှော်စွာ ကျင့်ကြံသောပုဂ္ဂိုလ် များသည် အကျင့်ပဋိပတ် အကျိုးကို ထိုးထွင်း သိနိုင်ကြပါသည်၊ မှန်ပါသည်၊ တရားအား လျှော် စွာ ကျင့်ကြံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ နှစ်သက်တော် မူခြင်းကို ရပါသည်၊ ထိုပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို မှန်မြတ်သော ပူဇော်ခြင်းဖြင့် ရိုသေလေးစား မြတ်နိုး ပူဇော်သည်ဟု မိန့်တော်မူ ခဲ့ပါသည်၊ ထိုသို့သော အမိန့် စကားကို မိန့်ကြား တော်မူပြီးလျှင် မြတ်စွာဘုရားသည် နောင်အခါ ကျွန်ုပ်တို့ ကျင့်စေရန် "ချစ်သား အာနန္ဒာ၊ ထို ကြောင့် ဤသာသနာတော်ဝယ် တရားအားလျှော် စွာ ကျင့်၍နေမည်၊ ရိုသေစွာကျင့်၍ တရားအတိုင်း ကျင့်ကာနေမည်၊ ဤသို့ သင်တို့ ကျင့်ရမည်" ဟု မိန့်တော်မူခဲ့ပါသည်။

မြန်မာပြည်၌ မဟာ ဓမ္မသဘင်သည် ပိဋကတ် သုံးပုံ၌ ချတ်ယွင်းချက်ကို ခါတုန်း၏ သုမ်သင်ရန် ဓမ္မသံဂါယနာကို ပြုလုပ်ကြကုန်လျက် ဆိုခဲ့သည့် အတိုင်း ဗုဒ္ဓသာသနာကို ချီးမြှောက်၏။ ထိုချီး မြှောက်ခြင်းသည် စင်စစ် ကေန် ချီးမွမ်းထိုက် ဝမ်း မြောက်ထိုက်ပါသည်။

ကျွန်ုပ်တို့သည် ဤမဟာဓမ္မသဘင် ပဌမ သန့် ပါတက္ကို အားထုတ်ရာ ယခုအခါ၌ ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်း အနေမောဒနာကို "သာဓုအနုမော ဒါမ" ဟု ပြောကြား သိစေပါကုန်၏။

ရတနာသုံးပါး၏အာနုဘော်တော် ကြောင့်ရင်း ပြုခဲ့သော ကုသိုလ်ကောင်းမှု၏ တန်ခိုးကြောင့်ရင်း သင်တို့၏ ဓမ္မသံဂါယနာ ပွဲကြီးသည် ကောင်းမွန် ချောမောစွာ ပြီးစီးပါစေ။

ဌာနတိုင်း စင်ကြယ်သော လူအပေါင်း၏ ငြိမ်းချမ်းရေးခရီးစဉ်ကို အမြဲမပြတ်ပြသတတ်သော ပိဋကတ် သုံးပုံတည်းဟူသော မြတ်စွာဘုရား၏ အဆုံး အမ သာသနာတော်သည် ထွန်းလင်း တောက်ပပါစေသတည်း။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော် မူပြီးသည်မှ (သာသနာသက္ကရာဇ်) ၂၄၉၇ ခုနှစ်၊ လသွား စန္ဒကတိအားဖြင့် ကဆုန်လပြည့်၊ နေသွား သူဧရိယကတိအားဖြင့် (မေလ) (၁၇)ရက် နေ့—

ဤ၀မ်းမြောက်ကြောင်း လျှောက်ထား ပြော ကြားချက်ကိုဇီရဥာဏဝံသ မဟာထေရ်ယိုးဒယား ပြည် သံဃရာဇာ သာသနာပိုင် ဖြစ်သော အကျွန်ုပ် လျှောက်ထား ပြောကြား သိစေပါသည်။



ယိုးဒယား နိုင်ငံတော် သံဃရာဇာ
သာသနာပိုင် ဆရာတော်ဘုရားကြီး၏
သဝဏ်လွှာကို ယိုးဒယားနိုင်ငံ သံဃ
အစိုးရအုပ်ချုပ်ရေးဌာနဝန်ကြီး ဖရား
ဝိမလဓမ္မက ဖတ်ကြား တော် မူနေပုံ
(ဖရား ဝိမလဓမ္မ၏ပုံကို အလည်တွင်
ထင်ရှားအောင်သီးသန့်ပြထားသည်)

His Holiness Phra Bimaladharma, Ecclesiastical Minister for Sangha Administration of Thailand, reading the Message from His Holiness Somdet Phra Vajirayannavongs, Supreme Patriarch of Thailand. (photograph of H. H. Phra Bimaladharma is inset)

သီဟိုဠ်ကျွန်းရှိ ဗုဒ္ဓရဟန်းတော်များ၏ ပိဋကတ်တော်မတိ၊ ၇-ဖွဲ့တို့၏ အချုပ်ဖြစ်သည့်ပြင် (သီဟိုဠ်ရှိ ဂိုဏ်းကြီး သုံးဂိုဏ်းတို့မှ အထူးဧည့်ချယ်ဖွဲ့စည်းထားသည့်) ဥဇ္ဇာရီတရုမဇ္ဈလမှ မေးမြန်းတော်မူသည့် သဝဏ်လွှာ။

သံသာတော်၏ ညွှတ်မှုကား ချမ်းသာပေစေ့

ကြက်သရေ မဂ်လာနှင့် ပြည့်စုံသော ၈မျိုးဒိပ်ကျန်း မြန်မာနိုင်ငံတော်တွင် ကျင်းပပည့်ဆဲဆဲ ဖြစ်သော ဆဋ္ဌမဟာဓမ္မ သံဂါယနာကို စွမ်းအားရှိသလောက် အားပေးကူညီရန် သိဟိုဠ်ကျွန်း အစိုးရ တည်ထောင်စေသော ဥတ္တရိတရ မဟာသံဃအဖွဲ့မှ ဆိုခဲ့ပြီးသော မဟာဓမ္မ သံဂါယနာတွင် သံသာ့ဝန်ဆောင် ဖြစ်တော်မူကြသော အလွန်စင်ကြယ်သော သီလစသော ဂုဏ်တန်ဆာ အထူးထူး တို့ဖြင့် တင့်တယ်တော်မူကြသော မဟာထေရ် အနုထေရ်တို့၏ရင်း၊ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ အမှုဆောင်ဖြစ်ကုန်သော ကြီးမားသောသဒ္ဓါ ကြီးမားသောပညာ ကြီးမားသော အလိုဆန္ဒ ရှိကြပေကုန်သော အဖွဲ့ဝင် လူကြီးတို့၏ရင်း အထံသို့ ပို့လိုက်သော အကျိုးစီးပွါး လိုလားပုံ သန္ဒေသကထာ ဖြစ်ပါသည်။

အရှင်ထေရ်မြတ်တို့ဘုရား။

ကြက်သရေ မဂ်လာနှင့် ပြည့်စုံသော ၈မျိုးဒိပ်ကျန်းတွင် စပါးကျိကျနှင့် တူသော သင်တို့၏ ၈မ္ဘလျော်ဘွယ် မြန်မာနိုင်ငံတော်နှင့် တရားကျန်း ဟု ထင်ရှားသော အကျန်ပ်တို့၏ သီဟိုဠ်ကျွန်းသည် ကြာမြင့်စွာသော အချိန် ကာလမှစ၍ မဟာမိတ်များပင် ဖြစ်ကြသည် ဟူသော အကြောင်းကို ထုဇဝင် နားလည်သူများ အသိပင် ဖြစ်ပေသည်။ ထိုနှစ်နိုင်ငံလုံးနှင့်ပင် သက်ဆိုင်သော အဘိုးတန် ဥစ္စာကား ဘေးအားလုံးကို ပယ်ဖျောက်နိုင်သော စည်းစိမ် အားလုံးကို ဆောင်ရွက် ပေးနိုင်သော မိစ္ဆာ အယူရှိသူ အားလုံးတို့၏ အစွဲကို ပယ်ဖျောက်နိုင်သော ဘုရား တရားတော်ပင် ဖြစ်ပေသည် ဟု အကျန်ပ်တို့ အားလုံးပင် သဘောတူ လက်ခံရပေမည်။

ထို့ကြောင့်ပင် သင်တို့ အကျန်ပ်တို့၏ သဒ္ဓါ ပညာနှင့် ပြည့်စုံသော ရှေးမင်းကောင်း မင်းမြတ် အမတ်ကြီး စသော သူတို့သည် မိမိတို့၏ အသက် ကိုပင် စွန့်ထားကြ၍ မြတ်စွာဘုရား၏ တရားတော် ကိုပင် စောင့်ရှောက်ရန် အမြဲ လှုံ့လ စိုက်ခဲ့ကြပေသည်။

အရှင်ဘုရားတို့ ယခုအခါ မကြာမြင့်မီက ဖြစ်ပျိုးခဲ့သော စစ်ကြီး နှစ်ကြိမ် အနှိပ်စက် ခံခဲ့ရသည် ဖြစ်ပါလျက် မြတ်စွာဘုရား သာသနာ ရှည်ကြာ လေးမြင့်တည်တံ့ရန် ဤမေမ္ဘ သံဂါယနာကို အရှင်ဘုရားတို့ ဆောင်ရွက်တော် မူနိုင်ခြင်းကို အကျွန်ပ်တို့ အလွန်ပင် ဝမ်းမြောက် လုပါသည်၊ ထို့ကြောင့်ပင် ဆိုခဲ့ပြီးသော အကျွန်ပ်တို့ ဥတ္တရိတရ မဟာသံဃအဖွဲ့ကြီးမှ အရှင်တို့အား ထို သံဂါယနာ အတွက် မြေပြင်လင်ယားသော အကူအညီ အားလုံးကို ပေးရန် မုခ၊ ပြုလုပ်မည့် ကိစ္စအားလုံးတို့ကို သိဟိုဠ်နိုင်ငံမှ စရိတ် အကုန်အကျဖြင့် ပြီးစီးအောင် ဆောင်ရွက်ထားပါသည် ဟု ဝင်းမြောက် ဝမ်းသာ သိစေလိုက်ပါသည်။

အထူးအားဖြင့် ဓမ္မ သံဂါယနာ ကိစ္စမှာ ကိုယ်တိုင် ပါဝင်မှု ဖြစ်စေရန် အရှင်ဘုရားတို့ နိုင်ငံသို့ အကျွန်ပ်တို့ နှစ်ကြိမ်တိုင်တိုင် စေလွှတ်လိုက်သဖြင့် မြန်ရောက် လာကြသော မထေရ်တို့ထံမှ ပြုလုပ်ထားသည့် ဓမ္မ သံဂါယနာ စီစဉ်ပုံ အကျယ်ကိုကြား၍ အကျွန်ပ်တို့ အလွန် ဝမ်းမြောက် ကြည်နူးကြရပါသည်။

သို့ရာတွင် အရှင်ဘုရားတို့အား ထပ်မံလျှောက်ထားရန် အကြောင်းတခု ရှိပါသေးသည်၊ အရှင်ဘုရားတို့၊ ရှေးအခါက အကျွပ်ရှိတို့ သီဟိုဠ်ကျွန်း ဝန္ဒဂါမဏိ အဘယမင်း လက်ထက် အာသေဂက လိုက်၌ စည်းဝေးကြ၍ ပဋိသမ္ဘိဒါဟတ္တ ဖြစ်သော ရဟန္တာ အရှင်မြတ်များ ပြုလုပ်တော် မူခဲ့ကြသော ပိဋကသုံးပုံ ပေထက် အကွရုတင်ခြင်းသည် ယနေ့တိုင်အောင်ပင် လောကမှာ ထင်ရှားနေပါသည်။ ပေထက်အကွရု တင်သည်မှစ၍ အဆက်ဆက် ဆောင်ယူ လာခဲ့သော မျှားစွာသော ပေမူတို့သည် အကျွန်ပ်တို့နိုင်ငံ ထိုထို ကျောင်းများမှာ ယခုတိုင် အောင်ပင် ရှိကြပါသေးသည်၊ ထိုပေမူတို့၌တွေ့ဖြင်ရသော ပါဠိတို့ကား ရဟန္တာ အရှင်မြတ်များရေးထား၍ မဟာဝိဟာရ ဂိုဏ်းသား ဖထေရ်မြတ်များ စောင့်ရှောက် ခဲ့ကြသော ပါဠိများ ဖြစ်ပေသည်ဟု ရှိသေစွာ လက်ခံသင့်ပေသည်၊ မကျွမ်းကျင်သော စာရေးများ၏ မေ့လျော့မှုဖြင့် ကျပျောက် မှား

Message from His Holiness Somdet Phra Vajirayannavongs, Supreme Patriarch of Thailand

Today being the Visākha Day all the Buddhists will pay their deepest veneration in commemoration of the Supreme Buddha's Mahāparimibbānā. In Burma also the First Session of the Chaṭṭha Sangāyanā will commence on this day. We, here in Thailand were also joyous to hear about the holding of this Sangāyanā, when we heard about it from the Burma Buddhist Sāsana Mission that visited us recently. We sent a delegation of Bhikkhus and lay devotees to this Sangāyanā and trust that they will be before you now.

Just at the time of attaining His Mahāparimibbāna, the Buddha declared : " The Dhamma and Discipline, Ānanda, which I have taught and enjoined upon you is to be your teacher when I am gone ". The Teachings of the Buddha have been handed down to us in unbroken line from the Elders of former days to the Bhikkhus of the present time, the Text having been revised five times. Owing to the duration of time and difference in localities there are some discrepancies in the Text and it is befitting to have them revised so that the Teachings of the Buddha which are free from all blemishes will shine for ever. By learning the Dhamma and practising it, people can realise the Dhamma.

It is true, because the Buddha also declared : " Ānanda, by practising the Dhamma, one listens to my words and pays homage to me ". For those like us who come after also He declared : " Live according to the Dhamma and practise it."

We rejoice to hear that the Texts are being revised in the Union of Burma by holding the Chaṭṭha Sangāyanā.

May the Chaṭṭha Sangāyanā meet with success by the power of the Triple Gem and also the power of our accumulated *kusala* (wholesome volitional actions) of the past existences !

May the Dhamma, the Tipiṭaka which leads people to absolute Peace, shine for ever !

This message is declared on the Visākhā Day of 2498 B.E. (17th May 1954) by Somdet Phra Vajirayannavongs, Supreme Patriarch of Thailand.

ယှင်းသော ပါဠိများ မရှိဟု အကျွန်ပ်တို့ မဆိုလိုပါ၊ မြန်မာ စသော နိုင်ငံတို့၌ တည်ရှိကြသော ပိဋကတ် ပေမူတို့သည် သီဟိုဠ်နိုင်ငံမှပင် ဆောင်ယူထားသည့် ပေမူများဖြစ်သည်ဟူသော စကား၌ ငြင်းဘွယ်မရှိပါ။ ရှေးအခါက သီဟိုဠ်စာလုံး နားလည်သော နိုင်ငံခြားသား စာရေးဆရာများသည် သီဟိုဠ် စာလုံးဖြင့် ရေးသား ထားသော ပေမူတို့ကို ကြည့်ကာ ကြည့်ကာ တိုင်းရင်းဘာသာ စာလုံးတို့ဖြင့် ရေးကူးကြပါသည်၊ ထိုပေမူတို့၌ ပါဠိကဲ့မျှား ဖြစ်ပေါ် လွယ်ပါသည်၊ မြန်မာ စာလုံးဖြင့် ပုံနှိပ်ထားသော ပါဠိစာအုပ်တို့၌ တွေ့မြင်ရသော မျက်ရည်ဟော ခပ္ပ သဒ္ဒါသည် ဤနေရာ၌ သက်သေပင် ဖြစ်ပါသည်၊ ထို ခပ္ပ သဒ္ဒါကို သီဟိုဠ် စာလုံးဖြင့်ရေးထားသော စာအုပ်အားလုံးတို့၌ ဗပ္ပ ဟု တွေ့မြင်ရပါသည်၊ ထို သဒ္ဒါကိုသာ ပါဠိကောင်း ပါဠိမှန် အဖြစ်ဖြင့် အသိအမှတ် ပြုသင့်ပါသည်၊ ဤသဒ္ဒါကို သက္ကဋ္ဌသဒ္ဒါ အနေအားဖြင့် ဗဘပ္ပ ဟု သိရပါသည်၊ ပါဠိဘာသာ၌ ထိုသဒ္ဒါမျိုးရှပ်ပြီးပုံ မပေါ် လှင်ပါ၊ ဤမှတပါး များစွာသော မူကွဲ ပါဠိပျက်တို့ကို မြန်မာစာအုပ်တို့၌ တွေ့မြင်ရပါသည်၊ ထိုကြောင့် ထိုကဲ့သို့သော ပါဠိပျက် အချို့ကို ပါဠိမှန် ဖြစ်စေ၍ အချို့သော ဗျာကရဏ်းဆရာတို့က သုတ်တို့ကိုလည်း စိရင်ထားကြပါသည် ဟု ပါဠိဘာသာ ကျွမ်းကျင်သော သဒ္ဒါဆရာများ အသိပင် ဖြစ်ပါသည်။

အရှင်ဘုရားတို့၊ ထို့ကြောင့် ထိုကဲ့သို့သော အရာမျိုးတို့၌ မြတ်စွာဘုရား၏ ခံတွင်းတော် တည်းဟူသော ကြာတိုက်မှ ထွက်သော အလွန် သန့်ရှင်းသော ပါဠိစကားကိုသာ ရွေးချယ် တည်စေရန်ဂင်း၊ ကျမ်းဂန် သုခံသင်သည့် နည်းလမ်း အားလုံးတို့အား ကျေးဇူး များမည့် အရာကို ရှာဖွေရန်ဂင်း အကျွန်ပ်တို့ လေးမြတ်စွာ တောင်းပန်ပါကုန်၏။

အရှင်ဘုရားတို့၊ ရှေးကျမ်းစာများကို သုခံသင်ဘို့ရာ မလွယ်ကူကြောင်းကို အကျွန်ပ်တို့ သတိမထားမိသည် မဟုတ်ကြပါ၊ ပဋ္ဌိသမ္ဘိဒါပတ္တ ရဟန္တာ မဟုတ်သော ပဂ္ဂိုလ်များမှာ ဤကဲ့သို့သော နေရာမျိုး၌ အပြစ်ဒေါသ ရှိကောင်း ရှိကြပါလိမ့်မည်၊ ဖြစ်လည်း ဖြစ်တတ်ကြပါသည်၊ ထို့ကြောင့် မေ့လျော့မှု စသည်တို့၏အစွမ်းဖြင့်ကြင်းကျန်နေသော အမှားများ သင်တို့၏ ဓမ္မသံဂါယနာ သုခံသင်ထားသော ပိဋကတ် ကျမ်းဂန်တို့၌ ရှိစေကာမူ လောကသဘောနှင့်လည်သော သည်ကျမ်းကား သင်တို့၏ အလွန် ကောင်းမြတ်သော ဤကိစ္စကြီးကို အထင်မသေးကြပါ။

အရှင်ဘုရားတို့၊ အခြား လျှောက်ထားရန်လည်း ရှိပါသေးသည်၊ လာမည့် ကဆုန်လပြည့်နေ့တွင် ပြုလုပ် ကျင်းပမည် ဖြစ်သော ဓမ္မသံဂါယနာကို တွေ့မြင်ရ၍ ကြီးမြတ်သော ကုသိုလ်ကောင်းမှု ထုထယ်ကို ဆည်းပူးရန် အကျွန်ပ်တို့ပြည်မှ သတ္တိ ဗျတ္တိနှင့် ပြည့်စုံသော ပိဋကတ် တတ်ကျွမ်း၏ ဗဟုသုတ ရှိသော မထေရ်ကြီးတို့နှင့် သဒ္ဒါ ပညာနှင့် ပြည့်စုံသော ပဓာန ဖြစ်သော လူဥပါသကာတို့ကို တတိယ အကြိမ် စေလွှတ်ကြပါမည်။

၎င်းအကြိမ်မှာ ယခုထက်ပင် ပိုမို၍ များပြားစွာသော လူရဟန်း ပရိသတ်တို့ပင် မြန်မာပြည်သို့ လာရန် အစီအစဉ် ရှိကြပါသည်၊ သို့ရာတွင် သတ်မှတ်ထားသည့်အချိန်တွင် သဘော်ဘ စသည် မရခြင်းကြောင့် လူပေါင်း မြောက်မြားစွာတို့ သွားလာမှု ပျက်ကွက်ရသည့် အကြောင်းကို ဝမ်းနည်းစွာ သိစေလိုက်ပါသည်။

အရှင်ဘုရားတို့၊ နောက်ဆုံး အနေဖြင့် ဆုတောင်းလိုက် ပါ သည်၊ အလွန် မွေ့ လျော် ဘွယ်ကောင်းသောမြန်မာနိုင်ငံသည် လျှင်မြန်စွာစည်ပင်ဝပြောရ၍ သဒ္ဒါပညာနှင့် ပြည့်စုံသော ဘုရားတပည့် သားများနှင့် ပြည့်နှက်သည် ဖြစ်ပါစေသတည်း။ သင်တို့ နိုင်ငံတွင် ဖြစ်ပွါးလျက် ရှိသော နိုင်ငံခြားမှ ရောက်လာသော မတရား ခိုက်ရန် ဖြစ်မှု အားလုံးတို့သည် ပျောက်ပျက် ပါစေသတည်း၊ အလွန်မှန်မြတ်သော သင်တို့၏ ဤဓမ္မသံဂါယနာ ကိစ္စသည် အနှောင့်အရှက် မရှိဘဲ ပြီးမြောက်ပါစေသတည်း။

Message Of Good Wishes

From

Laṅkā Uttarītara Sabha (Supreme Executive Council of Ceylon)

To

The Presiding Mahāthera, the Sangītikāraka Mahātheras and the Lay Devotees of the Union of Burma.

Venerable Bhante,

Every student of history knows that there had been strong spiritual relations between your country of the Union of Burma, which may be compared to the "Granary" of South-East Asia and our country of Ceylon which is called the Dhamma-dīpa or the island of the Dhamma. The priceless treasure owned by both these countries is the Buddha-Dhamma which can put an end to all kinds of Suffering, can refute the views advanced by micchādiṭṭhis, and can bestow absolute Peace and Happiness on mankind.

It was for this reason that the wise and pious kings and courtiers of olden days of both our country and yours had preserved the Buddha-Dhamma.

We are very joyous to see that you have been able to hold such a Sangāyanā for the purpose of promoting the Sāsana, despite the calamities of the past two World Wars. In this connection we should like to inform you that the Supreme Executive Council of Ceylon, at a great expenditure, is helping you with all your requirements in connection with the preparations for the holding of the Chaṭṭha Sangāyanā.

To take active part in the preparations for the holding of the Great Council, we sent two missions to your country and we are glad to hear the arrangements made by you for the Great Council.

But we should like to say to you one more thing. It is clearly evident that the Tipiṭaka was written on palm leaves at the Fourth Great Council held by the Purified Arahants at Āloka Cave during the reign of King Vaṭṭagāmaṇi Abhaya of Ceylon. Since that time copies of the Tipiṭaka were made by different scribes and these copies are still to be found in the various vihāras in Ceylon. The Pāli wording found in these scripts should be accepted as the ones written by the Arahants of old and preserved by the Mahātheras of Mahāvihāra (who are the spiritual descendants of those Arahants). We do not mean to say that there cannot be errors and omissions due to repeatedly copying by unskilful scribes. It cannot be denied that the various editions of the Tipiṭaka now existing in countries like Burma, etc. were copied from the Ceylonese edition. In olden days, foreigners who were acquainted with Sinhalese characters copied the Pāli scripts word by word in their own vernacular. In so doing there might be some difference in spelling. The sound or word "khappa" found in the Burmese edition of the Pāli Books is an example. In Sinhalese characters it is written as "bappa", and it should be taken as correct. This word is akin to Sanskrit word "bāppa". In Pāli this kind of word is not prominent. Besides, such kinds of broken Pāli words are found in the Burmese Books. All Pāli grammarians know that some of the grammarians have written about these points in order to get correct Pāli wordings.

Bhante, we respectfully request that in such matter you would adopt the best methods in revising the Text so that the Pāli wordings will be in consonance with the word of the Buddha.

Bhante, it is not that we do not realise the difficult task of revising the Canonic Books. People except those Arahants endowed with Analytical Knowledge will be liable to make such mistakes. So, even if there be any inadvertent error or omission in your revised Text, wise men will never belittle such a gigantic work as yours.

Bhante, we are arranging to send a mission comprising many learned Bhikkhus and lay devotees to attend the Chaṭṭha Sangāyanā which will commence on the Visākhā Day. We intend to depute a large number of lay devotees to attend the Great Council, but we regret to say that many cannot attend it as they cannot get a steam-ship in time.

Bhante, in conclusion, we may be allowed to send the following good-wishes :—

May the pleasant country of the Union of Burma prosper and may it be filled with the Buddha's disciples who are learned and have faith (saddhā).

May all foreign intrusion disappear from your country.

May this Chaṭṭha Sangāyanā, which is your excellent work come to a successful end without a hitch.

သီဟိုဠ်ကျွန်း အမရပူရ နိကာယမှ သဝဏ်လွှာ

ကောင်းသော လိုလား တောင့်တချက်

မြတ်စွာဘုရားအား ရှိခိုးပါ၏။

အသရေရှိသော သက္ကသာကီဝင် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည်မှ (သာသနာသက္ကရာဇ်) ၂၄၉၇-ခု၊ ကဆုန်လပြည့်နေ့ဝယ်ကြက်သရေရှိသော မြန်မာပြည် ရန်ကုန်မြို့နှင့် မနီမဝေး ကမ္ဘာဇေ ကုန်းပြင် လောကသာမ (ကမ္ဘာဇ)စေတီဘေးတွင် ဆောက်လုပ်ထားသော ကျောက်လိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသံဂါယနာ တင်ရန် စည်းဝေးတော်မူသော ကာရကသံฆ အစည်းအဝေးသို့ ရိသေခြင်းများစွာ မြတ်နိုးခြင်း ရှေ့ရှိသည်ဖြစ်၍ ရှိခိုးကြကုန်လျက် အကျွန်ုပ်တို့သည် သစ္စာပြုခြင်း ရှေ့ရှိသော ဤလိုလား တောင့်တခြင်းကို ပြုကြပါကုန်သည်ဘုရား။

(၁) သာကီဝင် မင်းတို့ထက်မြတ်၍ လူအပေါင်းတို့ထက် မြတ်တော်မူသော ထိုမြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ ထိုင်နေတော်မူလျက် မာရ်စစ်သည် အားလုံးကို ပယ်ဖျောက်တော်မူ၍သမ္မာသမ္ဗောဓိဥာဏ်ကို ရတော်မူ၏။

(၂) ထို မှန်ကန်သော သစ္စာ စကားကြောင့် ၎် ဆဋ္ဌသံဂါယနာ ပွဲကြီးသည် ဘေးဥပါဒ်မရှိဘဲ လူအားလုံး၏ အကျိုး စီးပွါး အလို့ငှါ အလုံးစုံပြီးစီးခြင်းသို့ ရောက်ပါစေ။

(၃) ဘုရား အဖြစ်သို့ ရောက်တော်မူပြီး၍ အဋ္ဌမသတ္တာဘ (ခုနစ်ရက် ရှစ်ပတ်)၌ မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာ ဘုရားသည် ဣသိပတန မိဂဒါဠုန်တောင်၌ ဓမ္မစက္ကြာ တရားကို ဟောကြားတော်မူ၏။

(၄) ထိုမှန်ကန်သော သစ္စာ စကားကြောင့် ၎ါဆဋ္ဌ သံဂါယနာ ပွဲကြီးသည် ဘေးဥပါဒ်မရှိဘဲ လူအားလုံး၏ အကျိုးစီးပွါး အလို့ငှါ အလုံးစုံပြီးစီးခြင်းသို့ ရောက်ပါစေ။

(၅) အကြင်အခါ ကိလေသာ ချုပ်ငြိမ်းတော်မူ၏၊ အကြင်အခါ ခန္ဓာ ချုပ်ငြိမ်းတော်မူ၏၊ ၎ါ ပရိနိဗ္ဗာန် မစံမီအတွင်း ငါးမာရ်အောင်မြင် ဘုရား ရှင်သည် အနန္တ များစွာ လူသတ္တဝါတို့ကို ဓမ္မမြို့ကဲ့ဆေး တိုက်ကျွေးတော် မူခဲ့ပေ၏။

(၆) ထို မှန်ကန်သော သစ္စာစကားကြောင့် ၎ ဆဋ္ဌသံဂါယနာ ပွဲကြီးသည် ဘေးဥပါဒ်မရှိဘဲ လူအားလုံး၏ အကျိုးစီးပွါး အလို့ငှါ အလုံးစုံပြီးစီးခြင်းသို့ ရောက်ပါစေ။

(၇) လိမ္မာတော် မူကြပေကုန်သော သမုဒ္ဒရာနှင့်အတူ ဥာဏ်ပညာ ရှိတော်မူကြပေကုန်သော ဥပတိဿ (အရှင်သာရိပုတ္တရာ) အစရှိသောပုဂ္ဂိုလ်တို့သည် ထိုမြတ်စွာဘုရားကို ဆည်းကပ်၍ တပည့်အဖြစ်ကို ခံယူ လျှောက်ထား ကြပါကုန်ပြီ။

(၈) ထို မှန်ကန်သော သစ္စာ စကားကြောင့် ၎ါဆဋ္ဌသံဂါယနာ ပွဲကြီးသည် ဘေးဥပါဒ်မရှိဘဲ လူအားလုံး၏ အကျိုးစီးပွါး အလို့ငှါ အလုံးစုံ ပြီးစီးခြင်းသို့ ရောက်ပါစေ။

(၉) အဆင်းလှ၍ အခြံအရံ များခြင်းသို့ ရောက်တော် မူကြပေကုန်သော ဘုန်းတော် ကြီးတော် မူကြပေကုန်သော ပိယွလိ အစရှိသော ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရားကို ဖူးမြင်ရ၍ တပည့်သာဝက အဖြစ်သို့ ရောက်တော် မူကြပါကုန်၏။

(၁၀) ထိုမှန်ကန်သော သစ္စာစကားကြောင့် ၎ါဆဋ္ဌသံဂါယနာ ပွဲကြီးသည် ဘေးဥပါဒ်မရှိဘဲ လူအားလုံး၏ အကျိုးစီးပွါး အလို့ငှါ အလုံးစုံပြီးစီးခြင်းသို့ ရောက်ပါစေ။

(၁၁) အမတ်ကြီး တို့သည်၎င်း တန်ခိုးကြီးသော မင်းတို့သည်၎င်း များသော နတ်စစ်သည် ရှိသော သိကြားမင်း စသည် တို့သည်၎င်း ပြဟ္မာတို့သည်၎င်း ထို မြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ် ကြပါကုန်၏။

(၁၂) ထိုမှန်ကန်သော သစ္စာစကားကြောင့် ၎ါဆဋ္ဌသံဂါယနာ ပွဲကြီးသည် ဘေးဥပါဒ်မရှိဘဲ လူအားလုံး၏ အကျိုးစီးပွါး အလို့ငှါ အလုံးစုံ ပြီးစီးခြင်းသို့ ရောက်ပါစေ။

(၁၃) မြတ်သော မင်းနှင့် စဏ္ဍာလ၊ ပူဇော်သူ နှင့် ကဲ့ရဲ့သူ အလုံးစုံသော သူတို့၌ ငါးမာရ်အောင်မြင် ဘုရားရှင်သည် သနားခြင်း ကရုဏာဖြင့် အခါခပ်သိမ်း ညီမျှတော် မူပါသည်။ (မင်းဖြစ်သူ၌ ပိုခြင်း စဏ္ဍာလဖြစ်သူ၌ ယုတ်လျော့ခြင်းမရှိ)

(၁၄) ထိုမှန်ကန်သော သစ္စာ စကားကြောင့် ၎ါဆဋ္ဌသံဂါယနာ ပွဲကြီးသည် ဘေးဥပါဒ်မရှိဘဲ လူအားလုံး၏ အကျိုးစီးပွါး အလို့ငှါ အလုံးစုံ ပြီးစီးခြင်းသို့ ရောက်ပါစေ။

၎ါ(အထက်ပါ) အတိုင်း အကျွန်ုပ်တို့ လိုလားတောင့်တ ကြပါသည်။

(၁) သီဟိုဠ်ကျွန်း၌ အမရပူရ သိရီသဒ္ဓမ္မနိကာယ (ဂိုဏ်း) ၏ မဟာနာယက ဝိမလဇောတိ မဟာထေရ် ဗဠန်ဂေါဠမြို့နှင့် မနီးမဝေး ရက္ခာစလ ရှာ သိရီသုဒဿန သုဝဏ္ဏကေတု ကျောင်း၏အရှင်

(၂) အမရပူရ သိရီသဒ္ဓမ္မနိကာယ (ဂိုဏ်း) ၏ အနုနာယက ဝန်ဆောင်ဓမ္မာနန္ဒ မဟာထေရ်

(၃) အမရပူရ သိရီသဒ္ဓမ္မနိကာယ(ဂိုဏ်း)၏ ပဓာန နာဝ က ဝန်ဆောင် အာနန္ဒာ မေတ္တေယျ မဟာထေရ်

(၄) ထို ဂိုဏ်း၏ အနုဝိဇ္ဇက နာယကာ ဝန်ဆောင် ဓမ္မရတန မဟာထေရ်

(၅) ထို ဂိုဏ်း၏ အကျိုးတော်ဆောင် စာချီ သိရီနာရဒ မဟာထေရ်။

သုဒဿနသုဝဏ္ဏကေတုကျောင်း

ရက္ခာ၁စလ ရှာ

ဗဠန်ဂေါဠမြို့ သီဟိုဠ်ကျွန်း

၉- ၅- ၁၄

Message from the Amarapura Nikāya of Ceylon

(Read by Paṇḍita Saraṇapāla Thera, Sudas Ketu Monastery, Balamgoda, Ceylon)

GOOD WISHES

HONOUR TO THE OMNISCIENT BUDDHA

Most respectfully. Bhante,

We most respectfully beg to offer our sincerest good wishes, after paying our deepest respects to all the Sangītikāraka Bhikkhus who are participating in the Chaṭṭha Sangāyanā Proceedings held at the Glorious Sacred Cave near the Kabā-Aye (World Peace) Pagoda, Rangoon, on the Full moon of Kason 2498 Buddhist Era.

(1) The Universal Buddha attained Omniscience at the foot of the Bodhi Tree, after defeating all of Māra's armies.

(2) May this Chaṭṭha Sangāyanā be crowned with success for the benefit of mankind, owing to the great power of this Truth.

(3) In the eighth week after becoming the Omniscient Buddha who had also overcome the Five Principles of Destruction, He delivered His First Sermon at Isipatana, Sarnath.

(4) May this Chaṭṭha Sangāyanā be crowned with success for the benefit of mankind, owing to the great power of this Truth.

(5) At one time He attained the Full Extinction of Defilements (kilesa-nibbāna), and at another He attained the Full Extinction of the Groups of Existence (khandha-nibbāna). During His lifetime, He preached the Dhamma to millions and millions of beings.

(6) May this Chaṭṭha Sangāyanā be crowned with success, owing to the great power of this Truth.

(7) Wise people like Upatissa (later Arahant Sāriputta) and others, whose vast knowledge and understanding of the Dhamma may be compared to an ocean, had become the ardent disciples of the Omniscient Buddha.

(8) May this Chaṭṭha Sangāyanā be crowned with success for the benefit of mankind, owing to the great power of this Truth.

(9) People like Pippali and others who were endowed with great beauty and power and who had great retinues had also become the ardent disciples of the Omniscient Buddha.

(10) May this Chaṭṭha Sangāyanā be crowned with success for the benefit of mankind, owing to the great power of this Truth.

(11) Many Brahmās, the Sakka who possesses a great army of Devaṣ, many powerful kings and many courtiers had taken refuge in the Buddha.

(12) May this Chaṭṭha Sangāyanā be crowned with success for the benefit of mankind, owing to the great power of this Truth.

(13) The Omniscient Buddha—the Victor of the Five Principles of Destruction—had a great Compassion for all beings, be he a king, a man of low class, one who honoured Him, or one who blamed Him. (There was no differentiation of caste or creed).

(14) May this Chaṭṭha Sangāyanā be crowned with success for the benefit of mankind, owing to the great power of this Truth.

We hereby send our good wishes to this Chaṭṭha Sangāyanā as outlined above.

(1) Vimalajoti Mahāthera, Mahā Nāyaka of the Amarapura Sirisaddhamma Nikāya, Balamgoda.

(2) Medhānanda Mahāthera, Anu Nāyaka of the Amarapura Sirisaddhama Nikāya.

(3) Ānanda Metteyya Mahāthera, Padhāna Nāyaka of Amarapura Sirisaddhamma Nikāya.

(4) Dhamma Ratana Mahāthera, Anu-vijjaka Nāyaka of the above Nikāya.

(5) Siri Nārada Mahāthera, Honorary Secretary of the above Nikāya.

သီဟိုဠ်ကျွန်း ကလျာဏီဝံသ နိကာယမှ သဝဏ်ဘုရာ

မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ယခု ကျင်းပလျက် ရှိသော ဆဋ္ဌမမှတ်ဂါယနာကို အကြောင်းပြု၍ သီဟိုဠ်ကျွန်းကလျာဏီသိမ်ဝင်အရှင်တို့၏ အဆက်အနွယ်ဖြစ်သောရဟန်းတော်တို့၏ မဂ်လာဆုတောင်းဘုန်းတော်ရှင်ဘုရားအား ရှိခိုးပါကုန်၏။

(၁) ဗောဓိမဏ္ဍိုင်ဌ် သစ္စာလေးဆိုင်ကိုပိုင်ပိုင် သိပြီးခါစ ထိုအခါ ကာလက ဘုန်းကြက်သရေတော်ရှင် ဘုရားသခင်၏ အောင်မြင်တော်မူခြင်း၊ မာရ်နတ်၏ အကြီးအကျယ် ရှုံးခြင်းဖြစ်ခဲ့သကဲ့သို့ ယခုအခါ (မှာလည်း) မြတ်စွာဘုရား၏ အလိုတော်ဖြစ်သော သမ္မာဒိट्ठဘက်ဌ် အကြီးအကျယ် အောင်မြင်ခြင်း၊ မာရ်နတ်၏ အလိုဖြစ်သော မိစ္ဆာဒိट्ठဘက်ဌ် ရှုံးခြင်း ဖြစ်ပေရာ၏။

(၂) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင် ကျင်းပလျက်ရှိသော သံဂါယနာပွဲသဘင်သည် ကောင်းသော အမြင်၏ အစွမ်း သတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာ သာလျှင် ပြီးမြောက်ပါစေသောဝ်။

(၃) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင် ကျင်းပလျက် ရှိသော သံဂါယနာ ပွဲသဘင်သည် ကောင်းသော အကြံ၏ အစွမ်း သတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာ သာလျှင် ပြီးမြောက်ပါစေသောဝ်။

(၄) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင် ကျင်းပလျက် ရှိသော သံဂါယနာ ပွဲသဘင်သည် ကောင်းသော စကား၏ အစွမ်း သတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာ သာလျှင် ပြီးမြောက်ပါစေသောဝ်။

(၅) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင် ကျင်းပလျက် ရှိသော သံဂါယနာ ပွဲသဘင်သည် ကောင်းသော အလုပ်၏ အစွမ်း သတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာ သာလျှင် ပြီးမြောက်ပါစေသောဝ်။

(၆) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင် ကျင်းပလျက် ရှိသော သံဂါယနာ ပွဲသဘင်သည် ကောင်းသော အသက်မွေးမှု၏ အစွမ်းသတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာ သာလျှင် ပြီးမြောက်ပါစေသောဝ်။

(၇) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင် ကျင်းပလျက် ရှိသော သံဂါယနာ ပွဲသဘင်သည် ကောင်းသော လုံ့လ၏ အစွမ်းသတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာ သာလျှင် ပြီးမြောက်ပါစေသောဝ်။

(၈) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင် ကျင်းပလျက် ရှိသော သံဂါယနာ ပွဲသဘင်သည် အောက်မေ့မှု ၏ အစွမ်းသတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာ သာလျှင် ပြီးမြောက်ပါစေသောဝ်။

(၉) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင် ကျင်းပလျက် ရှိသော သံဂါယနာ ပွဲသဘင်သည် ကောင်းသောတည်ကြည်မှု၏ အစွမ်းသတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာ သာလျှင် ပြီးမြောက်ပါစေသောဝ်။

(၁၀) ဤ ဆိုခဲ့ပြီး သည် ကား သီဟိုဠ်ကျွန်း ကလျာဏီသိမ်ဝင် အရှင်တို့၏ အဆက်အနွယ်ထိုးတော်သား ရဟန်းတော်များ၏ မဂ်လာဆုတောင်းပါတည်း ဟူ၍ သီဟိုဠ်စသော ထိုထိုနိုင်ငံတော်တို့မှ ကြွရောက်တော်မူလာကြသော ဓမ္မသံဂါယနာတင် အရှင်ကောင်း အရှင်မြတ်များ သိမှတ်တော်မူပါစေသတည်း။

MESSAGE FROM THE KALYĀNĪ SIMĀ MAHĀTHERAS OF CEYLON

Honour To The Omniscient Buddha

1. Just as Māra had but to meet with an ignominious defeat, when he could not harm the Omniscient Buddha in any way, owing to the Buddha's great Mettā for him, so there will have to be a great success in the sphere of " Right Understanding "—the word of the Buddha, and a decline in the sphere of micchāditthikas.

2. May the Great Council now being held at Mahā Pāsāṇa Guhā in Burma be crowned with success as a Theravādin activity, owing to the great power of " Right Understanding".

3. May the Great Council now being held at the Mahā Pāsāṇa Guhā in Burma be crowned with success as a Theravādin activity, owing to the great power of " Right Intention ".

4. May the Great Council now being held at the Mahā Pāsāṇa Guhā in Burma be crowned with success as a Theravādin activity, owing to the great power of " Right Speech ".

5. May the Great Council now being held at the Mahā Pāsāṇa Guhā in Burma be crowned with success as a Theravādin activity, owing to the great power of " Right Bodily Action ".

6. May the Great Council now being held at the Mahā Pāsāṇa Guhā in Burma be crowned with success as a Theravādin activity, owing to the great power of " Right Livelihood ".

7. May the Great Council now being held at the Mahā Pāsāṇa Guhā in Burma be crowned with success as a Theravādin activity, owing to the great power of " Right Effort ".

8. May the Great Council now being held at the Mahā Pāsāṇa Guhā in Burma be crowned with success as a Theravādin activity, owing to the great power of" Right Mindfulness ".

9. May the Great Council now being held at the Mahā Pāsāṇa Guhā in Burma be crowned with success as a Theravādin activity, owing to the great power of " Right Concentration ".

10. The above are the earnest wishes of the Mahātheras of Kalyānī Vamsa Nikāya of Ceylon, and may it be known to all Sangīti-kāraka Mahātheras present at the Chaṭṭha Sangāyanā.

ရာမညဂိုဏ်း မဟာနာယက ဆရာတော်ထံမှ သဝဏ်လွှာ

မြတ်ကုန်သော ချစ်ခင်ဘွယ်ကို ပြုတတ်ကုန်သော သီဟိုဠ် မြန်မာ အကြင် မျက်စေ့ နှစ်မျိုးတို့ဖြင့် ချစ်နှစ်သက်ဘွယ်ကောင်းသည့် ဆဋ္ဌသံဂါယနာ မဟာခမည်းသာင်းသည် မြေအပြင်၌ တင့်တင့်တယ်တယ် ဖြစ်ပေါ်လာခဲ့၏။ သာသနာတော် တန်ခိုးကြောင့် တကမ္ဘာလုံး၏ အကျိုးငါ့ ထို သီဟိုဠ် မြန်မာတို့၏ဆွေမျိုးရင်းချာသဖွယ် ချစ်ခင်ကြင်နာသော သဘောသည် အမြဲဖြစ်ပါစေသတည်း။

ကြက်သရေ မင်္ဂလာနင့် ပြည့်စုံသော ဇမ္ဗူဒီပ်ကျွန်း မြန်မာနိုင်ငံတော်၌ အလွန် ချီးမွမ်းထိုက်သော သာသနာ့ဝန်ဆောင် မဟာထေရ်မြတ်များ (ပြုလုပ် ကျင်းပလျက် ရှိသော) ဆဋ္ဌမမှသံဂါယနာသည် လုံးဝ ပြည့်စုံ ပြီးမြောက်ပါစေသတည်း ဟု သီဟိုဠ်ကျွန်းသား ရာမညဂိုဏ်းဝင် ထေရ်ကြီးထေရ်ငယ် သီတင်းသုံးဘော်များဖြစ်ကြသော အကျွန်ုပ်တို့ အားလုံးကပင် လေးလေးမြတ်မြတ် ဆုတောင်းကြပါကုန်၏။ မဟာထေရ်ကြီးတို့ကားပြောဘွယ်ရာ မရှိချေ။

ဤသံဂါယနာသည် တခဲနက် ကြက်သရေရှိသော မြတ်စွာဘုရား သာသနာတော် ကြာရှည်တည်တံ့ရန် ဖြစ်ပေသည် ဟု ဤသံဂါယနာ ပြုလုပ်မည့် အကြောင်းအရာကို သီဟိုဠ်ကျွန်း ရဟန်းတော်တို့အား သင်တို့ အကြောင်း ကြားသော အခါမှစ၍ အကျွန်ုပ်တို့ အားလုံးပင် ရှင်လန်းဝမ်းမြောက်စွာ ဤသံဂါယနာ ကိစ္စ အကြင်းမဲ့ ပြီးမြောက်ရန်ကိုသာလျှင် တောင့်တကြပါကုန်၏။

"အာနန္ဒာ၊ သင်တို့အား ငါဘုရား ဟောကြားပညတ် ထားသော ဓမ္မဝိနယသည် ငါဘုရား ကွယ်လွန်သောအခါ သင်တို့ဆရာ ဖြစ်လတ္တံ့" ဟု မြတ်စွာဘုရား ဟောထားတော် မူသောကြောင့် ဓမ္မဝိနယ ထွန်းတောက်ပခြင်းသည်သာသနာတော်၏ အသက်ရှည်မှု ဖြစ်စေနိုင်သည်သာလျှင်တည်း၊ ထိုကြောင့်ပင် အကျွန်ုပ်တို့လည်း သဒ္ဓါထက်သန်စွာ ဖြင့် ပိ၌ကတ် ကျမ်းဂန်သုခ်သင်မှု စသော ကိစ္စတို့၌ အကျွန်ုပ်တို့၏ ထေရ်ကြီး ထေရ်ငယ် တို့ကို တိုက်တွန်းပါကုန်၏၊ နောက်အခါမှာလည်း စွမ်းနိုင်သလောက် ကူညီကြပါဦးမည်။

ယခုအခါ လူပေါင်းများစွာတို့သည် အမျိုးမျိုးဖောက်ပြန်သော အယူကို ယူလျက် တရားမှန် မဟုတ်သည်ကို တရားမှန် ဟု ပြကာ အချင်းချင်း ငြင်းခုံခြင်း ရန်ဖြစ်ခြင်း စကားများခြင်းသို့ရောက်ကုန်၍သာလျှင် နေကုန်၏။ ဤသံဂါယနာသည် ထိုဖောက်ပြန်သော အယူတို့ကို ချိုးဖဲ့ဖျက်ဆီးခြင်းငှါငင်း၊ ငြင်းခုံခြင်းတို့ကိုငြိမ်းစေခြင်းငှါငင်း၊ အညစ် အကြေး ကင်းစင်သော သာသနာတော်ကို ကြီးပွါးစေခြင်းငှါငင်း ဖြစ်ပါစေသတည်း၊ ဤသံဂါယနာသည် မြန်မာနိုင်ငံတော်၏ အကျိုး ဖြစ်ထွန်းမှုလောက်သာ မကဘဲ တကမ္ဘာလုံး၏ အကျိုးဖြစ်ထွန်းမှုကိုလည်း ပြီးစီးပါစေသတည်း၊ သံဂါယနာ၏ အဆုံး၌ မှားသော အယူ တည်းယူသော အညစ်အကြေးကို သုခ်သင်ခြင်းငှါငင်း၊ ဘုရား တရား တော်သန့်ရှင်း စင်ကြယ်စေခြင်းငှါငင်း ကထာဝတ္ထု ကျမ်းကို ရေးဆရာများ ပြုစုခဲ့ကြသကဲ့သို့ ကျမ်းဂန် (သစ်တခု)ကိုလည်း ပြုစုနိုင်ပါစေသတည်း။

အလွန်မြင့်မြတ်သော ဤသာသနာရေး ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်ကြသော အလွန် ချီးမွမ်းထိုက်သော မထေရ်တို့နှင့် သာသနာရေးကို ဝိုင်းဝန်း ဆောင်ရွက်သူ စင်ကြယ် သန့်ရှင်းမှုကို လိုလားသူ အားလုံးတို့သည် ရတနာသုံးပါး၏ တန်ခိုးအစွမ်းကြောင့် ဆင်းရဲကင်းကာ ပျော်ရွှင်နိုင်ကြပါစေသတည်း။

ဤဆိုခဲ့ပြီးသည့်အတိုင်း ကြက်သရေ ရှိသော သီဟိုဠ်ကျွန်း ရာမညတိုင်း၏ ခေါင်းဆောင် သာသနာ့ဘုံကြက်သရေဆောင် ရဟန်းသံဃာ၏ အကြီးအမှူးဖြစ်သည့် ကရတောဌရှာလျှင် ဘုံးရာဇာတိ ရှိသောသိရိဗ္ဗန္ဓာသာရမထေရ်ပြောကြားပါသည်။

ဤသန္ဓေသကထာ သဝဏ်လွှာကို သာသနာနှစ် နှစ်ထောင့်လေးရာ ကိုးဆယ့်ရှစ်ခုနှစ် ကဆုန်လ ပြည့်နေ့၌ သီဟိုဠ်ကျွန်း၏ တောင်မျက်နှာ မ်ဟာတိတ္ထပုရ၏ အနီး၌ အလဂိရိယရှာ သိရီသုနန္ဒာရာမ ကျောင်းတိုက်မှ ပေးပို့လိုက်ပါသတည်း။

MESSAGE FROM RĀMAÑÑA NIKĀYA OF CEYLON

It is the earnest wish of all the Theras belonging to Rāmaññа Nikāya of Ceylon that the Chaṭṭha Sangāyanā which is held by the joint efforts of all participants be crowned with success.

As for our part, as soon as we heard about the Chaṭṭha Sangāyanā, we did all the needful for the preparations for the holding of this Sangāyanā.

The Buddha declared : " The Dhamma and Discipline, Ānanda, which I have taught and enjoined upon you is to be your teacher when I am gone." In revising the Texts—the Vinaya, the Suttas and the Abhidhamma, so that the Buddha's Sāsana may remain for long, we have striven our best in editing the Texts entrusted to us, and we shall always be at the service of the Sāsana in future.

The world's populace is now oppressed with strife, dissatisfaction, dangers of aggression (due to lobha, dosa and moha). The holding of the Chaṭṭha Sangāyanā in Burma is to quell these flames and bring peace and prosperity to the people of the world, through the propagation of the Buddha-Dhamma.

We the Theras of Rāmaññа Nikāya of Ceylon earnestly wish that all the Mahātheras participating in the holding of this Great Council be free from all kinds of danger owing to the great power of the Triple Gem.

RAMANNA NIKAYA OF CEYLON.

On the Full moon of Visākhā, 2497 B.E.

အိန္ဒိယ နိုင်ငံတော် သမတကြီး၏ သတင်းဦးဝ

(သံ အ မ တ် ကြီး ကေ ကေ ချက် တူး က ဖတ် လျှ ာ က် သ ည်)

ကဆုန်လပြည့် ဝိသာခါပုဏ္ဏမီ နေ့မြတ်၌ ရန်ကုန်မြို့တော်ဝယ် ဖွင့်လှစ်ကျင်းပလျက်ရှိသော ဆဋ္ဌသံဂါယနာတင် ပွဲကြီးသို့ ကျွန်ုပ်၏ ရိုသေလေးစားလှသော နှုတ်ခွန်းဆက် စကားမျှားကို ပေးပို့လိုက်ရာတွင် ကျွန်ုပ်၏ စိတ်သည်ကား ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ နှစ်ပေါင်းနှစ်ထောင်ငါးရာ အတွင်း ကျင်းပခဲ့ပြီး ဖြစ်သော အလားတူ သံဂါယနာ မမှသာတင် ပွဲကြီးများဆီသို့ အလိုအလျောက် ပြန်လည် သတိရမိပေသည်၊ ထိုရာဇဝင် တွင်ခဲ့သည့် မဟာဓမ္မသာတင် ပွဲကြီးတို့ အနက် ရှေးဦးသုံးပွဲတို့ကိုကား ဗုဒ္ဓသာသနာဝင်တွင် ထင်ရှား ကျော်ကြားလျက် ရှင်တော်ဘုရား သက်တော်ထင်ရှား ရှိစဉ်က အဖန်ဖန် ဒေသစာရီ လှည့်လည်ခဲ့သဖြင့် မြေမှန့် မြေမြတ် ဟု ဆိုအပ်သော ရာဇဂြိဟ် ဝေသာလီနှင့် ပါဠလိပုတ်ပြည်တို့တွင် ဆင်ယင် ကျင်းပခဲ့လေသည်၊ ကျွန်မမှသာင်ပွဲကြီး နှစ်ခုကိုကား သီဟိုဠ်ကျွန်းနှင့် မြန်မာနိုင်ငံတော်တို့တွင် ကျင်းပခဲ့လေသည်၊ ဤနှစ်နိုင်ငံရှိလူတို့သည် ဗုဒ္ဓရှင်တော်ဘုရား၏ တရားတော်မျှားကို ယုံကြည်သက်ဝင်ပြီးလျက် မိမိတို့၏ ယဉ်ကျေးမှုနှင့် နေထိုင်မှုတို့တွင် မပျောက်မပျက်စေဘဲ ယနေ့တိုင် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြပေသည်၊ ပိဋ္ဌကတ်တော် စာမူတို့ကို အသစ်တဖန် တည်းဖြတ် သုဓေသင်၍ မြန်မာအက္ခရာဖြင့် မူတည်ထားပြီးလျှင် မြန်မာ ဘာသာသို့ ပြန်ဆိုရုံသာမက မူလ ပါဠိတော်တို့ကို ဟိန္ဒီအက္ခရာ အင်္ဂလိပ် အက္ခရာတို့သို့ ပြောင်းလဲပြီး နောက် ဟိန္ဒီဘာသာ အင်္ဂလိပ်ဘာသာ တို့သို့လည်း ပြန်ဆိုမည် ဟူသော စိတ်ကူးဉာဏ်မှာ လွန်စွာ ကြီးမြတ်လှပါပေသည်။

ဤ ဆဋ္ဌသံဂါယနာ မဟာဓမ္မသာတင် ကြီးကို ဆင်နွှဲပြီးသည်နောက် ကမ္ဘာ အရပ်ရပ်တို့သို့ ဗုဒ္ဓသာသနာ့ ရောင်ခြည်ကို ပျံ့နှံ့စေမည့် ဗဟိုဌာန ကြီးဖြစ်သော ဗုဒ္ဓတက္ကသိုလ်ကြီးကို တည်ဆောက်မည်ဟူသော အစီအစဉ်သည် ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအမ တရားတော်တို့ကို တဖန် အားသစ်လောင်းလျက် ပွင့်လန်း စေမည်သာမက ဤခေတ်တွင် မနုဿလူသားတို့၏ အကျင့်သီလ မွန်မြတ်မှုနှင့် လောကုတ္တရာရေး ရင့်သန်မှုအတွက် အလွန်တရာ "လုံ" လျက် ရှိကြောင်းကိုလည်း လေးနက်ထင်ရှားစေအံ့၊ မနုဿလူသားတို့၏ အကျင့်သီလ မွန်မြတ်မှုနှင့် လောကုတ္တရာရေး ရင့်သန်မှု အတွက်ကား လောကီပစ္စည်းအသုံးအဆောင်တို့ကို တောင်ပုံ ရာပုံ ဖန်တီးပေးနုံမျှဖြင့် ရန်စ်လိမ့်မည်မဟုတ်ဘဲ လူသား၏ ဟဒယဝတ္ထုရုပ်တွင် အကျင့်သီလနှင့် လောကုတ္တရာ အလင်းရောင် တို့ကို ထွန်းညှိပေးနိုင်မှသာလျှင် ရန်စ်ပေလိမ့်မည်၊ သို့မှသာလျှင် လူသားတို့အား သေကြေပျက်ပြုန်းခြင်း တည်းဟူသော ချောက်ထည်းသို့ တွန်းချရန် ခြိမ်းခြောက်နေသည့် စစ်ဘက်ပြိုင် တိုက်ခိုက်မှုတို့၏ အရင်းအမြစ်ဖြစ်သော လောဘ ဒေါသ မောဟ တရားတို့မှ ပေါက်ပွါး လာမည့် ပြဿနာတို့ကို ဖြေရှင်းနိုင်ပေလိမ့်မည်။

ဤဆဋ္ဌသံဂါယနာတင် မဟာဓမ္မသာတင်ကြီးသည် ဗုဒ္ဓသာသနာတော်သို့ သက်ဝင်မှု မရှိကြသေးသော နိုင်ငံတို့တွင် ဗုဒ္ဓတရားတော်၌ စိတ်ဝင်စားခြင်းကို လှုံ့ဆော် ပေးစွမ်းနိုင်ရုံသာမက ဗုဒ္ဓဓမ္မကို ကဲကောင်း ထောက်မသဖြင့် လိုက်နာကျင့်သုံးလျက် ရှိကြသော နိုင်ငံတို့၌လည်း လူသားတို့၏ သဒ္ဓါတရား သက်ဝင်ယုံကြည်မှု တိုးတက်ရင့်သန်ခိုင်မြဲစေခြင်းကိုလည်း ပေးစွမ်း နိုင်လိမ့်မည် ဟု ကျွန်ုပ်တို့ ဖျော်လင့်ပါ၏။

ဤဆဋ္ဌသံဂါယနာတင် မဟာဓမ္မသာတင်ကြီး သည် မိန်းမော တွေဝေလျက် ရှိသော လူသတ္တဝါတို့သို့ ငြိမ်းချမ်းရေးနှင့် မေတ္တာတရား စကားလက်ဆောင်တို့ကို တဖန် ဆောင်ယူ ပေးစွမ်း နိုင်ပါစေသတည်း။

MESSAGE FROM H.E. DR. RAJENDRA PRASAD, PRESIDENT OF INDIA
(Read by Mr. K. K. Chettur, Indian Ambassador to Burma)

" In sending my reverential greetings to the Chaṭṭha Sangāyanā which is being inaugurated in Rangoon on the Visākhā Purnima, my thought naturally goes back to similar Councils which have been held during nearly 2,500 years since the Parinibbāna of the Buddha. The first three of these great and historic gatherings were held respectively at Rajgreeha, Vaisali and Pataliputra, the three places famous in Buddhist history and sanctified by the repeated tread on their soils of the Great Teacher. The other two were held in Ceylon and Burma respectively, which received His teaching and have till today kept it alive in their own life and culture. It is a great idea to have the original texts revised and re-edited and brought out not only in their original form in Burmese script with Burmese translation but also the original texts with translations in the Hindi and English languages and scripts.

The programme of establishing a great Buddhist University which will serve as a centre for radiation light as a sequel to this great gathering will help not only to re-enliven and revive the teaching of the Master, but will also emphasise the great need in modern times for the spiritual and moral well-being of mankind, which can be attained not only by supplying his material needs and requirements in however abundant a measure that may be possible, but kindling in him that spiritual and moral light which alone can solve the problems born of greed, hatred and delusion which are at the root of all the conflicts that threaten to involve mankind in destruction.

Let us hope that it will succeed in not only reviving interest in Buddhism in countries where the religion of the Buddha is not followed today, but also in reinforcing and strengthening faith in the lives of those who are fortunate enough even today to follow that faith. May this great gathering once again bring the message of peace and goodwill to distracted mankind "

ဣန္ဒိယနိုင်ငံတော်သမတကြီး ရာဂျိန္ဒြာ
ပရာဆာဒ်၏ သဝဏ်လွှာကို သံအမတ်
ကြီး မစ္စတာကေကေချက်တူးက ဖတ်
လျှောက်နေပုံ

Message from His Excellency Dr. Rajendra Prasad, President of India, (Read by H.E. Mr. K. K. Chettur, Indian Ambassador to Burma).



နိုပေါ ဘုရင်မင်းမြတ်၏ သဝဏ်လွှာကို နိုပေါမှ
ဝိမလဒေဝီမင်းသမီးကြီးက ဖတ်လျှောက်နေပုံ

Miss Wimala Devi reading the Message from His Majesty The King of Nepal

နိပေါနိုင်ငံ ဘုရင်မင်းမြတ်၏ သဝဏ်လွှာ

ဗုဒ္ဓဝင် မဟာဝင် ရာဇဝင်တို့အရ ဗုဒ္ဓရှင်တော် ဘုရားသည် နိပေါလမ်းနိုင်ငံတော်တွင် ဖွားမြင်တော်မူခဲ့ကြောင်း ကျွန်ုပ်တို့သိရှိရပါတယ်၊ထိုဗုဒ္ဓရှင်တော် ဘုရားသည်၊ လူသတ္တဝါအပေါင်းအား ကယ်တင်ရန် အလို့ငှါ အတုမရှိ မွန်မြတ်လှစွာသော သနားခြင်း ကရုဏာဖြင့် ဘုရားအဖြစ်တော်ကို ရယူတော်မူခဲ့ကြောင်း၊ သူတော်စင် အပေါင်း နားလည် သိရှိပြီး ဖြစ်ပါတယ်။

ဗုဒ္ဓရှင်တော်ဘုရား မဟာပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် အဇာတသတ် မင်းမြတ် အားပေးခိုးမြောက်လျက် ဗုဒ္ဓရှင်တော်ဘုရား၏ ဓမ္မတရားတော်များကို သာသနာတော်တွင်း ထွန်းလင်းစေရန် အတွက်(Rajgreeha)ရာဇဂြိုဟ်တွင် သံဂါယနာ ပွဲတော်ကြီး ကျင်းပခဲ့ပါတယ်၊ ထိုနောက် သံဂါယနာ ပွဲတော်များကို သင့်တင့်လျောက်ပတ်သော ကာလတွင် ကာလာသောက မင်းတရား၊ ဓမ္မာသောက မင်းတရား၊ သီဟို နိုင်ငံတော်တွင် ဝဋ္ဋဂါမဏိရာဇာနှင့် ဗမာနိုင်ငံတော်တွင် ဘဝရှင် မင်းတုန်း မင်းတရားကြီးတို့ အသီးသီး ကျင်းပပူဇော်ခဲ့ပါတယ်။

ယခု ဗုဒ္ဓရှင်တော်မြတ်ဖျား၏ တရားတော်တွင် သက်ဝင် ယုံကြည်ကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီးနှင့် နိုင်ငံတော်နန်ကြီးချုပ်တို့သည် ဤဆဌသံဂါယနာပွဲတော်ကို ဦးစီးဦးကိုင်ပြု၍ ကျင်းပသည်မှာ အားရ နှစ်သက်ဖွယ် ဖြစ်လှပါသည်။

ဤသံဂါယနာ ပွဲတော်ကြီးသည် ဤကမ္ဘာလောကသို့ မသိ နားမလည် မိုက်မှောင်သော အမိုက်မှောင်ကြီးကို ဘဂဝါ ဗုဒ္ဓရှင်တော်ဘုရား၏ အလင်းရောင် ဖြစ်တော်မူသော ဗုဒ္ဓတရားတော်ဖြင့် ပယ်ဖျောက်တော်မူမည်မှာ မလွဲ ဟု ကျွန်ုပ် ယုံကြည်ကိုးစားပါသည်၊ အထူးသဖြင့် ဤအချိန် ဤကာလတွင် ဤသံဂါယနာပွဲတော်သည် ကမ္ဘာ့ငြိမ်းချမ်းရေးသို့ပို့ဆောင်တော်မူပါလိမ့်မည်၊အဘယ့်ကြောင့် ဆိုသော် ဗုဒ္ဓဘုရား၏ ဟောပြောကြားတော်မူသည့် တရားတော်သည် မြေသော မေတ္တာတရား၊ မတုန်မလှုပ် တည်ငြိမ်သော သမာဓိနှင့် ငြိမ်းချမ်းရေးများကိုသာ သတ္တဝါတို့တွင် ကိန်းအောင်းစေသောကြောင့်ပင် ဖြစ်ပါသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ ဖွားမြင်တော် မူရာ ဒေသဖြစ်သည့် နိပေါလ် နိုင်ငံတော် ကိုယ်စား ဘိက္ခု၊ အမတာနန္ဒကို ဆင့် သံဂါယနာပွဲတော်သို့ ပါဝင်ဆင်ခွဲစေရန် စေလွှတ်ရသည်တွင် နိုင်ငံတော်သူ နိုင်ငံတော်သားများက များစွာ နှစ်ထောင်းအားရ ရှိရပါသည်၊ ၎င်းပြင် နိပေါလ်နိုင်ငံတော် အစိုးရနှင့်တကွ နိုင်ငံတော်သူ နိုင်ငံတော်သားများက ဤသံဂါယနာပွဲတော်သို့ ဘိတ်ကြားသည်ကိုလည်း များစွာ ကျေးဇူး ဥပကာရ တင်ရှိပါသည်၊ ၎င်းပြင် ယခုတည်ရှိသော နှစ်ပြည်တောင် ချစ်ကြည်ရေး မဟာမိတ်သည် ပိုမို မြဲမြံဘွယ်ရာ ဖြစ်ကြောင်း ယုံကြည်မိပါသည်။

ထို့ပြင် ဤသံဂါယနာ ပွဲတော်ကြီး၊ အစအဆုံး ထမြောက် အောင်မြင် ပါ စေ ကြောင်း၊ ဆုမွန်ကောင်း တောင်းရန် အခွင့်အရေးကြီး အတွက် ကျွန်ုပ်သည် များစွာ နှစ်သက် အားရရှိလှပါသည်။

ဤသံဂါယနာ ပွဲတော်ကြီးတွင် တက်ရောက်ကြကုန်သော ရဟန်း ရှင်လူ သူတော်စင် အပေါင်းတို့အား သာသနာ (၂၅၀၀) အတွင်း၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံ (World Buddhist Conference) ကြီးသို့ တက်ရောက်ဖို့ ဖိတ်ကြားရန် ဆန္ဒရှိပါကြောင်း။

သီရိဘူဘန် ဘေရီဘိက ရန်ဖွား၊ ၀၁၈
နိပေါလ်ဘုရင်မင်းမြတ်

၁၉၅၄-ခု၊ ဧပြီလ ၂၁-ရက်နေ့

MESSAGE FROM HIS MAJESTY THE KING OF NEPAL

History tells us that Lord Buddha was born in Nepal. It is also known to everybody what he has done for the good of humanity. After the Mahāparinibbanā of Lord Buddha his true devotees, with the help of Raja Ajatasatru, performed the holy Sangāyanā at Raj-Greeha with the object of making Dhamma permanent. Since then four more Sangayanas were performed at great intervals by eminent personages like Kalashoka, Emperor Dharmashoka, Raja Wattagamini in Ceylon and Raja Mendu in Burma.

Now it is a matter of pleasure to learn that your President and Prime Minister, true devotees of Lord Buddha, have undertaken to perform the Chaṭṭha Sangāyanā in Burma. It is my firm belief that this Sangāyanā will bring on this earth the holy lights of Bhagavan Buddha to drive away the darkness of ignorance. This Sangāyanā, specially at the present time, will contribute greatly towards world peace, for among the sublime teachings of Lord Buddha, stand out prominently love, non-violence and peace.

We have great pleasure in sending Bhikkhu Amritananda to represent Nepal—the birthplace of Lord Buddha—in order to co-operate and take part in this holy and great performance. The Government and the people of Nepal are grateful to all of you for your kind invitation to Dharmodaya Sabha. I am sure this will strengthen the tie of friendship already existing between our countries. It gives me pleasure to send our good wishes for every success to the performance.

I am very happy to let all of you know on this auspicious occasion that my Government are intending to invite a World Buddhist Conference on the occasion of Buddha Sambat 2500.

TRIBHUBAN BIRA BIKRAM SHAH DEVA,
KING OF NEPAL.

April 21st 1954.

နိပေါ ဘုရင်မင်းမြတ်ပုံ

His Majesty The King of Nepal



ယိုးဒယားဘုရင်မင်းမြတ်၏ သဝဏ်လွှာ ကို
ဗိုလ်မှူးချုပ် ကဗ်ကွဠရ က ဖတ်လျှောက်နေပုံ

Message from His Majesty The King of Thailand (Read by Gen. Kharb Kunjara)

ယိုးဒယားနိုင်ငံတော် သံဃခုပ်ချုပ်ရေးဌာနမှ ကြီးနှင့် သံဃကိုယ်စားလှယ် ခေါင်းဆောင် ဆရာတော် ဗရားဒိမလမဟာ ဓိနိုကြားတော်မူသော သမ္ဗောဓနိယကထာ

တပည့်တော်တို့သည် နိုင်ငံအသီးသီး တိုင်းပြည် အမျိုးမျိုးတွင် နေထိုင်ကြရပါသော်လည်း အားလုံးပင် ဗုဒ္ဓမြတ်စွာ၏ ဩဝါဒခံ တပည့်သားများ ဖြစ်ကြပါသည်၊ ကြက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသော ဤဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင်ပွဲ ဆင်ခွဲရာ သီရိမင်္ဂလာကုန်းမြေသာတွင် အပြည်ပြည်မှ သံဃာတော် များနှင့် လူပရိသတ်များ အား တွေ့ဆုံခွင့် အခါကောင်းကြီးကို ရရှိပါသဖြင့် တပည့်တော်မှာ လွန်စွာပင် နှစ်ထောင်း အားရဝမ်းသာလှပါသည်။

ဤဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင် ပွဲတော်ကြီးသည်ကား သတ္တဝါ အပေါင်းတို့၏(အထူး အားဖြင့်) ဗုဒ္ဓဘာသာဝင်တို့၏ အလိုင့်ါ မင်္ဂလာ အခါကောင်းကြီး ဖြစ်သည့်ပြင် ကောင်းမြတ်သော ပုဗ္ဗနိမိတ်ကြီး တရပ်လည်း ဖြစ်ပါသည်၊ အမှန်ကို ဆိုရပါသော် ဗုဒ္ဓမြတ်စွာ၏ မှန်မြတ်သော သစ္စာမမှန်သည် သာလျှင် ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ စိတ်နေစိတ်ထားကို ပြောင်းလဲစေနိုင်လျက် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သုခချမ်းသာ အဖြာဖြာကို လက်ဝယ်ပိုင်ပင် ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံ အသီးသီး တို့၏ အစိုးရ များနှင့်တကွ ပြည်သူပြည်သားများ စိတ်ရောကိုယ်ပါ အားထုတ် ဆောင်ရွက်ခြင်းများ၏ လုလ္လဥဿာဟ တို့ကြောင့် တပည့်တော်တို့ သံဂီတိကာဂရက ၂၅ဝ သော သံဃာတော်များမှာ ဤဖွင့်ပွဲကြီးသို့ တက်ရောက်ခွင့် ကြုံကြိုက်ရပါသည်။ ဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင်ကြီး အောင်မြင်စွာ ဆင်ခွဲနိုင်ရန် တပည့်တော်တို့ အားလုံး လေးနက်စွာ သစ္စာခံဌာန်ပြုကြပါစို့၊ သို့မှသာလျှင် အစိုးရများနှင့် ပြည်သူပြည်သားတို့သည် အချင်းချင်း ရင်းနှီးစွာ ရှင်တော်ဘုရား၏ မွန်မြတ်သော တရားထူး တရားမှန်ကို အတိအကျ နားလည်မှု ရှိကြမည် ဖြစ်ပါသည်။

သာသနာတော်ကြီးသည် အခွန်ရှည်စွာ တည်တံ့ ခိုင်မြဲပါစေသတည်း၊ ကမ္ဘာတစ်နုန်းလုံးရှိ လူအမျိုးမျိုး အတန်းအစား အမျိုးမျိုး အယူဝါဒအမျိုးမျိုးတို့ အတွင်းဝယ် ဗုဒ္ဓသာသနာတော်ကြီး ထိန်လင်း တိုးတက် ပြန့်ပျံးပါစေသောဝ်။

သတ္တဝါ အပေါင်းတို့သည် ချမ်းသာသုခနှင့် ပြည့်စုံကြပါစေသောဝ် ဟု ပတ္ထနာ ဆုကောင်းတောင်းလိုက်ရပါသတည်း။

(ထို့နောက် သီဟိုဠ်နိုင်ငံတော် ဝိဇ္ဇောဒယ ပရိဝေဏ ကျောင်းအုပ်ကြီး ဘဒန္တပိယရတနနာယက ထေရ်က သန္ဒေသ စကား မြွက်ကြားတော်မူလေသည်။)

PHRA BIMALADHARMA, ECCLESIASTICAL MINISTER FOR SANGHA ADMINISTRATION, WAT MAHĀDHĀTU BANGKOK, THAILAND,

Sammodaṅiya Kathā (Congratulatory Message) delivered by Phra Bimaladharma, Ecclesiastical Minister for Sangha Administration of Thailand and Leader of the Buddhist Mission from Thailand, delivered on the auspicious occasion of the inauguration of the Chaṭṭha Sangāyanā in the Sacred Cave at the Sirimañgalā Hill, Rangoon, Burma, on the 17th of May, 2497 B.E.

REVEREND BRETHREN AND DEVOTED UPASAKAS AND UPASIKAS,

It is my greatest joy to note that we, disciples of the Lord Buddha, although living in different lands, have, nevertheless, the opportunity to join in forming this Great Council in order to show our deep devotion to support and strengthen the Dhamma of the Lord at this Holy Site which is indeed a most auspicious sign for all the Buddhists and indirectly for all sentient beings. Because the Teachings of the Buddha constitute the Absolute Truth and are therefore immutable and ever-lasting. By helping to support and strengthen Sacca Dhamma to spread all over the world until it has penetrated into the very hearts ôf leaders and men and has changed their minds—Only then will mankind attain lasting peace and happiness.

The fact that we 2,500 brethren have been able to join in performing such highly meritorious works on this occasion and in the future, is entirely due to the whole-hearted support of the governments and the peoples of our countries. May I, therefore, appeal to all the holy members of the Sangha as well as those who are assembled here to make a solemn vow that the Sixth Great Sangāyanā in Burma may be crowned with success, and that it may prove a driving force for all the governments and their peoples to attain the Sublime Truth, and may the Buddha Dhamma soon spread and reach the hearts of all mankind. Irrespective of class, creed or nationality.

May all beings be happy !

SIRIMANGALA HILL,
RANGOON, BURMA.

Full Moon Day of May 17, 2497 B.E.

(Next, Ven'ble B.Piyaratna Nāyaka Thera, D.Litt., Principal of Vidyodaya Parivena, Ceylon, delivered an address of veneration.)

ယိုဒယားဘုရင်မင်းမြတ်ပုံ

His Majesty King Bhumibol Adulyadej,
Upholder of the Buddhist Faith in Thailand.

ယိုးဒယားဘုရင်မင်းမြတ်၏ သဝဏ်လွှာ

ဤကဆုန်လပြည့် ဝိသာခါ ပုဏ္ဏမီနေ့၌ ကျင်းပအံ့သော ဆဋ္ဌသံဂါယနာ ပဌမ သန္နိပါတ ဖွင့်ပွဲမဂ်လာ အခမ်းအနားတွင် ဆောင်ရွက်ဖွယ်ကိစ္စများ ထမြောက် အောင်မြင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် ပြည်သူ လူထုကြီး၏ အလိုဆန္ဒအတိုင်း ဤအခါတော်တွင် ဆောင်ရွက်ကြသော လုပ်ငန်းများသည် ဗုဒ္ဓဘာသာ ကမ္ဘာလောကကြီး အတို့ ကုသိုလ်တရားများ ပွါးများ ဖံ့ဖြိုးဘွယ် အကြောင်း ဖြစ်ပါစေသတည်း ဟူ၍ ကျွန်ုပ်က ဆုတောင်းလိုက်ပါကြောင်း။

(ပုံ) ဘုမိပိုလ်
ယိုးဒယားနိုင်ငံတော် ဘုရင်မင်းမြတ်

MESSAGE FROM HIS MAJESTY THE KING OF THAILAND TO HIS EXCELLENCY THE PRESIDENT OF THE UNION OF BURMA.

On the auspicious occasion of the opening of the First Session of the Sangāyanā on this Visākhā Day I form my good wishes for the success of the work to be undertaken and pray that the deeds performed on this occasion will yield fruitful and meritorious result to the Buddhist world in fulfilment of the wish of the Government and the people of the Union of Burma.

(M. R.) BHUMIPOL R,

ကမ္ဘောဒီးယားသာသနာပိုင်၏ သဝဏ်လွှာ

ဥဏ္ဏလောမ ဝတ်(ကျောင်းတော်) ဖနောင်းပင် ကမ္ဘောဒီယံ ရာဇာ (သာသနာပိုင်ဆရာတော်ဘုရား)၏
အကျဉ်းမြစကား

မဟာထေရ် အရှင်မြတ်တို့ဘုရား။ တပည့်တော် ရှိခိုးပါ၏။

အရှင်မြတ်တို့ အကျွန်ုပ်အား အခွင့်ပေးတော်မူကြပါကုန်၊ ဤမြန်မာပြည်သို့ အတူတကွ ရောက်လာကြသော ရဟန်းတော် အရေအတွက် ဆယ်ပါးလူဒါယကာ သုံးယောက် ဒါယိကာမ ငါးယောက် ပေါင်း တဆယ့်ခွစ်ယောက်သောအကျွန်ုပ်တို့သည် ကမ္ဘောဇပြည်သားများ ဖြစ်ကြပါသည်၊ အကျွန်ုပ် (သာသနာပိုင် ဆရာတော်) သည် ကမ္ဘောဇပြည် ဗုဒ္ဓဘာသာဝင်တို့၏ အကြီးအမှူး ဖြစ်ပါသည်၊ (ကမ္ဘောဇ) ပြည်ရှင် ဘုရင် စေလွှတ်အပ်သော တဆယ့်ခုနစ်ယောက် တို့၏ ရှေ့ဆောင်လည်းဖြစ်ပါသည်၊ အကျွန်ုပ်၏ ဆောင်ရွက်ဖော် ဆောင်ရွက်ဖက်ဖြစ်သော ဓမ္မာရုမ အမည်ရသော ရဟန်းကို လည်း (ကမ္ဘောဇ)ပြည်ရှင် ဘုရင် စေလွှတ်အပ်ပါသည်၊ (ကျွန် ရဟန်းရှစ်ပါးအနက်) ခုနစ်ပါးသော ကမ္ဘောဇ ပြည်သား ရဟန်း များသည် အာဇီဝ တူမျှကာ ဆဋ္ဌသံဂါယနာကို လိုလားချင်ကြည်ညိုသော စိတ်ထား ရှိကြလျက် ဤ(မြန်မာပြည်)သို့ ရောက်လာကြပါသည်၊ ထို့အတူပင် ကမ္ဘောဇ ပြည်သား လူရှစ်ယောက်တို့ (ရောက်လာပါသည်) ခေမာစာရ အမည်ရှိသော ရဟန်းသည် လည်း ဤအတိုင်းပင် (ရောက်လာပါသည်)။

ယနေ့ ကျင်းပသော ဆဋ္ဌသံဂါယနာ ဖုင်ပွဲ၏ အထိမ်းအမှတ် အလို့ငှါ ဗုဒ္ဓသာသနာအဖွဲ့အား ကမ္ဘောဇတိုင်း၏ အမှတ်အသား ရုပ်တုဖြစ်သော သစ်သားနှစ်မျှားဖြင့် ထုလုပ်ထားသော ဘုရားဆင်းတုတော် စသော ဝတ္ထုပစ္စည်းမျှားကို အပ်နှင်းပါကုန်၏။

အကျွန်ုပ် ပြဆိုသော စကားမျှားကား ဤမျှသာ ဖြစ်ပါသည်။

ထိုနောက် ဝိရဝမ္မဝါရ အမည်ရသော ကမ္ဘောဇ ပြည်သား မထေရ်က အနည်းငယ် အကျဉ်းအားဖြင့် အင်္ဂလိပ် ဘာသာဖြင့် အကျိုးအကြောင်းကို လျှောက်ထားပါလိမ့်မည်၊ တောင်းပန်ပါ၏။ ထို မထေရ်အား ရှိသေစွာ လျှောက်ထားရန် အခွင့်ပေးတော်မူကြပါကုန်။

မေတ္တာစိတ်ဖြင့်
မဟာသုမေဓာဒီပတိ
၁၃.၅.၂၄၉၈
၁၉၅၄

Chef de I'Ordre Mahanikay
Wat Unnalom Phnom-Penh.

A BRIEF MESSAGE FROM THE SANGHARĀJĀ OF CAMBODIA

I pay my deep respects to all the Mahā-theras assembled here.

Allow me to read this short Message.

We the Cambodian Delegation comprising 10 Bhikkhus, 3 Upāsakās and 5 Upāsikās, making 18 in all are present at this gathering sent by His Majesty the King of Cambodia and I am the leader. The Ven. Dhammārāmo is also with us. The remaining 16 people—8 Bhikkhus, 3 Upāsikās and 5 Upāsakās came to this place as they are eager to work for the Chaṭṭha Sangāyanā.

In commemoration of the Opening Ceremony of the Chaṭṭha Sangāyanā today I hereby present to the Great Council a Buddha Image made from wood of Cambodia.

This in brief is my Message. The Cambodian Bhikkhu, Bhikkhu Vira-Dhammavaro will read out a fully descriptive Message in English. May I be permitted to conclude this Message with the words "*Sādhu*", "*Sādhu*".

Mettā Cittena,
SAMDACH PREAH MAHA SUMEDHADHIPATI C.N. JOTANNANO.

ကမ္ဘောဒီးယား သာသနာပိုင် ဆရာတော်ဘုရားကြီးပုံ

His Holiness Samdach Preah Mahā Sumedhādhipati C. N. Jotaññāno, Agga Mahā Paṇḍita, Sangharājā of Cambodia.

ဆဋ္ဌသံဂါယနာမဟာသင်္ဃ နိုင်ငံအသီးသီးမှ ဂဏပါမောက္ခသံဃရာဇာများ၊ ဘုရင်သမတနှင့် နိုင်ငံတော်အဓိုးရများက ပေးပို့သော ပဏ္ဏာကာရများနှင့် သန္ဒေသကထာများကို တုံ့ပြန်သော မဇ္ဈိသန္ဓာရကထာ

အရှင်မြတ်တို့

ဤအစည်းအဝေး၌ စကား အနည်းငယ် ပြောလျှောက်ရန် သံဃာတော်သည် ဘုရားတပည့်တော်အား အခွင့်ပေးရန် လျှောက်ပါသည်ဘုရား။

ဘုရားတပည့်တော်တို့၏ နိုင်ငံနှင့်သာသနာရေး နိုင်ငံရေး စီးပွါးရေး စသည်ဖြင့် ဆက်စပ် ချစ်ကြည်လျက် ရှိကြကုန်သော နိုင်ငံတို့သည် ရှိကြပါကုန်၏။ ထိုနိုင်ငံအားလုံးတို့မှ ဤအစည်းအဝေးသို့ ကြွလာတော်မူကြကုန်သော ဂဏပါမောက္ခများနှင့် သံဃရာဇာတို့ကို ရှေးဦးစွာ အရှိအသေ စိတ်အားထက်သန်စွာ နှစ်သိမ့်ဝမ်းသာ ကြိုဆိုကြပါကုန်၏။ ထို ဂဏပါမောက္ခ သံဃရာဇာတို့၏ ပဏ္ဏာကာရနှင့် သန္ဒေသကထာတို့ကို ခံယူရရှိ၍ ဝမ်းမြောက် တက်ကြွ နှစ်လိုအားရ ကျေးဇူး တင်သည်ကိုလည်း လျှောက်ကြားပါကြောင်း။

ဘုရားရှင် ကိုယ်တော်မြတ်သည် တခါတရံမှ သာ ကမ္မာလောက ဝေနေယျ သတ္တဝါတို့၏ ချမ်းသာ စီးပွါး အကျိုးငှါ ပွင့်တော်မူပါသည်၊ သုတ် ဝိနည်း အဘိဓမ္မာ ဟူသော တရားတော်ကို တနိုင်င် တမျိုးသား၏ အကျိုးငှါသာ ထိုမြတ်စွာဘုရား ဟောကြားတော်မူသည် မဟုတ်ပါ၊ စင်စစ်သော်ကား တလောကလုံး၏ ချမ်းသာ စီးပွါးများ ရန် အကျိုးငှါင၊ အလုံးစုံသောအပူမီးတို့၏ငြိမ်းခြင်း အကျိုးငှါင၊ ဟောတော်မူအပ်ပါသည်။

ဤသို့ သဘော ရှိကုန်သော စစ်ဘေး စသော အမျိုးမျိုးသော ဝိပတ္တိတို့ဖြင့် အလွန် နှိပ်စက်၍ မငြိမ်းသေးသော လောက၏ ဆောက်တည်ရာသည် ထိုမြတ်စွာဘုရား၏ ဓမ္မဝိနယမ တပါး တစုံတရာမျှ မရှိသည်မှာ ယုံမှားဘွယ်မဲ့ ဖြစ်ပါသည်။

ထိုကြောင့် ကြာမြင့်စွာမှ လာခဲ့သော အကွရာ အရေးအသား ချွတ်ယွင်းချက် စသည်၏ အစွမ်းဖြင့် ဖြစ်ကြကုန်သော အပြစ်တို့ကို ပယ်ရှားရ၍ မြတ်စွာဘုရားပါဠိ တော်ကို သုခ်သင် ထွန်းပြောင် စေခြင်းသည် တလောကလုံး၏ အစီးအပွါးကို ဖြစ်ထွန်းပါစေသည်။

ဤ ဆဋ္ဌသံဂါယနာ သာသနာ့ ကိစ္စ၌ နိုင်ငံအသီးသီးမှ သာသနာ့ကို မြတ်နိုးကုန်သော ဂဏပါမောက္ခ သံဃရာဇာ စသည်တို့နှင့် ဘုရင် သမတ အစိုးရတို့က တပည့်တော်တို့အား ပေးပြီး ပေးဆဲ ဖြစ်သောအကူအညီအထောက်အပံ့ အားလုံးတို့ကို အတိုင်းမသိ တန်ဘိုးထား၍ ရိုသေ ဝမ်းမြောက်စွာ လက်ခံပါကုန်၏။

အရှင်ဘုရားတို့နှင့် တပည့်တော်တို့သည် နိုင်ငံ လူမျိုး အနေအားဖြင့် အသီးအခြား ခေါ်ဝေါ်ပြောဆိုရသော်လည်း သာသနာရေး ကိစ္စ သာသနာ့ အဆက်အနွယ် အလိုအားဖြင့် အားလုံးသော တပည့်တော်တို့သည် တအိမ်ထည်း၌ ပေါက်ပွါးသော ညီအစ်ကို အရင်း သားချင်းများ ဖြစ်ကြပါသည်။

ထိုမြတ်စွာဘုရား၏ သာသနာ့ အမျိုးအနွယ်၌ ပါဝင်သော ဆွေမျိုးသားချင်းများ ဖြစ်ကြပါသည်။

ဤ ဆဋ္ဌသံဂါယနာသည်လည်း တပည့်တော်တို့၏ ဆွေမျိုးသားချင်းအဖြစ်ကိုသာလျှင် ခိုင်မြဲစေသည် မဟုတ်သေးပါ၊ အမှန်အားဖြင့် ဆိုလျှင် သာသနာကို ခြိုးမြှောက်ရာ၌ဌင်း၊ သာသနာကို တိုးတက်စေရာ၌ဌင်း တပည့်တော်တို့အား ကြီးမားသော ကြိုးစား အားထုတ်မှုကိုလည်း ဖြစ်ပေါ်စေပါသည်။

အရှင်ဘုရားတို့နှင့် တပည့်တော်တို့သည် ရှေးကထက် ပိုမို၍ ညီညွတ်ခြင်းနှင့် ပြည့်စုံကုန်လျက် ရေနှင့် နွားနို့ ရောသည့်အလား တသားထည်းဖြစ်ကုန်လျက် သာသနာတော် ထွန်းတောက်စေသော ကိစ္စလျှင် အမှန်အမြတ် ဖြစ်ကြပါစေကုန် ဟု တပည့်တော်တို့က ဆုတောင်း ပတ္ထနာ ပြုကြပါကုန်သတည်း။

REPLY TO MESSAGES AND ADDRESSES BY VENERABLE BHADDANTA INDHĀSABHA, AGGA MAHĀPANDITA

VENERABLE BHANTE,

May I be permitted to say a few words of reply.

There are many countries which are cordial and have diplomatic, economic and spiritual relations with our country of Burma. Firstly, we respectfully and warmly welcome those Sangharājās and Sangha Nāyakas who are attending this Great Buddhist Council. We are also in receipt of the various kinds of gifts brought to us by them, and we tender our heart-felt thanks to them for these.

A Supreme Buddha very seldom rises in the world for the benefit of all sentient beings. The Suttas, the Vinaya and the Abhidhamma taught by Him are not meant for a particular country nor one nation. In fact, He taught the Dhamma for the benefit of the whole Universe so that all beings might quell their Lobha, Dosa and Moha.

There can be no doubt about the fact that there is nothing else except the Buddha-Dhamma in which people who are threatened with aggressions and danger of war, can take refuge.

Thus in the interest of the whole world it is fit and proper to edit, re-edit and scrutinise the Text in which errors and omissions have crept inadvertently through length of time.

We hereby express our sincere thanks to those Sangharājās, Sangha Nāyakas and Heads of States for the amount of help they have been giving and are continuing to give us.

Although we may be of different nationalities, yet in the matter of the Buddha-Dhamma, we are but brothers and sisters of the same family—the Great Brotherhood of Buddhists.

This Chaṭṭha Sangāyanā does not only strengthen the bondage of Mettā existing among us, but also tends to foster our "Viriya" either in honouring the Buddha's Sāsanā or promoting it.

In conclusion we earnestly wish that we all be united more than before as milk blends well with water, and that our common and supreme objective be to promote the Buddha Sāsanā as far as practicable.

သံဃနာယက ညောင်ရမ်းဆရာတော်ဘုရားကြီး၏ သြဝါဒတော်

သက်တော်ရှည် လတ္တံကုန်သော အရှင်မြတ်တို့....

ဤမမ္မသဘင်ကြီးသို့ အရှင်မြတ်တို့ ကြွလာခြင်းသည် ကောင်းသော ကြွလာခြင်း ဖြစ်ပါသည်။

ဤမမ္မသဘင်ကြီး၌ အရှင်မြတ်တို့ကို ကြိုဆိုလက်ခံ၍ သမ္မောဒနီယ သာရဏီယကထာ မြှက်ဆိုပြောကြား ရခြင်းသည် တပည့်တော်အားလွန်ကဲသော ပီတိသောမနဿကို ဖြစ်ပေါ် ပြည့်လျှမ်းစေပါသည်။

ဤမမ္မသဘင်ကြီးသည် ကျေဘက်မျက်ရတနာကိုးမျိုးကို ရွှေကြိုး ရွှေချည်တို့ဖြင့် စီရရှိ တင်တယ်အောင် ခြယ်လှယ် သိုက်ဘံသကဲ့သို့ အင်္ဂါကိုးတန်နှင့်ပြည့်စုံသော ရှစ်သောင်း လေးထောင်မျှ ပါဝင်သည့် ဓမ္မကွန္ဒာ ရတနာတို့ကို အကူရာ ပုဒ် ဝါကျ သုနိက္ခိတ္တ ဖြစ်အောင် သုခ်သင် ပြင်ဆင်၍ သံဃာအများ စည်းလုံးလျက် စုရုံးရွတ်ဆို ကြသော သံဃာနာ မဟာဓမ္မသဘင် ဖြစ်ပါသည်။

ဤသံဂါယနာ မဟာဓမ္မသဘင်သည် ရာဇဝင်နှင့် မဟာဝင်တို့ မှတ်တမ်းများအရ ရာဇဂြိဟ်၊ ဝေသာလီ၊ ပါဋလိပုတ်၊ သီဟိဠ်နှင့် မြန်မာပြည် မန္တလေးမြို့တို့၌ ကျင်းပခဲ့သော သံဂါယနာဝင်းတန်းကို ထောက်ဆ၍ ခြောက်ကြိမ်မြောက် ဆဋ္ဌသံဂါယနာ ဖြစ်ပါသည်။

ထူးခြားချက်တရပ်မှာ လွန်ခဲ့သည့် အခါများက ကျင်းပခဲ့သော သံဂါယနာများသည် တနိုင်ငံထဲ၌ရှိသော သံဃာများသာ ပါဝင်နိုင်ခဲ့၍ ဤဆဋ္ဌသံဂါယနာမူကား ဤမြန်မာ နိုင်ငံခြည်းသာမဟုတ်ပဲ ယိုးဒယား၊ သီဟိဠ်၊ လာအို၊ ကမ္ဘောဒီးယား ဣန္ဒိယနှင့် ပါကစ္စတန် နိုင်ငံများမှ ထေရဝါဒီသံဃာတော် အားလုံး စည်းလုံးညီညွတ်စွာ ကြွရောက်ပါဝင်နိုင်ကြပါသည်။

ဤသို့ ကြွရောက်ပါဝင် သံဂါယနာတင်သဖြင့် ဤဆဋ္ဌသံဂါယနာ၌ ရွတ်ဆို အတည်ပြုသော ပိဋကတ်သည် ထေရဝါဒ ကမ္ဘာ့ ပိဋကတ်ပင် ဖြစ်ပါသည်။

ဤဆဋ္ဌသံဂါယနာ ဓမ္မသဘင်ကြီးကို တရာကျော်မျှ ပါဝင်သော ပြည်တွင်း ပြည်ပ ဆဋ္ဌသံဂါယနာသြဝါဒါစရိယ သံဃနာယက အမ္ဘွန့်နှင့်နစ်ကျိပ် ငါးပါးမျှ ပါဝင်သော ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအမ္ဘွဲကြီးတို့က ဦးစီး ခေါင်းဆောင်သော နစ်ထောင့်ငါးရာ အတိုင်းအရှည်ရှိသည့် ထေရဝါဒီသံဃာတော်တို့က ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ ကိုယ်စား နိုင်ငံတော် ဗုဒ္ဓသာသနာအမွေကြီး၏ ပစ္စယာနဂ္ဂဟကို အမှီပြု၍ ဆင်ယင် ကျင်းပအပ်ပါသည်။

ဤဆဋ္ဌသံဂါယနာ ဓမ္မသဘင်ကြီး၌ ကြွရောက်သံဂါယနာ တင်ကြကုန်သော အနုထေရ မဏ္ဍိမထေရ် မဟာထေရ်တို့သည် အရှင်မဟာကဿပ စသော ရဟန္တာ မထေရ်တို့မှ ဆင်းသက် ဆက်နွယ်လာသည့် အားလျော်စွာ မြတ်စွာဘုရား ထံသို့ အဇာတသတ်မင်း ချဉ်းကပ်သောအခါ တထောင့်နှစ်ရာ ငါးဆယ်မျှသော ရဟန္တာ မထေရ်တို့သည် ခြေဆတ်သံလည်းမရှိ၊ ချောင်းဆိုးသံလည်း မရှိ၊ အခြား အသံတစုံတရာမျှ ထွက်ပေါ်ခြင်း လည်း မရှိဘဲ အထူးသဖြင့် ကြည်လင်သော ရေအိုင်ကဲ့သို့ တိတ်ဆိတ် ငြိမ်သက် နေတော်မူကြသည်ကိုတွေ့မြင်ရသဖြင့် ငါ၏သား ဥယဘဒ္ဒ မင်းသားသည် ရဟန်းအပေါင်း၏ ငြိမ်သက်ခြင်း မျိုးနှင့် ပြည့်စုံပါစေသတည်းဟု ဥဒါန်း ကြူးရင့် ခဲ့ဘူးပါသည်။

ပြည်တွင်းပြည်ပမှ ရောက်လာ ကြကုန်သော ဥပါသကာ ဥပါသိကာ ပရိသတ် တို့သည်လည်း ဤဆဋ္ဌသံဂါယနာဝင် ရဟန်း အပေါင်းကို ဖူးမြော်ပူဇော်ကြရသည့် အခါ ဆိုခဲ့သည့်နည်းဖြင့် အဇာတသတ်မင်း ဥဒါန်းကြူးရင့်သကဲ့သို့ ဥဒါန်းကြူးရင့်ကာ ပီတိသောမနဿ ဖြစ်ကြရလိမ့်မည်ဟု ယုံကြည် တောင့်တပါသည်။

ဤဆဋ္ဌသံဂါယနာကို ဆင်ယင် ကျင်းပနိုင်ခြင်းသည် လူသား စင်စစ် အဖြစ် (မနုဿတ္တဘာဝ) ကိုရခြင်း၊ သစ္စာတရားကို ယုံကြည်မှုနှင့် ပြည့်စုံခြင်း (သဒ္ဓါသမ္ပတ္တိ) ကိုရခြင်း၊ လူ့ဘောင်မှ ရှောင်ခွါ၍ ရဟန်းအဖြစ် (ပဗ္ဗဇိတဘာဝ) ကိုရခြင်း၊ ရှင်တော်ဘုရား၏ တရားတော်ကို ကြားနာရခြင်း (သဒ္ဓမ္မသဝန)ကို ရခြင်းနှင့် ရှင်တော်ဘုရား၏ သာသနာတော် ထွန်းလင်းဆဲ (ဗုဒ္ဓါပ္ပါဒနဝမ) ခေတ်ကိုရရှိခြင်း၊ ဤသို့အားဖြင့် ဒုလ္လဘ ငါးမျိုးကို ရရှိသော အတိတ် ကာမာဝစရ မဟာကုသိုလ်ကံကြောင့် ဖြစ်ပါသည်။

ဤဒုလ္လဘ ငါးမျိုးအပြင် ယခုပစ္စုပ္ပန် အခြေအနေအရဆိုသော် မိမိတို့ နိုင်ငံကို မိမိတို့ ကိုယ်တိုင် လွတ်လပ်စွာ အုပ်စိုးရခြင်းနှင့် ကမ္ဘာ၏ ငြိမ်းချမ်းမှုတို့သည်လည်း ဤ ဆဋ္ဌသံဂါယနာ၏ အထောက်အပံ့များ ဖြစ်ကြပါသည်။

သို့ဖြစ်သောကြောင့် နိုင်ငံအသီးသီး၏ လွတ်လပ်ခြင်းနှင့် ကမ္ဘာ၏ ငြိမ်းချမ်းခြင်းကိုသာမက သံသရာ ဆင်းရဲအပေါင်းမှ လွတ်မြောက်၍လောဘဒေါသ စသော မီးအပေါင်းတို့၏ စိချုပ် ငြိမ်းချမ်းရာ နိဗ္ဗာန်သို့ပင် ပို့ဆောင်နိုင်သော ရှင်တော်မြတ်ဘုရား၏ သာသနာတော် အရှည်တည်တန့်ပ္ပုန့်. စည်ကား ကြီးပွါး ထွန်းတောက်ရန် အကြောင်းတပည့်တော်တို့ စုပေါင်းညီညွတ်စွာ အားထုတ်ကြပါကုန်စို့ အရှင်မြတ်တို့။

ဘဒန္တရေဝတ
အဘိဓေမဟာရဋ္ဌဂုရု
ညောင်ရမ်း ဆရာတော်
ဆဋ္ဌသံဂါယနာ သံဃနာယက

ဤတွင် နေ့ ၂နာရီခွဲမှ ၃နာရီ အထိ ခေတ္တရပ်နားကြောင်းကို ဘဒန္တနာဂပ်သ (ဗားကရာတောရ) ဆရာတော်က ပါဠိ မြန်မာ နှစ်ဘာသာတို့ဖြင့် လျှောက်ထား ကြေငြာတော်မူလေသည်။

THE PRESIDENTIAL ADDRESS DELIVERED BY ABHI DHAJA MAHĀ RAṬṬHA GURU NYAUNGYAN SAYADAW, PRESIDING MAHĀTHERA OF THE CHAṬṬHA SANGĀYANĀ AT THE OPENING CEREMONY

BHANTE,

May happiness be with you all!

It is a very great pleasure to have an opportunity to welcome you and to deliver the Presidential address on this auspicious occasion—the Opening Ceremony of the Chaṭṭha Sangāyanā.

This Great Buddhist Council is the one where you are to recite collectively the Pāli Texts which comprise 84,000 Units of Dhamma or 9 Predominant Ingredients, which have been arranged as if the nine precious stones have been strung together, and which have been re-edited and scrutinised.

In the history of Buddhism in the World this Great Council is the Sixth of its kind, the First to the Fifth Great Councils being held at Rājagaha, Vesāli, Pāṭaliputta, Ceylon and Mandalay in Burma.

Thus the Tipiṭaka you are to recite at this Sangāyanā is, in fact, the International Theravādin Tipiṭaka.

This Chaṭṭha Sangāyanā is being held by 2,500 Sangītikāraka Bhikkhus led by the Chaṭṭha Sangāyanā Ovād'ācariya Sangha Nāyaka Council formed from among the Mahātheras of all Theravādin countries who have elected 25 Bhāranitthāraka Mahātheras all of whom are being supported with the four requisites by the Union Buddha Sāsana Council on behalf of the Government of the Union of Burma.

Once the Supreme Buddha was residing with 1,250 monks at a certain monastery. At that time King Ajātasattu approached Him to pay his deep respects to Him. He did not hear either a sound of footfall, a sound of coughing of any other kind of sound, and the whole place was dead silent. Then the king thought to himself, "What a lovely thing it would be if my son Udayabadda be as tranquil as this". Bhante, all of you who assemble here today, being the spiritual successors of Arahant Mahā Kassapa and other Arahants of that time, should follow this practice of quietude.

I firmly believe that you Upasakās and Upāsikas from both Burma and abroad in paying your deep respects to the Sangītikāraka Mahātheras, will remember the exclamation of King Ajātasattu and rejoice more at the proceedings of the Chaṭṭha Sangāyanā.

The reason why we can ably hold this Great Buddhist Council is due to our obtaining the five dullabhas (Rare Opportunities) owing to the accumulated *kusala* of our past existences. They are:—

(1) Manusatta bhāva (To have become a man);
(2) Saddhāsampatti (To have faith in the Truth);
(3) Pabbajjita-bhāva (To attain monkhood);
(4) Saddhamma-savana (To hear the Buddha-Dhamma); and
(5) Buddhuppādanavama (To encounter the Buddha's Sāsana).

According to the present circumstances I may say that Burma's Independence and the favourable world situation help much to the holding of this Sangāyanā.

Bhante, let us now, in a body, recite the Buddha-Dhamma which can not only bestow peace and liberty upon peoples of the world, but can also lead them to Nibbāna by their dispelling lobha (Greed), dosa (Hatred) and moha (Delusion).

BHADDANTA REVATA,
ABHI DHAJA MAHA RATTHA GURU
NYAUNG-YAN SAYADAW,
Presiding Mahāthera of the Chaṭṭha Sangāyanā.

ညနေပိုင်း အခမ်းအနား

ညနေ ၃-နာရီခွဲ၌ အခမ်းအနား ပြန်လည် ဖွင့်လှစ်ကြောင်း ကြေးစည် ၁၀-ချက်ဖြင့် အချက်ပေးကာ (ဗားကရာတောရ ဆရာတော်) ဘဒန္တနာဂ ဝံသ က (ပါဠိ မြန်မာ နှစ်ဘာသာဖြင့်) လျှောက်ထား ကြေငြာတော်မူလေသည်။ သံဃနာယက (ညောင်ရမ်းဆရာတော်)က အဂ္ဂမဟာ ပဏ္ဍိတ ဘဒန္တ ဇဝန (ပခုက္ကူ။ဆရာတော်ကြီး)နှင့် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒန္တ ဝိစိတ္တသာရအား ဝိနယပိဋကက ပဌမပါရာဇိကဆိုင်ရာ ပုစ္ဆကနှင့် ဝိဿဇ္ဇက အဖြစ်ဖြင့် အသီးအသီး ဆောင်ရွက်နိုင်ရန် အလိုငါ (ပါဠိဘာသာဖြင့်) သမ္မုတိ ပေးတော် မူပြီးလျှင် ပုစ္ဆကနှင့် ဝိဿဇ္ဇကတို့က မိမိတို့ သက်ဆိုင် ရာ နေရာသို့ ကြွတော် မူကြ လေ သည်၊ ထို့နောက် ပုစ္ဆက,က ပုစ္ဆန ၃ တ်ထားလျက် ဝိနယပိဋက ပါဠိ ပါရာဇိကကို (ပါဠိမြန်မာ နှစ်ဘာသာဖြင့်) မေးတော်မူလေရာ၊ ဝိသဇ္ဇက,က ဝိဿဇ္ဇနာ တ်ထားလျက် (ပါဠိ မြန်မာ နှစ်ဘာသာဖြင့်) ဖြေတော်မူလေသည်။ အပြီးတွင် သံဃာ အားလုံးက သာဓု သုံးကြိမ် ခေါ်တော်မူကြ၍ ခရုသင်းမှုတ် ကြေးစည်တီးလေသည်၊ ထို့နောက် ပါရာဇိက ပါဠိ ဝေရဉ္ဇ ကဏ္ဍကို "တေနသမယေန" မှစ၍ ၂-နံပါတ်အဆုံး တိုင် အောင် သံဂီတိ ကာ ရ က သံဃာ တော် ၂၅၀-တို့က ပေါင်းစု ရွတ်ဆိုကာ သံဂါယနာ တင်တော်မူကြလေသည်။ (အပြီးတွင် ပရိသတ်အား လုံးက သာဓု သုံးကြိမ်ခေါ်၍ ခရုသင်းမှုတ် ကြေးစည်တီး လေသည်) ထို့နောက် ပဌမနေ့ အခမ်းအနား ရွတ်သိမ်း ကြောင်းကို ဘဒန္တနာဂဝံသ (ဗားကရာတောရ ဆရာတော်) က (ပါဠိ မြန်မာ နှစ်ဘာသာဖြင့်) လျှောက်ထားကြေငြာ၍ (ကြေးစည် ဆယ်ချက်ဖြင့် အချက်ပေးလေသည်)။

Evening Session

At 3-30 p.m., Ven'ble Bhaddanta Nāgavamsa announced both in Pāli and Burmese the commencement of the Proceedings of the Evening Session. This was followed by ten strokes of gongs. The Sanghanāyaka then proposed to the Sangha Council the names of the Ven. Agga Mahāpaṇḍita Bhaddanta Javana (Pakokku Sayadaw) and the Ven. Tipiṭakadhara Dhamma-bhaṇḍāgārika Bhaddanta Vicittarasāra to serve as Pucchaka (Questioner) and the Visajjaka (Replier) respectively, with regard to the first Pārājika of the Vinaya Piṭaka. The Pucchaka and the Visajjaka assumed their seats on the special dais.

The questioning and the answering on the first Pārājika was then made by the Pucchaka and the Visajjaka respectively. At the conclusion of this, the Sangīti-kāraka Bhikkhus acclaimed "Sādhu", "Sādhu". This was followed by the blowing of conchs and striking of gongs.

After that the entire Sangha Council recited the Pārājika Veraṅjakaṇḍa, beginning with *Tena samayena* and ending with the second paragraph. At the conclusion of this recitation by the Sangīti-kāraka Bhikkhus, the Proceedings for the first day of the Inauguration Ceremony of the Sixth Buddhist Council were brought to a close, when the Ven. Bhaddanta Nāgavamsa announced both in Pāli and Burmese that the day's proceedings had come to an end, followed by a signal of ten strokes of gongs.

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ဩောက်ထားချက်

(စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ဓမ္မေဟောန္တု သဂါရဝါ)

သဒ္ဓမ္မော၊ ပရိယတ္တိသဒ္ဓမ္မ ပဋ္ဌိပတ္တိသဒ္ဓမ္မ ပဋိဝေဓ သဒ္ဓမ္မ အားဖြင့် သဒ္ဓမ္မ သုံးပါး၊ သူတော်ကောင်းတရား တည်းဟူသော သာသနာတော်ကြီးသည်။ စိရံ၊ ကြာမြင့်ရှိ၁။ တိဋ္ဌတု၊ တည်မြဲပါစေသတည်း။ ဓမ္မော၊ သဒ္ဓမ္မ သုံးပါး သူတော်ကောင်း တရားတည်း ဟူသော သာသနာတော် ကြီး၌။ သဂါရဝါ၊ ရိုသေလေးစားခြင်း ရှိကြကုန်သည်။ ဟောန္တု၊ဖြစ်ကြပါစေကုန်သတည်း။

ရိုသေ လေးမြတ်စွာ ခြေတော်ဦးခိုက်လျှောက်ထားဝံ့ပါသည်။ သီလဝန္တ၊ သိက္ခာကာမ၊ ပရိယတ္တိ ဝိသာရဒ၊ ပဋ္ဌိပတ္တိမာမက၊ အရှင် မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင် အာနန္ဒာ၊ အရှင်အနုရုဒ္ဓါ၊ အရိယာနွယ်ဝင်၊ ဆဋ္ဌသံဂါယနာတင် အရှင်မြတ်တို့ ဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းဝယ် ခရိုင် မြို့ရွာ ဒေသ အသီးသီးတို့မှ သာသနာတော်ကြီးကို ခြီးမြှောက်ရန်၊ ဤဆဋ္ဌသံဂါယနာ မဟာဓမ္မ သဘင်ကြီးသို့ ကြွရောက်တော် မူကြသော ဆရာတော် သံဃာတော်များ၊ သာသနာဒါယကာ ဖြစ်သော ပုဂ္ဂိုလ်ကြီးများ၊ ကမ္ဘာပေါ်ရှိ ထေရဝါဒ နိုင်ငံစသော နိုင်ငံအသီးသီးမှ ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်များနှင့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကို အားပေး ကူညီရန် ကြွရောက်တော် မူကြသော အထူး ဧည့်သည်တော်များအား ဖူးမြင် တွေ့ဆုံကာ ရိုသေလေးစား လျှောက်ထား ရခြင်းနှင့် မေတ္တာရေချမ်း ဆွတ်ဖျန်းကာ နှုတ်ခွန်း ဆက်ရခြင်းမှာ သာသနာတော်နှစ်ပေါင်း (၂၅၀၀) တိုင် ရောက်မှ ကုသိုလ်ထူးထောက်မသည့်အတွက်၊ တွေ့ကြရ၊ ကြုံကြရသဖြင့် အဘိုးမဖြတ်နိုင် တသက်လုံး မမေ့နိုင်သော ကြက်သရေ မင်္ဂလာကြီး ဖြစ်ပါသည်ဘုရား။

ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီး ငါးပါး။ စရိယ သုံးပါးတို့ကို၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ပတ်လုံး ဖြည့် ကျင့် ဆည်းပူးတော်မူမှ ရရှိအပ်သော သမ္ဗညုတ ဉာဏ်တော်ရှင် ဘုရားသခင် ကိုယ်တော် မြတ်ကြီးသည် တည်ထောင် ဘန်ဆင်း ဟောကြား ဆုံးမတော် မူအပ်သော သဒ္ဓမ္မသုံးပါး သူတော်ကောင်း တရားတည်းဟူသော သာသနာတော်ကြီး ကား---

(၁) ပရိယတ္တိသာသနာ

(၂) ပဋ္ဌိပတ္တိသာသနာ

(၃) ပဋိဝေဓသာသနာ ဟု သုံးပါးရှိပါသည် ဘုရား။

ထိုသာသနာ သုံးပါး ရှိသည်တွင် ပရိယတ္တိ သာသနာ ဟူသည်မှာ သင်အံ လေ့ကျက် ဆောင် အပ်သော ဒေသနာ၊ ယခု သံဂါယနာ တင်တော်မူ ကြသော နိကာယ် ငါးရပ်၊ ပိဋကတ်တော်များဖြစ် ပါသည်ဘုရား။

ပဋ္ဌိပတ္တိ သာသနာ ဟူသည်မှာ သရဏဂုံနှင့် တကွ ငါးပါးသီလမှစ၍ အရဟတ္တဖိုလ် ဆိုက်ထိ အောင် ကျင့်ကြံအားထုတ်ရသောကျင့်ဝတ်ပဋ္ဌိယတ် များ ဖြစ်ပါသည်ဘုရား။

ပဋိဝေဓ သာသနာ ဟူသည်မှာ ကျင့်ကြံအားထုတ်၍ သိမြင်အပ်သော သုံးဆောင် ခံစားအပ်သော မင်္ဂဖိုလ် နိဗ္ဗာန်တို့ ဖြစ်ပါသည်ဘုရား။

ပရိယတ္တိ သာသနာမှာ ပဋ္ဌိပတ္တိသာသနာနှင့် ပဋိဝေဓ သာသနာတို့၏ အရင်း မူလဘူတ အခြေခံ ပမာန ဖြစ်ပါသည် ဘုရား။

ဥပမာအားဖြင့် ပရိယတ္တိ သာသနာမှာ ကျင့်ကြံ အားထုတ်ပုံ နည်းလမ်းများကို ညွှန်ပြသဖြင့် ကမ္မည်း သိုက်စာနှင့် တူပါသည်၊ ပဋ္ဌိပတ္တိသာသနာမှာ ပရိယတ်က ညွှန်ပြသည့်အတိုင်း ကျင့်ကြံ အားထုတ်ရသဖြင့် တူးဖော်ခြင်း လှုံလ ဝိရိယနှင့် တူပါသည်၊ ပဋိဝေဓ သာသနာမှာ သုံးဆောင် ခံစား ရသဖြင့် ရွှေအိုးကြီးနှင့် တူပါသည် ဘုရား။

ဥပမာ ဥပမေယျ စပ်ဟပ်၍ ကြည်ပါလျှင် ကမ္မည်းသိုက်စာ မရှိလျှင် မတူးဖော်နိုင်ပါ၊ မတူးဖော်နိုင်လျှင် ရွှေအိုးကြီးကို မရနိုင်ပါ၊ ထိုအတူ ကျင့်ကြံ အားထုတ်ပုံ နည်းလမ်းကို ညွှန်ပြသော ပရိယတ္တိ သာသနာမရှိလျှင် တူးဖော်ခြင်း လှုံလ ဝိရိယ တည်းဟူသော ပဋ္ဌိပတ္တိ သာသနာ မရှိနိုင်ပါ၊ တူးဖော်ခြင်း လှုံလ ဝိရိယ တည်းဟူသော ပဋ္ဌိပတ္တိ သာသနာ မရှိလျှင် သုံးဆောင်ခံစားနေရသော ပဋိဝေဓ သာသနာ မရှိနိုင်ပါ၊ သို့အတူက် ပရိယတ္တိ သာသနာမှာ အရင်းမူလ ဘူတအခြေခံ ပမာန ဖြစ်ပါသည်ဘုရား၊ ပရိယတ္တိသာသနာ ကွယ်ပျောက်လျှင် ပဋ္ဌိပတ္တိ သာသနာနှင့် ပဋိဝေဓ သာသနာတို့ ကွယ်ပျောက်လျက် လော့ကတ္တရာ အလင်းရောင်ကို မရကြတော့ဘဲ (အန္ဓိဘူတောအယံ လောကော) ဆိုသည့်အတိုင်း တကမ္ဘာလုံး တလောကလုံး တမိုက်ထဲမိုက်လျက် အမိုက်တိုက်ကြီး ဖြစ်နေမည်မှာ ယုံမှားဘွယ် မရှိပါဘုရား။

ထိုအလင်းရောင်ကို ပေးစွမ်းနိုင်သော နိကာယ် ငါးရပ်ပိဋကတ်တော်တို့ကိုမြတ်စွာဘုရားလက်ထက်တော် အခါ၌ အရှင်မဟာကဿပ အရှင်ဥပါလိ အရှင်အာနန္ဒာ အရှင်အနုရုဒ္ဓါ စသော ဝတ်ကိုယ်ရှင်ကြီးတို့ ရဟန္တာ ကြီးတို့သည် ပန်းတိုကို ကစင်ကလျား လှုင်ပါး ပျောက်ပျက်ခြင်း မရှိရအောင် ပန်းသီတံဖြင့် သီကုံး ပေါင်းစုထား သည်အလား ဤဒေသနာတော်စုကား ဓမ္မဖြစ်သည်၊ ဤဒေသနာတော်စုကား ဝိနယဖြစ်သည်၊ ဤဒေသနာတော်စုကား ပဌမ ဗုဒ္ဓဝစန ဖြစ်သည်၊ ဒုတိယ ဗုဒ္ဓဝစန ဖြစ်သည်၊ တတိယ ဗုဒ္ဓဝစန ဖြစ်သည်၊ ဤဒေသနာတော်စုကား ဝိနည်း ပိဋကတ် ဖြစ်သည်၊ သုတ္တန် ပိဋကတ် ဖြစ်သည်၊ အဘိဓမ္မာ ပိဋကတ် ဖြစ်သည်၊ ဤဒေသနာတော်စုကား ဒီဃနိကာယ်ဖြစ်သည်၊ မဇ္ဈိမနိကာယ် ဖြစ်သည်၊ သံယုတ္တ နိကာယ် ဖြစ်သည်၊ အင်္ဂုတ္တရ နိကာယ်



နိုင်ငံတော် ဝန်ကြီးချုပ်ဦးနု က အရှင်ရှည်စွာ သာသနာတော် တည်စေခြင်းငှါ ဆရာ, ဒါယကာ, သာသနာတော် ပြုစုရေးကို လျှောက်ထားနေပုံ

The Hon'ble U Nu, Prime Minister of the Union of Burma, delivering an address of veneration with regard to the propagation and the maintenance of Buddha Sāsana

ဖြစ်သည်။ ခဒ္ဒက နိကာယ် ဖြစ်သည် စသည်ဖြင့် အသီးသီး ပိုင်းခြား သိကုံး ပေါင်းစု၍ သံဂါယနာ တင်တော် မူကြပါသည်ဘုရား။

ဒုတိယ သံဂါယနာ တတိယသံဂါယနာ စတုတ္ထ သံဂါယနာ ပဉ္စမ သံဂါယနာတို့ကိုလည်း အရှင် မဟာ ကဿပ ရဟန္တာကြီးတို့ ပဌမ သံဂါယနာ တင်ခဲ့သည့် အတိုင်း အရှင်မဟာယသ အရှင် မဟာမေဂ္ဂလိပုတ္တတိသ အရှင်မဟာဓမ္မရက္ခိတ အရှင်ဥယျဓမ္မ အရှင်စာဂရ စသော ရဟန္တာကြီး တို့နှင့် ထိုရဟန္တာကြီးတို့ အနွယ်အဆက် ဖြစ်သော ဆရာတော် သံဃာတော် မထေရ်ကြီးတို့သည်လည်း အသီးသီး သံဂါယနာ တင်ခဲ့ကြပါသည်ဘုရား။

သံဂါယနာတင်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အလဇ္ဇီ ဒုဿီလ မိစ္ဆာဝါဒ သာသနာတော်၏ အညစ်အကြေးတို့ကို ဆေးကြော သုစင်ရန်နှင့် မြတ်စွာဘုရား ဟောကြားတော် မူခဲ့သော ပိဋကတော်တို့ကို ပုခဲ်ပင့် အကျွေး ချတ်ယူင်းခြင်းမရှိ တိကျမှန်ကန်၍ သာသနာ ငါးထောင် တည်တံ့ခိုင်မြဲနိုင်ရန် ဖြစ်ပါသည်ဘုရား။ သို့အတွက် သာသနာတော် နစ်ပေါင်း (၂၅၀၀) အတွင်းဝယ် သံဂါယနာ ၁ငါးကြိမ်တင်ခဲ့ခြင်းမှာ သာသနာတော်ကြီး၏ အညစ်အကြေးတို့ကို ငါးကြိမ် ဆေးကြော သုစင်ခြင်းပင် ဖြစ်ပါသည် ဘုရား။

ထို့ပြင် သာသနာနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် သာသနာ၀င်ကို အနည်းယေ် လျှောက်ထားလိုပါသည်၊ မြန်မာနိုင်ငံတော်မှာ ယခု အခါမှ သာသနာတော်ကြီးထွန်းကားလာခဲ့သည်မဟုတ်ပါ မြတ်စွာဘုရား လက်ထက်တော် အခါကပင် ထွန်းကား လာခဲ့ပါသည်ဘုရား။

မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်ဗုဒ္ဓဟူး နေ့တွင် ဘုရားအဖြစ်သို့ ရောက်တော် မူပြီးနေ့ကာ ဗောဓိပင် အနီး၌ ခုနှစ် သတ္တာဟ လေးဆယ့်ကိုး ရက် သိတင်းသုံးတော် မူပြီးလျှင် ရှစ်သတ္တာဟ မြောက် လင်းလွန်းပင် ရင်း၌ သီတင်းသုံးတော်မူ ခိုက် မြန်မာနိုင်ငံတော် အောက်ပိုင်း ရာမည ဥက္ကလာပ ဇနပုဒ်(အသိတဉ္ဇနမြို့)မှ လှည်းငါးရာ ဖြင့် လာကြသော တဗုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့သည် လွန်ခဲ့ရှေ့၁ ငါးဘဝက အမိဖြစ်ခဲ့ဘူးသော နတ်သမီး၏ ညွှန်ကြားချက်အရ လောက သုံးပါး၌ ဘုရား ပွင့်တော်မူကြောင်း သိရသဖြင့် ဆည်းကပ် ခစားကာ ပျားမုံ့ဆုပ်နှင့် မုံကြွက်ကျစ်တို့ကိုလျှ၊ဒါန်းပြီးလျှင်ဘုရား-တရား-သံဃာ ရတနာသုံးပါးတို့ အနက် သံဃာ မရှိသေးပါ၊ ဘုရားနှင့် တရားသာ ရှိသဖြင့် (ဒေ၀ါစိကသရဏဂုံ) ဆောက်တည်၍ မိမိတို့ အမြဲကိုးကွယ် ဆည်းကပ်ရာကို ပေးသနားတော်မူရန် တောင်းပန်သောအခါ ဆံတော်ရှစ်ဆူကို ပေးသနားတော် မူသဖြင့် မိမိတို့ နေရာ ဥက္ကလာပ ဇနပုဒ် (အသိတဉ္ဇနမြို့) သို့ ၀ါခေါင် လဆန်း ငါးရက်နေ့ ရောက်၍ ထိုဆံတော် ရှစ်ဆူတို့ကို ၎ဘုနာပြီးလျှင် စေတီ တည်ထား ကိုးကွယ်ကြပါသည်၊ ထိုစေတီကား ယခု ဖူးမျော် ကိုးကွယ်နေကြသော ရွှေတိဂုံ စေတီတော်ကြီးပင် ဖြစ်ပါသည်။ သို့အတွက် ဘုရားဖြစ်၍ သုံးလနှင့် (၅)ရက် ရှိသောအခါ ရှေးဦးစွာသာသနာတော်ကြီး မြန်မာနိုင်င် သို့ ဆင်းသက်ရောက်လာခဲ့ပါသည်ဘုရား ။

မြတ်စွာဘုရား ရှစ်၀ါမြောက်တွင် တပည့်သားတော် တတိယ သာ၀က ဂ၀ံပတိရဟန္တာအရှင်မြတ်တောင်းပန် လျှောက်ထားချက်အရ နောက်ပါ ရဟန္တာ (နှစ်သောင်း) ခြံရံကာ ရာမဝတ္ထုတိုင်းသထုံ ပြည်သို့ကြွလာတော်မူ၍ ရတနာမဏ္ဍပ်တွင် သီတင်းသုံးတော်မူလျက် သီဟရာဇာ မင်းကြီးနှင့် တကွ တိုင်းသူ ပြည်သားတို့အား တရားရေအေးအမြိုက် ဆေးကို တိုက်ကျွေးတော် မူပြီးလျှင် တရားနာ ပရိသတ် တို့အား သရဏဂုံကို ဆောက်တည် စေတော်မူ၏၊ ထိုအခါ ဖူးမျော် ဆည်းကပ် လာကြသော ရဲသ့ (၆) ဦးတို့အား ဆံတော်ဓာတ် (၆) ဆူတို့ကို ကိုးကွယ်ရန် ပေးသနားတော်မူ၏။ ဤကား နှစ်ကြိမ်မြောက် သာသနာတော်ကြီး မြန်မာနိုင်ငံသို့ ဆင်းသက် ရောက်လာခဲ့ခြင်း ဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရား ပဌမဗောဓိ အလွန်၀ါတော် ၂၀ ကျော်လောက်တွင် မြန်မာ နိုင်ငံတော် အထက်ပိုင်း အပရန္တတိုင်း ၀ါဏိဇ္ဇဂါမရွာသား စူဋ္ဌပုဏ် မဟာ ပုဏ် ညီနောင် နှစ်ဦးတို့သည် အဘိုးမျှားစွာ ထိုက်တန်သော စန္ဒကူးနီ ကျောင်းတော်ကို ဆောက်လုပ်ပြီးလျှင် မြတ်စွာဘုရားကို ပင့်ဘိတ်၍ လှျ၊ဒါန်း ပူဇော်ကြပါသည်၊ ထိုအခါ မြတ်စွာဘုရားသည် (၇) ရက်ပတ်လုံး သီတင်းသုံးတော်မူ၍ တရားတော်ကို ဟောကြားတော်မူရာ၊ တရက်တရက်ချင်း လူနတ် ဗြဟ္မာ ဝေနေယျ သတ္တ၀ါအပေါင်း (၅၅ စေသင်း လေးထောင်) စီ အကျွတ်တရား ရကြ၍ သောတာပန်-သကိုဒါဂါမ် အနာဂါမ်ရဟန္တာ အရိယာ အဖြစ်သို့ရောက်ကြပါသည်၊ ဘုရားရှင်တို့ မည်သည် ပစ္စန္တရာဇ်အရပ်၌ အရှင်ဓါခဲမြဲမဟုတ်သဖြင့် သာ၀တ္ထိ ပြည် ဇေတ၀န် ကျောင်းတော်သို့ နေ့စဉ် ပြန်၍ အရုဏ်ခံတော်မူပါသည်။ နောက်ပါရဟန္တာ ငါးထောင်တို့ကမူ အသီးသီး ပြာသာဒ်ယာဉ်ကိုစီး၍ ကြွလာတော် မူသောအခါ လမ်းခရီး အကြာ၌ သစ္စဗန္ဓ တောင်၌ နေသော သစ္စဗန္ဓ ရသေ့ကြီးကို တရား ဟောတော်မူရာ ဆဋ္ဌာဘိညရဟန္တာ အဖြစ်သို့ ရောက်ပါသည်၊ ခုနှစ်ရက်ပတ်လုံး တရားဟောရာ၌ ဤသိဒ္ဓိ သူ့ဌေးကြီး အစရှိသော ထင်ရှားသော ပုဂ္ဂိုလ် ကြီးတို့လည်း အကျွတ်တရား ရကြပါသည် ဤကား သုံးကြိမ်မြောက် သာသနာတော်ကြီး မြန်မာနိုင်ငံတော်သို့ ဆင်းသက် ရောက်လာခဲ့ခြင်း ဖြစ်ပါသည်ဘုရား။

ဤသို့ သုံးကြိမ်တိုင်အောင် ဆင်းသက်ခဲ့၍၊ မြတ်စွာဘုရား ကြွလာတော်မူသောအခါ အကျွတ် တရားရကြလျက် သာသနာတော် ထွန်းကားခဲ့ သော်လည်း သာသနာတော်စောင့် ဖြစ်သော ရဟန်း သံဃာတို့ ဆရာစဉ်ဆက် မတည်မြဲသဖြင့် သာသနာတော်ကြီးလည်း တည်မြဲခြင်း မရှိပါ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော် မူပြီးနောက် နှစ်ပေါင်း (၂၅၃) နှစ်အတွင်း တတိယ သံဂါယနာ တင်သည်တိုင်အောင် တရံတခါ ပျောက်ကွယ်မေ့ မှိန်ခဲ့ပါသည်၊ တခါတရံ ပေါ်ထွက် ကြီးပွါးကာ ထွန်းလင်း တောက်ပခဲ့ပါသည်ဘုရား။

တတိယ သံဂါယနာ တင်ပြီးသောအခါ အရှင် မဟာမေဂ္ဂလိပုတ္တတိသ ရဟန္တာ မထေရ်ကြီး သည် နောင်အခါ သာသနာတော်သည် မည်သည့် အရပ် ဒေသ၌ တည်မြဲ ထွန်းကား လိမ့်မည်နည်းဟု အနာဂတ်သ ဉာဏ်ဖြင့် ဆင်ခြင် ကြည့်ရှုတော်မူ သောအခါ မဇ္ဈိမဒေသ ဣန္ဒိယ နိုင်ငံမှ ပြင်ပဖြစ်သော တိုင်း ခရိုင် နိုင်ငံထိုင် သာသနာတော် တည်ထွန်းလိမ့်မည်၊ ကြီးပွါး ထွန်းကားလိမ့်မည်ဟု မြင်တော်မူသဖြင့် သာသနာပြုစေလွှတ်ရန် ကိုးတိုင်း ကိုးဌာန ပိုင်းခြား သတ်မှတ်ချက် ဗျတ္တာပဠိမလ ဖြစ်သောခေါင်းဆောင် ရဟန္တာ၁မထေရ်ကြီးကိုးပါး ကိုရွေးချယ်ကာဥပသမ္ဘဒက်ဆောင်လောက်အောင် အယုတ်ဆုံး နောက်ပါ ရဟန္တာ လေးပါးစီ ထည့်၍ တဌေ၁နတွင် အယုတ်ဆုံး ငါးပါးစီ ရွေးချယ်သတ် မှတ်ပြီးလျှင် ခေါင်းဆောင် ရဟန္တာ မထေရ်ကြီး ကိုးပါးကို တပါးလျှင် ဌာနတခုစီ ပေးအပ်၍ (၄) ရှင်တို့-မိမိတို့အား တာ၀ဋ် ပေးထားသော အရပ် ဌာန၌ သာသနာတော်ကြီး တည်ထွန်းအောင် သွား၍ ပြုစုကြလေ၁)ဟု မိန့်ကြားကာ စေလွှတ် တော်မူပါသည် ဘုရား။

ထိုသို့ ကိုးတိုင်း ကိုးဌာန သတ်မှတ်၍ သာသနာပြု စေလွှတ်ခဲ့ရာ မြန်မာနိုင်ငံတော်အတွင်း၀ယ် အပရန္တတိုင်း ယောနကတိုင်း သုဝဏ္ဏဘူမိအားဖြင့် ဌာနပေါင်း သုံးဌာန ပါ၀င်ခဲ့ပါသည်ဘုရား။

ထိုပါဝင်သော သုံးဌာန အနက် အပရန္တတိုင်းသို့ ယောနကမမ္မရက္ခိတမထေရ် ကြေလာတော်မူ၍ (အဂ္ဂိဓန္ဒုပမသုတ်)ကိုဟောတော်မူရာတရားတော်ကို နာကြားရသဖြင့် (ခုနစ်သောင်း) သောဝေနေယျ သတ္တဝါတို့သည် အကျွတ်တရားကို ရကြပါသည် မင်းမျိုးမှ ယောဂျားပေါင်း (တထောင်)ရဟန်းပြုကြ၍ မိန်းမပေါင်း (ခြောက်ထောင်) ရဟန်းပြုကြပါသည်ဘုရား။

ယောနကတိုင်းသို့ မဟာရက္ခိတ မထေရ်ကြေလာတော်မူ၍ (ကာဋ္ဌကာရမသုတ်)ကို ဟောတော်မူရာ (တသိန်းခုနစ်သောင်း) သောဝေနေယျသတ္တဝါတို့သည် မဂ်ဖိုလ်ကိုရရှိအရိယာ အဖြစ်သို့ ရောက်ကြပါသည်၊ လူပေါင်း(တသောင်း) ရဟန်းပြုကြပါသည်ဘုရား။

သုဝဏ္ဏဘူမိ သို့ သောဏ မထေရ်နှင့် ဥတ္တရ မထေရ်တို့ ကြေရောက်တော်မူ၍ (ဗြဟ္မဇာလသုတ်) ကို ဟောတော်မူရာ စည်းဝေးရောက်လာ ကြသော တရားနာပရိသတ်တို့သည် သရဏဂုံ သီလ၌ တည်မြဲကြပါသည်၊ (ခြောက်သောင်း) သော ဝေနေယျ သတ္တဝါတို့ အကျွတ်တရား ရကြပါသည်၊ အမျိုးသား(သုံးထောင်ငါးရာ)နှင့်အမျိုးသမီး(တထောင်ငါးရာ) တို့သည် ရဟန်း ပြုကြပါသည်ဘုရား။

မြတ်စွာဘုရား လေးဆယ့်ငါးဝါ ပတ်လုံးဟောကြားတော်မူအပ်သော ဒေသနာတော်မှာနိုကာယ်ငါးရပ် ပိုရ်ကတ် သုံးဖြာ များစွာပင် ရှိသော်လည်း အဂ္ဂိဓန္ဒုပမသုတ် ကာဋ္ဌကာရမသုတ် ဗြဟ္မဇာလသုတ်တို့မှာ သာသနာတော် သက်ဆင်း တည်မြဲရာ မူလသူတ ပဓာနသုတ်များဖြစ်၍၊မြန်မာနိုင်င်တော် အတွက် အလွန် ကျေးဇူးများသဖြင့် သမိုင်းတင်လောက်သော သုတ်များ ဖြစ်ပါသည်ဘုရား။

ဤသို့ ကိုးတိုင်း ကိုးဌာနတို့တွင် သုံးဌာနအပါအာင် ဖြစ်သော မြန်မာ နိုင်င်တော်ကြီးကား တတိယ သံဂါယနာ တင်ပြီးသည်မှစ၍ ယနေ့တိုင်အောင် သံဂါယနာတင် အရှင် မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ် ယောနက ဓမ္မရက္ခိတမထေရ် မဟာဓမ္မရက္ခိတ မထေရ် သောဏမထေရန်နှင့်ဥတ္တရ မထေရ်စသော ရဟန္တာကြီးတို့တပည့် အဆက်ဆက် တို့သည် ဆင်းသက်ကာ စောင့်ရှောက် ခြီးမြှောက်လာခဲ့ကြသဖြင့် ဗုဒ္ဓ သာသနာတော်ကြီးမှာ ဥသ်ဘ တောင်စွန်းတွင် တက်ထွန်းသော ပုဏ္ဏမီ လပြည့်ဝန်းကြီးကဲ့သို့ အစဉ်မပြတ် ထွန်းလင်း တောက်ပလျက် ရှိပါသည်ဘုရား။

သာသနာ တော်ကြီးကို စောင့်ရှောက် ခြီးမြှောက်ရာ၌ ရဟန်းတော် များသာ စောင့်ရှောက် ချီးမြှောက် ရသည်မဟုတ်ပါ၊ လူဒါယကာ များကလည်း စောင့်ရှောက် ခြီးမြှောက်ကြပါသည်၊ (သာဂါရာ အနာဂါဒုစ ဥဘောအညောညနိဿိတာ) ဟု ဟောကြားတော် မူခဲ့သည့်အတိုင်း သာသနာတော်ထမ်း ရဟန်းတော် များနှင့် လူဒါယကာများမှာ သာသနာတော်ကြီးကို စောင့်ရှောက် ချီးမြှောက်ကြရာ၌ (ကိုင်းကျွန်းမို့၊ ကျွန်းကိုင်းမို့)ဆိုသကဲ့သို့ တဦးနှင့်တဦး အမှီတံကဲ သဟပြုကာစောင့်ရှောက် ချီးမြှောက် ကြရမြဲ ဖြစ်ပါသည်၊ ပဌမ သံဂါယနာမှစ၍ ပဋ္ဌမ သံဂါယနာ တိုင်အောင် ရဟန်းတော်များနှင့် သာသနာ ဒါယကာ မင်းများ တွဲဘက်၍ တင်ခဲ့သည်မှာ အလွန် ထင်ရှားသဖြင့် ယှဉ်မှားဘွယ် မရှိသော သက်သေ သာဓကကြီးဖြစ်ပါသည်ဘုရား။

သို့ရာတွင် လူဒါယကာ များမှာ ဆရာဝါသကိစ္စများပြား လှသဖြင့် အခွင့်ရသော အချိန်အခါ လောက်သာ သာသနာတော်ကြီးကို စောင့်ရှောက် ချီးမြှောက် နိုင်ကြပါသည်။ ရဟန်းတော် များမှာကား သာသနာတော်ထမ်း ဖြစ်သည့်အလျောက် သာသနာတော်ကြီးကို စောင့်ရှောက် ချီးမြှောက်ခြင်း လုပ်ငန်းကိစ္စ တခုသာရှိ၍ အမြဲတန်း စောင့်ရှောက် ချီးမြှောက် နိုင်ကြပါသည်ဘုရား။

ရဟန်းတော်များ၏ လုပ်ငန်းကိစ္စမှာလည်း

(၁) ဂန္ထဓုရလုပ်ငန်း

(၂) ဝိပဿနာဓုရလုပ်ငန်းဟု လုပ်ငန်းနှစ်မျိုး ရှိပါသည်။

ဂန္ထဓုရ လုပ်ငန်းမှာ ပိဋကတတော်တို့ကို သင်အံ ပို့ချခြင်း မပျောက်မပျက်ရအောင် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်၊ ဝိပဿနာဓုရ လုပ်ငန်းမှာ အရဟတ္တဖိုလ်ဆိုက်ရောက်၍ ရဟန်းကိစ္စပြီးမြောက်အောင် ဝိပဿနာဘာဝနာကို ပွါးများ အားထုတ်ခြင်း ဖြစ်ပါသည်၊ ထိုလုပ်ငန်း နှစ်မျိုးမှ တပါးအခြား လုပ်ငန်း ကိစ္စ များမှာ ရဟန်းတော်များ အတွက် မင်ဖိုလ်၏ အနေှာက်အယှက် ပလိပေါဓ ကိစ္စမျှသာ ဖြစ်ပါသည်ဘုရား။

ရဟန်းတော်များနှင့် လူဒါယကာများတဲ့ဘက်၌သာသနာတော်ကြီးကို စောင့်ရှောက်ချီးမြှောက် ကြရာဝယ် ပဌမ သံဂါယနာ တင်ပြီးသောအခါမှ တတိယ သံဂါယနာ တင်သည့်အခါတိုင်အောင်၎င်း တတိယ သံဂါယနာ တင်ပြီးသော အခါမှ ပဋ္ဌမ သံဂါယနာတင်သည့်အခါတိုင်အောင်၎င်းနှစ်ပေါင်း (၂၅၀၀)အချိန်ကာလ အတွင်း၌ ရဟန်းတော်များ ဘက်က ကြည့်လျှင် ပဌမသံဂါယနာတင် အရှင် မဟာကဿပ-တတိယ သံဂါယနာတင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ပဋ္ဌမသံဂါယနာတင် အရှင် ဥပေါဂုပ္ပ အရှင်ဇာဂရ အစရှိသော ပိဋကတ်သုံးပုံ ဆောင် ရဟန္တာမထေရ်ကြီးများနှင့် ပိဋကတ်သုံးပုံ၌ ကျွမ်းကျင်လိမ္မာတော်မူကြသော အရိယာတို့ အနွယ်မှ ဆင်းသက်လာကြသည့် သမ္ဘတိ သံဃာတော် မထေရ်ကြီးတို့၏ တပည့် အဆက်ဆက်တို့သည် မိမိတို့နှင့် သက်ဆိုင်ရာ ပစ္စယာ နုဂ္ဂဟ ဓမ္မာနုဂ္ဂဟဖြင့် စောင့်ရှောက်ချီးမြှောက်ခဲ့ကြပါသည်။ လူဒါယကာများဘက်ကကြည့်လျှင် အဇာတသတ်မင်း သီရိဓမ္မာသောကမင်း မင်းတုန်းမင်း စသော ဗုဒ္ဓဓိယ-မွန်-မြန်မာ-ရခိုင် စသော သာသနာဒါယကာ မဟာဓမ္မရာဇမင်းကောင်း မင်းမြတ်များနှင့် တိုင်းသူပြည်သားသာသနာဒါယကာများလည်း မိမိတို့နှင့် သက်ဆိုင်ရာ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟဖြင့် စောင့်ရှောက် ချီးမြှောက် ခဲ့ကြပါသည်။ ထိုသို့ ရဟန်းတော်များနှင့်လူဒါယကာများသည်မိမိတို့အပေါ်၌ ကျေရောက် လာသော တာဝန်ကို ကျေပြန့်အောင် ဆောင်ရွက် စောင့်ရှောက် ချီးမြှောက်ခဲ့ကြသဖြင့် ပဋ္ဌမ သံဂါယနာ တင်သည်တိုင်အောင် သာသနာတော်ကြီး မပျက်စီးဘဲ တည်ရှိခဲ့ပါသည်ဘုရား။

ပဋ္ဌမသံဂါယနာ တင်ပြီးနောက် (၁၂၄၇)ခုနှစ်သို့ ရောက်သောအခါ ဗုဒ္ဓဘာသာ မြန်မာမင်းများ မရှိသော်လည်း အင်္ဂလိပ်မင်းတို့သည်(၁၂၅၇)ခုနှစ်မှစ၍ ပိဋကတ်တော်ဆိုင်ရာ ပါဠိဘာသာဘာဝေးပွဲကြီးကို နှစ်စဉ်ကျင်းပခဲ့ခြင်း၊ ပိဋကတ်အရာ၌ကျွမ်းကျင် လိမ္မာသော ဆရာတော် သံဃာတော်အဆက်ဆက်တို့လည်း ပိဋကတ်တော် တို့ကို သင်အံ ပို့ချ ဆောင်ရွက် ခဲ့ခြင်း၊ တိုင်းသူ ပြည်သား သာသနာဒါယကာဖြစ်ကြသော မြန်မာ-မွန်-ရှမ်း-ချင်း-ကချင် ကရင်-ရခိုင်-ကယား တို့လည်း အင်အား ရှိသမျှ ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ခဲ့ကြခြင်းတို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်င်တော်ကြီး လွတ်လပ်ရေး ရရှိသည် တိုင်အောင် သာသနာတော်ကြီး တည်မြဲခဲ့ပါသည်ဘုရား။

လွတ်လပ်ရေး ရရှိသည့်တိုင်အောင် သာသနာတော်ကြီး တည်မြဲခဲ့သော်လည်း၊ သာသနဒါယကာ မင်းနှင့် ကင်းကွာခဲ့သည်မှာ နှစ်ပေါင်း(၆၈)နှစ်မျှ ကြာရှိသဖြင့် အလင်ဒုဿီလမိဆ္ဆာဝါဒ သာသနာ အညစ်အကြေးတို့ တဖြည်းဖြည်း စွန်းထင်းလျက် ရှိရကား အရောင်အဝါ ထွက်သင့်သလောက်မထွက်ဘဲ မေးမှိန်ခဲ့ရပါသည်၊ ထိုအခါ သာသနာတော်ထမ်း ဖြစ်ကြသော ဆရာတော် သံဃာတော်များ သည်၎င်း၊ သာသနာ ဒါယကာ ဖြစ်ကြသော ပြည်ထောင်စု အစိုးရနှင့် လူထုကြီးတရပ်လုံးသည်၎င်း၊

အရောင်အဝါမထွက်ဘဲ မှေးမှိန်နေသော သာသနာတော်ကြီးကို အရောင်အဝါထွက်လျက် တကယ်ဒီဂလုံး ထွန်းလင်းတောက်ပလာအောင် ကြံစည်အားထုတ်ကြရာ

(၁) အညစ် အကြေးကို ဆေးကြော သုစ်သင်ခြင်း။

(၂) ခြီးမြှောက်ခြင်းဟူ၍ လုပ်ငန်းနှစ်မျိုးကို တွေ့ရှိကြပါသည်။

ထိုလုပ်ငန်း နှစ်မျိုးကို ပြုလုပ် ဆောင်ရွက်ရာ ဝယ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၌ ယခုအခါ အာဏာဖြင့် အုပ်ချုပ် စီမံရသော ခေတ်မဟုတ်ပါ၊ တရားဥပဒေဖြင့် အုပ်ချုပ်စီမံရသော ခေတ်အခါ ဖြစ်သည့်အလျောက် သာသနာရေး ဆိုင်ရာ အောက်ပါ ဥပဒေများကို ပြုလုပ် ဆောင်ရွက်ခဲ့ပါသည်ဘုရား၊ ထိုဥပဒေများမှာ

(၁) ဝိနိစ္ဆယ ဌာန အက်ဥပဒေ

(၂) ယာယီ ဝိနိစ္ဆယဌာန အက်ဥပဒေ

(၃) ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေ

(၄) ပါဠိ ပညာရေး အဖွဲ့ အက်ဥပဒေ

(၅) ဗုဒ္ဓသာသနာ အဖွဲ့ အက်ဥပဒေ

ဟူ၍ ငါးမျိုး ဖြစ်ပါသည်။

ထိုအက်ဥပဒေမျိုးထို့တွင် ဝိနိစ္ဆယဌာန အက်ဥပဒေနှင့် ယာယီ ဝိနိစ္ဆယ ဌာန အက်ဥပဒေများမှာ တနိုင်ငံလုံး ဝိနိစ္ဆယ ဌာနရုံးများ ဖွင့်လှစ်ကာ သာသနာတော်ဝယ် ဖြစ်ပေါ်လာသော အဓိကရဏီး ဟူသမျှကို မမှန်ကျအောင် စီရင် ဆုံးဖြတ်ရသော ဥပဒေများဖြစ်၍ အလင်ဒုဿီသမိန္ဓာဝါဒီ သာသနာ အညစ်အကြေးထို့ကို စင်ကြယ်သန့်ရှင်းအောင် ဆေးကြော သုစ်သင်ရသော ဥပဒေများ ဖြစ်ပါသည်ဘုရား။

ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေနှင့် ပညာရေးအဖွဲ့ အက်ဥပဒေများမှာ၊ တနိုင်ငံလုံး ပဋမပြန့်စာမေးပွဲ ကျင်းပခြင်း ပါဠိတက္ကသိုလ် ကျောင်းကြီးတွေ ထူထောင်၍ ဓမ္မာစရိယ စာချတန်း စာမေးပွဲ ကျင်းပခြင်းများကို ပြုလုပ်ကာ ပိဋကတ်အရာ လိမ္မာ ကျွမ်းကျင်သော ဓမ္မာစရိယများ ထွက်ပေါ်လာအောင်ခြီးမြှောက်သောဥပဒေများ ဖြစ်ပါသည် ဘုရား။

ဗုဒ္ဓသာသနာ အက်ဥပဒေမှာ ဘာသာရေး၊ သာသနာ့ရေးဆိုင်ရာ ကိစ္စအရပ်ရပ်တို့၌ အစိုးရနှင့် နိုင်ငံတော်လူထု၏ ကိုယ်စားပြုကာ အရာဌာနအားလျော်စွာ စီမံ ဆောင်ရွက်ရသော ဥပဒေ ဖြစ်ပါသည်ဘုရား၊ ယခုအခါ ထိုအက်ဥပဒေ ငါးမျိုးဖြင့် သာသနာ့အညစ်အကြေးကို ဆေးကြော သုစ်သင်ခြင်း ခြီးမြှောက်ခြင်း လုပ်ငန်းနှစ်မျိုးလုံးကိုဆောင်ရွက်လျက် ရှိပါပြီဘုရား။

အထူးအားဖြင့် မူလဘူတအခြေခံ ပဓာနဖြစ်သော ပရိယတ္တိ သာသနာ ပိဋကတ်တော်တို့မှာ အရေးအကြီးဆုံး ဖြစ်ပါသည်၊ ပိဋကတ်တော်တို့၌ ပုဒ်-ပါဠိ အကျဉ်း လွဲမှားပါလျှင် အနက်လွဲမှားပါသည်၊ အနက်လွဲမှားပါလျှင် အဓိပ္ပါယ် အယူအဆ လွဲမှားပါသည်၊ အဓိပ္ပါယ် အယူအဆ လွဲမှားပါလျှင်၊ ကျင့်ဝတ် ပဋိပတ်လမ်းစဉ် လွဲမှားပါသည်၊ ကျင့်ဝတ်ပဋိပတ် လမ်းစဉ် လွဲမှားပါလျှင်၊ မဂ်-ဖိုလ် နိဗ္ဗာန်ကို မရနိုင်ပါ၊ သို့အတွက် ပိဋကတ်တော်၌ ပုဒ်-ပါဠိ-အကျဉ်းရာ မှန်ကန်ကျနတို့အရေးကြီးပါသည် ဘုရား။

ပုဒ်-ပါဠိ-အကျဉ်းရာ မှန်ကန် ကျနတို့မှာလည်း ပဋမ သံဂါယနာတင် အရှင် မဟာကဿပ၊ အရှင် ဥပါလိ၊ အရှင်အာနန္ဒာ၊ အရှင်အနုရုဒ္ဓါ အစရှိသော ရဟန္တာကြီးများမှ ဆင်းသက်လာ၍ ပိဋကတ်အရာ လွန်စွာ ကျွမ်းကျင် လိမ္မာသော ဆရာတော် သံဃာတော်များ၊ သီလဝန္တ သိက္ခာကာမ ဖြစ်သောဆရာတော် သံဃာတော် များနှင့် ပါဠိတက္ကသိုလ်သို့ရှေ့ဓမ္မာစရိယ ဆရာတော်များ ထင်ရှား ရှိနေသဖြင့် ပုဒ်- ပါဠိ- အကျဉ်းရာ မှန်ကန် ကျနတို့ ဝန်မလေးပါဘုရား။

ယခုအခါ အစိုးရနှင့် လူထု၏ ကိုယ်စား နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးက ပိဋကတ်တော်တို့၌ ပုဒ်-ပါဠိ-အကျဉ်းရာ တို့ကို ထေရဝါဒ နိုင်ငံရှိ စာမူအမျိုးမျိုးနှင့် တိုက်ဆိုင်ကာ သုစ်သင် ပြင်ဆင် တည်းဖြတ်ရန် ပိဋကတ်တော်တို့ကို အပိုင်းကြီး (၅) ပိုင်း ခွဲကာ ပိဋကတ်တော်၌ အထူးသဖြင့် ကျွမ်းကျင်လိမ္မာသော မြန်မာနိုင်ငံရှိ ဆရာတော် သံဃာတော်များနှင့် ထေရဝါဒ နိုင်ငံရှိ၊ ဆရာတော် သံဃာတော်များကို ရွေးချယ်ကာ ပါဠိဝိသေသဂဏ အဖွဲ့ပေါင်း (၄၇)ဖွဲ့။ ပဋ္ဌိဝိသေသဂဏ အဖွဲ့ပေါင်း (၁၁၆)ဖွဲ့၊ ဖွဲ့စည်းပြီးလျှင် ပိဋကတ်တော် စာမူ အမျိုးမျိုးနှင့်င၊ အဋ္ဌကထာ၊ ဋီကာ၊ အနုမဋီကာ နိဿယ၊ဝိနိစ္ဆယတို့နှင့်င၊ သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်းအမျိုးမျိုးတို့နှင့်င၊ အကြိမ်ကြိမ်တိုက်ဆိုင်၍ သုစ်သင် ပြင်ဆင် တည်းဖြတ်ခဲ့ကြရာ၊ပြီးစီးအောင်မြင်ပြီး ဖြစ်၍ မြန်မာနိုင်ငံနှင့် ထေရဝါဒ နိုင်ငံရှိ ဆရာတော် သံဃာတော်များ ကျေနပ်စိတ်ချလောက်သည့် မူမှန် မူကောင်းကို ရရှိသဖြင့်ပုံနှိပ်ခဲ့ရာ၊ ဝိနည်း ပိဋကတ်တော်ကြီး ပြီးစီးပျံပြီ သတ္တန် ပိဋကတ်တော်နှင့် အဘိဓမ္မာ ပိဋကတ်တော်တို့ကို လည်း ဆက်လက်၍ အစဉ်အတိုင်း ရိုက်နှိပ်၍ သွားပါမည်ဘုရား။

ယခု ဆင်ယင် ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးသို့ ကြွရောက်တော်မူကြသည့် သီလဝန္တ၊ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒ၊ ပဋ္ဌိယတ္တိမာမကဖြစ်တော်မူကြသောဆရာတော် သံဃာတော်ပေါင်း (၂၅၀)တို့သည် ထိုပိဋကတ်တော် မူမှန် မူကောင်းတို့ကို အရှင်မဟာကဿပ အရှင်ဥပါလိ၊အရှင်အာနန္ဒာ၊ အရှင်အနုရုဒ္ဓါစသော ရဟန္တာကြီး (၅၀၀)တို့ ပဋမ သံဂါယနာတင်ခဲ့သည့် ထုံးတမ်းစဉ်လာ အတိုင်း အကြိမ်ကြိမ် သုစ်သင် ပြင်ဆင် တည်းဖြတ် အပ်သော ပိဋကတ်တော် မူမှန် မူကောင်းတို့ကို ပေါင်းစု ရွတ်ဆိုရ်ု ဆုံးဖြတ် အတည်ပြုကာ သံဂါယနာတင်တော်မူကြရန် အချိန်တန်ပါပြီဘုရား။

သံဂါယနာတင်ရာ၌ ပဋမ သံဂါယနာတင်ရန် စီစဉ်ကြသောအခါ သာသနာ ဒါယကာ အဇာတသတ်မင်းကြီးသည် အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ မထေရ်ကြီးတို့အား (သာဓုဘန္တေ ဝိဿဇ္ဇာ ကရောထ မယ့် အာဏာစက္ကတုမှာကံ ဓမ္မစက္ကံ ဟောတု အရှင်ဘုရားတို့၊ဓမ္မစက်ကို ပြုလုပ်တော်မူကြပါ၊ အာဏာစက်ဖြင့် တပည့်တော် စောင့်ရှောက်ပါမည်၊ ရှ၍ရှားခြင်း မရှိဘဲ၊ ရဲရဲဝံ့ဝံ့ သံဂါယနာ တင်တော်မူကြပါ) ဟု လျှောက်ထားသော ထုံးတမ်းစဉ်လာ အတိုင်း ယခု သံဂါယနာ တင်ရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အမှူးရှိသည့် မြန်မာ-မွန်-ရှမ်း-ချင်း-ကချင်-ကရင်-ရခိုင်-ကယား ပြည်ထောင်စု မြန်မာ နိုင်ငံတော်သူ နိုင်ငံသားတို့၏ ကိုယ်စား ဘုရားတပည့်တော်ကြွရောက် စည်းဝေးတော်မူကြသော ဆရာတော် သံဃာတော် အရှင်မြတ်တို့အား လျှောက်ထားတောင်းပန်ပါမည်ဘုရား။

ဆရာတော် သံဃာတော် အရှင်မြတ်တို့ ဘုရား မူကောင်း မူမှန် ဖြစ်သော ပိဋကတ်တော်ဓမ္မစက်ကို ဆုံးဖြတ်ချက် ချတော်မူပါ၊ ပြည်ထောင်စုအစိုးရက တရားဥပဒေဖြင့် စောင့်ရှောက်ပါမည်၊ ရှ၍ရှားခြင်း မရှိဘဲ ရဲရဲဝံ့ဝံ့ သံဂါယနာ တင်တော်မူကြပါရန် ရှိသေ လေးမြတ်စွာ လျှောက်ထားဝံ့ပါသည်၊ သီလဝန္တ သိက္ခာကာမ ပရိယတ္တိ ဝိသာရဒ၊ ပဋ္ဌိယတ္တိ မာမက အရိယနွယ်ဝင် ဆရာတော် သံဃာတော် အရှင်သျှမြတ်ဘုရား။

PREMIER U NU'S ADDRESS OF VENERATION

(At the Opening Ceremony of the Sixth Great Buddhist Council.)

Ciram titthatu sadhammo
dhamme hontu sagāravā.

May the doctrine of the good which comprises three parts *pariyatti* (learning), *patipatti* (practice) and *pativedha* (insight) last for a long time. May all be respectful and reverential towards the doctrine which teaches right living.

Venerable Bhikkhus who are present and taking part in this Sixth Buddhist Council, who are virtuous, fond of discipline, well versed in the sacred scriptures, and devoted to religious practices, and who belong to the noble lineage of holy arahats, led by Venerable Mahā Kassapa, Upāli, Ānanda and Anuruddha—may I address you, Reverend Sirs, with the greatest respect and salutation, as follows:—

Venerable Sris, now that I am so fortunate as to have this opportunity of meeting and greeting with deferential words of welcome, monks who have come to this great assembly of the Sixth Buddhist Council from all parts of the Union of Burma and other Theravāda countries in other quarters of the world, and of meeting and greeting, with cordial words of welcome, those of you who are distinguished personages, and are supporters of the Buddhist faith, as well as other special guests who have come to promote the functioning of the Sixth Buddhist Council, precisely at a moment when we are at the 2,500 years stage after the promulgation of the Buddhist Doctrine by the Buddha, it is indeed a most auspicious and priceless moment never to be forgotten in life.

The Buddha attained to Omniscience only after he had acquired the merit of the 10 perfections, 5 great sacrifices and 3 modes of conduct through 4 asankheyya and 100,000 kappas. "The doctrine of the good" discovered and promulgated by the Omniscient Buddha consists of three parts:—

(1) Pariyatti Sāsana.
(2) Patipatti Sāsana.
(3) Pativedha Sāsana.

Of these three parts, Pariyatti Sāsana stands for the sacred scriptures which have to be learnt by heart, namely the five Nikāyas which are for recital now. Patipatti Sāsana denotes the rules of moral conduct, such as the three refuges and five precepts, etc., which have to be practised in order to attain arhattaphala (the fruition of holiness). Pativedha Sāsana means the path to and the fruition of holiness leading to the bliss of Nibbāna, which one realises and enjoys through one's own efforts. Pariyatti Sāsana is the fundamental basis of the other two, Patipatti Sāsana and Pativedha Sāsana. For example Pariyatti Sāsana, which points out the rules of moral conduct is like a guide chart to a treasure trove. Patipatti Sāsana, by which one has to practise the rules set by Pariyatti Sāsana stands for the energy required to dig up that treasure. Pativedha Sāsana resembles the buried treasure of gold which one utilises and enjoys on discovery. This simile illustrates that without the guide chart no digging can be made, and without any digging the valuable pot of gold cannot be unearthed. In like manner, without the Pariyatti Sāsana which sets out the code of moral behaviour, there can be no Patipatti Sāsana which represents the energy required for the labour of digging. Again, without Patipatti Sāsana, the digging, there cannot be Pativedha Sāsana, use and enjoyment.

Therefore, Venerable Sirs, Pariyatti Sāsana is the main basis. When Pariyatti Sāsana disappears, Patipatti Sāsana and Pativedha Sāsana will also disappear; men will have no more spiritual light for their guidance and the whole world, the universe will undoubtedly be thrown into a state of pitch darkness complete and everlasting, in keeping with the saying "*Andhi bhuto ayam loko.*"

It was the disciples, Venerables Kassapa, Upāli, Ānanda, Anuruddha and other arahats who, during the life-time of the Buddha, learnt by heart and preserved intact the text of the five Nikāyas of the Piṭaka which can furnish spiritual light. The Dhamma, however, had not yet been classified then into well-defined divisions such as Sutta, Vinaya and Abhidhamma as we now have it. It was simply a collection of discourses delivered by the Buddha, during the 45 years of his mission, in the various places visited by him, to suit the temperament of the audience of men, devas and brahmas.

When the First Buddhist Council was held, Arahats Mahā Kassapa, Upāli, Ānanda, Anuruddha and others who participated in it classified the various utterances of the Buddha into different divisions, as follows:—

This lot is the Dhamma section, that the Vinaya section; these are the first, second and third utterances of the Buddha; these discourses are the Vinaya Piṭaka, these are the Sutta Piṭaka, and these are the Abhidhamma Piṭaka; and again this lot of the Sutta Piṭaka is the Dīgha Nikāya this the Majjhima Nikāya, this the Samyutta Nikāya, this the Anguttara Nikāya and this the Khuddaka Nikāya respectively. They made this classification of the discourses into several lots and recited them collectively at the First Buddhist Council, just in the same way as flowers were strung together and formed into garlands so that none might be scattered and lost.

On the same lines as the First Buddhist Council was held by Mahā Kassapa and other Arahats, the Second, Third, Fourth and Fifth Buddhist Councils were also held by Arahats Mahā Yasa, Mahā Moggaliputtatissa, Mahadhammarakkhita, Nyeyadhamma and Jagara and other mahātheras and monks who are their successors in the holy fraternity of the Bhikkhu Sangha.

ဗီယက်နမ်ပြည် ထေရဝါဒီဂိုဏ်း ဗုဒ္ဓ ဘာသာ ဝင်များသည် အရေအတွက် အားဖြင့် နည်းပါးကြ၍ အင်အားလည်း ချို့ငဲ့ကြပါသည်၊ သို့ရာတွင် အကျွန်ုပ်တို့ ထေရ ဝါဒီ ဂိုဏ်းဝင် အားလုံးပင် သဒ္ဓါ တရား အားဖြင့်ကား ထက်သန် မြဲမြံကြပါသည်။ ကျွန်ုပ်တို့ ထေရဝါဒီ ဂိုဏ်းဝင် ဦးရေမှာ တထောင် ကျော်မျှ ရှိပါသည်၊ ဆေးဂုံမြို့တွင် ထေရဝါဒီဘုရား ကျောင်း ၄ ကျောင်းသာ ရှိပါသည်၊ သို့ရာတွင် မဝေးလှသော အနာဂတ် ကာလ၌ ဗီယက်နမ်နိုင်ငံ သည် ဆုနှန်းပြည့် ထေရဝါဒီ နိုင်ငံတခု ဖြစ်လာလိမ့် မည်ဟု ကျွန်ုပ်တို့က မြော်လင့်တောင့်တလျက်ရှိကြ ပါသည်၊ ဤမဟာ ဓမ္မသဘင်ကြီး၌ တက်ရောက် လျက် ရှိတော်မူကြသော ကျေးဇူးရှင် ကမ္ဘောဇ သံဃ ဆုဇာ သာသနာပိုင် မဟာထေရ် အရှင်သူ မြတ်ကလည်း ကမ္ဘာ အရပ်ရပ်ရှိ မည်သည့် ပုဂ္ဂိုလ် မည်သည့် လူမျိုးမဆို ဗုဒ္ဓဘာသာနှင့် အကျိုးဆက် သွယ်လျက် ရှိကြောင်း ထင်ရှားစေရန် ရည်သန် တော်မူလျက် ကျွန်ုပ်တို့အား ကျေးဇူးများဘွယ် အကူအညီများကို ပေးတော် မူလျက်ရှိပါကြောင်း၊

ပျော်ရွှင်စွာ ဆင်နွှဲလျက် ရှိကြသည့် ဤပရိ သတ်အလယ်၌ သာသနာ့ အလျှုဒါန မျိုးစေ့က လေး တစေ့ကို စိုက်ပျိုးသည့် အနေဖြင့် ဆဋ္ဌသံဂါ ယနာ မဟာဓမ္မ သဘင်ကြီး အထမြောက် အောင် မြင်စေရန် အတွက် အရေအတွက်အားဖြင့် မများ လှသော မြန်မာငွေ ကျပ်တထောင်နှင့် ဗီယက်နမ် အနုပညာ လက်ရာ ဖြစ်သည့် ပဏ္ဏာ လက်ဆောင် တခုကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သို့ ကျွန်ုပ် တို့က ဝမ်းမြောက် ဝမ်းသာ ရှိသေစွာ လှူဒါန်း ပူဇော် အပ်ပါကြောင်း။

ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးတို့ကြောင့် ဤဆဋ္ဌသံဂါယနာ မဟာ မွေ့သဘင်ကြီးသည် လှူ သတ္တဝါ အပေါင်းတို့အား ချမ်းသာ သုခ အဝဝနှင့် ငြိမ်းချမ်းရေးကို ပေးနိုင်ပါစေသတည်း ဟူ၍လည်း ကျွန်ုပ်တို့ ဆုတောင်းလျက် ရှိကြပါကြောင်း။

မြန်မာ ဗုဒ္ဓဘာသာဝင်များ ဖြည့်ဆည်းပူးခဲ့ ကြသည့် ပါဂမီသမ္ဘာရအဝဝကိုဘာသာသမိုင်းကြီး တွင် ကမ္ဘည်းရွှေစာဖြင့် တည်မြဲစွာ မှတ်တမ်းတင် ထားသင့်ပါကြောင်း။

ဤမှန်မြတ်လှသည့် သာသနာ့ ကိစ္စကို ဆောင် ရွက်ရာ၌ ကျွန်ုပ်တို့သည် ဤမျှလောက်သော အ ကျိုး ကျေးဇူးမျှနှင့် ဆုင်ရာ တင်းတိမ်ခြင်း မရှိအဲ အစစ် အမှန် သန္တိသုခနှင့် ပြည့်စုံသော နှိပ်ဒွန်ကို ဆောလျင်စွာ မျက်မှောက် ပြုနိုင်သည့်ကိုယ် ဖြစ် ရပါလို၏ ဟူ၍လည်း ဆုတောင်းကြပါကြောင်း။

ဝေနေယျ သတ္တဝါအပေါင်း ရှင်လန်းချမ်းမြေ့ ကြပါစေသတည်း။

SPEECH BY VEN. NĀGA THERA, HEAD, VIETNAM DELEGATION.

VEN'BLE SIRS, BROTHERS AND SISTERS,

On behalf of the Vietnamese Theravāda delegation, we respectfully worship the Mahā Sangha and pay our warmest greetings to all brothers and sisters coming from far and near in the whole world.

We also do not forget the gratitude of the Burmese Government and the Union Buddha Sāsana Council who have given us an opportunity to participate in this solemn and historical ceremony.

Ven. Sirs, Brothers and Sisters,

While there is in Vietnam a cruel and ceaseless war, we have to exert with much difficulties to get the authorities from our Government to come here, if without the help of the Burmese Government and Union Buddha Sāsana Council.

As for Theravāda Buddhism in Vietnam, we are very small and poor party but we are with faithful heart. We are more than one thousand disciples and there are only four Theravāda Temples is Saigon, but we are hoping that one day, in future, Vietnam shall be a perfect Theravādin country. By the grateful helping of the Cambodian Mahāthera. His Eminence the Sangharājā who is present here, in order to show the connection of Buddhism between mankind and races everywhere in the whole world,

In the middle of the happy atmosphere, we are very glad to sow a little seed in the Buddha Sāsana, however small, we with respect, offer one thousand rupees and one Vietnamese art to the Union Buddha Sāsana Council for the purpose of Chaṭṭha Sangāyanā. We are also hoping that, by the blessings of the Triple Gem, the Chaṭṭha Sangāyanā shall bring the happiness and peace to mankind.

All Burmese Buddhist virtues thus should be written in the golden book of Buddhism.

Not only this high honour but also the Nibbāna bliss we attain by performing our duty in this noble affair.

May all beings be happy!

Thanking you.

သီဟိုဠ်ကျွန်း ကေလကိုယမ္ဘွိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်ကြီး၏ ကျောင်းခုပ်ဆရာတော် သီရိ ပညာသာရနာယကထေရ်၏ သန္ဓေသကထာ

လူ အမျိုးမျိုး၊ ပုံသဏ္ဌာန် အမျိုးမျိုး ရှိကြသော တိုင်းပြည် အသီးသီးမှာ နေထိုင်ကြသည့် ဘုရား၏ တပည့်သား အကျွန်ုပ်တို့ အားလုံးပင် ယခုကဲ့သို့ တနေရာ တဌာနတည်းမှာ တစုတလုံး တည်း စည်းဝေး ပေါင်းဆုံ အချင်းချင်း တွေ့ကြုံကြ ရခြင်း၊ မဆွေကပင် အချင်းချင်း ပြောဆို ဆွေးနွေး ကြရခြင်းသည် နက္ခတ်ကောင်း မင်္ဂလာကောင်းပင် ဖြစ်ပါသည် အရှင်မြတ်တို့ ဘုရား။

အရှင်ဘုရားတို့၊ ယခုအခါ အဏ္ဏမြေထွန်းကား နေသော ဤကမ္ဘာ လောကကြီးမှာလူအချင်းချင်း သားသမီး ဟု အထင်ကပ်ကာ သတ်ဖြတ် နေကြ မည့် သတ္တဒေဝရက်၊ ဤသြကာသ လောကကြီးနှင့် တကွ လူမျိုးပေါ ပြတ်စ ပျောက်ပျက် ဘာမျှမကျန် တော့မည့် သံဃာ့ကမ်ဘုံများမှာကဲ့သို့ နိုင်ငံ တကာ ၌ပင် လူ အားလုံးတို့သည် စစ်ဘေး သေဘေးများ ကို ကြောက်လန့်ကြ၍ အတိုင်းထက် အလွန် ဆင်း ဆင်းရဲရဲ နေထိုင်ကြရ ကုန်၏ ဟူသော အကြောင်း ကို လောကကြောင်း နားလည်သော ပညာရှိ အားလုံးတို့ပင် သိမှတ် ပြောဆို နေကြပါသည်။

ဘုရား၏ တပည့်သား ဖြစ်သော အကျွန်ုပ်တို့ ကား ငြိမ်းချမ်းရေး ဝါဒ၊ မညှင်းဆဲရေး ဝါဒ၊ အတ္တ ဆိတ်သုဉ်းရေး ဝါဒ မိမိ စိတ်ထား ဖြူစင်ရေး ဝါဒ တို့နှင့် ပြည့်စုံ ဖြူစင်သော ဘုရား သာသနာတော် ကဲ့သို့ ဤသို့ သဘောရှိသော ကြက်သီး မွေးညင်း ထဘူယ် ဖြစ်သော ကြီးမားသော ဘေးကို ပယ် ဖျောက်ရန် နှောင်အခါ မဖြစ်ပေါ စေရန် ဖြစ်စေ နိုင်သော တစုံတခုသော အကြောင်း အထောက် အပံ့ကိုမျှ မတွေ့မြင်ကြပါ။

အရှင်ဘုရားတို့၊ ထိုကြောင့်ပင် ယခုအခါ ကမ္ဘာ ပေါကကြီး တခုလုံးရှိ လူအားလုံးကိုပင် ဘုရား၏ တပည့်သားများ ဖြစ်လာစေရန် ဘုရား၏ တပည့်သား အားလုံးတို့ကိုလည်း တရားမှန် သိ၍ တရား အားလေ့ကျင့်စွာ ကျင့်ကြံကြစေရန် မြတ်စွာ ဘုရား၏ သာသနာတော်ကိုလည်း ကြာရှည်စွာ တည်တံ့စေရန် ဆောင်ရွက်မှုမျိုးတို့ကား ကောင်း မွန် လျောက်ပတ်ပါပေသည်။

အရှင်ဘုရားတို့၊လောကကြောင်းကို နားလည် တော်မူသော မြတ်စွာ ဘုရားကလည်း ဤအဓိပ္ပါယ် ကို—စုန္ဒ၊ ထို့ကြောင့်ပင် ငါဘုရား အထူး သိပြီး ဟောထားသော တရားများ ရှိ၏၊ ထို တရားများ ကို သင်တို့ အားလုံးပင် ပေါင်းဆုံ စည်းဝေးကြ၍ အနက် အနက်ချင်း သဒ္ဒါ သဒ္ဒါချင်း (ညှိနှိုင်းကာ) သံဂါယနာ တင်ကြရမည်၊ မငြင်းခဲကြရ၊ ယင်းသို့ သံဂါယနာတင်သည် ရှိသော် ဤသာသနာတော် သည် တာရှည်စွာ တည်တံ့ရာ ၏၊ ထိုသို့ တည်တံ့ ခြင်းသည် လူအများ အတွက် စီးပွါးဖြစ်ခြင်း၊ ချမ်း သာခြင်းငါ့ လောကကို စောင့်ရှောက် ခြင်းငါ့၊နတ် လူတို့အတွက် အကျိုး များခြင်း၊ စီးပွါးဖြစ်ခြင်း၊ ချမ်းသာခြင်းငါ့ဖြစ်နိုင်ရာ၏—ဟု ဟောတော်မူခဲ့ ပါသည်။

အရှင်ဘုရားတို့ ဤသို့လျှင် တရားတော်ရှင် မြတ်စွာဘုရားသည်လည်း အနက် သဒ္ဒါနှင့် ပြည့်စုံ သော တရားဟောပြောမူကိုသာ ခွင့်ပြုတော်မူခဲ့ ပါသည်၊ များစွာလည်း နှစ်သက်တော် မူပါသည်၊ ထိုသို့ ဟောပြောမူ သည်သာလျှင် သာသနာတော် ကြာရှည်စွာ တည်တံ့ရန် လူအများ အတွက်အကျိုး စီးပွါး ချမ်းသာ ဖြစ်ရန် လောကကို စောင့်ရှောက် ရန် ဖြစ်နိုင် ရာပါသည်၊ အနက် သဒ္ဒါမှ ကင်းသော တရား ဟောပြောမှု မျိုးကား ထိုကဲ့သို့ မဖြစ်နိုင် ရာပါ။

ဤသို့ အနက် သဒ္ဒါ ပြည့်စုံစိမ့်သောဘုံလည်း သဒ္ဒါကျမ်းတတ် ပရိယတ် ကျမ်းကျင်သော ရဟန်း တော်တို့သည် စည်းဝေး ပေါင်းဆုံကြ၍ ရှေးအခါ က ငါ့ရှင်တို့၊ ဤအနက်မှာ ဤသဒ္ဒါ ထိုသဒ္ဒါ အ ဘယ် သဒ္ဒါကသာ၍ သင့်လျော်ပါသနည်း၊ ဤ သဒ္ဒါမှာ ဤအနက် ထိုအနက် အဘယ်အနက်က သာ၍ သင့်လျော် ပါသနည်း ဟု ဆွေးနွေးခဲ့ကြ သံဂါယနာ တင်ခဲ့ကြ ကုန်သကဲ့သို့ ယခုအခါမှာ လည်း ဆွေးနွေးကြ သံဂါယနာ တင်ကြပါသည် ဤသို့ ဆွေးနွေးခြင်း သံဂါယနာ တင်ခြင်းကား သင့်လျော် လျောက်ပတ် ကောင်းမြတ်သော အ ကြောင်းပင် ဖြစ်ပါသည်၊ မြတ်စွာ ဘုရားလည်း ခွင့်ပြုတော် မူခဲ့ပါသည်။

ယခုအခါ ပိဋကတ် ကျမ်းဂန်တို့တွင် ထိုထို နေရာများ၌ အဓိပ္ပါယ် မရှိသော ပုဒ်တို့ကိုသာမက ဝါကျ များစွာတို့ကိုပင် တွေ့မြင် ရပါသည်၊ သဒ္ဒါ အမှားတို့ကား ပြောဘွယ်ရာပင် မရှိတော့ပါ။

ပုဒ်ဝါကျ အမှားများမှာ—

မဇ္ဈိမ နိကာယ် သုနက္ခတ္တသုတ်တွင် "အပိနု တာသ ပုရိသဿ တဿိ' ဝန္ဒေ ပုန ဘောတ္တု-ကမျတာ အဘ နောဟေတံ ဘန္တေ အဒုံ ဟိ ဘန္တေ ဝန္ဒ ပဋိကုလသမ္ဘတ"ဟူ၍ရင်း "အသပ္ပါယ် စက္ခုနှာ ရူပ် အနုယုဇ္ဇေယျ အသပ္ပါယ် မနသာ ဓမ္မ် အနုယုဇ္ဇေယျ အသပ္ပါယ် စက္ခုနှာ ရူပ် အနုယတ္တာဘ အသပ္ပါယ် မနသာ ဓမ္မ် အနုယတ္တာ ရာဂေါ စိတ္တံ အနုဠ္ဌေသေယျ။ သော ရာဂါနုဠ္ဌသိတေန စိတ္တေန မရဏံ ဝါ နိဂဿေယျ" ဟူ၍ရင်း၊ ဖြစ်သင့် ရာ ဟောပြောမှု မျိုးကား ထိုကဲ့သို့ မဖြစ်နိုင် ရာပါ။

သော ပါဠိတို့၌ ယိုးဒယား မြန်မာ အင်္ဂလန် နိုင်ငံ များမှသာမက သီဟိုဠ်ကျွန်းမှာပင် ကောင်းမွန်စွာ တည်းဖြတ်၍ ပုံနှိပ်ထားသော စာအုပ်များ၌–

"တသ္မိं ဘတ္တေ တသ္မိं ဘုတ္တေ အဒုံ ဟိ ဘန္တေ ဘတ္တं အဒုံ ဟိ ဘန္တေ ဝတ္တं"ဟူ၍၎င်း၊ "အသပ္ပါယံ စက္ခုနာ ရူပဒဿနံ အနုယုဇ္ဇေယ္ယု အသပ္ပါယံ စက္ခုနာ ရူပဒဿနံ အနုယုတ္တာသ"ဟူ၍၎င်း "သော ရာဂါနုဒ္ဓံသိတေနစိတ္တေနာတိ" ဟူ၍၎င်း ရှိနေကြပါသည်။

ဤကဲ့သို့ ပုဒ်ပါဠိများ ချွတ်ယွင်း တိမ်းပါးနေမှု ကြောင့်ပင် အကျွန်ုပ်တို့ သီဟိုဠ်ကျွန်းသား ဂိုဏ်း ကြီးသုံးဂိုဏ်းညီညွတ်စည်းဝေးကြ၍ မဟာနာယက အနုနာယက ထေရ်များအမှူးရှိသော စွမ်းနိုင်သော ရဟန်းတော်တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော် မူပြီးနောက် နှစ်ပေါင်း ၂၄၉၃–နှစ် ပြည့် မြောက်သော အခါ ခရစ်သကဒ် ၁၉၅၀–ခုနှစ် ဩဂုတ်လ ၁၅-ရက်နေ့တွင် အကျွန်ုပ်တို့၏ကျောင်း ဝိဇ္ဇာလင်္ကာရ ကျောင်း တိုက်မှာ ပေါင်းဆုံ စည်း ဝေးကြ၍ ဓမ္မ သံဂါယနာ တင်ခဲ့ကြပါသည်။

အကျွန်ုပ်တို့ ထိုဓမ္မသံဂါယနာသည် သုံးနှစ် ခြောက်လ ပြည့်သောအခါမှ ပဌမဆင့် ပြီးဆုံး ပါသည်၊ ယင်း ပဌမ ဆင့်၌ ဘုရားစကားတော် ဖြစ်သော ပိဋကတ သုံးပုံ အလုံးစုံကိုပင် ၀ါကျ ပုဒ် အကွဲထု စဉ်အတိုင်း သံဂါယနာ တင်ကြရာ မိမိနိုင်ငံ နိုင်ငံ ခြားများမှ စာအုပ်သစ် စာအုပ်ဟောင်း များကို အချင်းချင်း တိုက်ဆိုင် ကြည့်ရှုကြကာ ပုဒ် ပါဠိ သုစ်သင်မှုကို ပြုခဲ့ကြပါသည်၊ ပုဒ်ပါဠိကွဲတို့ကိုလည်း ဆုံးဖြတ်ခဲ့ကြပါသည်။

ယခုအခါ မှာကား ထို ဓမ္မ သံဂါယနာသည် ဒုတိယဆင့်သို့ရောက်ရှိနေပါပြီ၊ ယင်း ဒုတိယဆင့်၌ ပါဠိ ပါဠိချင်း၊ ၀ါကျ ၀ါကျချင်း၊ သဒ္ဒါ သဒ္ဒါချင်း အနက် အနက်ချင်း (ညှိနှိုင်း၍) သံဂါယနာတင် ကြပါသည်၊ ဆွေးနွေးကြပါသည်။

ထို့နောက် ဤနှစ်ကန့်လောက်မှာပင် အကျွန်ုပ်တို့၏ ဓမ္မသံဂါယနာတင် တတိယ အဆင့်ကို စတင် ပြုလုပ်နိုင်လိမ့်မည်ဟု ထင်ပါသည်၊ ယင်းသံဂါယနာ ကို ပဋ္ဌသတိကသံဂါယနာ၊ ပဋ္ဌသတိကသဒ္ဓာ–ယနာဟု ခေါ်ဆိုရပါမည်၊ ယင်း တတိယ ဆင့်၌ သဘာ၀ အားလျော်စွာ သဒ္ဒါ အားလျော်စွာ၊ အာ၀ရိယ ၀ါဒ အားလျော်စွာ၊ အဋ္ဌကထာ၌ကာ အားလျော်စွာ ကောင်းစွာ မှတ်သား၊ ဆုံးဖြတ် စူးစမ်း၍ ကောင်းမွန်စွာ တည်းဖြင့် ထားပြီးဖြစ် သော ဘုရား စကားတော် ပိဋကသုံးပုံ အလုံးစုံကို ပင် ရဟန်း သံဃာ ငါးထောကျော်တို့၏ အလယ်မှာ သံဂါယနာ တင်ကြပါမည်၊ ရှုတ်ဆိုသရဇ္ဈာယ်ကြပါ မည်။

အရှင်ဘုရားတို့ ထို့ကြောင့် ယခု ကဆုန်လပြည့် နေ့တွင် မြန်မာ နိုင်ငံတော်မှာလည်း ပရိယတ်အရာ နှံ့စပ် လိမ်မာ၍ သဒ္ဒါကျွမ်းကျင်၊ ထက်မြက်၊ စူးရှ၊ စွမ်းနိုင်တော် မူကြသော သာသနာပိုင်အဂ္ဂမဟာ ပဏ္ဍိတစသော မဟာထေရ် မြတ်များ အမှူးရှိသည့် သာသနာ့ ဝန်ဆောင် ရဟန်းတော်များ ယခုကဲ့သို့ သဒ္ဒါ ပညာ လက်ကိုင်ထားကြသည့် ဝန်ကြီးချုပ် စသော နိုင်ငံတော် အစိုးရနှင့် အခြားအခြားသော ဒါယကာတို့၏ လိုလေသေး မရှိအောင် ထောက်ပံ့ ကူညီမှုဖြင့် ဓမ္မသံဂါယနာကို ဆောင်ရွက် နေကြ ခြင်းသည် ကျွန်ုပ်တို့ ဝိဇ္ဇာလင်္ကာရ တိုက်သားတို့ အား ကြီးကျယ်သော မြေ၁လင့်ချက်ကို ဖြစ်စေပါ သည်၊ နှစ်သိမ့်မှုကိုလည်း ဖြစ်စေပါသည်။

အရှင်တို့၊ အရှင်တို့၏ ဤဆောင်ရွက်ချက်ကား အထွဋ် အထိပ်ပင် ဖြစ်ပေသည်။ အရှင်တို့၊ အရှင် တို့၏ ဤဆောင်ရွက်ချက်ကား အမြတ်ဆုံးပင် ဖြစ် ပေသည်၊ ဤ ဆောင်ရွက်ချက်သည်သာ သာသနာ တော် ကြာရှည်စွာ တည်တံ့ခြင်းငှါ ဖြစ်ပေသည်၊ ဤ ဆောင်ရွက်ချက်သည်သာ လူပေါင်း မြောက် များစွာ အတွက် အကျိုးများခြင်း၊ စီးပွါးဖြစ်ခြင်း ချမ်းသာခြင်းငှါ ဖြစ်ပေသည်။ ဤဆောင်ရွက်ချက် သည်သာ လူမျိုး အသီးသီး ဖြစ်ကြသော အကျွန်ုပ် တို့ ဘုရား တပည့်သားများ တလုံးတစည်းတည်း ညီညွတ်ကြခြင်းငှါ ဖြစ်ပေသည်။

အရှင်ဘုရားတို့၊ ထို့ကြောင့် ဤဆောင်ရွက် ချက် အကျိုးကျေးဇူးရှိ၍ ပြည့်ပြည့်စုံစုံ ပြီးမြောက် မည့် နည်းလမ်းဖြင့် ဤဆောင်ရွက်ချက် အတွက် ကိုယ်ရေစိတ်ပါ ဝိုင်းဝန်းကူညီကြမည်၊ ကြောင့်ကြ စိုက်ကြမည် ဟူ၍သာ အကျွန်ုပ်တို့ ယခုအခါ စိတ် ထားရ ပါမည်။

ဤဆောင်ရွက်ချက် အတွက် အကြွင်းမဲ့ ကူညီ လိုသော အကျွန်ုပ်တို့ ဝိဇ္ဇာလင်္ကာရ တိုက်သားတို့ သည် နေ့ရော ညဉ့်ပါ ဤအတိုင်းသာ နှလုံးသွင်း ဆုတောင်းနေကြပါသည်။

ခပ်သိမ်းသော သတ္တ၀ါ၊

ခပ်သိမ်းသော အသက်ရှိသော သတ္တ၀ါ၊

ခပ်သိမ်းသော အသက်မရှိသော သတ္တ၀ါ၊

သတ္တ၀ါ ခပ်သိမ်းတို့သည် ချမ်းသာကြပါစေ သတည်း၊

သတ္တ၀ါခပ်သိမ်းတို့သည် ငြိုမ်းခြင်းသို့ ရောက် ကြပါစေသတည်း။

THE TRANSLATION OF THE PĀLI SPEECH

By

THE VEN'BLE KIRIWATTUDUVE SIRI PANNASARA NAYAKA THERA

PRINCIPAL OF THE VIDYALANKARA PIRIVENA, KELANIYA, CEYLON AT THE

DHAMMA SANGĀYANĀ

HELD IN BURMA ON THE 17TH OF MAY 2497 B.E. (1954 C.E.)

It is indeed auspicious, friends, that we, all followers of the Enlightened One, of different nationalities and of different colours, assemble here, see one another, and discuss and rehearse the Dhamma together.

It is well known to all those who are conversant with the affairs of the world that in this atomic age the different peoples all over the world are living in great misery and in fear of war and death as though in Satthantara aeon in which people, mistaking one another for animals, annihilate one another, or as though in Samvatta aeon in which let alone human beings the whole world itself meets with destructuon.

We, the followers of the Sakyamuni Buddha, fervently believe that there is no other remedy than the message of the Enlightened One, perfect and pure, with its Doctrines of peace, non-violence, soullessness and self-control, if this great danger is to be averted and eradicated.

Therefore it is meet and proper that there are all such undertakings as will enable all the peoples in the world to seek refuge in Him, will help all Buddhists themselves to learn the Dhamma and live accordingly, and will lead to the stabilization of the Buddha Sāsana.

The Perfect One, the knower of the worlds' has made the following observations on this point : " Therefore Cunda, let all assemble together and rehearse the Dhamma, which I have realised and expounded, meaning by meaning and letter by letter, without arguing about it, so that the Sāsana is well-established for long, for the good of the many, for the well-being of the many out of compassion for the world, and for the benefit, well-being and happiness of gods and men."

It is permitted and assented to by the Perfect One that any one may expound the Dhamma, with its spirit and letter, for the stabilization of the Sāsana, for the benefit, well-being and happiness of the many and out of compassion for the world, but not without its spirit and letter.

For this reason, the Bhikkhus of the past, well versed in etymology and in the Doctrine, assembled together and carried on such discussions as the following: "Brethren, there are these and those letters for this meaning. Which of them are the most appropriate ? There is also this meaning or that for these letters. Which if them is the most appropriate ?" It is also opportune, timely and approved of by the Tathāgata, that there should also be such discussions and councils now.

There are to be found here and there in the Tipiṭaka texts not only many words but also many passages which are devoid of their meaning, let alone those devoid of their letters. For example, such readings in the Sunakkhatta Sutta of Majjhima Nikāya as " api nu tassa purisassa tasmin vante puna bhottu kamyatā assa ? No hetam bhante adum hi bhante vantam paṭikkūlasammatanti" and "Assappāyam cakkhunā rūpam anuyunjeyya..... asappāyam manasā dhammam anuyuñjeyya. asappāyam cakkhunā rūpam anuyuttassa. Assappāyam manasā dhammam anuyuttassa rago cittam anuddhamseyya So rāgānuddhastena cittena maranam vā nigaccheyya" are incorrectly given as " Tasmin bhatte ", " Tasmin bhutte," " Adum hi bhante bhattam," " Adum hi bhate vattam," " Asappāyam cakkhunā rūpadassanam anuyuñjeyya," " Asappāyam cakkhunā rūpadassanam anuyuttassa," and " So rāgānuddhamsitena cittenā," etc. in the texts which are said to have been edited, re-edited and printed in Thailand, Burma, England or Ceylon.

With this reason in view, we, the Bhikkhus representing the three sects of Ceylon, competent in the task, and led by Mahānāyakā, and Anunāyaka Theras, assembled at the Vidyalankāra Pirivena in the year of two thousand four hundred and ninety-three of the Lord's Parinibbāna, which roughly corresponds with the year of one thousand nine hundred and fifty of the Christian Era, on the fifteenth day of August, and inaugurated a Dhamma Sangāyanā.

It took us as long as three years and six months to complete the first stage of this Dhamma Sangāyanā, in which we rehearsed every letter, every word and every sentence of the Buddha Vacana, compared the different texts, local and foreign, modern and ancient, and arranged together and examined the different variations in readings.

In the second stage which is now in progress, we are rehearsing, discussing and comparing the Buddha Vacana, paragraph by paragraph, sentence by sentence and meaning by meaning.

The third stage of this Dhamma Sangāyanā will follow, it is hoped, at the close of the Lent this year. This will be known as Pancasatika Sangīti or Pancasatika Sajjhāyana and will rehearse, consider and examine carefully the whole of the Tipiṭaka, according to etymology, tradition and usage, before an assembly of Bhikkhus over five hundred in number.

It is, therefore, a matter of great rejoicing for us, of the Vidyalankāra Pirivena, that on this Vaisakha Fullmoon day, the Bhikkhus of Burma too, who are shouldering the responsibilities of the Sāsana, well accomplished in the Scriptures, well versed in etymology, confident, able and competent and led by the Venerable Sangharājā, the Venerable Aggamahāpaṇḍitas and other Venerable Mahātheras, are inaugurating this Dhamma Sangāyanā, with the full co-operation of the Prime Minister, the other leaders of the State and the other Dāyakas who are devoted and wise.

Noble indeed, friends, is this inauguration ! Great indeed, is this inauguration. This will no doubt lead to the stabilization of the Sāsana for long. This will lead to the benefit, well-being and happiness of the many. This will also lead to the unity and harmony among us, the Buddhists of all nationalities.

Therefore, friends, we must resolve and determine that we will strive both physically and mentally for making this inauguration effective, fruitful and complete in full.

We, therefore, of the Vidyalankāra Pirivena hope and pray, day and night, as above and desire to be of service to the Dhamma-Sangāyanā in every possible way.

May all beings be happy !

May all attain Nibbāna !



သီဟိုဠ်ကျွန်း-ကလျှာဏီ ဝိဇ္ဇာလင်္ကာရ ပရိဝေဏ ကျောင်းအုပ်ကြီး ကိရိဝ တုဒုဝ-သီရိ ပညာသာရ နာယက ထေရ် သဒ္ဓေသကထာမြွက်ကြားနေပုံ

Ven'ble Kiriwattuduve Sīri Paññāsāra Nāyaka Thera, Principal of the Vidyālaṅkāra, Kelaniya, Ceylon, delivering an address of veneration

နီပေါလ် နိုင်ငံ သံဃ ကိုယ်စားလှယ်တော်မျှားပုံ
(နီပေါလ်ဆရာတော် ဘိက္ခုပညာနန္ဒက သန္ဓေသမ္ပြက်ကြားတော်မူသည်)

A Bhikkhu Delegation from Nepal. Ven'ble Pragyananda Mahāthera delivering an address of veneration

နိပေါဆရာတော်ပညာနန္ဒ၏သန္ဓေသကထာ

ဤသံဃိယနာ မဟာ ဓမ္မသာဘင် ဖွင့်ပွဲကြီးသို့ တက်ရောက်တော်မူကြကုန်သော သံဂီတိကာရက ဓေထရ်များနှင့်တကွ မဟာထေရ် အရှင်သူမြတ်တို့ အားသမ္ဘည့ဝ ဗုဒ္ဓရှင်တော်ဘုရား သန့်စင် မွေ့ဖွားတော်မူရာ အရပ် ဒေသ ဖြစ်သော နိပေါလ် နိုင်ငံတော် ရဟန်းတော်များ ကိုယ်စား လေးမြတ်သည့် ဩဘာစကား လျှောက်ထားရန် အခွင့်တောင်းပါကြောင်း။

ဆရာတော် သံဃာတော် အရှင်သူမြတ်များ ဥပါသကာနှင့်ဥပါသိကာတို့သည်ဗုဒ္ဓရှင်တော်ဘုရား၏ ဒေသနာတော်၌ သဒ္ဓါတရား ထက်သန်ကြသည့် အားလျော်ညီစွာ ဤမဟာ ပါသာဏဂုဟာလိုဏ်ဂူတော်အတွင်း၌ ဆဋ္ဌသံဂါယနာ မဟာ ဓမ္မသာဘင်ကြီးကို ဆင်နွှဲရန် ဖြစ်ပါသည်၊ သုံးလူ့ဝတ္ထုထားရှင်တော်ဘုရားသည် ဒေဝဒဟနှင့် ကပိလဝတ် ၂-နိုင်ငံအကြား၀ယ် သန့်စင်ဖွားမြင်တော်မူ၍ ဤနေရာကို ယခုအခါ နိပေါလ်နိုင်ငံ ဟု ခေါ်တွင်ကြပါသည်၊ ဒေဝဒဟနှင့် ကပိလဝတ် ၂-နိုင်ငံရှိ တိုင်းသူပြည်သားများကို တနေရာမှ တနေရာသို့ လူးလာဆန်ခတ်ကြ၍ နိပေါလ်ပြည်သည် သာကီယ မင်းသား၏ဖွားရာ ဒေသဖြစ်ပါသည်၊ ကျွန်ုပ်တို့သာမက ကမ္ဘာပေါ်ရှိ လူအပေါင်းတို့သည် ဗုဒ္ဓရှင်တော်ဘုရား၏ ဇာတိဒေသဖြစ်သည့် ဤနေရာကို အထူးသဖြင့် ရိုသေသမှု ဂါရဝ ပြုကြပါသည်။

ဟခါက ဗုဒ္ဓရှင်တော်ဘုရားသည် ဒေသစာရီ ဖြန့်ချီတော်မူခဲ့၍ ဤဒေသ၌ သက်နီး အဝေးရောင် တို့ဖြင့် တောက်ပ လင်းထိန်ခဲ့ပေသည်၊ ထေရဝါဒ ဗုဒ္ဓဘာသာသည် တဖြေးဖြေး ကျယ်ပျောက်ပြီး ယခုအခါ ဘာမျှ မကျန်သလောက် ဖြစ်နေပါသည်၊

လွန်ခဲ့သော နှစ်ပေါင်း၃၀-လောက်က နိပေါလ်ပြည်သား ရဟန်းတပါးသည် မြန်မာပြည်နှင့်သီဟိုဠ် ကျွန်းသို့ ကြွသွားပြီးလျှင် ဥပသမ္ဘဒက်ကို ခံယူကာ ရဟန်း အဖြစ်သို့ ရောက်တော် မူပြီးလျှင် နိပေါလ်ပြည်သို့ ပြန်ကြွလျက် ဗုဒ္ဓသာသနာတော်တိုးပွါးရန် ဆောင်ရွက်ခဲ့ပါသည်၊ ထိုအချိန်အခါက ဤတိုင်းပြည်သည် မိန္ဒာဒဿီ ရှင်ဘုရင်၏ လက်အောက်တွင် ကျရောက်နေရာ ထိုရဟန်းကို နိပေါလ်ပြည်မှ နှင်ထုတ်လိုက်ပါသည်။

ယခု တိဘုဝန ဝိယ ဘုရင်၏ လက်ထက်တော်၌ ရဟန်းတော်များသည် ဗုဒ္ဓ သာသနာတော်ကို ပြန့်နှံ့ရန်အလို့ငှါ လုတ်လပ်စွာ ဆောင်ရွက်နိုင်ကြရန် အခွင့် ရရှိပါသဖြင့် ထိုဘုရင်ကလည်း ရဟန်းတော် များအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ပါသည်။

လွန်ခဲ့သော ၂-နှစ် ၃-နှစ်လောက်က အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့၏ မွေ့သရီခေတ်တော်များကို ကျွန်ုပ်တို့ ပြည်သို့ ပင့်ဆောင်လာရာ ၎င်ဘုရင်က တခမ်းတနား ကြိုဆို၍ ကြလာကြသော ရဟန်းတော်များကို မိမိ၏ နန်းတော်၌ ဆွမ်းကပ် လှူဒါန်းပါသည်။

ကျွန်ုပ်တို့ နိပေါလ် ပြည်သား ရဟန်းတော်များသည် အရေအတွက် အားဖြင့် နည်းပါးသော်လည်း သာသနာအကျိုးကို သည်ပိုး ရွက်ဆောင်လျက် ရှိနေကြပါသည်၊ ဤသို့တပြီးကား ကျွန်ုပ်တို့သည် နိပေါလ်ပြည်၌ ဗုဒ္ဓသာသနာတော် တိုးတက်ရန် အလို့ငှါ အပြင်အပများမှ သိက္ခာကာမ လူငယ်ပေသလနှင့် ပညာရှိ ရဟန်းတော်များကို လိုအပ်ပါသည်။

ဤဆဋ္ဌသံဂါယနာမဟာဓမ္မသာဘင်ကြီး ပြီးဆုံးသည့်အခါ မြန်မာပြည်မှ ဓမ္မဒူတပဂ္ဂိုလ်များသည် တပည့်တော်တို့ နိပေါလ်ပြည်သို့ ကြွလာမည်ဟု ထင်မြင်မိပါသည်။

ကုဋ္ဌေပေါင်းများစွာ အကုန်အကျ ခံ၍ ဆင်ယင် ကျင်းပသော ဤမဟာဓမ္မသာဘင်ကြီး ပြီးဆုံးသည့်အခါ၌ သာသနာတော်ပြန့်ပွါးစေရန် နိပေါလ်ပြည်သို့ ဓမ္မဒူတ ရဟန်းများ စေလွှတ်လိမ့်မည် ဟု မြော်လင့်လျက် နေကြပါသည်။

မဟာထေရ်အရှင်သူမြတ်များ ဝန်ဆောင်ဆရာတော်များနှင့် ဤနိုင်ငံရှိ သဒ္ဓါတရား ထက်သန်သော ပုဂ္ဂိုလ်တို့ ဆောင်ရွက်ကြသော ဤသာသနာတော် တိုးတက်စေရန် လုပ်ငန်းသည် နောင်ကြိမ်ဖန်များစွာ မိမိတို့ ဖြစ်လေရာ ဘဝတို့၌ ရှေ့ပြည် နိဗ္ဗာန်သို့ တက်လှမ်းနိုင်ရန် အထောက်အပံ့ ဖြစ်စေ နိုင်ပါလိမ့်မည်ဟု တပည့်တော်တို့ ထင်မြင်ယူဆမိပါသည်။

ဤကြုံကြိုက်ခဲလှသည်ဟု ဆိုအပ်သော မဟာဓမ္မသာဘင်ကြီးကို မျက်မှောက်တွင် တွေ့မြင်ရသော အခါ ကျွန်ုပ်တို့မှာ အားရ ရွှင်လန်း စိတ်ထကြွလာ့စေပါသည်၊ အားလုံးသော ပုဂ္ဂိုလ်များသည်နိဗ္ဗာန ရွှေပြည်သို့ တက်လှမ်း နိုင်ကြပါစေသတည်း။

ဗုဒ္ဓသာသနာတော်ကြီး အခွန်ရှည်စွာ တည်တံ့ခိုင်မြဲပါစေ။

ဤ ဗုဒ္ဓဘာသာ ကမ္ဘာကြီး စည်ပင်သာယာ ဝပြောပါစေ။

ADDRESS GIVEN BY PRAGYANANDA MAHĀTHERA OF NEPAL ON BEHALF OF DHARMODAYA SABHA

BHANTE,

Having given my deep respects to the Sangītikara Theras and Mahātheras who assemble here, I may respectfully deliver an address of veneration on behalf of the bhikkhus of Nepal which was the birth place of the Omniscient Buddha. Bhante, Your Venerable Selves, Upasakas and Upasikas, having great Saddhā in the Buddha-Dhamma, are going to hold the Chaṭṭha Sangāyanā in this Mahā Pāsāṇa Guhā. The Supreme Buddha was born in a place between the Kingdoms of Devadaha and Kapilavatthu and this place is now known as the Kingdom of Nepal. The people of Devadaha and Kapilavatthu are plying to and from each other and the Kingdom of Nepal is the birth-place of the Sakkiya Prince. Not only we but also all the people of the world pay their deepest respects to this place, being the birth-place of the Buddha.

At one time the Buddha set his feet on this soil which was flooded with a colour of the Yellow Robe. But now the Theravāda Buddhism has died out gradually and is now reduced to nearly nothing.

About thirty years ago one Nepalese bhikkhu went to either Burma or Ceylon and was ordained there and on his return he propagated the Buddha-Dhamma in Nepal. At that time as the country was under the rule of a Micchā-diṭṭhi King, that bhikkhu was exiled from Nepal.

During the regime of the present King Tibuvana Vira, we have liberty to propagate the Buddhist Doctrine and the King is also supporting us with the Four Requisites.

About two or three years ago when the Sacred Relics of Sariputta and Moggallana arrived at our place, the King received them with great pomp and grandeur, and he offered meals to the bhikkhus present there, in his palace.

We the Nepalese bhikkhus who are working for the promotion of the Buddha's Sāsana are however few in number. This being the case we desire the morally virtuous and learned bhikkhus ouside for the propagation of the Buddha's Teachings in Nepal.

We contemplate that after the completion of the Sixth Great Buddhist Council the Buddhist missionaries will come over to our country.

After the completion of this Great Council for which crores of kyats have been spent, we wish that Buddhist missionaries be sent to Nepal to propagate the Buddha-Dhamma there.

We think the work now done by the Venerable Sayadaws, Wunzaung Sayadaws, and the devotees of this country will be a help for them to attain Nibbāna in their future births.

Having seen this Great Buddhist Council which may be called a Rarity, we are much elated with joy and we earnestly wish that you all may attain Nibbāna.

Let the Buddha-Dhamma remain for long.

Let this world of Buddhism always meet with prosperity.

ဒုန္ဒုဘေမြည် မဟာဗောဓိအသင်း ဆရာတော် ပဉ္ဇာတိအိပ်ချ်—သङ္ဂါတိသမဒေရ၏ သန္ဒေသကထာ

အရှင်ကောင်း အရှင်မြတ်တို့ဘုရား....

သံဃပါမောက္ခ မဟာထေရ် အရှင်မြတ်နှင့် အလုံးစုံသော သံဂီတိ ကာရက အရှင်မြတ်တို့သည် တပည့်တော်၏ စကားကို လျှောက်ထား ခွင့်ပေးသနားတော်မူကြပါဘုရား။

We the Nepalese bhikkhus who are working for the promotion of the Buddha's Sāsana are however few in number. This being the case we desire the morally virtuous and learned bhikkhus from ouside for the propagation of the Buddha's Teachings in Nepal.

We contemplate that after the completion of the Sixth Great Buddhist Council the Buddhist missionaries will come over to our country.

After the completion of this Great Council for which crores of kyats have been spent, we wish that Buddhist missionaries be sent to Nepal to propagate the Buddha-Dhamma there.

We think the work now done by the Venerable Sayadaws, Wunzaung Sayadaws, and the devotees of this country will be a help for them to attain Nibbāna in their future births.

Having seen this Great Buddhist Council which may be called a Rarity, we are much elated with joy and we earnestly wish that you all may attain Nibbāna.

Let the Buddha-Dhamma remain for long.

Let this world of Buddhism always meet with prosperity.

ဗုဒ္ဓဒေသ ကပိလဝတ်ပြည်ရှိ ဒေဝဒဟနှင့် ကပိလဝတ်ပြည်ကြီးတို့ ကြားရှိ ကပိလဝတ်ပြည်ကြီး ဖြစ်ပါသည်။ နတ်နှင့်တကွသော လူများ၏ အကျိုးစီးပွါးအလို့ငှါ ကောင်းစွာ ဟောကြားတော် မူအပ်သော တရားတော်မှာ နှစ်ပေါင်း နှစ်ထောင်ကျော်မျှ မျက်မှောက် အကျိုး တမလွန် အကျိုးကို ပြီးစီးစေလျက် ကောင်းကင်တွင် လဝန်းကဲ့သို့ တောက်ထွန်းခဲ့ပါသည်။ ကောသလ ဗိမ္ဗိသာရ စသောဘုရင်များသည်၎င်း၊ အနာထပိဏ်စသော သူဌေးများသည်၎င်း ရတနာသုံးရပ်ကို မပြတ် ဆည်းကပ် ကိုးကွယ်လျက် ရှင်တော်ဘုရား၏သာသနာ့ စည်ပင်ပြန့်ပွါးရေး အတွက် များစွာသော ဓန ဥစ္စာတို့ကို စွန့်လွှတ်၍ အတိုင်းမသိ အကျိုးကို ပြီးစီးစေခဲ့ကြပါသည်၊ ထောင်ပေါင်း များစွာသော အမျိုးကောင်းသားတို့သည် ရင်ကို မြေကတုတ် ပြုလုပ်ကာ ဓမ္မအောင်လံတော်ကို လှင့်ထူပြီး သာသနာရောင်ကို ထွန်းပြောင် ထိန်လင်းစေခဲ့ကြပါသည်။ ထိုဇမ္ဗူဒီပမှာ သက်နိုးရောင်တို့ဖြင့် ထွန်းလင်း တောက်ပ

ဒုန္ဒုဘေမြည် မဟာဗောဓိအသင်း ဆရာတော် ပဉ္ဇာတိအိပ်ချ်—သङ္ဂါတိသမဒေရ၏ သန္ဒေသကထာ

ကျောင်းတော်ကြီးများ ပေါ်ပေါက်ကြ၏။ ယခု ကျွန်ုပ်တို့ ကပိလဝတ်ပြည်ကြီးသည် ဗုဒ္ဓ၏ ဇာတိပြည်ဖြစ်ပါ၏။ ဗုဒ္ဓ၏ ဇာတိပြည်ကြီးဖြစ်ရကား ကမ္ဘာပေါ်ရှိ လူတို့ကိုယ်တိုင် ကိုးကွယ်ကြ ရကုန်ပေ၏။ ကပိလဝတ်ပြည်ကြီးသည် ယခု နေပြည်တော်ကြီးဟု ခေါ်ဝေါ်ကြ ရ၏။ ဗုဒ္ဓ၏ ဇာတိပြည်ကြီးဖြစ်ရကား ကပိလဝတ်ပြည်ကြီးနှင့် ဒေဝဒဟ ပြည်ကြီးတို့ ကပ်ရိုကပ်ရိုပြုကာ ကိုးကွယ်ကြ ရ၏။ ကပိလဝတ်ပြည်ကြီးသည် ယခု ကျွန်ုပ်ကို

ယနာတင်၌အရှင် မောဂ္ဂလိပုတ္တတိဿ၏ သြဝါဒကို ခံယူလျက် ဓမ္မာသောကမင်းကြီးသည် ထိုထိုသော တိုင်း နိုင်င် တို့တွင် သာသနာ တည်ထွန်းစေရန် အတွက် ဓမ္မဒူတများ စေလွှတ်ကာ လူတို့၏အစီး အပွါးကို ကြီးမားစွာ ဆောင်ရွက်တော်မူခဲ့ပါသည်၊ အရှင်သောဏနှင့် အရှင်ဥတ္တရ အမည် ရှိသော ရဟန္တာ အရှင်မြတ် နှစ်ပါးတို့သည် သုဝဏ္ဏဘူမိဟူ၍ ၎င်း အခြား အမည်ဖြင့်လည်း မြန်မာနိုင်ငံတော်ဟု ကျော်စောသော အရပ်သို့ ကြွတော်မူပြီး ဗုဒ္ဓသာ သနာကို တည်ထွန်းစေတော်မူခဲ့ကြပါသည်။

ထိုအခါမှစ၍ ဤနိုင်ငံတော်တွင် သာသနာ သုံးရပ် တည်တံ့ပြီးလျှင် ကြီးစွာသော အကျိုးစီးပွါး ကို ဆောင်လျက် ယနေ့တိုင်အောင် နတ်နှင့်တကွ သော လူတို့ကို ရွှင်လန်း နှစ်သိမ့်လျက်ရှိပါသည်။ မြန်မာပြည်ဘွား အရှင်တို့ကား ရှေး အစဉ်မပျက် ဆင်းသက်ခဲ့သော ရှင် လူများ ဖြစ်ကြလျက် သာ သနာ ထွန်းလင်းရေးတို့ကို ထိန်းသိမ်းစောင့်ရှောက် တော်မူခဲ့ကြသော ပုဂ္ဂိုလ်များ ဖြစ်ပါသည်။

မင်းတုန်းမင်း တရားကြီး ရွှေလက်ထက်တော် အခါက ပဋ္ဌမ သံဂါယနာ တင်တော် မူကြပြီးလျှင် ပရိယတ္တိသာသနာ စည်ပင် ပြန့်ပြော ရေးအတွက် အမျိုးမျိုး အဖုံဖုံ ပြည့်စုံအောင် ဆောင်ရွက်တော် မူခဲ့ပါသည်။ ထိုစဉ် အခါက ဘဝရင် မင်းတုန်းမင်း တရားကြီး၏ အမိန့်အာဏာဖြင့် ပိဋကတ်သုံးဖြာကို နို့ ခမ်းကျောက် (စကျင်ကျောက်) ကြီးများပေါ် တွင် ပိဋကတ်တော်များ ရေးထု ထွင်းထားခဲ့သည် မှာ သာသနာ ငါးထောင်ပတ်လုံး တည်ထွန်းရေး ပင် ဖြစ်ပါတော့သည်။

နှစ်လှိုဘုယ် ကောင်းလှသော ဗုဒ္ဓသာသနာ ဏာ်သည် နိုင်ငံရပ်ခြား တိုင်း တပါးတို့တွင် ထွန်း လင်း ပင့်စည်နေသော အခါတွင် သာသနာတော် မူလ ဖြစ်ပေါ် ရာ ဇမ္ဗူဒီပမှာ တရားအလင်းရောင်ကို မရကြပါသဖြင့် ကိုးကွယ်ရာမဲ့သည့် ဘဝသို့ ရောက် ကြရပါသည်၊ သာသနာတော်ကို မြတ်နိုး တော်မူ ကြပါသော မင်း-မင်းအမတ်ကြီးတို့သည် ထောင် ခဲ့ကြပါသော သာသနာ၏ အဆောက်အဦကြီး များမှာ အနိစ္စ သဘောကို ပြသလျက် ယခုအခါ တွင် မြေအောက်သို့ ရောက်နေကြပြီ ဖြစ်ပါသည်။

ကုဋ္ဌေပေါင်း များစွာသော အရိယာ သာဝက တို့ဖြင့် ပြည့်လျှံ နေသော ရှာ-နိုဂုံး-မင်းနေပြည်တို့ မှာ အယူတပါးတိတ်ထွများဖြင့် ရောထွေးလျက် ဇမ္ဗူ ဒီပတွင် 'ဗုဒ္ဓ' ဟူသော အမည် နာမတော်ကိုပင် မသိကြသော အနွယာလ ပုထုဇဉ်များ၏ နေရာ အရပ် ဖြစ်နေပါသည်၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေ ဟူသော သာသနာတော် အဘယ်မှာ တည်ရှိပါ တော့သနည်း။

အမြင်မေှာက်မှား နေသူများသည် ရတနာသုံး ပါး၏ ဂုဏ်ကျေးဇူးကို မသိကြလေသဖြင့် ထိုဂုဏ် များကို အခြံအရံအားဖြင့်ရင်း၊ ဥစ္စာခန အားဖြင့် ၎င်း လဲလှယ်လိုက်ကြသောကြောင့် မကြာမီ အ တွင်းမှာပင် သူတပါး လက်တွင်းသို့ သက်ဆင်းကြရ ပါသည်။ ဤသို့လျှင် အနှစ်ရာပေါင်း များစွာ ကျော်လွန်၍ အနှစ် နှစ်ထောင်ထက်တွင် သီဟိုဠ် ကျွန်းတွင် ဥစ္စာခနကြွယ်ဝသော ဓမ္မပါလ အမည်ရှိ သော ပုဂ္ဂိုလ်ကြီးသည် ဘုရား အလောင်းကဲ့သို့ သော လှူလေ့ဝိရိယဖြင့် မဟာဗောဓိပင်ကို ပူဇော်ရန် ဇမ္ဗူဒီပသို့ လာခဲ့ပါသည်၊ အယူတပါး မိစ္ဆာတိတ္ထိ များ ဗုဒ္ဓဂယာ ဗောဓိမဏ္ဍိုင်တွင် သာသနာနှင့် ဆန့်ကျင်လျက် မတော် မလျော် ပြုကျင့် နေကြ သည် ကို တွေ့ မြင် ရ ၍ သံဝေဂ ဖြစ် ပေါ် ကာ "ဇမ္ဗူဒီပတွင် သာသနာ ပြန်လည်၍ ထွန်းလင်း စေရမည်" ဟု အဓိဋ္ဌာန်ပြုပါသည်၊ ထိုပုဂ္ဂိုလ်ကြီး၏ မှန်မြတ်လှသော ရည်ရွယ်ချက်ကြီးနှင့် အားထုတ်မှု တို့ကြောင့် မဟာဗောဓိအသင်းမှ အရှေ့ဘက် အနောက်ဘက် များ သို့ သာသနာ ဖြန့် ချိ နိုင် ခဲ့ ပါသည်။

ယနေ့သည်ကား လောဘ၊ ဒေါသ၊ မောဟ ဟု ဆိုအပ်ကုန်သော ပါပမမှတို့ဖြင့် ဖုံးလွှမ်းခြင်း ခံရ၍ရှိသူများမှာ သစ္စာတရားကို မသိကြသော ကြောင့် ကြောက်မက်ဘွယ် ဝါဒဆိုးတို့ဖြင့် အမျိုး မျိုး ငြင်းခုံကာ ကမ္ဘာကြီး ပျက်စီးတော့မည့် အ သွင် စစ်ဖြင့် ခြိမ်းချောက်နေကြပါသည်။ ဤဆဋ္ဌ သံဂါယနာသည် လူတို့၏ ကောင်းကျိုး ချမ်းသာ အတွက် တစုံတရာ ထွက်ရပ်လမ်းကြောင်းကို ရရှိခဲ့ ပါလျှင် အရှင် ဘုရားတို့ တပည့်တော်တို့၏ ၎င် သာသနာတော်မှ ကျယ်ပြန့်သော အကျိုး ဇလ ဟု ဆိုရမည် ဖြစ်ပါသည်။

ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကို အစဲ ပြု၍ စိတ်တူ ကိုယ်မျှ ရောက်ရှိလာကြပါသော တပည့်တော်တို့သည် အရှင်မြတ်တို့အား အထူးပင် ကြည်ညိုလေးစားစွာနှင့် သက်တော် ရာကျော်ရှည် စေကြောင်း ဆုတောင်း ပတ္ထနာ ပြုလိုက်ပါသည် ဘုရား။

အရှင် ဘုရားတို့၊ ဆည်းပူး ပြုလုပ် အပ်သော ဤ မဟာအသဒိသ ကောင်းမှုကုသိုလ်တို့ကြောင့် ချမ်းသာရာမှန် ပြည်နိဗ္ဗာန်သို့ ကေန် မျက်မှောက် ပြုတော်မူနိုင်ကြပါစေ ဟု ဆုတောင်း ဆုယူ ပြုမူ လိုက်ရကြောင်းပါဘုရား။

AN ADDRESS OF VENERATION DELIVERED BY THE VEN. PANDIT H. SADDHATISSA THERA OF MAHĀBODHI SOCIETY, INDIA, TO THE PRESIDING MAHĀTHERA AND THE SANGĪTI-KĀRAKA BHIKKHUS

MOST RESPECTFULLY, BHANTE,

May I be permitted to deliver an address of veneration.

I respectfully crave the indulgence of your venerable selves to listen to my short address, which I am delivering at the suggestion of the venerable Mahātheras of Mahābodhi Society, India.

Jambūdīpa Island (India) is the birth place of the Omniscient Buddha—the Compassionate One. Over two thousand years ago, the Buddha Dhamma had flourished in India as a full moon shines brightly in the sky, for the benefit of mankind and Devas, both in this existence and after. Devotees of old such as King Kosala, King Bimbisāra, Anāthapiṇḍika had forsaken their wealth and taken refuge in the Triple Gem, striving their best for the prosperity of the Sāsana. Thousands of people had caused the Buddha Sāsana to flourish by treating their breasts as ground, and setting up the Dhamma flags on it. In that Jambūdīpa Island (country of India) the people of that time had even experienced the gusts of wind caused by psychic-powered Bhikkhus and ascetics travelling in the air.

Of the three kinds of Sāsanas—Pariyatti (Learning the Wording of the Doctrine), Paṭipatti (Practising the Doctrine), Paṭivedha (Realising it), Pariyatti (Text) only is the foundation of all. If the "Learning of the Wording of the Doctrine" declines, it will be an annoyance to the Paṭipatti and both cannot prosper.

This being the case, Paṭivedha-sāsana which encounters the waning situation of the other two sāsanas will also follow suit. Having well considered that the Pariyatti is the foundation of the Buddha Sāsana, the Buddha's disciples, devout kings and courtiers and lay devotees of olden times had honoured the Buddha Dhamma by refuting the heretics and revising all the Teachings of the Buddha.

The First, the Second and the Third Councils held in India will bear testimony to it. The Supporters of those Sangāyanās such as King Ajātasattu, King Kālāsoka and Emperor Āsoka; the leading Mahātheras such as Arahant Kassapa, Arahant Yasa and Arahant Moggaliputta Tissa, and all devotees who desired to promote the Sāsana, had, according to the pervailing circumstance, protected the Sāsana from the impending dangers with great perseverance. At the time of the Third Great Council, under the instructions of the Venerable Moggaliputta Tissa Mahāthera, Emperor Asoka deputed many Buddhist Missionaries to various countries for the purpose of propagating the Teachings of the Buddha. The two Arahants Soṇa and Uttara were sent to Suvaṇṇabhūmi where today is Lower Burma, and there they established the Sāsana.

Thenceforth, the three Sāsanas—Pariyatti, Paṭipatti and Paṭivedha came into existence in this country, and they are still flourishing to the great delight of men and Devas. As regards your venerable selves who are from the Union of Burma, your spiritual predecessors and the lay devotees of old had well preserved the Texts for the promotion of the Pariyatti Sāsana. During the reign of King Mindon of Mandalay, the Fifth Buddhist Council was convened for the purpose of revising the Texts, and all Sāsana works necessary for the progress of the Pariyatti Sāsana has been accomplished. Under the royal order all the Teachings of the Buddha were inscribed on marble slabs so that the Buddha Sāsana would last for another 2,500 years. While the glorious Sāsana is shining in other countries, the rays of the Buddha Dhamma disappeared from India, the birthplace of Buddhism. Not being able to go against the Law of Anicca, the monastic buildings and shrines built by the kings and courtiers of olden days are now lying underneath the ground.

The Indian towns and villages which had at one time, been the residence of many Disciples of the Buddha, have now become the residential places of ignorant people and *micchādiṭṭhikas*. Where can there be the three kinds of Sāsanas ?

As the people did not know the inherent values of the Triple Gem and were influenced by heretic views, they were only after wealth and prosperity, thus allowing the Sāsana to fall into others' hands.

After a lapse of over two thousand years, Dhammapāla, a wealthy citizen of Ceylon came on a pilgrimage to Buddha Gaya to pay homage to the Bo Tree. When he saw the *micchādiṭṭhikas* residing in the vicinity of the Sacred Bo Tree and were doing things detrimental to the interests of Buddhists, he determined to spend the rest of his life for the recovery of the sacred Temple and the spread of the Dhamma in India. Owing to his endeavours the Mahābodhi Society of India came into existence, and it is now propagating Buddhism to the West and the East.

Today we see a world torn by conflict and steeped in misery ; we see nations banded against each other living in fear and so full of Greed, Hatred and Delusion. If there is a way out of this appalling condition for the benefit of mankind, by holding this Chaṭṭha Sangāyanā it must be due to the concerted efforts of us all. We who gather here today on account of this Chaṭṭha Sangāyanā pay our deepest veneration to the Sangīti-kāraka Bhikkhus and earnestly wish that your venerable selves may enjoy long life and prosperity.

May all of you attain Nibbāna by virtue of these imcomparable wholesome volitional actions.

ပါကစ္စတန်ပြည် ဗုဒ္ဓဘာသာကိုယ်စား
လှယ်တော်များ
[အပေါ် ထောင့်စွန်းမှ ဝင်္ဂီသထေရ်၏
ဓါတ်ပုံကိုသီးခြားပြထားသည်]

Representatives from Pakistan Buddhist Cultural Association and World Fellowship of Buddhists (Pakistan Centre), Pakistan. Photograph of Ven. Vangisa Thera is inset.



ပါကစ္စတန်ပြည် ဗုဒ္ဓဘာသာယဉ်ကျေးမှုအသင်းနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာသမဂ္ဂီဥက္ကဋ္ဌဆရာတော် ဝေါ်ဒီသမထေရ၏ သန္ဓေသကထာ

ယနေ့သည်ကား ကျွန်ုပ်တို့အတွက် ဆင်ခြင်သုံးသပ်ရမည့် နေ့ပင် ဖြစ်ပါသည်၊ မှတ်တမ်းတင်ရမည့် ဤနေ့တွင် ကမ္ဘာ့ နိုင်ငံ အသီးသီးတို့မှ ကိုယ်စားလှယ်တော်များ အဖြစ်ဖြင့် ဘုရားပုထိုးများ ပေါများလှသည့် ဤမြေပေါ်ဝယ် ကျွန်ုပ်တို့ ရောက်ရှိလာကြပါသည်။

လောဘ ဒေါသ မောဟ တရားများနှင့် အပြည့်ဖုံးလွှမ်းလျက် နေသော ကမ္ဘာသူ ကမ္ဘာသားတို့အား မိမိတို့၏ အတ္တဟိတကို ပရဝေန မထားဘဲ ပရဟိတ အလိုငါ့ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရား ရေဒေး အမြိုက်ဆေးများကို တိုက်ကျွေးခဲ့၍ သတ္တဝါများကို သမ္မာဒိट्ठि ဖြောင့်မတ်သည့် အယူသို့ ရောက်အောင် ပို့ဆောင် ခဲ့ပေသော ကျွန်ုပ်တို့၏ ဘေးဘိုး ဘီဘင်တို့ကို ပြန်လှန်သတိရစေရန် သင်္ကေတများ ဖြစ်သော ဘုရားများ ပေါ်ထွန်းရာ အရပ်ဒေသဟုလည်း ခေါ်ဆိုနိုင်ပါသည်။

ဤ ကြီးကျယ်၍ တိတ်နိမ်တိတ် ကောင်းသည့် အခါတော်၌ ပါကစ္စတန်ပြည် ယဉ်ကျေးမှုနှင့်ကမ္ဘာ ဗုဒ္ဓဘာသာ သမဂ္ဂ ဗဟိုရိဒ္ဓာနတို့ကိုယ်စား အဆွေတော်တို့နှင့် တကွ ဗုဒ္ဓဘာသာဝင် နိုင်ငံများ၏ သက်ဆိုင်ရာကိုယ်စားလှယ်များထံ ကျွန်ုပ်က ဆုမွန်ကောင်းများ ဆောင်ကြဉ်း ခဲ့ပါသည်။

နှုးညံ့သိမ်မွေ့သည့် သာသနာတော် အတွက် အစွမ်းကုန် ဆောင်ရွက်ရန် ကမ္ဘာ အရပ်ရပ်မှ စုရုံးလာကြကုန်သော စာပေ တတ်မြောက်၍ အရည်အချင်းနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များ အလယ်ဗဟိုရ၌ ဤကဲ့သို့ ကြီးကျယ်သည့် အခွင့်အရေး ရပါသဖြင့် စတင် စိမ်ဆောင်ရွက်သူများကို ကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့ သိရှိကြသည့်အတိုင်း ရှေးအထက်ကျော် ကာရိက သာသနာတော်ဝယ် သဒ္ဓါတရား ရိုကြကုန်သော သူတော်စင် အပေါင်းတို့သည် သာသနာတော်တွင် ဆုးခြောင့် ခလုတ်များ ပေါ်ပေါက်၍ သာသနာတော် မေးမှိန်ဘွယ်ရာ အကြောင်း ပေါ်ပေါက်သည့် အခါတိုင်း သံဂါယနာတင်တော်မူခဲ့ကြပါသည်။

ကျွန်ုပ်တို့သည် စစ်တကောင်းမှာ မူလအရင်းခံ ဖြစ်သည့် မဟာထေရ် ဂိုဏ်းဝင် တဦး ဖြစ်ပါသည်။ အချိန် စောစောကပင် စစ်တကောင်းသည် ဗုဒ္ဓဘာသာ စာပေ သင်ကြားရေးတွင် ဗဟိုရိုင်ဌာနကြီး တခု ဖြစ်ခဲ့ပါသည်၊ ထင်ပေါ် ကျော်ကြားသည့် ဘာသာရေးဆိုင်ရာ ပညာ စာပေဌာန တရပ် ဖြစ်သည့် "ဓမ္မစကြာ" ခေါ် "စကြသာလာ"မှ ဆင်းသက်လာသည့် ဗဇ်လားပြည် ပညာတတ် တဦး ဖြစ်သည့် ဘိက္ခု ဆရီဒီပက်ရဆရီ(ဂျ)နီးသည် ဗုဒ္ဓဒေသနာတော် ဟောကြားရန် တိဘက်သို့ ထွက်ခွါသွားပါသည်၊ ဣန္ဒိယမှာ ဗုဒ္ဓဘာသာ ဆုတ်ယုတ်သည့် အချိန် ကာလ၌ ကျွန်ုပ်တို့၏ ဘိုးဘေး တို့သည် ဘာသာကို လေးစားသည့် အားလေျာ်စွာ ရှေး အိန္ဒိယလူမျိုး များနှင့် မတူဘဲ အိန္ဒိယပြည် အစွန်အဖျားဌ သူတို့က မည်သည့် နည်းနှင့်မဆို ဗုဒ္ဓဘာသာဝင် သီးသန့် နယ်တနယ် အဖြစ်ဖြင့် တည်တန့်စွာ နေနိုင်ရန် ထိန်းသိန်းစောင့်ရှောက်ခဲ့ကြပါသည်။

ဖေဘ်ပြခဲ့သည့် ဘိက္ခု များနှင့် ထိုအချိန်၌ တခြား မဟာထေရ် ပညာ အကျော် အမေဘ်များ တို့သည် ရှစ်ဆယ်သော မဟာထေရ် အရှင်သူမြတ် များမှ ဆင်းသက်လာကြသော ပုဂ္ဂိုလ်များဖြစ်ကြပါသည်၊ ထိုမဟာထေရ် အရှင် သူမြတ်များကို ရဟန်း ရှင်လူအပေါင်းတို့က ဗုဒ္ဓရှင်တော်ဘုရားမှ လွဲလျှင် သူတို့ကို အထူး ကြည်ညိုလေးစားကြပါသည်၊ ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက်၊ သာသနာကို အထူးကြည်ညိုသော အဇာတသတ်မင်းလက်ထက် ထင်ရှားကျော်ကြားသည့် သတ္တပဏ္ဏိ လိုဏ်ဂူ၌ ထိုမဟာထေရ် အရှင်သူမြတ်များထံမှ တပါးဖြစ်သည့် မဟာကဿပမဟာထေရ် အရှင်သူမြတ်က ကြီးမှူး၍ ပဌမ သံဂါယနာ တင်တော်မူခဲ့လေသည်၊ ဤဂိုဏ်းဝင် ပါဝင်သည့် ရဟန်းတော်များသည် ထိုမဟာထေရ်မှ ဆင်းသက်လာကြောင်း ရှာဖွေ တွေ့ရှိရပါသည်၊ ဆာနတ်မူလ ဂန္ဓကုဋိ ဝိဟာရ၌ ဗုဒ္ဓရှင်တော်ဘုရား မွေ့သရီ ခါတ်တော်များ ဌာပနာဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် ဆောင်ရွက်ရန် ဤဂိုဏ်း၏ နာယကဖြစ်သည့် (Agrasara) မဟာထေရ် အရှင်သူမြတ် တဦးတည်းကိုသာ ရွေးချယ် စေလွှတ်ခြင်းကြောင့် ဤဂိုဏ်းအတွက် အထူး ဂုဏ်ယူစရာ တရပ်ပင် ဖြစ်ပါသည်။

မဟာယာနနှင့် ထေရဝါဒ ပါဝင်သည့်ဂိုဏ်း နှစ်ဂိုဏ်းတွင် ထေရဝါဒမှာ အစုများတို့ဖြင့် ပိုင်းခြား ခွဲခြားထားပါသည်။ သို့ဖြစ်၊ါ၌ "အတော်ဆုံး သူများအတွက် မသေ ကျွင်းကျွန် တည်ရှိရေး" အဘို့ လုပ်ကိုင်ရာတွင် တပန်း ဆုံးရှုံးလျက် ရှိနေပါသည်၊ သာသနာတော် ပြန့်ပွါးစေရန် လည်လျက်ရှိသည့် စက်ရဟတ်ကို တိုး၍ မြန်နိုင်စေရန် ရည်မှန်းလျက် ဤသို့ ဂိုဏ်းကွဲခြင်း၏ အကြောင်းများကို ကျွန်ုပ်က ကြိတ်၍ ဖတ်ထေး ဆက်စပ်ခြင်းများပြုလုပ်ရပါသည်။

တိပိဋကာ အကျဉ်းချုပ် ရေးသားရာ၌ ဗဇ်ါလီ ဘာသာကို မရွေးချယ်ဘဲ ပစ်ပယ်ထားခဲ့ပါသဖြင့် ဗဇ်ါလီ ဘာသာ ၎ပြောဆိုသူများအတွက် ဝမ်းနည်းကြည်ကွဲစရာပင် ဖြစ်ကြောင်းများကို လွန်စွာ ဝမ်းနည်းခြင်းဖြင့် ကျွန်ုပ်ကပြောလိုပါသည်၊ ရာဘင်ဒရာ နတ်(သ်) တဂိုး ရေးသားသည့် ဂီတန် ဂျလီမှာ ဗဇ်ါလီ ဘာသာနှင့် ရေးသားထားရ၍ ကုဋ္ဌေကုဋ္ဌာ များစွာသော လူတို့၏ အမျိုးဘာသာ စကား ဖြစ်သည့်ပြင် ဣန္ဒိယအစိုးရ အသိအမှတ်ပြုသည့် ဘာသာစကားတရပ် ဖြစ်ပါသည်၊ ပါကစ္စတန်နယ်၏ ဘာသာစကားလည်း ဖြစ်လာပါလိမ့်မည်၊ အဟ ံသ ဝါဒ သို့မဟုတ် အကြမ်းမဘက်သည့် ဗုဒ္ဓဝါဒကို သာမန်လူများသည် စိတ်ဝင်စားနေသည့် အခါ ဗဇ်ါလီဘာသာ ပြန်ပေါ်ထွက်လာ ပါက သာသနာတော် ပျောက်ကွယ်လုမတတ် ဖြစ်နေသည့် ဗုဒ္ဓဘာသာ ဇာတိဖြစ်သည့် ဌာနအတွက် သင့်လျော်သော အဖြေကောင်း တရပ်ဖြစ်ပါသည်။

နိဂုံးချုပ်သည့် အနေဖြင့် ဤကဲ့သို့သော ခမ်းနားကြီးကျယ်လှသည့် အစည်းဝေးကြီးကို စတင်စီမံဆောင်ရွက်သူများ အတွက် ချီးမွမ်းဘွယ်ရာ ကောင်းလုပါကြောင်းကို ကျွန်ုပ်က ပြောလိုပါသည်၊ အရေးကြီးသည့် အခါမှာ ဆောင်ရွက်ရသည့် ဤအလုပ်ထက် သာလွန် ကောင်းသည့် အလုပ်ကို ကြံစည် စိတ်ကူး၍ မရနိုင် တော့ပါ။ ကြီးကျယ် ခမ်းနားလှသည့် တာဝန်ကြီးကို သူတို့ ဆောင်ရွက်နိုင်ကြပါသဖြင့် "သဒ္ဓမ္မ"ကို ကယ်တင်သူများ ဟု နေ၁ာ်လာ နေ၁ာ်သားများက အသိအမှတ် ပြုကြပေလိမ့်မည်၊ ဤမွန်မြတ်သည့်အလုပ် ဝတ္တရားကြီးကို ဆောင်ရွက်ရာ၌ အောင်ခြင်းမင်္ဂလာအဖြာဖြာ တို့နှင့် အမြန်ပြည့်စုံ၍ ရတနာ သုံးပါး တို့၏ဂုဏ် ကျေးဇူးကြောင့် သက်တော် ရာကျော် ရှည်၍ စည်းစိမ်ချမ်းသာ တိုးတက်နိုင်ကြပါစေသတည်း။

BOUDDHA KRISTI PRACHAR SANGHA ANDERKILLA, CHITTAGONG, EAST PAKISTAN.

SPEECH

BY

VEN. VANGISA BHIKKHU, B.A.

Secretary, East Pakistan Bouddha Kristi Prachar Sangha and Pakistan Regional Centre of World Fellowship of Buddhists, in the opening ceremony of the Great Sixth Buddhist Council held on 17th May 1954 in Rangoon.

Ven. President, Bhikkhus and the delegates belonging to the different countries of the world.

Today is a day of introspection. On this day of epoch-making attempt we, representing the different countries of the world have come over here to the land of Pagodas to rake up the past when our forefathers forgetting their ownselves and neglecting their personal comfort, moved far and wide with the doctrine of love and peace to have the entire population of the world within the pale of true civilisation where man is free from ignorance, hatred and delusion and where no one is looked down upon. On this great and auspicious occasion I, on behalf of the Buddhist Cultural Association and Pakistan Regional Centre of World Fellowship of Buddhists convey our good wishes to you all and through you the Buddhist countries you represent.

I am thankful to the organisers who have been kind enough to give me this great privilege to be in the midst of the learned scholars who have streamed in from all parts of the world to render yeoman services to the Sāsana for its elasticity. The spiritually emancipated scholars of yore, we know, had been in full council at times to weather the storm that threatened the Sāsana. It is in the fullness of time that the elite of the Sāsana at present join hands to give impetus to the dissemination of such a religion that to a degree, the world stands in need of at a time when it is in the throes of various "isms". It is, to my mind, with this best intention that the United Nations Organisation has heaved in sight. The authors of this Great Sangāyanā will, I dare say, do as much as in them lies to turn it out a grand success.

I am from the Mahāthera Sect of Chittagong, that has its origin in the remote past. Chittagong was a great centre of Buddhist learning from early times. Sri Deepankar Srijnan Bhikkhu, a great scholar of Bengal, left to preach Buddhism in Tibet from Chakrasala named after Dharmachakra, a well-known religious seat of learning in Chittagong. During the ebb-tide of Buddhism in India our forefather did not sacrifice the religion as did other ancient Indians; but they anyhow could keep up their separate entity in a corner of India.

The Bhikkhus and other learned Mahātheras of that period were the descendants of the eighty Mahātheras who were next to Buddha in the eyes of the then monks and Upasakas. Mahākassapa, one of those Mahātheras, presided over the First Buddhist Council, held after the demise of the Buddha under the auspices of Ajatasattu, a devout king, in the famous cave of Satta Paṇṇi. Monks belonging to this sect trace their descent from those Mahātheras. It was a proud privilege for the sect that Ven. Agrasara Mahāthera, one of the Nayaka Theras of this sect, had been singled out to enshrine the Sacred Relics of Lord Buddha, in the Mulagandhakuti Vihara, Sarnath, on the occasion of its opening ceremony.

Of the two schools of thought Mahayana and Theravāda—the Theravāda itself is sub-divided into several groups and thereby losing ground in the field of "survival of the fittest". I make advances to piece together all these seceding factors with a view to making the machine of propagation more accelerated.

Greatly to my regret I am to mention here that the authors of this Council have given the Bengali-speaking people to understand that Bengali is discarded to be one of the selected languages in which the Abridged form of the Tipiṭaka shall be written. Bengali, language of the Gitangali of Rabindra Nath Tagore and mother-tongue of several crores of people, is one of the State languages of India and going to be one of Pakistan. As the run of people are anxious to know the tenet of Ahimsa or non-violence of the Buddha, a Bengali version will, to some extent, answer the purpose in the circumstances of its extinction in the land of its birth.

In fine, the persons with whom the idea of convening such a Great Council originated, are commendable. In these days of critical moment no better idea other than this can be conceived of. The generation of tomorrow will look upon them as the saviours of Saddhamma for their Herculean task they have undertaken to perform. I wish them good speed in this noble task and invoke upon them the blessings of the Triple Gem for their long and prosperous life.

"Sabbe Sattā Sukhitā Bhavantu"

VEN. VANGISA THERA.

သီဟိုဠ်နိုင်ငံ အစိုးရကိုယ်စားလှယ်တော်အဖွဲ့ခေါင်းဆောင် သံအမတ်ကြီးမဠာဘဒ္ဒလိဆေနနာယကေ၏ သန္ဓေသကထာ

ကမ္ဘာ့သမိုင်းတွင် မော်ကွန်းတင်ရမည့်ဤအခါတော်၌ သီရိလင်္ကာ (ခေါ်) ဓမ္မဒီပ နိုင်ငံ ကိုယ်စားလှယ်တော် အမ္ဗေ၏ ကိုယ်စား ကျွန်ုပ်က အားရ ရွှင်လန်းစွာ အနည်းငယ်နှိတ်ခွန်းဆက်သလိုပါကြောင်း

ဤကဲ့သို့သော မဂ်လာ အခါတော်ဝယ် ရှေးယခင်က သံဂါယနာ တင်တော်မူခဲ့ကြပုံ မျှားကို ပြန်လှန် အောက်မေ့ ဆင်ခြင်မိကြမည်မှာ ဓမ္မဟာပင် ဖြစ်ပါသည်။ နှစ်ပေါင်း ၂၅၀၀–အတွင်းတွင် အလားတူ သံဂါယနာတင် ပဲ့သဘင်မျိုး ငါးကြိမ် ငါးခါမျှ ဆင်ခဲ့ခဲ့ကြပြီး ဖြစ်ကြောင်း သိရှိကြရပါသည်။ ယင်းတို့ အနက် စတုတ္ထ သံဂါယနာ မဟာမဓိသဘင်ကြီးကို နှစ်ပေါင်း ထထောင် ကျော်မျှ လောက်က ကျွန်ုပ်တို့၏ သီရိလင်္ကာကျွန်း အာလုဝိဟာရ အရပ်၌ ပ ဝ ဋ္ဌ ကျင်းပ ခဲ့သည့် အဖြစ်ကို ဆင်ခြင်အောက်မေ့မိသော ကျွန်ုပ်တို့၏သီရိလင်္ကာကျွန်းသူ ကျွန်းသား အပေါင်းမှာ လွန်စွာ နှစ်ထောင်း အားရခြင်း ဖြစ်ကြရပါသည်။ ထိုစဉ်က ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်များ အခွန်ရှည်စွာ တည်တံ့ ခိုင်မြဲစေရန် အလို့ငှါ ပေထက်တွင် အကျွဏ်တင်ခဲ့ကြပါကြောင်း။

ဤခမ်းနား ကြီးမြတ်လှသော ဓမ္မသဘင်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာ နိုင်ငံ အသီးသီးမှ စုဝေး လာရောက် ကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များကို တွေ့ကြိမ်ရသော အခါ သီရိဓမ္မာသောက မင်းကြီး စိုးစံတော်မူပြီးသည့်နောက် ဆုစု နှစ်ပေါင်း မျှားစွာ အတွင်း ထိုဒေသ တဝိုက်တွင် ဗုဒ္ဓသာသနာ့နှင့်ဗုဒ္ဓ ယဉ်ကျေးမှု မည်သို့ မည်ပုံ အထွဋ်အထိပ် ရောက်ခဲ့သည့် အခြင်းအရာတို့ကို သမိုင်း လှန်လှောၦ ပြောကြား တင်ပြ လိုသော ဆန္ဒ ကြီးသည် ကျွန်ုပ်၏ ဟဒယတွင်းဝယ် တရ္ဒ ရ္ဒ တက်ကြွလာပါသည်၊ ဓမ္မာသောကမင်းကြီး လက်ထက်တော်၌ပင်လျှင် သာသနာပြုအဖွဲ့များသည် သဗ္ဗညုတ သျှင်တော်ဘုရား၏ မုခ ပါဠိတော်များကို ဆောင်ကျဉ်းလျက် ကမ္ဘာ့ဤမှာဘက်ပိုင်းရှိ နိုင်ငံအသီးသီးသို့ ရောက်ရှိ လာကြလေသည်၊ ဤ အခါသမယ၌ ပင်လျှင် သီဟိုဠ် နိုင်ငံမှ ကျွန်ုပ်တို့နှင့် မြန်မာနိုင်ငံမှ အဆွေတော်တို့သည် ကံအား လျော်စွာ ဗုဒ္ဓဝါဒကို သက်ဝင် ယုံကြည်ခွင့် ရရှိကြပြီးလျှင် ယနေ့အထိ တဆင့်ဖြန့်ဖြူး ဝေငှနိုင်ခဲ့ကြလေသည်။ကျွန်ုပ်တို့ သီဟိုဠ်သားများ အပ္ပိမှာ မူကား အသောကမင်းကြီး၏သား တော် အသျှင် မဟိန္ဒရဟန္တာမြတ် ကိုယ်တော်တိုင် သီဟိုဠ် ကျွန်းသို့ ကြွရောက်လျက် သာသနာပြုတော်မူခဲ့သဖြင့် ဂုဏ်ယူကြပါသည်။ ထိုနေ့ ထိုရက်မှ အစပြု၍ ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ တရားတော် မြတ်ကို ထိန်းသိမ်း စောင့်ရှောက် ခဲ့ကြပါသည်။ ထိုဗုဒ္ဓ၏ အဆုံးအမများကို အခြေပြုလျက် ပြိုင်ဘက်ကင်းသော ယဉ်ကျေးမှုကြီးတရပ်ကိုလည်း ဖန်တီး တည်ဆောက်ခဲ့ကြပါသည်။

ဂေါတမ ဗုဒ္ဓကိုယ်တော်တိုင် ညွှတ်ထွန်း စိုက်ထူ တော်မူခဲ့သော သာသနာ မီးရှူး တန်ဆောင်ကြီးသည် သျှင်တော်ဘုရား မီးဖွားသ သန့်စင်တော်မူရာ ဇာတိဒေသ၌ ရောင်ရှိန်မလင်း ညှိုးမှိန်ခြင်း ဖြစ်ခဲ့ရရှာလေသည်၊ သို့ပါဘြားလည်း ထို ဝင်းထိန်ပြိုးပြက် ဖိတ်ဖိတ်လက်သော ကျောက်မျက်ရတနာ သာသနာ့အမြေတောကြီးကို ကျွန်ုပ်တို့သီဟိုဠ်သားများကမပျောက်ပျက် မတိမ်ကော မညှိုးနွမ်းမမှေး မိန်ရလေအောင် ထိန်းသိမ်း စောင့်ရှောက် ခဲ့ကြကာ သားစဉ် မြေးဆက် မပျက် စဝေ အမွေ အနှစ် အဖြစ် လက်ဆင့် ပေးကမ်းခဲ့နိုင်ကြပါသည်၊ ဤအတွက်လည်း ကျွန်ုပ်တို့ဂုဏ်ယူကြပါကြောင်း။

ဤနှစ်ပေါင်း ၂၅၀၀-မျှသော ကာလ အတောအတွင်း မြန်မာနှင့် သီဟိုဠ်နှစ်နိုင်ငံတို့၏ အချင်းချင်း ကူးလူး ဆက်ဆံမှုကား မျှားလှ ပါသည်ကျေ်သို့ မျှားရခြင်း မှ ၁လည်း နှစ်နိုင်ငံလုံးက ထေရဝါဒီ နိုင်ငံချည်း ဖြစ်ကြသောကြောင့် ပင် ဖြစ်ပါသည်။ သို့ ကူးလူး ဆက်ဆံခြင်း အားဖြင့် နှစ်နိုင်ငံလုံး၌ အကျိုးစီးပွါး ဖြစ်ထွန်း ခဲ့ကြပါသည်။ ယင်းတို့ အနက် သာသနာတော် အတွက် အကျိုးစီးပွါး ကြီးမား စေခဲ့သော ဆက်ဆံမှု တရပ်ကား အျှင် ဗုဒ္ဓဃောသ ရဟန္တာမြတ်ကို အကြောင်းပြုလျက် ဖြစ်ပေါ်ခဲ့ပေသည်။ ဤအျှင်မြတ်သည် ထိုစဉ်က သီရိလင်္ကာကျွန်း၌ မကုန်နိုင် မခမ်းနိုင် ပြည်းလိုင်ပေါမျှားနေသော ပိဋကတ်တော် ပညာရပ် တို့ကို ဝလင်စွာ သောက်စ်ခဲ့ပြီးနောက် မဂ်လာအပေါင်းနှင့် ပြည့်စုံသော မြန်မာ နိုင်ငံသို့ ပြန်လည် ကြွ ရောက်ကာ မြန်မာ ဗုဒ္ဓဘာသာဝင် အစဉ်အဆက် တို့အား ပိဋကတ်အမွေကို ဖြန့်ဝေ ချီးမြှင့်ခဲ့ပေ ကြောင်း။

ဤကဲ့သို့ ဘုန်းကြက်သရေ ဝေဆာလှစွာသော အတိတ် ကာလ၏ အရိပ် အာဝါသ အောက်တွင် မြူးတူး ပျော်ပါးလျက် ကျွန်ုပ်တို့ တတွေ ဤမမ္မ သဘင် အလယ်တွင် စုဝေးနေကြစဉ် –ဒုက္ခအတိ ဝန်းရံလျက် ရှိသော မျက်မှောက် ကမ္ဘာ့ကြီး၏ ဖြစ်အင်ကို အနည်းငယ် ဆင်ခြင် သုံးသပ်ကြည့်ကြ ပါစို့။ ဤသို့ ဆင်ခြင် သုံးသပ်ကြည့်သောအခါ အ ချင်းချင်း ရန်မူ တိုက်ခိုက်လျက် ရှိကြသော ကမ္ဘာ ကြီး၊ ဒုက္ခ ဝဲသြဃထဲတွင် စုံးစုံးမြှပ်လျက်ရှိသော ကမ္ဘာကြီးကို တွေ့မြင် ကြရပေမည်။ တဦးကိုတဦး ကြောက်ရွံ့လျက် မုန်းတီးလျက် လောဘဇောတိုက်လျက် အာဏာလုလျက် နေကြသော တိုင်းပြည် မျှားကို တွေ့မြင် ကြရပေမည်။

သိပ္ပံပညာ တိုးတက်လာမှုကြောင့် အဏုမြူကို ပင် ခွဲစိတ်နိုင်ကာ အဏုမြူ အင်အား၊ကို နဖားတပ်ကာ စေခိုင်း လာနိုင်သောအခါ လူသား၏အတတ်ပညာသည် အထွဋ်အထိပ်သို့ ရောက်ခဲ့ပေသည်။ သို့ရာတွင် ဤအတတ်ပညာကို လူသားသည် ယုတ်ကန်းသော လုပ်ငန်းအတွက် အသုံးချခဲ့ ပေသည် တကား။ ဤအတတ်ပညာကို မကြုံဘူး မတွေ့ဘူး အထူး ကြောက်မက်ဖွယ် ကောင်းသော စစ်လက်နက်များ လုပ်ရန်အတွက် မတရား အသုံးပြုလျက် ရှိနေကြပေသည်တကား။ ဤစိတ်မချမ်းမြေ့ဘွယ် ရာ လမ်းစဉ်သည်ကား လူလောကကြီးအား ပျက်စီးရာ ပျက်စီးကြောင်း သို့ ဆောင်ကြဉ်းမည့် လမ်းစဉ် ပင် ဖြစ်ပေကြောင်း။

ဤခေတ်တွင် အနာဂတ် သမိုင်း ဆရာများ မှတ်တမ်းတင် ကြရမည့် အချက်တရပ်ရှိပေသေး

သည်။ ထိုအချက်ကား အခြားမဟုတ် အာရှတိုက်ကြီးသည် တိုင်းတပါးသားတို့၏ ချုပ်ချယ် စိုးပိုးမှုထမ်းပိုးအောက်တွင် နှစ်ပရိစ္ဆေဒ ရှည်လျား မျှားပြားစွာ ကျွန်ဆိယစ်ရှိ အိပ်မော ကျနေခဲ့ရာမှလူး လွန်နိုးကြား လှုပ်ရှား ထကြွလာခြင်းပင် ဖြစ်ပေသည်။လူ့လောကကြီးရှေခရီးသို့ချီတက်ရာ၌အာရှတိုက်သားတို့သည် နေရာမှန်ကိုရယူလျက် လောကကောင်းကျိုး အတွက် ဝေပုံကျ တာဝန်ကို ဖြည့်တင်း စွမ်းဆောင် နိုင်ရန် ယခုတဖန် အားထုတ်လုံးပန်းလျက် ရှိကြပေပြီ၊ ဤခေတ် ဤအခါမျိုးတွင် ကျွန်ုပ်တို့သည် ဗုဒ္ဓဝါဒတွင် ပါရှိသော ငြိမ်းချမ်းရေး နှင့် ချစ်ကြည်ရေး တရားမျှားကို ဝေငှဖြန့်ဖြူး ပေးခြင်းအားဖြင့် မချမ်းမမြ ပန်းလျလျက် ရှိသော ကမ္ဘာကြီးအား အကျိုးပြုရာ ရောက်ပေလိမ့်မည် ဖြစ်ပေကြောင်း။

ဤမဟာဓမ္မသဘင်ကို ဆင်ယင် ကျင်းပသည့် အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်သားတို့အား ကမ္ဘာ့ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ကျေးဇူးဥပကာရ တင်လျက်ရှိကြပါသည်၊ ဤ မဟာဓမ္မသဘင်ကို အကြောင်းပြုလျက် ၎င်းတို့မှာ အားသစ်လောင်းသကဲ့သို့ ဖြစ်ကြရပေသည်။

ဤ ဆဋ္ဌသံဂါယနာ ဓမ္မသဘင်မှ ထွက်ပေါ်လာသော စိတ်စေတနာတို့သည် ဗုဒ္ဓဘာသာ တိုင်းနိုင်ငံများကို ပြည့်လျှံ လွှမ်းမိုးရုံမျှမက စကြဝဠာ လေးရပ်သို့လည်း အနှံ့အစပ် ယိုစီး စိမ့်ဝင်လျက် ပြင်းပြစွာ မွှတ်သိပ် ဆာလောင်လျက်နေကြသော မျက်မှောက် လောကသား အပေါင်းတို့ အတွက်လည်း မြိန်မြတ်သော အာဟာရဓာတ် ဖြစ်ပါစေသတည်း။

ADDRESS DELIVERED BY H.E. MR. DUDLEY SENANAYAKE, LEADER OF THE CEYLON DELEGATION TO THE SIXTH BUDDHIST COUNCIL ON 18th MAY 1954.

VENERABLE SIRS, THE HON'BLE PRIME MINISTER, YOUR EXCELLENCIES, FELLOW DELEGATES AND FRIENDS,

It is with a deep sense of joy that I rise on this most memorable and historic occasion to speak a few words on behalf of the Delegation from Dhamma Dīpa, otherwise known as Sri Lankā.

On an occasion such as this, it is natural for us to consider the great Councils that have preceded it. We know that in this period of 2,500 years there have been five Councils of this nature. It is with a sense of satisfaction that we from Sri Lankā recall the fact that almost a thousand years back, the Fourth Great Council was held at Aluwihare in our country when for the first time the Text of the Teachings of the Buddha was inscribed on material of a permanent nature.

Whilst I look around the august assembly here and see the distinguished personages from various parts of the Buddhist world, I am tempted to turn back the pages of history and remind this assembly of the period after the great King Asoka and the centuries that followed when Buddhism and Buddhist civilisation attained its zenith in the then known world. It was during the period of Dhamma Asoka himself that Missions bearing the messages of the Enlightened One went out to various countries of this part of the world and it was during this very time that we of Ceylon and you of Burma were fortunate enough to embrace the Doctrine and propagate it thereafter. We of Ceylon are proud of the fact that no less a person than Arahat Mahinda, son of Emperor Asoka himself brought this message to us. From this date onwards we have cherished and sustained the Dhamma and founded a civilisation second to none, based on these principles. Yes it is our proud privilege to recall the fact that when the embers of the great flame kindled by Gotama the Buddha ceased to glow in his own home-land, we of Ceylon cherished and sustained this wondrous gem of purest ray serene and handed it down from generation to generation with its lustre untarnished and undimmed.

During these well-nigh 25 centuries the contacts between Burma and Ceylon, particularly through the fact that both adopted the Theravāda form of Buddhism have been many. These contacts have redounded to the mutual benefit of these two countries. Foremost among these, one recalls the great service rendered to the Sāsana by that Scholar Saint Buddha Ghosa who having drunk deep of the stream of Buddhist learning that abundantly flowed in Sri Lankā at that time returned to this blessed land and gave of the fruits of his learning to generations of Burmese Buddhists.

Whilst we assemble here basking in the sun-shine of the reflected glory of this most glorious past let us pause awhile and ponder for a while at the sorry state of the world today. We see a world torn by conflict and steeped in misery ; we see nations banded against each other living in fear and so full of hatred, born of greed and the lust for power. Man's mind reached great heights when, with the development of science, it was able to wrest secrets of the atom and harness its power but alas for what fell purpose was this knowledge used. We see today this knowledge prostituted for the purpose of fashioning instruments of war more terrible than ever known before. This unhappy course must lead towards the destruction, devastation and the possible doom of mankind.

Future historians might well recognise another characteristic of this age and that is the resurgence of Asia free from the yoke of foreign bondage, awake once more after centuries of servile slumber. The people of Asia are preparing once again to take their proper place and to make their due contribution in the onward march of humanity. In these circumstances what better services could we render to this unhappy world of ours than by propagating the message of Peace and Goodwill embodied in the Dhamma.

The Buddhist world is beholden to the people of Burma for this great occasion. There is no doubt that their lives will be revitalised as a result of this occasion. Might I, under the shade of the World Peace Pagoda, venture to hope that the spirit emanating from these deliberations may overflow the confines of the Buddhist world alone and permeate the four corners of the earth and give that succour and sustenance that the world of today so sorely needs.

ဒေါက်တာ မာကိုတို နာဂအိ ထိုင်နေစဉ် (စာကြည့်သူ၏ လက်ျာဖက်ပုံ)

Dr. Makoto Nagai is seen sitting on the right.

ဂျပန်အစိုးရ ကိုယ်စားလှယ်ခေါင်းဆောင် ဒေါက်တာမာကိုတိုနာဂအို၏ သန္ဓေသကထာ

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူ၍ မကြာမြင့်မီ ပဌမ သံဂါယနာကို ရာဇဂြိုဟ်ပြည်၌ ၎င်း ဘုရားသခင် ပရိနိဗ္ဗာန် စံပြီးနောက် အနှစ်တရာမြောက်တွင် ဒုတိယ သံဂါယနာကို ဝေသာလီမြို့၌ ၎င်း ဘုရားသခင် ပရိနိဗ္ဗာန်စံပြီးနောက် အနှစ်နှစ်ရာမြောက်တွင် တတိယ သံဂါယနာကို ပါဋလိပုတ်ပြည်၌ ၎င်း သံဂါယနာ တင်ခဲ့ပါသည်။

ဘုရားသာသနာတော်၌ ယုံမှားရှိကြသည့် အချက်ကို ပယ်ဖျောက်ရန်၎င်း၊ မွန်မြတ်သော အနှစ်သာရကို ဖော်ပြရန်၎င်း မဟာထေရ်ကြီးတို့သည် သုံးကြိမ်တိုင်တိုင် ဤသံဂါယနာတင်ပွဲများ ပြုလုပ်ခဲ့ကြပါသည်၊ ယခုလည်း ဇမ္ဗူဒ္ဝီပ အတွင်း ထိုထိုတိုင်းနိုင်ငံမှ ကြွလာကြသော ပညာရှိ အကျော်မဟာထေရ်ကြီးတို့နှင့် အတူ (သာသနာတော်) အနှစ် နှစ်ထောင်အတွင်းဝယ် သာသနာ့ဘောဂရန်ကို ပယ်ဖျောက်ရန် အရှင်တို့၏ မြန်မာ နိုင်ငံ၌ ခြောက်ကြိမ်မြောက် သံဂါယနာပွဲသာတင်ကို ကျင်းစဉ်ခြင်း ဖြစ်၏။

အကျွန်ုပ်သည်လည်း ဤသို့သော သံဂါယနာကုသိုလ်ကောင်းမှု ပြုခြင်းကို ကြားနာရန် ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိပါ၏။ အကျွန်ုပ်သည်လွန်ခဲ့သော ၂၁-နှစ်က အရှင်တို့၏ မြန်မာနိုင်ငံသို့ ရောက်ခဲ့ဘူးပါ၏။ အကျွန်ုပ်သည် အင်္ဂလန်ပြည်မှ အကျွန်ုပ်တို့၏ (ဂျပန်) နိုင်ငံသို့ ခရီးရှည် သွားလာစဉ် မြန်မာပြည် တဝန်းလုံးရှိ များလှစွာသော စေတီပုထိုး ကျောင်းတော်တို့ကို လည့်လည် ပူဇော်ခဲ့ပါသည်၊ ထိုအခါက အကျွန်ုပ်သည် မြန်မာပြည်ကို အလွန် ချစ်ခင် မြတ်နိုးခဲ့ပါသည်။

ရှေးအခါ အာသောက မင်းတရား မင်းပြုစဉ် မောဂ္ဂလိပုတ္တတိသ မထေရ်သည် ပစ္စန္တရာဇတိုင်းနိုင်ငံတို့၌ သာသနာ တည်ထွန်းဇေခြင်းငါ သောဏထေရ် ဥတ္တရထေရ်တို့ကို သုဝဏ္ဏဘူမိသို့ စေလွှတ်ခဲ့ဘူးပါသည်၊ ဤ သုဝဏ္ဏဘူမိသည် အကယ်၍ မြန်မာနိုင်င ဖြစ်ခဲ့သော် အရှင်တို့၏ မြန်မာနိုင်ငံသို့ သာသနာ ရောက်သည်မှာ အနှစ် နှစ်ထောင်နှစ်ရာ ကျော်လွန်ခဲ့ပါ၏။ ယခုအခါ အရှင်တို့၏ မြန်မာနိုင်ငံတဝန်းလုံးသည် အမြိုက်ရည်ဖြင့် သွန်းလောင်းထားသကဲ့သို့ သာသနာတော် တည်မြဲလျက် တရားတန်ဆောင် တောက်ပြောင် နေခဲ့လေပြီ။

အကျွန်ုပ်တို့၏ ဂျပန် နိုင်ငံသို့ သာသနာရောက်သော အခါကား အနှစ် တထောင်လေးရာ လွန်ခဲ့ပါပြီ၊ ၎၏(လွန်ခဲ့သော)အနှစ် တထောင်လေးရာ နောက်၌ ဂျပန် နိုင်ငံယ် သာသနာတော် စည်ပင် ပြန့်ပွါးသည် ဖြစ်၍ အရှင်တို့၏ မြန်မာ နိုင်ငံကဲ့သို့ ဗုဒ္ဓတိုင်းနိုင်ငံ ဟုပင် ခေါ် ဆိုကြပါ၏။

(ဂျပန်နှင့်မြန်မာ) အကျွန်ုပ်တို့ နှစ်နိုင်ငံသားတို့သည် သာသနာတော်၌ ကြည်ညိုစိတ်ရှိကြသောကြောင့် အတူတကွသကျပုတ္တ(သာကီဝင်မင်းသားဘုရားသားတော်) အခေါ် ခံကြရပါကုန်၏။ အရှင်တို့၏ မြန်မာနိုင်ငံသည် ပြင်ပ တိတ္ထိတို့၏ အယူမှ အခါခပ်သိမ်း ကင်းလွတ်နေပါ၏။ ယခုသော်ကားလုံးဝ လွတ်လပ်သည် ဖြစ်၍ ဆဋ္ဌသံဂါယနာကိုပင် တင်ပါတော့မည်၊ ဤသံဂါယနာပွဲတော်သည် (ရည်မှန်းသည့်) နှစ်ရှစ် အတွင်း စ လယ် အဆုံး ကောင်းခြင်း မင်္ဂလာ ပြည့်စုံစွာဖြင့် ဆုံးခမ်းတိုင်ရောက် ပြီးမြောက် အောင်မြင်ပါစေ ဟု အကျွန်ုပ် တောင့်တပါသတည်း။

လက်အုပ်ချီလျက်

မာကိုတိုနာဂအို

MESSAGE BY REV. MAKOTO NAGAI, D. LITT. (TOKYO), PRESIDENT OF THE CHUO COMMERCIAL JUNIOR COLLEGE, FORMER PROFESSOR OF TOKYO UNIVERSITY, CHAIRMAN OF THE JAPAN BUDDHIST COUNCIL

MESSAGE

Soon after the Mahāparinibbāna of the Omniscient Buddha, the First Great Buddhist Council was held at Rājagaha. One hundred years after the Buddha's Mahāparinibbāna the Second Great Buddhist Council was held at Vesāli. About two hundred years after the Mahāparinibbāna of the Supreme Buddha, the Third Great Buddhist Council was held at Paṭāliputta. The Mahātheras of old held the three Great Buddhist Councils in order to dispel sceptism and to propagate the essence of Buddhism. I have a great desire to listen to any kind of act that will lead to the protection of all dangers against the Buddha's Sāsana. About twenty-one years ago I had been to your country on my way back to Japan from England. All the people of Burma have loving-kindness.

Long ago Emperor Āsoka sent Missionaries to the different places for the propagation of the Buddha-Dhamma. One of the places to which the Missionaries were sent had been Suvaṇṇabhūmi, the present Lower Burma. The Buddha's Sāsana prevailed in your country since two thousand two hundred years, and it has now taken root there, as your country has been flooded with the "rain of the Buddha-Dhamma". The Buddha's Sāsana prevailed in our country of Japan about 1,400 years ago. Both our countries being Buddhist countries, we the people of those two countries can be called the descendants of Sakyaputta.

Your country has now escaped from the bondage of a foreign nation and has attained complete Independence. Accordingly, you are now holding this Great Buddhist Council.

In conclusion, I earnestly wish that during the Sessions extending for two years, this Sangāyanā will meet with success at the beginning, at the middle and at the end.

With deep respects.

MAKOTO NAGAI



နီပေါလိန္ဒိုင်ငံတော် အစိုးရကိုယ်စားလှယ်တော်များ

Delegation of His Majesty's Government of Nepal

နီပေါနိုင်ငံ အစိုးရကိုယ်စားလှယ်တော် အမှုဆောင်
မဓ္ဓတာရှာဗဟာဒူးရှာဟိ၏သန္တေသကထာ

ရာဇဝင်မှတ်တမ်းတင်ရမည့် ဤဆဋ္ဌသံဂါယနာ မဟာမေ္ဃသဘင်ပွဲကြီးသို့ တက်ရောက်ခွင့် ရရှိပြီး နှုတ်ခွန်းဆက်သရပါသဖြင့် ရှင်တော်ဘုရား သန့်စင်ဖွားမြင်တော်မူသော နီပေါလ် နိုင်ငံတော်အစိုးရထို့ကိုယ်စား ကျွန်ုပ်က နှစ်ထောင်းအားရ ဝမ်းသာစွာနှင့် ကျေးဇူး ဥပကာရ အထူး တင်ရှိပါကြောင်း။

ဤသံဂါယနာ မဟာမေ္ဃသဘင် ဖွင့်ပွဲကြောင့် အဆွေတော်တို့၏ ဂုဏ်သတင်းသည် ကမ္ဘာတဝန်းသို့ ပြန့်နှံ့ ကျော်ကြားလျက် ရှိနေပါသည်၊ အဆွေတော်တို့အား အကျွန်ုပ်က ထပ်လောင်း၍ ဘာမျှ ပြောဘို့ မလိုတော့ဘဲ အဆွေတော်တို့ကို ချီးကျူးရန်သာ ရှိပါသည်၊ ဤ သံဂါယနာသည် စည်ပင် သာယာ ဝပြောခြင်းနှင့် ငြိမ်းချမ်းရေးများကို ဤနိုင်ငံသို့ ပေးစွမ်းနိုင်သည်သာမက ကမ္ဘာကို ဖုံးလွှမ်းနေသည့် အဝိဇ္ဇာ တည်းဟူသော အမိုက်မှောင် ကိုပင် တိုက်ဖျက် လွင့်စင်နိုင်ရန် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

နီပေါလ် နိုင်ငံတော်သည် ဗုဒ္ဓရှင်တော် ဘုရား၏ ဖွားရာဇာတိဖြစ်တော်မူသည့် အားလျော်ညီစွာ ဗုဒ္ဓဘာသာဝင် နိုင်ငံများနှင့် ရင်းနှီးစွာ ဆက်သွယ်လျက် ရှိကြပါသည်၊ ဤ ဆက်သွယ်မှု များသည် တိုးတက် ခိုင်မြဲလာမည် ဟု ကျွန်ုပ်က မြော်လင့်လောင့်တလျက် ရှိပါသည်။

ရှင်တော်ဘုရား၏ နှစ်ထောင်ငါးရာပြည့် နှစ်ပတ်လည် အထိမ်း အမှတ် ပွဲတော်အတွက် "ဓမ္မော ဒယ သဘာ" အသင်းကြီးက နီပေါလ် နိုင်ငံရှိ လုမ္ဗနီ ဥယျာဉ်၌ စတုတ္ထ ကမ္ဘာ့ ဗုဒ္ဓဘာသာ သမဂ္ဂ အစည်းအဝေးကြီး ကျင်းပရန် ဆုံးဖြတ် ပြီးပါပြီ၊ ဤအစည်းအဝေးကြီး အတွက် ကျွန်ုပ်တို့ အစိုးရ ကလည်း အစွမ်းကုန် အကူအညီ ပေးရန် ဆုံးဖြတ်ပြီးပါပြီ။

ပျက်စီး ယိုယွင်းနေသည့် လုမ္ဗနီ ဥယျာဉ်ကို ပြုပြင်ရန် ကျွန်ုပ်တို့ အစိုးရက ကော်မတီ တခုဖွဲ့စည်းပြီးသည့် သတင်းကို အဆွေတော်တို့ ကြားကောင်း ကြားပေလိမ့်မည်၊ လုမ္ဗနီ ဥယျာဉ် ပြုပြင်ရန် ကိစ္စကို ကျွန်ုပ်တို့ နီပေါလ် အစိုးရ အကူအညီဖြင့် အဆွေတော်တို့နှင့် တွဲဘက် လုပ်ကိုင်ရန် ဤကော်မတီက အထူး ကြိုးစား အားထုတ်လျက် ရှိပါသည်၊ ထို ကိစ္စကို ကျွန်ုပ်တို့ အစိုးရက အထူး စိတ်ဝင်စားလျက် ရှိနေပါသည်။

ကျွန်ုပ်တို့ အစိုးရနှင့် နီပေါလ် ပြည်သူ ပြည်သားတို့ ကိုယ်စား ဆဋ္ဌ သံဂါယနာ မဟာမေ္ဃသဘင် ပွဲကြီး အထမြောက် အောင်မြင်စေရန် ကျွန်ုပ်က ဆုမွန်ကောင်း တောင်းလိုက်ပါကြောင်း။

ADDRESS BY SHER BAHADUR SHAHI, REPRESENTATIVE OF NEPAL GOVERNMENT

VENERABLE CHAIRMAN, HON'BLE PRIME MINISTER, YOUR EXCELLENCIES, LADIES AND GENTLEMEN.

I am very thankful and very glad to have got this opportunity to address this historic gathering on behalf of our Government and country where Lord Buddha was born.

Because of this Sangāyanā, you are well-known throughout the World ; so I have nothing to say but offer my humble praise. This Sangāyanā will not only bring peace and prosperity to this country but also help to dispel the darkness of ignorance in the world.

Due to Nepal being the birth place of Lord Buddha, it is closely connected with all Buddhist countries. I hope that this relationship will grow stronger than ever.

The Dharmodaya Sabha of our country has decided to call the 4th World Buddhist Conference at the Lumbini Garden in Nepal on the twenty-five hundredth birthday anniversary of Lord Buddha. Our Government have also decided to give all possible help for the Conference.

Perhaps you have heard that our Government has already formed a Committee to restore the Lumbini Garden. This Committee is trying its best for its restoration by the help of our Nepal Government and the co-operation of your country. Our Government is keenly interested in it.

I present my good wishes on behalf of our Government and the people of our country for the success of the Sangāyanā.

Dated Rangoon, the 18th May 1954.

ဆိကင်းနိုင်ငံတော် အစိုးရကိုယ်စားလှယ်တော်အဖွဲ့ ခေါင်းဆောင် မဟာရာဂျာကုမာရ်နမ်ဂိယာလ် (လက္ချာဖက်) နှင့်
ဆိကင်းဝန်ကြီး (လက်ပဲဖက်) ပုံ

Maharajkumar Namgyal, Leader of Delegation of His Majesty's Government of Sikkim; and Prime Minister of Sikkim

ဆိကင်းနိုင်ငံ ကိုယ်စားလှယ်တော်အဖွဲ့ခေါင်းဆောင် မဟာရာဇာကုမာရ်နမ်ဂျိယာလ်၏သန္ဓေသကထာ

သံဃ နာယက မဟာထေရ်နှင့် သံဂီတိကာရက မဟာထေရ် သူမြတ်တို့ဘုရား။

ဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင်ဖွင့်ပွဲကြီးသို့ ဗုဒ္ဓဘာသာ နိုင်ငံအသီးသီးမှ တောင်ပေါင်းများစွာသော ပရိသတ် များစွာတို့ ပါဝင်ဆင်နဲ့ကြသော ရာဇဝင်တွင် မှတ်တမ်းတင်ရမည့် ဤမွန်မြတ်သော အခါဝယ် ဟိမဝန္တာတောင်ရှိ ဗုဒ္ဓဘာသာပြည်နယ် ကလေး တနယ်ဖြစ်သည့် ဆစ်ကင်နယ်၏ ကိုယ်စားလှယ်အဖြစ်ဖြင့် တပည့်တော် တက်ရောက်ရခြင်းဖြစ်ပါသည်၊ ဆစ်ကင်နယ် စော်ဘွားနှင့်နယ်သူနယ်သားများက အရှင်ဘုရား အားလုံးတို့အား သက္ကစ္စဂါရဝ တရား ရှေ့ထားကြောင်း ကောင်းချီးမင်္ဂလာ အဖြာဖြာတို့ဖြင့် ပြည့်စုံပါစေဟုဆုတောင်းလိုက်ကြောင်း၊ တပည့်တော်တို့က တဆင့် လျှောက်ထားအပ် ပါသည်၊ ထို့ပြင်လည်း တပည့်တော်တို့အား ဘိတ်မန္တ္တက ပြုပြီးလျှင် ဧည့်ဝတ် ကြေပြန့်စွာ စောင့်ရှောက် ကျွေးမွေးကြသည့် အတွက် ဆစ်ကင်နယ် စော်ဘွားနှင့် နယ်သူ နယ်သားများ၏ကိုယ်စား တပည့်တော်တို့က ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ယနေ့သည် မြန်မာဆရာဇဝင်နှင့် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့ အဘို့ မှတ်တမ်း တင်ရမည့် နေ့ကြီးပင်ဖြစ်ပါသည်၊ ကမ္ဘာ့လေးမျက်နှာ ဗုဒ္ဓဘာသာဝင်များသည် ဆဋ္ဌသံဂါယနာတင် မဟာ ဓမ္မသဘင်ဖွင့်ပွဲကြီးသို့ တက်ရောက်ကြသည်မှာ ဦးမိုးချမ်းရေး မေတ္တာ တည်းဟူသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံမည့် ခေတ်သစ်ကြီးကို ဤမဟာဓမ္မသဘင်မှ ပေါက်ဖွားလာမည့် ရှေ့ပြေးနိမိတ် ဖြစ်စေရန် ညီညာဖျဖျ စုရုံးလာရောက်ကြပါသည်။

ယနေ့ ကမ္ဘာ့ဆုဇဝင်တွင် တခါမျှ မတွေ့ကြုံဘူးသည့် အရေးကြီးသောအချိန်ကာလနှင့် ရင်ဆိုင်တွေ့ကျော်ရှိနေပါသည်၊ အဝိဇ္ဇာ ဖုံးလွှမ်းနေသော ပုထုဇဉ် တို့သည် အမှောင်ထည်းမှာ တွားလျှက် ငြိမ်းချမ်းရေးကို ရှာဖွေ နေသည်မှာ အချည်းနှီးပင် ဖြစ်နေကြပါသည်။ ဤသို့သောအခါဝယ်ကြက်သရေ မင်္ဂလာတို့နှင့် ပြည့်စုံ၍ သစ္စာလေးပါး အမှန်တရားများ ပါဝင်သည့် မွန်မြတ်သော ရှင်တော်ဘုရား၏ ဒေသနာတော်သည်သာလျှင် ကမ္ဘာ၏ ခိုလှုံ အားထားစရာ ဖြစ်သင့်ပေသည်၊အကြောင်းမူကား အတိဒုက္ခရောက်လျက်ရှိနေကြသော သတ္တဝါ အပေါင်းတို့အား ဗုဒ္ဓဒေသနာတော်သည်သာလျှင် နှစ်သိမ့်စေ၍ ကယ်တင်နိုင်ပေလိမ့်မည်။

ဤမဟာဓမ္မသဘင်ပွဲကြီးသို့ ဆင်နှဲ့ရန်နှင့် သာဓုအနုမောဒနာ ခေါ်နိုင်ရန် ဤဌာနသို့တပည့်တော်တို့ စုဝေး လာရောက် ကြပါသည်၊ တယောက်နှင့်တယောက် ညီအစ်ကို အရင်းကဲ့သို့ ချစ်ကြည်ကြ၍ ကမ္ဘာ့ချစ်ကြည်ရေးကို ဖန်တီးမည့် ခေတ်သစ်ကြီး ပေါ်ပေါက်စေရန် ရည်မှန်း၍ တပည့်တော်က ဆုတောင်း ပတ္ထနာ ပြုလိုက်ပါကြောင်း။

ဝေနေယျ သတ္တဝါ အပေါင်းတို့၏ အကျိုးကျေးဇူးအလိုငါ့ တပည့်တော်တို့အားလုံး လက်တွဲ၍ မလျော့သော လုလ္လဉ္ဇာဟတို့ဖြင့် ကြိုးစားအားထုတ် ကြပါစို့။

ဝိသာခါ ပုဏ္ဏမီ အခါတော်ဝယ် သာသနာသက္ကရာဇ် ၂၅၀၀ပြည့်သည်နှင့် တပြိုင်တည်း မြော်မှန်းသည့် ခေတ်သစ် ဖန်တီးရေး အတွက် တပည့်တော်တို့သည် အသင့် ပြင်ဆင် ထားကြပါစို့။

SPEECH MADE BY MAHARAJKUMAR NAMGYAL, LEADER OF DELEGATION OF HIS MAJESTY'S GOVERNMENT OF SIKKIM

BHANTE,

We are here to represent Sikkim, a small Buddhist State in the Himalayas on the sacred and historic occasion when thousands from all the Buddhist countries are assembled here to participate in the inaugural ceremony of the Sixth Great Buddhist Council. We have brought with us the heart-felt greetings and regards of the Ruler and the people of Sikkim, and we on their behalf, thank the Government of Burma for the great honour they have shown us by extending this invitation and hospitality. Today is a great day in the history of Burma and of the Buddhist World that devout Buddhists from all corners of the globe meet in peaceful spirit on the occasion of the inauguration of the "Chaṭṭha Sangāyanā" presaging the birth of a new Era to be blessed with peace and universal love.

Today the world is passing through a crisis unknown in history. Erring humanity gropes in darkness in quest of peace in vain. It is at this critical juncture that the world should turn to Buddhism and take refuge in the sublime teachings of the Lord that constitute the glorious embodiment of perfect Truth and Knowledge, for it is Buddhism alone that can bestow solace to the suffering humanity. As we assemble here to witness and share the merit of the opening ceremonies of this august occasion we pray and ardently look forward to the new Era of universal love and brotherhood. Let us work together in our common endeavour to benefit humanity and let us prepare ourselves for a new Era which will commence when this great Council completes its task on the Viasakha Day of 1956, making the completion of the 2,500th year of the Buddhist Era.

ယိုးဒယား နိုင်ငံတော်အစိုးရ ကိုယ်စားလှယ်တော် ခေါင်းဆောင် မိုလ်မျှးချုပ် ခမ်ကုဠရ၏ သန္ဓေသကထာ

ကမ္ဘာလုံးဆိုင်ရာ ဆဋ္ဌသံဂါယနာ မဟာဓမ္မ သာဘင် ပွဲကြီးကို အောင်မြင်စွာ ကျင်းပ နိုင်ခြင်း သည် ကမ္ဘာ့ သမိုင်းတွင် အရေးကြီးသည့် မှတ်တမ်း တရပ်ပင် ဖြစ်ပါသည်။ ဤမဟာဓမ္မသဘင်အောင် ပွဲကြီးကို ကျင်းပလိုက်ခြင်းဖြင့် ကမ္ဘာ့ ငြိမ်းချမ်း ရေး ရရှိရန် ရှေ့သို့ လှမ်းတက်လိုက်သကဲ့သို့ ဖြစ်ပါ သည်။ ထို့ပြင် နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာပေါင်း သင်း ဆက်ဆံရေးအတွက် စံနမူနာ ပြလိုက်သကဲ့သို့ လည်း ဖြစ်ပါသည်။

နှစ်သက်ဘွယ် ကောင်းသော မြန်မာ့မြို့တော် ရှိ သာယာချမ်းမြေ့လှစွာသော ကမ္ဘာ၁ စေတီ တော် ရိပ်သာဝယ် ကျင်းပသည့် ဤမဟာဓမ္မသ ဘင် ပွဲကြီးသို့ သီဟိဠ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် အရှေ့တောင် အာရှဒေသမှ ထေရဝါဒီ ဗုဒ္ဓဘာသာ ဝင်များ တက်ရောက်လျက် ရှိကြပါသည်။

ထိုပဋိုလ် တို့သည် မိမိတို့၏ မျှားမြောင်လှ သော လုပ်ငန်း ဆောင်တာ ကိစ္စအဝဝကို စွန့်လွှတ် ကာ ဗုဒ္ဓရွင်တော် ဘုရား၏ ဒေသနာတော်မျှား တဖန် ပွင့်လင်း စေရန် ဟူသော တခုတည်းသော ရည်မှန်းချက်ဖြင့် လာရောက် စည်းဝေး ကြခြင်း ဖြစ်ပါသည်။ သို့မဟာ ကမ္ဘာတဝန်းလုံး၌ ဗုဒ္ဓတာ သာဝင်များသည် အရေးပါ အရာရောက်၍ ကျွန်ုပ် တို့၏ စိတ်ဓာတ်များကဲ့သို့ မယိမ်းမယိုင် ကြံ့ခိုင် သည့် အင်အားစု တစုအနေနှင့် ပါဝင် နိုင်ကြမည် ဖြစ်ပါသည်။ နိုင်ငံ အသီးသီးမှ ခေါင်းဆောင်များ နှင့် တကွ ပြည်သူ လူထု အတို့လည်း အမြင်မှန် ရလာမည် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း ၍ ရှေးဦးစွာ မိမိ၏ စိတ်အာရုံ ငြိမ်းချမ်း တည်တံ့

ဗိုလ်မှူးချုပ် ခမ်ကုဠရ သန္ဓေသပြောကြားနေပုံ

General Kharb Kunjara, Leader of Delegation of His Majesty's Government of Thailand, delivering an address of veneration

မှသာ အမျှားနှင့်တကွ ကမ္ဘာတဝန်းလုံးအတွက် ငြိမ်းချမ်းရေးကို ဖန်တီး ပေးနိုင်ပေမည်။ဤမဟာ ဓမ္မသဘင်သို့ ကြွရောက်လာကြကုန်သော မဟာ ထေရ် အရှင်သူမြတ်တို့နှင့်တကွ ဤပွဲတော်ကြီးကို ထမြောက် အောင်မြင်ရန် စတင် စီမံဆောင်ရွက် ကြရသည့် လူပုဂ္ဂိုလ် မျှားသည်စိတ်၏ ငြိမ်သက်မှု မျှားကို အသီးသီးရရှိပြီးသော ပုဂ္ဂိုလ်မျှား ဖြစ်ကြ ပါသည်၊ ထို့ကြောင့် ယင်းတို့တွင် ကမ္ဘာ့ ငြိမ်းချမ်း ရေးကို ဖန်တီးပေးနိုင်သော အစွမ်း သတ္တိမျှား ရှိကြ ပါသည်၊ ကမ္ဘာတဝန်းလုံးရှိ သတ္တဝါ အပေါင်းတို့ သည် လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော အမိုက်မှောင်တို့ ကင်းပျောက်ရာဖြစ်သော အလင်း ရောင်သို့ လှမ်းတက်ပါက ကမ္ဘာ့ ငြိမ်းချမ်းရေးကို ရရှိနိုင်မည် ဖြစ်ပါသည်။ လက်ရှိ အခြေအနေအရ ဆိုပါလျှင် ကမ္ဘာ့ ငြိမ်းချမ်းရေးသည် ကျွန်ုပ်တို့၏ စိတ်ကူးတွင်းဌာသာ ရှိနေပါသေးသည်။ အကောင် အထည် မပေါ်သေးပါ။ ကျွန်ုပ်တို့သည် ကုသိုလ် ကောင်းမှုတို့ကို အမှီပြုလျက် မလျော့သော လုံလ ဖြင့် အားထုတ်ကြမှသာလျှင် ကမ္ဘာ့ ငြိမ်းချမ်းရေး သည် ဝေဝေဆာဆာနှင့် သီးပွင့် လာမည်ဖြစ်ပါ သည်။

ကျွန်ုပ်တို့ ယိုးဒယား ညီသည်တော်များနှင့် တကွ အားလုံးသော ညီသည်တော်များ အပေါ် တွင် အဆွေတော်တို့ အစိုးရကကြည်ဖြူရက်ရောစွာ အထူး ညီဝတ် ကျေပြန်ခဲ့ကြပါသည်၊ ကျွန်ုပ်တို့ သည် ကိုယ့်အိမ် ကိုယ်ယာမှာကဲ့သို့ပင် နေထိုင်နိုင်ခဲ့ ကြပါသည်။ကျွန်ုပ်တို့အရှေ့တောင် အာရှရှိလူမျိုး မျှားတွင် အချင်းချင်းအသွင်တူသော ယဉ်ကျေးမှု မျှား ရှိကြပါသည်။ ကျွန်ုပ်တို့သည် ဧလေထုံးစံ စိတ်ကူး စိတ်သန်းမျှားတွင် တဦးနှင့်တဦး ထပ်တူ ထပ်မျှ ဖြစ်ပါသည်။ 'ဘာသာ အခြေခံဖြစ်သော ယဉ်ကျေးမှုတွင်လည်း တူညီ ကြပါသည်။ ကျွန်ုပ် တို့ အရှေ့တောင် အာရှ လူမျိုးများ၏ တသက်တာ နေထိုင်ကြပုံမှာ ဗုဒ္ဓ ရှင်တော်ဘုရား၏ ပေါင်းသင်း

ဆက်ဆံရေး လမ်းစဉ် အပေါ်တွင် အခြေခံထားပါသည်။ ခြားနားမှု ဟူ၍ ဘာသာစကား ကွဲပြားမှု သုံးစွဲသော ဇာတိကြားခြင်း မတူမှုနှင့် ပြည်ပင်ပြည်ထွက် လက်မှတ်တို့ ကွဲပြားမှုများသာ ရှိပါသည်။ မည်သို့ပင် ဖြစ်စေ ကျွန်ုပ်တို့ အရှေ့တောင် အာရှနိုင်ငံများသည် တနိုင်ငံနှင့် တနိုင်ငံ ချစ်ကြည်ကိုး စားစွဲ၁ ဆက်သွယ် လာခဲ့ကြသည်မှာ ခွစ်ပရိဇ္ဇေဒ အတော်ပင် ကြာမြင့် ခဲ့ပါပြီ။ ယခုလည်း တပြည်မှ တပြည်သို့ ချစ်ကြည်ရေး အဖွဲ့များ သွားရောက်ခြင်းဖြင့်၎င်း၊ ထေရဝါဒီ ဂိုဏ်းဝင် သံဃာတော်များ ကြွရောက်ကြခြင်းဖြင့်၎င်း၊ အချင်းချင်းပိုမို၍ နားလည်မှုကို ရရှိခဲ့ကြပါသည်။

သို့ဖြစ်၍လည်း ကျွန်ုပ်တို့အတို့ အိမ်သည်များ နှင့်မခြား အဆွေတော်တို့၏ အထူး ပြုစုခြင်းကို ခံကြရသည်မှာ အံ့ဖွယ် မဟုတ်တော့ပါ။ ကျွန်ုပ်တို့ ဧည့်သည်တော်များအား အဆွေတော်တို့ကတခမ်း တနား ချီးမြှင့် စောင့်ရှောက်ကြခြင်းအတွက် ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရနှင့်တကူ ပြည်သူပြည်သားတို့အား ယိုးဒယား ဧည့်သည်တော်များ ကိုယ်စား ကျွန်ုပ်က လှိုက်လှိုက်လှဲလှဲကျေးဇူး ဥပကာရ တင်ရှိပါသည်။ အဆွေတော်တို့က ကျွန်ုပ်တို့ကို မင်းညီမင်းသားများကဲ့သို့ ဧည့်ခံ ပြုစုသည် သာမက ကလေးကြီးများတို့ကိုကဲ့သို့ အခါခပ်သိမ်း ပြုစုစောင့်ရှောက် ကြပါသည်။ အစုလိုက်အစုလိုက် ခွဲခြားထားသည့် ကျွန်ုပ်တို့ ဧည့်သည်တော်များကို အစစ အဆုတ် လိုလေသေး မရှိရန် အဆွေတော်တို့က နေ့ရောညပါ အသင့် စီမံ စောင့်ရှောက်ပေးကြပါသည်၊ အဆွေတော်တို့သည် အသေး အဖွဲ့ကိစ္စကလေးများကိုပင် တင်ကြို၍ စီမံပေးထားပါသဖြင့် ကျွန်ုပ်တို့အဖို့ မည်သည့်အရာကိုမဆို အချိန်မှန်မှန်နှင့် လုပ်ကိုင် သုံးစွဲသွားနိုင်ကြပါသည်၊ ၎င်းယင်းချက်ဟူ၍ မည်သည့် အရာ တခုကိုမျှ မတွေ့ခဲ့ကြပါ၊ ဤကဲ့သို့ ကျွန်ုပ်တို့အပေါ် လုပ်ကိုင် ဆောင်ရွက်ပြုစုမှု အတွက် အဆွေတော်တို့အား ကျွန်ုပ်က ထပ်လောင်း၍ ကျေးဇူး တင်ပါရစေ။

ကျွန်ုပ်တို့အတွက် အဆွေတော်တို့၏ ပြိုင်ဘက်ကင်းသော ဆောင်ရွက်ပေးချက်များမှာ တင့်တယ် ခမ်းနားလှပါသည်၊ ချစ်ဖွယ် ကောင်းသည့် မြန်မာ ပြည်သူပြည်သားများနှင့် အတူတကွ ပျော်ရွှင်စွာ နေထိုင် ခဲ့ရခြင်းများကို ကျွန်ုပ်တို့သည် အမြဲတစေ သတိရလျက် ရှိပါသည်၊ အဆွေတော်တို့ကို မည်သည့်အခါမျှ မေ့ပျောက် နိုင်တော့မည် မဟုတ်ပါ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား အပေါင်းတို့ အသက်ရာကျော် ရှည်ကြပါစေ သတည်း။

ဗုဒ္ဓ ရှင်တော်ဘုရား၏ သာသနာတော်ကြီး သည် ကမ္ဘာ တဝန်းလုံးရှိ သတ္တဝါ အပေါင်းတို့၏ စိတ်ခေတ်ကို အကျိုး ဖြစ်ထွန်းစေရန် လှုံ့ဆော်ပေးနိုင် ပါစေသတည်း။

ထို့နောက် အဂ္ဂ မဟာပဏ္ဍိတ ဘဒန္တ ဣန္ဒဘသာဘ (ဝန်ဆောင် သံဃအဖွဲ့ဝင် ဆရာတော်) က ပါဠိမြန်မာ နှစ်ဘာသာတို့ဖြင့် ပဋ္ဌိသန္ဓာရစကား ပြန်ကြားတော်မူပြီးလျှင် နေ့လည် ၂-နာရီခွဲ မှ ၃-နာရီ အထိ ခေတ္တ ရပ်နားကြောင်းကို ကြေးစည် ၁၀ ချက်ဖြင့် အချက်ပေးစေ၍ ပါဠိမြန်မာ နှစ်ဘာသာ ဖြင့်လည်း လျှောက်ထား ကျေညာတော်မူလေ သည်။

ADDRESS BY GENERAL KHARB KUNJARA, LEADER OF DELEGATION OF HIS MAJESTY'S GOVERNMENT OF THAILAND

YOUR EXCELLENCES, LADIES AND GENTLEMEN,

A momentous page in history has just been closed, and the successful accomplishment of the Great Universal 6th Buddha Sāsana Council will go down in history as a mighty step forward towards universal peace, and as a model and outstanding example for future peaceful co-operation between nations. Here, in this lovable city, the Capital of Burma, in the serene atmosphere of the World Peace Pagoda, Theravādin Buddhists form South East Asia, and from Ceylon, from India, and from Indonesia have pushed aside their personal affairs, their domestic troubles to come here and join hands for the common purpose of reviving the Teachings of Lord Buddha, so that they may become a living force in all parts of the World, as strong and as unshakeable as in our own hearts ; and an inspiration for the leaders of Nations to bring about a change of heart in themselves and in the peoples which they govern. Peace must be established in one's own heart before one can bring peace to others and to the World at large. And verily those Most Venerable Mahātheras who sat in Council, and those who took the initiative to call into being this Great Council as well as all those who took part in it are indeed "minds at peace with themselves" and are therefore qualified to bring Peace to the World, if only more men all over the world would be willing to follow the Only Path of Enlightenment which leads to the cessation of GREED, ILLWILL, AND DELUSION, to the ending of all human suffering and to man's deliverance. Under present conditions, however, universal peace is as yet only an ideal which we should constantly keep in mind and for which we should relentlessly work, so that our common Kusala Kamma shall bear fruits and bring Peace to the World.

During our brief stay among your people we Thai, and all the distinguished guests of your most congenial and hospitable Government have felt quite at home. The peoples of South East Asia stand upon common ground ; our customs and habits, our ideals are exactly the same. We have a common culture which is basically a religious one as we belong to the same ethnographical area. Our Way of Life is based upon the Buddha's Social Order, and so is yours. The only barriers which seem to exist between our countries are passports and visas, different currencies, and ignorance of your native language. But many bridges of mutual understanding and of respect have existed since long, and many more Bridges of Friendship are being built every day by the exchange of Goodwill Missions and by a lively exchange of Theravādin Monks among South East Asia Countries, and from other Theravādin Centres all over the world. Therefore it is not surprising at all that we should all feel so very much at home in your lovable and extremely hospitable country. May I now be allowed to express on behalf of all State Guests our deepfelt gratitude to the Government of the Union of Burma and to its people for the signal honour of being your guests. We have been received like princes and have been looked after like big children. Each group of us was provided with a "day and night nurse" to attend to us and to look after our personal well-being, so that nothing might happen to us. Every minute detail has been worked out in advance and everything done on strict schedule time. Nothing went wrong and never did we for a single moment feel lost . May I therefore thank you once more for all you have done for us. It was a superb achievement which is as yet unequalled, and the memory of these most wonderful and extremely happy days spent among your lovable people will remain in our hearts for many many years to come. Long live the people of the Union of Burma, and may the Buddha Word penetrate into the hearts of all men throughout the World.

ဒုတိယနေ့
ညနေဘိုင်းအခမ်းအနား

ညနေ- ၃-နာရီခွဲ၌ အခမ်းအနား ပြန်လည် ဖွင့်လှစ်ကြောင်း ကြေးစည် ၁၀-ချက်ဖြင့် အချက်ပေးကာ (ဗားကရာတောရ) ဆရာတော် ဘဒန္တ နာဂဝံသ က (ပါဠိ မြန်မာ နှစ်ဘာသာဖြင့်) လျှောက်ထား ကျေးဇူးတော်မူလေသည်၊ သံဃနာယက (ညောင်ရမ်း ဆရာတော်) က အဂ္ဂမဟာပဏ္ဍိတ ဘဒန္တ သောဘဏ (မဟာစည် ဆရာတော်) နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒန္တ ဝိစိတ္တသာရ အား ဝိနယ ပိဋက ဒုတိယ ပါရာဇိက နှင့် တတိယ ပါရာဇိကဆိုင်ရာ ပုစ္ဆကနှင့် ဝိဿဇ္ဇက အဖြစ်ဖြင့် အသီးအသီး ဆောင်ရွက်နိုင်ရန် အလှိုင့ါ (ပါဠိ မြန်မာ နှစ်ဘာသာဖြင့်) သမ္မုတိပေးတော်မူပြီး လျှင် ပုစ္ဆကနှင့် ဝိဿဇ္ဇကတို့က မိမိတို့ သက်ဆိုင်ရာ နေရာသို့ ကြွတော်မူကြလေသည်။ ထို့နောက် ပုစ္ဆကက ပုစ္ဆန ဥ တ်ထားလျက် ဝိနယ ပိဋက ဒုတိယ တတိယပါရာဇိကကို(ပါဠိ မြန်မာ နှစ်ဘာသာဖြင့်) မေးတော်မူလေရာဝိဿဇ္ဇက က ဝိဿဇ္ဇနဥ တ်ထား လျက် (ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ဖြေတော်မူ လေသည်) အပြီးတွင် သံဃာအားလုံးက သာဓု သုံးကြိမ်ခေါ် ခရွသင်းမှုတ် ကြေးစည်တီးလေသည်၊ ထို့နောက် ဒုတိယ ပါရာဇိက ဆုံးသည်တိုင်အောင် သင်္ဂီတိကာရက သံဃာတော် ၂၅၀၀-တို့က ပေါင်းစု ရွတ်ဆိုကာ သံဂါယနာ တင်တော်မူကြ လေသည်၊ (အပြီးတွင် ပရိသတ် အားလုံးက သာဓု သုံးကြိမ်ခေါ်၍ ခရွသင်းမှုတ် ကြေးစည် တီးလေ သည်) ထို့နောက် ဒုတိယနေ့ အခမ်း အနား ရုတ် သိမ်းကြောင်းကို ဘဒန္တ နာဂဝံသ က (ပါဠိ မြန်မာ နှစ်ဘာသာဖြင့်)လျှောက်ထားကျေးဇူးပြု၍ (ကြေး စည် ဆယ်ချက် ဖြင့်လည်း အချက် ပေးစေလေ သည်)။

Second Day

EVENING SESSION

At 3-30 p.m., Ven'ble Bhaddanta Nāgavamsa announced both in Pāli and Burmese that the Proceedings of the Evening Session commenced. This was followed by the ten strokes of gongs. The Sanghanāyaka then proposed to the Sangha Council the names of the Ven. Agga Mahāpaṇḍita Bhaddanta Sobhana, Mahāsi Sayadaw and the Ven. Tipiṭakadhara Dhamma-bhaṇḍāgārika Bhaddanta Vicittarasāra to serve as Pucchaka (Questioner) and the Visajjaka (Replier) respectively, with regard to the second Pārājika of the Vinaya Piṭaka. The Pucchaka and the Visajjaka assumed their seats on the special dais.

The questioning and the answering on the second Pārājika was then made by the Pucchaka and the Visajjaka respectively. At the conclusion of this, the Sangīti-kāraka Bhikkhus acclaimed "*Sādhu*", "*Sādhu*". This was followed by the blowing of conchs and striking of gongs.

After that the entire Sangha Council continued to recite the whole of the second Pārājika. At the conclusion of this recitation by the Sangīti-kāraka Bhikkhus, the Proceedings for the second day of the Inauguration Ceremony of the Sixth Buddhist Council were brought to a close, when the Ven. Bhaddanta Nāgavamsa announced both in Pāli and Burmese that the second day's proceedings came to an end, followed by a signal of ten strokes of gongs.



ပုစ္ဆက (မဟာစည်ဆရာတော် အရှင်သောဘန)၏ပုံ

Venerable Agga Mahā Paṇḍita Mahāsi Sayadaw as Pucchaka
(Questioner)



ဝိဿဇ္ဇက (အရှင်ဝိစိတ္တသာရာဘိဝံသ) ၏ပုံ

Venerable Tipiṭakadhara Dhammabhaṇḍāgārika Bhaddanta Vicittasāra as Vissajjaka (Replier)

သာသနာရေးဝန်ကြီးဦးဝင်းက သာသနာတော်သန့်ရှင်းစည်ကားရေးကို လျှောက်ထားနေပုံ

Hon'ble U Win, Minister for Religious Affairs and National Planning delivering an address of veneration

အမျိုးသားစီမံကိန်းနှင့် သာသနာရေးဝန်ကြီးဦးဝင်း၏ ဘျောက်ထားချက်

ဘုရား တပည့်တော် အလွန် ရိုသေ လေးမြတ်ဈာ အစ္စာဒရသမ္မာနစိတ်ထားဖြင့် ခြေတော်ဦးခိုက် ၍ လျှောက်ထား အသနား ခံဝံ့ပါသည်၊ ဆဋ္ဌသံဂါယနာ မဟာဓမ္မ သာဘင်ကြီး၏ ဦးစီး နာယကျင်းသံဃ ထေရ၊ သံဃဝိဇ္ဇ၊ သံဃပရိဏာယက ဖြစ်တော်မူ သော ကျေးဇူးရှင် ဆရာတော် ဘုရားကြီးနှင့်တကွ သံဂါယနာတင်ပါဝင်တော်မူကြသည့်ဓမ္မသင်္ဂါဟက မထေရ်သခင် အရှင် သူမြတ်တို့ဘုရား။ ၅၂နေ့-၅၅ ရက်- ၅၂အချိန် ၅၂အခါသည် ကမ္ဘာဆုဇင် သာသနာဝံသ စာတမ်း၌ ဥဒါနိ်း မော်ကွန်း တင်ရမည့် နေ့ထူး ရက်ထူး အခါထူးကြီးဖြစ်၍ ကမ္ဘာပေါ် တွင် ကြက်သရေ မင်္ဂလာ အရှိဆုံးသော နေ့ထူး ရက်ထူး အချိန်ထူး အခါထူးကြီး ဖြစ်ကြောင်း အားရဝမ်း သာစွာ ပဌမဆုံး ဈေးဘက် ထား လိုပါတယ်ဘုရား၊

သံဂါယနာ တင်တယ်ဆိုတဲ့ ကိစ္စဟာ အလွန် အလွန် ကြီးမားပြီး အုံ့တယါ၊ ဖြစ်တဲ့အတွက် အခက် အခဲပေါင်း များစွာကို ကျော်လွန် နိုင်မှသာ ထ မြောက် နိုင်ပါတယ်ဘုရား။ သံဂါယနာတင်ရန်မူလ ကြစည် စိုင်းပြင်းစဉ်က ဘုရား တပည့်တော် စိတ်ထဲ မှာ အောင်အောင် မြင်မြင်မှ ဖြစ်ပါ့မလား၊ သံဂါ ယနာ တင်နိုင်မည့် ပဋ္ဌကတ်ဆောင် သံဃာတော် အပေါ် တထောင် လောက်မှ ရနိုင်ပါ့မလားလို့ တွေး ပြီး စိုးရိမ် ကြောင့်ကြ ဖြစ်မိပါတယ်ဘုရား။ ယခု တကဲ့တကယ် တင်တဲ့ အခါကျတော့ ကျမ်းတတ် ဗိဋ္ဌကတ်ဆောင် သံဂါယနာ တင်မဲ့ ရဟန်းတော် မထေရ်ပေါင်း အထောင်နမကဘဲ မြောက်မြားစွာ ပေါ် ထွက် လာသဖြင့် သာသနာ ၂၅၀၀ပြည့်သည့် အထိမ်းအမှတ် ဖြစ်စေခြင်းငှါ သံဃာတော် ၂၅၀၀ ကိုသာ ရွေးချယ်လျက် ပင့်ဘိတ် ရခြင်း ဖြစ်ပါသည် ဘုရား။ ထို့ကြောင့် ဝန်ကြီးချုပ်နှင့် တကွ တပည့် တော်တို့ အုံ့လို့မဆုံး ဝမ်းသာလို့မဆုံး ဖြစ်ရပါတယ် ဘုရား။ ယနေ့ သံဃထေရ ဆရာတော် ဘုရားကြီး နှင့်တကွ သံဂါယနာတင် မထေရ် မြတ်မျှားအား ဖူးမြင်ရတာ ပိန္နဲ့ရောင် အဆင်တူ အသွေးတူ ကိုယ် ဝတ်ရုံတော်တူလျက်ရဟန္တာဘမျှ တည်တည်တံ့တံ့ ခံ့ခံ့ညားညား သာကီဝင် မင်းသား ဘုရား တပည့် တော်ပဝိသိဗျာတော်ဗုဒ္ဓေစောင့်စည်းပြီးပါသာဒီ ဂုဏ် ပြည့်စုံစွာ ယခုလို ဖူးမြင်ရတဲ့အတွက် ရေးက သံဂါယနာ တင်တော်မူခဲ့ကြတဲ့ ရဟန္တာအရှင်မြတ် များ ဒီလိုသဲ့ စပ္ပါယ်တော် မူကြမှာဘဲလို့ တွေးပြီး တသက်မှာ တခါမှ မဖြစ်ဘူးတဲ့ သဒ္ဓါတရားတွေ ပီတိ သောမနဿ တရားတွေ တဖွားဖွား ဖြစ်ပေါ် ကြည်ညိုမိပါတယ်ဘုရား။

ယခု ဆရာတော်ဘုရားကြီးများ တင်မဲ့ သံဂါ ယနာဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စိပ်ပြီးတဲ့နေ့ဘက် သာသနာတော်သက် နှစ်ထောင့် ငါးရာ အတွင်း ခြောက်ကြိမ်မြောက် သံဂါယနာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ သံဂါယနာ ငါးတန် တင်စဉ်က သာသန ဒါယကာ ပြုလုပ်ပြီး ထောက်ပံ့ ကူညီခဲ့တဲ့ ဘုရင် မင်းမြတ်တွေ တိုင်းသူပြည်သားတွေဟာ ယခုဘုရား တပည့်တော်တို့ ဝမ်းသာ အားရ သဒ္ဓါ ပဿန္နဖြစ် သလို ပီတိသောမနဿ ဖြစ်သလို ဖြစ်ကြ ပေလိမ့် မယ်လို့ ကိုယ်ချင်းစာပြီး တွေးမိ ပါတယ်ဘုရား။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စိပ်ပြီး ၃-လနှင့် ၅-ရက် အကြာမှာ သုဘဒ္ဒ ဆိုတဲ့ မသူတော် တောထွက် ရဟန်းကြီးရဲ့သာသနာတော်ကိုစော်ကားတဲ့စကား အတွက် အရှင်မဟာ ကဿပ အမှုမှုရှိသောရဟန္တာ ငါးရာတို့၊အစာတသတ်မင်းကို အမှီပြုပြီးဃုတ်ဖြိုတ် ပြည် ဝေဘာဂတောင် နံဘေး စရည်းပင် ရောက်ရာ (သတ္တပဏ္ဏိလိုဏ်ဂူ၀) အဇာတသတ်မင်း ဆောက် လုပ်တဲ့ မဏ္ဍပ်မှာ ၇-လ တိုင်တိုင် ပဌမ မဟာ သံဂါ ယနာ တင်ခဲ့ကြပါတယ်။ အဲဒီလို သံဂါယနာ မတင် ခဲ့ရင် သာသနာတော်ဟာ သုဘဒ္ဒလို မသူတော် ပုဂ္ဂိုလ်တွေရဲ့ ဖျက်ဆီးမှုကြောင့် အစအနကောင် မြင်ရဘို့ မရှိပါဘူး၊ ကုန်စင်အောင် မဖျက်ဆီးနိုင်လို့ မြင်ရစေကာမူ ဘယ်သူက္ခ အလင်္ဂီသာသနာမျိုး သာ မြင်ရဘို့ ရှိပါတယ်ဘုရား။ မြတ်စွာဘုရားရဲ့ စကားတော် အစဉ်တွေဟာလဲ ပန်းပွင့်တွေ ဆုပ်ပြီး ကောင်းကင် ပေါ် က နေ ကျဲချလိုက်သလို ဖရိုဖရဲ အကွဲကွဲ အပြားပြား ဖြစ်ပြီး ဘယ်လို ခွဲခြားမှတ် သား ရမှန်းမသိ မမှန့်ဝှ ဝိနယ ရောပြွမ်းပြီး၊ ဗရမ်း ဗတာ ဖြစ်ကုန်ဘို့ ရှိပါတယ် ဘုရား။ ဒီလို ဗရမ်း ဗတာ ဖြစ်ကုန်ရင်လဲ လူသတ္တဝါတွေမှာ အထင်လွဲ အမှတ်လွဲပြီး အပါယ်ရဲ့ ရောက်ကုန်ကြဘို့ ရှိပါ တယ်။ အဲဒါကြောင့် သံဂါယနာ တင်ခြင်းဟာ သ သနာတော်ရဲ့ (အသက်ဆက်ဆေး) လူသတ္တဝါအ ပေါင်းတို့ရဲ့ အပါယ်ဘေးမှ (ကယ်တင်ဆေး) လို့လဲ ခေါ်ဆို နိုင်တဲ့အကြောင်း မှတ်သား ခဲ့ရပါတယ် ဘုရား။

သည်နေ့ဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စိပ်ပြီး အနှစ် တရာ အရောက်မှာ ဝေသာလီပြည် ဝဇ္ဇီ တိုင်းသား ရဟန်းများက ဝိနည်း ဒေသနာတော် က မအပ်စပ်ဘူးလို့ ပယ်ထားတဲ့ အစမ္မ ဝတ္ထု အချက်ကြီး ၁၀-ချက်ကို အပ်စပ်တယ်၊ မြတ်စွာ ဘုရား ခွင်ပြုတယ် ဆိုပြီး ဟောပြော ကျင့်သုံး နေကြတဲ့အတွက် ရှင်မဟာယသ အမှုုးရှိသော ရဟန္တာ ခုနစ်ရာတို့ ကာလာသောကမင်းကို အမှီ ပြုပြီး ဝေသာလီပြည် ဝါလိကာရုံကျောင်းတော်ကြီး မှာ ဂ-လ တိုင်တိုင် သံဂါယနာ တင်တော်မူခဲ့ကြပါ တယ်။

သည်နေ့ဟာ ပရိနိဗ္ဗာန်စိပ်ပြီး နှစ်ပေါင်း ၂၅၅-နှစ် အရောက် မဇ္ဈိမဒေသ ပါဋ္ဌလိ ပုတ်ပြည်တွင် ရဟန်းယောင် ဆောင်ပြီး သာသနာ တွင်း ဝင်နေတဲ့ တိတ္ထိ ခြောက်သောင်း အတွက် ရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမှုးရှိသော ရဟန္တာ တထောင်တို့ အသောက မင်းတရားကြီးကို အမှီ ပြုပြီး ၉-လ တိုင်တိုင် သံဂါယနာ တင်တော်မူခဲ့ကြ ပါတယ်၊ အဲဒီ သံဂါယနာတင်ပွဲမှာ သံဂါယနာ မ တင်မီ သိန်းပေါင်း ခြောက်ဆယ် ရှိတဲ့ ရဟန်း ပရိ သတ် အလယ်မှာ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ က မိစ္ဆာ ဝါဒ နှိမ်နင်းရေး အတွက် သုတ်ပေါင်း တ ထောင်ရှိတဲ့ကထာ ဝတ္ထုကျမ်းကြီးကိုဟောပစ်ခဲ့လို့၊ ယခု ထက်တိုင် အတိမ္မာ ၇-ကျမ်းမှာ တကျမ်း အပါအဝင် ပြုပြီး သင်ကြားနေကြရကြောင်း မှတ် သား သိရှိရပါတယ်ဘုရား။

သည်နေ့ဟာ မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စိပ်ပြီး နှစ်ပေါင်း ၄၅-အရောက်၊ သီဟိုဠ်ကျွန်း၀ယ် ၀ဋ္ဌဂါမဏီ မင်းလက်ထက်မလယဇနပုဒ်၊ယခု(အာလုဝိဟာရ) ခေါ် တဲ့အာလောကလိုဏ်မှာ အရှင်မဟာမေဃရကို့တ အမှုးရှိသော ရဟန္တာ ငါးရာတို့ နောင်သောအခါ သဒ္ဓါသတိ ဝိရိယ တရားများ အားသေး ဆုတ်ယုတ် သည့်အတွက် နှုတ်တက် အာဂုံ မဆောင်ရွက်နိုင် ပါက ပဋ္ဌကတ်တော်များပျောက်ကွယ်သွားမည်ကို စိုးရိမ်ကြသဖြင့် ပေထက်မှာ ရေးတင်ပြီးထားတော် မူခဲ့ကြပါတယ်။ သည်လို ပေထက်တင်ခြင်းမှာ ၄ ကြိမ်မြောက် သံဂါယနာ တင်ခြင်းနှင့် တူတယ်လို့ သာရတ္တဒီပနီဋ္ဌိကာ ပရိ၀ါရ အဖွင့်မှာ ဆိုထား ကြောင်း မှတ်သားရ ဘူးပါတယ်ဘုရား။ သည်လို ပေထက်တင်ခြင်းကြောင့်သာ ယနေ့ ထက်တိုင် သာသနာ အသက်ဆက်ပြီး မြန်မာ၊ ယိုးဒယား၊

ကမ္ဘောဒီးယား၊ လာအို စတဲ့ ထေရဝါဒ နိုင်ငံတွေမှာ မြတ်စွာဘုရား၊ပိဋကတ်တော်တွေဟာ၊ကျောက်ချပ်တွေ၊ ပေရွက်တွေ၊ စက္ကူတွေပေါ် မှာ တွေ့မြင်နေရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ သီဟိုဠ်စတဲ့ထွေ ပေထက်က အသက်ဆက် ပန္နက်ရိုက်လိုက်တဲ့အတွက် ယနေ့ ဒီဆဋ္ဌသံဂါယနာ လိုဏ်ဂူတော်ကြီးမှာ သီဟိုဠ်၊ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို စတဲ့ ထေရဝါဒ နိုင်ငံ အားလုံး ညီညီညာညာ စုပေါင်းပြီး မြတ်စွာဘုရား၏ ပိဋကတ်တော် များကို သံဂါယနာ စတင် ဆောင်ရွက်နိုင်ခြင်းဖြစ်လို့အလွန်အံ့ဩဖွယ် ဖြစ်ပါတယ်ဘုရား။

သည့်နောက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၂၄၁၅-ခုနှစ် အရောက် တယည့်တော်တို့ မြန်မာနိုင်ငံ မန္တလေးရတနာပုံ ရွှေမြို့တော်မင်းတုန်း မင်းတရားကြီးကို အမှီပြုပြီး မြေနန်းတော်ရှေ့မှာ သုဓမ္မာ သာသနာပြု ဆရာတော်ကြီး ရှစ်ပါး ကြီးမျှားတဲ့ ဆရာတော်ပေါင်း ၂၄၀၀-တို့ ၆-လတိုင်တိုင် ပဋ္ဌာ သံဂါယနာ တင်တော်မူခဲ့ကြပါတယ်၊ ပဋ္ဌာ သံဂါယနာ တင်ခြင်းရဲ့ အကြောင်းကို စုံစမ်း ရှာဖွေ ကြည့်တဲ့အခါ ဘာ့ကြောင့် တင်တယ်လို့ ပြတ်ပြတ်သားသား တိတိကျကျ ရေးမှတ် ထားတာ မတွေ့ရသော်လဲ အလင်္ဂီ ဒုဿီလ မိစ္ဆာဝါဒ ခိမ်နင်းရေးနဲ့ ပါဠိဝိသေသခန္ဓ ကိစ္စ နှစ်ရပ်ကြောင့် ဖြစ်ကြောင်း မှန်းဆ သိရှိရပါတယ်၊ အလင်္ဂီ ဒုဿီလ မိစ္ဆာဝါဒ ခိမ်နင်းရေး ဆိုတာကတော့ မင်းတုန်း မင်းတရားကြီးကိုယ်တိုင် သံဂါယနာ မတင်မီ-၁၁၇ ခုနှစ် တပ္ပိတွဲ လဆန်း (၁၀)ရက် နေစွဲနှင့် ထုတ်ပြန်ထားတဲ့ သာသနာရေး အမိန့်တော်ပြန်တမ်းကြီးက သက်သေခံနေပါတယ်၊ အဲဒီအမိန့်တော် ပြန်တမ်းကြီးထဲမှာ-

(တယောက်သော အလင်္ဂီ ပုဂ္ဂိုလ်သည်အလင်္ဂီ အရာ အထောင်ကို ဖြစ်စေ၍ သာသနာတော်ကို ဖျက်ဆီးနိုင်သည်) လို့ ပါပါတယ်ဘုရား။

သည်လို အဓိပ္ပါယ်မျိုးကို ပါဆုဇိကဏ်အဋ္ဌက ထာမှာ—

(ဧကော အလင်္ဂီ အလင်္ဂီ သတ္တဒ္ဓိကထောတိ) လို့ မြတ်ကြား ထားကြောင်း ကြားနာဂရ ဘူးပါတယ်ဘုရား။ ဒါကြောင့် သာသနာတော် တည်တန့်စည်ပင်မှုအတွက် အလင်္ဂီဒုဿီလ ပုဂ္ဂိုလ်များ ခိမ်နင်းရေးဟာ အင်မတန် အရေးကြီးကြောင်း သိရပါတယ်ဘုရား။ ပါဠိ ဝိသေခန္ဓ ကိစ္စအတွက်ကတော့ စာမှု ပြင်ဆင်ပေးရတဲ့ ဆရာတော်များ စာရင်းနှင့် ပြင်ဆင်တဲ့ စာမှုများ စာရင်းကို အတိအကျ တွေ့ရလို့ပင် ဖြစ်ပါတယ်ဘုရား။

ယခု ဆရာတော် ဘုရားကြီးများ တင်မဲ့ ဆဋ္ဌသံဂါယနာ ကတော့ တယည့်တော် သိသလောက် လျှောက်ထား ရရင်—

၁။ ပဒ၊ ပါဠိ၊ အကျဍာ ချိုယွင်းမှုကို ပြင်ဆင်တည်းဖြတ်တဲ့ ပါဠိ ဝိသေခန္ဓ ကိစ္စ။

၂။ ပြင်ဆင် တည်းဖြတ် ပြီးသား စင်ကြယ်သော ပိဋကတ်တော် များကို ကမ္ဘာ အရပ်ရပ်သို့ ဖြန့်ချီဘို့ကိစ္စ။

၃။ ပြည်ထောင်စု မြန်မာ နိုင်ငံတော်နှင့်တကွ ဗုဒ္ဓဘာသာ နိုင်ငံအားလုံး မြတ်စွာဘုရား သာသနာတော်ကို ပြုစု အားပေးချီးမြှောက် လိုခြင်းကိစ္စ။

ဆိုတဲ့ အချက်ကြီး ၃-ချက်ကြောင့် တင်ရတယ်လို့ သိရပါတယ်၊ ဒီအချက်ကြီး ၃-ချက်မှာ ပါဠိ ဝိသေခန္ဓ ကိစ္စအတွက်ဘယ်မျှလောက်အရေးကြီး တယ်ဆိုတာ တယည့်တော်တို့ အထူးမဟုတ်လို့ တစုံတရာ မလျှောက် ထားလိုပါဘူး ဘုရား၊ ကမ္ဘာ အရပ်ရပ်သို့ ဖြန့်ချိဘို့ ဆိုတာလဲ အင်မတန် လိုအပ်တဲ့ အချက်ကြီး ဖြစ်လို့ အထူးတလည် လျှောက်ထားရန် မရှိပါဘူးဘုရား၊ တတိယ အချက် သာသနာ ပြုစု အားပေး ချီးမြှောက်ဘို့ဆိုတဲ့ အချက်မှာ အနည်းငယ် လျှောက်ထား လိုပါတယ်ဘုရား၊ အဲဒီနေရာမှာ ပြုစုခြင်းနှင့် အားပေး ချီးမြှောက်ခြင်း ဆိုတဲ့ စကားနှစ်ချက်ဟာ အဓိပ္ပါယ် ခြားနားတယ်လို့ တယည့်တော် ယူဆ မိပါတယ်ဘုရား၊(ပြုစုခြင်း) ဆိုတာ ဥပမာ သစ်ပင်ကလေး တပင် ရှင်လာအောင် ပြုစုရတယ်ဆိုရင် မြေတောင်မြှောက်ရုံ ရေလောင်းရုံနှင့် မပြီးနိုင်ပါ ဘုရား၊ လေဒဏ် မိုးဒဏ်ကျွန်ုပ်ားတွေ ရန်မှစ်ပြီး ဘေးရန် အန္တရာယ်တွေ မဝင်နိုင်အောင် စီမံရပါတယ် ဘုရား။ ဘေးရန်တွေကို အစွမ်းကုန် သုခ်သင် ပယ်ရှား ရပါတယ်ဘုရား။ အားပေး ချီးမြှောက်တယ် ဆိုတာကတော့ ချီးမြှင့်ခြင်း (အနဂ္ဃဟ) သက်သက်မို့ အဓိပ္ပါယ် ထင်ရှားလှ ပါသည်ဘုရား၊ ဒါကြောင့် သာသနာ ပြုစုဘို့ဆိုရင် ပဌမအချက်က သာသနာဆူးခြောင့် ခလုတ် သဖွယ် ဖြစ်တဲ့ အလင်္ဂီ ပုဂ္ဂိုလ် ဒုဿီလ ပုဂ္ဂိုလ်တွေ ပပျောက်အောင် ဆောင်ရွက်ဘို့ အရေးကြီးပါတယ် ဘုရား။ (နိဂ္ဂယနိဂ္ဂဏ္ဌတဗ္ဗေ ပဂ္ဂယ ပဂ္ဂဏှာရဟ္ဟော) ဆိုတဲ့ အတိုင်း နှိမ်သင့်သူကို နှိမ်ပြီး မြှောက်သင့်ဘို့သူကို မြှောက်ခြင်းဟာ သာသနာပြု လုပ်ငန်း အစစ် ဖြစ်ကြောင်း မှတ်သားရဘူးပါတယ် ဘုရား။ ရုဇဝင်လာ သာသနာပြု မင်းကောင်းများ အနက် ပုဂ်ပြည် အနော်ရထာ မင်းဟာ သာသနရန်သူ ရဟန်းတု ရဟန်းယောင် ဆောင် နေတဲ့ အရည်းကြီးတွေကို ထိထိရောက်ရောက် နှိမ်နင်းခဲ့တာ တွေ့ရပါတယ်၊ ရခိုင်ရုဇဝင် မင်းဆုဇာကြီး လက်ထက်မှာလဲ အလင်္ဂီ ဒုဿီလ တွေကို ပြတ်ပြတ်သားသား အရေးယူနှိမ်နင်းခဲ့ပါတယ်၊ ကုန်းဘောင် ရုဇဝင် ဘိုးတော် ဘုရား လက်ထက်မှာလဲ သာသနာပိုင်ဟောင်း အတုလ ယသ စတဲ့ အတင်ဂိုဏ်းဝင်များကို သုဓမ္မာသဘင် သံဃမရိသတ် အလယ်မျက်နှာစုံညီမေးပြီး ပြတ်ပြတ်သားသား အရေးယူ နှိမ်နင်း ခဲ့ပါတယ်ဘုရား။

ယခုလျှောက်ထားခဲ့တဲ့ သာသနဒါယကာများ မှာတော့ သက်ဦးဆံပိုင် အာဏာရှင် မင်းကေဆာင် များ ဖြစ်လို့ သူတို့ခေတ်နှင့် သူတို့ အလိုက် ပြတ်ပြတ်သားသား ဆောင်ရွက် နိုင်ကြပါတယ်ဘုရား၊ ဘုရား တယည့်တော်တို့ ခေတ်ကတော့ ပြည်သူ့ ဆန္ဒခေတ်၊ သမတခေတ်၊ လူထုခေတ် ဖြစ်နေလို့ အ၀ေဏာရှင် ကေဆာင် မင်းများ၏ နည်းအတိုင်း ဆောင်ရွက်ဘို့ မဖြစ်နိုင် ပါဘူးဘုရား၊ သာသနာ ကြီးပွါးရေး အစစ်အမှန် ဆိုတာလဲ ကေန်အားဖြင့် တော့ လူဒါယကာတို့ အပေါ်မှာ မတည်ပါ၊ သာသနာ၀န်ထမ်း ရဟန်းသံဃာတော်တို့ ကိုယ်တိုင် ဆောင်ရွက်မှသာ ဖြစ်နိုင်ပါတယ်ဘုရား။

သည်အတွက် ရှေးသာသနာပြု မဟာထေရ်ကြီးများက လင်္ဂီပုဂ္ဂိုလ်များ စောင့်ရှောက်လိမ့်မည်ဆိုပြီး။

(လင်္ဂီရက္ခိဿတိ) လို့ သုံးကြိမ်တိုင်တိုင် ဗျာဒိတ် စကား မိန့်ကြား ခဲ့ကြောင်း မှတ်သားရဘူး ပါတယ်ဘုရား။ ဒါကြောင့် ယခုလို ကြုံကြိုက်ခဲလှတဲ့ ဆဋ္ဌသံဂါယနာ သာဝင်ကြီးမှာ ကြွရောက်တော်မူ ကြတဲ့ (ဓမ္မသင်္ဂါဟက) သံဃာတော် များက အညီအညွှတ် ကတိကဝတ်ပြုပြီး သာသနာ ရန်စူး ရန်ငြေခင့် များကို သုခ်သင် နှိမ်နင်းရေးနှင့်တကွ သာသနာပြု အမိန့်တော် ပြန်တမ်းကြီး တခုကို သံဃာတော် အရှင်မြတ်များ ကိုယ်တိုင်က ထုတ်ဆင့်ပြီး အရေးယူ နိုင်မယ်ဆိုရင် အထူး သင့်လျော်လိမ့်မယ်လို့ ထင်မိပါတယ် ဘုရား။ ဒီလိုသာ ဆရာတော် သံဃာတော် အရှင်မြတ်များက အရေးယူ ဆောင်ရွက်တော် မူမယ်ဆိုရင် ဘုရား တယည့်တော်တို့က အာဏာစက်နှင့် ကူညီနိုင်ဘို့ လွယ်ကူ သွားလိမ့်မယ်လို့ ယုံကြည် ပါတယ်ဘုရား။

ဆရာတော် အရှင်မြတ်များ ဘုရား ပဲခူး၊ ဟံသာ၀တီက ဓမ္မစေတီ မင်းတရား လက်ထက်မှာ ဓမ္မစေတီမင်းတရား လျှောက်ထားလို့ အလင်္ဂီဒုဿီလ နှိမ်နင်းရေး အတွက် ရဟန်းသံဃာတော်များ ကိုယ်တိုင် ကတိကဝတ် ပြုပြီး အရေးယူ နှိမ်နင်းခဲ့ဘူးတဲ့ ထုံးဟောင်းလဲ ရှိပါတယ် ဘုရား၊ ဒီအကြောင်းကို

ကလျာဏီ ကျောက်စာမှာ အတိအလင်း တွေ့ရှိရပါတယ်ဘုရား။

ဆရာတော်အရှင်မြတ်များ ဘုရား၊ မြန်မာနိုင်ငံ လူမျိုးခြား လက်အောက်မှာ နှစ်ပေါင်းများစွာ ဘိန်ပိုခ်ခြင်း ခံခဲ့ရတော့ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်ဟာ အလွန် မှေး မှိန် ခဲ့ရပါတယ်၊ သာသနာဒါယကာများ မရှိတဲ့ အခါမှာ အစစ အရာရာ အကျပ်အကဲ လွတ်ပြီး လျှောခဲ့ရဲ့ ဖြစ်နေခဲ့တဲ့ သာသနာတော် ကြီးကို ဆယ်တင်ဘို့ရန် ဆရာတော် အရှင်မြတ်များနှင့်သာသနာဒါယကာ လူထုကြီးနှင့် လူထု အစိုးရအပေါ် တာဝန် ကျနေပါပြီဘုရား၊ သာသနာပြု လုပ်နန်းနှင့် ပတ်သက်ပြီး တကယ်တန်း ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်တော် မူပါရန် အသနား ခံလိုပါတယ်ဘုရား။ ဒီလို ဆောင်ရွက်တဲ့ အခါမှာလဲ မျက်နှာကြီး မျက်နှာငယ် ဘယ်လိုဟာ မျိုးမှ ငဲ့ညှာ ထောက်ထား အသနား ကြောက်ရွံ့ခြင်းမရှိ မြတ်စွာဘုရား ရှေ့မျက်နှာတော် တခုတည်းသာ ငုံ့ကွက်ပြီး အသက်ကို အန္တရာယ် ပြုစေကာမူ အရေးမစိုက်ဘဲ ပြတ်ပြတ်သားသား ဆောင်ရွက်တော် မူစေလိုပါတယ်ဘုရား၊ အဲဒီလို ဆရာတော် သံဃာတော် အရှင်မြတ်များက ဆောင်ရွက်တော်မူမယ်ဆိုရင် တပည့်တော်တို့တတ်နိုင်တဲ့အာဏာစက်ဘက်က ထက်ထက်မြက်မြက် အစုမ်းကုန် ကူညီရန် အသင့်ရှိကြောင်းကို ဘုရား တပည့်တော် နိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီး အနေနှင့် ပဋိညာဉ် ပေးပါတယ် ဘုရား။

လွန်ခဲ့တဲ့ သံဂါယနာ ငါးတန်ကို ပြန်ကြည့်မယ် ဆိုရင် စတုတ္ထက လွဲပြီး ကျန်သံဂါယနာ လေးတန် လုံးဟာ အလင်ဒီ ဒုသီလ မိစ္ဆာဝါဒ နှိမ်နင်းရေး အတွက် သက်သက်လောက် တင်ခဲ့ရကြောင်း သိရှိရပါတယ် ဘုရား၊ တပည့်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဟာ ကမ္ဘာ တဝန်းလုံးမှာ ဗုဒ္ဓသာသနာ အထွန်းကား ဆုံးရယ်လို့ ကျော်ကြားလျက် ရှိပါတယ်၊ သို့ပေမဲ့ အစစ်ရှိရင် အတုရှိမြဲ ဓမ္မတာအတိုင်း ရဟန္တာ သာသနာ ထွန်းကားတဲ့ ရွှေမဏ္ဍိမ အိန္ဒိယခေတ် သီဟိဠ်ခေတ်တို့ကပင်မကင်း နိုင်တဲ့ အလင်ဒုပ္ဂိုလ်ထိ မိစ္ဆာဝါဒတွေ အနှံ့ အပြားပေါများနေကြောင်း ဆရာတော် သံဃာတော်များ အသိဖြစ်ပါတယ်ဘုရား၊ ဒါကြောင့် ဆဋ္ဌသံဂါယနာ တင်ခြင်းရဲ့ အကြောင်းပြချက် ၃-ချက်မှာ တတိယ အကြောင်းဖြစ်တဲ့ သာသနာ ပြုစု စောင့်ရှောက်ရေး လုပ်နန်း ဆိုတဲ့ အလင်ဒီ ဒုသီလ မိစ္ဆာဝါဒတွေ နှိမ်နင်း နိုင်မည့် အစီအစဉ် များကို ပြ ဌာန်းပြီး၊ ဆောင်ရွက်နိုင်လိမ့်မည်လို့ ယုံကြည်ပါတယ်ဘုရား။

ယခုအခါ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး ဆင်ယင်တဲ့အတွက် သာသနာတော်လဲ ယခင်က ထက် ဆထက်တိုးပိုး တိုးပြီး ပြန့်ပွါး ထွန်းကားလာပါပြီ ဘုရား၊ တပည့်တော်တို့ တိုင်းသူပြည်သား ဒါယကာ-ဒါယိကာမတွေရဲ့ ဆန္ဒကို လျှောက်ထားရရင် ရေး မဏ္ဍိမ အိန္ဒိယခေတ်နှင့် သီဟိဠ်ခေတ်လို ကောင်းကင်မှာ စျာန်ပျံနေတဲ့ သာသနာတော်ကို ဖူးမျှော်ချင်တာပါဘဲဘုရား။ သို့ပေမဲ့ ခေတ်သမယ အခြေအနေ အလိုက် မဖြစ်နိုင်ဘူးဆိုရင် မဏ္ဍိမ ဒေသနှင့် ရှေးသီဟိဠ် သာသနာတန်းကလို သပိတ်တလုံး သင်္ကန်း ၃-ထည်နှင့် ခြေသလုံး အိမ်တိုင် လျှောက်ပြီး ရောက်ရောက်ရာ ဂူ၊ ကျောင်း၊ တော၊ တောင်တို့မှာသီတင်းသုံးနေထိုင်ခဲ့ကြတဲ့ သာသနာ မျိုးကို ဖူးမျှော်လိုပါတယ် ဘုရား၊ အဲဒီလို ဖြစ်ဘို့ရာ ကတော့ တပည့်တော် အထင် တကယ်လုပ်ရင် မ ဖြစ်နိုင်စရာ မရှိဘူးလို့ ထင်မိပါတယ်ဘုရား။ ဘာကြောင့်လဲ ဆိုရင် စျာန်တွေ မဂ်တွေ ရဘို့ရာ ဆိုဒါကတော့ ပဋိသန္ဓေ မျိုးစေ့ ကိုယ်တိုင်က တိတ်တိ ဖြစ်လာမှ သာ ရနိုင်တာမို့ ခဲယဉ်းလှတယ် ထားပါအုံး၊ သပိတ် တလုံး သင်္ကန်း ၃-ထည်နှင့် ပရိက္ခရာ ရှစ်ပါး လက်ကိုင်ထားပြီး ခေါင်းပါးစွာ ကျင့်တဲ့ သာသနာမျိုးကတော့ ထက်မြက်တဲ့ သဒ္ဓါတရား စွန့်စားတဲ့ ဝီရိယ တရားများ အပေါ်မှာ သာတည် တာမို့ ပကတိအားဖြင့် ပင်ဆရာတော် သံဃာတော် များဟာ စွန့်စားတဲ့ ဝီရိယ အရာမှာတပည့်တော်တို့ လူပုဂ္ဂိုလ်များထက် အဆများစွာ မနှိုင်းယှဉ်သာ အောင် သာလွန်ကဲ ပိုမိုခြင်းကြောင့် ဖြစ်နိုင်စရာ အကြောင်းရှိပါသည်ဘုရား။

"ဝိရိယ ရှိသော ပုဂ္ဂိုလ်အား မပြည့်စုံသော အမှု မည်သည် မရှိ"ဆိုတဲ့ ဒေသနာတော်ကို ကြားနာ မှတ်သားရဘူးတဲ့အတိုင်း ဆရာတော် သံဃာတော်များရဲ့ ဝီရိယတရားကို သည်ထက် တဆင့် အထွဋ်ရ အထိပ် ရောက်အောင် မြှင့်တင်လိုက်ရင် "ပရိက္ခရာ ရှစ်ပါး သာသနာ" မကြာမီ ပေါ်လာ လိမ့်မည်လို့ ယုံကြည် မိပါတယ်ဘုရား။ သည်လို မြှင့်တင် ကျင့်ကြံခြင်း အားဖြင့်....

(မကြည်ညိုသေးသော သူတို့အား ကြည်ညို စေခြင်းငါ ကြည်ညိုပြီးသော သူတို့အား ပိုမို ကြည်ညိုစေခြင်းငှါ) ဆိုတဲ့ မြတ်စွာဘုရား အလိုတော် ဆန္ဒလဲ ပြည့်ဝသွားပါမယ်၊ ရဟန်း သံဃာတော်တို့ရဲ့ (ဂုဏ်ထူးတံဆိပ်) ဖြစ်တဲ့....

(အလို လောဘ နည်းပါးခြင်း၊ အပ်ပ် စွဂုဏ်၊ ရောင့်ရဲလွယ်ခြင်း၊ သန္တောသဂုဏ်၊ မှုခင်းကိစ္စနည်းပါးခြင်း၊ အပ္ပကိစ္စဂုဏ်) များလဲ ယခုထက်တိုးပြီး အရောင်အဝါ ထွန်းလင်းလာဘို့ ရှိပါတယ်၊ ဒါကြောင့် ဆဋ္ဌ သံဂါယနာ ခေတ်ကြီးမှာ (ပရိက္ခရာ ရှစ်ပါး သာသနာသစ်ကြီး)ဖြစ်သွားအောင်ဆောင်ရွက်တော် မူကြဘို့ လျှောက်ထား အသနားခံလိုပါတယ်ဘုရား။

လွန်ခဲ့တဲ့ သံဂါယနာ ငါးတန်မှာ အသီးသီး အကျိုး အမြတ်နှင့် ထူးခြား ချက်တွေ ရှိခဲ့သလို ယခု ဆရာတော် ဘုရားများရဲ့ ဆဋ္ဌသံဂါယနာမှာ ဘာများ ထူးခြားချက် အမြတ်ထွက်ချက် ရှိပါသလဲ လို့ စဉ်းစား ကြည့်မိပါတယ်ဘုရား၊ သည်လို စဉ်းစား ကြည့်တဲ့အခါ ဘုရား တပည့်တော် အမြင်အား ဖြင့် ၆-ကြိမ်မြောက် သံဂါယနာ ဖြစ်တဲ့အတိုင်း ထူးခြားချက် အချက်ကြီး ၆-ချက်ကို တွေ့ရပါတယ် ဘုရား။

ပဌမ အချက်က တော့ ဗျာန် အဘိညာဉ် မဟုတ်သော်လဲ ခရီး လမ်းမန်း အသွားအလာ လွယ်ကူပြီး ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင် နိုင်ငံတွေ နှင့် နေ့ချင်းပေါက် နာရီပိုင်း လောက်နှင့် သွားရောက် ဆက်ဆံနိုင်တဲ့အတွက် ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဝိဋ္ဌကတ် တော် (မှ) အမျိုးမျိုးနှင့် တိုက်ဆိုင် ခဲ့ခင် ရပါတယ်ဘုရား။ အရေးကြီးတဲ့ ပဓာန အချက်ကြီးဖြစ်လို့ ထူးခြားတဲ့ ဒုလ္လဘကိစ္စကြီးတခု လို့ဆို နိုင်ပါတယ်ဘုရား။

ဒုတိယ အချက် ကတော့ ပါဠိတော် များကို သုခ်သင် တည်းဖြတ်တဲ့ (ပါဠိတိသောခန) လုပ်ငန်းမှာ သီဟိဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို စတဲ့ထေရဝါဒ ဗုဒ္ဓဘာသာဝင်နိုင်ငံအားလုံးက ဝိုင်းဝန်း ကူညီမှု ရတဲ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံဂါယနာတွင်မျမက ကမ္ဘဒ္ဒ သံဂါယနာ ထေရဝါဒ နိုင်ငံအားလုံးရဲ့ သံဂါယနာ ဖြစ်သွားဒါကို တွေ့ရပါတယ် ဘုရား။

တတိယ အချက်ကတော့ ပိဋကတ်တော်ကို ပါဠိဘာသာခေါ်တဲ့ မာဂဓ ဘာသာနှင့် သာမကဘဲ (ဒေသီဘာသာ) ခေါ်တဲ့ မြန်မာဘာသာနှင့် လဲ သံဂါယနာတင်မဲ့အချက်ဖြစ်ပါတယ်၊ သည်အတွက် သံဂါယနာတင်ပြီးကမ္ဘာမကုန်မချင်း မြန်မာ ပိဋကတော်ကြီး အမြတ်ကျန် နေပါတော့မယ်။ တတိယ သံဂါယနာ တင်ပြီးတဲ့အခါ ကထာဝတ္ထုကျမ်းကြီး အမြတ်ကျန်နေရစ်သလို ယခု ဆဋ္ဌသံဂါယနာ တင်ပြီးတဲ့အခါမှာလဲ မြန်မာပိဋကတ် တော်ကြီး အမြတ်ကျန်ရစ်တော့မှာမို့ အလွန်ထူးကဲတဲ့ အချက်ကြီး ဖြစ်ပါတယ်ဘုရား။

AN ADDRESS OF VENERATION DELIVERED BY THE HONOURABLE MINISTER FOR RELIGIOUS AFFAIRS AND NATIONAL PLANNING

To The Presiding Mahāthera and all the Sangīti-kāraka Mahātheras

BHANTE,

Before saying anything else, may I with great joy most respectfully declare how felicitous and auspicious is the present moment that will make today a most memorable one in the history of Buddhism and, indeed, in the history of the world.

Bhante, the holding of a Sangāyanā being a rare task and a most tremendous one, its success can be achieved only when we can overcome all kinds of difficulties and inconvenience. When we first conceived the idea of holding the Chaṭṭha Sangāyanā, we had doubts whether it would meet with success, or that we could find a thousand Sangīti-karāka Bhikkhus. Now, when the time comes for the actual holding of the Great Buddhist Council, I am filled with delight to find that there are thousands of Bhikkhus who are well learned in the Piṭaka and who can participate in the proceedings of the Chaṭṭha Sangāyanā. Of these only 2,500 Bhikkhus have been selected as Sangīti-karāka Bhikkhus to commemorate the 2,500th anniversary of the Omniscient Buddha's Maha-parinibbāna. Moreover, when, today, I see your venerable selves clad in orange-coloured robes and sitting in a disciplined and dignified manner just like the Arahats of old who were the followers of the Omniscient Buddha, I think to myself that in the previous Sangāyanās also, the Arahats would be behaving in such a dignified and modest manner, and I am inclined to pay my deepest respects to your venerable selves with a great rejoicing emotion—an emotion which had never occurred in my life before.

The present Buddhist Council which you are going to convene is the sixth one since the Maha-parinibbāna of the Supreme Buddha. I feel that the supporting kings, the ministers and the people of the days when the previous Sangāyanās were held would be as much elated with joy as we are now.

Bhante, three months and five days after the Buddha's Maha-parinibbāna, owing to the materialist views advanced by one Subhadda, who had gone forth when old, the five hundred Arahats led by the Venerable Maha-kassapa the Great had to hold the First Buddhist Council in the temporary vihara built by King Ajatasattu at Sattapanni Cave by the side of the Vebhara Hill in Rājagaha (modern Rajgir), the Council lasting for seven months. Thanks to the mighty and virtuous saints of former days for holding the previous Sangāyanās to classify and arrange all the Teachings of the Buddha. If it were not for their efforts, the Buddha's Sāsana might have been utterly destroyed; or even if not so, the Teaching might have been in disorderly state. Had it not been for the classification and arrangement made by the Sangīti-karāka Arahats of old, the Buddha-Dhamma would have been a hopeless muddle, the Dhamma intermingling with the Vinaya, and the Teachings of the Buddha at sixes and sevens, thus leading the worldlings to the "Lower Regions" by becoming micchaditthikas. For the reasons I have just stated, the holding of the Buddhist Councils such as the present one can be called the "life blood" of the Buddha's Sāsana and also the "rescuer" of the beings from being re-born in the Lower Worlds.

Secondly, one hundred years after the Buddha's Maha-parinibbana, the Vajjiputtakas of Vesali promulgated ten points which were disallowed by the Vinaya and the Second Great Council had to be held by the seven hundred Arahats led by Mahathera Yasa at Valikarama in Vesali with the support of King Kalasoka, the Council lasting for eight months.

In 235 Buddhist Era, owing to the interference of sixty thousand heretics of Pataliputta (present Patna), the Third Buddhist Council was held at Paṭaliputta by one thousand Arahats led by the Venerable Mahāmoggaliputta Tissa Mahāthera, with the support of Emperor Asoka, the Council lasting for 9 months. Before the holding of that Council, Mahā-moggaliputta Tissa Mahāthera refuted the views advanced by the micchaditthikas by expounding the Kathavatthu (Points of Controversies) to huge

---

စတုတ္ထ အချက်ကတော့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ အကြောင်းတော် ဖြစ်စဉ်တွေ ပြည့်ပြည့် စုံစုံ ရေးထားတဲ့ (ကေဝလပရိပုဏ္ဏ မြန်မာဘာသာ ဗုဒ္ဓဝင်တော်ကြီး)ကိုပါ သံဂါယနာတင်မဲ့အတွက် ထူးခြားချက်ကြီး ဖြစ်ပါတယ်၊ ဒီ ကေဝလပရိပုဏ္ဏ မြန်မာဘာသာ ဗုဒ္ဓဝင်တော်ကြီးလဲ ဆဋ္ဌ သံဂါယနာရဲ့ အမြတ်အဖြစ်နှင့် ကမ္ဘာ မကုန်မခြင်းကျန်ရစ်တော့မည် ဖြစ်ပါတယ်ဘုရား။

ပဋ္ဌမအချက်ကတော့၊ သံဂါယနာတင်ခြင်းကိစ္စဟာ လိုရင်းအချုပ်အသားထုတ်လိုက်ရင်(ဗုဒ္ဓဝါဒ)ကို တိကျ မှန်ကန်အောင်နှင့် တိကျ မှန်ကန်သည့် အတိုင်း တည်တံ့ ခိုင်မြဲပြီး ပြန့်ပျံ့စည်ပင်အောင် ပြုလုပ်တဲ့အမှုဖြစ်လို့ ကမ္ဘာပေါ်ရှိ အတိုင်းတိုင်း အပြည်ပြည်က သိထိုက် ပါတယ်။ တတ်နိုင်ရင် အနန္တ စကြာဝဠာ ကမ္ဘာလောကဓါတ် အရပ်ရပ်ကတောင် သိအောင် ဆောင်ရွက် သင့်တဲ့ ကိစ္စကြီး ဖြစ်ပါတယ်။ ဒီအချက်နှင့် ပတ်သက်ပြီး လျှောက်ထားရလျှင် ယခု ဆဋ္ဌသံဂါယနာမှာ ပြည်ထောင်စု မြန်မာ နိုင်ငံတော် အမြို့မြို့ အရပ်ရပ်နှင့်တကွ ကျွန်း အဆိုင်းဆိုင်း တိုင်းအတည်တည် ပြည်အစ်စို့ မြို့အ ခန်းခန်း ကမ္ဘာ တဝန်းလုံးက အရေးတယူအလေးမူ ခြင်းကို ခံယူ နေရ ပါပြီဘုရား။

ဆဋ္ဌမ အချက်ကတော့ ရှေးရှေး သံဂါယနာတွေ တုန်းကလိုတခမ်းတနားအုံ့တပါးဖြစ်တဲ့ မဏ္ဍပ်ကြီးတွေ ထိုးမနေဘဲ အမြဲ ထာဝရ ကမ္ဘာတည် လောက်အောင်(ကဗ္ဗဒိတိယ)ဖြစ်လောက်တဲ့(ဆဋ္ဌ သံဂီတိမဟာပါသာဏဂုဟာ) လိုဏ်ဂူ တော်ကြီးက ဆဋ္ဌ သံဂါယနာရဲ့ ကမ္ဘည်း ကျောက်စာ မော်ကွန်း တိုင်ကြီးပမာ ကမ္ဘာ ရာဇဝင် သာသနာဝတ်သ စာတမ်းမှာ မှတ်တမ်းကြီး တခုအနေနှင့် အမြတ်ထွက်ပြီး ကျန်ရစ် တော့မှာ ဖြစ်ပါတယ် ဘုရား။

အဲဒီလို ထူးခြားပြီး တကမ္ဘာတွင် တခါကြုံ ကြိုက်ခဲလှတဲ့ ဆဋ္ဌသံဂါ ယနာတင် မဟာ သဘင်ကြီးကို နိုင်င်တော် အစိုးရရဲ့ သာသနာရေး ဝန်ကြီး အဖြစ်နဲ့ ကြုံကြိုက် ဖူးတွေ့ခွင့်ရတဲ့အတွက် ဘုရား တပည့်တော်အဘို့ လူဖြစ်ကျိုး နပ် သွားပြီလို့ အ တိုင်းထက်အလွန် ကျေနပ် ဝမ်းမြောက်ခြင်း ဖြစ်ရ ပါတယ် ဘုရား။

ဝိသာခါပုဏ္ဏမီ ကဆုန်လပြည့်နေ့ ကောင်းသောမင်္ဂလာ အချိန်အခါဝယ် ဆင်ယင်ကျင်းပ အပ်သည့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် အခမ်းအနားကြီးသို့ ယိုးဒယားနိုင်ငံတော် ဘုရင်မင်းမြတ်ကြီးမှူးသော ဗုဒ္ဓဘာသာအသင်းကြီးက ထိုကဆုန်လပြည့်နေ့ညအခါဝယ် ပေါ်ထွန်းသည့် လပြည့်ဝန်းပမာ တောက်ပကြည်လင်စင်ကြယ်သော စေတနာတို့ဖြင့် မဂ်လာသြဘာစကား ပြောကြားအပ်ပါသည်။

မြန်မာပြည်နှင့် ယိုးဒယားပြည် ၂-ပြည်ထောင်တို့သည် ပခုံးချင်း ယှဉ်၍ ချီတက်ကြလျက် ကျွန်ုပ်တို့ ပြည်မျှားကို တည်ဆောက်ပြီး ခိုင်မြဲအောင် လုပ်ခဲ့ကြပါသည်၊ သမ္ဗညုတမြတ်စွာဘုရား၏ ဒေသနာတော်ကြောင့် ကျွန်ုပ်တို့ ရာဇဝင်တလျှောက်တွင် အချင်းချင်း ရင်းနှီးစွာ ညီအစ်ကိုများကဲ့သို့ ပေါင်းသင်းဆက်ဆံခဲ့ကြပါသည်၊ ဤရာစုနှစ်များ အတွင်း နှစ်တိုင်းပြည်စလုံး လိုလားအပ်သော မေတ္တာတရား သန္တိတရားတို့ကို ဤရှင်တော်ဘုရား၏ ဒေသနာတော်များကသာ ဆုမွှယင်ကြားခဲ့ပေသည်။

ဗုဒ္ဓရှင်တော်ဘုရား၏ ဒေသနာတော်ကို မြန်မာပြည်သူပြည်သားများက သေချာဂနစွာ လိုက်နာကျင့်သုံးခြင်း များသည် ဤကမ္ဘာလုံးဆိုင်ရာ သံဂါယနာ မဟာဓမ္မသဘင်ကြီး ကျင်းပခြင်းအားဖြင့် ကမ္ဘာတဝန်းနှင့် ကျွန်ုပ်တို့အချင်းချင်း ငြိမ်းချမ်းရေးဝါဒကို အကျိုးတူ ကြိုးစားအားထုတ် ထောက်ခံသည့် အကောင်းဆုံး သက်သေသာဓက တရပ်ပင် ဖြစ်ပါသည်။

အဆွေတော်တို့၏ ကြီးကျယ်သော ကုသိုလ်တရား ပွါးများမည့် တာဝန်ကြီးကို ထမ်းဆောင် ရာ၌ ကျွန်ုပ်တို့၏ စေတနာ သဒ္ဓါတရား ထက်သန်လှသည့်အထောက် အပံ့တို့ကို ပေးရန်ရှိပါသည်။ သာသနာတော် တိုးတက်ရန်နှင့် ဝေနေယျသတ္တဝါ အပေါင်းတို့အား ငြိမ်းချမ်းရေး ရရန် အလို့ငှါ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး အထမြောက် အောင်မြင်စေရေးအတွက် ယိုးဒယား နိုင်ငံတော် ဘုရင် မင်းမြတ် နာယကပြုသော ဗုဒ္ဓဘာသာ အသင်းကြီး၏ ကိုယ်စား ကျွန်ုပ်က ဆုတောင်းပတ္ထနာ ပြုလိုက်ပါကြောင်း။

အမေရိကန်ဖြိုးမြင့်ပေါင်ဒေးရှင်းအဖွဲ့၏ကိုယ်စား မဓ္ဓတာ ဂျွန်စကေဘ့အယ်ဗာဟန်က ဗတ်ကြားလျှောက်ထားသောသဝဏ်လွှာ

သတိုးမဟာသရေစည်သူဦးချန်ထွန်းသို့....

ဆဌသံဂါယနာ မဟာမဓ္ဓသာဝင်ကြီး ဖွင့်ပွဲတွင် ဖိုးဒ်ဖေါင်ဒေးရှင်း အဖွဲ့၏ ကိုယ်စား ကျွန်တော်က ဤမဓ္ဓသာဝင်ကြီး ကျင်းပခြင်းကို ချီးမွမ်းထောမနာ ပြုကာ ကောင်းစွာ အောင်မြင်ပါစေသောဝ်ဟု ဆုတောင်း ပတ္ထနာ ပြုပါသည်။

စစ်မက် အရေး ဖြစ်ပွါးပည်ကို စိုးရိမ်ရပါသော ပါပဓာတ်တို့သည် လူအများ၏ စိတ်ကို ဖုံးအုပ်ဖိနှိပ် နေသည့်အခါ၌ ငြိမ်းချမ်းမှု စွမ်းဆောင်နိုင်သော စိတ်ကောင်း စိတ်မြတ်များ တိုးပွါးအောင် အာရှ အရှေ့တောင်ပိုင်း တခွင်မှ ခေါင်းဆောင်ကြီးများက ယခုလို ကြိုးပမ်းအားထုတ် ကြသည်မှာ နှစ်ထောင်း အားရဘွယ် ဖြစ်ပါသည်။

မဘာ ယထာ နိယံပုတ္တ,
မာယုသာ ကေပုတ္တမနုရက္ခေ၊
ဧဝမ္ပိသမ္ဘူတေသု,
မာနသံ ဘာဝယော့ အပရိမာဏံ၊
မေတ္တဉ္စ သမ္ဗလောကသ္မိ,
မာနသံ ဘာဝယော့ အပရိမာဏံ၊
ဥဒ္ဓံ အဓော စ တိရိယဉ္စ,
အသမ္ဗာဓံ အဝေရမသမ္ဗဒ္ဓံ။

မိခင်သည် မိမိရင်ဖွားဖြစ်သော တဦးတည်းသော သားငယ်ကို အသက်ပေး၍ ကာကွယ်သကဲ့သို့၊ ထို့အတူသာလျှင် ဝေနေယျသတ္တဝါ အပေါင်းတို့ အပေါ်ဝယ် အတိုင်းမသိသော မေတ္တာစိတ်ကို ပွါးများအားထုတ်ရာ၏။

အတိုင်းမသိသော မေတ္တာစိတ်တို့သည် အတားအဆီးမရှိ ငြိုငြင်မှုနှီးတီးခြင်းမရှိ အထက်အောက် ဖီလာတို့၌ နေထုမရွေး ကမ္ဘာတစန်းလုံးသို့ ပြန့်နှံ့ ပါစေသတည်း။

ဟု ခုဒ္ဒကပါဋ္ဌ မေတ္တာသုတ်၌ လာရှိသည့် ဒေသနာတော်သည် ယခုအခါ ရေမရတုက်နိုင်သော လူအဝေါင်းတို့၏ စိတ်နှလုံးကို နှစ်သိမ့် ဆွဲဆောင်နိုင်မည်မှာ အမှန်ဖြစ်ပါသည်။

ယခုကျင်းပသည့် မဟာဓမ္ဓသာဝင်ကြီးသည် မြန်မာရတ္တဝင်၌သာမက အာရှ အရှေ့တောင်ပိုင်း တခန်းလုံး၏ ရာဇဝင်၌လည်း မော်ကွန်းတင်ရမည့် အသရေကြီးသော အကြောင်း အချက်ကြီး တရပ် ဖြစ်ပါသည်။ ဤမဓ္ဓသာဝင်ကြီး၏ တန်ခိုး အာနုဘော်ကြောင့် လောကတွင်ရှာ အကျိုး ရှာမီးကြသော လူအပေါင်းတို့သည် တဦးနှင့်တဦး ပိုမို နားလည်မှု ရင်းနှီးမှု ရရှိကြလိမ့်မည်ဟု အဆွေတော်တို့နှင့်အတူ ကျွန်တော်များ အဖွဲ့ကလည်း မြော်လင့် တောင့်တပါသည်။

နာ ဟိ ဝေရေန ဝေရာနိ,
သမ္မန္တိဓ ကုဒါစနံ၊
အဝေရေန စ သမ္မန္တိ,
သေ ဓမ္မော သနန္တနော။ ။

"ဤကမ္ဘာလောကကြီးမှာ ရန်ရန်ချင်း မတုန့်ပြန်ရာ၊ ရန်တုန့်ပြန်ခြင်းအားဖြင့် ငြိမ်းချမ်းရေး ရနိုင်မည် မဟုတ်ပါ၊ မေတ္တာသည်သာလျှင် ငြိမ်းချမ်းရေးကို ဖန်တီးနိုင်မည် ဖြစ်ပါသည်၊ ဤသည်ကား ရှေးနယာမတရားတော်ပေတည်း။

ဟု ဓမ္မပဒအဋ္ဌကထာ ကာဠိယက္ခဏ်ထည့် ပါရှိသည့် မွန်မြတ်သော ယူဆချက်ကို အဆွေတော်တို့ကဲ့သို့ ကျွန်တော် များကလည်း ထပ်တူထပ်မျှ ယုံကြည်ကြပါသည်။

ဤ နေ့သည်ကား မဟာဓမ္ဓသာဝင်ကြီး ထမြောက် အောင်မြင်ရေးကို စိတ်ကူးဉာဏ် စေစား၍ စိမ်း အားထုတ်ခဲ့သူများအဘို့ လိုအင်ဆန္ဒပြည့်စုံသော နေ့ကြီးပေတည်း။

ကျွန်တော်များ၏ အဖွဲ့သည် အဆွေတော်တို့နှင့် စိတ်သဘောချင်း တိုက်ဆိုင်လျက် ကမ္ဘာ့ငြိမ်းချမ်းရေး လှုပျံ့းပေါင်းစုံ အချင်းချင်း နားလည်မှု ရရှိရေး ချစ်ခင် ရင်းနှီးမှု ရရှိရေးများအတွက် အဆွေတော်တို့နှင့် တွဲဘက်၍ မနားမနေ မပျေ့ မလျော့သော လုံ့လဖြင့် ကြိုးပမ်း အားထုတ်ရန် အဆွေတော်တို့၏တိုင်းပြည်သို့ ရောက်လာကြောင်းကို ထပ်လောင်း၍ ပန်ကြားလိုပါသည်။ ယင်းသို့ ဆောင်ရွက်ရန် ရောက်ရှိရသည်ကိုလည်း ကျွန်တော်များက နှစ်ထောင်း အားရလှပါသည်။

နိုင်ငံပေါင်းစုံ ပဋိဂဏတ် တိုက်ကြီးနှင့် သုတေသနရှာမီးရေး ဗဟိုရင်ဌာနကြီးကို ဆောက်လုပ် ဖွင့်လှစ်ခြင်းအားဖြင့် အာရှအရှေ့တောင်ပိုင်း၏ မွန်မြတ်သော ယဉ်ကျေးမှု အဝဝကို နိုင်ငံတကာက ပိုမို သိနားလည်လိမ့်မည်ဟု ကျွန်တော်များက မြော်လင့်ပါသည်၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ချမ်းသာသုခနှင့် ပြည့်စုံကြစေရန် အဆွေတော်တို့နှင့်အတူ ကျွန်တော်များ၏ အဖွဲ့က ဆုတောင်း ပတ္ထနာ ပြုသပါကြောင်း။

DEAR U CHAN HTOON:

On the occasion of the opening of the Sixth Buddhist Council, on behalf of the Ford Foundation, I wish to convey our congratulations and best wishes for a successful Council.

At a time when men's minds are preoccupied with forces that threaten conflict, it is good to know that there are leaders from all Southeast Asia who are concerned with the strengthening of spiritual forces that make for peace.

We recognize in the following words of the Mettāsuttam of the Khuddakapāṭha, words that would find today a ready response in the hearts of countless men and women:—

Mātā yathā niyam puttam
āyusā ekaputtam anurakkho,
evam pi sabbabhūtesu
mānasam bhāvaye aparimānam.
Mettañ ca sabbalokasmim
mānasam bhāvaye aparimānam
uddhom adho ca tiriyañ ca
asambādham averam asapattam.
Just as a mother would protect her only child at the risk of her own life,
Even so let him cultivate a boundless heart towards all beings.
Let his thoughts of boundless love
Pervade the whole world,
Above, below and across, without any obstruction
Without any hatred, without any enmity.

This is an important event not only in the history of Burma but of all Southeast Asia, and we share your hope that the influence of this Council may contribute to increasing understanding among men who share a spiritual quest.

We may assure you that we share with you the idea so nobly expressed in the following verse from the Kālīyakkhiṇīvatthu of the Dhammapada-aṭṭhakathā:—

Na hi verena verāni
Sammantīdha kudācanam
Averena ca sammanti,
Esa dhammo sanantano.
Hatred never ceases by hatred in this world,
Through loving-kindness it comes to an end. This is ancient law.

To all those who have given so much thought and careful planning on behalf of this Council, may this be a day of satisfaction that comes with the fulfilment of the hopes and aspirations that led to this Council.

It is gratifying to us, please let us assure further, that we are here in your country and in the midst of your people to cooperate with you in one common and unceasing endeavour for peace, understanding and goodwill among the peoples of the world. We hope that the establishment of the international library and research centre may be the means of increasing understanding of the rich cultures of Southeast Asia. We join you in one common prayer for the well-being of all sentient beings.

Yours faithfully,

(Sd.) JOHN SCOTT EVERTON,
Ford Foundation Representative.

May 17th, 1954.

သီဟိုဠ်နိုင်ငံတော်အစိုးရပြည်ထဲရေးဝန်ကြီး
အေ-ရတနနာယကေ၏သဝဏ်လွှာ

ဆဋ္ဌသံဂါယနာ မဟာမမ္မသာဘင်ပွဲကြီးသို့ ဆင်နွှဲရန် သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့အား ဘိတ်မန္တ္တက ပြုခြင်းကြောင့် သီဟိုဠ် နိုင်ငံတော် အစိုးရက ပြည်တောင်စု မြန်မာ နိုင်ငံတော် အစိုးရအား ကျေးဇူး ဥပကာရ အထူးတင်ရှိပါသည်၊ အမှန်စင်စစ် ကျွန်ပ်တို့အတွက် ဂုဏ်ယူစရာတရပ်ပင် ဖြစ်ပါသည်၊ မြန်မာပြည်မှ ပင့်ဆောင် လာခဲ့ကြသည့် တိပိဋကတ်တော်များ အတွက် မဟာသံဃာတော်များနှင့် ဒါယကာများ ပါဝင်သည့် သီဟိုဠ်ကျွန်းသူ ကျွန်းသားများက ထို ကိစ္စ အတွက် အင်တိုက် အားတိုက် စုရုံးလာကြပြီးလျှင် ထိုပိဋကတ်တော်များ၏ ပိသောခန လုပ်ငန်းများကို လုန်စွာ စိတ်အားထက်သန်စွာဖြင့်ဆောင်ရွက်ကြောင်းများ ကိုကျွန်ုပ်ကမမ်းမြောက်စွာဖြင့်ပြောပြလိုပါသည်။

ပိဋကတ်တော်များ စီစစ်ရေး အတွက် သီဟိုဠ်မှ ထူးကဲ မြင့်မြတ်လှသော ပညာ အရည်အချင်းနှင့် ပြည့်စုံသည့် ကျေ၁်ကြားသော သံဃာတော် အချို့ ပါဝင်သော ဥတ္တရိတရမဏ္ဍလ အဖွဲ့ကို ဤအစိုးရက ဖွဲ့စည်းပေးခဲ့ ပါသည်၊ ဤ "မဏ္ဍလ" သည် ကိုယ်စားလှယ်များ ပြည့်စုံသည့် အဖွဲ့အစည်းတခု ဖြစ်သည့်ပြင် ပါဝင်သည့် လူကြီး များသည် သံဂါယနာတင်ကိစ္စကို အမြတ်စေ စိတ်ပါစွာနှင့် အကူအညီ ပေးရန် အရံသင့် ရှိနေပါသည်၊ ထို အဖွဲ့ကြီးကို အစစ အရာရာ၌ ကူညီဆောင်ရွက်ရန် လူ ဒါယကာ ကိုယ်စားလှယ်များ ပါဝင်သည့် "မြန်မာတိပိဋက သံဂါယနာသက်ဘ ဒါယကသဘာ"အဖွဲ့က အရည်အချင်းနှင့် ပြည့်စုံသည့် ထောက်ခံချက်နှင့် အကူအညီတို့ကို ပေးလျက် ရှိနေပါသည်။ ၁၉၅၄-ခု ဝိသာခါ ပုဏ္ဏမီ နေ့တွင် ရန်ကုန်၌ ဆင်ယင် ကျင်းပမည့် သံဂါယနာတင်ပွဲကြီး အထမြောက် အောင်မြင်စေရန် သီဟိုဠ် ဗုဒ္ဓဘာသာဝင်များက တသံတည်း ပတ္တနာ ပြုလိုက်ပါသည်။ ၎င်းကြီးကျယ်သည့် စွန့်စားခြင်းကို စီမံ ဆောင်ရွက်သူများနှင့် တကွ အနာဂတ် စိစဉ် သုံးသတ်ချက်များ၌ ပါဝင်သူများ အတွက် ရတနာ သုံးပါး၏ ကောင်းချီ မင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံကြစေရန် ဆုတောင်းလိုက်ပါကြောင်း။

နတ်ဆိုး ယန္တရားစက် ပမာ အလွန် ဆိုးသွမ်းလှသည့် အဏုမြူပန်းနှင့် ဟိုက်ဒရိုဂျင်ပန်း စသည့် အဖျက်အဆီး စက်ယန္တရားများကို အရံသင့် ထားကာ ကမ္ဘာမှာ စစ်တိုက်ရန်အတွက် အကြံထုတ်၍ ပြင်ဆင်လျက် ရှိနေကြသော နိုင်ငံများမှ အပ ဤဆဋ္ဌသံဂါယနာ မဟာမမ္မသာဘင် ပွဲတော်ကြီးတွင် ပါဝင် ဆင် နွှဲကြသော တိုင်းပြည် အားလုံးတို့သည် နှစ်ပေါင်း နှစ်ထောင် ငါးရာလောက်က သမ္မညတ ဥာဏ်တော်ရှင် ဟောကြား တော်မူခဲ့သည့် ငြိမ်းချမ်းရေး တရားတော်ကြီးကို အစိပ်စိပ် အမှာမှာ ဖြစ်နေသော ကမ္ဘာတနန်းလုံးသို့ သာသနာတော် ဖြန့်ဖြူးရန်ပြင်ဆင်အားထုတ်လျက်ရှိနေကြပါသည်၊

သမ္မညတ မြတ်စွာဘုရား၏ ဓမ္မစက်တို့သည် အာဏာလုလိုခြင်း ဟူသော တဏှာ၊ ပစ္စည်းကိုလိုလားအပ်သော လောဘ တရားတို့နှင့် အမြတ်စေ နှိပ်စက် နေသော ကမ္ဘာသူ ကမ္ဘာသားတို့ အတွက် အဘိုးအနဂ္ဃ ထိုက်တန်သည်ကို ပြောကြားရန် လိုအပ်သည် မထင်ပါ၊ ရှင်တော် ဘုရား၏ မိန့်မှာတော် မူချက်အတိုင်း သတ္တဝါတို့အား တရားထူး တရားမြတ်များကို ရနိုင်ရန် ဆောင်ရွက်ပေးဘို့ တာဝန်များမှာ အားလုံးသော ဗုဒ္ဓဘာသာဝင် နိုင်ငံများ၏ တာဝန်များသာ ဖြစ်ပေသည်။

ဤ သံဂါယနာတွင် ပါဝင် ဆင်နွှဲ ကြရသည့် ပရိသတ် အပေါင်းတို့သည် နိဗ္ဗာန်ရောက်ပြည်မြတ်သို့ မလွဲကေန် ရောက်နိုင်ကြပါစေသတည်း။

MESSAGE FROM THE HON'BLE Mr. A. RATNAYAKE, MINISTER OF HOME AFFAIRS, CEYLON

(*Read by the Hon'ble Mr. M. D. Banda, Minister for Education, Ceylon.*)

"The Government of Ceylon is most thankful to the Union of Burma for inviting the people of Ceylon to participate in the Chaṭṭha Sangāyanā. It is indeed a great honour that has been bestowed on us and I am happy to state that the people of Ceylon, both the Mahā Sangha and the Laity, rallied to the call and undertook the revision of the Tipiṭaka Texts received from Burma with the greatest enthusiasm.

The Uttaritara Mandalaya, consisting of some of the most eminent Monks in Ceylon, renowned for their scholarship, was established by this Government for the revision of the Texts. This Mandalaya is a fully representative body and its members have always been ready and willing to be of the utmost assistance to the Sangāyanā. It has had the able backing and support of another representative body of lay workers—The Burma Tipiṭaka Sangāyanā Lanka Dayaka Sabha—in all its deliberations. The Buddhists of Ceylon pray with one voice that the Sangāyanā, the ceremonial inauguration of which takes place at Rangoon on the Wesak day of 1954, would be a great success. We invoke the Blessing of the Triple Gem on the organizers of the venture, and also on those who will take part in its future deliberations.

With the rest of the world planning and preparing for war—having in view the most diabolical engines of destruction, such as the Atom Bomb and the Hydrogen Bomb, the nations co-operating in the Sangāyanā are preparing to release to a world torn by strife the Message of Peace in its pristine purity preached by the Enlightened One nearly 2,500 years ago. The significance of the Buddha's Message to a world afflicted with lust for power and greed of wealth would be far-reaching, and it is the paramount duty of all Buddhist countries to make one great effort to re-dedicate mankind to the highest idols of the Blessed One. May the persons participating in the Sangāyanā attain Nibbāna."

သီဟိုဠ်ပြည်ထဲရေးဝန်ကြီး အေ ရတနနာယကတို့၏ သဝဏ်လွှာကို ပညာရေးဝန်ကြီး မစ္စတာ အမ် ဒီ ဗန် ဒါ က ဖတ်လျှောက်နေပုံ

Hon'ble Mr. M. D. Banda, Minister for Education, reading the Message from Mr. A. Ratnayake, Minister for Home Affairs, Ceylon

သဝဏ်လွှာများပေးပို့သည့် အခြားအသင်းအဖွဲ့နှင့် ပုဂ္ဂိုလ်များစာရင်း

(သာသနာရေးဌာန အထူးအရာရှိဦးဘဆွေက ဖတ်လျှောက်သည်)

(က) အဘယတိဿမဟာထေရပုဿာဇရိ။

(ခ) မဟိန္ဒေဿဘာအသင်းနှင့် သီဟိုဠ်နိုင်ငံတော် ပိုလဝတ္တက်မ ရှိ ဘုရားသားများ။

(ဂ) သီဟိုဠ်နိုင်ငံတော် အမွှလ်ဂေါဒမြို့ သီရိပုညစုန် အသင်း။

(ဃ) သီဟိုဠ်နိုင်ငံတော် အမွှလ်ဂေါဒ မော်တော်ကား အသင်း။

(c) အမေရိကန်ပြည် ဝါရှင်တန်မြို့ ဗုဒ္ဓဘာသာမိတ္တသင်္ဃာ အဖွဲ့။

(စ) သီဟိုဠ် နိုင်ငံတော် ဒိဝုလပိတိယမြို့သီရိဥာဏောဒယနာယကထေရ။

(ဆ) သီဟိုဠ်နိုင်ငံတော် ပန္နဒူရမြို့ ဓမ္မကိတ္တိ သိရိဝိမလမဟာထေရ။

(ဇ) သီဟိုဠ်နိုင်ငံတော် ကန္ဒီမြို့ အတ်စဂိရိ ကျောင်းတော် သျှာမောပါလိ မဟာနိုကာယ၏ မဟာနာယကထေရ ဓမ္မကိတ္တိသိရိသုမင်္ဂလဓမ္မရတနထေရ။

(ဈ) သီဟိုဠ်နိုင်ငံတော် အမရပူရ နိကာယ မဟာနာယက ဥဒမ္မိတ သိရိဓမ္မရက္ခိတတိဿ နာယကထေရ။

(ည) ကမ္ဘောဒီးယား နိုင်ငံတော် ကမ္ဘာ့ ဗုဒ္ဓ ဘာသာ သမဂ္ဂ အသင်း။

(ဋ) သီဟိုဠ် နိုင်ငံတော် ကိုလံဘိုမြို့ ဒီပိ ဝင်ရဏာဏမဟာထေရ။

(ဌ) သီဟိုဠ်နိုင်ငံတော် ဩပနာယကရှာ ဘီဘီ လေဂမ အဘယတိဿမဟာနာယကထေရ။

(ဍ) သီဟိုဠ်နိုင်ငံတော် ဗလန်ဂေါ့သိရိဝိမလ ဇောတိမဟာနာယကထေရ။

(ဎ) စစ်တကောင်းမြို့ ဘဒန္တသုဗုဒ္ဓိထေရ။

ဆဋ္ဌသံဂါယနာ ဓမ္မသဘင်ကြီးသို့ ကြွရောက်လာကြသော နိုင်ငံခြားကိုယ်စားလှယ်တော် ဧည့်သည်တော်အဖွဲ့များထံမှ လှူဒါန်း ကြသော ပစ္စည်းစာရင်း

ဘဒန္တဝိသုဒ္ဓ(ဝိဇ္ဇာလင်္ကာရဆရာတော်)က ဖတ်လျှောက်သည်

၁။ သီဟိုဠ်ကျွန်း နန်းရင်းသန်ဟောင်း မစ္စတာ ဆေနာနာယက ခေါင်းဆောင်သော ကိုယ်စားလှယ်တော် အဖွဲ့မှ-

(၁) အနုရာဓပုရမြို့ သင်္ဃမိတ္တ ဗောဓိမျိုးစေ့ကို စိုက်ပျိုးခဲ့သော ဗောဓိပင်ပျို ၁၁၀။

(၂) ဗောဓိပင် မျိုးစေ့များ။

(၃) သီဟိုဠ်ကျွန်းမှ နောင် ဆဋ္ဌသံဂါယနာ ပိဋကတ် တိုက်တော်တွင် ထားရှိရန် ဓမ္မစက္ကြာသုတ် မဟာသမယ သုတ်တော်များကို သီဟိုဠ်အကျွန်ရာ ဖြင့် ရေးသားထားသည့် ငွေပရိုက်တော်။

၂။ ကမ္ဘောဒီးယား နိုင်ငံတော် သံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရား အမှူးရှိသော ကိုယ်စားလှယ်တော် အဖွဲ့မှ-

(၁) ဗုဒ္ဓ ရုပ်ပွါးတော် တဆူ။

(၂) ဗုဒ္ဓသာသနာ အလင်္ကာတော် ကွပ်၍ ချုပ် ထားသည့် ဇင်းမယ်ဆင် ပိုးကြာခြည် ၄-ထည်။

(၃) ဗုဒ္ဓ ရုပ်ပွါးတော်များ ပါဝင်သော ပိုး ဗီတာန် ၂-ထည်။

(၄) လိုဏ်ဂုတော် ၆-မျက်နှာတွင် စိုက်ထူ လွှင့် ထားရန် တန်ခိုးကြီး ၆-ခု။

(၅) လိုဏ်ဂုအတွင်း ခင်းရန် ကမ္ဘောဒီးယား သင်ပြား ၂၁-ချပ်။

(၆) လိုဏ်ဂုတော်ကြီးနှင့် ကမ္ဘာအေး စေတီ တော်တွင် မီးပူဇော်ရန်ပျားဖရောင်းတိုင်ကြီးများ။

(၇) ဗီယက်နမ် ကိုယ်စားလှယ်များက နဂါး ရုပ် ဌေချည်ထိုး ဖကြာခြည် တထည်။ ။

ADDRESSES FROM VARIOUS ORGANIZATIONS AND PERSONAGES

(*Announced by U Ba Swe*)

(i) Abhayatissa Mahathera, Dohazari.

(ii) Mahindosabha Samitiya and Residents of Polwatte, Ceylon.

(iii) Puññavaddhana Society, Ambalangoda, Ceylon.

(iv) Ambalangoda Car Stand Union, Ceylon.

(v) The Friends of Buddhism Society, Washington D.C., U.S.A.

(vi) Ven'ble Sri Ñanodaya Nayaka Thera, Diwulapitiya, Ceylon.

(vii) Ven'ble Dhamma Kitti Siri Vimāla Mahā Thera, Panadura, Ceylon.

(viii) Ven'ble Yatawatte Dharmakirthi Sri Sumangala Dharmaratana Mahā Nayaka Thera, Asgiri Vihara, Kandy, Ceylon.

(ix) Ven'ble Udammita Sri Dhammarakhita Tissa Thera, Mahanayaka of Amarapura Sect., Ceylon.

(x) The World Fellowship of Buddhists of Cambodia.

(xi) D. P. Vajirañana, Mahā Nayaka Thera, Colombo.

(xii) B. B. Legama Abhaya Tissa Mahā Nayaka Thera, Opanayaka, Ceylon.

(xiii) Siri Vimalajoti Mahā Thera, Balamgoda, Ceylon.

(xiv) Bhaddanta Subhati Thera, Chittagong.

(ဂ) လောပြည်မှ ပလ္လင်နှင့် ကြေးဆင်းတု မတ်ရပ်တော် တဆူ။

၃။ နီပေါလ်ပြည် အစိုးရထံမှမတ်ရပ်ကြေးဆင်း တု ကိုယ်တော်တဆူ။

နီပေါလ်ပြည်ခမ္မောဒယသဘာအဖွဲ့မှ နှစ်ပေါင်း သုံးရာကျော်က ပုံဆွဲထားသော ဘုရားကားချပ် တခု၊ ပဋ္ဌစ္စ သမုပ္ပါဒ်ကားချပ်တခုနှင့် ဝါဠဒီဇနီ သားမြီးယပ်ကြီး တချောင်း။

LIST OF ARTICLES PRESENTED TO THE CHAṬṬHA SANGĀYANĀ BY THE DISTINGUISHED GUESTS AND DELEGATES

(*Read by Bhaddanta Visuddha, Vijjālaṅkāra Sayadaw*)

1. Articles presented by the Ceylon Delegation headed by His Excellency Mr. Dudley Senanayake :—
   (i) 110 Bodhi sapplings from Anuradhapura.
   (ii) Bodhi seeds.
   (iii) Silver sheets bearing the inscriptions of Dhamma Cakka Sutta and Mahāsamaya Sutta, to be kept in the Chaṭṭha Sangāyanā Library which will be established in future.

2. Articles presented by the Cambodian Delegation headed by His Holiness the Sangharāja of Cambodia :—
   (i) One Buddha image.
   (ii) Four silk curtains bordered with Sāsana flags.
   (iii) Two silk ceilings bearing the patterns of the Buddha.
   (iv) Six specially made decorations to be set up at six gates of the Great Cave.
   (v) Twenty-one Cambodian mats.
   (vi) Candles to be lighted at the Kabā-Aye (World Peace) Pagoda and in the Great Cave.

3. From Vietnamese Delegation :—
   One silk curtain embroidered with silver thread and bearing the pattern of dragons.

4. From Laotian Delegation :—
   One brass image of the standing Buddha on a plinth.

5. From His Majesty's Government of Nepal :—
   One brass image of the standing Buddha.
   A picture of the Buddha and another about Dependent Origination preserved by the Dhammodaya Sabha of Nepal.

   Also a yak tail fly-flap.

ကုသိနာရုံဆရာတော်
ဦးစန္ဒမုနိ၏သန္ဓေသကထာ

ကြုံကြိုက်ရန် ခဲယဉ်းလှသော ဤ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးသို့ ကိုယ်တိုင်ကြွရောက်လျက် သံဂီတိကာရက မထေရ်တပါး အနေဖြင့် ဣန္ဒိယနိုင်ငံရှိ မြန်မာရဟန်းတော်များ ကိုယ်စား စကား ပြောခွင့် ရရှိသဖြင့် မျှားစွာ ဝမ်းမြောက်ကျေးဇူးတင်ပါသည်။

အထူးအားဖြင့် ဘုန်းတော်ကြီးတို့မှာ ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ၌ကွယ်ပျောက်တိမ်ကောနေလေပြီ ဖြစ်သော ဗုဒ္ဓသာသနာတော်ကို ပြန်လည် ထူထောင်နေကြမည့် ပုဂ္ဂိုလ်များ ဖြစ်သဖြင့်လည်း အထူး အားတက် ဝမ်းမြောက်လှပါသည်။

ထိုပြင် စစ်ဘေး စစ်ဒဏ်ကြောင့် နိုင်ငံရေးမငြိမ်မသက်မှု စီးပွါးရေး ကြပ်တည်းမှု စသော အခက်အခဲ ဘေးအန္တရာယ်များကြောင့် လူးလိမ့် ခံစားနေရစဉ် အတောအတွင်း၌ ဤမျှ ကြီးကျယ်မြင့်မြတ်၍ ကြုံကြိုက်ခဲလှသော သံဂါယနာတင် ကိစ္စကြီးကို ရှေးအတိတ်ကာလက ပေါ်ပေါက်ခဲ့ကုန်သော အဇာတသတ် ကာလာသောက သီရိဓမ္မာသောက စသော သာသနာပြု မင်းကောင်းမင်းမြတ်တို့၏ ထုံးကို နှလုံးမူလျက် သာသနာတော်ကြီးကို အနှစ်ငါးထောင် ရှည်အောင် ရည်မှန်းကာ ဖြူစင်လှစွာသော စေတနာဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ ကိုယ်စား အားပေးဆောင်ရွက် ကူညီလျက် ရှိကြသော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့နှင့် ပြည်သူလူထု အပေါင်းတို့၏ သာသန မာမက သာသနပါလ သာသနဟိတစိတ် ဓာတ်ကို လွန်စွာ ချီးကျူးပြီး သာဓု အနုမောဒနာ ပြုလိုက်ပါကြောင်း။

ကုသိနာရုံဆရာတော် ဘဒန္တစန္ဒမုနိပုံ

Ven'ble Bhaddanta Candamuni of Kusinagara

SIXTH GREAT BUDDHIST COUNCIL

CONGRATULATORY ADDRESS

BY

Ven. Bhaddanta Candamuni of Kusinagara To the Presiding Mahāthera and Sangīti-kāraka Mahātheras.

BHANTE,

I have much pleasure in having an opportunity to address this gathering in the capacity of a Sangīti-kāraka Mahāthera and also as a representative of the Burmese Bhikkhus residing at Kusinara.

We are very joyous to be able to say that we ourselves are the Burmese Bhikkhus who are striving their best to revive Buddhism in India—a country where the Omniscient Buddha arose and where Buddhism had died out for a long time.

Just in the midst of economic and other hardships as the direct result of a disastrous war, the Union Buddha Sāsana Council on behalf of the Government of the Union of Burma, and the devout people of Burma still could hold this Sangāyanā with an object of keeping alive the Sāsana to stand for 2,500 years, and following the procedures adopted by King Ajātasattu and Emperor Āsoka. We cannot but admire the devoutness on the part of the Union Buddha Sāsana Council and the people of Burma, and we exclaim "*Sādhu*", "*Sādhu*".



သီဟိုဠ်နိုင်ငံတော်မှ အဂ္ဂမဟာပဏ္ဍိတ
ဘဒန္တဗုဒ္ဓဒတ္တမဟာထေရ်က သဒ္ဓေသ
မြှောက်ကြားတော် မူနေပုံ

Ven'ble Agga Mahā Paṇḍita Buddhadatta of Ceylon, delivering an address of veneration

သီဟိုဠ်နိုင်ငံတော် အဂ္ဂမဟာပဏ္ဍိတ ဘဒန္တ ဗုဒ္ဓဒတ္တ၏ သန္ဓေသကထာ

သံဂါယနာ မဟာ ဓမ္မသဘင်ကြီးများ ငါးကြိမ် တိုင်တိုင် ကျင်းပ ပြီးစီးခဲ့ကြောင်းများကို ဗုဒ္ဓဘာသာ ရုဒဇင်မှတ်တမ်း တင်ထား ခဲ့ပါသည်၊ မဟာ ဓမ္မသဘင်များ အားလုံးမှာ ဘုရင် အမျိုးမျိုးတို့၏ ထောက်ပံ့ ချီးမြှင့်ခြင်းအားဖြင့် ကျင်းပ ခဲ့ကြလေသည်၊ ပြည်သူ ပြည်သားများ၏ အကူ အညီဖြင့် ဘယ်အစည်းအဝေး တခုမှ ကျင်းပခဲ့သည်များကို မှတ်တမ်းတွင် မတွေ့ရခေျ။ ဆဋ္ဌသံဂါယနာမှာမူ ဗုဒ္ဓဘာသာ ဝင်များ၏ အထောက်အပ်ဖြင့်သာ စည်းဝေးကျင်းပခြင်းကို တွေ့ရပါသည်၊ ကျွန်ုပ်၏ ထင်မြင်ချက်မှာ သံဂါယနာတင် အားလုံးတွင် အရေး အကြီး ဆုံးသော သံဂါယနာ ဖြစ်ပါသည်၊ အဘယ်ကြောင့် ဆိုသော် ကမ္ဘာ့နိုင်ငံ အသီးသီးတို့မှ မျှားပြားလှသည့် ရဟန်းတော် မထေရ်မြတ်များ တခါမျှ မကြုံတူးအောင် ကြွရောက် လာကြခြင်း ကြောင့် ဖြစ်ပါသည်၊ ပဌမ ၃-ကြိမ်ဖြစ်သော သံဂါယနာ မျှားမှာ အိန္ဒိယပြည်ရှိ ရဟန်းတော်များသာ ပါဝင်သည်၊ စတုတ္ထ သံဂါယနာမှာ သီဟိုဠ် ရဟန်းတော်များသာ ပါဝင်ခဲ့ပါသည်။ ပဌမ သံဂါယနာမှာ မြန်မာပြည်ရှိ ရဟန်းတော်များ သာပါဝင်ခဲ့ပါသည်၊ ယခု ဆဋ္ဌသံဂါယနာမှာ မြန်မာ၊ သီဟိုဠ်ယိုးဒယား၊ ကမ္ဘောဒီးယား၊ အိန္ဒိယနှင့် ဥရောပနိုင်ငံ များမှ ရဟန်းတော်များ ပါဝင်ပါကြောင်း။

ပဌမနှင့် စတုတ္ထ သံဂါယနာများကို တင်စဉ် အခါက အိန္ဒိယပြည်နှင့် သီဟိုဠ်ကျွန်း၌ မထင်ရှား လှသည့် လိုဏ်ဂူများ ကျန်ရစ်ခဲ့ပါသည်။ ဒုတိယ နှင့် တတိယ သံဂါယနာများတွင် အမှတ်အသား များ တစုံတရာ မကျန်ရှိခဲ့ပါ၊ ကမ္ဘာ့ အုံ့ဘွယ်ရာ အဖြာဖြာထည်းတွင် ယနေ့ ကျွန်ုပ်တို့ လာရောက် စုရုံးကြရသည့် ဤလိုဏ်ဂူကြီးမှာ သဘာဝ မဟုတ် ဘဲ လူများ ပြုလုပ် ဆောက်တည်ထားသော်လည်း ကမ္ဘာ့ အုံ့ဘွယ်ရာ အဖြာဖြာထည်းတွင် အုံ့ဘွယ်ရာ တခု အပါအဝင် ဖြစ်ပြီးလျှင် ဤကဲ့သို့သော အ ဆောက်အဦးမျိုးသည် ဘယ်နိုင်ငံမှာမှ မရှိပါ၊ ဤ အဆောက်ဦးကို နေဘက် နှစ်ပေါင်း ၂၅၀၀-ခံအောင် ခိုင်ခံ့စွာ ဆောက်လုပ်နေပါသည် ဟု ကျွန်ုပ်အား ပိသုကာ အင်ဂျင်နီယာကြီးက ပြောဘူးပါသည် မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူစရာ ဖြစ်ရန် ထို အဆောက် အဦ တည်တန့် ခိုင်မြဲပါ၀ေ၊ ဤကျယ် ပြန့်သော အဆောက်ဦးများကို ဗုဒ္ဓ ပါဠိတက္ကသိုလ် အဖြစ်ဖြင့် အသုံးပြုပါလိမ့်မည် ဟု အဆွေတော်တို့က ပြောပြပါသည်၊ အဆွေတော်တို့ ရည်မှန်း ချက် အတိုင်း အထမြောက်ပါက ဤခေတ်တွင် ပဌမ ထေရ၀ါဒီ တက္ကသိုလ် ဖြစ်မြောက် လာ၍ မြန်မာ လူမျိုးတို့ အထူး ဂုဏ်ယူစရာ အတွက် တည်ရှိနေပေလိမ့်မည် ဖြစ်ပါကြောင်း။

ADDRESS BY VEN'BLE AGGA MAHĀ PANDITA BHADDANTA BUDDHA-DATTA OF CEYLON

My veneration to the most Sacred Three Ratanas:

There are five Buddhist Convocations recorded in the History of Buddhism, all os which were held under the patronage of various Kings. We have no record of any convocation convened only through the help of the public. For the sixth time we have a convocation held under the patronage of the Buddhist public. In my opinion this one is the most important of all Councils, because this Sangāyanā is held by an unprecedented number of Elders who have come from the various countries of the world. The first three Councils were held only by the Indian Elders, the 4th only by the Ceylonese Elders and the 5th by the Burmese Elders. On this sixth one we have Burmese, Sinhalese, Siamese, Cambodian, Indian, and European Elders. We have some insignificant caves in India and Ceylon as the reminiscences of the lst and the 4th Councils. No reminiscences are remaining of the 2nd and 3rd Councils. But this artificial cave in which we have assembled today is one of the wonders of the world as no such other building is existing in any other country. The architect engineer once told me that he was building it as strongly as to last for the next 2,500 years. Let it exist for the pride of the Burmese nation. And you say that these extensive buildings at this place will be used for a Pāli Buddhist University. If your intention is realised it will be the first Theravāda University in the modern world and will exist for no less pride to the Burmese nation.

ကမ္ဘောဒီးယားနိုင်ငံ
ကိုယ်စားလှယ်တော်များ

Members of the Cambodian Delegation

VENERABLE DHARMAVARA, MAHĀ THERA, CAMBODIA

The holding of this Chaṭṭha Sangāyanā at a time when the whole world is yearning for peace, is a most appropriate moment not only to commemorate the Birth, Enlightenment and Mahā Parinibbāna of the Buddha and mark the half of His Sāsana which will be completed after two years from now, but to promote the peace through the revival and preservation of the Sublime Teachings based on universal love and boundless compassion. It is therefore no exaggeration to say that Burma is in fact leading all Buddhist Countries in bringing the Sangāyanā into being after centuries of lapse.

The elaborate arrangements to accommodate thousands of Bhikkhus and lay guests from overseas and inland are most astonishing and have created a great impression in our mind.

By the merit of this Chaṭṭha Sangāyanā, may the Burmese Nation be peaceful, happy and prosperous!

May peace be to all beings!

VEN. DHARMAVARA.

ကမ္ဘောဒီးယားနိုင်ငံ ဘဒန္တ ဓမ္မဝရ၏ သန္ဓေသကထာ

ဤ ဆဋ္ဌ သံဂါယနာ မဟာဓမ္မ သာဝင်ကြီး ကျင်းပခြင်းသည် ရှင်တော်ဘုရား သန့်စင် ဖွားမြင်တော်မူခြင်း၊ သမ္ဗုဒ္ဓတ ဉာဏ်တော်ကို အောင်မြင်တော်မူခြင်း၊ မဟာ ပရိနိဗ္ဗာန် စံလွှန်တော် မူခြင်းနှင့် တိုက်ဆိုင်လျက် သာသနာတော် တဝက်ပြည့်ရန် ၂နှစ်မျှသာ လိုတော့သည်ပြင် ကမ္ဘာတဝန်းလုံးက ငြိမ်းချမ်းရေး လိုလား ဇောင့်တသည့်အချိန် အခါနှင့် ကြုံကြိုက်နေရကား ကမ္ဘာ့ ချစ်ကြည်ရေးနှင့် အတိုင်းမသိသော ကရုဏာ အပေါ် အခြေခံထားသည့် မွန်မြတ်သော ဗုဒ္ဓတရားတော်များတဖန် ပြန့်ပျံး စေရန်နှင့် ထိန်းသိမ်း စောင့်ရှောက်၍ ငြိမ်းချမ်းရေးကို အားပေးရန် ဖြစ်ပါသည်၊ ထုစုနှစ်ပေါင်းများစွာ ကုန်လွန် စေပြီးမှ သံဂါယနာ မဟာဓမ္မသာဝင်ကြီး အထမြောက် အောင်မြင် ရခြင်းမှာ အမှန် အားဖြင့် ဗုဒ္ဓဘာသာ နိုင်ငံများထည်းတွင် မြန်မာ ခေါင်းဆောင်မှုကို အထူးတလည်ခ်ြ ပြောရန် လိုမည်မထင်ပါ။

ပင်လယ် ရပ်ခြားနှင့် ပြည်တွင်းမှ ထောင်ပေါင်း များစွာသော ဘိက္ခုနှင့် ဒါယကာများ တည်းခိုရန် အတွက် ကြိုးစား အားထုတ် လုပ်ကိုင်သည့် အစီအစဉ် များမှာ အထူးပင် အံ့သြလောက်ပါ၍ ကျွန်ုပ်တို့ စိတ်မှာ အထူး စွဲလမ်း နေလျက်ရှိပါသည်။

ဤ ဆဋ္ဌ သံဂါယနာ မဟာဓမ္မ သာဝင်ကြီး၏ ကုသိုလ်တော် အဟုန်ကြောင့် မြန်မာ လူမျိုးများသည် စိတ္တသုခ တို့နှင့် ပြည့်စုံ၍ စီးပွါးတိုးတက်ပြီး ငြိမ်းချမ်းရေး ရပါစေ။

သတ္တဝါ အပေါင်းတို့ ငြိမ်းချမ်းသာယာကြပါစေ။

အင်ဒိုနီးရှားနိုင်ငံတော် ဘဒန္တဓိနရဂျိတ်၏ သန္ဓေသကထာ

ADDRESS BY VEN'BLE BHADDANTA JINARAKKHITA OF INDONESIA

Namo Tassa Bhagavato Arahato Samma-sambuddhassa.

VENERABLE MAHA-SANGHA, LADIES AND GENTLEMEN:

I am very grateful to you for the opportunity given to me to address you, and to speak a few words about my home-country Indonesia, which, in ancient times, was a centre of strong Buddhist activity, and a noble Buddhist culture. Still there are 21-1/2 millions and perhaps more, who profess themselves followers of the Buddha and among them a deep faith in the Enlightened One is still alive.

Last Visakhā, there were celebrations at many places, and the Buddhist Flags were flying there, for the first time. Particularly impressive were the celebrations at Boro-Budur, that ancient and beautiful monument of Buddhist art, where about 2,000 people were gathered.

Among the people of Indonesia there is the belief that the Buddha-Dhamma will return again to its former glory.

Indonesia like many other countries suffering from the after-effects of war, needs urgently a teaching of Peace, Tolerance and Non-Violence, as offered by the Dhamma. Our most Honoured President Dr. Soekarno said in one of his speeches that Indonesia's moral crisis has not yet been solved. The Buddhists of Indonesia will be happy to offer their contribution to that task. The noble Buddhist ethic, based upon the Love for all beings, and upon a realistic understanding of life, can give the solution so urgently needed.

I have the confidence that the Chaṭṭha Sangāyanā will inspire Buddhist activity all over the world, by showing that the Dhamma and the Sangha are still powerfully alive after 2,500 years, and are strong forces for the growth of Peace and Understanding in the world.

May I ask the Mahā-Sangha to give its blessings to the Buddhists and all people of Indonesia.

"Sabbe sotthim pāpuntu,
Sabbe Nibbānam yantu."

Kabā-Aye, May 19th, 2497 B.E.



သီဟိုဠ်နိုင်ငံ မစ္စတာ အိပ်ခ်ျ ဒဗလျူ အမရဆူရယ သန္ဓေသ လျှောက်ထားနေပုံ

Mr. H. W. Amarasuriya of Ceylon delivering an address of veneration

---

တပည့်တော်သည် သန္ဓေသ စကား ပြောခွင့်ရရှိပါသဖြင့် ကျေးဇူး အထူး တင်ရှိပါသည်၊ တပည့်တော်၏ နေရင်းဌာန၊ အင်ဒိုနီးရှား နိုင်ငံတော် အကြောင်းကို အနည်းငယ် လျှောက်ထား လိုပါသည် ရှေးအခါက အင်ဒိုနီးရှား ပြည်သည် ဗုဒ္ဓသာသနာ ထွန်းကားလျက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများ ထွန်းကားရာ ဌာနတခု ဖြစ်ခဲ့ပါသည်၊ ယခုလည်း ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်သည့် သူများမှာ ၂၁–သန်းခွဲ ရှိပါသေးသည်၊ ထို အရေ အတွက်မှာ ပိုချင်လည်း ပိုပေလိမ့်မည်၊ ထိုသူများ အထည်းတွင် သဗ္ဗညုတ ဉာဏ်တော်ရှင်ကို အထူး ကြည်ညို လေးစားသူများလည်း တွေ့မြင် နိုင်ပါသေးသည်။

လွန်ခဲ့သည့် ဝိသာခါ ပုဏ္ဏမီနေ့၌ အရပ်တိုင်း အရပ်တိုင်းမှာ ပွဲလမ်း သဘင်များ ကျင်းပ ခဲ့ကြလေသည်၊ ဗုဒ္ဓ အလံတော်များကိုလည်း တလူလူ နှင့် ပဌမဦးစွာ လွှင့်တင်ခဲ့ကြပါသည်၊ ဗုဒ္ဓဘာသာ ပညာရပ်များ၏ အထိမ်း အမှတ် အဆောက်အဦ ဖြစ်သည့် လှပတင့်တယ်သော "ဘိုရိုဘုဒု" (Boro-Budur) ဘုရားကြီး၌ကျင်းပခဲ့သောပွဲလမ်းသဘင်များမှာ အထူးသဖြင့် မှတ်သားဖွယ် ကောင်းလှ ပါသည်။

အင်ဒိုနီးရှား ပြည်သူပြည်သားတို့၏ အထိမ်း အမှတ် တခုမှာ ဗုဒ္ဓမြတ်စွာ သာသနာသည် အင်ဒိုနီးရှား တိုင်းပြည်၌ တမန် ရောင်ဝါ ထွန်းလင်းလိမ့်မည့် အကြောင်းပင်တည်း။

⋮

အင်ဒိုနီးရှား တိုင်းပြည်သည်အခြားနိုင်ငံများ အလား စစ်ဘေး စစ်ဒဏ် ခံခဲ့ရပါသဖြင့် ရှင်တော် ဘုရား၏ ရွှေနှတ် တော်မှ မိန့်ကြားတော်မူခဲ့သော ငြိမ်းချမ်းရေး ရောင့်ရဲ တင်းတိမ်ရေးနှင့် အကြမ်းမဘက်ရေး တရားတော် တို့သည် အင်ဒိုနီးရှားပြည်အတွင် အလျှင်အမြန် လိုအပ်နေပါသည်၊ တပည့်တော် တို့၏ အထူးလေးစားခြင်း ခံရသော သမတကြီး ဒေါက်တာ ဆိုကာနို၏ မိန့်ခွန်း တရပ်တွင် အင်ဒိုနီးရှား ပြည်၏ စာရိတ္တ မဏ္ဍိုင် ကြီ ခိုင်ရေးမှာ ဖြေရှင်းလို မရသေး ပါကြောင်း ပါရှိပါသည်၊ အင်ဒိုနီးရှား ဗုဒ္ဓဘာသာ ဝင်များသည် ဝမ်းမြောက် ဝမ်းသာစွာ ထိတာဝန်ကို ရိုင်းပင်း ကူညီ ကြပါလိမ့်မည် ဖြစ်ပါကြောင်း။ သတ္တဝါ အပေါင်း တို့၏ မေတ္တာနှင့် ဘဝအမြင်မှန် နှားလည်မှုအပေါ် အခြေခံ ထားလျက်ရှိသော မွန်မြတ်သည့် သီလ သံဃ တရားတော် သာလျင် အမြန် လိုအပ်နေသော ဖြေရှင်းချက်ကို ပေးနိုင်မည် ဖြစ်ပါသည်။

နှစ်ပေါင်း ၂၅၀၀-အချိန်ကာလ ကြာမြင့်ခြေးသော်လည်း ဘုရားရတနာနှင့် သံဃာ ရတနာတို့သည် တန်ခိုး ကြီးမားလျက်ပင် ရှိနေ၍ ကမ္ဘာသူ ကမ္ဘာသားတို့အား ငြိမ်းချမ်းရေးနှင့် သမ္မာဒိဋ္ဌိ တရားတို့ကို ပိုမို ခိုင်မြဲစေသည့် အင်အားစုများ ဖြစ်ကြောင်းကို ဤဆဋ္ဌသံဂါယနာ မဟာမမ္မသဘင် ကြီးက ကမ္ဘာ အရပ်ရပ်ရှိ ဗုဒ္ဓ ဘာသာဝင် သူတော်စင် အပေါင်းတို့အား အားပေးလျက် ရှိသည်ဟု တပည့်တော် ယုံကြည်ပါကြောင်း။

ဗုဒ္ဓဘာသာဝင် တို့နှင့်တကွ အင်ဒိုနီးရှားပြည် သူပြည်သား အားလုံးတို့သည် မဟာသံဃာတို့၏ ကောင်းချီးမင်္ဂလာ အဖြာဖြာတို့ကို ခံယူပါရစေဟု တပည့်တော်က ရှိသေလေးမြတ်စွာ ခြေတော် ဦးခိုက် လျှောက်ထား ပါကြောင်း။

သဗ္ဗေ သုတ္ထိ ပါပေါန္တု၊
သဗ္ဗေ နိဗ္ဗာနံ ယန္တု။



သီဟိုဠ်နိုင်ငံမှ ကိုယ်စားလှယ်များ

Members of the Ceylonese Delegation

ဘဒန္တ ဇိနရက္ခိတသန္ဒေသ မြွက်ကြား၍ အပြီးတွင် (၁) သီဟိုဠ် အမရဆူရိယ၊ (၂) အင်ဒိုနေးရှား မစ္စတာ ဟဒ် ဂျိအမ် ရူးလား၊ (၃) ဣန္ဒိယနိုင်ငံ ဒေါက်တာ အာရ် ဘင်ဒါ ဘရူးဝါး၊ (၄) အင်ဒိုနေးရှား မစ္စတာ ဆောင်တီအမ်ဘီသြ၊ (၅) ဣန္ဒိယ သိရီ အန်-စီ-ဂိုရှ်၊(၆)သီဟိုဠ်ဒေါက်တာမာလလာလာ ဆေကရ၊(၇) ယိုးဒယား မဒမ် ခုန်ယင်း ရာဗီးယတ် တို့က သန္ဒေသမျှား လျှောက်ထား ကြပြီးလျှင် ဘဒန္တ ဣန္ဒာသာဘ (ဟံသာဝတီ ဆရာတော်) က ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ပဋိသန္ဓာရ စကား ပြန်ကြားတော်မူကာအခမ်းအနားကို ၂-နာရီခွဲတွင် ခေတ္တရပ်နားကြောင်း။

Addresses that followed the Ven'ble Jinarakkhita's address: Mr. H. W. Amarasuriya of Ceylon ; Mr. Hadji Amrulah of Indonesia; Dr. Arabinda Barua; Mr. Ong Tiang Biaw of Indonesia; Sir N.C. Ghosh; Dr. G. P. Malalasekera, President of the World Fellowship of Buddhists and Madame Khunying Rabiab of Thailand. Following a reply by the Ven. Agga Mahā Paṇḍita Bhaddanta Indāsabha, recess for a period of one hour was announced at 2. 30 p.m.

သီဟိုဠ်နိုင်ငံတော် ဒေါက်တာ ဂျီပီမာလလာလာ ဆေကရ သန္ဒေသ လျှောက်ထားနေပုံ။

Dr. G. P. Malalasekera, President of the World Fellowship of Buddhists delivering an address of veneration

တတိယနေ့ ညနေပိုင်း

အခမ်းအနား

တတိယနေ့ ၃-နာရီခွဲတွင် ဘဒန္တနာဂဝံသ (ဗားကရတောဂရဆရာတော်) က အခမ်းအနား ပြန်လည် ဖွင့်လှစ်ကြောင်းကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် လျှောက်ထားကြညာတော်မူလေသည်။ ထိုနောက် သံဃနာယက (ညောင်ရမ်းဆရာတော်ကြီး)က ဘဒန္တသောဘဏ (မဟာစည်ဆရာတော်) နှင့် တိပိဋကရ (အရှင်ဝိစိတ္တသာရ ဆရာတော်) တို့အား ဝိနယပိဋက စတုတ္ထ ပါရာဇိက ဆိုင်ရာ ပုစ္ဆကနှင့်ဝိဿဇ္ဇကအဖြစ် ဆောင်ရွက်နိုင်ရန် ပါဠိ မြန်မာ နှစ်ဘာသာဖြင့် သမ္မုတိ ပေးတော်မူလေသည်။ ပုစ္ဆက က ပုစ္ဆန ဥတ်ထားလျက် စတုတ္ထ ပါရာဇိကကို ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် မေးတော်မူလေရာ ဝိဿဇ္ဇက ကလည်း ဝိဿဇ္ဇန ဥတ်ထားလျက် ဖြေကြားတော် မူလေသည်။ (အပြီးတွင် သံဃာ အားလုံးက သာဓု သုံးကြိမ် ခေါ်၍ ခရှသင်းမှုတ် ကြေးစည်တီးလေသည်)

ဘိက္ခု ပါတိမောက် စတုတ္ထပါရာဇိက သိက္ခာပုဒ်ဒဂို သံဃိတိ ကာရကတို့က ပေါင်းစု ရွတ်ဆိုကာ သံဂါယနာ တင်တော်မူကြပြီးလျှင် သာဓု သုံးကြိမ်ခေါ်၍ ခရှသင်းမှုတ် ကြေးစည်တီးလေသည်။

ထို့နောက် သာသနာတော် ၂၅၀၀-ပြည့်မည့် မြန်မာကောဇာ ၁၃၁၈-ခု၊ ကဆုန်လပြည့်နေ့အထိ ၂-နှစ်အတွင်း ငါးကြိမ်တိုင်တိုင် ကျင်းပလတ္တံ့သော ဆဋ္ဌသံဂါယနာ သန္နိပါတများအတွက် ရွေးချယ်ထားသော ရဟန်းတော် ၂၅၀၀-စာရင်းကို ဘဒန္တ ဝိသုဒ္ဓ(ဝိဇ္ဇာလင်္ကာရဆရာတော်)က ဖတ်လျှောက်၍ သံဃာ၏ ဆန္ဒကိုရယူတော်မူလေသည်။ စာရင်း ဖတ်ပြီးဆုံးလျှင် ပရိသတ်အားလုံးက သာဓု ၃-ကြိမ် ခေါ်၍ ခရှသင်းမှုတ် ကြေးစည်တီးကြလေသည်။

THIRD DAY—EVENING SESSION

At 3-30 p.m., Ven'ble Bhaddanta Nāgavamsa announced both in Pāli and Burmese that the Proceedings of the Evening Session commenced. This was followed by ten strokes of gongs. The Presiding Mahāthera then proposed to the Sangha the names of the Ven'ble Agga Mahā Paṇḍita Bhaddanta Sobhaṇa (Mahāsi Sayadaw) and the Ven'ble Tipiṭakadhara Dhammabhaṇḍāgarika Bhaddanta Vicittasāra to serve as Pucchaka (Questioner) and the Visajjaka (Replier), with regard to the fourth Pārājika of the Vinaya Piṭaka. The Pucchaka and the Visajjaka assumed their seats on the special dais.

The questioning and the answering on the fourth Pārājika was then made by the Pucchaka and the Visajjaka respectively both in Pāli and Burmese. At the conclusion of this, the Sangha acclaimed "*Sādhu*", "*Sādhu*" "*Sādhu*" followed by the blowing of conchs and striking of gongs.

Following this, the fourth Pārājika Sikkhāpada together with the Nidāna (prologue) was recited by the entire Sangha assembled in the Mahā Pāsāṇa Guhā. At the end of this the whole Sangha acclaimed "*Sādhu*" thrice, followed by the striking of gongs and blowing of conchs.

The Ven. Bhaddanta Visuddha (Vijjālaṅkāra Sayadaw), then announced the names of 2,500 Saṅgīti-kāraka Bhikkhus who were to carry out the work for each of the Five Sessions of the Chaṭṭha Saṅgāyanā (numbering 500 for each Session) which will terminate on the Fullmoon of Kason 2500 Buddhist Era.

At the conclusion of this, the whole Sangha exclaimed "*Sādhu*", "*Sādhu*", "*Sādhu*" followed by the blowing of conchs and striking of gongs.

ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ဖွင့်ပွဲအခမ်းအနားကြီး အောင်မြင်သည့်အတွက် ပိတိသောမနဿဖြစ်ကြောင်း နိုင်ငံတော်ဗုဒ္ဓသာသနာ အဲ့ဒ်ကိုယ်ခေး အကျိုးဆောင်ခေါ်နိုင်ငံတော်ရှေ့နေချုပ် (ယခုတရားဝန်ကြီး) သတိုးမဟာသရေစည်သူ ဦးချန်ထွန်း ရှေ့ပေါက်ထားသော အနုမောဒနာကထာ

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ဖွင့်ပွဲအခမ်းအနားကြီးမှာ ပါဝင် ဆောင်ရွက်တော် မူကြသော သံဂီတိ ကာရက အရှင်သူမြတ်တို့အား ဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင် ဖွင့်ပွဲ အခမ်းအနားကြီး ပြီးစီးအောင်မြင်ပြီ ဖြစ်ပါ၍ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ကိုယ်စား တပည့်တော် ရှိသေလေးမြတ်စွာ အနုမောဒနာကထာဝမ်းသာစကားလျှောက်ထားလိုပါသည်ဘုရား။

ဆဋ္ဌသံဂါယနာ မဟာ မွေသဘင် ဆင်ယင်ကျင်းပရေးနှင့် စပ်လျဉ်းပြီး လွန်ခဲ့သည့် ၂-နှစ်အချိန်လောက်မှစ၍၊ ထေရဝါဒ နိုင်ငံများနှင့်တကွ ဗုဒ္ဓဘာသာ လောက တခုလုံးတွင်သာမက ကမ္ဘာပေါ်ရှိ အပြည်ပြည် အရပ်ရပ်များမှာပင် ကောင်းဟလ စကားများ ထင်ရှား ဖြစ်ပေါ်လာခဲ့သည်နှင့် အညီ ယခုကဲ့သို့ သိုက်သိုက်မြိုက်မြိုက် ခမ်းခမ်းနားနားနှင့် စတင် ဖွင့်လှစ်တော် မူနိုင်ကြသည့်အတွက် ကျမ်းဂန်များမှာ ပြဆိုထားသည့် ကောင်းဟလ ငါးမျိုးတွင် ဆဋ္ဌသံဂါယနာ ကောင်းဟလဟူ၍ တပါးတိုးပြီး မော်ကွန်း ထိုးလိုဏ်တ် ပေါ်ပေါက်မိအောင် တပည့်တော်တို့ ဝမ်းသာလှပါပြီဘုရား။

ဗုဒ္ဓ သာသနာ နှစ်ပေါင်း ၂၅၀၀-အတွင်း မှာ သံဂါယနာ ငါးကြိမ်သာလျင် တင်နိုင်ခဲ့သဖြင့် လူ့သက်တန်းနှင့် နှိုင်းစာလျင် အလွန်ပင် ကြာဆုံ ခဲလှသည့်အပြင် သိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့လှပါသောကြောင့် သံဂါယနာ ဒုလ္လဘဟူ၍ တပါးတိုးပြီး မော်ကွန်းထိုးလိုဏ်တ် ပေါ်ပေါက်မိအောင် ပင် တပည့်တော်တို့ ဝမ်းသာလှပါပြီဘုရား။

သာသနာတော်၌ အစလသဒ္ဓါဖြင့် ထူးကဲ စွဲမြဲစွာ သက်ဝင်ယုံကြည်သော နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု အမှူးပြုသည့် နိုင်ငံတော် အစိုးရတို့က တပည့်တော်တို့၏ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ ဆဋ္ဌသံဂါယနာ ဝန်ဆောင် ဒါယကာအဖြစ်ဆောင်ရွက်ရန် တာဝန်ကို လွန်စွာခဲ့သော ၁၃၁၃-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃-ရက်နေ့ကစ၍ လွဲအပ်ခဲ့သည့်အတိုင်း ဆောင်ရွက်ခွင့်ရသဖြင့် အထူးပင် နှစ်ထောင်း အားရ ဝမ်းမြောက်လှပါသည်ဘုရား။

ယခုအချိန်၌ မြန်မာ၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လောဟု ဆိုအပ်သည့် ထေရဝါဒ နိုင်ငံတို့ကြောင့် သာလျင်၊ ဗုဒ္ဓမြတ်စွာ သာသနာသည်၊ ဤကမ္ဘာ၌ မတိမ်ကော မပျောက်ဘဲ တည်မြဲလျက် ရှိနေခဲ့ရာ၊ ထေရဝါဒ နိုင်ငံအားလုံး ပူးပေါင်း ပါဝင်သည့် သံဂါယနာကြီး ဖြစ်စေရန် မြန်မာ နိုင်ငံ၏သံသာ၊အစိုးရနှင့် တိုင်းသူပြည်သားတို့က လိုလားတောင့်တ ဆန္ဒရှိကြသည့်အတိုင်း ထေရဝါဒ နိုင်ငံများသာမက ဗုဒ္ဓဘာသာလောကတခုလုံး ညီညာဖျဖျ ပါဝင်ကြသည့် ဆဋ္ဌသံဂါယနာ မဟာမွေ-သဘင် ဖွင့်ပွဲကြီးကို ခမ်းနား သိုက်မြိုက်စွာ ဆောင်ရွက်နိုင်သည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်လှပါသည်ဘုရား။

ဆဋ္ဌသံဂါယနာ ကိစ္စကြီး အောင်မြင်မှု အတွက် ထေရဝါဒ ငါးနိုင်ငံရှိ (၁) သံဃာတော်များ၊(၂) အစိုးရများနှင့် (၃) ပြည်သူပြည်သားများက အဘက်ဘက်မှ အားပေး ကူညီ ခဲ့ကြသည် ကိုလည်း ကျေးဇူးတင် ဝမ်းမြောက် လှပါသည်ဘုရား။ထိုပြင် အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါလ်၊ ဆီကင်း၊ ဘူတန်၊ မလေး၊ အင်ဒိုနေးရှား၊ ဗီယက်နမ်၊ ရူကျူကျွန်း၊ ဂျပန်၊ တရုပ် အစရှိတဲ့ နိုင်ငံတော်များရှိ သက်ဆိုင်ရာအစိုးရများ ရဟန်းတော်များ ပြည်သူပြည်သားများကလည်း သက်ဆိုင်ရာရာ အမျိုးမျိုး အဖုံဖုံ အာပေး ကူညီတော် မူခဲ့ကြပါသဖြင့် ကျေးဇူးတင် ဝမ်းမြောက် လှပါသည်ဘုရား။

ဆဋ္ဌသံဂါယနာ ကိစ္စအတွက် ထေရဝါဒ နိုင်ငံ အားလုံးမှ သံဃ ကိုယ်စားလှယ် မဟာထေရ်များ ပါဝင်သည့် ဩဝါဒါ စရိယ သံဃနာယက အဖွဲ့ကြီးသည် တပည့်တော်တို့ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီး၏ ဦးထိပ်၌ မားမားမတ်မတ် ရပ်တည်ကာ ညွှန်ကြားပြသ ဩဝါဒ ပေးသနားတော် မူခဲ့ကြသည်ကိုလည်း၊ ဆဋ္ဌသံဂါယနာ အတွက် ဝန်ဆောင်သံဃ အဖွဲ့ကြီးကို ဖွဲ့စည်းကာ သံဃာတော် များ ဘက်မှ ဆောင်ရွက်ဘွယ် အရေးအရာရှိသမျှတို့ကို နေ့မအား ညမအား ကြိုးစား ဆောင်ရွက်တော်မူကြသည်ကိုလည်း၊ ပါဠိပိဋကတ် တော်များကို ကမ္ဘာပေါ်ရှိ မူအမျိုးမျိုး တိုနှင့်ငင်း၊ ကျမ်းဂန်အမျိုးမျိုး ထိုနှင့်ငင်း၊ မှန်ကန်အောင် သုစိသင် တည်းဖြတ်ရေး အတွက် မြန်မာ နိုင်ငံတော်မှ ရဟန်းတော် ပေါင်း ၁၁၂-ပါး ပါဝင်သည့် ဝိသောဓက အဖွဲ့ပေါင်း ၁၁၆ ဖွဲ့ သီဟိုဠ်ကျွန်း၊မှ ရဟန်းတော် ပေါင်း ၁၈၅-ပါး ပါဝင်သည့် ဝိသောဓက အဖွဲ့ပေါင်း ၃-ဖွဲ့တို့နှင့်တကွ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လော နိုင်ငံများမှ ဝိသောဓန ကိစ္စအတွက် သဒ္ဓါ ရှေထားလျက် ကြိုးစား အားထုတ်တော် မူခဲ့ကြသည်ကိုလည်း၊ ဝိသောဓန ကိစ္စအတွက် နိုင်ငံအသီးသီးရှိ အဖွဲ့ အသီးသီး တို့မှ သုစိသင်ပြီး ပိဋကတ်တော်များ ကိုနိုင်ငံပေါင်း စုံ သံဃကိုယ်စားလှယ်များ ပါဝင်တော် မူကြသည့် ပဋိဝိသောဓက အဖွဲ့ဝင် ဆရာတော်များနှင့် ကမ္ဘာပေါ်ရှိ ပိဋကာ ပညာရှင်ကြီးများ ကလည်း တာဝန်ယူကာ ကြိုးစား ဆောင်ရွက်တော် မူခဲ့ကြသည်ကိုလည်း၊ ဥပဇ္ဈာမှာ အဖွဲ့ဝင်များ အဖြစ်ဖြင့် ပဋိဝိသောဓန လုပ်နန်းများကို ကူညီ ဆောင်ရွက်တော် မူခဲ့ကြပေသော ရဟန်း ပညာရှိများနှင့် လူ ပညာရှိများကိုလည်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီး၏ ကိုယ်စား ကျေးဇူးတင် ဝမ်းမြောက် လှပါကြောင်းကို လျှောက်ထား ပါသည်ဘုရား။

ဤဆဋ္ဌသံဂါယနာမဟာမွေသဘင်ဖွင့်ပွဲကြီးသို့ ကုန်းကြောင်း ရေကြောင်း လေကြောင်း တို့ဖြင့် ပင်ပန်း နွမ်းနယ်မှုကို ပခါန မထားဘဲ ကြွရောက် ဆောင်ရွက်တော် မူနေကြသည့် ဆရာ တော်ဘုရား ကြီးများနှင့် ဆဋ္ဌသံဂါယနာ မဟာ မွေသဘင်ကြီး ကို ရည်စူးကာ ပိဋကတ် သုံးပုံကို နှုတ်ငုံ ဆောင်နိုင်ရန် ကြိုးစား အားထုတ်၍ အောင်မြင်တော် မူခဲ့ကြကုန်

သော တိပိဋကဓရ ပုဂ္ဂိုလ်ကျော် အရှင်မြတ်နှင့် ဝိနယဓရ ပုဂ္ဂိုလ်ကျော် မျှား၊ သံဃတ္တဿာဘာဏက၊ အဂ်ုတ္တရဘာဏက ပုဂ္ဂိုလ်ကျော်မျှား၊ ထိုပြင် သံဂီတိဘာဏက ရဟန်းတော် မျှားကိုလည်း ကျေးဇူးတင်ကြောင်း လျှောက် ထားပါသည်ဘုရား။

နိုင်ငံတကာမှ အစိုးရ ကိုယ်စားလှယ်တော် မျှားနှင့် ဗုဒ္ဓဘာသာ အသင်းအဖွဲ့ကိုယ်စားလှယ် မျှားနှင့် ဗုဒ္ဓဘာသာ အသင်းအဖွဲ့ ကိုယ်စားလှယ် မျှားကလည်း ပင်ပန်း နှမ်းနယ်မှုကို ပခေနမထားဘဲ ဤဆဋ္ဌသံဂါယနာ မဟာဓမ္မ သဘင်ကြီးသို့ စိတ် အား ထက်သန်စွာ ကြွရောက်တော် မူလာကြသည်ကို ကျေးဇူးတင် ဝမ်းသာ လှပါသည်။

နိုင်ငံတော် အစိုးရတို့က ဆဋ္ဌသံဂါယနာ မဟာ ဓမ္မ သဘင်ကိစ္စကြီးကို နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီးသို့ ကြီးမှူး ဆောင်ရွက်ရန် လွှဲအပ်ခဲ့ကြ သော်လည်း နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဝန်ကြီး မျှားသည် အဘက်ဘက်မှ ကိုယ်ဘိ ရင်ဘိ ပါဝင် ဆောင်ရွက် ခဲ့ကြသောကြောင့် ဤကဲ့သို့ သိုက်မြိုက် ခမ်းနားစွာ ဖွင့်ပွဲကြီး ဆင်ယင် ကျင်းပ နိုင်ခြင်းကို လည်း ကျေးဇူးတင် ဝမ်းသာ လှပါသည်။

နိုင်ငံတော် အစိုးရ အရာရှိကြီးများနှင့် ဌာန အသီးသီးတို့ကလည်း ဆဋ္ဌသံဂါယနာ အတွက် စေ တနာ သဒ္ဓါတရား ထက်သန်စွာဖြင့် သက်ဆိုင်ရာ ကိစ္စများကို အဘက်ဘက်မှ ပါဝင်လျက် လစ်ဟင်း မှမရှိစေရအောင် ကူညီ ဆောင်ရွက် ခဲ့ကြသော ကြောင့် သာလျှင် ဤမျှ အောင်မြင် နိုင်ခဲ့သည်ကို လည်း ကျေးဇူးတင် ဝမ်းမြောက်လှပါသည်။

မြန်မာနိုင်ငံတော်ရှိ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ များနှင့် ပြည်ပနိုင်ငံများရှိ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ များကလည်း တောင်းသမျှအကူအညီလိုအပ်သမျှ ဆောင်ရွက်ဘွယ် တို့ကို မငြင်းပယ် မတွန့်ဆုတ်ဘဲ ကူညီ ဆောင်ရွက်ခဲ့ကြသောကြောင့် သာလျှင် ဤမျှ အောင်မြင်နိုင်ခဲ့သည်ကိုလည်း ကျေးဇူးတင် ဝမ်းသာလှပါသည်။

အထူးအားဖြင့်နိုင်ငံတော်ဝန်ကြီးချုပ်ကတော် ဒေါ်မြရီ၊ စက်မှု လက်မှုနှင့် သတ္တုတွင်းဌာန ဝန်ကြီး ကတော် ဒေါ်ချိုချိုရီ သာသနာရေးဌာန ဝန်ကြီး ကတော် ဒေါ်မြမြဝင်းအမှူးပြုသည့် သံဂါယနာ (ဆရာ်-ကွမ်း)ဆိုင်ရာ ဗုဒ္ဓဘာသာ အမျိုးသမီးအဖွဲ့ ချုပ်ကြီးနှင့် တကွ အမျိုးသမီး များစွာတို့က သံဃာတော် အရှင်မြတ်ပေါင်း ၂၅၀-တို့ အတွက် များပြားလှသော ပြုစု ဆောင်ရွက်ဘွယ် ကိစ္စတို့ကို မရပ်မနား မအိပ်မနေ ကြိုးစား အားထုတ်ပြီး အား ထုတ်ဆဲ ရှိနေကြသည်ကိုလည်း ကျေးဇူးတင် ဝမ်း သာလှပါသည်။

အဆောက်အဦ တာဝန်ခံများကလည်း ဤမျှ ကြီးကျယ် ခမ်းနားလှသော အဆောက်အဦများကို ဤမျှ တိုတောင်းလှသော အချိန်ကာလ အတော အတွင်း၌ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြသည် ကိုလည်း ကျေးဇူးတင် ဝမ်းမြောက်လှပါသည်။

ဤဆဋ္ဌသံဂါယနာ ကိစ္စကြီးကို စတင်ဆောင် ရွက်သည့် အချိန်က စ၍ ယနေ့ အထိ အလျှုရှင် သူတော်စင် အပေါင်းတို့ကလည်း စေတနာ သဒ္ဓါ တရားထက်သန်စွာဖြင့် အဆောက်ဦများ အတွက် ဖြစ်စေ၊ အခြား အထေ့ထေ့ ကိစ္စများအတွက် ဖြစ်စေ၊ ထည့်ဝင် လှူဒါန်းတော် မူကြသည်ကို လည်း ကျေးဇူးတင် ဝမ်းမြောက်လှပါသည်။

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ကိစ္စကြီး အ တွက် ဆောင်ရွက်ဘွယ်ရာ ကိစ္စတို့မှာ အလွန်ပင် ကျယ်ပန်း များပြား လှပါသော်လည်း ကြိုတင် ဆောင်ရွက်ခွင့်ရသော အချိန်ကာလမှာမူ အလွန် ပင် နည်းပါး၍ နေပါသဖြင့် သံဃာတော်များဘက် ၌ ဖြစ်စေ၊ လူပုဂ္ဂိုလ်များဘက်၌ဖြစ်စေ၊ ပြည်ပ ရှည်သည်တော်များ အတွက် ဖြစ်စေ၊ ပြည်တွင်း ရှည်သည်တော်များ အတွက် ဖြစ်စေ၊ ချိယွင်း ချက်များ၊ ရှိမည်မှာ အမှန်ပင် ဖြစ်ပါသဖြင့် ထို ချိယွင်းချက်များကို ကရုဏာ ရှေထား မေတ္တာ ပွားလျက် ခွင့်လွှတ်တော်မူကြပါမည့်အကြောင်းကို ရှိသေ လေးမြတ်စွာ လျှောက်ထား ပန်ကြားပါ သည် ဘုရား။

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကို သိုက် မြိုက်စွာဖွင့်လှစ်ပြီးနေ့ဂက် ၁၃၁၈-ခု ကဆုန်လပြည့် နေ့ ဟု ဆိုအပ်သော သာသနာတော်နှစ် ၂၅၀၀-ပြည့်သည့် နေ့ အထိ သန့်ပါတ ငါးရပ်တို့ အတွက် အသီးအသီး တာဝန် ယူကာ ဆောင်ရွက်တော်မူ ကြမည့် သံဂီတိ ကာရကမှ အရှင်သူမြတ်များကို လည်း ကြိုတင်၍ ကျေးဇူးတင်လှပါကြောင်းကို လျှောက်ထားပါသည်ဘုရား။

အမှန်လေးချက် တရားနက်ကို ခွဲဝေက်သိမြင် ဘုရားရှင်၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ ကြောင့်ဝင်း၊ မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဟူသော ဆယ်ပါးသော တရားတော်မြတ် ၏ တန်ခိုး ကေဇော် အာနုဘော်တို့ကြောင့်ဝင်း၊ မဂ္ဂဌာန် လေးပါး၊ ဖလဌာန် လေးပါး ဟူသော အရိယာ သံဃာတော် အရှင်မြတ်တို့နှင့်တကွ ဆဋ္ဌ သံဂါယနာမဟာဓမ္မသဘင်ကြီးတွင် ပါဝင် ဆောင် ရွက်တော်မူကြသည့် သံဃာတော် အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့်ဝင်း၊ ဤ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးသည် ချော မောစွာ အဆုံးတိုင်ပြီးစီးအောင်မြင်ပါစေသတည်း၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးသည် တကမ္ဘာလုံး သို့ အမြန်ဆုံး လွှမ်းဖုံးပြန့်နှံ့ တော်မူပါစေသတည်း၊ ကမ္ဘာသူ ကမ္ဘာသား အပေါင်းတို့သည်ဃသဲ ငြိမ်း ချမ်းမှု သုခကို အမြန်ဆုံး ရကြပါစေသတည်း၊ ဤ ဆဋ္ဌသံဂါယနာ ဒုလ္လဘ မဟာ ကုသိုလ်ထူးကို အား ထုတ် ဆည်းပူးကြရသော ကောင်းမှုရှင် အပေါင်း တို့မှာလည်း လောကီ လောကုတ္တရာ ချမ်းသာ ကောင်းကျိုး အမျိုးမျိုးတို့ကို အမြန်ဆုံး ခံစား ရရှိနိုင်ကြပါစေသတည်း။

AN ADDRESS OF VENERATION BY THADO MAHA THRAY SITHU U CHAN HTOON,

Attorney-General (now Judge of the Supreme Court) and Honorary General Secretary of the Union Buddha Sāsana Council, Expressing Happiness and Gratitude for the Successful Conclusion of the 3-day Opening Ceremony of the Chaṭṭha Sangāyanā.

BHANTE,

On behalf of the Union Buddha Sāsana Council, may I with great joy most respectfully declare how elated I am with joy and how thankful I am to those who are participating in the holding of the Chaṭṭha Sangāyanā when I now see that the 3-day Opening Ceremony of the Chaṭṭha Sangāyanā has come to a very successful conclusion.

Bhante, the news about the holding of the Chaṭṭha Sangāyanā spread far and wide not only in the Theravādin countries, but also in all parts of the world and when now I see that we can hold the Opening Ceremony in such a grand manner, I thought of naming this kind of *kolahala* (rumour) *a* "Sixth rumour" although I find only five kinds of "rumours" in the ancient literature.

Bhante, as there had been only 5 Sangāyanās during the period of 2,500 years, comparing the average ages of men, it is really a *dullabha* (Rare Opportunity) to see such a Sangāyanā inaugurated on such a scale. For these reasons an idea struck me to name it a "Sixth Rare Opportunity", although the Buddha declared only five *dullabhas*.

Bhante, I was much inspired to notice that the Government of the Union of Burma, headed by the Honourable Prime Minister U Nu, who has a firm faith in the Buddha's Sāsana, for its part transferred all the responsibility for the successful preparation and holding of the Chaṭṭha Sangāyanā to the Union Buddha Sāsana Council, with effect from 13th waning of Thadingyut, 1313 Burmese Era.

ဆဋ္ဌသံဂါယနာ အခမ်း အနားကြီး
အောင်မြင်စွာ ဖွင့်လှစ် ကျင်းပနိုင်ခဲ့
ခြင်းအတွက် ပဝိတ်သောမနဿ ဖြစ်
ကြောင်းကို နိုင်ငံတော် ဗုဒ္ဓသာသနာ
အမှု အကျိုးဆောင် စာချီ နိုင်ငံတော်
ရှေနေချုပ်ကြီး (ယခု တရားလွှတ်
တော်ချုပ် တရားဝန်ကြီး) သတိုး
မဟာသရေ စည်သူ ဦးချန်ထွန်းက
လျှောက်ထားနေပုံ

Thado Mahā Thray Sithu U Chan Htoon, Attorney-General of Burma (now Judge of the Supreme Court) and Honorary Secretary of the Union Buddha Sāsana Council delivering an address of veneration expressing happiness and gratitude for the successful conclusion of the Opening Proceedings



Bhante, nowadays the Teaching of the Buddha has been shining owing to its preservation jointly by the Theravādin countries, such as Burma, Thailand, Ceylon, Cambodia, Laos, so we have been able to hold this world-renowned Chaṭṭha Sangāyanā the idea of which has long been cherished by the Sangha, the Government and the people of the Union of Burma and the Opening Ceremony has been very successfully held with the co-operation and collaboration of all Theravādins and other Buddhists of the world, and I heartily thank them all.

Bhante, may I again declare that on behalf of the Union Buddha Sāsana Council, I thank the Sangha, the Governments and the peoples of all Theravādin countries, the Governments, the Bhikkhus and the people of India, Pakistan, Nepal, Sikkim, Bhutan Malaya, Indonesia, Viet-Nam, Ryukyu Islands, Japan and China, for the respective valuable help they gave in connection with the preparations and the holding of the Sixth Great Buddhist Council.

Bhante, the Ovad'ācariya Mahātheras comprising the Mahātheras of Burma and the representative Mahātheras from the other Theravādin countries, with their able leadership, have given us guidance in discharging our duties in connection with the preparations for the holding of the Sixth Great Buddhist Council. Besides, the Mahātheras and Theras on their part have striven their utmost, day and night, in doing all the needful for the holding of the present Sangāyanā. They have formed 116 Text Editing Groups comprising 1,129 Bhikkhus of Burma, and 37 Text Editing Groups in Ceylon, formed with 185 Ceylonese Bhikkhus. Besides, Thailand, Cambodia and Laos have given their valuable help in the editing of the Texts. Then, the Texts thus edited by the various Text Editing Groups of the Theravādin countries have been re-edited and scrutinised by the Text Re-editing Groups of all Theravādin countries, and they have been assisted by the Assistant Editors from those countries. Bhante, on behalf of the Union Buddha Sāsana Council, I thank them all for what they have done for the preparations for the holding of the Chaṭṭha Sagāyanā.

Bhante, I most respectfully declare that I am grateful to those Mahātheras who came to Rangoon by train, steamer or plane to attend this Opening Ceremony, thereby sacrificing all their personal comforts, the Tipiṭaka-Reciters, the Vinaya-Reciters, and the Bhāṇakas (Reciters) and Sangīti-kāraka Bhāṇakas.

Bhante, I am very grateful to the State Guests, and Delegates from the various Buddhist Organisations of the world for their incomparable interest and enthusiasm they have taken to attend the Opening Ceremony, without caring for their personal comfort and conveniences.

Bhante, although the Government of the Union of Burma transferred the entire responsibility of holding the Chaṭṭha Sangāyanā to the Union Buddha Sāsana Council, the Honourable U Nu and his Cabinet Ministers have given their ardent help as far as practicable and on all sides. For all of these, I beg to thank them all.

Bhante, may I also respectfully declare that I thank the Government Officials and the salary-earners of the various departments under the Government, for their invaluable help as far as practicable and without exception.

Bhante, I am much grateful to those Buddhist Organisations both in this country and abroad for the services they have rendered wherever the Sāsana Council asked for help from them in any respect.

Especially, Bhante, I thank with all my heart the General Council of Women's Buddhist Associations, which has been founded for the purpose of catering for the 2,500 Bhikkhu guests, and which is led by Daw Mya Yi, wife of the Honourable Prime Minister, Daw Nwe Nwe Yee, wife of the Hon'ble U Kyaw Nyein, Acting Foreign Minister, and Daw Mya Mya Win, wife of the Honourable Minister for Religious Affairs and National Planning, for their undaunted efforts in making arrangements for feeding the 2,500 Bhikkhu guests.

The Buildings Committee have been able to complete such mighty buildings in so short a time with limited resources at their command, and I heartily thank them all for that.

Bhante, on behalf of the Union Buddha Sāsana Council, I thank all the philanthropic devotees for contributing their mite towards the Chaṭṭha Sangāyanā Funds, and for offering their voluntary labour services.

Bhante, I most respectfully crave the indulgence of your venerable selves to permit me to say that there might have been some shortcomings towards of the Bhikkhus or the lay devotees in respect of reception, etc., because the Union Buddha Sāsana Council has to discharge its multifarious duties in so short a time. I therefore most respectfully say that we may be excused for the same if there be any.

Again, I most respectfully beg to declare that after the Grand Opening Ceremony of the Sixth Great Buddhist Council, 500 Sangīti-kāraka Theras and Mahātheras have been selected for each of the five Sessions within the two years ending the Full moon of May 1956 C.E. (2500 B.E.). For their unflinching efforts and zeal, I thank them all also in anticipation.

In conclusion, may I declare that by the Grace of the Supremely Enlightened Buddha, by the Grace of the Dhamma taught by Him, by the Grace of the Sangha—the community of the Buddha's disciples, and by the Grace of all Sangīti-kāraka Bhikkhus who participate in the proceedings of the Chaṭṭha Sangāyanā, may this Great Council meet with brilliant success. May the Buddha-Dhamma spread all over the world with lightning speed. May all the people of the world attain Peace. May all of those who have done mahā-kusala (great wholesome volitional actions) for this Chaṭṭha Sangāyanā attain fruits both in this world and in their future births.

ပဋ္ဌမသင်္ဂါယနာ မှတ်တမ်းအတိုချုပ်

ဆဋ္ဌသံဂါယနာ မဟာဝမ္မသတင်ကြီးကို မြန်မာသကဏ္ဍ ၁၃၁၆-ခု ကဆုန်လပြည့် (၁၇-၅-၅၄) နေ့မှစ၍ သုံးရက်တိတိ ဖွင့်လှစ်ကာ ကြားတရက် အနားယူခဲ့ပြီးနောက် ကဆုန်လပြည့်ကျော် ၄-ရက် (၂၁-၅-၅၄)နေ့မစ၍ ပဋ္ဌမသင်္ဂါပါတ အခါတော်ကြီးကို ကျင်းပခဲ့ရာ ဥပုသ်နေ့သီတင်းပတ်များကို ချန်လှပ်၍ ဝါဆိုလဆန်း ၇-ရက် (၇-၇-၅၄)နေ့အထိ ၇၈-ရက်ပေါင်း ၄၁-ရက် ကြာခဲ့လေသည်။

ပဋ္ဌမသင်္ဂါပါတ အခါတော်၌ ထေရဝါဒ နိုင်ငံအားလုံးမှ သမ္မတိရ သံဂီတိကာရက သံဃာတော်ပေါင်း ၂၅၀၀-တို့က မန္တလေးမြို့ ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော် ဘုရားကြီးအား သံဃနာယက အဖြစ်ဖြင့် ရွေးကောက်တင်မြှောက်တော်မူကြ လေသည်၊ ရန်ကုန်မြို့ ဗဟကရာ တောရဆရာတော် အသျှင်နာဂဝံသမဟာထေရ်က အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူလေသည်။

ဝိနယပိဋက

ထိုပဋ္ဌမသင်္ဂါပါတ အခါတော်၌ ဝိနည်း ငါးကျမ်း ပါဠိတော်ကြီးများကို သံဂါယနာတင်၍ ပြီးစီးခဲ့လေသည်၊ စာအုပ် အရေအတွက်အားဖြင့် ငါးအုပ်၊ စာမျက်နှာ အားဖြင့် ၂၂၆၀-မျှ ရှိလေသည်၊ ထိုဝိနယပိဋကတ်တော်ကြီးကို ပဋ္ဌမသံဂါယနာတင်စဉ်က အကြိမ်ပေါင်း ၁၆၉-ကြိမ်တိတိ ရွတ်ဆိုခဲ့ကြသဖြင့် ဘာဏဝါရပေါင်း ၁၆၉-ဘာဏဝါရ မျှ ရှိခဲ့လေသည်။

ဘာဏကအဖွဲ့များ

ပါဏာဒိကဏ် ပါဠိတော်ကြီးကို စစ်ကိုင်းမြို့ ရွှေကျင် ပဋ္ဌမဘာဏကအဖွဲ့မှ ၁၅-ပါး၊ ၎င်း ဒုတိယ ဘာဏက အဖွဲ့မှ ၁၅-ပါး၊ ၎င်းတတိယ ဘာဏက အဖွဲ့မှ ၁၅-ပါး အားဖြင့် ၄၅-ပါးသော ဘာဏက ဆရာတော်များက အာဂုမ်ရွတ်ဆိုကာ သံဂါယနာတင်တော်မူခဲ့ကြလေသည်။

ပါစိတ်ပါဠိတော်ကြီးကို စစ်ကိုင်းမြို့ သုမ္မောပဋ္ဌမဘာဏကအဖွဲ့ (၁) မှ ၁၄-ပါး ဒုတိယ ဘာဏက အဖွဲ့မှ ၁၄-ပါး၊ တတိယ ဘာဏက အဖွဲ့မှ ၁၅-ပါး အားဖြင့် ၄၃-ပါးသော ဘာဏက ဆရာတော်များက အာဂုမ်ရွတ်ဆိုကာ သံဂါယနာတင်တော်မူခဲ့ကြလေသည်။

မဟာဝါပါဠိတော်ကြီးကို မင်းကွန်း ဘာဏက အဖွဲ့ဝင် ဆရာတော် ၁၃-ပါး တို့က အာဂုမ်ရွတ်ဆိုကာ သံဂါယနာတင်တော်မူခဲ့ကြလေသည်။

စူဠဝါ ပါဠိတော်ကြီးကို မိတ္ထိလာဘာဏက အဖွဲ့ဝင် ဆရာတော် ၁၅-ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂါယနာတင်တော်မူခဲ့ကြလေသည်။

ပရိဝါပါဠိတော်ကြီးကို မြင်းခြံပဋ္ဌမဘာဏက အဖွဲ့မှ ဆရာတော် ၁၅-ပါး ဒုတိယ ဘာဏကအဖွဲ့မှ ၁၅-ပါး တတိယ ဘာဏကအဖွဲ့မှ ၁၅-ပါးအားဖြင့် ၄၅-ပါးသော ဘာဏကဆရာတော်များက အာဂုမ် ရွတ်ဆိုကာ သံဂါယနာတင်တော်မူခဲ့ကြလေသည်။

Proceedings Of Chaṭṭha Sangāyanā

FIRST SESSION

The Opening Ceremony of the Chaṭṭha Sangāyanā or Sixth Great Buddhist Council commenced at the Great Sacred Cave near Rangoon in the Union of Burma on the Full moon of Vesak 2498 B.E. (17-5-54) and terminated on 19-5-54. The Bhikkhus rested on the 20th May and commencing on the 4th Waning of Kason 2498 B.E. (21-5-54) the Sangīti-kāraka Theras and Mahātheras recited the Vinaya Piṭaka. The recitation continued for 41 days till the 7th Waxing of Waso 2498 B.E. (7-7-54) excepting the Buddhist Fast Days.

During the Opening Ceremony of the Chaṭṭha Sangāyanā, the 2,500 Sangīti-kāraka Bhikkhus from all Theravādin countries elected the late Venerable Abhi Dhaja Mahā Raṭṭha Guru Bhadanta Revata, Nyaungyan Sayadaw, as the Presiding Mahāthera of the Chaṭṭha Sangāyanā. Venerable Bhadanta Nāgavamsa, Bāgayā Sayadaw acted as the Master of the Ceremony.

Vinaya Piṭaka

During the First Session the Sangīti-kākara Bhikkhus recited the whole of the Five Books of Vinaya comprising 2,260 pages. The recitation of the Vinaya Piṭaka was completed in 169 Recitation-sessions, the Bhāṇakas (Reciters) also participating every time.

BHĀNAKA GROUPS

The following Bhāṇakas (Reciters) recited the Pārājika :—

(1) First Shwegyin Group, Sagaing.	15
(2) Second Shwegyin Group, Sagaing.	15
(3) Third Shwegyin Group, Sagaing.	15
	45

The following Bhāṇakas recited the Pācittayādi :—

(1) First Sudhamma Bhāṇaka Group, Sagaing.	15
(2) Second Sudhamma Bhāṇaka Group, Sagaing.	14
(3) Third Sudhamma Bhāṇaka Group, Sagaing.	14
	43

The 13 Bhikkhus from Mingun Bhāṇaka Group recited the Mahāvagga.

The 15 Bhikkhus from Meiktila Bhāṇaka Group recited the Cūlavagga.

The following Bhāṇakas recited the Parivagga :—

(1) First Myingyan Bhāṇaka Group.	15
(2) Second Myingyan Bhāṇaka Group.	15
(3) Third Myingyan Bhāṇaka Group.	15
	45

ဆဋ္ဌသံဂါယနာ-ဒုတိယသန္နိပါတဖွင့်ပွဲ

ဆဋ္ဌသံဂီတိ မဟာပါသာဏဂုဟာ ခေါ် ကျောက်လိုဏ်ဂူတော်ကြီး အတွင်း၌ ထေရဝါဒ ငါးနိုင်ငံမှ သံဂီတိကာရက ရဟန်းတော် ၇၅၅-ပါး တို့က (၁၅-၁၁-၅၄) မွန်းလွဲ တနာရီ ၂၉-မိနစ်အချိန်တွင် ဒုတိယသန္နိပါတသာဝင်ကို စတင် ကျင်းပရာ နိုင်ငံတော် သမတကြီး ဒေါက်တာ ဘဦး၊ ရန်ကုန်မြို့သို့ ရောက်ရှိနေသော ကမ္မောဒီးယားပြည်ရှင် ဘုရင် နရုတ္တမသီဟန၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့် ဝန်ကြီးချုပ် ကတော် ဒေါ်မြရီ၊ နိုင်ငံတော် တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်နှင့် ဇနီး၊ လူမျိုးစု လွှတ်တော် နာယကကြီး စပ်ရွှေသိုက်နှင့် ဇနီး မဟာဒေဝီ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်၊ ဗုဒ္ဓသာသနာ အဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်နှင့် လေဒီသွင်၊ အစိုးရအမှုထမ်း ဝန်ကြီးများ နှင့် ဇနီးများ၊ သပ္ပာယိုဋ္ဌ ယိုးဒယား သံအမတ်ကြီးများနှင့် ဇနီးများ၊ ဖဆပလ အဖွဲ့ချုပ် အမှုဆောင်များ၊ မြို့တော်ဝန် ဦးဘညွန့်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အမှုဆောင် လူကြီးများ၊ အတွင်းဝန်များ၊ သာသနာရေး အသင်းအဖွဲ့မှ ကိုယ်စားလှယ်များ သီလရှင်များနှင့် ဗုဒ္ဓဘာသာဝင် သူတော်စင်များကြွရောက်ကြည်ညိုကြလေသည်။

ရှေးဦးစွာ ဒုတိယသန္နိပါတ အခါကြား ကျေညာစာတမ်းကို ဝန်ဆောင်သံဃအဖွဲ့ အကျိုးဆောင် ဗားကဆ တောရ ဆရာတော် ဘဒ္ဒန္တနာဂဝံသက ဘတ်ကြား လျှောက်ထားတော်မူပြီးနောက် ဆဋ္ဌသံဂါယနာ ဒုတိယသန္နိပါတ ဖွင့်ပွဲ မင်္ဂလာ ဩဘာစာကို အနီးစပ်ဆုံးဆရာတော်က ဘတ်ကြားတော်မူ၍ လှုပ်ရှိသတ် အပေါင်းတို့က ဆဋ္ဌသံဂီတိ မဟာနာယက အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော် ဘုရားကြီးအထံ မှ ငါးပါးသီလ ခံယူဆောက်တည် ကြလေသည်၊ ထိုနောက် သံဂီတိကာရက ရဟန်းတော် အရှင်မြတ် များက မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ဆိုတော်မူကြကြောင်း။

ဆက်လက်၍ ညောင်ရမ်းဆရာတော်ဘုရားကြီးက မိန့်ခွန်းစကား မြွက်ကြားတော် မူပြီးနောက် ညနေ ၃-နာရီ အထိ ခေတ္တရပ်နားတော် မူကြလေသည်။

ညနေ ၃-နာရီ အချိန်တွင် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘာ၏ ဒုတိယသန္နိပါတကို ဆက်လက် ကျင်းပသောအခါ သီဟိဠ်နိုင်ငံ သျှမနိကာယ အရှင်ဝိမလထေရ၊ ရာမညနိကာယ အရှင်ဂုဏသီရိထေရ နှင့် အမရပူရနိကာယ အရှင်အရိယဝံသထေရ တို့က ပါဠိဘာသာအင်္ဂလိပ်ဘာသာတို့ဖြင့် အသီးအသီး မိန့်ခွန်းစကား မြွက်ကြားကြလေသည်။

ထိုနေ့က ယိုးဒယားနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတ ဝပ်မဟာထကျောင်း အရှင်ဝိမလဓမ္မထေရ်က ယိုးဒယားဘာသာဖြင့် မိန့်ခွန်းစကား မြွက်ကြားရာ မြန်မာ ရဟန်းတော် ဦးတေဇိန္ဒက ဘာသာပြန်ဆိုတော်မူလေသည်။

ထိုနေ့က် ကမ္မောဒီးယား သာသနာပိုင် ဆရာတော်ဘုရားကြီး၏ သဝဏ်လွှာကို ဆရာတော်ဘုရားကြီး၏ ကိုယ်စားလှယ် မြန်မာရဟန်းတော် အရှင် ခေမာစာရက မြန်မာဘာသာဖြင့် ဘတ်ကြားတော် မူပြီးလျှင် ကမ္မောဒီးယား ဒုတိယ သာသနာပိုင်က သဒ္ဓေသကထာကို ကမ္မောဒီးယား ဘာသာဖြင့် မိန့်ကြားလေရာ မြန်မာရဟန်းတော် အရှင်ခေမာစာရက ဘာသာ ပြန်ဆို ပြီးနောက် ကမ္မောဒီးယား ဘုရင်မင်းမြတ်နှင့် နန်းရင်းဝန်ကြီး လျှောက်ထားချက် များကို အဆိုပါ မြန်မာ ရဟန်းတော်ကပင်လျှင် မြန်မာဘာသာ ပြန်ဆို လျှောက်ထားလေသည်။

THE SECOND SESSION OF THE CHAṬṬHA SANGĀYANĀ OPENS

On the 15th November 1954,in the presence of the Venerable Abhi Dhaja Mahā Raṭṭha Guru Nyaungyan Sayadaw, the Presiding Mahāthera of the Chaṭṭha Sangāyanā and Sangīti-kāraka Mahātheras, His Majesty Norodom Sihanouk Varman, King of Cambodia, H. E. *Agga Mahā Thiri Thudhamma* Dr. Ba U, President of the Union of Burma, the Hon'ble Prime Minister and Mrs. Nu, Chief Justice of the Union and Mrs. Thein Maung, Speaker of the Chamber of Nationalities and Mahādevi, Bo Hmu Aung, Speaker of the Chamber of Deputies, *Thado Thiri Thudhamma* Sir U Thwin, President of the Union Buddha Sāsana Council and Lady Thwin, Cabinet Ministers and their wives, Judges of the High Court and their wives, H. E. Ambassador of the Royal Embassy of Thailand in Burma, H.E. Ambassador of Ceylon in Burma, Executive Committee Members of the A.F.P.F.L., U Ba Nyunt, Mayor of Rangoon, Executive Committee Members of the Union Buddha Sāsana Council, Parliamentary Secretaries, Government Officials, Representatives of Buddhist Organisations, and many Buddhist nuns and lay devotees gathered to celebrate the Opening Ceremony of the Second Session of the Chaṭṭha Sangāyanā at the Mahā Pāsāṇa Guhā (the Great Cave) near the World Peace Pagoda, Yegu, Rangoon.

At 1.29 p.m. Ven'ble Bāgaya Sayadaw, Honorary Secretary of the Bhāranitthāraka Committee announced both in Pāli and Burmese that it was an opportune and felicitous time to commence the proceedings of the Second Session. This was followed by ten drum-strokes. Venerable Anisakhan Sayadaw then read a Welcome Address of the Second Session of the Chaṭṭha Sangāyanā.

After the reading of the Address of Welcome, the Presiding Mahāthera gave the Five Precepts to the audience. This was followed by the recitation by the Sangīti-kāraka Bhikkhus of the Parittas beginning with the Mettā Sutta. The Venerable Nyaungyan Sayadaw then gave his Presidential Address and the Session broke off for a recess.

When the evening session was resumed at 3 p.m., Messages from various Personages were read and some Bhikkhus delivered addresses of veneration.

The Sanghanāyaka, the Ven'ble Nyaungyan Sayadaw proposed to the Sangha the names of Ven'ble Agga Mahā Paṇḍita Bhadanta Sobhana and the Venerable Tipiṭakadhara Dhammabaṇḍāgārika Bhadanta Vicittasāra as the Pucchaka (Questioner) and the Vissajjaka (Replier) respectively, with regard to the Dīgha Nikāya Sīlakkhandhavagga cūḷa-sīla-kathā. After obtaining the unanimous approval of the Sangha, the Pucchaka and the Visajjaka assumed their respective seats on the special dais. The Pucchaka then begged the Sangha to permit him to question the Visajjaka who in turn asked permission from the Sangha to answer all the questions put to him.

After the catechism the Sangīti-kāraka Mahātheras and Theras recited the Dīgha Nikāya Sīlakkhandha-vagga cūḷa-sīla-kathā. With the conclusion of the recitation by the Sangha of the cūḷa-sīla-kathā, the day's proceedings came to a conclusion.

ဆက်လက်၍ လာအို(စ်)နိုင်ငံမှ သာသနာပိုင် ဆရာတော်ဘုရား၏ သဝဏ်လွှာကို ,လာအို(စ်) ရဟန်းတော် အရှင်ဝိရစိတ္တရထေရက လာအို(စ်) ဘာသာဖြင့် ဘတ်ကြားတော်မူပြီးနောက်၊ ဗီယက်နမ် နိုင်ငံမှ သဒ္ဓေသကထာကို ဗီယက်နမ် ရဟန်းတော် အရှင်က အင်္ဂလိပ် ဘာသာဖြင့် ဘတ်လျှောက် မိန့်ကြားလေသည်။

ထိုနေ့ကာ ဆဋ္ဌသံဂီတိမဟာနာယက အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်ဘုရားကြီးက အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော် အား ပုစ္ဆက အဖြစ်နှင့် တိပိဋကရေရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသအား ဝိသဇ္ဇက အဖြစ် ဥ တ်ထားတော်မူပြီးနောက် ထိုအရှင် နှစ်ပါးတို့က ဒီဃနိကာယ် သီလကွန္ဓဝဂ္ဂကို အမေးအဖြေပြုလုပ်တော်မူကြပြီးလျှင် သံဂီတိကာရက သံဃာတော်များက ဒီဃနိကာယ် သီလကွန္ဓဝဂ္ဂပါဠိ စူဋ္ဌသီလကထာ ကုန်သည်အထိ ဆက်လက်၍ သံဂါယနာ တင်တော်မူကြလေသည်။

ဗုဒ္ဓေါ လောကေ သမ္ပုမ္ဗန္ဒော,
ဟိတာယ သမ္ဘပါဏိန်။

လောကေ၊ မဟာသဘာသိ၊ သိန်းကောဋိစက္ကဝါ၊ ဝိသယာနုန္ဒ၊ မျှားလှဘိခြင်း၊ လောကကြီး အတွင်း၌။သမ္ဘပါဏိန်။ သက်တန်းဂုဏ်ရည်၊ တိုရှည်နိမ့်မြင့်၊ အဆင့်ဆင့် ခြားနား၊ သတ္တဝါ အစားစားတို့၏။ ဟိတာယ၊ မြေ၁လင့်မှန်းထား၊ စခန်းသွားအလိုက်၊ ထိုက်ရာ ထိုက်ရာ၊ ချမ်းသာ နှစ်တန်၊ ဝေဘန်ပိုင်းခြား၊ ပရိုင်းသားသကဲ့သို့၊ ကြီးပွါးမချ-အစီး အပေါ်၊ အလိုင့်ါ။ ဗုဒ္ဓေါ၊ နေတဆူ လ,တစင်းကဲ့သို့၊ ပြိုင်ဘက်ကင်း ဖြစ်တော်မူသော မြတ်စွာဘုရား သည်။ သမ္ဘပုန္ဒေ၊ အကြောင်းပါရမီ၊ အစစစည်သဖြင့်၊ မြေမဟီဟစ်ကြေး၊ လောကကို အသိပေး၍ ပြန့်ဒေးလိုက်ကြ။ ရဲရဲကြီးတံခွန်ထူလျက်၊ ပွင့်ထွန်းပေါ ပေါက်တော် မူလေပြီ။

မိမိသူထပါး၊ နှစ်ဦးသားတို့၏၊ ထူးခြားသော ချမ်းသာရေးကို၊ မြော်တွေး ထောက်ထား၊ ထ မြောက်အောင် ကြိုးစားရာ၌၊ ယောကျ်ားကောင်း စင်စစ်၊ ဖြစ်ကြီး ဖြစ်သည်နှင့်အညီ၊ ဇမ္ဗူဒီပမြေ အလုံးကို၊ ချေမှုန်း၍ ပစ်နိုင်သော ဝီရိယစွမ်းအား အဏ္ဏတွ ကိုယ်တွင်းရှိ၊ လိုရင်းဖြစ်သော အသည်း နှလုံးတို့ကိုပင်၊ အဆုံးတိုင် ဖောက်ခွဲ၍၊ စွန့်ကြဲ ပေးကမ်းနိုင်သော သနားခြင်း မဟာကရုဏာစွမ်းအား၊ မြေပြင်ရေပြင် ဝေဟင် ဆိုပိတ် ကြောင်းနိမိတ် တို့ကိုကောင်းဟိတ်ဖွေရှာလျက်၊ သေအချာသိစွမ်း နိုင်သော ပညာစွမ်းအား၊ ၏သို့သော အစွမ်းတို့ ဖြင့်၊ တဖက်ကမ်းရောက်၊ စခန်းပေါက်အောင်၊ ထွင်းဖောက် ကြိုးစားသဖြင့် တရားဓမ္မရာဇ၏၊ စကြာ မင်းကြီးအဖြစ်သို့ ရောက်တော် မူသော သိဒ္ဓတ္ထ မင်းသား ဂေါတမ မြတ်စွာဘုရားသည်၊ ရှေးဘုရား တို့နှင့်မခြား၊ အံ့အားဘွယ် မဆုံးနိုင်သည့်, ဘုန်း တော်, ဂုဏ်တော်, ကျေးဇူးတော် အနန္တတို့ကို မုချစင်စစ်၊ ရရှိတော်မူပြီး ဖြစ်ပေသတည်း။

၏သို့ ရရှိတော်မူပြီး ဖြစ်သော်လည်း ခေတ် ကာလမှတ်သား၊ ကမ္ဘာ့ကို ပိုင်းခြားသည့်၊ ယုဂ် လေးပါး ရှိသည့်အနက်၊ အထက်ဘခါနှင့်အတူ၊ လူရှိသမျှကို လေးပုံပုံ၍ တပုံသာလျင် တရားကပ် သော ကလိယုဂ် ဆုပ်ကပ်အခါကြီးနှင့် အပြီးယှဉ် ပြိုင်၊ ကိုယ်တော်မြတ် ရင်ဆိုင်တော် မူရသော ကြောင့်၊ ဂနိုင်စေးပစ်၊ ခြွံ့ခွဲယ်ရစ်သည့်၊ ဆက်ဆစ် ထူထပ်၊ တောမြိုင်ရပ်ကို၊ ခဲကပ်ပြိုင်ငြင်း၊ ရှင်းလင်း အောင် ခုတ်ထွင်၍၊ သုစိသင်သော ယောကျ်ားနှင့် အလားတူ၊ တရားအယူ ထွေးယှက်၊ မိစ္ဆာဝါဒတွေ ထု (၃) တက်နေရာတွင်၊ ဒေသနာ၁မေ္ဘာဇတ္တိုကို၊ သဘောကျအောင် ဟောပြလျက်၊ လောက၏ ကောင်းကျိုးကို၊ သည်ပိုး ဆောင်ရွက်တော်မူခဲ့လေ သည်။

မီးပုံကြီးအလယ်မှ တင့်တယ်ဖြာစုံ ကြာပဒုံ သည်၊ ဝတ်မုံ့ဆင့်ဆင့်၊ အားယူ၍ ပွင့်ရသကဲ့သို့၊ ဖြစ်ခွင့် ကျဉ်းကြွတ်လှစ္စာသော ကလိယုဂ်ဆုတ်ကပ် ခါသမယဘ၌ပင်၊ ကောဏ္ဍညအစ၊ သုဘဒ္ဒအဆုံး၊ ကျွတ်ထိုက်သူအားလုံးကို တရားပုံး လွှတ်ကြလျက် ကျွတ်ပွဲကြီး ခံတော်မူခဲ့ရာ၊ တရာမျှ သက်တန်းတွင် ဆုံးခန်းမရောက်၊ ရှစ်ဆယ်မြောက်အကျ၊ ထို ကာလမယွင်း၊ တိုတောင်းလှသော အချိန်အတွင်း ၌၊ မိန့်မှာရင်း ဒေသနာတို့ကို သန်ျအားဖြင့်ပိုင်း ခြားရေတွက်ခဲ့လျှင် ဝိမုတ္တိရသအားဖြင့်တပါး၊ဓမ္မ ဝိနယအားဖြင့် နှစ်ပါး၊ ပဋ္ဌကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မကွန္ဓာ၁အားဖြင့် ရှစ်သောင်း လေးထောင်ရှိခဲ့ ပါသည်။

ရှစ်သောင်း လေးထောင်၊ မြားမြောင်လှစ္စာ၊ ဓမ္မကွန္ဓာကိုယ်စား၊ မြတ်တရားတို့ကို၊ သနားခြင်း ရှေးရှု၊ ဟောကြားတော် မူပြီးနောက်၊ ဘိုးတော် အဋ္ဌနမင်းကြီး ထားတော်မူခဲ့သော မဟာသက္ကရာဇ် (၁၄၇) ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ နံနက်အချိန် ဝိသာခါ နက္ခတ်နှင့်ယှည့်၌ သက်တော် (၈၀) ဝါ တော် (၄၅) ဝါအပြည့်တွင်၊ လောကာဓိပတိ မုနိ ထွတ်ခေါင်၊ မာရ်အောင်ရတနာ၊ မဟာ ဓမ္မရာဇ် မင်းဆုံး ဖြစ်တော်မူသော သမ္ဘည ရှင်တော်ဘုရား သည်၊ သခ်ါရတရားကို လွန်ဆန်ခြင်းငါ့ မတတ်နိုင် ရကား ရတနာမဏ္ဍိုင်၊ ဦးကိုင်ကြေ,န်း၊ နိဗ္ဗာန်နန်း သို့၊ စံမြန်းတော်မူခဲ့ပါသည်။

ဗုဒ္ဓကိစ္စ ငါးရပ်ဖြင့် မအားမလပ်နိုင်အောင် သတ္တဝါတို့ အကျိုးကို သည်ပိုး ဆောင်ရွက်ပေး တော်မူ၍၊ သုံးလူ့မြတ်စွာ သံသရာမှ မျက်နှာလွှဲ တော် မူပြီးနောက် ခရီးထောက် မကူသလို သုံးလ အလွန်၊ လေးလအတင် ဝါခေါင်လပြည့်ကျော် ငါး ရက်နေ့မှစ၍ မဂဏတိုင်း အဝင်အပါ ဝေဘာရ ဝေ ပုလ္လ ပဏ္ဍဝ-ဣသိဂိလိ- ဂိဒ္ဓကူဋ် ဟု ဆိုအပ်သော ငါးလုံးသော တောင်ရံတို့က ခြံကဲ့သို့ ဝိုင်းရံသည့် ကြောင်းဟိတ်ကြောင့် ဝိရိဒ္ဓဗ မည်သော ရုစ္ကိပ္ပတ် ပြည် ဝေဘာရတောင်ရံ၊ ရရည်းပင် ရောက်ရာ လိုက်ဂူဝ၌ အစာတသတ်၊ သမုနတ်လျှင်၊ သတ်မှတ် တည်ထွင်၊ စီရင်ခင်းကျင်း၊ ဖန်ဆင်းအပ်သော နတ် တို့ ဗိမာန်၊ နှိုင်းတန်သာယာ၊ မဂ်လာမဟာမဏ္ဍပ် ကြီး၌၊ အစာတသတ်မင်းကို အမှီပြု၍၊ အသျှင် မဟာကဿပ အမှူးရှိသော ရဟန္တာ၁ငါးရာ အသျှင် မြတ်တို့သည် "ဝိနယောနာမ သာသနသာ-အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ"ဝိနည်းမည် သည် သာသနာတော်၏ အသက်မည်၏။ ဝိနည်း တည်လျှင် သာသနာ တည်နိုင်တော့၏၊ ဟု တသ် တည်း ဆုံးဖြတ်တော် မူကြပြီးလျင် သာသနာ တော်၏ အသက်ဖြစ်သော ဝိနည်း ပိဋကတ်ကို သုတ္တန်, အဘိဓမ္မာတို့၏ ရှေးဦးစွာ သံဂါယနာတင် ခြင်းငှါ သံဃထေရ်ကြီး ဖြစ်တော်မူသော အသျှင် မဟာကဿပသည် ဝိနည်းအရာ၌ တေဒဂ် ၇ ဖြစ် တော်မူသော အသျှင်ဥပါလိမထေရ်ကို တရား ပလ္လင် (ဓမ္မာသန) ထက်၌ ဆင်ရှယ်ပြင့် ဗိအပ် သောယပ်ကို ကိုင်၍နေစေပြီးလျင် ငါ့သျှင်ဥပါလိ ပဌမပါရာဇိက သိက္ခာပုဒ်ကို အဘယ်ပြည် အဘယ် အရပ်၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ သမ္ဘည မြတ်စွာဘုရား ပညတ်တော် မူသနည်းဟု မေးမြန်း တော်မူရာ၊ ဝေသာလီပြည်၌ သျှင် သုဒိန်ကို အ ကြောင်းပြု၍ သမ္ဘည မြတ်စွာဘုရား ပညတ်တော် မူပါသည် ဟု ဖြေကြားတော်မူပြီးနောက် ဒုတိယ ပါရာဇိက တတိယ ပါရာဇိက-စတုတ္ထ ပါရာဇိက သိက္ခာပုဒ်တို့ကိုလည်း ၏သို့နှင့် မေးတော်မူ ဖြေတော်မူကြပါသည်။

၏သို့လျှင် ပင်ပန်းကြီးစွာ ရဟန္တာ အသျှင်မြတ် တို့ စေ့ဝပ်သေချာ ကောင်းစွာ စစ်ဆေး၍ အမေး အဖြေ ပြုတော် မူကြရခြင်း အကြောင်းမှာ နောင် သောအခါ သာသနာ၌ သဒ္ဓါနည်းလှသော ပါပ ဘိက္ခုတို့သည် သိက္ခာပုဒ်ကို ကျေ,ာ်နင်း လွန်ကျူး သဖြင့် သိက္ခာပုဒ်ကိုပြု၍ ဆုံးမခဲ့သည်ရှိသော် ၏ သိက္ခာပုဒ်သည် ဘုရား ပညတ်တော်မူသော သိက္ခာ ပုဒ်မဟုတ် စသည်ဖြင့် အမြက်ထောင်၍ တိမ်း ရှောင်ရာ၏။ ထိုသို့ အမြက်မထောင် မတိမ်းရှောင် နိုင်စိမ့်သောငှါ သက်သေခံ ခိုင်မာလှစွာသော ရဟန္တာ ငါးရာ အသျှင်မြတ်ကြီးတို့၏ မျက်မှောက် ၌ မေးမြန်း ဖြေဆိုခြင်းကို ပြုထားသဖြင့် ဘုရား ပညတ်ချက် ရှိကြောင်း၊ ဘုရား ပညတ်တော်မူ သော သိက္ခာပုဒ် ဟုတ်မှန်ကြောင်း၊ ခိုင်မာစိမ့် သောငှါ ဝဏ္ဏ ခိုဝါနှုန်းနှင့်တကွ သေချာစွာ မေးဖြေ တော်မူရခြင်း ဖြစ်ပါသည်။

၏သို့ မေးဖြေတော် မူပြီးလျင် ငါးရာသော ရဟန္တာ အသျှင်မြတ်တို့သည် ဝိနည်း ပိဋကတ်ကို

မြတ်စွာဘုရား ပညတ်တော်မူတိုင်း ညွှန်ပြင်းပေါင်းစု၍ တပေါင်းတည်းရှတ်သောအားဖြင့် သံဂါယနာ တင်တော်မူကြပါသည်၊ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာ ပိဋကတ်တို့ကိုလည်း အသျှင်မဟာ ကဿပက မေး၍ အသျှင်အာနန္ဒာက ဖြေဆိုပြီးလျှင် ဝိနည်း ပိဋကတ် နည်းတူသာလျှင် ပေါင်းစု ရွတ်သောအားဖြင့် သံဂါယနာ တင်တော်မူကြပါသည်။

ဤသို့လျှင် အသျှင်မဟာ ကဿပထေရ် အမှူးရှိသော ရဟန္တာ အသျှင်မြတ်တို့ ပိဋကတ်သုံးပုံကို ပေါင်းဆုံ စည်းဝေး၍ ကြိုးလေးသော ကိစ္စတရပ်ဟု သတ်မှတ် စီစဉ်လျက် သံဂါယနာ တင်တော်မူခြင်းသည် အခြား အကြောင်းကြောင့် မဟုတ်ပါ၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာတော် သုံးရပ်တွင် မြတ်စွာဘုရား၏ စကားတော် တည်းဟူသော ပရိယတ္တိ သာသနာတော်သည်သာ လျှင် အခြေမူလ ပဓာန ရေသောက်မြစ်ဖြစ်၍ ပရိယတ္တိ သာသနာတော် တည်းဟူသော ပိဋကတ် သုံးပုံကို သာသနာ သက္ကရာဇ် အနှစ် ၅၀၀ ကာလ ပတ်လုံး ချိန်ဆုံးခါရောက် မပျောက်မယျက် အဆက်ဆက် တည်စ်ခ့်သောင့ါ စောင့်ရှောက် ပွဲခူညှ၍ ထားသောအားဖြင့် သံဂါယနာ တင်ရခြင်း ဖြစ်ပါသည်။

ပဌမသံဂါယနာပွဲတွင် ရှေးဦးစွာ သံဂါယနာ တင်တော်မူကြသော ဝိနည်း ပိဋကတ် ပါဠိတော် ငါးရပ်၏ ပမာဏမှာ ဘာဏဝါရအားဖြင့် ရေတွက်သော် (၁၆၉) ဘာဏဝါရ အတိုင်းအရှည်ရှိပါသည် ဂါထာဖွဲ့၍ ရေတွက်သော် (၄၂၂၅) ဂါထာ အရေအတွက် ရှိပါသည်၊ အက္ခရာအားလုံးကို ပေါင်းရုံ ရေတွက်သော် (၁၃၂၂၀၀) တာသန်း သုံးသိန်း ငါးသောင်း နှစ်ထောင် အရေအတွက် ရှိပါသည်။

ဤသို့သော ပဌမသံဂါယနာတင် ထုံးနည်းကို အမှီပြုပြီးလျှင် ၁၃၁၆-ခု ကဆုန်လပြည့် (ဝေသာခ ပုဏ္ဏမီ) နေ့မှစ၍ ၎င်းဝါဆိုလဆန်း ၆-ရက်နေ့တိုင် ဖွင့်ပွဲ သုံးရက်ကို ချန်လှပ်၍ ရက်ပေါင်း (၄၁) ရက်ပတ်လုံး သာသနာတော်၏ အသက်သွေးခဲမြစ်သော ဝိနည်းပိဋကတ် ပါဠိတော် ၅-ကျမ်းကို ဆုံးခန်းတိုင်ရောက်အောင် ပဌမသန္နိပါတ အနေဖြင့် သံဂါယနာ တင်တော်မူခဲ့ကြပါသည်။

ယခုအခါ ယထာနုလောမ သာသနာ ဟု ဆိုအပ်သော သုတ္တန်ပိဋကတ် နိကာယ်ကြီး လေးရပ်ကို အပြီးသတ် သံဂါယနာတင်ရန် တလည့်အကြိမ် ဆိုက်ရောက်လာသည့် အားလျော်စွာ ၁၃၁၆-ခု တန်ဆောင်မုန်းလပြည့်ကျော် ၅-ရက်ကို အစပြုပြီး လျှင် အသျှင်အာနန္ဒာမှ ဆင်းသက်သည့် တပည့် အဆက်ဆက်တို့ ဆောင်ရွက်တော် မူလာခဲ့သော သီလကွန္ဓဝဂ် မဟာဝဂ် ပါထိကဝဂ် ဟူ၍ ဝဂ်အားဖြင့် သုံးပါး၊ သုတ်အားဖြင့် သုံးဆယ့်လေးသုတ်၊ ဘာဏဝါရအားဖြင့် ခြောက်ဆဲ့လေး ဘာဏဝါရ အရေအတွက်ရှိသောဒီဃနိကာယ်—

အသျှင်သာရိပုတ္တရာမှ ဆင်းသက်သည့် တပည့် အဆက်ဆက်တို့ ဆောင်ရွက်တော်မူလာခဲ့သော ဝဂ်အားဖြင့် တဆဲငါးဝဂ်၊ သုတ်အားဖြင့် တရာ့ငါးဆယ့်နှစ်သုတ်၊ ဘာဏဝါရအားဖြင့် ရှစ်ဆယ် အရေအတွက်ရှိသော မူလပဏ္ဏာသ-မဇ္ဈိမပဏ္ဏာသ-ဥပရိပဏ္ဏာသ ဟူသော မဇ္ဈိမနိကာယ်—

အသျှင်မဟာကဿပမှ ဆင်းသက်သည့် တပည့် အဆက်ဆက်တို့ ဆောင်ရွက်တော်မူလာခဲ့သော သုတ်အားဖြင့် (၇၇၆၂) ခုနစ်ထောင်ခုနစ်ရာ ခြောက်ဆဲ့နှစ်သုတ်၊ ဘာဏဝါရအားဖြင့် တရာ အရေအတွက်ရှိသော သဂါထာ၀ဂ္ဂသံယုတ် နိဒါနဝဂ္ဂ သံယုတ် ခန္ဓဝဂ္ဂသံယုတ် သဠာယတနဝဂ္ဂသံယုတ် မဟာဝဂ္ဂသံယုတ် ဟူသော သံယုတ္တနိကာယ်—

အသျှင်အနုရုဒ္ဓါမှ ဆင်းသက်သည့် တပည့် အဆက်ဆက်တို့ ဆောင်ရွက်တော် မူလာခဲ့သော သုတ်အားဖြင့် (၈၅၅၇) သုတ်၊ ကိုးထောင်ငါးရာ ငါးဆယ့်ခုနှစ်၊ ဘာဏဝါရအားဖြင့် (၁၂၀)တရာ့ နှစ်ဆယ် အရေအတွက်ရှိသော ကေကအက်တ္တိရ၊ ဒုကအက်တ္တိရ၊ တိကအက်တ္တိရ၊ စတုက္ကအက်တ္တိရ၊ ပဉ္စကအက်တ္တိရ၊ ဆက္ကအက်တ္တိရ၊ သတ္တကအက်တ္တိရ၊ အဋ္ဌကအက်တ္တိရ၊ နဝကအက်တ္တိရ၊ ကောဒသက အက်တ္တိရ်ဟူသော အက်တ္တရနိကာယ်—

ဤသို့သော သုတ္တန်ပိဋကတ်၊ နိကာယ်ကြီး လေးရပ်ကို ပုခ် ပါ၌ အက္ခရာ ကောင်းစွာသုတ်သင်လျက် ထေရဝါဒနိုင်ငံ၀ယ် အသျှင်ကောင်း အသျှင်မြတ်တို့ နှင့်တကွ သမဂ္ဂသန္နိပါတ သဘောသက်ရောက်စေ၍ သပြေထွန်းရာ ကျွန်းလကျါဘုင် သြဘာနိမိတ် နေ့ာက်မဆိတ်အောင် ဝိသိဒ္ဓိမဂ်လာ ညီညွတ်စွာ ဖြင့် သံဂါယနာတင်တော်မူကြမည်ဖြစ်ပါသည်။

ယခုအခါ ဆဋ္ဌသံဂါယနာတင် သံဃာတော်တို့၏ အရှင် သံဃသာမိ သံဃ နာယက ဖြစ်တော်မူသော အဘိဓေမဟာရဋ္ဌဂရု သွေ့တံဆိပ်တော်ရ ညောင်ရမ်း ဆရာတော်ဘုရားကြီးနှင့် တကွ သုတ္တန်ပိဋကတ် တော်ကို နှတ်တက်အာဂုံပြန်ဆိုတော် မူကြမည့် ဘာဏကအဖွဲ့ဝင် သံဃာတော်၊ ပါဠိဝိသေသဓက အဖွဲ့မှ သုတ်သင်ပြင်ဆင် ပြီးသော သံဂါယနာတင် ပိဋကတ် စာမူတော်ကို ရွတ်ဘတ်တော်မူကြမည့် ပါဒ္ဒက သံဃာတော်၊ ဤသို့သော သံဂီတိ ကာရက သံဂါယနာတင် အသျှင်သံဃာတော် တို့သည် ဆဋ္ဌ သံဂီတိ မဟာပါသာဏ ဂုဟာ လိုဏ်ဂူတော်ကြီး အတွင်းရှိ ထေရာသန မမြှောသနပလ္လင် ပြင်ဆင် ထားအပ်သော နေရာအသီးသီးဌာနကြီးစဉ် ငယ်လိုက် သိုက်မြိုက် ခန့်ညားစွာ သီတင်းသုံးတော်မူကြပြီး ဖြစ်ပါသည်။

ပဌမသံဂါယနာတင်ပဲ့မှ စ၍ ပဌမသံဂါယနာ တင်ပဲ့ အထိ မိမိတို့ ဘုန်းလက်ရုံး အာဏာ မူတည် ကာဖြင့် သာသနာရေးဘက်သို့ မျက်နှာမူပြီးလျှင် သူမတူတန်သော ဇွဲသတ္တိ ဝီရိယ စေတနာ သဒ္ဓါ ပညာ အရင်းခံလျက် အပြင်းအထန်အားပေးတော် မူခဲ့ကြသော အစာတသတ်မင်း၊ ကာဠာသောက မင်း၊ အသောကမင်း၊ ဝဋ္ဋဂါမဏီမင်း၊ ရတနာပုံ မင်းတုန်းမင်းတို့၏ ရိုးရင်းမယျက် မှန်းထားချက် လမ်းစဉ်အထိုင်း ကမ္မဿကြီး တခုလုံး ချမ်းသာမှုကို လိုလားသည်ပြင် ဝန်းကျင်ပိတ်ကာ မှောင်မိစ္ဆာ လောင်းရိပ်မိသည့် အတွက် အာဏာစက်မိုန်မှေ့ သာသနာ အရှိန် သေးခဲ့သည်ကို မြှော်တွေး ထောက်ရှု ကိုယ်ပိုင်ဥာဏ် လက်ကိုင်ပြုကြပေသော ပြည်ထောင်စု မြန်မာနိုင်ငံတော် လူထုအစိုးရ၏ ကိုယ်စား နိုင်ငံတော်ဗဒ္ဓသာသနာအမွှေကြီးကလည်း ပစ္စည်းလေးပါး အထွက် တစုံတရာ ချိုင့်ခြင်း မရှိရအောင် သတိဝိရိယကြီးစွာနှင့် အရာရာ လုံ့လောက်ရေးကို ရှေးရှုလျက် ကူညီစောင့်ရှောက် ထောက်ပံ့အားပေးခြင်းဖြင့် တာဝန် ကြေပြန်ပြီး ဖြစ်ကြပါသည်။

ဤသို့လျှင် သံဂါယနာတင် သံဃာတော် အရှင် မြတ်များနှင့်တကွ ကူညီ စောင့်ရှောက်သူဒါယကာ နှစ်ဘက်လုံး အခွင့်သာသဖြင့် ဂဂ်နှင့် ယမုနာ နှစ်ခု နှစ်ဖြာ ရောနှောသကဲ့သို့ သဘောချင်း တိုက်ဆိုင်၊ ငါးထောင်တိုင် ကြန့်ကြာ၊ သာသနာ တည် စေကြောင်း ဆန္ဒတူ အသင့်ပေါင်းသဖြင့် အခွင့် ကောင်း အခါကောင်းကြီး ဟု ဆိုအပ်သော ယခု အခါ ဒုတိယသန္နိပါတအကြိမ်၊ သုတ္တန်ပိဋကတ်၊ နိကာယ်ကြီး လေးရပ်ကို အပြီးသတ် သံဂါယနာ တင်ကြရမည့် အချိန် ပက္ခဒိန် ဆိုက်ရောက်လာပြီ ဖြစ်ပါသောကြောင့် သတပတ် ဖြာစုံ၊ ကြာအင့် သည်၊ အရှက်နေပွင့်၊ ရောင်ခြည်သင့်၍၊ ဆန်းတင့် ကြားမောက်၊ ပွင့်ခြင်းသို့ ရောက်သကဲ့သို့၊ ထွန်း တောက် သီတဂူ၊ ကြာဖြူပွင့်ဆဲ၊ ခဝဲပွင့်တုန်း၊ တန် ဆောင်မန်း ကျော်တက် ငါးရက်မြောက်ကျ၊ ဤ အခါသမယတွင်-ဆဋ္ဌသံဂါယနာပွဲကြီး၏၊ ဝုံ့ချီးခန်း ကျင်၊ ဒုတိယသန္နိပါတ အခမ်းအနား သဘင်ကို စတင်ဖွင့်လှစ်ပြီဖြစ်ပါကြောင်း၊ ဦးခေါင်းညွှတ်လျှိုး လက်စုံမိုး၍၊ ရှိခိုး လျှောက်ထား အပ်ပါသည် သံဂီတိကာရကဝင် သံဃာတော် အသျှင်မြတ်တို့ ဘုရား။

AN ADDRESS AT THE COMMENCEMENT OF THE SECOND SESSION OF THE CHAṬṬHA SANGĀYANĀ BY THE VEN. BĀGAYĀ SAYADAW.

BHANTE,

Just as the sun and the moon outshine all other stars and planets, the Supremely Enlightened Buddha after having in his past existence, accomplished the Ten Pāramitās (Perfections) and all the need for becoming a Buddha in his past existence, had arisen in the world to the knowledge of all, and for the mundane and supramundane benefit of the various beings whose terms of life are determined by their wholesome and unwholesome volitional actions of the past.

In fulfilling the Pāramitā of Viriya (Energy) he surpassed all by possessing an extraordinary energy, vigour, effort or exertion, by means of which he could perform any task which was beyond the ordinary person, and could even, if he wished, silence the whole world. In fulfilling the Pāramitās of Mettā and Dāna, he excelled all others by possessing great loving-kindness and compassion practised towards all beings, performing Dāna by giving away his life and blood to others; and in fulfilling the Pāramitā of Paññā (Wisdom) he surpassed all others by possessing supernormal intellectual faculties. In his final existence as Siddhattha the Sākya Prince, by his strenuous efforts and without any outside help he discovered the liberating Law that had become lost to the world and the Truth that lay buried under a mass of ignorance, thus becoming the Omniscient Buddha who knew the Four Noble Truths and the Dependent-Origination as all Buddhas do.

By His Omniscience He knew that he had arisen in the world at a time when the people had become less righteous and only about one-fourth of the whole people was able and willing to listen to the Dhamma. Just as a man who clears the jungle where there exist thickets intertwined with creepers, the Universal Buddha very lucidly expounded His teachings to the people who were infatuated by greed, hatred and delusion.

Although He arose in an inopportune Age (kali-yoga), just as a lotus flower blossoms gracefully in spite of intense heat, the Omniscient Buddha taught the Dhamma to the people during the period from His 35th to His 80th year, whereby persons beginning with Kondañña and ending with Subhadda attained to Deliverance. The Dhamma taught by Him to the people within so short a time can be classified as 1 by way of *rasa* (essence), 2 by dividing it into Vinaya and Dhamma, 3 by way of Piṭaka, 5 by way of Nikāyas, 9 by way of *aṅga* (ingredients), and 84,000 by way of Units of Dhamma.

After teaching the Dhamma with great compassion to various kinds of beings, by the Law of Anicca, the Omniscient Buddha took His Mahā Parinibbāna on the Full moon of Kason—the Visākhā Day, 148, Añjana Era, when He completed His 80th year and 45 Vassa.

Just over three months after the Mahā Parinibbāna of the Supreme Buddha, five hundred Arahants headed by Arahant Kassapa having decided,

> "*Vinayonāma sāsanassa āyu,*
> *Vinaye ṭhite sāsanam ṭhitam hoti.*
>
> Vinaya is the life-blood of the Sāsana ;
> As long as the Vinaya stands, the Sāsana stands."

convened the First Great Buddhist Council at the spacious pandal constructed by King Ajātasattu at the entrance to a cave in Vebāra hill, where stood a big sattapaṇṇa tree, in the kingdom of Rājagaha, which was so named, because the five hills, Vebāra, Vepulla, Paṇḍava, Isigili and Gijjhakuṭa encircled it. The five hundred Arahants collectively recited the Vinaya first. Before the recital of the Vinaya by the five hundred Arahants, Mahā Kassapa the Great acted as the Pucchaka (Questioner) and Arahant Upāli of whom the Buddha declared : "He is the best of all in the Vinaya", as Visajjaka (Replier). When Arahant Upāli was seated on the Dhammāsana (special dais), with an ivory fan in his hand, Arahant Mahā Kassapa asked:

> "Brother Upāli, when was the first Pārājika enjoined by the Omniscient Buddha ? Where, why and wherefore ?"

To this the Venerable Upāli replied:

> "This First Pārājika (expulsion) was enjoined by the Buddha at Vesāli on account of Bhikkhu Sudinna."

Likewise, questions and replies were made on the whole of the Vinaya.

The reason why those Elders of former days took great pains in arranging, classifying and reciting the Vinaya after questions and replies was as follows :—

> "In future, less righteous and immoral bhikkhus will have violated the Vinaya rules, and if the senior bhikkhus were to decide their cases on merits, they would defend that by saying such and such a rule had never been declared by the Buddha. In order to rebut any such statements, Arahant Mahā Kassapa put questions on the Vinaya to the Venerable Upāli who replied to all the questions put to him with examples, facts and figures, so that the words uttered by Ven. Upāli in the presence of the 500 Arahants can be taken as the "Word of the Buddha".

After the Pucchaka and the Visajjaka had done their parts, the five hundred Arahants collectively recited the whole of the Vinaya. In the cases of Suttas and the Abhidhamma, Arahant Kassapa acted as the Questioner and Ven. Ānanda acted as the Replier. After that all the 500 Arahants collectively recited the Suttas and the Abhidhamma respectively.

The reason why the 500 Arahants led by Ven. Mahā Kassapa treated the matter of holding the Sangāyanā as a most important matter and collectively recited all the Teachings of the Buddha, was because they knew that of the Three Sāsanas, the Pariyatti (Text) is the pivot around which the other two revolve. They held the First Great Buddhist Council by arranging, classifying and reciting all the Teachings of the Buddha, so that the Tipiṭaka might last for 5,000 years.

The Five Books of the Vinaya which were first recited by the 500 Arahants at the First Great Council may be classified as 169 by way of Sections, 42,250 by way of Gāthās (stanzas) and 13,52,000 by way of alphabets.

Following the procedure adopted by the Venerable Mahā Kassapa in convening the First Great Council, the Sangīti-kāraka Bhikkhus collectively recited the Five Books of the Vinaya during the 41 days of the First Session of the Chaṭṭha Sangāyanā which commenced on the 17th May 1954 and terminated on the 6th June, exclusive of the three days occupied by the Opening Ceremonies, namely the 17th, 18th and the 19th May 1954.

Now again, the Sangīti-kāraka Bhikkhus are to hold the Second Session commencing today, and there the Sutta Piṭaka—the following Four Nikāyas which have been re-edited and scrutinised by all Theravādin countries, is to be recited :—

(1) Dīgha-Nikāya, which was carried by heart by the Ven. Ānanda and an unbroken line of his spiritual successors, and which comprises 3 Vaggas or 34 Suttas or 64 Scriptural Sections of the Sutta.

(2) Majjhima-Nikāya, which was carried by heart by the Venerable Sāriputta and his spiritual successors, and which comprises 15 Vaggas or 152 Suttas or 80 Sections. It is also subdivided into (i) Mūlapaṇṇāsa (ii) Majjhimapaṇṇāsa and (iii) Uparipaṇṇāsa.

(3) Samyutta-Nikāya, which was carried by heart by the Venerable Mahā Kassapa and his spiritual successors, and which comprises 7,762 Suttas or 100 Sections. It is also subdivided into (i) Sagāthā-vagga Samyutta (ii) Nidāna-vagga Samyutta (iii) Khandha-vagga Samyutta (iv) Saḷāyatana-vagga Samyutta and (v) Mahā-vagga Samyutta.

(4) Anguttara-Nikāya, which was carried by heart by the Venerable Anuruddhā and his spiritual successors, and which comprises 9,557 Suttas or 120 Sections. It is subdivided into (i) Ekaka-Anguttara (ii) Duka-Anguttara (iii) Tika-Anguttara (iv) Catukka-Anguttara (v) Pañcaka-Anguttara (vi) Chakka-Anguttara (vii) Satta-Anguttara (viii) Aṭṭha-Anguttara (ix) Navaka-Anguttara (x) Dasa-Anguttara (xi) Ekādasa-Anguttara.

At the present moment, the Presiding Mahāthera of the Chaṭṭha Sangāyanā—Abhi Dhaja Mahā Raṭṭha Guru Nyaungyan Sayadaw, the Sangīti-kāraka Bhikkhus including some Reciter-bhikkhus and those bhikkhus who will read from the Suttas that have been revised are seated on the dais specially reserved for them.

Just as the supporting Kings of the five previous Sangāyanās, such as King Ajātasattu, King Kālāsoka, Emperor Asoka, King Vaṭṭagāmaṇi and King Mindon, who had

(*Continued on page 158*)

Sammodaniya Kathā (Congratulatory Message) of Phra Bimaladharma, Ecclesiastical Minister for Sangha Administration of Thailand and Leader of the Buddhist Mission from Thailand delivered on the occasion of the Opening of the Second Session of the Chaṭṭha Saṅgāyanā in the Sacred Cave at the Sirimangala Hill, Rangoon, Burma, on the 15th November 1954 (2498 B.E.)

To Venerable Abhi Dhaja Mahā Raṭṭha Guru Nyaungyan Sayadaw, Presiding Mahāthera of the Chaṭṭha Saṅgāyanā, and the Saṅgīti-kāraka Mahātheras and Theras from all Theravādin countries.

MOST RESPECTFULLY, BHANTE,

On behalf of the Sangha of Thailand, I most respectfully beg to say that I am much inspired to witness, for a second time, this Chaṭṭha Saṅgāyanā which is being held by the concerted efforts of Prime Minister U Nu, the Government of the Union of Burma, the Union Buddha Sāsana Council headed by Sir U Thwin, and all Theravādin countries.

Bhante, your venerable selves are aware that there are various Theravādin countries, such as Burma, Thailand, Cambodia, Laos, Ceylon. And of these as we find such a magnificent Chaṭṭha Saṅgāyanā held in Burma only, this country is one in the world that deserves a specific honour.

Bhante, we presume that it is the greatest maṅgala (merit-bringer) for us to participate, as the representatives of the Thai Sangha, in this Chaṭṭha Saṅgāyanā, at the First Session of which the Five Books of Vinaya have been successfully recited, and at the later Sessions of which the remaining Books of the Suttas and the Abhidhamma will be recited.

Bhante, in conclusion while we are enjoying such eminent maṅgalas, our earnest wish is that this Chaṭṭha Saṅgāyanā comes to a successful conclusion, that the Pariyatti-saddhamma (Learning of the Wording of the Doctrine), the Paṭipatti-saddhamma (the practising of it), and the Paṭivedha-saddhamma (the realization of it) remain as long as the world lasts and shine as brightly as the sun's rays.

CIRAM TITTHATU SADDHAMMO.

(*Translated by U Tejinda Mahāthera, Representative from Thailand, Vat Mahāthai, Bangkok, Thailand.*)

15th November 1954.

ယိုးဒယား သံဃကိုယ်စားလှယ် အမှူခေါင်းဆောင် မန်ကောက်မြို့ ဝပ်မဟာထကျောင်း

အဋ္ဌမဟာပဋ္ဌိတကျောက်ခွန်ဦးဝိမလခမ္ဘာဆရာတော်ဘုရား ကြီး၏သမ္ဗောဓနိယကထာ

ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၏ အကြီးအမှူး ဦးဗိုးပဝေန နာယက ဖြစ်တော်မူသော ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒန္တရေဝတ (ညောင်ရမ်း) ဆရာတော်ဘုရားကြီးနှင့်တကွ ဦးဋ္ဌိုင်တော် အသီးသီးတို့မှ ကြွရောက်လာတော်မူကြသော ဆဋ္ဌသံဂိတိကာရကဝင် သံဃာတော် အရှင်မြတ် အပေါင်းတို့ဘုရား။

ဘုရားတပည့်တော်သည် ထေရဝါဒ အပါအဝင် သံဂိတိကာရက ဆရာတော် အရှင်မြတ် အပေါင်းတို့ကို အဦးပဝေနပြု၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုအစိုးရနှင့်တကွ ဆာ ဦးသွင် ၏ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ကြီး အစရှိသည့် အားလုံးသော ထေရဝါဒနိုင်ငံတော် အပေါင်းတို့က ကျင်းပသော ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကို ယခုကဲ့သို့ ဒုတိယအကြိမ်မြောက် ကိုယ်တိုင် တွေ့မြင်ရသည့်အတွက် အထူးပမ်းမြောက်ကြောင်း ယိုးဒယား သံဃာတော်အပေါင်းတို့၏ ကိုယ်စား ရှေးဦးစွာ ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

ဤကမ္ဘာပေါ်တွင် ဗမာပြည် ယိုးဒယားပြည် ကမ္ဘောဒီယားပြည် လာအိပ်ပြည် သီဟိုဠ်ပြည် အစရှိသော အားဖြင့် ထေရဝါဒ နိုင်ငံတော်ကြီးများ အသီးသီး ရှိကြောင်းကိုလည်း ဆရာတော်ကြီးများ သိရှိပြီး ဖြစ်ကြပါသည်၊ ထိုထေရဝါဒနိုင်ငံတော် အပေါင်းတို့တွင် ဤဗမာပြည်မှသာ ဤကဲ့သို့ အလွန်တရာ ကြီးကျယ်ခမ်းနားသော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး ဆင်ယင်ကျင်းပသည်ကို တွေ့မြင်ရသည့်အတွက် ဤဗမာပြည်ကြီးသည် ကမ္ဘာပေါ်တွင် အထူးဂုဏ်ယူဘွယ်ဖြစ်သော တိုင်းပြည် တပြည်ဖြစ်ကြောင်းကိုလည်း ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

ဤကဲ့သို့ ကမ္ဘာ့အုံ့ဘွယ်ကြီး ဖြစ်သည့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကို မြန်မာနိုင်ငံတော်၌ ကျင်းပရာဝယ် လွန်ခဲ့သော ကဆုန်လက ပဌမ အကြိမ်တွင် ဝိနည်း ပိဋကတ် တော်များ ကောင်းမွန်စွာ ပြီးဆုံးအောင်မြင်ပြီးနေဈက် ယခု တဖန် ဒုတိယ အကြိမ် ကြွင်းကျန်သေးသော သုတ္တန္တတ္တဿ ပိဋကတ်တော်ကြီးနှင့် အဘိဓမ္မာ ပိဋကတ် တော်ကြီးများ သံဃာနာတင်မှုကိစ္စကို ဆက်လက် ကျင်းပရာဝယ် တပည့်တော်များကိုယ်တိုင် ယိုးဒယားပြည် သံဃာ့ကိုယ်စားလှယ် အဖြစ်ဖြင့် ဝင်ရောက်ပြီး ဆဋ္ဌသံဂါယနာတင်ရခြင်းကိုလဲ အလွန်တရာ ကြီးကျယ် ကောင်းမြတ်သော မဂ်လာ ဆုလာဘ်ကြီးများကို ရသည်လို့ ယူဆကြောင်းကို လည်း ရှိသေစွာ လျှောက်ထားပါသည် အရှင်ဘုရား။

ဤကဲ့သို့ ကြီးကျယ်သော မဂ်လာဆုလာဘ်ကြီးများကို ရသည့်အခါတွင် တပည့်တော်နှင့်တကွ အားလုံးသော ထေရဝါဒနိုင်ငံတော် အရှင်မြတ် ကြီးများ အသီးသီး ပူးပေါင်းဆောင်ရွက်သည့် ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး လွယ်ကူစွာ ပြီးဆုံးအောင်မြင်ရန်နှင့်တကွ မြတ်စွာဘုရားရှင်၏ ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မကြီးများသည် ကမ္ဘာတည်သမျှ ကာလပတ်လုံး အမြဲမပြတ်တည်တန့်ပြီးလျှင် နေနန်း အလား ထွန်းတောက် ကြီးပွါးပါစေသား ဟု ဆုတောင်းပတ္ထနာ ပြုခြင်းဖြင့် ဤဘုရားတပည့်တော်များ၏ ယိုးဒယား သမ္မောဒနီယကထာကို နိဂုံးချုပ်ကြောင်း ရှိသေ လေးမြတ်စွာ လျှောက်ထား အပ်ပါသည် ကျေးဇူးရှင် ဆဋ္ဌသံဂိတိကာရက သံဃာတော် အရှင်မြတ်တို့ဘုရား။ "စိရံ တိဋ္ဌတု သဒ္ဓမ္မော"

ဦးတေဇိန္ဒ-ဘာသာမြန်

ယိုးဒယားကိုယ်စားလှယ်

ဝပ်မဟာထကျောင်းတိုက်

၁၃၁၆-ခု တန်ဆောင်မုန်းလဆုတ်၅-ရက်

(*Continued from page 157*)

liberally, zealously and conscientiously helped the Saṅgīti-kāraka Bhikkhus of the respective Saṅgāyanās with the Four Requisites and also authoritative powers, the Union Buddha Sāsana Council on behalf of the democratic Government of the Union of Burma, having decided to honour lavishly the Buddha Sāsana which had been eclipsed while under the foreign domination, has, to the best of their *cetanā*, supported the Chaṭṭha Saṅgāyanā Bhikkhus with the Four Requisites.

The Saṅgīti-kāraka Bhikkhus and the supporting Dāyakas having a common ideal in striving their best to promote the Buddha Sāsana so that it may remain for a very great length of time, it is now an opportune time to commence the Opening Proceedings of the Second Session of the Chaṭṭha Saṅgāyanā, wherein the Saṅgīti-kāraka Bhikkhus are to recite the Four Nikāyas.

I, therefore, most respectfully announce that the Opening Proceedings of the Second Session now commence on this day of the 5th Waning of Tazaungmon 2498 B.E. (15th November 1954) at which time of the year the plants are blossoming, and to the delight of all, just as the lotus flower blooms well when warmed by the sun's rays.

ကမ္ဘောဒီးယား သာသနာ့ဝိုင်း၏ သဝဏ်လွှာ

စိရံ တိဋ္ဌတု သဒ္ဓမ္မော

လေးမြတ်စွာ လျှောက်ထား ဝုပ်ါသည်၊ သံဃာ့နာထက သံဃာ့ ပမုခ ဖြစ်တော်မူသည့် အဘိဓေ မဟာရဋ္ဌ ဂုရုညောင်ရမ်းဆရာတော် ဘုရားကြီးနှင့် တိပိဋကဓရ ဂဏာစရိယ ဂဏပါမောက္ခဖြစ်တော်မူ ကြသည့် စည်းဝေးကြေလာသံဃာတော် အရှင်မြတ်တို့ဘုရား။

ယခုအခါ ပြည်တောင်စု သမတ မြန်မာနိုင်ငံတော်တွင် ကျင်းပလျက်ရှိသည့် ဆဋ္ဌသံဂါယနာ ဒုတိယအကြိမ် အစည်းအဝေး၌ ပါဝင်ဆောင်ရွက်နိုင်ရန် အားထုတ်ကြိုးစားပါ သော်လည်း ကမ္ဘောဒီးယား ပြည်လုံးဆိုင်ရာ သံဃာ့ အစည်းအဝေးကြီး ကျင်းပဘို့ရန် အချိန်နီးကပ်နေသည့်အပြင် အခြားပြူလုပ် ဆောင်ရွက်ဘွယ် ကိစ္စများ ရှိနေသည့် အတွက် ဒုတိယ အကြိမ် အစည်းအဝေးတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်ကောင်းကို မရခဲ့ပါ။

ထိုသို့ ဒုတိယသန္နိပါတတွင် ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်ကို မရပါဘြားလည်း ကမ္ဘောဒီးယားပြည် အစိုးရ၏ ကိုယ်စားလှယ်တော် အဖြစ်နှင့် (ဗောဓိဝံသမဟာထေရ)ခေါင်းဆောင်သော သံဃာတော် ၁၂ပါးကိုလင်း တပည့်တော်၏ ကိုယ်စားလှယ် အဖြစ်နှင့် မြန်မာ့ ရဟန်းတော် (ဘိက္ခုခေမာစာရ)ကိုလင်း။ ဆဋ္ဌသံဂါယနာ ဒုတိယ သန္နိပါတတွင် သံဂီတိကာရက အဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ဘို့ရန် စေလွှတ်ပါသည်ဘုရား။

ထိုသို့ ကိုယ်စားလှယ်သာ စေလွှတ်၍ ကိုယ်တိုင် မဆောင်ရွက်နိုင်သော်လည်း တပည့်တော်၏ စိတ်အစဉ်မှာမူတိုင်းရင်းသား တိပိဋကဓရ ဂဏာစရိယ ဂဏပါမောက္ခ ဖြစ်တော်မူသည့် မြန်မာဆရာတော်များကို အမှူးထား၍ အပြည်ပြည်ဆိုင်ရာ ဆရာတော် သံဃာတော်များနှင့်အတူတကွ ဆဋ္ဌသံဂါယနာ ဒုတိယအကြိမ် အစည်းအဝေးကြီးတွင် စည်းဝေးလျက် ရှိနေကြပါမည်ဘုရား။

လေးမြတ်စွာ ထပ်မံ လျှောက်ထားလိုပါသည် ဘုရား ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရကကြီးမှူး၍ ကျင်းပလျက်ရှိသည့် ဤဆဋ္ဌသံဂါယနာ တင်ပွဲတော်ကြီး သည် အပြီးတိုင် ပြီးစီးအောင်မြင်၍ ဗုဒ္ဓမြတ်စွာ၏ တရားတော်သည် တကမ္ဘာလုံး လွှမ်းမိုး အုပ်စိုးလျက် သတ္တဝါ အပေါင်းတို့အားကောင်းကျိုး ချမ်းသာ တရားများကို ပေးနိုင်ပါစေသတည်း ဟု နိဂုံးချုပ် အနေဖြင့် လျှောက်ထား ဝုပ်ါသည် အဘိဓေ မဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ ဂဏာစရိယ ဂဏပါမောက္ခဖြစ်တော်မူကြသည့်စည်းဝေးကြေလာ သံဃာတော်အရှင်မြတ်တို့ဘုရား။

ပြည်ထောင်စု နိုင်ငံတော်သူ နိုင်ငံတော်သား အပေါင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေသောဝ်။

မဟာနိကာယ သာသနာ့ပိုင် ဆရာတော်

ကမ္ဘောဒီးယားပြည်ဖွဲ့နှစ်ပင်မြို့ကမ္ဘောဒီးယား ကိုယ်စားလှယ်တော်အဖွဲ့ခေါင်းဆောင်

ဗောဓိဝံသမဟာထေရ်မြတ်၏ သန္ဒေသကထာ

ဆဋ္ဌသံဂါယနာတင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ထေရဝါဒ နိုင်ငံ အသီးသီးတို့မှ ဆဋ္ဌသံဂါယနာတင်ရန် ကြွရောက်တော်မူလာသည့် မဟာထေရနုထေရ အရှင်မြတ်များနှင့် စတုပစ္စယ ဒါယကာအဖြစ်ခံယူလျက်ရှိကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတနှင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗုဒ္ဓသာသနာအဖွဲ့ကြီး ဥက္ကဋ္ဌကြီး ဆာ ဦးသွင် အမှူးရှိသည့် ဆဋ္ဌသံဂါယနာပွဲသဘင် ကြည်ညိုရန် ရောက်လာကြသည့် သူတော်ကောင်းအပေါင်းတို့၊

၁၉၅၄-ခု၊ မေလ ၁၇-ရက် တနင်းလာနေ့ တွင် ကျင်းပပြီးစီးခဲ့သော ဆဋ္ဌသံဂါယနာ ပဌမသန္နိပါတသို့ ကမ္ဘောဒီးယား ကိုယ်စားလှယ်တော် အဖြစ်နှင့် မဟာနိကာယဂိုဏ်းကြီး၏ ဦးစီးနာယက သံဃရာဇာ ဖြစ်တော်မူသည့် (အဂ္ဂမဟာပဏ္ဍိတ ဆမ္ဘရိုက် ဘဒန္တမဟာ သုမေဓာ ဓိပတိဇောတဥဘာဏ မဟာထေရ)မဟာနိကာယ သာသနာ့ပိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွတော်မူခဲ့ပါသည်။

ယခု ကျင်းပဆဲဖြစ်သည့် ဒုတိယ သန္နိပါတသို့ ကမ္ဘောဒီးယားပြည် ဘုရင်မင်းမြတ် တောင်းပန်ချက်အရ ကမ္ဘောဒီးယားပြည်၏ ကိုယ်စားလှယ် အဖြစ်နှင့်ငင်း၊ ကမ္ဘောဒီးယားအဖွဲ့၏ခေါင်းဆောင် အဖြစ်နှင့်ငင်း၊ ဗမာပြည်သို့ ရောက်ခဲ့ရပါသည်၊ ဘုရားတပည့်တော်တို့သည် ဆဋ္ဌသံဂါယနာ တင်ရာ ဌာနပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ လာရသည့် အခွင့်ကောင်းတရပ်ကို ရရှိရုံမက မိမိတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ရသည့် အခွင့်အရေးကိုပါ ရရှိသည့်အတွက် မျှားစွာပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်ဘုရား။

ထိုမျှမက ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ လျှောက်ထားပင့်ဖိတ်ချက်အရ ထေရဝါဒ နိုင်ငံ အသီးသီးမှ ကြွလာတော်မူကြသည့် ဆရာတော် သံဃာတော် အရှင်မြတ်တို့နှင့် တပည့်တော်တို့သည် ဤကဲ့သို့ ညီညာဖျဖျ စည်းဝေးတိုင်ပင်ကြခြင်းကို တပည့်တော်တို့ တသက်တွင် တခါမျှ မကြုံဘူးသေးပါ၊ ပဌမသံဂါယနာမှ စ၍ စတုတ္ထသံဂါယနာတိုင် လေးကြိမ်သော သံဂါယနာတို့၏ အကြောင်းအရာများကို ပါဠိ အဋ္ဌကထာ စသည်တို့၌သာ ကြည်ရှုရှိမှန်းဆသိခဲ့ပါသည်၊ ယခုအခါ၌မူ ဆဋ္ဌသံဂါယနာတင် ပွဲတော်ကြီးကို မျက်မြင်ဖြစ်ရှိ သာမက ကိုယ်တိုင်ပင် ပါဝင်ဆောင်ရွက်ခဲ့ရပါပြီ။

ဤကဲ့သို့ ဗုဒ္ဓမြတ်စွာ၏ ပါဝစနဖြစ်သည့် ပိဋကတ်တော်များ သန့်ရှင်းစင်ကြယ်ရေးကို ရေးရှုရှု စည်းဝေးတိုင်ပင် တည်းဖြင့်သုခ်ခင်ခြင်းသည် မြင့်မြတ်သည့် အရာပင် ဖြစ်ခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် ညစ်ကြေးမတင် သန့်ရှင်းစင်ကြယ်ခြင်းကို ၎င်း၊ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမခေါ် သာသနာတော် စည်ပင်ပြန့်ပျံ့ခြင်းကိုင်း၊ တကမ္ဘာလုံး ဗုဒ္ဓမြတ်စွာ၏ သာသနာတော် ပြန့်နှံ့ ရေးကိုင်း၊ ဤဆဋ္ဌသံဂါယနာ ပွဲတော်ကြီးသည် ကေန်ဖြစ်စေလိုလိမ့်မည် ဟု မြော်လင့် ယုံကြည်ပါသည်၊ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် ဤကဲ့သို့ ထွန်းလင်းတောက်ပခဲ့သည်ရှိသော် သတ္တလောကကြီး သည်လည်း ဗုဒ္ဓမြတ်စွာသည် သာ အမှန်ရှိ၍ ဗုဒ္ဓမြတ်စွာ၏ **ဓာ**တုတော်အတိုင်း သာ လိုက်နာ ကျင့်ကြံလေ့ရှိကြပါသည်။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌ကိုးပါးသော လောကုတ္တရာ တရားနှင့် လျှော်ညီစွာ ကျင့်ကြံခဲ့သည် ရှိသော် နိဗ္ဗာန်သို့ပင် ရောက်ရမည်မှာ ကေန်ပင် ဖြစ်ပါသည်

နိဂုံးချုပ် အနေအားဖြင့် လျှောက်ထားရပါလျှင် ရတနာသုံးပါးတို့၏ ဂုဏ်တော်တို့ကို အောင်မေ့ဆင်ခြင် နှလုံးသွင်းကြပါကုန်အံ့၊ ရတနာသုံးပါးတို့၏ ဂုဏ်တော်ကြောင့် ဤဆဋ္ဌသံဂါယနာ ပွဲတော်ကြီးသည် အပြီးတိုင် ပြီးစီး အောင်မြင်ခြင်းသို့ ရောက်ပါစေသတည်း။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား အပေါင်းတို့နှင့် တိုင်းပြည်အသီးသီးတို့မှ ရောက်လာကြသည့် ပဂ္ဂိုလ်ရှိ အပေါင်းတို့သည် နေ့ညဉ့်မခြား ချမ်းသာတရားကို ရကြကုန်၍ တကမ္ဘာလုံး ငြိမ်းချမ်းသာယာခြင်းသို့ ရောက်ကြပါစေကုန်သတည်း။

MESSAGE FROM HIS HOLINESS SAMDACH PREAH MAHĀ-SUMEDHĀ DHIPATI, SANGHARĀJĀ OF CAMBODIA

To Abhi Dhaja Mahā Raṭṭha Guru Nyaungyan Sayadaw, Presiding Mahāthera of the Chaṭṭha Sangāyanā, and the Sangīti-kāraka Bhikkhus including the Tipiṭaka-Reciter.

Ciram titthatu saddhammo

MOST RESPECTFULLY, BHANTE,

Although I have endeavoured to participate in the Second Session of the Chaṭṭha Sangāyanā now being held in the Union of Burma, I could not find an opportunity to do so, due to multifarious Sasāna duties, among them being those for the holding of the All Cambodia Sangha Conference which is drawing near.

Although I have not been able to be present myself at this Session, I have deputed a Delegation of 12 Bhikkhus headed by Ven. Bodhivamsa Mahāthera as the representatives of Cambodia, and also Ven. U Khemācāra, the Burmese Bhikkhu in Cambodia as my personal representative.

Although I am not able to attend this Session and can only send the Cambodian Representatives, my mind is always with the Sangīti-kāraka Bhikkhus, including the Tipiṭaka-Reciter and the heads of various monastic institutions.

I earnestly wish that the Chaṭṭha Sangāyanā which you are now holding may be crowned with success up to the end, and that the Buddha Dhamma may shine all over the world.

May the people of the Union of Burma be in good health and happiness.

SANGHARAJA,

Vat Unnalom, Phnom-Penh, Cambodia.
Waning of Tazaungmon, 1316 Burmese Era.

An Address of Veneration delivered by Ven. Prah Bodhivamsa B. T. Vajirapañño, Principal of Pāli Superior School, Phnompenh, and leader of the Cambodian Delegation to the Second Session of the Chaṭṭha Sangāyanā.

VENERABLE BHANTE AND LAY DEVOTEES,

His Holiness Prah Mahāsumedhadhipati C. N. Jotaññano, Agga Mahā Paṇḍita, Sanghārājā of Cambodia attended the First Session of the Chaṭṭha Sangāyanā which commenced on Monday, the 17th May 1954.

At the request of His Majesty the King of Cambodia, I have now come here as a representative from Cambodia, and also as the leader of the Cambodian Delegation to the present Session of the Chaṭṭha Sangāyanā. We feel ourselves greatly honoured not only in having an opportunity to attend this Session, but also in participating in its proceedings.

Not only that. We have never before in our lives, witnessed such a congregation where we, with many venerable Bhikkhus from various Theravādin countries invited by the Government of the Union of Burma, are assembled together in a spirit of Buddhist unity. We have learnt about the previous Sangāyanā from the Pāli commentaries, and have only a glimpse of what actually took place then. But now, we are not only witnessing a Sangāyanā with our own eyes, but also are participating in its proceedings.

The recension of the Pāli Texts—the Word of the Buddha—by holding such a Sangāyanā, for the purpose of preserving the Dhamma in its purity, is undoubtedly a supreme undertaking.

We firmly believe that this Sangāyanā can undoubtedly be for :—

(i) the purity of the Buddha Sāsana ;
(ii) the prosperity of the Buddha Sāsana and
(iii) the propagation of the Buddha Dhamma.

There had been precedents that when the Sāsana shines in such a fashion, the world inhabitants follow the Teachings of the Buddha, as they realise Him as the most supreme of all. In the Buddha Sāsana, if one practises according to the principles of the " nine Supramundane Things ", he will surely attain Nibbāna.

I should like to request the whole audience including lay devotees to contemplate on the Inherent Qualities of the Triple Gem.

May this Chaṭṭha Sangāyanā be crowned with success, by the great power of the Triple Gem !

May the people of the Union of Burma and the distinguished visitors from various countries enjoy Happiness at all times !

May the whole world achieve Peace and Happiness !

Message from His Majesty Norodon Sihanouk Varman, King of Cambodia

The appearance of the Second Session of the Chaṭṭha Sangāyanā now being held in Burma is the outcome of an undertaking where the Government of the Union of Burma have sought the co-operation and collaboration of Buddhists in all other Theravādin countries for the purpose of revising the Pāli Texts. If I were to say on behalf of the people of Cambodia, I respectfully declare that they are much inspired at the holding of the Sixth Great Buddhist Council in Burma, and that they all exclaim " *Sādhu* ".

My firm conviction is that in the near future the Buddhist activities of both countries will thrive far better than they do now.

In conclusion, I respectfully say that this Chaṭṭha Sangāyanā would not only impart the knowledge of the Dhamma to the people, but also bestow upon them real and absolute Peace.

I earnestly wish that both the countries of Cambodia and the Union of Burma enjoy political sovereignty for ever and with an unbroken bondage of mutual friendship, work hand in hand for the successful conclusion of this Chaṭṭha Sangāyanā.

MESSAGE FROM THE HON'BLE PRIME MINISTER OF CAMBODIA

VENERABLE BHANTE,

We are greatly inspired by having an opportunity to depute Cambodian Bhikkhus to participate in the proceedings of the Second Session of the Chaṭṭha Sangāyanā as Sangīti-kāraka Bhikkhus, and also the Cambodian Upasakās and Upāsikās, although our country of Cambodia has obtained her National Liberty not long ago.

I have taken the initiative in establishing cordial and friendly relationship between the Government of Cambodia and the Union of Burma, and also between the peoples of these two countries.

Since the middle of this year, we have been planning to enable ourselves to participate in this noble undertaking. Our firm belief is that the prosperity of Buddha Sāsana depends only on the exceedingly strenuous efforts of its adherents. So, we believe that if we carry out our mission with courage and a strong conviction, the Buddha Sāsana will surely flourish.

My conviction is that if the people of Cambodia and the Union of Burma work hand in hand for the uplift of the Sāsana, the rays of the Buddha Dhamma will pervade the whole world, thus propagating the Correct Teachings and bringing Real Happiness.

I venture to express my earnest wishes that this Chaṭṭha Sangāyanā comes to a successful conclusion, that the Buddha Sāsana flourish, and that the people of the whole world attain Peace.

ကမ္ဘာဒီးယားပြည်(နေရာဌာနမ သိဟနု)ဘုရင်မင်းမြတ်၏ သင်္ကေတလွှာ

ပြည်ထောင်စု သမတ မြန်မာနိုင်ငံတော်၌ ကျင်းပလျက် ရှိသည့် ဆဋ္ဌသံဂါယနာ ဒုတိယသန္နိပါတ ဖြစ်ပေါ် လာစေခြင်းသည် ဗုဒ္ဓရှင်တော်ဘုရား၏ တရားတော်များကို ဘာသာရှင်စင်ကြယ်စေရန် ရှေးရှုလျက် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက ထေရဝါဒ နိုင်ငံအသီးသီး ရှိ ဗုဒ္ဓဘာသာဝင် မှန်သမျှတို့အား စုပေါင်း ညီညွတ်စေသည့် ကိစ္စကြီး တရပ် ဖြစ်ပါသည်။ ကမ္ဘောဒီးယား ပြည်သူ့ပြည်သား တို့၏ ကိုယ်စား လျှောက်ထားရပါလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ကျင်းပလျက်ရှိသည့် ဆဋ္ဌသံဂါယနာအတွက် ကမ္ဘောဒီးယား ပြည်သူ့ပြည်သား အပေါင်းတို့က အထူးပင် ဝမ်းမြောက်နေမော် သာခုခေါ် လျက် ရှိကြပါသည်။

ထို အလိုက်မြဲသည့် တပည့်တော်၏ ယုံကြည်ချက်တရပ်မှာ တပည့်တော်တို့ နှစ်ပြည်ထောင်၏ သာသနာတော်ရေးသည် အနာဂတ် ကာလတွင် ယခု မျက်မှောက် သာသနနေတော်ထက် စည်ပင်ပြန့်ပျံး တိုးတက် လာလိမ့်မည် ဟု မြော်လင့် ယုံကြည်ပါသည်။

နိဂုံးချုပ်အနေအားဖြင့် ဤ ဆဋ္ဌသံဂါယနာပွဲတော်သည် ကမ္ဘာသူ ကမ္ဘာသား အပေါင်းတို့အား ဗုဒ္ဓရှင်တော်မြတ် တရားတော်ကို သိစေရုံသာ မဟုတ်မူ၍ လောကသူ လောကသား အပေါင်းတို့အား တကယ်ငြိမ်းချမ်းရေး အစစ်အမှန်များကို ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယား ပြည်တို့သည် ယခုအချိန်မှစ၍ မြင့်မြတ်သည့် တိုင်း ပြည်ဘဝ၌ တည်နေကြပြီး ခိုင်မြဲသည့် မိတ်ဆွေ အဖြစ်နှင့် ဤဆဋ္ဌသံဂါယနာပွဲတော်ကြီးကို အပြီး တိုင် ပြီးစီးအောင်မြင်သည်အထိ လက်တွဲခါ ဆောင်ရွက်နိုင်ကြပါစေသတည်း ဟု ဆုတောင်းမေတ္တာ ပြုပါကြောင်း။

[ကမ္ဘောဒီးယား သဝဏ်လွှာများကို ကမ္ဘောဒီးယားပြည် မြန်မာဂမ္ဘီရ မြန်မာရတနာ၊တော် အရှင် ဓေမာစာရက မြန်မာ မြန်ဆိုတော်မူသည်]

ကမ္ဘောဒီးယားပြည် ဝန်ကြီးချုပ်၏ သဝဏ်လွှာ

တပည့်တော် တို့၏ ကမ္ဘောဒီးယားပြည်သည် လွတ်လပ်ရေးရယူပြီးနှာ အချိန်ကာလ မကြာမြင့် သေးသော်လည်း ပြည်ထောင်စုသမတနိုင်ငံတော်တွင် ကျင်းပလျက်ရှိသည့် ဆဋ္ဌသံဂါယနာ ဒုတိယ သန္နိပါတအတွက် သံဂီတိကာရကအဖြစ်ဖြင့် ပါဝင် ဆောင်ရွက်ရန် ကိုယ်စားလှယ်စေလွှတ်ရေး အခွင့်ကောင်း တရပ်ကို ရရှိခဲ့သည့်အတွက် မျှားစွာပင် ဝမ်းမြောက်ပါသည်၊ ထို့ပြင် မြတ်စွာဘုရား၏ သားတော် သမီးတော်စစ် ဖြစ်ကြသည့် ဥပါသကာ ဥပါသိကာမ သီတင်းသည် အပေါင်းတို့ကိုလည်း စေလွှတ်ခွင့်ရသည့်အတွက် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်လျက် ဂုဏ်ယူပါသည်။

ကမ္ဘောဒီးယားပြည် ဘုရင်မင်းမြတ်၏ အစိုးရ အဖွဲ့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ တို့၏ ချစ်ကြည်ရေးကိုလင်း၊ ကမ္ဘောဒီးယား ပြည်သူ ပြည်သားတို့နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ တော်သူ နိုင်ငံတော်သား အပေါင်းတို့၏ ချစ်ကြည်ရေးကိုလင်း တပည့်တော် ဦးဆောင်၍ ပြုလုပ်ခဲ့ပါသည်။

တပည့်တော်တို့သည် ဤကဲ့သို့ ထူးမြတ်သည့် ကိစ္စတို့၌ ပါဝင်ဆောင်ရွက်နိုင်ရန် ယခုနှစ်အလယ် လောက်ကပင် ကြံစည်စိတ်ကူးခဲ့ကြပါသည်။ သာသနာတော် စည်ပင်ပြန့်ပျံးရေး ဟူသည်မှာ ထူးကဲပြင်းထန်စွာ အားပေး ချီးမြှောက်မှုရမှုသာလျှင် စည်ပင်ပြန့်ပျံးလာနိုင်လိမ့်မည် ဟု ယုံကြည်လျက် ရှိပါသည်၊ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်

ဗီယက်နမ်သံဃာ့ကိုယ်စားလှယ်တော်၏ သင်္ကေသကထာ

ဆရာတော်သံဃာတော် အရှင်မြတ် မျှားနှင့် ဥပါသကာ ဥပါသိကာမ အပေါင်းတို့၊

ဆဋ္ဌသံဂါယနာ ဒုတိယ သန္နိပါတသို့တက်ရောက်ရန် ဗီယက်နမ် ထေရဝါဒီ သံဃာ၏ကိုယ်စား ပင့်ခေါ် ခံရခြင်းကြောင့် မိမိအတွက် အလွန်ကြီးကျယ်သော အခွင့်အရေးကို ရရှိခြင်း ဖြစ်ပါသည်။

စင်စစ်အားဖြင့် ဗုဒ္ဓသာသနာတော်သည် ၎င်းကို အမှန်သိရှိခြင်းကြောင့် မျှားစွာသော ဒုက္ခသည် ဝေနေယျတို့ကို ကယ်ဆယ်ခဲ့လေသည်၊ ထို့ကြောင့် တန်ခိုးသတ္တိ ရှိသော ဗုဒ္ဓ သာသနာတော်သည် ဘယ်အရာဖြစ်သည်ဟု ကမ္ဘာအား ပြသရန် အရေးကြီးပါသည်။

ဆဋ္ဌသံဂါယနာ မဟာဓမ္မ သဘင်ကြီးသည် မြင့်မြတ်၍ ကျေးဇူးများသော အကျိုးတရား နှစ်ပါးကိုပေးပါသည်။

ပဌမ အကျိုးတရားမှာ ဤဆဋ္ဌသံဂါယနာသို့ တက် ရောက်သော လူအမျိုးမျိုး တို့မှ မဟာထေရ တို့သည်၊ ဘုရား မုဆပါင်ပဋ္ဌကပါင်ဋ္ဌတော်တို့ကို စုပေါင်း ညီညွတ်စွာ ရွတ်ဆိုကြခြင်းအားဖြင့် ကြည့်ရှုမှတ်သား ကြရသည့်အတွက် ၎င်းတို့၏ မှန်ကန်သော အနက်အဓိပ္ပါယ်တို့ကို သတိပြုမိကြ ပါလိမ့်မည်၊ သာသနာတော် သံဃာ့အဖွဲ့အစည်း၌ စိတ်တူကိုယ်မျှညီညွတ်စည်းရုံးမှု တိုးတက်လာပါလိမ့်မည် ကျေးဇူးရှိသော တရားတော်၏ ပြန့်နှံ့ခြင်းကို လွယ်ကူစေပါလိမ့်မည်။

ဒုတိယအကျိုးတရားမှာ ဤဆဋ္ဌသံဂါယနာဓမ္မ သာဝ်သို့ ကမ္ဘာအရပ်ရပ်မှ လာရောက်ကြသည့် သဒ္ဓါတရားထက်သန်သော ဥပါသကာ ဥပါသိကာ မတို့သည် ဗုဒ္ဓတရားတော်၏ကောင်းသော အကျိုးသက်ရောက်မှုကို မိမိကိုယ်တိုင် ကြားရ မြင်ရသည် ဖြစ်၍၎ မြတ်စွာဘုရား၏ သာသနာတော်၌ ရှေးကထက် ပိုမို၍ ယုံကြည်သက်ဝင်မှုရှိကြမည်ပြင် မိမိတို့တိုင်းပြည်နိုင်ငံသို့ ပြန်ရောက်သောအခါ မြတ်စွာဘုရား၏ တရားတော်ကို မိမိတို့နှင့် နီးစပ်သူတို့အား ဝေဋ္ဌန်ပြုပြီးကြပါလိမ့်မည်။

ဤဆဋ္ဌသံဂါယနာမဟာဓမ္မသာဝင်သည်ခပ်သိမ်းသောကိစ္စတို့၌ အောင်မြင်ပါစေသောဝ၊ လူ့လောက တခုလုံးအား ငြိမ်းအေးသာယာမှုနှင့် ချမ်းသာသုခကို ပေးပါစေသောဝ၊ သတ္တဝါအားလုံး၏ ချမ်းသာ ကောင်းကျိုးပွါးတိုးရန်အ လို့ငါ ဗုဒ္ဓသာသနာတော်သည် ကမ္ဘာလောကဌ အစဉ်ထာဝရတောက်ထွန်းလင်းပါစေသောဝ်။

(ပုံ) အဘျင်ဝ်သရက္ခိတ
ခေါင်းဆောင်နာယက
ဗီယက်နမ်သံဃာ့ကိုယ်စားလည်အဖွဲ့။

AN ADDRESS DELIVERED BY VEN. VANSARAKKHITA, LEADER OF THE VIETNAMESE DELEGATION.

VENERABLE MAHATHERAS, THERAS, UPASAKAS AND UPASIKAS,

It is a great honour and privilege to me to have been invited to attend this Second Session of the Chaṭṭha Sangāyanā as the leader of the Delegation representing the Sangha of Vietnam.

In fact, many worldlings have attained to Deliverance as they fully understood the Teachings of the Buddha. So it is essential to show to the world what is the All-powerful Buddha's Sāsana.

This Chaṭṭha Sangāyanā gives twofold noble advantages :

Firstly, by collectively reciting the Pāli Texts—the Word of the Buddha, the Bhikkhus will acquire correct spelling and meanings. There will be a strong co-operation among the Sangha and the propagation of the Buddha Dhamma will become easier.

Secondly, the Upasakās and Upāsikās who came from all parts of the globe will have an opportunity to hear the Dhamma and witness the proceedings of the Chaṭṭha Sangāyanā, and on their return to their native lands, they will be able to propagate the Dhamma to many other people.

May this Chaṭṭha Sangāyanā meet with success.

May it bestow peace and happiness on mankind.

May the Buddha Sāsana shine for ever for the benefit of mankind.

Message from His Holiness the Sangharājā of Laos To the Presiding Mahāthera and the Sangīti-kāraka Bhikkhus.

MOST RESPECTFULLY. BHANTE,

We have been very kindly invited to attend the Second Session of the Chaṭṭha Sangāyanā, and in response to that invitation, I most respectfully declare that in our opinion, this Chaṭṭha Sangāyanā is the grandest, the most vital and the most notable of our time. We take it an honour and pride to send the four persons as delegates to the Second Session of the Chaṭṭha Sangāyanā.

The whole world has now recognised the utility and importance of this Chaṭṭha Sangāyanā. We, for our part, earnestly hope that after the conclusion of this Sixth Great Buddhist Council, we shall be able to pay our veneration to the Buddha's Teachings which are free from all blemishes.

As a token of our deep veneration to the Triple Gem, we hereby offer a copy of the Pātimokka in manuscript, and a set of robes used by the Laotian monks.

We earnestly wish that by the Power of the Triple Gem, this Chaṭṭha Sangāyanā be blessed all round, for the benefit of the Buddhist population.

I respectfully request that my humble conviction may kindly be approved.

ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ ဆဋ္ဌသင်္ဂါယနာ အစည်းအဝေး၏ မဟာနာယက ဆရာတော် ဘုရားများထံသို့....

မဟာနာယက ဆရာတော်ဘုရား....

ဆဋ္ဌသင်္ဂါယနာ ဒုတိယသန္နိပါတ သံဃ အစည်းအဝေးသို့ တက်ရောက်ရန် မေတ္တာတော်ဖြင့် ပင့်ဆောင်ခြင်းကို ရိုသေစွာ ပြန်ကြား လျှောက်ထားပါသည်၊ ထို ဆဋ္ဌသင်္ဂါယနာ အစည်းအဝေးကို တပည့်တော်တို့၏ ခေတ်တွင် အကြီးကျယ်ဆုံး အရေးပါဆုံး အမှန်မချ မှတ်သားထိုက်ဆုံး အစည်းအဝေးဟု တပည့်တော်တို့ မှတ်ထင် ယူဆကြပါသည်။ လာအို နိုင်ငံတော် ဗုဒ္ဓဘာသာဝင် အားလုံးတို့၏ ကိုယ်စား အောက်စားရင်းပါ ပဋ္ဌိလ်မျှားကို အစည်းအဝေးသို့ တက်ရောက်ရန် ခန့်အပ်လိုက်ရသဖြင့် တပည့်တော် အကြီးအကျယ် ဂုဏ်ယူ ဝမ်းမြောက်လှပါသည်။

ဖရားခရီထောင်ပယ်ဆနော ၃၇-၀၊ လာအိုနိုင်ငံတော် ဗုဒ္ဓသာသနာအမွှဲ့ အတွင်းရေးမှူးချုပ် ဖရားမဟာခန်ချန်ဝိရစိတ္တော ၁၄-၀၊ လာအိုနိုင်ငံတော် လောင်ပရဇန်ဂိုဏ်းချုပ်။

ဖရားမဟာဆမ်ရမ် ကိတ္တိဥာနော ၁၄-၀၊ လာအိုနိုင်ငံတော် ဗုဒ္ဓသာသနာအမွှဲ့ အတွင်းရေးမှူး

Message from His Holiness the Sangharājā of Laos To the Presiding Mahāthera and the Sangīti-kāraka Bhikkhus.

MOST RESPECTFULLY. BHANTE,

We have been very kindly invited to attend the Second Session of the Chaṭṭha Sangāyanā, and in response to that invitation, I most respectfully declare that in our opinion, this Chaṭṭha Sangāyanā is the grandest, the most vital and the most notable of our time. We take it an honour and pride to send the four persons as delegates to the Second Session of the Chaṭṭha Sangāyanā.

The whole world has now recognised the utility and importance of this Chaṭṭha Sangāyanā. We, for our part, earnestly hope that after the conclusion of this Sixth Great Buddhist Council, we shall be able to pay our veneration to the Buddha's Teachings which are free from all blemishes.

As a token of our deep veneration to the Triple Gem, we hereby offer a copy of the Pātimokka in manuscript, and a set of robes used by the Laotian monks.

We earnestly wish that by the Power of the Triple Gem, this Chaṭṭha Sangāyanā be blessed all round, for the benefit of the Buddhist population.

I respectfully request that my humble conviction may kindly be approved.

သိဟိုဠ်သိရိသုနန္ဒတိဝိရကဝိဇ္ဇာလယ ကျောင်းအုပ်ကြီး ပဏ္ဍိတဂုဏသိရိ၏ သဝဏ်ဌာ

သံဂီတိ ကာရက ဆရာတော်ဘုရားများနှင့် ဒါယကာ ဒါယိကာမ ပေါင်းတို့၊

တပည့်တော်မှာ သီဟိုဠ်မဟာသံဃာ ကိုယ်စား ဤဆဌသံဂါယနာ သန္နိပါတသို့ တက်ရောက်လာရခြင်း ဖြစ်ပါသည်။ လျှောက်ထားဘွယ်ရာများကို ပဌမ သီဟိုဠ်ဘာသာဖြင့်၎င်း၊ ဒုတိယ ပါဠိဘာသာဖြင့်၎င်း၊ တတိယ အင်္ဂလိပ်ဘာသာဖြင့်၎င်း၊ လျှောက်ထားခွင့် ပြုပါရန် တောင်းပန် ပါသည် ဘုရား၊ အကြောင်းမှာ သီဟိုဠ်ဘာသာမှာ တပည့်တော်၏ တိုင်းရင်းအမိဘာသာစကား (မာတုဘာသာ)ဖြစ်သော ကြောင့်ဖြစ်ပါသည်၊ တပည့်တော် အထူးသဖြင့် စိတ်အားထက်သန်နေသည်မှာ ဆရာတော်ဘုရားများ၏ တိုင်းရင်းဘာသာ မြန်မာစကားကိုသင်ကြား လျှောက်ထားရန်ဖြစ်ပါသည်။

တကမ္ဘာလုံး ကောင်းစားရေး အတွက် ဆရာတော် ဘုရားများ၏ ဗုဒ္ဓမိဠရကတ်တော်များ သန့်ရှင်း စင်ကြယ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးကြီး အောင်မြင်ထမြောက်စေရန် သီဟိုဠ်ဗုဒ္ဓဘာသာ ရဟန်းရှင်လူတို့၏ ကိုယ်စား တပည့်တော်က အခွင့်ကောင်းယူကာ ဆုတောင်းပတ္ထနာ ပြုခွင့်ရပါသဖြင့် တပည့်တော်မှာ အထူးပင်ပမ်းမြောက်ကြည်နူးလျက်ရှိနေပါသည်၊ သီဟိုဠ် ဗုဒ္ဓဘာသာဝင်များက သံဂီတိကာရက ဆရာတော်သံဃာတော်များနှင့် တကွ ဗုဒ္ဓသာသနာအဖွဲ့ ဝင်ပုဂ္ဂိုလ်ကြီးများအား ရတနာ၄မြတ် သုံးပါး၏ ဂုဏ်ကျေးဇူး ကြောင့် ကောင်းချီမင်္ဂလာ' အဖြာဖြာနှင့်ပြည့်ဝပါစေ ဟု လိုက်လျှိုက်လဲ့လဲ့ ဆုတောင်းပတ္ထနာ ပြုကြပါသည်၊ မွန်မြတ်သော တာဝန် ဝတ္တရားများကို ဆောင်ရွက်ဆဲ၌ သာသနာရေးနှင့် စပ်လျဉ်း၍ ဤမျှ ကြီးကျယ်ခန်းနားပြီး ရဟတ်တွင် မှတ်တမ်းတင်မှုမည့် လိုဏ်ဂူတော်ကြီးနှင့် လူထုပရိသတ်မျိုးကို တသက်နှင့်တကိုယ် တခါမျှ မတွေ့မကြုံခဲ့ဘူးပါ၊ ယခုရောက်ရှိနေသူတိုင်းပင် ဤကဲ့သို့ တပည့်တော်နှင့် ထပ်တူထပ်မျှ ယူဆလိမ့်မည်ဟု ထင်ပါသည်၊ ဤသန္နိပါတတွင် တပည့်တော်တို့၏ သံဃာ့နာယက အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်နှင့် အခြားသော ထေရဝါဒ နိုင်ငံများမှ အကျော်အမော် ဆရာတော်များ၊ လူဒါယကာများ ဘက်တွင် ကြည့်လျှင်လည်း ကမ္ဘောဒီးယားပြည်ရှင် ဘုရင် နရုတ္တမသီဟနု သာသနာ့ဒါယကာ ဟု ထင်ရှားသော ဝန်ကြီးချုပ်၊ ဤပုဂ္ဂိုလ်များကို တွေ့မြင်ရသောအခါ အဇာတသတ်မင်းလက်ထက် အိန္ဒိယပြည် သတ္တပဏ္ဏိလိုဏ်ဂူအတွင်းဝယ် ပဌမဆုံး ကျင်းပခဲ့သော သံဂါယနာကို သတိရစေပါသည်။

ဤဆဌသံဂါယနာတင် မဟာဓမ္မသဘင်ကြီးမှာ ရှေးရှေးသော သံဂါယနာများထက် ထူးခြားပြီး အကျိုးကျေးဇူး များသည်သာမက အဘက်ဘက်က သာလွန်နေကြောင်းများကို တပည့်တော် စိတ်ချ ယုံကြည်ပါသည်ဘုရား။ ဤသံဂါယနာမှ ထွက်ပေါ်သည့် အကျိုးတရားများသည် ရှေးသံဂါယနာများထက် ပိုမိုၗ် ကမ္ဘာသူ ကမ္ဘာသားတို့ အပေါ်ဝယ် အကျိုးတရား သက်ရောက် စေနိုင်ပါသည်၊ ဤဆဌသံဂါယနာ ကျင်းပနေသည့် လိုဏ်ဂူမှ အသံသည် အာရှ၊ အမေရိက၊ ဥရောပ၊ အာဖရိကနှင့် ဩစတရေးလီးယား တိုက်များ ပါဝင်သည့် ကမ္ဘာတစ်နံသို့ ပဲ့တင် ထပ်စေပါသည်၊ ယနေ့ ကမ္ဘာတစ်နံလုံးရှိ ငါးပုံ တပုံထက် များပြားသော လူထုကြီးသည် ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မကို "သာဓု-သာဓု သာဓု" ဟူ၍ ဝမ်းမြောက်စွာ ကျူးရင့်လျက် ပုံမခတ်လိုက်ကြပါသည်။ ဤသံဂါယနာမှာ ကမ္ဘာသူ ကမ္ဘာသားများ ကောင်းစားရေး အတွက် ဆောင်ရွက်နေခြင်း ဖြစ်ပါ၍ အဘယ်မှာလျှင် ကမ္ဘာတွင် အကြီးအကျယ်ဆုံး အဖြစ်ဖြင့် မှတ်တမ်းမတင်ထိုက်ဘဲ ရှိမည်နည်း။

သီဟိုဠ်နှင့် မြန်မာတို့မှာ ရေး ရာဇဝေါင်း များစွာကပင် တဦးနှင့် တဦး ယဉ်ကျေးမှု အဆက်အသွယ်များ ရှိလာခဲ့ကြပါသည်၊ အမရပုရနှင့် ရာမညဂိုဏ်းဝင် အရှင်တို့မှာ ရာဇဝင်တွင် ထင်ရှားလှသော သီဟိုဠ်ကျွန်း ကလျာဏီသိမ်တွင် လာရောက်ပြီး ဥပသမ္ဘဒါ ဆောင်ကြပါသည်၊ ကမ္ဘာပေါ်တွင် ထင်ရှားလှသော ဗုဒ္ဓဘာသာ နိုင်ငံတခုက ဤသို့ သီဟိုဠ်ကျွန်းတွင် သာသနာ စည်ပင်ရေးအတွက် ပါဝင်ခြင်းမှာ အလွန်တရာ ထူးဂဏ် မွန်မြတ်သော ကိစ္စတရပ် ဖြစ်ပါသည်၊ ထို့ကြောင့် တပည့်တော်တို့သည် အရှင်မြတ်တို့နှင့် အတူတကွ ဘာသာရေးကိစ္စတွင် စုနှိုးရှုနှိုးစားစား ဆောင်ရွက်ရန် အမြဲတစေ အသင့်ရှိကြပါသည်။

အရှင်မြတ်တို့ဘုရား ....ယနေ့ တည်ရှိနေသော ကမ္ဘာကြီးမှာ ဒိဋ္ဌိမာန လောဘ တို့ဖြင့် လွှမ်းမိုးဖိစီး၍ နေပါသည်ဘုရား။ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိမှာ နာဝီချိန်သီးသဘွယ် တဘက်စွန်းမှ အခြား တဘက်စွန်းသို့ အကြိမ်ကြိမ် ပြန်သွားလျက် ရှပ်ဝါဒသို့အသွင် ပြောင်းကာ ကမ္ဘာပေါ်တွင် မကြေနပ်မှုနှင့် ရုန်းရင်း ဆန်ခတ်မှုမျှား ပေါ် ပေါက်စေပါသည်၊ လမ်းမမှန်သော အလိုဆန္ဒတို့မှာ ကမ္ဘာကို လွှမ်းမိုးလျက်ရှိပါသည်၊ လူတမျိုးသည် အခြား လူတမျိုးနှင့်၎င်း နိုင်ငံတခုသည် အခြား တနိုင်ငံနှင့်၎င်းအံတုဂုဏ်ပြိုင်လျက်ရှိနေကြပါသည်၊စစ်ပါဒီ များသည် အမျိုးမျိုး စက်ပန်းခုတ်ကာ ခြေရှုပ်နေကြသဖြင့် ကမ္ဘာကြီးမှာ အပေါ်ယံ ရွှေမှန်ကြဲနှင့် အဆဲက နောက်ချေးခံ သဘွယ် ဖြစ်နေပါသည်၊ ဘာသာရေးမှ တပါးသော အယူဝါဒ များကြောင့် လူတို့၏ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုအနုပညာများမှာ ပျောက်ပျက်ရန် စိုးရိမ်ဘွယ် အခြေသို့ ရောက်နေပါသည်၊ ကမ္ဘာ့အရှေ့ပိုင်းနှင့် တကွ အနောက်ပိုင်း ရှိသတ္တဝါမျိုးမှာ တရားရေစင် ငတ်မွတ်နေကြပါသည်၊ အရေးကြီးလှသည့် ယခု အချိန်မှာ နှစ်ပေါင်း ၂၅၀၀ ကျော်က ဂင်္ဂါမြစ်ကမ်းပေါ် ဝယ် တပည့်တော် တို့၏ သက္ကမုနိ ဟောကြားသော ဗြိုင်းချမ်းရေး တရားသည်သာလျှင် ကမ္ဘာတစ်နံ လုံးသို့ ဗြိုင်းချမ်းရေးနှင့် ချမ်းသာရေးကို ပေးစွမ်း နိုင်လိမ့်မည်ဟု စိတ်ချ ယုံကြည်ပါသည်။

ဤသံဂါယနာမှာ ပရိယတ္တိ သာသနာကို အမှန်ပင် တိုးတက် စေမည်ဖြစ်ရာ ထိုအခါ ပဋိပတ္တိမှာလည်း အလိုအလျောက်ပင် စည်ပင် ဖွံ့ဖြိုးလျက် နောက်ဆုံးတွင် ပဋိဝေဓ အရောက် ထွန်းကားလာမည် ဖြစ်ပါသည်၊ ဤသာသနာ ၃-ရပ်သည်လူတို့၏တိုးတက်ရေး အတွက် အုံ့ဩဘွယ်ရာကောင်းသော လယ်ယာမြေကောင်းသဘွယ် ဖြစ်ပါသည်။

နိဂုံး မချုပ်မီ ဤအစည်းအဝေးကြီးတွင် အခါအခွင့် ကြုံပါသဖြင့် စဉ်းစားတွေယ်ရာ အကြံပေးစကား လျှောက်ထား လိုပါသည်၊ ရှေး ယခင်က သံဂါယနာ တင်ပြီးသည့် အချိန်အခါတွင် ကထာ ဝတ္ထုကျမ်းကြီး ပေါ် ထွက် လာစေဘိသကဲ့သို့ ယခု သံဂါယနာ အပြီးတွင်လည်း ဤသို့ပင် လျှင်ယခု ခေတ်နှင့် လျော်ကန် သင့်မြတ်လှသော မှတ်သားဘွယ်ရာ ကျမ်းတစောင်စီရင် ရေးသားသင့်လှပေသည်၊ ယင်းအတွက် ပါဠိမှာ အသင့်လျော်ဆုံးသော ဘာသာ ဖြစ်ပါသည်၊ ထိုကျမ်းကို ပါဠိဘာသာ နှင့်ပင် ပြုစုပါလျှင် အင်္ဂလိပ်ဘာသာ နှင့် လက်ာများ သီဟိုဠ် ဘာသာမှာ အလိုအလျောက်ပင် ပေါ် ပေါက် ဘွယ်ရာ ရှိပါသည်။

အမိမြေကြီးသည် ရဲရင့်သော သီဟိုဠ် မြန်မာ မျက်လုံး နှစ်လုံးတို့ဖြင့် တောက်ပလျက် ရှိပါသည်၊ သာသနာတော်ကြောင့်ခင်ပင်ရင်းနီးသောဆွေမျိုး သားချင်း အဖြစ်သို့ ရောက်လျက် ရှိပါသော ထိုနှစ်နိုင်ငံ၏ ချစ်ကြည်ရေးသည် သာသနာတော်တိုး တက်ကြီးပွါးရေး အကြောင်း ဖြစ်ပါစေသတည်း။

သူတော်ကောင်း-တရားသည်အခွင့်ရှည်စွာတည် ပါစေသတည်း။ လူအများသည် တရားတော်ကို မြတ်နိုးကြပါစေ သတည်း။ ဤသံဂါယနာသည် လူအများ၏ကြီးပွါး တိုးတက်ရေးဖြစ်ပါစေသတည်း။

The Message of goodwill delivered by the Ven. Pandit Mirisse Gunasiri Thero (Vijjāvisārada, Ceylon, B.A. (Hons.), London), Principal, Sirisunanda Tipiṭaka-Vijjālaya, Mirissa, Ceylon, at the Opening of the Second Session of the Sixth Buddhist Council at the Mahā Pāsāṇa Guha, Rangoon on the 15th November, 1954 (in Sinhalese, Pāli and English)

VENERABLE SIRS,

DEAR BROTHERS AND SISTERS,

We are here to represent the Mahāsangha of Ceylon on this auspicious occasion of the inaugural meeting of the second session of the Sixth Buddhist Council of the Union of Burma. I beg your permission to speak in Sinhalese first and then in Pāli and English, for Sinhalese is my mother tongue. Yet my greatest ambition is to learn Burmese and address you in your national language as early as possible.

First of all let me take the opportunity to wish you complete success on behalf of the Mahāsangha of Laṅkā especially the Uttarītara Sangha Sabhā and the Burma Tipiṭaka Sangāyanā Dāyaka Sabhā, in this great task of Dhamma Sangāyanā with the lofty motive of preserving the teaching of the Buddha in its pure spirit and letter for the welfare of the whole world. We the Sinhalese Buddhists invoke the blessings of the Tisaraṇa and express our heartfelt wishes to the Sangītikāraka Sabhā and the Buddha Sāsana Council. I have never witnessed such an elegant hall with such a historical religious assembly gathered for such a noble work as this. I believe it is the same with all who are gathered here today. This assembly with our great Patriarch Abhi Dhaja Mahāraṭṭha Guru Agga Mahā Paṇḍita U Revata, better known as Nyaungyan Sayadaw and the venerable Mahātheras from all Theravādin Buddhist countries and the pious laymen among whom were present His Majesty Norodom Sihanouk Varman, King of Cambodia and your Prime Minister, famous for his devotedness to the Buddha Sāsana, remind us the First Buddhist Council held by the great elders in the Sattapaṇṇi-Guhā in India, under the patronage of King Ajātasattu.

This Sixth Council, I feel quite sure, surpasses all the previous ones of its kind in both aesthetic and utilitarian aspects. The Buddhist world today is by far wider than when the other Sangāyanās were held and consequently the international benefit derived by this is still more intense. Unlike the previous ones the words uttered here echo and re-echo not only in Jambūdīpa, Pubbavideha, Aparagoyāna and Uttarakuru but throughout the whole world comprising Asia, America, Europe, Africa and Australia. Today more than one fifth of the entire population of the world express their joy with '*Sādhu. Sādhu.. Sādhu...*' to punctuate the Buddha's sacred words. Is it not a fact that a Sangāyana held for such a vast population would go to the world history as the biggest ?

Ceylon and Burma have cultural relations centuries old and we are always indebted to you for the spiritual gifts you have given us among which the '*Upasampadā*' ordination to the Amarapura and Ramaññā Sects in Ceylon from that historical Kalyāni Sīmā is the highest. This great contribution to the spiritual renaissance in Ceylon is the highest ever made by any Buddhist country on earth. We are therefore ever ready to co-operate with you in whatever religious enterprise you would undertake.

Venerable Sirs, the world today is dragged and dominated by "Diṭṭhi -false views and māna -selfishness". It swings like a pendulum from one extremity of "sassata-eternalism and uccheda-nihilism" both contributing to materialism, the disastrous result being dissatisfaction and struggles seen the world over. Inordinate desire dominates the world; nations are against nations and countries are turning against countries. Warmongers are working underground, though the surface seems calm and smooth. Human civilisation and culture are threatened and all the so-called theisms organized for purposes other than spiritual have utterly failed to preserve them. There is a severe thirst for the Dhamma felt in the East as well as West. We feel quite sure that only the message of peace delivered twenty-five centuries ago, by our Sakyāmuni, on the banks of holy Ganges, can establish world peace and human happiness at this crucial stage.

This Sangāyanā is sure to promote "Pariyatti Sāsana"— the Teaching and a great revival of "Paṭipatti Sāsana" will automatically follow and eventually practice of the noble Dhamma will give Understanding—Paṭivedha. These three aspects of the Sāsana will certainly work miracles in the field of human progress.

Before conclusion I would like to take the opportunity to put before the house a humble suggestion for your consideration. It would be of great and everlasting benefit to the Sāsana if our Venerable Sangītikāraka Mahātheras were to examine compare and contrast in the light of the Dhamma, all the contemporary systems of human thought and religious views and record their conclusions in the way of a thesis as the Sangītikāras have done in olden times. For instance, '*Kathavatthuppakarana*' was written at the end of a Sangāyanā for the similar purpose. Pāli would be the language of this monumental work and versions in English etc., will follow automatically.

Kantā mahī lasati yehi varehi lamkā
Mrammehi dvihi nayanehi visāradehi
Tesam tu sāsanavasā piyanātibhavo
Samvattatam sugata āsanavuddhihetu.

Mother earth shines with her two lovely eyes of Lanka and Burma; therefore may their close and firm relationship in spiritual concerns exist for the progress of the Buddha sāsana.

Ciram tiṭṭhatu saddhammo—Dhamme hontu sagāravā.
Dhammasangāyanā esa—vattatu loka vuddhiyā.

May the Noble Dhamma exist long and may the people adhere to its tenets. May this recital of the Dhamma be conducive to the progress of the world !

Address delivered by Ven. Bhadanta Vimala of Siamese Nikāya, Ceylon.

1. Success to the Sangīti-kārakasabhā which is highly appreciated by all good men and which is established for the welfare of the whole world in the beautiful and prosperous country of Burma, by Bhikkhus highly disciplined and laymen arduous and pious.

2. Success to the Sangīti-kārakasabhā comprising erudite and virtuous members well-versed in the Buddha's Dhamma-vinaya, as well as other arts and sciences.

3. Success to the Sangīti-kārakasabhā, the main object of which is to eliminate interpolations and irregularities committed by the indiscrete copyists of the Pāli-texts.

4. Success to the Sangīti-kārakasabhā, in which the Bhikkhus of keen intellect and erudite lay scholars decide what the most authoritative words of the Buddha are, according to numerous maxims and rules.

5. Success to the Sangīti-kārakasabhā, which realising the fact that the world is plunged in utter misery owing to lack of knowledge of the Buddha's Dhamma, strives hard to propagate the Sāsana throughout the world.

6. Success to the Sangīti-kārakasabhā, by the merits accrued by this good action of revising the Dhamma-texts. May there rain happiness after discarding all evils.

7. Greet thus again and again the council of Bhikkhus in co-operation with the Dāyakasabha established for the purpose of assisting the Sangāyanā in Burma both sponsored by the Government of Ceylon, wishing the progress of the Dhamma.

8. This Sangāyanā is very elaborate, and the dāyakās are ardently striving for the successful conclusion of this Sangāyanā.

9. This message is sent on the 14th Waxing of Tazaungmon, 2498 B.E.

10. This glorious message is sent to Burma with great Mettā from the island of Lankā.

The above are the declarations of Bhadanta Siri Vimala Thera from Ceylon who has also attended the First Session of the Chaṭṭha Sangāyanā.

(၁) မြတ်စွာဘုရား၏ ဓမ္မဝိနယ သာသနာတော် အညစ်အကြေး ကင်းစေခြင်းငါ့ ဗုဒ္ဓမတည္ အလား အမြင်ကျယ်ကုန်သော သဒ္ဓါတရား ရှိကုန်သော ကောင်းသော အကျင့်သီလ တို့နှင့်၎င်း သိက္ခာသုံးပါး လိုလားခြင်းတို့နှင့်၎င်း အခါခပ်သိမ်းပြည့်စုံသော ရွှေဆောင်ရဟန်းတို့သည် ဘုန်းပညာနှင့် ပြည့်စုံစွာ မွေလျော်ဘွယ်ရာ ဖြစ်သော မြန်မာနိုင်ငံ၌ သံဂါယနာသဘင်ကို ဆင်ယင် ကျင်းပအပ်ပါ၏။ သာသနာတော်ကို သုခ်သင်ခြင်းငါ့ ကျင်းပအပ်သော သူတော်ကောင်း အပေါင်းတို့ ချီးကျူးအပ်သော ထိုသံဂါယနာ အစည်းအဝေး သည် သာသနာတော်၏ အကျိုးစီးပွါးအလို့ငါ့ အောင်မြင်ပါစေသတည်း။

(၂) မြတ်စွာဘုရား၏ ဓမ္မဝိနယအရာ၌ အလွန်လိမ်မာ ရဲရင့် ကုန်သော ကျမ်းတပါးတို့၌ နှံ့စပ်လိမ်မာကုန်သော အကြားအမြင် များကုန်သော အကျင့်သီက္ခာ သူတော်ကောင်းတရားတို့နှင့် ပြည့်စုံကုန်သော အရှင်မြတ်တို့ ဆောင်ရွက်သည့် သံဂါယနာ အစည်းအဝေးသည် အကျိုးစီးပွါး အလို့ငါ့ အောင်မြင်ပါစေသတည်း။

(၃) အဆက်ဆက် ကူးပြောင်းမှုများခဲ့သဖြင့် ဘုရားဟောပါဠိကို နောင်အရှည် ပျက်စီးစေနိုင်သော သာသနာ၁၀၁နှင့်ကင်း၍ ကျင့်သော အယူ၀ါဒကို ဖြစ်စေနိုင်သော အရေးအချွတ် မှားယွင်းချက်တို့ ပျောက်ကင်းခြင်းငါ့ တင်အပ်သော အကျိုးစီးပွါး များသော သံဂါယနာ အစည်းအဝေး သည် အကျိုးရှိစွာ အောင်မြင်ပါစေသတည်း။

(၄) သမန်းမျက်ဖျားမျလောက်သော အပြစ်တို့၌ပင်သော်လည်း အပြစ် ဟု ရှုလေ့ရှိကုန်သော ရဟန်းတော်တို့နှင့် ပညာရှိ ဥပါသကာတို့သည် စုပေါင်း ဆောင်ရွက်သည့် မိစ္ဆာ၁ဒိဋ္ဌိကြေ့ကွင်းတို့ကို ဖျက်ဆီးနိုင်သော များလစွာသော အာဂုံယုတ္တိတို့ကို ပြုစွမ်းနိုင်သော ထိုသံဂါယနာ ပွဲသဘင် သည် အကျိုး စီးပွါး အလို့ငါ့ အောင်မြင် ပါစေသတည်း။

(၅) ဤလောကအတွင်း၌ ဖြစ်သော လူအပေါင်းတို့သည် ဘုရား တရားတော် အဆုံးအမ ကင်းကွာသောကြောင့် ဆင်းရဲရောက်ကြကုန်၏ ဟု မှတ်သင်လျက် ထိုကမ္ဘာတစန်းလုံး၌ တရားတော် ဖြင့် ပြန်နှံ့ရန် အားထုတ်ကြောင်း ဖြစ်သော ထိုသံဂါယနာတင်ပွဲသည် အောင်မြင်ပါစေသတည်း။

(၆) ဘုရား တရားတော်ကို သုခ်သင်မှုကို လိုလားကြသော အလုံးစုံ အပြစ်အပေါင်းကို ကောင်းမှု အာနုဘော်ဖြင့် ပယ်ဖျောက်လိုကုန်သော မျှားသော ကောင်းမှု ပွါးစည်းခြင်းကို ရလိုကုန်သော သူတို့ ဆောင်ရွက်သော ဤသံဂါယနာသဘင်သည် အောင်မြင်ပါစေသတည်း။

(၇) သီဟိုဠ်ကျွန်း၌ အမြဲ နေသော တပည့်တော်သည် မြန်မာနိုင်ငံ ဆဋ္ဌသံဂါယနာပွဲကို ကျေးဇူး ပြုလိုပါသဖြင့် ဤသို့ အမြဲ တောင်းတပါ၏။

(၈) တပည့်တော်တို့သည် တရားတော်၏ ကြီးပွါးခြင်းကို လိုလားပါကုန်၏။ ဤသံဂါယနာတင် သံသာ့အစည်းအဝေးသည်လည်း တင့်တယ်လှပါ၏၊ ဒါယကာတို့သည်လည်း ဤသံဂါယနာသဘင် ဖြစ်အောင် ကြည်ရွှင်သော စိတ်ရှိလျက် စီစဉ်ကြပါကုန်၏။

(၉) သာသနာနှစ်ထောင့်လေးရာ ကိုးဆယ်ရှစ်တန်ဆောင်မှန်း လဆန်း ၁၄ရက်နေ့တွင်....

(၁၀) ကြက်သရေ ရှိသော သီဟိုဠ်ကျွန်းမှ နှစ်သက် ဝမ်းမြောက်သော မေတ္တာရေအယ်ဖြင့် သွန်းလောင်းအပ်သော ဤသဒ္ဓေသကထာကို မြန်မာနိုင်ငံသို့ ပေးပို့စေပါသည်။

ဤသို့လျှင် ဆဋ္ဌမဟာမမ္မသံဂါယနာ၃ဒုတိယသန္နိပါတသို့ သီဟိုဠ်ကျွန်းမှ ပဌမသန္နိပါတတွင် လာခဲ့ဘူးသော သီရိဝိမလထေရ် လျှောက်ထား ပြောကြားအပ်ပါသည်။

သဒ္ဓါတရားနှင့် ပြည့်စုံစုံတော်မူကြသော ဗုဒ္ဓဘာသာဝင် အရှင်မြတ်တို့ဘုရား။

မြန်မာနိုင်ငံတော် အတွင်းမှ၎င်း၊ နိုင်ငံခြားများမှ၎င်း၊ ဤအရပ်သို့ စုဝေးရောက်လာကြသော တပည့်တော်တို့ အားလုံးပင် ယခုအခါ ဆဋ္ဌမမွေ သံဂါယနာ အတွက် ကြီးကျယ်စွာ လုံ့လစိုက်ကြရခြင်း ဟူသော နှစ်သက်မှုကို ရရှိကြပါသည်။ အလွန်လည်း ဝမ်းမြောက်ကြရပါသည်။ မြန်မာနိုင်ငံတော်သား ရှင်လူအများတို့သည် မြတ်စွာဘုရား သာသနာတော်ကို ချီးမြှောက်မှု ပြုလုပ်ရာတွင် ရှေ့သွားဖြစ်ကြပါပေသည်၊ ထိုအကြောင်းကို အစဉ်ပြု၍ အရှင်ဘုရားတို့ကို၎င်း မြန်မာနိုင်ငံတော်ကို၎င်း တပည့်တော်တို့အားလုံးက လေးစားကြပါကုန်၏။

ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း၊ ဝါဒကွဲပြားခြင်းသို့ ရောက်နေကြသဖြင့် အချင်းချင်း သတ်ဖြတ်ခြင်း၊ တွေးတောစိုးရွံ့ခြင်း ဘေးဖြင့် ကြောက်လန့်နေရသော ကိုးကွယ်ရာမဲ့ လောကကြီးမှာ သနားကြင်နာမှု တည်ဟူသော မြေသော နှလုံးတော်ရှင် မြတ်စွာဘုရားသခင် ဟောကြားတော် မူခဲ့သော မျက်ဖြေဆေး ခေါ်ရသည့် ဆင်းရဲမှ ကယ်တင်နိုင်သောတရားတော်မှတပါးအားထားရာမရှိတော့ပါ။

ရာဂအားကြီး၊ ဒေါသအားကြီး၊ မောဟ အားကြီးနေသော ကလိယုဂ် ဆုတ်ကပ်ကြီး အခါမှာ ဘုရားအဆုံးအမတော်ကို မျက်မှောက်ပြုရမှုကား အုံ့ဘွယ် တကာတို့ထက် အုံ့ဘွယ်ရာကြီးပင် ဖြစ်ပါပေသည်၊ ထို့ကြောင့် နေ့ဂက်ကျလှစွာသော ကလိယုဂ် ဆုတ်ကပ်အခါကြီး၌ ဘုရားပွင့်တော်မူ လာခြင်းကား အလွန်အုံ့ဩဘွယ် ရှိပါပေ၏။ မီးပုံကြီးအလယ်၌ပေါ် ပေါက်လာသောပန်းတပ်ရည်နှင့် တကွသော ကြာပန်းသဖွယ် ဖြစ်ပေ၏ ဟု ဆိုထား၏။ တပည့်တော်တို့ ဗုဒ္ဓဘာသာဝင် အားလုံးတို့ အတွက် ကြည်ညိုခြင်းနှင့် စိုးရိမ်ထိတ်လန့်စေမည့် အဖြစ်သို့ ရောက်ရန် ငါးထောင်မျှသာ တည်မည် ဖြစ်သော မြတ်စွာဘုရားသာသနာတော်၏ ထက်ဝက် အချိန်အခါကား ရောက်ခဲ့ပေပြီ။ ထိုအကြောင်းကြောင့် မြန်မာနိုင်ငံတော်သား လူ ရှင် အများတို့က ဝိုင်းပန်းပြုလုပ်ကြသော ဆဋ္ဌမမွေ သံဂါယနာ သဘင်သည် မြတ်စွာဘုရား သာသနာတော်အား အလွန်ပင် ကျေးဇူးများပါပေသည်။

သဒ္ဓါ ပညာ နှင့် ပြည့်စုံတော်မူကြသော အရှင်ကောင်းတို့ ပြုလုပ်တော်မူကြသည့် ဤအလှုန် ချီးမွမ်းဘွယ်ရာကောင်းလောက်သောသာသနာတော် ချီးမြှောက်ပုံကို ရှိသေ လေးစား အလွန်မြတ်နိုးသော စိတ်ထားဖြင့် ယခုအခါ နိုင်ငံတကာတို့၌ လူများသာမက နတ်မြတ်ဗိုလ်တို့သည်ပင် ကြည်ညိုသော မျက်စိကို ဖွင့်လှစ်ကြကာ တည်ကောင်း တည်နေကြပါလိမ့်မည်။

ထို့ကြောင့် မြတ်စွာဘုရား သာသနာတော် ချီးမြှောက်မှု ဟူသော အရှင်ကောင်းတို့၏ မြင့်မြတ်သော စိတ်ဓာတ်ကို ရဲ၍အကြင်းမဲ့ ပြီးဆုံးခြင်းသို့ ရောက်ပါစေဟု အကျိုးလိုလားသောစိတ်ထားဖြင့်ဆုတောင်း ကြပါကုန်၏။ အလွန်ငြိမ်းချမ်းရေးပြုနိုင်စွမ်းသော ဤသည့် တရားတော်ကို မသိကြသဖြင့် အချင်းချင်း သတ်ဖြတ်နေကြသည့် စစ်ဘေးဒဏ်ကို ထိတ်လန့်နေကြသူများအတွက် သက်သာရာရစေရန် တရား မွတ်သိတ်ခြင်း အနိုင်စက်ခံနေရသူများအတွက် အပူငြိမ်းစေရန် ပါဠိဘာသာဖြင့် သာ မကစေဘဲ နိုင်ငံခြား ဘာသာတို့ဖြင့် လည်း ပိုဌကတ် သုံးပုံ တရားတော်ကို ပုံနှိပ်ထုတ်ဝေနိုင်ကြပါစေ ဟု ဆုတောင်းကြပါသည်။

အိန္ဒိယနိုင်ငံတွင် ယခုအခါမြတ်စွာဘုရားသာသနာကွယ်ပျောက်ပုံလူပေါင်း ကုဋေလောက်ပင် သာသနာတော် ကိုးလက်ခံလိုရိုပ် ပေါ်နေပုံများ ကို လည်း ဂရုပြုမိကြပါစေ ဟုတိုက်တွန်း ကြပါသည်။

ပိဋကတ် သုံးပုံ တရားတော်နှင့် ရှင်ရဟန်းခံမှုကို ရံခါ ရံခါ သီဟိုဠ်ကျွန်း မှ မြန်မာနိုင်ငံသို့ မြန်မာနိုင်ငံမှ သီဟိုဠ်ကျွန်းသို့၊ ဆောင်ယူရပါသည်၊ ဤသို့

(စာမျက်နှာ ၁၆၆-သို့ကြည့်ပါ)

ဒုတိယသင်္ဂါယနတော်

Address delivered by Ven. T. Ariyavamsa Nāyaka Thero, Ceylon

VENERABLE SIRS,

On the occasion of the opening of the second session of the Chaṭṭha Saṅgāyanā today, I wish to express our high appreciation of this noble work that is being undertaken in your country. At such a time when the whole world is threatened with fear of war, it is certainly encouraging to see that you are taking necessary steps to underline the importance of the Teaching of our Lord Buddha and thereby contributing much to the establishment of world-peace stemming the tides of materialism. The world has already realised the futility of war since permanent peace could be achieved only by adhering to the tenets of the Buddha.

The whole world is grateful to you and your country for the noble work that is being done. The Devas above you will certainly bless you, for this great work will invariably help to propagate the Sāsana throughout the whole world.

On this historic occasion we wish you continued success in this great and noble enterprise that you are engaged in.

Of the two Buddhist kings—one in Siam and the other in Cambodia, His Majesty the King of Cambodia is present today. It is a great pleasure not only to the Buddhists of Burma but also to all concerned. We fervently hope His Majesty's presence here will be a great inspiration to all and would work miracles in the propagation of the Dhamma.

. VEN. T. ARIYAVAMSA THERO.

(စာမျက်နှာ ၁၆၅-မှအဆက်)

သိဟိဠ်ကျွန်းနှင့်မြန်မာနိုင်ငံတော်သည်အချင်းချင်း ဆက်သွယ်နေကြပါသည်။

သီဟိဠ်ကျွန်းသား ဖြစ်သော တပည့်တော်နှင့် အရှင် ဘုရားတို့၏ရင်း၊ မြန်မာ နိုင်ငံတော်သား အရှင်ဘုရားတို့နှင့် တပည့်တော်တို့၏ရင်း၊ ဘုရားသာသနာ တော်၏ အစွမ်းအားဖြင့် ကျေးဇူးပြုမှုသည် မပြတ်အောက်မေ့ဘွယ်ပင် ဖြစ်ပါလိမ့်မည်၊ တပည့်တော်တို့၏ ရင်းနှီးဆက်သွယ်မှုသည် သာသနာတော် ကွယ်ပျောက်တိုင်အောင် ဖြစ်ပါစေသတည်း ဟု ဆုတောင်းကြပါကုန်၏။

ဒုတိယ သန္တိပါတ အခါတော်ကို ၁၃၁၆-ခု တန်ဆောင်မုန်း လပြည့်ကျော် ၅-ရက်နေ့မှ တပ္ပိတ္တဲလဆန်း ၆-ရက်နေ့ အထိ (၁၅-၁၁-၅၄) မှ (၂၉-၁-၅၅) ရက်နေ့အထိ ဥပုသ်သီတင်းပတ်များနှင့် လွတ်လပ်ရေးနေ့ သံဂါယနာပိတ်ရက်များပေါ ရက်ပေါင်း ၆၅-ရက်တိတိ ကြာခဲ့လေသည်၊ ဒီဃနိကာယ်သုံးကျမ်း၊ မဇ္ဈိမနိကာယ် သုံးကျမ်း၊ သံယုတ္တနိကာယ် ငါးကျမ်းအားဖြင့် နိကာယ်ကြီးသုံးရပ် ကျမ်းကြီး တဆယ့်တကျမ်းမျှ ပြီးစီးခဲ့လေရာ စာအုပ် အရေအတွက်အားဖြင့် ၉-အုပ်မျှ ရှိပြီးလျှင် စာမျက်နှာအားဖြင့် ၃၃၃၉-မျက်နှာမျှ ရှိလေသည်။

ဤသန္တိပါတဌ် ကျေးဇူးတော်ရင် ညောင်ရမ်းဆရာတော်ဘုရားကြီး အမှူးရှိတော်မူသည့် ပြည်တွင်း ပြည်ပ ထေရဝါဒ နိုင်ငံတော်များမှ သံဃာတို့ကာရက သံဃာတော်ပေါင်း ၅၀၀-ကျော်မျှ ပါဝင်ဆောင်ရွက်တော်မူခဲ့ကြလေသည်။

ဒီဃနိကာယ်

ဒီဃနိကာယ် ပါဠိတော်ကြီးသုံးရပ်တို့ကို သံဂါယနာတင်ရာတွင် ၁၃၁၆-ခု တန်ဆောင်မုန်း လပြည့်ကျော် ၅-ရက်မှ နတ်တော်လဆန်း ၅-ရက်နေ့အထိ (၁၅-၁၁-၅၄ နေ့မှ ၃၀-၁၁-၅၄ နေ့အထိ) ဥပုသ်ရက်များ အလွတ် ရက်ပေါင်း ၁၄-ရက်မျှ ကြာလေသည်၊ စာမျက်နှာပေါင်း ၇၇၉-သုတ် ပေါင်း ၃၄-မျှရှိလေသည်။ ရှေးဟောင်း ဘာဏဝါရပေါင်း ၆၄-ဘာဏဝါရမျှ ရှိခဲ့သော်လည်း ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ဌ်မှု အရှေ့ အနောက် သံဃာစင်များ တလည်ကိုစီ ခွဲဝေ၍ ရွတ်ရသဖြင့် ၁၀၆ ကြိမ်တိတိ ပိုင်းခြား ရွတ်ဆိုတော် မူခဲ့ကြရသည်၊ ဘာဏကအဖွဲ့ပေါင်း ၁၀-ဖွဲ့ ဘာဏက ဆရာတော်ပေါင်း ၁၃၄-ပါးမျှ ပါဝင်တော်မူခဲ့ကြလေသည်။

ဘာဏကအဖွဲ့များ

သုတ်သီလကွန်ပါဠိတော်- မုဏ္ဍာခရိုင် ဆားလင်-ကြီးမြို့နယ်၊ ဗန်ကျီ၌ ပဌမ ဘာဏကအဖွဲ့၁၀ ပါး၊ ဒုတိယ ဘာဏကအဖွဲ့၁၄-ပါး၊ မန္တလေးမြို့မစိုးရိမ်ကျောင်းတိုက်မှ ပဌမ ဘာဏကအဖွဲ့၁၅-ပါး၊ ၃တိယ ဘာဏကအဖွဲ့ ၁၅-ပါး၊ အစုစုဘာဏက ၄-ဖွဲ့ဆရာတော်ပေါင်း ၅၀။

သုတ်မဟာဝါ ပါဠိတော် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်မှ ပဌမဘာဏကအဖွဲ့ ၁၅-ပါး၊ ၃တိယ ဘာဏကအဖွဲ့ ၉-ပါး၊ အစုစုဘာဏက ၂-ဖွဲ့ ဆရာတော်ပေါင်း ၂၄-ပါး။

သုတ်ပါထေယျပါဠိတော် ရန်ကုန်မြို့ မြေကေးရုံ ဘာဏကအဖွဲ့ ၁၅-ပါး၊ ဆုတောင်းပြည့် ဘာဏက အဖွဲ့ ၁၅-ပါး၊ မြသိန်းတန်ဘာဏက အဖွဲ့ ၁၅-ပါး၊ ကျောက်တိုင် ဘာဏကအဖွဲ့ ၁၅-ပါး၊ စုစုပေါင်း ဘာဏက ၄-ဖွဲ့ဆရာတော်ပေါင်း ၆၀။

မဇ္ဈိမနိကာယ်

ပဏ္ဏာသ သုံးကျမ်း ခေါ် မဇ္ဈိမနိကာယ်ကြီးကို သံဂါယနာ တင်ရာတွင် ၁၃၁၆-ခု နတ်တော်လဆန်း ၆-ရက်နေ့မှ ပြာသိုလဆန်း ၄-ရက်နေ့အထိ (၁-၁၂-၅၄နေ့မှ ၂၈-၁၂-၅၄နေ့အထိ) ဥပုသ်နေ့များမှ တပါး၊ ရက်ပေါင်း ၂၄-ရက်မျှ ကြာလေသည်၊ စာမျက်နှာပေါင်း ၁၂၈၄-သုတ် ပေါင်း ၁၅၂ရှေ့ဟောင်း ဘာဏဝါရပေါင်း ၈၀-တိတိ ရှိလေသည်။ ဆဋ္ဌသံဂါယနာတင်ရာ၌ အရှေ့ အနောက် သံဃာစင် ၂-ခု ခွဲဝေရွတ်ဆိုရသဖြင့် အကြိမ်ပေါင်း ၁၉၂ ကြိမ်မျှ ရွတ်ဆိုတော်မူကြရသည်၊ ဘာဏက အဖွဲ့ပေါင်း ၅-ဖွဲ့မှ ဘာဏကဆရာတော်ပေါင်း ၅၀-ပါး တိုက နှုတ်ဖြင့် အာဂုမ်ရွတ်ဆိုရှိ သံဂါယနာ တင်တော်မူခဲ့ကြသည်။

ဘာဏကအဖွဲ့များ

မူလပဏ္ဏာသ ပါဠိတော် မန္တလေးမြို့မစိုးရိမ်တိုက် ပဌမဘာဏကအဖွဲ့ ၁၀-ပါး၊ ၎င်း ဒုတိယ ဘာဏကအဖွဲ့ ၉-ပါး၊ ၎င်း၊ တတိယဘာဏကအဖွဲ့ ၁၀-ပါးအစုစုမစိုးရိမ်ဘာဏကသုံးဖွဲ့မှ ဆရာတော်ပေါင်း ၂၉-ပါး။

မဇ္ဈိမပဏ္ဏာသပါဠိတော် မန္တလေးမြို့ မဟာဝေယ်ဘုံသာ ဘာဏကအဖွဲ့ဝင် ဆရာတော် ၁၄-ပါး ဥပရိပဏ္ဏာသ ပါဠိတော် မော်လမြိုင်မြို့ ရာမည ဘာဏကအဖွဲ့ဝင် ဆရာတော် ၁၅-ပါး။

သံယုတ္တနိကာယ်

သံယုတ္တနိကာယ်ကြီးကို သံဂါယနာတင်ရာတွင် ၁၃၁၆-ခု ပြာသိုလဆန်း ၅-ရက်မှ တပ္ပိတ္တဲ လဆန်း ၆-ရက်နေ့ (၂၉-၁-၅၅နေ့မှ ၂၉-၁-၅၅နေ့)အထိ ဥပုသ်နေ့နှင့် လွတ်လပ်ရေးနေ့များမပါ ရက်ပေါင်း ၂၃-ရက်မျှ ကြာလေသည်။ စာမျက်နှာပေါင်း ၁၄၅၄-သုတ်ပေါင်း ၇၇၆-ရှိလေသည်၊ ပဌမ သံဂါယနာတင်စဉ်က အကြိမ်ပေါင်း ၁၀၀-တိတိ ရွတ်ဆိုခဲ့သဖြင့် ဘာဏဝါရပေါင်း ၁၀၀မျှ ရှိခဲ့သော်လည်း ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ဌ်မှ အရှေ့ အနောက် သံဃာစင်ခွဲ၍ ရွတ်ဆိုတော်မူခဲ့ကြသဖြင့် ၂၁၆-ကြိမ် ရှိခဲ့လေသည်။အာဂုမ်ပြန်ဘာဏကအဖွဲ့ ၆-ဖွဲ့မှဆရာတော်ပေါင်း၇၉-ပါးမျှပါဝင်ခဲ့လေသည်။

ဘာဏကအဖွဲ့များ

သဂါထာဝဂ္ဂသံယုတ် ပါဠိတော် မော်လမြိုင်မြို့ ရာမည၀ေဠုဝရိယ အဖွဲ့ဝင် ဆရာတော် ၁၅-ပါး။

နိဒါနဝဂ္ဂသံယုတ် ပါဠိတော် မုဏ္ဍာခရိုင် အရာတော်မြို့နယ် ဝိဇ္ဇာလက်ဂရ ဘာဏက အဖွဲ့ဝင် ဆရာတော် ၁၅-ပါး။

ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဝိဇ္ဇာလက်ဂရ ဘာဏကအဖွဲ့ဝင် ဆရာတော် ၁၂-ပါး။

သဠာယတန ဝဂ္ဂသံယုတ်ပါဠိတော် ပျဉ်းမနားမြို့ မြို့မဘာဏကအဖွဲ့ဝင် ဆရာတော် ၁၄-ပါး။

မဟာဝဂ္ဂ သံယုတ်ပါဠိတော် မန္တလေးမြို့ အရှေ့ ဝိသုဒ္ဓါရုံဘာဏက အဖွဲ့ဝင်ဆရာတော် ၁၁-ပါးနှင့် ပတ္တမြားတိုက်ဘာဏကအဖွဲ့ဝင်ဆရာတော်၁၂-ပါး။

SECOND SESSION

The Second Session of the Chaṭṭha Sangāyanā commenced on the 5th Waning of Tazaungmon 2498 B.E. (15-11-54) and terminated on the 6th Waxing of Tabodwe 2498 B.E. (29-1-55). Excepting the Buddhist Fast Days and important National Holidays, the recitation continued for 65 days. The Three Books of Dīgha-nikāya, the Three Books of Majjhima-nikāya and the Three Books of Saṃyutta-nikāya, all comprising 3,439 pages were recited.

During this Session the Venerable Abhi Dhaja Mahā Raṭṭha Guru Nyaungyan Sayadaw presided over the Chaṭṭha Sangāyanā Proceedings and over 500 Sangīti-kāraka Bhikkhus from all Theravādin countries participated.

Dīgha-nikāya

The Three Books of Dīgha-nikāya were recited by the Sangīti-kāraka Bhikkhus from the 15th November 1954 C.E. to the 30th November 1954. Excluding the Buddhist Fast Days, the number of reciting days was 14. Although according to the old classification, the number of recitation-sessions was 64, in the present Chaṭṭha Sangāyanā the number of recitation-sessions had to be increased to 106, as the Sangīti-kāraka Bhikkhus had to recite these three books by groups. 134 Bhāṇakas from the 10 Bhāṇaka-groups participated in the Proceedings.

Bhāṇaka Groups

The following Bhāṇakas recited the Suttasīlakkhandha :—

(1) First Group from Bant-kyi, Salinggyi Township, Monywa District.	10
(2) Second Group from Bant-kyi, Salinggyi Township, Monywa District.	10
(3) First Group from Masoeyein-taik Mandalay	15
(4) Second Group from Masoeyein-taik, Mandalay.	15
	50

The following Bhāṇakas recited the Sutta Mahāvagga :—

(1) First Group from Masoeyein-taik, Mandalay.	15
(2) Second Group from Masoeyein-taik, Mandalay.	9
	24

The following Bhāṇakas recited the Sutta Pātheyya :—

(1) Bhāṇaka-group, Dhammikārāma, Rangoon.	15
(2) Sudaung-bye Bhāṇaka-group, Rangoon.	15
(3) Myatheindan Bhāṇaka-group, Rangoon.	15
(4) Kyauk-taing Bhāṇaka-group, Rangoon.	15
	60

Majjhima-nikāya

The Majjhima-nikāya—the three Paṇṇāsas comprising 152 books and 1,206 pages were recited by the Sangīti-kāraka Bhikkhus from the 6th Waxing of Nadaw 2498 B.E. (1-12-54) to the 4th Waxing of Pyatho 2498 B.E. (28-12-54). It lasted for 24 days excluding the Buddhist Fast Days. According to the old classification, the number of recitation-sessions was 80, but it had to be increased to 192, as the Sangīti-kāraka Bhikkhus had to recite these by turn. The 58 Bhāṇakas from the 5 Bhāṇaka-groups participated in the Proceedings.

The following Bhaṇākas recited the Mūlapaṇṇāsa :—

(1) First Bhāṇaka-group from Masoeyein-taik, Mandalay.	10
(2) Second Bhāṇaka-group from Masoeyein-taik, Mandalay.	9
(3) Third Bhāṇaka-group from Masoeyein-taik, Mandalay.	20
	29

The 14 Bhāṇakas from Mahāzeyon-bonthā Monastery, Mandalay recited the whole of Majjhima Paṇṇāsa.

The 15 Bhāṇakas from Moulmein Rāmaññā Group recited the whole of Uparipaṇṇāsa.

Saṃyutta-nikāya

The Saṃyutta Nikāya was recited from the 4th Waxing of Pyatho 2498 B.E. (29-12-54) to the 6th Waxing of Tabodwe 2498 B.E. (29-1-55). It contains 1,454 Suttas in 7,762 pages. The recitation lasted for 27 days excluding the Buddhist Fast Days. According to the old classification, the number of recitation-sessions was 100 and it had to be raised to 216, as the Sangīti-kāraka Bhikkhus had to recite them by turn. The 79 Bhāṇakas from the 6 Bhāṇaka-groups participated in the recitation of the Saṃyuttanikāya.

The 15 Bhāṇakas from Moulmein Rāmaññā Group recited the Sagāthā-vagga of the Saṃyutta Nikāya.

The 15 Bhāṇakas from Vijjālaṅkāra Bhāṇaka-group of Ayātaw Township, Monywa District, recited the Nidānavagga of the Saṃyutta Nikāya.

The 12 Bhāṇakas from Vijjālaṅkāra Bhāṇaka-group, Wetlet Township, Shwebo District recited the Khandhavagga of the Saṃyutta Nikāya.

The 14 Bhāṇakas from Pyinmana Bhāṇaka-group recited the Saḷāyatana-vagga of the Saṃyutta Nikāya.

The following Bhāṇakas recited the Mahāvagga of the Saṃyutta Nikāya :—

(1) Bhāṇaka-group from Visuddhārāma Monastery, Mandalay.	11
(2) Bhāṇaka-group from Padamya-taik, Mandalay.	12
	79



ဝဲမှ ယာသို့။ လာအိုနိုင်ငံတော် ဝန်ကြီးမျှားအဖွဲ့ဥက္ကဋ္ဌ ကောင်အဘေး။ လောနိုင်ငံတော် အိမ်ရှေ့မင်းသားကြီး စဝန်ဝတ္ထာနခွင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီး ဧဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦးတို့ကို ကမ္ဘုဇ-လဝဒေါ် တတိယသန္နိပါတဖွင့်ပွဲ၌ တွေ့ရှိရပုံ။

Left to right : H. E. Kou Abhay, Chairman of the Council of Ministers, Laos ; H. R. H. Prince Savang Vatthana, Crown Prince of Laos ; H. E. *Agga Mahā Thiri Thudhamma* Dr. Ba U, President of the Union of Burma ; H. E. Leng Ngeth, Prime Minister of Cambodia ; at the Opening Ceremonies of the Kambuja-Lava (Cambodian-Laos) Session of the Chaṭṭha Sangāyanā.

ဆဋ္ဌသံဂါယနာ ကမ္ဘုဇလေ တတိယသန္နိပါတ

သံသနုပိုင် ၂ ပါး

တတိယသန္နိပါတဖွင့်ပဲ့တွင် မဟာနာယကအဖြစ် ဆောင်ရွက်တော်မူကြမည့် ကမ္မောဒီးယားသာသနာပိုင် ဆရာတော် လောပြည် သာသနာပိုင် ဆရာတော်နှင့် နောက်ပါ သံဃာတော် ၁၀-ပါး ကပ္ပိယကာရက ဒါယကာနှစ်ဦးတို့သည် ၂၆-၄-၅၅ ရက်နေ့ ညနေ ၄-နာရီ ၄၅-မိနစ် အချိန်ကပင် နိုင်ငံတော် အစိုးရစေလွှတ်သော ယူ-ဘီ-အေ အထူးလေယာဉ်ပျံဖြင့် ရန်ကုန်မြို့ မဂ်လာဒုံ လေဆိပ်သို့ ရောက်ရှိတော်မူကြကြောင်း၊ မဂ်လာဒုံ လေဆိပ်၌ ဆဋ္ဌဝန်ဆောင် ဆရာတော်ကြီးများနှင့် သံဂီတိကာရက ဆရာတော်များ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိသုဝဏ္ဏ ဆာဦးသွင် ဒုတိယ ဥက္ကဋ္ဌ သတိုးသီရိသုဝဏ္ဏ ဦးသိမ်းမောင်၊ အကျိုး ဆောင်စာချီ သတိုးမဟာသရေစည်သူ ဦးချန်ထွန်း သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီး ဦးဝင်း၊ ဆဋ္ဌသံဂါယနာ (ဆွမ်းကွမ်း) ဆိုင်ရာ အမျိုးသမီး အမှုဆောင် အဖွဲ့ဝင်များ၊ မိုးညှင်းဂတိဝိသုဒ္ဓိ အသင်းမှ ယောဂီများ၊ ဟံသာဝတီ ဒေါ်ဥာဏစာရီ အမှူးရှိသော သီလရှင်များအပြင် ဗုဒ္ဓဘာသာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်လူကြီးများသည် သပြေပန်းများ ကိုယ်စီကိုင်ဆောင်လျက် စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြလေသည်။

သာသနာပိုင် ဆရာတော် ၂-ပါးအား ယူ-ဘီ-အေ အထူးလေယာဉ်ပျံမှ ကြိုဆိုရေးမဏ္ဍပ်သို့ ရွှေထီးများ ပိုးကာ၍ သာသနာရေးဝန်ကြီးက ပင့်ဆောင်လာပြီးနောက် နိုင်ငံတော် သမ္မတကြီး၏ အထူးမော်တော်ယဉ်ကားဖြင့် ရွှေထီးပိုးကာ ပင့်ပြီးလျှင် ဝန်ဆောင်သံဃာတော်များ၏ မော်တော်ကားများကို ဦးဆောင်၍ ဆဋ္ဌသံဂါယနာ ဇမ္ဗူဒီပ ကျောင်းဆောင်သို့ စည်တော်ယွမ်း၍ ပင့်ဆောင်လာကြလေသည်။

၂၄-၅-၅၅ နေ့တွင် လောပြည်မှ အိမ်ရှေ့ဥပဓာဇာ မင်းသားနှင့် မိဖုရား သပီးတော်များ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် ယဉ်ကျေးမှု ဝန်ကြီးတို့သည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် တတိယသန္နိပါတ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် ဆိုက်ရောက်လာကြကြောင်း။

ပဋ္ဌမဖိုင်းအစီအစဉ်

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် တတိယသန္နိပါတ ဖွင့်ပွဲအခမ်းအနားကို ၂၄-၄-၅၅ မွန်းလွဲ တနာရီခွဲ အချိန်တွင် စတင်မည်ဖြစ်ရာ နေရာထိုင်ခင်းချထားရေး ကြိုဆိုညှိုးခံရေးဆိုင်ရာ ယုဇိုလ် အသီးအသီးတို့သည် ထိုနေ့နံနက် ၁၀-နာရီခန့်ကပင် အစုံအညီ ရောက်ရှိ၍ အသင့်ဖြစ်နေသည်ကို တွေ့ရ၏။ ၁၂-နာရီခန့်တွင် လူထုပရိသတ်များအား လိုက်ဂူကြီးတွင် သီးသန့်နေရာချထား၍ ၁-နာရီခန့်တွင် သံဃာစင်အသီးသီး၌ သံဂီတိကာရက သံဃာတော်များ ထေရ၀င်ဝါလိုက် သီတင်းသုံးတော်မူသည်ကို ဖူးတွေ့ရ၏။ အထူးသံဃာစင်ပေါ်တွင် ညောင်ရမ်း ဆရာတော်၏ နေရာတွင် ဆက်လက်ဆောင်ရွက်တော်မူမည့် အဂ္ဂမဟာပဏ္ဍိတ မန္တလေးမြို့ မစိုးရိမ် ဆရာတော် ဦးသူရိယဘဒ်ဝံသနှင့် တက္ကဋ ပခုက္ကူ အရှေတိုက်သစ် ဆရာတော် မိုးညှင်းတောရ ဆရာတော် စစ်ကိုင်း စကုမော်ဆရာတော် ရန်ကုန် ယသဇေယျီဆရာတော်များကို ဝန်ဆောင် ဆရာတော်များ ထေရ၀ါဒနိုင်ငံအသီးသီးနှင့် မြန်မာနိုင်ငံ အရပ်ရပ်မှ သံဂီတိကာရကဆရာတော်များက ခြံရံလျက် ရှိသည်ကို ဖူးတွေ့ရ၏။ သံဃာစင်အောက်ဘက် အထူးသီးသန့်စင်တွင် တရားပြည်သူ့သမ္မတ နိုင်ငံ တရားဗုဒ္ဓဘာသာမိတ်ဆက်အဖွဲ့ ရှိရောဗ်ဂျော်လ် ဆို ဆရာတော် အမှူးရှိသော သံဃာတော်များ သီတင်း သုံးတော်မူကြ၏။

ခန်းမဆောင်ကြီးတွင် နိုင်ငံတော် သမ္မတကြီး အဂ္ဂမဟာသီရိသုဝဏ္ဏ ဒေါက်တာဘဦး၊ လောပြည် အိမ်ရှေ့ဥပဓာဇာ မင်းသားကြီး ဆရန်ဗက်သနာ ကြင်ယာတော် မင်းသမီးနှင့် သမီးတော်၊ ဝန်ကြီးချုပ် ဦးနုနှင့် ဝန်ကြီးချုပ်ကတော် ဒေါ်မြရီ၊ လောပြည် ဝန်ကြီးချုပ်နှင့် ကောင်စီ ဥက္ကဋ္ဌ အိပ်ချိ-အီးကန်းအက်ဟေး၊ ကမ္မောဒီးယားပြည် ဝန်ကြီးချုပ် အိပ်ချိအီးလင်းနက်၊ ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိသုဝဏ္ဏ ဆာဦးသွင်နှင့် လေဒီသွင်၊ တရားလွှတ်တော်ချုပ် တရားဝန်ကြီးချုပ် သတိုးသီရိသုဝဏ္ဏ ဦးသိမ်းမောင်နှင့် တရားဝန်ကြီးချုပ်ကတော် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဝန်ကြီးကတော်များ၊ ကမ္မောဒီးယားပြည် လောပြည် အစိုးရညှိုးသည်တော်များ၊ တရုပ်ပြည်သူ့သမ္မတ နိုင်ငံ ဗုဒ္ဓဘာသာ မိတ်ဆက်အဖွဲ့ဝင်များ၊ တရား ဝန်ကြီးများ သီလရှင်များ၊ ဝန်ကြီးကတော် ဒေါ်ခိုင်ခိုရီ အမှူးရှိသော ဆွမ်းကွမ်းဆိုင်ရာ ဗုဒ္ဓဘာသာ အမျိုးသမီးအဖွဲ့ဝင်များ၊ ဝန်ကြီးချုပ်ကတော် ဒေါ်မြရီ ကြီးမှူးသော တပ်မတော် သက်သာချောင်ချိရေး အမျိုးသမီးအဖွဲ့ဝင်များ၊ မြန်မာပြည်အရပ်ရပ်မှ ဗုဒ္ဓဘာသာတင် သူတော်စင် အမျိုး အပြား စည်ကားစွာ ကြည်ညိုလျက်ရှိသည်ကို တွေ့ရကြောင်း။

တနာရီခွဲသည်နှင့်တပြိုင်နက် ထိုးစည်နှင့် စည်တော်ကြီး ၁၀-ချက်တီးကာ အခမ်းအနားစတင် ဖွင့်လှစ်၍ ဝန်ဆောင်သံဃာအဖွဲ့ အကျိုးဆောင် ဆရာတော် ဘဒ္ဒန္တနာဂဝံသ မထေရ်က တတိယ သန္နိပါတ အခါကြား ကျေညာစာတမ်းကို ပါဠိမြန်မာ ၂-ဘာသာဖြင့် လျှောက်ထားကျေညာလေသည်၊ ထိုနောက် မြန်မာနိုင်ငံတော် သံဃမဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်ဆရာတော်က ကမ္မောဒီးယားနိုင်ငံ သာသနာပိုင် ဆရာတော်အား ဆဋ္ဌသံဂီတိ သံဃမဟာနာယက (ပဌမပိုင်း သဘာပတိ) အဖြစ်ဖြင့် ဆောင်ရွက်ရန် အလိုဌ၊ ပါဠိဘာသာဖြင့် သမ္ပတိပေးတော်မူရာ သံဃာတော်များက သဘောတူညီကြောင်း သာခုခေါ်တော်မူကြ၍ ကြေးစည်နှင့် ခရသင်းများကို တီးမှုတ်ကြစဉ် ဆဋ္ဌသံဂီတိ သံဃနာယက ဆရာတော်သည် ထေရာသန ပလ္လင်ထက်သို့ ကြွတော်မူကြောင်း။

ထိုနောက် သမ္မတိရ သံဃမဟာနာယက ကိုယ်စား အလှည့်ကျ အုပ်ချုပ်ဆောင်ရွက်ရန် သဘာပတိ ဆရာတော်များ၏ စာရင်းကို ကျေညာပြီးနောက် ဝန်ဆောင်သံဃအဖွဲ့ဝင် ဘဒ္ဒန္တပဏ္ဍိတက တတိယသန္နိပါတဖွင့်ပွဲ မင်္ဂလာ သြဘာစာကို ပါဠိမြန်မာ ၂-ဘာသာဖြင့် ဖတ်ကြားပြီးလျှင် ဆဋ္ဌသံဂီတိ သံဃမဟာနာယက က မိန့်ခွန်းစကား မြွက်ကြားတော်မူကြောင်း၊ ဆက်လက်၍ ထေရ၀ါဒနိုင်ငံများနှင့် အခြား ဗုဒ္ဓဘာသာ နိုင်ငံများမှ နာယက ဆရာတော်ကြီးများက အသီးအသီး မိန့်ခွန်းစကား မြွက်ကြားတော်မူကြကြောင်း၊ ထိုနောက် ကမ္မောဒီးယား ဘုရင် မင်းမြတ်၏ ကိုယ်စား ကမ္မောဒီးယား နိုင်ငံ၀န်ကြီးချုပ်က လျှောက်ပြီးလျှင် မြန်မာနိုင်ငံတော် သမ္မတကြီးက လျှောက်ထားကြောင်း။

ဒုတိယပိုင်းအစီအစဉ်

ထိုနောက် သံဃမဟာထေရ်က လောနိုင်ငံ သာသနာပိုင် ဆရာတော်အား ဆဋ္ဌသံဂီတိ သံဃမဟာ

ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီး အဂ္ဂမဟာသီရိသဓမ္မ ဒေါက်တာဘူးနှင့် လောနိုင်ငံ အိမ်ရှေ့မင်းသားကြီးတို့သည် လိုဏ်ဂူတော်ကြီးသို့ ကြွရောက်တော်မူပုံ။

H. E. *Agga Mahā Thiri Thudhamma* Dr. Ba U, President of the Union of Burma, and H. R. H. Crown Prince of Laos entering the Great Sacred Cave at the Opening Ceremonies of the Third Session of the Chaṭṭha Saṅgāyanā.

နာယက (ဒုတိယပိုင်း သဘာပတိ) အဖြစ်ဖြင့် ဆောင်ရွက်ရန် အလို့ငှါ ပါဠိဘာသာဖြင့် သမုတိပေးတော်မူရာ သံဃာတော်များက သဘောတူညီကြောင်း သာရ ၃-ကြိမ် ခေါ်ဆိုကြပြီး ဆဋ္ဌသင်္ဂီတိ သံဃမဟာနာယက မိန့်ခွန်းစကား မြွက်ကြားတော်မူကြောင်း။ ထိုနောက် လောနိုင်ငံအိမ်ရှေ့ဥပရာဇာ မင်းသားကြီးက လျှောက်ကြားပြီး တရုပ်ပြည်သူ့သမ္မတနိုင်ငံ တရုပ်ပုဒ္ဓဘာသာမိတ်ဆက် အဖွဲ့ခေါင်းဆောင် ဆရာတော် ရှီရော့မ်ကျော်လ်ဆိုက ဆဋ္ဌသင်္ဂါယနာ ထုတိမဂ်လာစကား လျှောက်ထားပြီးနောက် ဆဋ္ဌသင်္ဂီတိ သံဃမဟာနာယက သဘာပတိ မထေရ်က အဂ္ဂမဟာပဏ္ဍိတ ဘဒန္တ သောဘန နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒန္တ ဝိစိတ္တသာရာဘိဝံသတို့အား အဂ်ုတ္တရနိကာယ ပဌမ ဘာဂဆိုင်ရာ ပုစ္ဆကနှင့် ဝိဿဇ္ဇက အဖြစ်ဖြင့် ဥ တ်ထားပြီး အသီးအသီး ဆောင်ရွက်ရန် အလို့ငှါ ပါဠိဘာသာဖြင့် သမုတိပေးတော်မူကြောင်း။

အပေး-အဖြေ

ဆက်လက်၍ ပုစ္ဆကဆရာတော်က ပုစ္ဆနဥတ်ထားပြီး ဝိဿဇ္ဇကဆရာတော်က ဝိဿဇ္ဇန ဥတ်ထားလျှက် ပိမိတ္တိ သက်ဆိုင်ရာ နေရာသို့ ကြွတော်မူကြကြောင်း။ ထိုနောက် အဂ်ုတ္တရနိကာယ ပဌမ ဘာဂကို ပါဠိ မြန်မာ ၂-ဘာသာဖြင့် မေးမြန်း ဖြေဆိုတော် မူကြပြီးနောက် သံဂီတိကာရက သံဃာတော်များက အဂ်ုတ္တရနိကာယ ကောနိပါတ် ရှပါဒိ ဝဂ်မှ ပဏိဟိတ အစ္ဆဝဂ် ကုန်သည်အထိ သံဂါယနာ တင်တော်မူကြပြီးလျှင် ပြီးဆုံးသည့်အခါ သာရ ၃-ကြိမ်ခေါ် ဆိုကြလျက် ပဌမနေ့ အခမ်းအနားရုတ်သိမ်းကြောင်း ကို ဘဒန္တနာဂဝံသက ပါဠိ မြန်မာ ၂-ဘာသာဖြင့် လျှောက်ထားကျေးဇူးပြုထိုးစည်နှင့် စည်တော်ကြီး ၁၀-ချက်ဖြင့် အချက်ပေး ရုတ်သိမ်းလိုက်ကြောင်း။

THE CHAṬṬHA SANGĀYANĀ THIRD SESSION OPENS

On the 28th April 1955, His Holiness Samdach Preah Mahā Sumedhādhipati Choun-Nath Jotaññāno, *Agga Mahā Paṇḍita*, Sangharājā of Cambodia ; His Holiness Samdach Phrabuddhajinoros Sakala-Mahāsangha Pāmokkha, Sangharājā of Laos ; the Sangīti-kāraka Mahātheras and Theras ; His Excellency the President, Dr. Ba U ; H.R.H. Crown Prince Savang Vatthana of Laos, the Princess and their daughter ; the Hon'ble Prime Minister U Nu ; the President of the Laotian Council, Mr. Kou Abhay; the Prime Minister of Cambodia, Mr. Leng Ngeth ; *Thado Thiri Thudhamma* U Thein Maung, Chief Justice of the Union and Mrs. Thein Maung ; *Thado Thiri Thudhamma* Sir U Thwin, President of the Union Buddha Sāsana Council and Lady Thwin ; the Hon'ble U Win, Minister for Religious Affairs, National Planning and Union Culture ; Judges of the Supreme and the High Courts ; members of the Diplomatic Corps ; special guests from Cambodia and Laos ; members of the Union Buddha Sāsana Council ; members of the General Council of Buddhist Women's Associations ; and many Buddhist nuns and lay devotees gathered to celebrate the Opening Ceremony of the Third Session of the Chaṭṭha Sangāyanā at the Mahā Pāsaṇa Guhā (the Great Cave) near the World Peace Pagoda, Yegu.

As soon as the distinguished guests had taken their allotted seats at the head of the lay audience, drums and gongs were beaten, when Ven'ble Bhaddanta Nāgavamsa, Honorary Secretary of the Sangha Bhāraniṭṭhāraka Sabhā announced both in Pāli and Burmese that it was an opportune and felicitous time to commence the proceedings of the Third Session. Then the Ven. U Visuddha, Joint Honorary Secretary of the Bhāraniṭṭhāraka Sabhā, on behalf of the Ven. *Agga Mahā Paṇḍita Yatha-zeya-yon* Sayadaw who is the most senior among the monks present there, proposed His Holiness the Sangharājā of Cambodia as the Chaṭṭha Sangāyanā Mahānāyaka. The Sangha then signified their assent by uttering *Sādhu* thrice, followed by the striking of gongs and blowing of conchs. After His Holiness the Sangharājā of Cambodia had taken his *Therāsana* (Presidential) seat, a list of Chaṭṭha Sangīti Anu-nāyaka (The Panel of Deputy Chairmen) was announced.

Ven. Bhaddanta Paṇḍita then read verses of Adoration in Pāli and in Burmese. After that, His Holiness the Sangharājā of Cambodia delivered his *Persidential Address*. This was followed by the addresses delivered by Mahātheras from various Buddhist countries and also that of His Excellency the President of the Union of Burma. The Session then broke off for a recess.

When the evening session was resumed at 3-10 p.m., the Sangha Mahāthera (the elder monk who is the most senior among those present) proposed to the Sangha the name of the Sangharājā (His Holiness the Supreme Patriarch) of Laos as the Chaṭṭha Sangīti Sangha Mahānāyaka (Chairman). The Sangha signified their assent by uttering *Sādhu* thrice, followed by the striking of gongs and blowing of conchs. After the Presiding Mahāthera of the Second Part of the proceedings delivered his *Presidential Address*, he appointed Ven. *Agga Mahā Paṇḍita Sobhana* (Mahāsi Sayadaw) and Ven. Tipiṭakadhara Dhammabhaṇḍāgārika Bhaddanta Vicittasāra as the Pucchaka (Questioner) and Visajjaka (Replier) with regard to Anguttara Nikāya Part I. The Questioner and the Replier assumed their seats and carried out their duties as usual. After they finished a certain portion, the Sangha recited the Anguttara Nikāya Part I from the beginning of the Book. At the end of the recitation, all present uttered *Sādhu* thrice and the Ceremony came to a conclusion.

An address of veneration delivered by Phra Dhammadhira Mahamuni Puṇṇaka Mahāthera, leader of the Thai Sangha Delegation at the Opening Ceremony of the Third Session of the Chaṭṭha Sangāyanā.

BHANTE MAHATHERANUTTHERAS,

YOUR EXCELLENCY THE PRESIDENT OF THE UNION OF BURMA,

EXCELLENCIES, GENTLEMEN, LADIES:

Today is the epoch making day on which the Third Session of the Sixth Great Buddhist Council commences in this Mahā Pāsāṇa Guhā (the Great Cave) and which is attended by the zealous Sangha and lay devotees from all Theravādin countries—Thailand, Burma, Ceylon, Cambodia, Laos.

I am highly honoured to present myself here for the first time as the leader of the Thai Sangha Delegation, because the holding of a Buddhist Council is a Rare Opportunity and it is a specially important Sāsana affair which one is able with difficulty to find it during his lifetime. I am also inspired to witness the holding of this Sangāyanā, because such an onerous task relating to the Buddha's Sāsana can only be undertaken by devotees endowed with Pāramitā, (Perfections) cetanā (volition) and immense wealth.

In this country of the Union of Burma the Fifth Great Buddhist Council was held with the kind support of King Mindon in 2425 B.E., and the Texts were inscribed on marble slabs. As these inscriptions left by King Mindon have become evident as the basis for the Textual preparations in holding the Chaṭṭha Sangāyanā we consider that the people of this country are endowed with great Pāramitā and kusala (merits) to enable them to undertake such a mighty Sāsana task.

Bhante, this Sangāyanā is able to attribute greatly to the progress of the Buddha-Dhamma for years to come, inasmuch as it receives the ardent support of the Bhikkhu Sangha, the Government and also the people of Burma who have supplied both money and man-power with zeal and fervour.

Bhante, we consider that this auspicious Council could have been held by Burma alone ; but as it has been the joint effort of all Theravādin and Buddhist countries, we consider that the Sangha, the Government and the people of Burma have held this Great Council with a noble mind and a clean cetanā. In our country of Thailand, dāyakas and Dāyikas, though they are able to perform the Kathina ceremonies themselves, use to hold such ceremonies in co-operation with others, as is the usual custom and tradition. We therefore consider that the Burmese people have the same attitude of mind as the people of Thailand.

Bhante, by holding the Chaṭṭha Sangāyanā two main benefits can be achieved. They are (*i*) the Progress of the Buddha's Sāsana and (*ii*) the benefits of the people living in the world. By the Progress of the Buddha's Sāsana we mean the following benefits :

(*a*) that at this Council the Theras and Mahātheras from all Theravādin countries have an opportunity to meet one another thus promoting goodwill and brotherhood among them and strengthening their own mental faculties ;

(*b*) that the Text has been purified ; and

(*c*) that the Buddha-Dhamma can be propagated all over the world.

By the benefits of the people we mean that by holding this Sixth Great Council, the Bhikkhus from all parts of the world have an opportunity to meet one another here as brothers, and that the peoples residing in the Theravādin countries of Ceylon, Cambodia, Laos, Thailand and Burma have an opportunity also to meet as brothers thus strengthening the tie of friendship and Buddhist Brotherhood, and that Burma's fame will ring all over the world.

Bhante, the advantages are the outcome of this Chaṭṭha Sangāyanā which has been successfully carried out so far by the people of all Theravādin countries and the Sangītikāraka Bhikkhus who are spiritual descendants of the ancient Arahats like Mahā Kassapa Mahāthera.

By the inherent power of the Triple Gem and the Dhamma puja kusala cetanā (volitional action in connection with the Buddha Dhamma), may all Bhikkhus and peoples who participate in the holding of this Chaṭṭha Sangāyanā, and all sentient beings be free from all undesirable elements and be endowed with Mangala and advantageous Dhamma.

သမ္ဘောဒနိယကထာ

ယိုးဒယားသံဂိတိကာဂရကအမ္ဘဲ ခေါင်းဆောင်ဗရဝမ္မဝီရ မဟာမုနိ[ပဏ္ဍိတမဟာထေရ်] ဆရာတော်ကြီးက ဆဋ္ဌသံဂါယနာ တတိယသန္နိပါတဖွင့်ပွဲအတွက် လျှောက်ထားအပ်သော သမ္ဘောဒနိယကထာ

ဤဆဋ္ဌသံဂါယနာ တတိယ သန္နိပါတဖွင့်ပွဲ အစည်းအဝေးသို့ ကြွရောက်လာတော် မူကြသည့် (ကမ္မောဒီးယား ဆရာတော် အမှူးရှိသည့်) မဟာထေရ် အနေထေရ် စသော ဆရာတော် သံဃာတော် အရှင်မြတ်တို့နှင့်တကွ တိုင်းပြည်အသီးသီး မှ လာရောက်ကြသော ဥပါသကာ ဥပါသကီ သူတော်ကောင်း အပေါင်းတို့—

ဤနေ့သည် ယိုးဒယားပြည် စသော ထေရဝါဒ တိုင်းပြည်အသီးသီးတို့မှ မဟာပါသာဏလိုဏ်ဂူ အတွင်းသို့ အလွန်မွန်မြတ်လှသော စေတနာ သဒ္ဓါတရားတို့ဖြင့် နှစ်သက် ဝမ်းမြောက်စွာ ကြွရောက်လာတော်မူကြသော ဆရာတော် သံဃာတော် အပေါင်းနှင့်တကွ အားလုံးသော ဒါယကာ ဒါယိကာမ အပေါင်းတို့၏ ဆဋ္ဌသံဂါယနာ မဟာမွေ့သဘင် တတိယသန္နိပါတ ဖွင့်ပွဲကြီးကို ပြုလုပ်ကျင်းပကြသည့် မဟာမင်္ဂလာနေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည် အရှင်ဘုရား။

ဤနေ့-ဤအခါ၌ ယိုးဒယား သံဃာတော်များ၏ ကိုယ်စား ဤကဲ့သို့ ဆောင်ရွက်ခွင့်ရခြင်းမှာ တပည့်တော်အတွက် ပဌမဆုံး အကြိမ် ဖြစ်ပါသည် အရှင်ဘုရား။ ဤကဲ့သို့ ဆောင်ရွက်ခွင့်ရသည့်အတွက် အလွန်ပင် ဝမ်းမြောက်ခြင်း ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုလျှင် သံဂါယနာတင်သောကစိတ်ဆိုတာ တသက်တွင် တခါမျှ အလွန်တရာ ကြုံကြိုက်ခဲလှသော သာသနာရေးကိစ္စထူးကြီး ဖြစ်သည့်မြင် အလွန်တရာ မျှားပြားစွာသော ပစ္စည်းအင်အား ကုသိုလ်စေတနာအင်အား ပညာအင်အား. ရှိကြသည့် ပါရမီထူးသောပုဂ္ဂိုလ်များမှသာဆောင်ရွက်နိုင်သော သာသနာရေးကိစ္စကြီးဖြစ်သောကြောင့် အလွန်ပင် ဝမ်းမြောက်ခြင်း ဖြစ်ရပါသည်အဘုရား။

ထို့ပြင် ဤဗမာပြည်ကြီးမှာပင် မင်းတုန်း ရှင်ဘုရင် မင်းမြတ်ကြီးကိုယ်တော်တိုင် ကြီးမှူးပြီး သာသနာ သက္ကရာဇ် ၂၄၂၅-ခုလောက်က ၅-ကြိမ်မြောက် ပဋ္ဌမသံဂါယနာတင်ပြီးလျှင် ကျောက်ထက် အက္ခရာများ တည်ထားခဲ့သည့် အတွက်ကြောင့်ရင်း ကျောက်စာတော် စသည်တို့က ယခု ဆဋ္ဌသံဂါယနာမှာ အခြေခံ အနေအားဖြင့် သက်သေ တင်ပြနိုင်သော တိုင်းပြည်တပြည် ဖြစ်သည့် ဤတိုင်းပြည်မှာ နေကြရသော ဗမာလူမျိုးများ အား သာသနာ့အတွက် အလွန် ရှေးဘုန်း ရှေးကံ ရှိသော လူမျိုးများ ဖြစ်သည် ဟု ထင်မြင်ယူဆ ကြောင်းကိုလည်း ရိုသေစွာ လျှောက်ထားပါသည် အရှင်ဘုရား။

ဤကဲ့သို့ ရှေးဘုန်း ရှေးကံနှင့် ပြည်စုံသော လူမျိုးများ၏ တိုင်းပြည်၌ ဆောင်ရွက်ကြသော ဤဆဋ္ဌသံဂါယနာ မဟာမွေ့သဘင်ကြီးသည် ဗမာ လူမျိုးများအပေါင်း၏ လွန်ကဲသောလုံ့လဉာဏ်ဟနှင့် မြင့်မြတ်ကျယ်ဝန်းလှသော စိတ်ဓာတ်ကောင်းများ ရှိကြသည့်အတွက် မမှစက် အာဏာစက် နှစ်ဘက် အကူအညီရကြပြီးလျှင် အနာဂတ် သာသနာအလင်းရောင် အမှန်တရားများကို ပေးစွမ်းနိုင်သော သံဂါယနာ ပွဲထူးကြီး ဖြစ်ပါသည်အရှင်ဘုရား။

ဤထူးမြတ်ဧသော ဆဋ္ဌသံဂါယနာ မဟာမွေ့သဘင်ကြီးကို ဗမာပြည်သူ ပြည်သားများသည် မိမိတို့ တိုင်းပြည်တပြည်ထည်းပင် အောင်မြင်စွာ ဆောင်ရွက်နိုင်သော တိုင်းပြည်ဖြစ်သည် ဟု ယုံကြည်ပါသည်။ သို့သော်လည်း ယခုကဲ့သို့ ထေရဝါဒ နိုင်ငံ အသီးအသီး စုပေါင်းဆောင်ရွက်ကြခြင်းမှာ ဗမာပြည်ရှိ ဆရာတော် သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ၏ အလွန် ကျယ်ဝန်း မြင့်မြတ်သော စိတ်ဓာတ်သဘောထားဖြင့် ဤသံဂါယနာ ကိစ္စကို ဆောင်ရွက်ကြခြင်း ဖြစ်သည်ဟု ယူဆပါသည်၊ အဘယ့်ကြောင့်ဆိုလျှင်—

တပည့်တော်မျှား၏ ယိုးဒယားပြည်ရှိ ဒါယကာ ဒါယိကာမများသည် ကထိန်စသော ကုသိုလ် ကောင်းမှုမျှားကို ပြုလုပ်သော အခါ တဦးတည်း ပင် ပြုလုပ်ဆောင်ရွက်နိုင်သော အင်အားရှိကြပါသည်။ သို့သော်လည်း တဦးတည်း မဆောင်ရွက်ကြပဲ အများစုပေါင်း၍ ပြုလုပ်ဆောင်ရွက်လေ့ရှိသော ယိုးဒယားများ၏ (ပဝေဏီ)ထုံးတမ်းစဉ်လာ ကဲ့သို့ ဆောင်ရွက်ကြသည်နှင့် တူသောကြောင့် အထက်ပါ အတိုင်း မြင့်မြတ်သော စိတ်ထားဖြင့် ဆောင်ရွက်ကြခြင်း ဖြစ်သည် ဟု ယူဆသည် ဖြစ်ပါကြောင်း။

ထို့မတပါး ဤ ဆဋ္ဌသံဂါယနာ မဟာမွေ့သဘင်ကြီးကို ဆောင်ရွက်ရသည့်အတွက် (၁) ဗုဒ္ဓ သာသနာတော်ကြီး ၏ အကျိုး၊ (၂) လောကီသတ္တဝါများ၏ အကျိုးအားဖြင့် အကျိုးတရား နှစ်ပါးရစေနိုင်ပါသည်။ ထို့နှစ်ပါးတို့အနက် (၁) ဗုဒ္ဓ သာသနာတော်ကြီး၏ အကျိုးဆိုသည်မှာ ဤသံဂါယနာတင် ပွဲတော်ကြီးကို အကြောင်းပြုပြီး လျှင် ထေရဝါဒ နိုင်ငံအသီးသီးရှိ သံဃာတော်ပေါင်း အချင်းချင်း တွေ့ဆုံကြရသဖြင့် အခြားဘာသာဝင်များကဲ့သို့ မဟုတ်ဘဲ အလွန်မွန်မြတ်သော ကာယသာမဂ္ဂီစတ္တသာမဂ္ဂီ တရားများကို ရခြင်း၊ ပိဋကတ်သုံးပုံ ပါဠိတော်မြတ်မျှား ရွေးကထက် ပိုမိုပြီး အက္ခရာ ပဒ ဝါကျ စသည်များ သန့်ရှင်း စင်ကြယ်ခြင်း စသည်နှင့် ဗုဒ္ဓဘာသာကို ကမ္ဘာသို့ ပြန့်နှံ့စေနိုင်ခြင်းစသော အကျိုးများ ဖြစ်ပါသည်။' (၂) ဒုတိယဖြစ်သော လောကီ သတ္တဝါများ အကျိုးကတော့ ဤဆဋ္ဌသံဂါယနာ မဟာမွေ့သဘင်ကြီးအတွက် ရွေးက မတွေ့မမြင် ဘူးသော ကမ္ဘာအရပ်ရပ် နိုင်ငံအသီးသီးရှိ လူမျိုး အသီးသီးတို့နှင့် ချစ်ခင်စွာ တွေ့မြင် ပေါင်းသင်း ဆက်ဆံရခြင်း သီဟိုဠ်ပြည် ကမ္ဘောဒီးယားပြည် လာအို့စ်ပြည်၊ ယိုးဒယားပြည် စသော ထေရဝါဒ နိုင်ငံတွင်းရှိ လောကီလူမျိုးအချင်းချင်း မေတ္တာ သက်ဝင်ခြင်းနှင့် ဗမာ့သတင်း ကမ္ဘာသို့ ပြန့်စေခြင်းမျှ ဖြစ်ပါသည်။

ဤပြခဲ့ပြီးသော အကျိုးများကို ရခြင်းမှာလည်း ရှင်မဟာကဿပစသော ရှေးသံဂါယနာတင် မဟာထေရ်ကြီးတို့နှင့် တူတော်မူကြသော ယခု ဆဋ္ဌသံဂါယနာဝင် သံဂီတိကာရက အရှင်မြတ်ကြီးတို့၏ ဆောင်ရွက်မှုနှင့် ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံ အသီးသီးတို့က ဤကဲ့သို့ ညီညာဖျဖျ ပူးပေါင်း ဆောင်ရွက်ကြသည့်အတွက် အောင်မြင်စွာ ဖြစ်ပေါ်လာသည် ဟု ယူဆပါသည်ဘုရား။

ယခုအခါတွင် ဤဆဋ္ဌသံဂါယနာ မဟာမွေ့သဘင်ကြီးကို ဖြစ်မြောက်အောင် ပူးပေါင်း ဆောင်ရွက်တော် မူကြသော သံဃာတော် အပေါင်း လူဒါယကာ ဒါယိကာမ အပေါင်းတို့နှင့်တကွ လောကနေသူ သတ္တဝါများ အပေါင်းတို့သည် ဤ ဆဋ္ဌသံဂါယနာ မဟာမွေ့သဘင်ကြီးကို ဆင်ယင် ကျင်းပ ပြုလုပ်အပ်သော မေမ္မုဇာ ဂုသိုလ်စေတနာမြတ်၏ အာနုဘော်နှင့်တကွ ရတနာမြတ်သုံးပါး၏ တန်ခိုးတေဇော် အာနုဘော်တော် များကြောင့် အလိုမရှိအပ်သော (အနိဋ္ဌဖလ) မကောင်းကျိုး တရားများမှ ကင်းလွတ်ကြပြီးလျှင် အလိုရှိအပ်သော (ဣဋ္ဌဖလ) ကောင်းသော အကျိုးတရား အပေါင်းနှင့် ပြည့်စုံကြပါစေသား ဟု ဆုတောင်းမေတ္တာ ပို့သရင်း တပည့်တော်၏ ဤ(သမ္ဘောဒနိယကထာ)ကို နိဂုံးချုပ်စကားရိုသေစွာလျှောက်ထားအပ်ပါသည် အရှင်မြတ်တို့ဘုရား။



ကမ္ဘာဒိုးယားသာသနာပိုင် ဆရာတော်ဘုရားကြီး သုမေဓါဓိပတိဇောတညာဏော အဂ္ဂမဟာပဏ္ဍိတ က တတိယသင်္ဂါယနာ ပဌမပိုင်းတွင် သံဃမဟာနာယက အဖြစ် ဆောင်ရွက်နေပုံ။

His Holiness Samdach Preah Mahā Sumedhādhipati Chou-Nath Jotañ-ñāno, Agga Mahā Paṇḍita, acting as the Chairman of the first part of the Opening Ceremonies of the Third Session of the Chaṭṭha Sangāyanā.*

ကမ္ဘောဒီးယားနိုင်ငံသံဃရာဇာအဂ္ဂမဟာပဏ္ဍိတဆဋ္ဌသံဂီတိ တတိယသင်္ဂါတ သံဃမဟာနာယက ဒီနီ့ခွင့်း

သံဂီတိကာရက အရှင်သူမြတ်များနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီး၊ ဧည့်သည်တော် မင်းသားများ အမှူးရှိသော ဒါယကာ ဒါယိကာမ အပေါင်းတို့—

ဆရာတော်သည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ကျင်းပရေးနှင့် အချိန်ကာလ ရွေးချယ် သတ်မှတ်ရေးတို့ကို စတင်ဆွေးနွေးစဉ် အခါဝယ် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် ဗုဒ္ဓသာသနာအဖွဲ့တို့၏ ပင်လျှောက်ချက်အရ မြန်မာပြည်သို့ ကြွရောက်ခဲ့ပြီးလျှင် မန္တလေးမြို့ရှိ ပဋ္ဌမသံဂါယနာတင် ကုသိုလ်တော် ကျောက်စာများကို တွေ့မြင် ဖူးမျှော်ခွင့် ရရှိခဲ့လေသည်၊ ထို့ပြင် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ကျင်းပရန် အထူးလျှော်ကန်သင့်မြတ်လှပေသည်ဟူသော အချက်နှင့် စပ်လျဉ်း၍ ဆရာတော်သည် မြန်မာပြည်ရှိ သံဃာတော်များနှင့် လုံးဝ သဘောချင်း ကိုက်ညီသော ကြောင့် အလွန်ပင် ဝမ်းမြောက်ခဲ့ရပေသည်။

ထို့ပြင် ဆရာတော်သည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ပဋ္ဌမသန္နိပါတဖွင့်ပွဲသို့ ကမ္ဘောဒီးယားနိုင်င်း သံဂီတိကာရကများ၏ နာယကအဖြစ်ဖြင့် ကြွရောက်နိုင်ခဲ့သောကြောင့် အထူး ဝမ်းသာလှပေသည်၊ ဒုတိယသန္နိပါတသို့မူ ဝပ်ဥဏ္ဏလုံ ကျောင်းတိုက်မှ ဒုတိယသာသနာပိုင် ဘိက္ခုဖောဝိဝသ (ဝဇိရပညော)က ကမ္ဘောဒီးယားနိုင်ငံ သံဂီတိကာရကများ၏ နာယကအဖြစ်ဖြင့် ကြွရောက်ခဲ့လေသည်။

ဤသို့အားဖြင့် ကမ္ဘောဒီးယားနိုင်ငံမှ သံဂီတိကာရကများ ပါဝင် ဆောင်ရွက်ခဲ့သော လွန်ခဲ့သည့် သန္နိပါတနှစ်ရည် တိုဠ် အဘိဓမ္မာဒုရဏ ဣရ ညောင်ရမ်းဆရာတော်ဘုရားကြီးက ဆဋ္ဌသံဂါယနာ သံဃမဟာနာယကအဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့လေသည်။ ယခုအခါ ညောင်ရမ်းဆရာတော် ဘုရားကြီးသည် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေပြီ။ သံဃမဟာနာယကအဖြစ်ဖြင့် ဆရာတော်ဘုရားကြီး သိတင်းသုံးတော်မူခဲ့သည့် ထေရာ သနပလ္လင်တော်ကိုသာလျှင်မူ မြင်ရပေတော့သည်။ အထူးကြေကွဲဝမ်းနည်းဘွယ် ဖြစ်ပေသည် တကား။ သခ်ါရသဘောတရားမှန်သမျှသည် အနိစ္စချည်းပေတည်း။ သို့ရာတွင် ညောင်ရမ်းဆရာတော်ဘုရားကြီးသည် အနည်းဆုံး ဆဋ္ဌသံဂါယနာ မမ္မသဘင် အောင်မြင်မြီးဆုံးသည့် တိုင်အောင် သက်တော်ထင်ရှားရှိနေပါမူကား ကောင်းလေစ့ဲ။

"အနိစ္စာ ဝတ သခ်ါရာ ကိ ဝတ္တမ္ဘိ" "သခ်ါရ တရားမှန်သမျှ မမြဲ" ဟူ၍သာ နှလုံးသွင်းရပေတော့သည်၊အားလုံး သေဆုံးကြရပေမည်။ ရှေးဦးစွာ သေဆုံးခြင်း၊ နောက်မှ သေဆုံးခြင်း ဟူ၍သာ ခြားနားပေသည်။

ကမ္ဘောဒီးယား နိုင်င်သည်ကား ဗုဒ္ဓဘာသာ တုရားတော်ကို အထူး လေးစားသည့် ဘုရင်မင်းမြတ် အုပ်စိုးလျက်ရှိသော ဗုဒ္ဓဘာသာနိုင်ငံစစ်စစ် ဖြစ်ပေသည်။ ထို့ကြောင့် ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၏ ဝတ္ထုယသန္နိပါတသည် အလွန်နီးကပ်သော အနာဂတ်ကာလဝယ် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို ကမ္ဘာ့ဘဝနိုးလုံး လမ်းပုံးထွန်းတောက်စေမည် ဖြစ်သဖြင့် နောင်တော်များဖြစ်သော ဗုဒ္ဓဘာသာဝင် မြန်မာများ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသကဲ့သို့ ဗုဒ္ဓဘာသာဝင် ကမ္ဘောဒီးယားများကလည်း ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြပေသည်။

နိဂုံးချုပ် အားဖြင့် ဆုတောင်းလိုသည်မှာ သီကြားမင်း အမှူးရှိသော နတ်အပေါင်းတို့သည် ကျွန်ုပ်တို့ကဲ့သို့ ရတနာသုံးပါး၌ သက္ကဝင်ယုံကြည်ကြပါစေ။ ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး ချောမောအောင်မြင်စွာ ပြီးဆုံးခြင်းသို့ ရောက်အောင် စောင့်ရှောက်ကြပါစေ။ ကမ္ဘာတဝန်းလုံး ငြိမ်းချမ်းရေးနှင့် ဗုဒ္ဓတရားတော်အရ လိုက်နာကျင့်ကြံရေးထို့ အတွက် ဝိုင်းဝန်း ကူညီကြပါစေ။ ဤဆဋ္ဌသံဂါယနာတတိယသန္နိပါတတွင် ပါဝင်ဆောင်ရွက်တော်မူကြသော သံဂီတိကာရက အရှင်မြတ်များသည်လည်း ကျန်းမာတော်မူကြပါစေ။

သိဒ္ဓိကိစ္စံ သိဒ္ဓိကမ္မံ,
သမိဒ္ဓေတု နိရန္တရံ၊
သံဂီတိကာရကာနံ နော,
သုဝတ္ထိ ဟောတု သဗ္ဗဒါ။ ။

CHAIRMAN'S ADDRESS

Delivered by His Holiness Samdach Preah Mahā Sumedhādhipati Sanghanāyaka of the Mahānikāya sect of Cambodia and Agga-Mahāpaṇḍita of the Union of Burma, at the Third Session of the Sixth Great Buddhist Council (Chaṭṭha Sangāyanā) on 28th April 1955 (2498 B.E.) at Rangoon, Burma

BHANTE MAHATHERANUTTHERAS,

YOUR EXCELLENCY THE PRESIDENT OF THE UNION OF BURMA,

EXCELLENCIES, GENTLEMEN, LADIES:

I was here when the Union of Burma began to discuss the idea of the Sixth Great Buddhist Council and to choose the time, and made a trip to see the Marble Slabs at Mandalay on which, after the Fifth Great Council, the Tipiṭaka was inscribed and was very happy to be in complete agreement with all of you here that "the holding of the Sixth Great Council is most appropriate"

At the opening of the First Session of the Chaṭṭha Sangāyanā I was happy to attend as the leader of the Cambodian Delegation, and at the Second Session my coadjutor in Unnalom Monastery, the Venerable Preah Bodhivamsa (vajirappañño) led the Cambodia Delegation.

While we, the Cambodian Delegation, took part in both former Sessions, the late Venerable Bhaddanta Abhidhaja Mahā Raṭṭhaguru Nyaungyan Sayadaw Revata Mahāthera was the Sangha guide of the Meeting of the Chaṭṭha Sangāyanā. Now he has passed away and we see only the seat where he was used to sit as President of the Sangha. Oh! How regretful we are! It is indeed a terrible grief which has come upon us! We know that conditioned things are impermanent, but we wished him to be with us until at least the end of the Chaṭṭha Sangāyanā. **Aniccā Vata Sankhāra, Kim Vattabbam.** Conditioned things are impermanent, we must only say. Death comes to all. The only difference is that some must die before the others.

Let the great Session know that Cambodia is also a staunch Buddhist county being led by a King who is a most devout Buddhist. Therefore all Cambodian Buddhists delight in the proceedings of the opening of this Session as much as do the Burmese Buddhists, our brothers, because this will make the Teachings of the Exalted One to shine brightly all over the world in the near future.

In conclusion of this short message, let me pray to all Devas who are led by the Devarājā, Sakka and with their refuge in the Triple Gem as have we. May they help so that the Chaṭṭha Sangāyanā will be carried to a satisfactory conclusion in safety and in perfection. May they help the whole world to attain calmness and tranquillity and make the world to be faithful in the way of the Teaching of the Buddha. May this session of the Chaṭṭha Sangāyanā and all who participate therein be healthy and prosperous always.

SIDDHIKICCAM SIDDHIKAMMAM
SAMIJJHATU NIRANTARAM !
SANGITIKARAKANAM NO
SUVATTHA HOTU SABBADA !

May this accomplishment be ever successful and maintained !
May we Sangītikārakas be able to carry this out happily !



တတိယသङ္ဂါတ ဒုတိယပိုင်းဖွင့်ပွဲတွင် လာအိုနိုင်ငံတော် သာသနာပိုင်ဆရာတော်
ဘုရားကြီး ဖရားဗုဒ္ဓဇီနောရသ် သကလမဟာသံဃ ပါမောက္ခက သံဃမဟာနာယကအဖြစ်
ဆောင်ရွက်နေပုံ။

Chairman's address delivered by His Holiness Samdach Phrabuddhajinoros Sakalamahāsangha Pāmokkha, the Sangharājā of Laos at the Opening Proceedings of the Third Session of the Chaṭṭha Sangāyanā.

CHAIRMAN'S ADDRESS

Delivered by His Holiness Samdach Phra-buddhajinoros Sakalamahāsangha Pāmokkha, the Sangharājā of Laos at the Opening Proceedings of the Third Session of the Sixth Great Buddhist Council (Chaṭṭha Sangāyanā) on 28th April 2498 B.E. (1955 C.E.)

BHANTE MAHATHERANUTTHERAS,

YOUR EXCELLENCY THE PRESIDENT OF THE UNION OF BURMA,

EXCELLENCIES, GENTLEMEN AND LADIES:

It is well known that this is the Third Session of the Chaṭṭha Sangāyanā.

I am highly honoured to have the opportunity of being invited by the Union of Burma Buddha Sāsana Council to this Session and to act as a Chairman.

The First Great Buddhist Council, which was held shortly after the Demise of the Buddha, was presided over by the Ven'ble Mahā Kassapa Thera.

The Sangāyanās have been held to scrutinise and amend the slight differences that have crept into the Texts from time to time throughout the twenty-five centuries of the Sāsana.

The Chaṭṭha Sangāyanā, which is a joint undertaking of all the five Theravādin countries—Burma, Ceylon, Thailand, Cambodia and Laos—and Buddhist groups of other countries, will eliminate the slight differences in the scriptures that are to be found in the Texts of various Buddhist countries.

Only if the Teachings of the Buddha are preserved in their pristine purity will the Sāsana shine more than ever before.

This world in which we are living is full of sufferings. Only the Teaching of the Omniscient Buddha can lead us to peace and finally to Salvation.

The Sixth Great Buddhist Council will play a very important role to bring peace to the world.

Finally, may I, on behalf of all the Laotian Buddhists, wish that all those who are responsible for this great undertaking be well and happy.

May you all be peaceful and free from all kinds of suffering.

လောနိုင်ငံ သံဃရာဇာ ဆဋ္ဌသံဂီတိ တတိယသံဃမဟာ နာယက မိန့်ခွန်း

သံဂီတိ ကာရက ဘာသျင်မြတ်မျိုး ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီးနှင့် ညီညီသည်တော် မင်းသားများ၊ အမှုးရှိမ ဘ ဒါယကာ ဒါယိကာမ အပေါင်းတို့—

ဆရာတော်သည် နိုင်ငံတော်ဗုद्ध သာသနာအဖွဲ့၏ ပင့်ဆောင်ချက် အရ ဆဋ္ဌသံဂါယနာ မဟာမမ္မ သဘင် ၌ တတိယသန္နိပါတသို့ ကြွရောက်ခွင့် ရရှိသည့်အပြင် သံဃမဟာနာယက (သဘာပတိ) အဖြစ်ဖြင့် ဆောင်ရွက်ခွင့် ရရှိသောကြောင့် အထူး ဝမ်းမြောက်လှပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် မကြာမီ ကျင်းပအပ်သော ပဌမသံဂါယနာကို အရှင်မဟာကဿပ ကိုယ်တော်တိုင် အကြီးအမှူး ဦးစီးနာယကထေရ်အဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့ ပေသည်။ အဆိုပါ ပဌမသံဂါယနာ စသော သံဂါ ယနာမမ္မသာဝင်များကို သာသနာတော်နှစ်ပေါင်း ၂၅၀၀-ခန့် အတွင်း၁ယ် ဗုद्ध ပါဠိတော်များ တွင် အတန်ငယ် ဖြစ်ပေါ် လျက်ရှိသော ချိုယွင်း ချက်များကို စစ်ဆေးသုခ်သင်ရန် အလို့ငါ ကျင်းပခဲ့ ခြင်း ဖြစ်လေသည်။

မြန်မာ၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္မောဒီးယား၊ လော- ဟု ဆိုအပ်သော ထေရဝါဒ ငါးနိုင်ငံနှင့် တကွ အခြား တိုင်းပြည်များရှိ ထေရဝါဒ ဗုद्ध ဘာ သာဝင် ရဟန်းဘတာ်များ ပူးပေါင်းကာ တင်လျက် ရှိသော ဤဆဋ္ဌသံဂါယနာ မဟာမမ္မသဘင်သည် ဗုद्ध ဘာသာ နိုင်ငံအသီးသီးတို့၏ ပဋ္ဌကတော် မူ အရပ်ရပ်တို့တွင် ပေါ်ပေါက်လျက်ရှိသော ကွဲလွဲ ချက်များကို ပျောက်ပျက်စေလိမ့်မည်။

မြတ်စွာဘုရား၏ တရားတော်ကို မူလဘူတ အတိုင်း သန့်ရှင်းစင်ကြယ်စွာ ထိန်းသိမ်းနိုင်မှသာ လျှင် သာသနာတော်သည်လည်း အတိုင်းထက် အလွန် ထွန်းတောက်ပေလိမ့်မည်။

ဆဋ္ဌသံဂါယနာ-တတိယသန္နိပါတဖွင့်ပွဲတွင် လောနိုင်ငံတော် အိမ်ရှေ့မင်းသားကြီး၏ မိန့်ခွန်း

တပည့်တော် ရှိသေလေးမြတ်စွာ လျှောက်ထား ပါသည် သံဂီတိကာရက အသျင်သွယ်မြတ်တို့ဘုရား။

ယနေ့သည်ကား ပြည်ထောင်စု မြန်မာနိုင်ငံ တော်မှ ကြီးမှူးကျင်းပသည့် ဆဋ္ဌသံဂါယနာ တတိ ယ သန္နိပါတ ဖွင့်ပွဲကြီး ဖြစ်ပါကြောင်း။

လောနိုင်ငံကလည်း မိမိတို့နှင့် ဘာသာတူ ဖြစ် သော သီဟိုဠ်၊ ကမ္ဘောဒီးယား၊ ယိုးဒယား တိုင်းပြည်များနှင့်အတူ ဤအစည်းအဝေးကြီးသို့ တက်ရောက် ရပါသောကြောင့် ဝမ်းမြောက်လှပါ ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီး၏ ဖိတ်ကြားချက်အရ လောနိုင်ငံတော် ဘုရင်မင်း မြတ်နှင့် လောနိုင်ငံသူ နိုင်ငံသားတို့ ကိုယ်စား ဤတတိယသန္နိပါတကြီးကို ဖွင့်လှစ်ရန် တပည့် တော်၏ တာဝန်ကျရောက်၍ လာပါကြောင်း။

တပည့်တော်၏ နိုင်ငံတော်က ဤအစည်းအဝေး ကြီးသည် သုခအပေါင်းနှင့် ပြည့်စုံ၍ အကျိုးတရား များ ဖြစ်ထွန်းလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ကျွန်ုပ်တို့ နေထိုင်ရာ ဤကမ္ဘာကြီးသည်ကား ဒုက္ခ အပေါင်းတို့ဖြင့် ပြွမ်းတီးလျက်ရှိပေသည်။ သမ္ဗုद्ध မြတ်စွာဘုရား၏ တရားတော်သည်သာလျှင် ကျွန်ုပ်တို့အား ပစ္စုပ္ပန် သံသရာ နှစ်ဖြာ ငြိမ်းချမ်းမှု သို့ ဆောင်ကြဉ်းပေလိမ့်မည်။ ဆဋ္ဌသံဂါယနာ မဟာမမ္မသဘင်သည် ကမ္ဘာကြီး ငြိမ်းချမ်းမှုအ တွက် အထူး အရေးပါလှပေသည်။

နိဂုံးချုပ် အားဖြင့် လောနိုင်ငံ ဗုद्ध ဘာသာဝင် အပေါင်းတို့၏ ကိုယ်စား ဆုတောင်းပတ္ထနာ ပြုလို သည်မှာ ဤမမ္မသဘင်ကြီး အောင်မြင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြသော ယုဂ္ဂိုလ်အပေါင်းတို့သည် ကိုယ် စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။ ဒါယကာ ဒါယိကာမ အားလုံးတို့သည်လည်း ဒုက္ခအပေါင်းမှ ကင်းဝေး၍ ငြိမ်းအေးသာယာ ရှိကြပါစေ။

စစ်ဘေးစစ်ဒဏ်ကြောင့် လောကကြီးသည် က မောက်ကမ ဖြစ်၍ ကမ္ဘာသူ ကမ္ဘာသားတို့သည် တဦးကိုတဦးမယုံကြည်ခြင်း၊ မလိုမုန်းတီးခြင်းများ ဖြစ်ပေါ်လျက် ရှိရကား ဗုद्ध ရှင်တော်ဘုရား၏ တရားတော်က တဦးကိုတဦး နားလည်မှုရှိအောင် လမ်းထွင် ပေးနိုင်ပါပေသည်။ အာဟယ်ကြောင့် ဆိုသော် ဗုद्ध ဘာသာတရားတော်သည် သည်းခံ ခြင်း၊တဦးနှင့်တဦးမေတ္တာတရားထားခြင်းကိုဟော ပြဆုံးမသောဘာသာဖြစ်သောကြောင့်တည်း။

ရေးအခါကမူကား ဗုद्ध ဘာသာသည် ကိုယ် တိုင်းပြည်မှာသာ ထွန်းကားသည် ဟု ထင်မိကြပါ လိမ့်မည်၊ ယခုမူကား ဤဆဋ္ဌသံဂါယနာ မဟာ သဘင်ကြီးကို ဆင်နွဲလိုက်သဖြင့် တိုးပွါးမှု အသစ် တရပ်ကို ပြသလိုက်ခြင်း ဖြစ်ပါပေသည်။

မြန်မာနိုင်ငံတော်သည် နှစ်ပေါင်း တာရှည်စွာ ဗုद्ध ဘာသာ တရားကို ပကတိအတိုင်း တည်အောင် ရွက်ဆောင် နိုင်ကြောင်းကို မြန်မာ လူမျိုးတို့၏ သဒ္ဓါတရားနှင့် ဝိရိယက သက်သေခံပေလိမ့်မည်၊ ထို့ကြောင့် ကျန်ဗုद्ध ဘာသာ တိုင်းပြည်အားလုံး တို့က မြန်မာပြည်အား ထောမနာပြုကာ ကျေးဇူး တင်ကြပါကြောင်း။

ဤသို့သော စိတ်စေတနာတို့နှင့် တပည့်တော် တို့သည် ဤ သံဃမဟာ မမ္မသဘင်ကြီး၌ တပည့်တော်တို့ တိုင်းပြည်၏ကိုယ်စား တက်ရောက် ကာ ပါဝင်ဆင်နွဲရသည့်အတွက် တပြည်နှင့်တပြည် ရေးကထက် ပိုမို၍ ချစ်ခင်ရင်းနှီးလာလိမ့်မည် ဟု မြော်လင့်ရပါသည်။

အသျင် သူမြတ်မျိုးဘုရား၊ လောနိုင်ငံတော် ဘုရင်မင်းမြတ်နှင့် တိုင်းသူပြည်သားတို့၏ကိုယ်စား ဤဆဋ္ဌသံဂါယနာ တတိယသန္နိပါတကို စတင် ဖွင့် လှစ်ရသော၌ကြောင့် ဝမ်းမြောက်မဆုံးသာ ဖြစ်ရပါ ကြောင်းကို လျှောက်ထားအပ်ပါသည်ဘုရား။

Speech of His Royal Highness the Crown Prince of Laos at the Opening Ceremony of the Third Session of the Chaṭṭha Sangāyanā.

Today the meetings of the Third Session of the Chaṭṭha Sangāyanā commence, held under the auspices of the Union of Burma.

The Kingdom of Laos, in fellowship with the countries of the same spiritual communion, Ceylon, Cambodia, Thailand, and the Union of Burma, is happy to take part.

At the invitation of the President of the Union of Burma, it falls to my pleasant duty on this occasion to open the Session in the name of His Majesty the King of Laos and of the people of Laos.

Our country brings to this Council an ardent faith in its happy outcome and in its beneficent influence.

To a world turned upside down as a result of war, to peoples labouring under mistrust, suspicion and hatred, Buddhism opens the way to understanding because it teaches tolerance and regard for one's neighbours.

Peace is its essence, confidence its force. In the present circumstances there is no need to underline the importance of this Council. Its range is worldwide.

In the past it may have seemed, perhaps, that Buddhism was static, but by the meeting of this Council, it shows a new and progressive activity.

Burma has through the centuries, been able to maintain Buddhism in its purity and the vigour and the faith of the people is a shining example. The Buddhist world devotes its gratitude and admiration to her for that.

In an atmosphere of such spiritual intimacy we can only wish that we may see our country, represented at this Council, ever more and more strengthened in the bonds of friendship which exist between us.

Venerables,

Gentlemen,

In the name of His Majesty the King of Laos and in the name of the people of Laos, I have the great happiness to declare open the Third Session of the Chaṭṭha Sangāyanā.

His Royal Highness Prince Savang Vatthana, Crown Prince of Laos, on behalf of His Majesty King of Laos, declaring the Second Part of the Third Session of the Chaṭṭha Sangāyanā open.

ကမ္ဘုဇလဝ ဆဋ္ဌသံဂီတိတတိယသင်္ဂါယနတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီး အဋ္ဌမဟာသိရိသုဓမ္မ ဒေါက်တာဘဦးဘဦး၏လျှောက်ထားချက်

An address of veneration delivered by H.E. Agga Maha Thiri Thudhama Dr. Ba U, President of the Union of Burma at the Opening ceremony of the Third Session of the Chaṭṭha Sangāyanā

To the Presiding Mahāthera and Sangitikāraka Mahātheras and Theras

MOST RESPECTFULLY. BHANTE,

I am much inspired to declare that we have been born among a people of a country having experienced the five *dullabhas* (Rare Opportunities), namely,

(1) To obtain manhood;
(2) To have become a man at a time when there is a Buddha's Sāsana;
(3) To hear the Sudhamma;
(4) To have Saddhā (Faith), and
(5) To obtain monkhood.

Bhante, I am also delighted to find that the Sangha and the people of Burma, being not satisfied with only that, had a desire to promote the *Pariyatti*, the *Paṭipatti* and the *Paṭivedha* as much as they could, and have accordingly shared their responsibilities and carried out their respective duties.

Bhante, I do not think that it will be necessary for me to declare that the five previous Sangāyanās had been held for the purpose of revising the Text which is the foundation of the three Sāsanas and which comprises 84,000 units of Dhamma by the mighty Mahātheras and lay devotees of old with such deep respects as they would towards 84,000 Buddhas.

Bhante, the Chaṭṭha Sangāyanā has been divided into five sessions and all the five Buddhist countries have scheduled to conclude the same by the completion of 2,500 Sāsana years. By now we have successfully held the First and the Second Sessions of the Chaṭṭha Sangāyanā.

Bhante, the present Chaṭṭha Sangāyanā being the joint effort of all Buddhist countries, it was our earnest intention from the beginning that each of the Buddhist countries should preside at the Opening Ceremony of each Session of the Chaṭṭha Sangāyanā. In compliance with that earnest wish, His Holiness the Sangharaja of Cambodia and His Holiness the Supreme Patriarch of Laos are presiding over the first and the second parts of today's proceedings respectively. On behalf of the Sangha and the laity of the Union of Burma, I earnestly wish that these two mighty Mahātheras may be able to discharge their duties throughout the entire proceedings without a hitch.

Moreover, I am much inspired to notice that in response to the earnest wish of all the Theravādin countries, the Sangharājā of Cambodia, the Sangharājā of Laos, the Crown Prince of Laos and his family, and the distinguished guests from Cambodia and Laos are now participating in the Opening Ceremony of the Third Session, and on behalf of the people of Burma I beg to express my heart-felt gratitude for their kind attendance.

Bhante, in conclusion, I earnestly wish that all those who participate in the holding of the Chaṭṭha Sangāyanā be free from any kind of danger, inasmuch as the primary object of holding a Sangāyanā is to purify the Text so that the Buddha Sāsana may endure for long.

သံဃမဟာနာယကထေရ် အမှူးရှိသည့် သံဂီတိကာရက အရှင်သူမြတ်များအား တပည့်တော် ရှိသေလေးမြတ်စွာ လျှောက်ထားပါသည်ဘုရား။

တပည့်တော်တို့သည်—

(၁) လူ့ဘဝကို ရခြင်း။

(၂) ဘုရားပွင့်ရာ ခေတ်အခါနှင့် ကြုံကြိုက်ရန် ရခြင်း။

(၃) သူတော်ကောင်းတရားကို ကြားနာဘို့ရန် ရခြင်း။

(၄) သဒ္ဓါတရားနှင့် ပြည့်စုံသူအဖြစ်ကို ရခြင်း။

(၅) ရှင် ရဟန်း အဖြစ်ကို ရခြင်း။

ဟူသော "ဒုလ္လဘ"ခေါ်သည့် ရခဲသော အဖြစ်ငါးမျိုးစလုံးကို ရခဲ့ကြရသည့်နိုင်ငံများ၊လူမျိုးများ ဖြစ်ကြရသောကြောင့် ဝမ်းသာအားရခြင်း ဖြစ်ရပါသည်ဘုရား။

ထိုကဲ့သို့ ဒုလ္လဘ ငါးမျိုးစလုံးကို ပြည့်စုံအောင် ရရှိခဲ့ပြီးသော်လည်း တင်းတိမ် အားရခြင်း မရှိပါ။ ထို့ကြောင့် မြတ်စွာဘုရား တည်ထားတော် မူခဲ့သည့် ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မများကို တာရှည်စွာ တည်တံ့ရေး၊ ရှိရင်းအခြေထက် တိုးတက်ပြန့်ပွါးရေး၊ သန့်ရှင်းစင်ကြယ်ရေးများကို အဓိကထား၍ ရှင်ရဟန်းနှင့် လူဒါယကာများတို့သည် မိမိတို့ သက်ဆိုင်ရာ ဝတ္တရားများကို ခွဲဝေဆောင်ရွက်သည့်အတွက် ဘုရားတပည့်တော်သည် အတိုင်းမသိ ဝမ်းသာ အားရ ဖြစ်ရပါသည်ဘုရား။

အထူးအားဖြင့် သဒ္ဓမ္မသုံးပါးတို့တွင် အရင်းခံဖြစ်သည့် ရှစ်သောင်းလေးထောင် အရေအတွက် ရှိသော ပရိယတ္တိသဒ္ဓမ္မများကို ရှစ်သောင်းလေးထောင်သော ဘုရားရှင်တို့ကဲ့သို့ ကြည်ညိုလေးစားကြကာ သံဂါယနာ ငါးကြိမ်တိုင်တိုင် တင်တော်မူခဲ့ကြသည်ကို သိတော်မူကြပြီး ဖြစ်ပါ၍ အထူးလျှောက်ထားဘွယ် မလိုတော့ပါဘုရား။

တပည့်တော်တို့ ထေရဝါဒ နိုင်ငံများသည် သာသနာတော် ၂၅၀၀ ပြည့်ခိုန်နှင့် တပြိုင်နက် အပြီးသတ်တင်မည့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသာဂင်ကြီးမှာ သန့်ပါတမျှားကို ငါးကြိမ်ခွဲ၍ တင်ရန် သတ်မှတ်ခဲ့သည့်အနက် ပဌမ သန့်ပါတနှင့် ဒုတိယသန့်ပါတများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြရပါပြီဘုရား။

ဤဆဋ္ဌသံဂါယနာ တင်ပွဲမှာ ထေရဝါဒ သံဂါယနာတင် ပွဲတော်ဖြစ်သည့်အတိုင်း ထေရဝါဒနိုင်ငံများမှ အလှည့်ကျစီ ကြိုးမူးတင်ဆောင်ရန် ရည်ရွယ်ခဲ့ပါသည်။ ရည်ရွယ်ချက် ရှိခဲ့သည့်အတိုင်း ထေရဝါဒ ငါးနိုင်ငံရှိ သံဃာတော်များနှင့် လူပုဂ္ဂိုလ်တို့၏ သဘောတူညီချက်အရ ဆဋ္ဌသံဂီတိ တတိယသန့်ပါတဌ် ကမ္မဇသံဃဆရာ အရှင်မြတ်သည်၊ဆဋ္ဌသံဂါယနာ တတိယသန့်ပါတ သံဃမဟာနာယက အဖြစ်ရင်း၊ လဝပြည်မှ သံဃဆရာ အရှင်မြတ်သည် ဒုတိယ သံဃမဟာနာယကအဖြစ်ရင်း၊ ဆောင်ရွက်တော်မူကြပါသည်။ ဤကဲ့သို့ ဆောင်ရွက်ထုတ်ဌ် ဘေးအန္တရာယ်မရှိ ဆုံးခန်းတိုင်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေ ဟု ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများ ကိုယ်စား တပည့်တော် ဆုတောင်းပါသည်။

ထို့ပြင် ထေရဝါဒ ငါးနိုင်ငံရှိ ရှင်လူအပေါင်းတို့၏ သဘောတူ လိုလားချက်ကို လေးစားစွာ လိုက်နာသောအားဖြင့် ကမ္ဘောဒီးယားနှင့် လဝနိုင်ငံများမှ မင်းညီ မင်းသားများနှင့် လူထုခေါင်းဆောင်များ ကိုယ်တိုင် ကြွလာကာ ဤတတိယသန့်ပါတဖွင့်ပွဲတွင် ပါဝင်သည်ကို တွေ့မြင်ရသောကြောင့် ဝမ်းသာအားရ ကျေးဇူးတင်လှပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများ ကိုယ်စား ပြောကြားပါသည်။

သာသနာတော် အရှည်သဖြင့် စင်ကြယ်စွာ တည်တန့်ရန် အလို့ငါ ဆဋ္ဌသံဂါယနာတင်ပွဲကို ကျင်းပကြရခြင်း ဖြစ်သည့်အတိုင်း ပါဝင်ဆောင်ရွက်သည့် ရှင်အားလုံးတို့မှာလည်း ဘေးရန်မရှိ ဆုံးခန်းတိုင်မြောက် အပြီးရောက်အောင် ဆောင်ရွက်နိုင်ကြပါစေ ဟု ဆုတောင်းပတ္ထနာ ပြုပါကြောင်းပါဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီး
အဂ္ဂမဟာ သီရိသုဓမ္မ ဒေါက်တာဘဦး က
တတိယ သင်္ဂါယနတဖွင့်ပွဲတွင်
လျှောက်ကြားနေပုံ။

H. E. *Agga Mahā Thiri Thudhamma* Dr. Ba U, President of the Union of Burma, delivering an address of veneration at the Opening Ceremonies of the Third Session of the Chaṭṭha Sangāyanā.



တတိယသန္ဓိပါဠိတ အခမ်းအနားမှင့် ညြှတ်ခြင်း

၁။ နိသာမေန္တ၊ ဘဒ္ဒန္တာ မေ,
ဆဋ္ဌေမ ဓမ္မသင်္ဂဠေ၊
တတိယေ သန္ဓိပါတမှိ,
သင်္ဂါယိတုံ သုမန္တိယ။ ။

၂။ သမ္ဗတ် သုဋ္ဌု သုတ္တန္တ,
ပိဋကန္တေ္ဇဝကမ် ဝရဲ၊
ကေကာဒိနိပါတေဟိ,
ယုတ္တမင်္ဂုတ္တဆုဝမ်။ ။

၃။ ကတ္ဝာ ယမကမောသာနံ,
အဘိဓမ္မဉ္စ သာဒုကံ၊
သင်္ဂါယိတုမိမံ ဓမ္မ,
သဘံ နော ဝိဝရာမသေ။ ။

၁။ ဘဒ္ဒန္တ၊ တတိယသန္ဓိပါတသဘင် ဆင်ယင်ကျင်းပ ဤဌာနသို့ ကြွလာတော်မူ သူကော်စင် အရှင်မြတ်တို့ဘုရား။ မေ၊ ယခု တတိယသန္ဓိပါတသဘင် စတင်ဖွင့်လှစ်ရာ မင်္ဂလာစကား လျှောက်ထားသော ဘုရားတပည့်တော်၏။ ဝရနံ၊ ပါဠိတသွယ် မြန်မာဆွယ်၍ အကျယ်မပျံ့အောင် လျှောက်ထားသောစကားကို။ ဘဒ္ဒန္တ၊ အရိယာနယ်ဝင် အရှင်သူမြတ်ဘုရားတို့သည်။ နိသာမေန္တ၊ သာသနာတည်ကြောင်း အချက်ကောင်းဟု နှစ်ထောင်းကြည်သာ ကောင်းစွာ နားဆင်တော်မူပါကုန်ဘုရား။ ဆဋ္ဌေမ၊ သာသနာဝင် အစဉ်ဆောက်ဆခြောက်ကြိမ်ကျသော။ ဓမ္မသင်္ဂဠေ၊ ပဋ္ဌသံဂါယနာပဋ္ဌနှင့် တပဲ့ဆီစွာ ဂုဏ်ဝါပေါ်လွင် ဓမ္မသံဂါယနာပဋ္ဌသာတင်၌။ တတိယေ သန္ဓိပါတမှိ၊ ထေရဝါဒ အမည်ရသည့် ဌာနသီးခြား သံဃာများနှင့် တကူ မြန်မာ့တိုင်းရင်း အရှင်သံဃာတော်တို့ အာဘော်ညီမျှ တင်ဆိုကြမည့် တတိယသန္ဓိပါတ အစည်းအဝေးကြီး၌။ သင်္ဂါယိတုံ၊ ရှေးမိုစ်မျှ မလိုရအောင် ချိမြသာယာသံဂါယနာတင်ရန်အလို့ငှါ။ သုမန္တိယ၊ ဒေများသဘောတူ ကြည်ဖြူ ရှင်ပြ ကောင်းစွာ တိုင်ပင်တော်မူကြ၍····

၂။ သုဋ္ဌု၊ မှန်ကန်ကောင်းမွန်စွာ။ သမ္ဗတ်၊ ၁၃၁၆-ခု တပ်တွဲလဆန်း ၆-ရက် စနေနေ့၌ ဝန်ဆောင်သံဃအစည်းအဝေးတွင်၊ ဆွေးနွေးတင်ပြ အများသဘောကျသဖြင့် ချမှတ်ထားအပ်သော။ သုတ္တန္တပိဋကန္တေ္ဇဝကမ်၊ သုတ္တန်ပိဋကတ်တော်တွင် အကျုံးဝင်သော။ ဝရဲ၊ နှတ်လူတို့သည် ပူဇော်အပ်၍ မြတ်တော်မူထသော။ ကေကာဒိနိပါတေဟိ၊ ကေကနိပါတ်စသည်တို့နှင့်။ ဝါ၊ ကေကနိပါတ်အစ ကောဒသကနိပါတ် အဆုံးရှိသော နိပါတ်တော် တဆဲ့တခုတို့နှင့်။ ယုတ္တံ၊ အမြဲအစဉ် တွဲယှဉ်လျက်ရှိသော။ အဂ္ဂုတ္တဆုဝမ်၊ အသျှင်အနရုဒ္ဓါမှ ဆင်းသက်သည့် တပည့်အဆက်ဆက်တို့ ဆောင်ရွက်တော်မူလာခဲ့သော သုတ်အားဖြင့် (၉၅၅)သုတ်၊ ဘာဏဝါရအားဖြင့် ၁၂-အရေအတွက် ရှိသော အဂ္ဂုတ္တရနိကာယ် ပါဠိတော်ကိုလင်း····

၃။ ယမကံ၊ ယဒေဝမ္မ ခေါ် ဆိုရသည့် ယမကမည်မှန်း မြတ်ဆယ်ကျမ်းကို။ ; ညြသာနံ,ကကွာ၊ ဒေသနာကာလ မလွန်ရအောင် တွက်ဆသမှ အဆုံးပြု၍။ ဝါ၊ သတ်မှတ်ပိုင်းခြား အဆုံးထား၍။ အဘိဓမ္မဉ္စ၊ အသျှင်သာရိပုတ္တရာမှ ဆင်းသက်သည့် အသျှင် ဘဒ္ဒဇိ အသျှင်သောဘိတ စသော မဟာထေရ် အစဉ်အဆက်တို့ ဆောင်ရွက်တော်မူလာခဲ့သော အကျယ်အားဖြင့် အပိုင်းအခြားမရှိ ချုပ်ငြိမ်စဉ် အားဖြင့် (၁၄၃) ဘာဏဝါရရှိသော အဘိဓမ္မာ အောက်ခြောက်ကျမ်းကိုလင်း။ သာဒုကံ၊ ပုံ၊ ပါဠိ အကွေ့ရာ ပြစ်ဆာလွတ်ကင်း သန့်ရှင်းကောင်းမွန်စွာ။ သင်္ဂါယိတုံ၊ ပေါင်းစုရွတ်ကာ သံဂါယနာတင်ခြင်းငါ့။ ဣမံ ဓမ္မသဘံ၊ ထေရဝါဒနိုင်ငံအလုံးစုရုံးဆင်ယင် ကြည်လင်ခိုင်ပြီး ဤကမ္ဘာ့လောဝသန္ဓိပါတ- ဟု ခေါ်တွင်မည့် တတိယသန္ဓိပါတ မဟာဓမ္မသဘင်ကြီးကို။ နော မယံ၊ ဘုရားတပည့်တော်တို့သည်။ ဝိဝရာမသေ၊ သုနက္ခတ္တ သုမင်္ဂလ အောင်သံမြွှက်ကာ အောင်ညြှဘာဖြင့် သာသနာ ဝင်-မဟာဝင်တွင် ဂုဏ်အင်ပြန့်ပြော နောင်အုံ့ညြှ လောက်အောင် ကမ္ဘာ့ဒီးယားဆိုင်ရာ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် လောနိုင်ငံဆိုင်ရာ သာသနာပိုင် ဆရာတော်ကြီးတို့ကို ဦးစီးဥက္ကဋ္ဌ တင်ထားကြ၍ ဒီဋ္ဌသေချာ- ဖွင့်လှစ်ကြပါတော့ မည်ဘုရား။

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သော် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းထက်တွင် ထက်မြက်သော စိတ်ထားဖြင့် ဘုရားအလောင်းတော် သုမေဓာ သူဌေးသည် "၁-တိဏ္ဏော တာရေယျ-ငါသည် သံသရာဝဲညြသထဲမှ လွဲဖယ် ကူးမြောက်နိုင်လျှင် သတ္တဝါအပေါင်းကိုလည်း ငါနှင့်ထပ်တူ ကူးမြောက်တော်မူစေအုံ့။ ၂-မုတ္တော မောစေယျ-ငါသည် ပရိစ္ဆိုသမျှပါဒ် စက်ရဟတ်မှ ကင်းပြတ်လွတ်မြောက်လျှင် သတ္တဝါအပေါင်းကိုလည်း ငါနှင့်ထပ်တူ လွတ်မြောက်တော်မူစေအုံ့။ ၃-ဗုဒ္ဓေါ မောဓေယျ-ငါသည် သစ္စာလေးတန် တရားမှန်ကို ဝေဘန်ပိုင်ပိုင် သိစွမ်းနိုင်လျှင် သတ္တဝါအပေါင်းကိုလည်း ငါနှင့် ထပ်တူ သိမြင်တော်မူစေအုံ့"

ဤသို့သော ကြုံးဝါးချက် သုံးတန်ဖြင့် တဆံခြည်မျှ နောက်တွန့် ကြောက်ရွံ့ခြင်း မရှိပဲ စွဲမြဲခိုင်မာသော ဝိရိယာဓိပတိ တရားလက်ကိုင်ထားပြီးလျှင် ကြိုးစားအားထုတ်တော် မှုခြင်းကြောင့် လောကကို ထွင်းဖောက်၍ ဘုရားအဖြစ်သို့ ရောက်တော်မူသော ဂေါတမနယ်ဘုံား မြတ်စွာဘုရား၏ သားချစ်အရှိယာ ပဌမသံဂါယနာတင် အသျှင်မြတ်တို့မှ တစဉ်တည်း ကူးယှဉ်လျက် ဆင်းသက် ဆက်နွယ် လာတော်မူကြသော သံဂီတိကာရက သံဃာတော် အသျှင်သူမြတ်တို့ဘုရား။

မြတ်စွာဘုရား၏ သာသနာတော်သည် သတ္တဝါတို့ ကောင်းကျိုးအတွက် သက်သက် ကေန်ထားခဲ့သော အရာမှန်သော်လည်း ဖောက်ပြန်သော ဝိပလ္လာသ တရားဆိုးတို့၏ လွှမ်းမိုးဖိစီးချက်အရ သဒ္ဓမ္မသုံးဖြာ သာသနာ ပျက်စီးကြောင်းတို့သည် ဦးခေါင်း မော်ကာ မော်ကာနှင့် ပေါ်လာတတ်သောကြောင့် သာသနာတော်မြတ်ကြီးသည် ပျက်စီးယိမ်းယိုင်၍ ထိန်းမနိုင် ဖြစ်ရတတ်သည်များကို စဉ်းစားသတိ ရှိကြီးရှိတော်မူကြသော ထေရဝါဒ နွယ်ဝင် အသျှင်သံဃ၊ တော်မျှားနှင့်တကူ သာသနဒါယကာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ထေရဝါဒနိုင်ငံ အပါအဝင် ကမ္ဘာ့ဒီးယားဘုရင့်ကိုယ်စား ကြွရောက်လာသော ကမ္ဘာ့ဒီးယားနှန်းရင်းဝန်ကြီး စသော သာသနာစောင့်ပွဲ့ဂိုလ် အပေါင်းတို့သည် နောက်နှောင်းစဉ်လာ သာသနာတော်မြတ်ကြီး ခိုင်ပြီး ဖွံ့ဖြိုးသဖြင့် လောကကောင်းကျိုး ကမ္ဘာ့ကောင်းကျိုး အဆင့်ဆင့် တိုးပါစေ ဟူသော သမ္မာဆန္ဒ အာသီသဖြင့် ဆဋ္ဌသံဂါယနာ ဓမ္မသဘင်ကြီးကို ဆင်ယင်ကျင်းပလျက် သံဂါယနာတင်လာခဲ့ကြရာ ယခုအခါ တတိယသန္ဓိပါတ သုံးကြိမ်မြောက် တင်ဆိုပွဲသို့ပင် ဆိုက်ရောက်လာပြီ ဖြစ်ပါကြောင်း။

သို့ဖြစ်သည်အားလျှော်စွာ ဝိသာခါ နက္ခတ်နှင့် စန်းယှဉ်၍ ရင်ခတ်သရဝတ်တို့ စီရရိ ဖူးပွင့်ရာ ဘုရားအလောင်း သုတော်ကောင်းတို့ ဖွားမြင်တော်မူရာ ဘုရားအဖြစ်သို့ ရောက်တော်မူရာ အသခ်တနိမ့်မှာန် နှင်းသို့ စံမြန်းတော်မူရာ ဝေသာခမသာ ကဆုန်လဆန်း (၇)ရက်၊ နေ့ ၁-နာရီ မိနစ် ၃၀-အချိန် မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ကမ္ဘာ့လာဝ သန္ဓိပါတ ဟု ခေါ်တွင်မည့် တတိယသန္ဓိပါတ အခမ်းအနား သာဝင်ကို စတင်ဖွင့်လှစ်ပြီ ဖြစ်ကြောင်း ကောင်းမှန်စွာဘိ ပါဠိကဗျာ မြန်မာစကားပြေ နှစ်ထွေ့ဖွဲ့သီ၊ အဘွေလီသွယ်ယှက် ပန်းဆယ်ခက်ကို ဦးထိပ်ထက် တင်မိုး၍ ရှိခိုးလျှောက်ထားအပ်ပါသည် သံဂီတိကာရကဝင် သံဃာတော် အသျှင်သူမြတ်တို့ဘုရား။

An address at the commencement on the Third Session (Cambodian-Laotian Session) of the Chaṭṭha Saṅgāyanā by Ven. Bhadanta Paṇḍita

To the Saṅgīti-kāraka Mahātheras and Theras.

MOST RESPECTFULLY. BHANTE,

I most respectfully request your venerables to kindly listen to an address of veneration delivered by me at the commencement of this Third Session (Cambodian-Laotian Session) of the Chaṭṭha Saṅgāyanā. The Saṅgīti-kāraka Bhikkhus from the Union of Burma and other Theravādin countries having decided to hold the Third Session of Chaṭṭha Saṅgāyanā wherein the Saṅgīti-kāraka Bhikkhus will recite the Text after the procedure adopted at the First Great Buddhist Council at Rājagaha the Bharanittharaka Sabha (Supreme Sangha Council) by a meeting held on the 6th Waxing of Tabodwe 1316 Burmese Era (29-1-55) unanimously decided to recite the following books which have been scrutinized by the Re-editing groups from all Theravādin countries :—

(1) The eleven books of the Anguttara Nikaya which have been carried by heart by the Venerable Anuruddha and a line of successors and which comprise 9,557 suttas to be recited in 120 reciting-sessions.

(2) The first six books of the Abhidhamma Piṭaka which have been carried by heart by the Venerable Sariputta, Ven. Baddajj, Ven. Sobhita and a line of successors and which were recited in 143 reciting-sessions.

Having made all these preparations the Third Session (Cambodian-Laotian Session) of the Chaṭṭha Saṅgāyanā is now to commence under the chairmanship of His Holiness the Sangharājā of Cambodia and His Holiness the Sangharājā of Laos.

Four asankheyyas and one hundred thousand world-cycles ago, the embryo Buddha in his Sumedhā existence made the following three determinations :

(i) *tinno tāreyyam* (I will first achieve Omniscience and then convey multitudes of beings across the Ocean of Samsāra.)

(ii) *mutto moceyyam* (I will strive to attain Freedom and then cause the multitudes of beings to attain Freedom like myself.)

(ii) *buddho bodheyyam* (I will find out the liberating law (Dhamma) which had become lost to the world, realise it myself and clearly proclaim it to the world.)

With these three determinations the embryo Buddha, in his past existences, had striven to become a Buddha with superhuman diligence and dexterity, and in his final existence, he passed the bounds of the the mundane sphere and became a Supremely Enlightened Buddha.

You, venerables, who are the descendants of the Disciples of the Omniscient Buddha :

It is true that the Teaching of the Buddha exists for the welfare of beings ; but it is also natural that the Sāsana shines at times and wanes when faced with adverse circumstances. Having well remembered this fact, the Sangha, the people and the Governments of all Theravadin countries have concertedly held the Sixth Great Buddhist Council, the Third Session of which is about to commence.

This month is the month of Visākhā—the month in which the Buddha was born, attained His Omniscience and also His Mahāparinibbāna. Now, at 1.30 p.m. on the 7th Waxing of this thrice sacred month of Visākhā, I most respectfully declare that the Third Session (Cambodian-Laotian Session) of the Chaṭṭha Saṅgāyanā now commences in this Mahā Pāsāṇa Guha (Great Cave).



ကမ္ဘောဒီးယားနိုင်ငံတော် ဝန်ကြီးချုပ် လန်ငက်သ်က ကမ္ဘောဒီးယားနိုင်ငံတော် ဘုရင်မင်းမြတ်၏ကိုယ်စား တတိယသန္နိပါတ ပထမပိုင်းဖွင့်ပွဲကို ကြေငြာနေပုံ။

H. E. Leng Ngeth, Prime Minister of the Kingdom of Cambodia, on behalf of His Majesty the King of Cambodia, declaring the First Part of the Kambuja-Lava Sannipāta (Cambodia-Laos Session) of the Chaṭṭha Saṅgāyanā open

သီဟိုဠ်နိုင်ငံတော် သံဃကိုယ်စားလှယ် ဆရာတော်

အာနန္ဒမေတ္တေယျ ဗဟုကြားတော်မူအစပ်သော သန္ဓေသကထာ

ကမ္ဘောဒီးယား သာသနာဝိုင် ဆရာတော် အမှုမ်ရှိသော ဆရာတော်ဘုရားကြီးများအား လေးစားညွှတ်ကျိုး ရှိခိုး ကန်တော့ပါသည်ဘုရား။

ဤမဟာဓမ္မသဘင်သို့ ကြွရောက်လာကြသော သံဃာတော်အရှင်မြတ်များနှင့် ပြည်ထောင်စု သမတကြီး၊ မင်းပရိသတ်၊ လူပရိသတ် အပေါင်းတို့ သံဃရာဇာ ဆရာတော်ကြီး အမှုးရှိသော သံဃပရိသတ်၊ လူပရိသတ်၌ တပည့်တော်အား စကားပြောဆိုခွင့်ပြုရန် တောင်းပန်ပါသည်ဘုရား....ယနေ့ အလုံးစုံသော ထေရဝါဒ နိုင်ငံတို့၌ ရှိကြသော ဗုဒ္ဓဘာသာဝင် အားလုံးတို့သည် သာသနာတော်ကြီးပွါးရေး၌ တပြိုင်နက် နီးကြားလျက် တဟုန်တည်း ထိုးတက်လာသကဲ့သို့ ထင်ပါသည်။

မကြာမြင့်မီ ရောက်လာမည့် သာသနာတော်ခိုစ်ထောင့်ငါးရာပြည့် အောင်ပွဲသဘင်ကြီး အတွက် ထေရဝါဒနိုင်ငံအားလုံးရှိ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် စွမ်းအားရှိသလောက် မိမိကိုယ်ကို အဆင်သင့် ပြင်ထားကြသကဲ့သို့ ဖြစ်ပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သာသနာတော် နှစ်ထောင့် ငါးရာ ပြည့်နှစ်၌ ကျင်းပမည့် ထိုဗုဒ္ဓအောင်ပွဲသဘင် အခမ်းအနားကို စောင့်စားမြော်လင့်နေကြသော ကမ္ဘာသူ ကမ္ဘာသားတို့၏ ကြီးမားသော ဉာဏာဟကို ဖြစ်ပေါ်လာစေသည့်အလား ဤပြည်ထောင်စုမြန်မာနိုင်ငံတော်၌ နိုင်ငံတော် အစိုးရနှင့် နိုင်ငံသူ နိုင်ငံသားတို့၏ ကြီးမားသော ထောက်ပံ့ကူညီမှုဖြင့် ခြောက်ကြိမ်မြောက် သံဂါယနာ ဤမဟာဓမ္မသဘင်ကြီးကား ထင်ရှားပေါ်ပေါက်၍ လာပါပြီ။ ဤဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ကို စတင်ကျင်းပသည့် နေ့မှစ၍ အစဉ်အတိုင်း တိုးတက်လာသည့် ဗုဒ္ဓဘာသာဝင် အားလုံးတို့၏ သာသနာတော် ထွန်းလင်းတောက်ပရေး၌ လှုန်ကဲ့သော အားထုတ်မှုသည်လည်း တနေ့တခြား ထင်ရှားလာသကဲ့သို့ ဖြစ်ပါသည်။ ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာသည် တကမ္ဘာလုံး၌ တချိန်ချိန်မှာ ပြန်လည် ထွန်းတောက် လိမ့်မည် ဆိုသည်ကို ယုံမှားဘွယ် မရှိပါ၊ ထိုသို့ ထွန်းတောက် လာချိန်၌ ဤဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ကြီးကို အကြောင်းပြု၍ ဤပြည်ထောင်စု မြန်မာနိုင်ငံတော်သည်ပင် ပဌမဦးစွာ ကမ္ဘာ၏ လေးစားရာ ဖြစ်လာလိမ့်မည်၊ သီဟိုဠ်နိုင်ငံ၌လည်း သာသနာတော် တိုးတက်လာစေရန် သီဟိုဠ်နိုင်ငံသူ နိုင်ငံသားတို့နှင့်တကွ သီဟိုဠ် အစိုးရတို့ကပါ အလုန်အဂဲ ကြိုးစားလျက်ရှိကြပါသည်။ ထိုသို့ ကြိုးစားအားထုတ်ရာ၌လည်း ဤဆဋ္ဌသံဂါယနာသည် သီဟိုဠ်နိုင်ငံတော် အစိုးရနှင့် နိုင်ငံသူ နိုင်ငံသားတို့အား မျှားပြားသော အထောက်အပံ့ကို ဖြစ်စေပါသည်။

ဥပမာအားဖြင့် ကံတဲခုကို အားထုတ်စိမ်ရာ၌ စေတနာသည် အခြားသော စေတသိက်တို့၏ ရှေသွားခေါင်းဆောင် ဖြစ်သကဲ့သို့ ထို့နည်းအတူ ဤသာသနာတော်ကြီး ထွန်းတောက်ရေး၌လည်း ပြည်ထောင်စုမြန်မာနိုင်ငံသည် (အထူးအားဖြင့်) ဤဆဋ္ဌသံဂါယနာသည် အခြားသော ထေရဝါဒ နိုင်ငံတို့၏ ရှေသွားလမ်းပြ ပဓာန ဖြစ်ပါပေသည်၊ သို့ဖြစ်၍ ဤပြည်ထောင်စု မြန်မာနိုင်ငံသည် ကမ္ဘာ တခုလုံး၏ လေးစားခြင်းကို ခံထိုက်ပါသည်။

ရတနာသုံးပါး၏ စွမ်းအားရှိန်စော် အာနုဘော်ကြောင့် ဤဆဋ္ဌသံဂါယနာသာဝင်ကြီးသည် ဆုံးခမ်းတိုင်မြောက် အပြီးရောက်သည့် တိုင်အောင် နှောင့်ယှက်မှု ကင်းကွာလျက် ကောင်းစွာ ဖြစ်မြောက်ပါစေသတည်း။ ယခုတိုးပွါးစေအပ်သော ကောင်းမှုသည်လည်း အလုံးစုံသော သတ္တဝါတို့အား နိဗ္ဗာန်ချမ်းသာအထိ ပို့ဆောင်နိုင်စေရန် ဆုတောင်းပါသည်။

ဤသည်ကား သီဟိုဠ်ကျွန်းသူ ရှင် လူ ရဟန်းတို့နှင့် တကွ သီဟိုဠ်နိုင်ငံတော် အစိုးရတို့၏ သန္ဓေသ ကထာ သဝဏ်လွှာ ဖြစ်ပါသည်။

An Address of Veneration delivered by Ven. B. Ananda Maitreya, leader of Ceylonese Delegation

YOUR HOLINESS THE SANGHARAJA OF CAMBODIA,
YOUR EXCELLENCY THE PRESIDENT OF THE UNION OF BURMA,
EXCELLENCIES, LADIES AND GENTLEMEN:

May my homage be to the Holy Triple Gem.

Today, as it seems, the whole Buddhist world has risen up in quite a new awakening and enthusiasm. They are preparing themselves, I suppose, for the Buddha Jayanti Festival which is near at hand. Their enthusiasm, their courage in holding this historical festival to be held at the fulfilment of the 25th century of the Buddhist Era, has been kindled and increased to a very high extent, as it were, by this Sixth Sangāyanā that is being now held in this country. Now, you are going to open the Third Session of this Great Convocation. From the beginning of this Sangāyanā up to this day, enthusiasm both of Bhikkhus and laymen in raising up the Sāsana, in spreading the Dhamma, as it seems, is gradually increasing in every country. I hope the Sāsana the Omniscient Buddha will spread all over the world once again before long. In this activity, this country of Burma will be duly paid honour and respect by all the other countries. Ceylon too, being very much encouraged by this Sixth Sangāyanā, is preparing itself to hold the Buddha-jayanti on a grand scale.

From the Abhidhamma point of view, *Cetanā* (Volition) is the leader and guiding principle to all other *Cetasikas* (Mental Factors) in performing a Kamma. In exactly the same way, in the present effort of hoisting up and propagating the Buddha Dhamma, this country of Burma has become the leader and guide of all other countries as Ceylon, etc.

May this noble Burma flourish in every respect and be free from all the troubles and tribulations by the Power of the Holy Triple Gem.

May this Sixth Sangāyanā be free from all obstacles and come to its perfection.

By the merits you acquire through this holy work, may you all attain Nibbāna, the Summum Bonum.

ဦးပညာလင်္ကာရ၏ သဝဏ်လွှာ

ရာဇဝင်မှာ မှတ်တမ်းတင်ရသည့် ဤအခါဝယ် ဓမ္မသဘင် အခမ်းအနားကြီးတွင် ရှင်တော်ဘုရား၏ ဒေသနာတော်ကို ကြည်ညိုလေးစားကြသော ကမ္ဘာ့ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့နှင့် တွေ့ဆုံခြင်းတည်းဟူသော အခွင့်ကောင်း ရခြင်းကို ပဌမဂုဏ်ယူလျက် ဝမ်းမြောက်စွာနှင့် အရှေ့ပါကစ္စတန် မဟာထေရနိကာယဘိက္ခုသံဃအသင်း ဥက္ကဋ္ဌ ဦးပညာလင်္ကာရကိုယ်စား နှုတ်ခွန်း ဆက်သလိုပါသည်။

ဤကဲ့သို့ အခွင့်ကြုံသည့်အခါ လျှောက်ထားပြောကြားလိုသည်မှာ တပည့်တော်သည် ဆရာတော်များနှင့် ရှေးက ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံခဲ့သူတဦး ဖြစ်ခဲ့ပါသည်၊ ဤမွန်မြတ်လှသော မြန်မာနိုင်ငံဝယ် စာပေပရိယတ္တိတက်ဌ အထူး ကျေဘ်ကြားခဲ့သော ငါးထပ်ကြီး ဆရာတော် ဦးဇဋ္ဌိလထံတော်၌ တပည့်တော်သည် ငယ်စဉ် အခါက ပညာသင်ကြားခဲ့ဘူးပါသည်။

တပည့်တော်တို့၏ ဒေသ၌ ဗုဒ္ဓဘာသာဝင်ပေါင်း ငါးသိန်းခန့်ရှိရာ ကြီးမားလှသော ရန်သူများ၏ အနှောင့်အယှက်အမျိုးမျိုးကို တွန်းလှန်ကာ ရှေး အစဉ်အလာအရ နှစ်ပေါင်း ၂၅၀၀-တိုင်အောင် ဗုဒ္ဓဘာသာ တရားတော်ကို တပည့်တော်တို့ လိုက်နာ ကျင့်သုံးခဲ့ကြပါသည်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများ နှင့် စပ်လျဉ်း၍ တပည့်တော်တို့သည် ယခုအခါ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာ အပေါင်းတို့နှင့် အတူတကွ ရှေ့သို့ တက်လှမ်းနိုင်သည့်အတွက် မျှားစွာ အားတက်မိပါသည်။

ရှေးအခါက ဣန္ဒိယမှာ ဘေးအန္တရာယ် အမျိုးမျိုးတို့နှင့် တွေ့ကြုံခဲ့ရပါ၍ တပည့်တော်တို့ ဗုဒ္ဓဘာသာဝင်များမှာ အနေအထိုင် ကြပ်တည်းခဲ့ပါသည်၊ ဘာသာရေး ယဉ်ကျေးမှုတို့နှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာဝင်များအတွက် အခက်အခဲများ တွေ့ကြုံခဲ့ရပါသည်၊

တပည့်တော်တို့မှာ ဣန္ဒိယမှ တခါတည်း ထွက်ခွါခဲ့ရသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ပါသည်၊ ထိုအခါက ရခိုင်ဘုရင်တပါး လက်အောက်ဖြစ်ခဲ့သော အရှေ့ပါကစ္စတန်ရှိ စစ်တကောင်း တောင်တန်းဒေသများမှာ ဗုဒ္ဓဘာသာဝင်တို့၏ ခိုလှုံ နေထိုင်ရာ ဒေသများ ဖြစ်ခဲ့ပါသည်၊ ကမ်ကောင်း၍ ပြောင်းရွှေ့လာသူများ ဖြစ်ကြသော တပည့်တော်တို့၏ ဘိုးဘေး မျှားအား ရခိုင်ဘုရင်တပါးက အထူး ဂရုပြုကာ အစွမ်းရှိသမျှ ထောက်ပံ့ပါသည်၊ ဗုဒ္ဓဘာသာဝင် များသည် ငြိမ်းချမ်းသာယာစွာ နေထိုင်၍ နေရာသစ် ဌာနသစ်များ၌ လုပ်ကိုင်ကြလျက် တဖြည်းဖြည်း စီးပွါးဥစ္စာ တိုးတက် ဖွံ့ဖြိုးလာကြပါသည်။

ခရစ်သကဌင် ၁၈၆၉-ခုနှစ် "ရန်ဂုနီအာ"မြို့ စစ်တကောင်းနယ် ထုဇာနဂါဌာနခွဲ မနီကျမထေရ နှင့် ရခိုင်ဆရာတော် ဦးဂုဏမဉ္ဇူတို့ကို အမှူးထား၍ ရခသရမဟာထေရ ရမ်ဒစ်-တိတန် နှင့် အဘယ မဟာထေရ်များ ပါဝင်လျက် အစည်းအဝေးကြီး တရပ် ကျင်းပခဲ့ပါသည်၊ ဘုရင်မ "တလင်ဒိရာနီ" ထံမှ ရရှိသော အလျူတောင်ငွေနှင့် ခမ်းနားသော သိမ်ကြီးတဆောင် ဖြစ်မြောက်ခဲ့ပါသည်၊ မြို့နယ်ရှိ မဟာထေရနိကာယ အသင်းကြီးမှ သံဃာတော်များနှင့်တကွ မြန်မာပြည်မှ ထင်ပေါ်ကျော်ကြားသော ဆရာတော်များကို ဤ ထူးခြားသော စည်းဝေးပွဲကြီးသို့ တက်ရောက်ရန် ဘိတ်မန္တ္တက ပြုခဲ့ပါသည်၊ တခါမျှ မကြုံခဲ့ဘူးသော စည်းဝေးပွဲကြီးမှာ အများကပင် ခါးကျူးထောပနာ ပြုလောက်အောင် ထမြောက်အောင်မြင်ခဲ့ပါသည်၊ တပည့်တော်တို့၏ ဗုဒ္ဓအလံတော်သည် အမြဲတစေ လွှင့်လျက်ရှိခဲ့ပါသည်၊ ထိုအခါမှစ၍ စစ်တကောင်း လူမျိုးများနှင့် မြန်မာများတို့၏ ချစ်ကြည်ရေး သည် ပိုမိုခိုင်မြဲလာခဲ့ကြပါသည်။

ထို့နောက် အဘယမဟာထေရ်, ရမ်ဒမဟာထေရ်, အဂ္ဂသာရမဟာထေရ်, မမ္မောဘတိသုဝဏ်လ မဟာထေရ်တို့သည် မဟာထေရနိကာယ အသင်းကြီးကို တိုးတက်အောင် ဆောင်ရွက်ကြ၍ ဗုဒ္ဓ ဒေသနာတော်ကို ပြန့်ပွါးစေခဲ့ပါသည်၊ အသွားအလာ ခက်ခဲသော အာသန်တောင်တန်းဒေသ များ၌ ဇီနုရတနမဟာထေရ် အရှင်သူမြတ်သည် ယခုအခါ တရားဟောလျက် ရှိနေပါသည်၊ ဗုဒ္ဓ တရားတော်သည်သာလျင် ဒုက္ခကင်းငြိမ်းရာ နိဗ္ဗာန် ရှေ့ပြည်ကို ကယ်တင်ပို့နိုင်မည်ကို အာသန် တောင် တန်းသားများသည် အမြင်မှန်ကို ရရှိလာကြပါပြီ။

ဘုရားကျောင်းများနှင့် စာသင် ကျောင်းများ တိုးတက်လျက် ရှိသည်ကို ကြည့်ခြင်းအားဖြင့် အာသန် တောင်တန်းဒေသများမှာ အဘယ်မျှ လောက် ဗုဒ္ဓဘာသာ ထွန်းလင်း တောက်မနေသည် ကို တပည့်တော်တို့ သိနိုင်ပါသည်၊ ကမ္ဘာလုံး ဆိုင်ရာ ဗုဒ္ဓဘာသာ သာမဂ္ဂီ ဥက္ကဋ္ဌနှင့်မဟာထေရ် အရှင်မြတ်သည် အရှေ့ပါကစ္စတန် ဒက်ကမ္ပြီတော်၌ သင့်လျော်သော ဘုန်းကြီးကျောင်း တကျောင်း ဆောက်ရန် အလို့ငါ့ ကြိုးစားလျက်ရှိပါသည်၊ ပြည် ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ အထောက်အပံ့ရသော ဆရာတော် ဝင်ကီသ ဘီ-အေ သည် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များနှင့် အရှေ့ပါကစ္စ တန် ဗုဒ္ဓဘာသာဝင်များ ပိုမိုရင်းနှီးလာကြရန် ဆောင်ရွက်လျက်ရှိပါသည်။

တပည့်တော်တို့ အသင်းဝင် ဆရာတော် အရိယ ဝံသမဟာထေရသည် ဒေလီမြို့မှ သီတင်းသုံးလျက် ဣန္ဒိယပြည်ရှိ ဌာနများသို့ လှည့်လည် တရားဟော လျက်ရှိပါသည်။

ရှင်သာမဏေများနှင့် ရဟန်းတော် များသည် သီဟိုဠ် မြန်မာနှင့် နိုင်ငံခြားများတွင် ပညာ သင်ကြားလျက်ရှိကြပါသည်၊ ထေရဝါဒီ ဗုဒ္ဓဘာသာ ဝင် များအတွက် အချိန်မရွေး သက်စွန့်ကြိုးပမ်း ဆောင်ရွက်ရန်နှင့် ကမ္ဘာတဝန်းလုံး အတွက် သာသနာတိုးတက်ဖွံ့ဖြိုးရန် တပည့်တော်တို့ မဟာ ထေရနိကာယ အသင်းကြီးက အမြဲတစေ ရည်သန် လျက်ရှိပါသည်။

ဆဌသံဂါယနာတင် မဟာဓမ္မသဘင်အစီအစဉ် များ စတင်စီမံ ဆောင်ရွက်သည့် ပုဂ္ဂိုလ်များအား ဆရာတော်ဦးပညာလင်္ကာရကိုယ်စား တပည့်တော် က နှုတ်ခွန်းဆက် မင်္ဂလာစကား ပြောကြား ရသည့်အတွက် ဂုဏ်ယူမိပါသည်၊ တပည့်တော်တို့ အား ယခုကဲ့သို့ ဘိတ်မန္တ္တကပြုခြင်းမှာ ပါကစ္စတန် ဗုဒ္ဓဘာသာဝင်များနှင့် မြန်မာများတို့၏ ချစ်ကြည် ရေး ပိုမိုခိုင်မြဲစေရန် ဖြစ်ပါသည်။

သာသနာတော် ထွန်းလင်းတောက်၍ စကြာ ဝဠာတဝန်းလုံး ငြိမ်းချမ်းသာယာပါစေသတည်း။

"သဗ္ဗေ သတ္တာ သုခိတာ ဘဝန္တု"

A MESSAGE OF GOODWILL FROM SANGHA NĀYAKA VINAYACHARYA U PANNYA LANKAR MAHĀTHERO, PRESIDENT OF THE MAHĀ NIKĀYA BHIKKHU SANGHA OF EAST PAKISTAN.

(Read by Ven. Dhamma Darshi Mahāthero).

At the outset I congratulate myself on having such an opportunity for association with you with a message of goodwill from Ven. U Pannya Lankar Mahāthero, President of the Mahāthero Nikāya Bhikkhu Sanga of East Pakistan on this historic occasion where so many loving and worthy followers of the doctrine of the Tathāgatha hailing from various parts of the globe have assembled.

I take the liberty of making mention at this opportune moment that I am not unknown to you. I owe much to this sacred Suvaṇṇa Bhūmi (Land of gold) by reason of the fact that I had the good fortune to be able to receive my early Dhammic education with the cultural touch of the well reputed Thero, Ngadat-kyi Sayadaw U Zatila Mahāthero of this sacred soil.

I happen to be a resident of a corner of a Buddhist land which is inhabited by about 5 lacs of the followers of Buddhism. The Buddhist of this part of the country have been able to maintain there an ancient tradition for nearly 2,500 years in the teeth of unspeakable odds which threatened to crush their existence. They feel proud at this present moment to be able to keep peace with the culture and civilization with the brothers of their own faith belonging to the different parts of the world.

Needless to lay stress that when oppression and harassment were rampant in India and when the very existence of the Buddhists was being swallowed, and at a time when it was simply difficult on their part to have recourse to their religion, culture and civilisation, the Buddhists were compelled to quit India for good and ultimately took shelter in Chittagong and Chittagong Hill Tracts which were then under the occupation of an Arakanese King. The Arakanese King then took up the cause of the unfortunate immigrants, the forefathers and predecessors of the present Buddhists of this land, and patronised them to the best of his power. Eventually the migrated Buddhists were afforded all possible facilities and they managed to tune themselves with their new environments and began to lead peaceful life here. In the long run they have however built up their new fortune here to a great degree. Early in 1869 A.D. a Conference took place at Rajanagar. P. S. Rangunia, Chittagong with Ven. Manikya Thero and the celebrated Arakanese monk Ven. Gunamiju of much repute in the lead, and with the assistance of Ven. Radhasaran, Mahāthero, Ramdas, Titan and Abhaya Sharan Mahāthero coupled with the patronage and financial help from Chakma Queen, Her Highness Kalindirani and a sacred Bhikkhu Sīmā was also established there. All the local Bhikkhus of Thero Nikaya together with the leading monks of Burma, were invited to this unique congregation. Thus this unprecedented function was a glorious success, and the banner of our holy religion was unfurled. This was the inception of the close tie of friendship between the Chaityagram and Suvaṇṇabhūmi, *i.e.* the Chittagonians and the Burmans.

Later on, Radha Sharan Mahāthero, Ramdhan Mahāthero, Ramdas Mahāthero, Aggasara Mahāthero, Dhammajyoti Mahāthero, Sumangal Mahāthero having been installed at the helm of Mahāthero Nikaya did a lot for the cause and the advancement of Dhamma. At present Ven. Jina Ratna Thero belonging to the Holy Order of Thero Nikāya has been rendering immense good in preaching the religion in the unpassable hills and the dales of Assam Province. As a result of his untiring zeal, and enthusiasm many people of that place have been able to perfectly realise the true spirit of Buddhism and have embraced Buddhism which leads to the highest Nibbāna peace and which is the only antedote for salvation. He has hitherto established numerous Buddhist temples and Parivena in the province, which amply testify to the appreciable spread of Buddhism there. Meanwhile the President of the Bouddha Kristi Prachar Sanga, President of the World Fellowship of Buddhists, Pakistan Regional Centre and Saddhamma Vanaka Ven. Visuddhananda Mahāthero has girded up his loins to establish a suitable Buddhist Monastery in Dacca, the capital of East Pakistan, under the due patronage of our benign Pak Government. He is also affording a great deal of facilities to a galaxy of Buddhist students in receiving higher education through the intermediary of the Aggarasara Pāli College. The stipend holder of the Buddha Sāsana Council and the Secretary to the Bouddha Kristi Prachar Sanga Ven. Bangish B.A. attached to this Thero Nikaya has been also doing immense good towards the World Buddhists and Pakistan Buddhists as a whole.

Another Buddhist monk, namely, Saddhamma Visarada, Tripitak Visarada Ven. Arya Vansa Thero belonging to this Thero Nikaya now stays in Delhi and is deeply engaged in preaching the religion in various places in India.

Besides, numerous Bhikkhus and Sāmaṇeras belonging to this Thero Nikaya received proper education in Ceylon, Burma and elsewhere. They have already sacrificed their lives for the general well-being of Theravādin Buddhists and they are seriously bent on promoting the welfare of the Dhamma as a whole in length and breadth of the globe.

Now, I consider myself fortunate, as I am in a position today to be able to carry the message of goodwill from Ven. U Pannaya Lankar Mahāthero for the esteemed organisers of the Chaṭṭha Sangāyanā. He is definitely of opinion that the present invitation of a delegate belonging to the Thero Nikaya cements the relationship and close connection between the Burmans and the Buddhists of the country I hail from.

With these I offer the renowned organiser of the Chaṭṭha Sangāyanā my sincere expression of hearty thanks for all that they have done in affording us and opportunity to represent our case in the unique occasion of the kind and I feel proud at this present moment in participating in an unique organisation which concerns all of us.

May the Session continue to bring about peace and happiness for all living beings of the universe.

Sabbe Sattā Sukhitā Bhavantu.

တရုပ် ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် "ရှီရပ်ဂျာစို"ဆရာတော်ဘုရားကြီးက ဆဋ္ဌသံဂါယနာတတိယသန္နိပါတသဘင်ဖွင့်ပွဲတွင်

ပြောကြားချက်

ဆရာတော်ဘုရားများ၊ ရဟန်းတော် များနှင့် ညီအစ်ကို မောင်နှမအပေါင်းတို့....

တရုပ်ဗုဒ္ဓဘာသာအဖွဲ့ ကိုယ်စားလှယ် ဗမာပြည်ကို လာရောက်လည်ပတ်ချိန်မှာ ယခုလို ခမ်းနားကြီးကျယ်တဲ့ ဆဋ္ဌသံဂါယနာ တတိယသန္နိပါတ ဓမ္မသဘင် ကျင်းပချိန်နှင့် ကြုံကြိုက်ပြီး ကိုယ်တိုင်ပါဝင်တက်ရောက်ခွင့် ရရှိလျက် ဗမာပြည်နဲ့ အခြား တိုင်းနိုင်ငံများရဲ့ ဆရာတော်ဘုရားများနဲ့ မျက်နှာချင်းဆုံ ဖူးမြင်ရသည့်အတွက် အထူးဘဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။

ကျွန်ုပ်တို့ မန္တလေးကို သွားရောက်လည်ပတ်ချိန်မှာ ကုသိုလ်တော်စေတီတော်အတွင်းမှာ ထားရှိတဲ့ ပဋ္ဌမသံဂါယနာ မြေသဘင်တုန်းက ထုထားသော တိပိဋကတ် ၃-ပုံ ကျောက်စာကို တွေ့မြင် ခဲ့ရတယ်၊ ဒီကနေ့ ဒီနေရာမှာ ဆဋ္ဌသံဂါယနာ တတိယသန္နိပါတသဘင်ကို တက်ရောက်နိုင်ပြီး၊ ဆရာတော်ဘုရားများ၊ ရဟန်းတော်များနှင့်တကွ ဗမာပြည်ရှိ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ရဲ့ကြိုးပမ်းမှုနဲ့ ဗမာပြည်အစိုးရရဲ့ အင်တိုက် အားတိုက် ထောက်ခံ အားပေးကူညီမှုအောက်မှာ ဤ ကြီးကျယ်ခမ်းနားတဲ့ လုပ်ငန်းကို ချောမောပြေပြစ်စွာ ဆောင်ရွက်နေတာကို တွေ့မြင်ရသည့်အတွက် ကျွန်ုပ်တို့ အထူးဘဲ ဝမ်းမြောက်ချီးကျူးမိပါတယ်။

ကျွန်ုပ်ဟာ တရုပ်ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ရဲ့ ကိုယ်စားအဖြစ်ရင်း၊ တရုပ်ပြည်ရဲ့ သံဃာတော်များနဲ့ ဗုဒ္ဓဘာသာဝင် အပေါင်းတို့ရဲ့ ကိုယ်စားအဖြစ်ရင်း သင်တို့အား လို့ကြက်လို့ကြက်လဲလို့ ချီးကျူး ထောပနာ ပြုပါတယ်။

တရုပ် ဗမာ နှစ်ပြည်ထောင်ရဲ့ ကြာရှည်တဲ့ ချစ်ကြည် ရင်းနှီး ဆက်ဆံမှုနဲ့ ပတ်သက်လာလို့ ရှိရင် ဗုဒ္ဓဘာသာရဲ့ အရေးထိရောက်ပုံကို အလို အလျောက် တွေးမိပါတယ်၊ ပုဂံမြို့မှာတုန်းက ကျွန်ုပ်တို့ဟာ တရုပ်အသွင် ပုံစံရှိတဲ့ ပန်းပုလက်ရာ၊ နံရံပန်းချီနဲ့ အဆောက်အဦးများကို တွေ့ခဲ့ရပါတယ် အဲဒါဟာ ကျွန်ုပ်တို့ အချင်းချင်းရဲ့ သာသနာရေး ယဉ်ကျေးမှုဘက်မှာ နက်နဲကြာရှည်တဲ့ အဆက် အသွယ်ရှိကြောင်းကို ဖော်ပြချက် ဖြစ်ပါတယ်။ တရုပ်ဘာသာနဲ့ တိဘက်ဘာသာ ပြန်ဆိုထားတဲ့ တိပိဋကတ် ၃-ပုံများဟာလဲ တောင်ပိုင်း ဗုဒ္ဓဘာသာ ရဲ့ ကျမ်းကန်များ ပါဝင်ပါတယ်။ ဗုဒ္ဓဘာသာ တရားတွင် ကျွန်ုပ်တို့ရဲ့ သဘော တရား အရင်းအမြစ်ဖြစ်တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တာ၊ နိဗ္ဗာန တရားများဟာ အတူတူပါဘဲ၊ အမှန်စင်စစ် ကျွန်ုပ်တို့ အချင်းချင်းဟာ ဗောဓိညောင်ပင်တပင်မှ အကိုင်း နှစ်ကိုင်း ဖြစ်ပြီး ဗောဓိပင် မျိုးစေ့တစေ့မှ ပေါက်ဖွားလာတယ်လို့ ပြောသင့်တယ်။

ဒါကြောင့် ဗုဒ္ဓဘာသာလုပ်ငန်း အတည်တကျ တိုးတက်စေရေးအတွက် သော်ငင်း၊နှစ်ပြည်ထောင် ပြည်သူလူထုရဲ့ ချစ်ကြည်ယုံးပေါင်းမှုအတွက်သော် ငင်း၊ လူသတ္တဝါ အပေါင်းတို့ရဲ့ ငြိမ်းချမ်းရေးနှင့် ချမ်းသာသုခရေးအတွက်သော်ငင်း၊ တရုပ် ဗမာ နှစ်ပြည်ထောင်ရဲ့ ဗုဒ္ဓဘာသာဝင်များဟာ အချင်းချင်း ရှိသေလေးစားရန် လိုအပ်ပါတယ်၊ အချင်းချင်း လေ့လာသင်ကြားဘို့ ယိုင်းပင်းကူညီဘို့ လို အပ်ပါတယ်၊ ဒါကတော့ တရုပ်ဗုဒ္ဓဘာသာဝင်များ ရဲ့ လေးမြတ်တဲ့ မြေ့လင့်ချက် ဖြစ်ပါတယ်။

ဒါတင်မကသေးဘူး၊ ဒီပြင်နိုင်ငံများရှိ ဗုဒ္ဓ ဘာသာဝင်များနဲ့အတူ ဗုဒ္ဓမမ္မရဲ့ ရောင်ဝါအောက်မှာ စစ်ဘေးနဲ့ အခြား ဒုက္ခများ ကျယ်ပျောက် စေရန်ၜင်း၊ အာရှနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး တိုးတက် ခိုင်မြဲစေရန်ၜင်း၊ လက်တွဲ ပူးပေါင်းပြီး ချီတက်ကြပါစို့လို့လဲ ကျွန်ုပ်တို့ အလားတူ မြေ့လင့်ပါတယ်။

ဆဋ္ဌသံဂါယနာရဲ့ လုပ်ငန်း ဆောင်တာများ အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ပါစေ၊ ဗုဒ္ဓ ဘာသာ ရောင်ဝါဟာ နေမင်းကဲ့သို့ ထာဝရထွန်းတောက်ပါစေ။ ဗုဒ္ဓမမ္မတရားတော် တနေ့တခြား ပြန့်ပွါးပါစေ။ အာရှနှင့် ကမ္ဘာတဝန်းလုံး ငြိမ်းချမ်းပါစေ။ လူသတ္တဝါအပေါင်းတို့ ချမ်းသာသုခ ပြည့်စုံပါစေ၊ ကြာရောက် လာကြတဲ့ မိတ်သင်္ဃာ အပေါင်းတို့ ကျေနပ်မာ ချမ်းသာကြပါစေသောင်။

Text of Speech by Shirob Jaltso, Leader of the Chinese Buddhist Delegation, at the Third Session of the Great Buddhist Council April, 28, 1955

MAHATHERAS, BHIKKHUS, BROTHERS AND SISTERS :

This impressive great council is in session just at the time when the Chinese Buddhist Delegation is visiting Burma. We deem it a great honour to have the opportunity of participating in this session among the Mahätheras of Burma and of other countries.

In our visit to Mandalay, we saw the Tipitaka inscribed on slabs as stored in the Kuthodaw Pagoda, and in the present Sixth Buddhist Council, we have witnessed this gigantic task which is smoothly carried on with the united efforts of the Mahätheras, Bhikkhus and the Burmese Buddhists and also through the full support of the Burmese Government. We heartily appreciate this and feel much delighted.

I am here to convey to you my sincere congratulation in the name of the Chinese Buddhist Delegation and on behalf of the Chinese Sangha and Buddhists.

Whenever we mention the long and friendly relations between China and Burma, we naturally remember the role Buddhism has played. In Pagan, we have seen statues, mural paintings and buildings in Chinese patterns. This shows that we are of deep and long origin in religious culture. The Tipitaka translated in the Chinese and Tibetan languages has included the holy scriptures of Southern School. In the principles of Buddhism, our fundamental thought—Anicca, Dukkha, Anattä, and Nibbäna—is the same. It should be said that we are like two branches of one Bo-tree, grown from one Bodhi-seed. Therefore, the Buddhists of China and Burma should respect each other, learn from each other and help each other for the proper development of the Buddhist cause, for the friendly cooperation of the two peoples and for the peace and happiness of the human being. This is the sincere hope of the Chinese Buddhists.

Of course, we also hope, under the illumination of Dhamma, to go forward hand in hand with the Buddhists of other countries for the elimination of war and calamities and the promotion of peace in Asia and the world.

May the task of the Sixth Buddhist council go on successfully !

May you all live in peace and felicity !

May the Sun of Buddhism shine with more and more brilliance and the Wheel of Dhamma be turning forever !

May Asia and the world live in peace and the human beings live in happiness!

တတိယသန္ဓိပါတ မှတ်တမ်းအတိုချုပ်

၁၃၁၇-ခု၊ ကဆုန်လဆန်း ၇-ရက် ၁၉၅၅-ခု ပြေလ ၂၀-ရက်နေ့မှစ၍ ဆဋ္ဌသံဂါယနာ တတိယ သန္ဓိပါတ မဟာဓမ္မသဘင်ကို ဆင်ယင်ကျင်းပခဲ့ လေသည်။ ဥပုသ်သီတင်းလေးပတ်ကို ချန်လှပ်၍ ရက်ပေါင်း ၂၇-ရက် အကြာ မေလ ၂၀-ရက်နေ့ ညနေ ပိုင်းတွင် အင်္ဂုတ္တရ နိကာယ်ကြီးကို သံဂါ ယနာတင်၍ ပြီးစီးခဲ့လေသည်။

အင်္ဂုတ္တရ နိကာယ်ကြီးသည် စာမျက်နှာပေါင်း ၁၆၅၁-၊ သုတ်ပေါင်း ၉၅၅၇-သုတ် ရှိလေသည်၊ အင်္ဂါ တပါးစီရှိသော တရားတော် သုတ်တော်များ ကို ပေါင်းစည်းထားရာ ကျမ်းကို ကေအင်္ဂုတ္တရ၊ ထိုအတူ အင်္ဂါနှစ်ပါးရှိသော တရားစုဝေးရာ ကျမ်း ကို ဒုက အင်္ဂုတ္တရ စသည်ဖြင့် အင်္ဂါဆယ့်တပါးစီ ရှိသော တရားစုများ စုဝေး ပေါင်းစည်းထားရာ ကောဒသက အင်္ဂုတ္တရ ကျမ်းတိုင်အောင် ဆယ့် တကျမ်းမျှ ရှိလေသည်။ ယခုခေတ် စာအုပ်ရေ အားဖြင့် သုံးတွဲမျှ ရှိလေသည်။

အင်္ဂုတ္တနိရကာယ်ကြီးကို ပဋမသံဃာယနာတင် တော်မူခဲ့စဉ်က ဘာဏဝါရပေါင်း ၁၂-တိတိရှိခဲ့ လေသည် ယခု ဆဋ္ဌသံဃာယနာတင်တော်မူရာ၌ ပါဋ္ဌကခေတ်ဖြစ်၍ အရှေ့ဘက် အနောက်ဘက် သံဃာစင်များမှ သံဃာတော်များ အလည်ည် ကျစီ သံဃာယနာတင်ရန် ပြုလုပ် စီမံထားသည့် အလျှောက် သံဃဝန်ဆောင် ဆရာတော်များက အကြိမ်ပေါင်း ၂၁-သက်မှတ်ကာ သံဂါယနာ တင်တော်မူခဲ့ကြလေသည်။

အင်္ဂုတ္တိရ-ပဋမပိုင်း

အင်္ဂုတ္တရနိကာယ်ခေါ် - အင်္ဂုတ္တိရ ကျမ်းကြီးကို ပဋမ-ဒုတိယ-တတိယ အားဖြင့် အပိုင်းကြီးသုံး ပိုင်း ခွဲခြားထားသည့်အနက် ပဋမပိုင်းကို ဆဋ္ဌသံ ဂါယနာ တတိယသန္ဓိပါတမှင့်ပွဲဖြစ်သည့် ၁၃၁၇-ခု၊ ကဆုန်လဆန်း ၇-ရက် (၂၀-၄-၅၅) နေ့ကပင် ထေရ၀ါရ နိုင်ငံများ ဖြစ်သော မြန်မာ-သီဟိုဠ်- ယိုးဒယား၊ ကမ္ဘောဒီးယား၊ လောနိုင်ငံ များ၊ မှ သံဃာတော် ၅၉၀-ပါး စုပေါင်း၍ ကေနိပါတ် ရှုပါဒိ၀ဂ်မှ ပဌမအစ္ဆတ္ထ၀ဂ်ကုန်သည်အထိ စာမျက်နှာ ၁၀-မျှ စတဲ့ရွတ်ဆိုကာ သံဂါယနာတင်တော်မူ ကြလေသည်။

ကြွင်းကျန်သော အင်္ဂုတ္တိရ် ပဌမပိုင်းကို ၁၃၁၇-ခု၊ ကဆုန်လဆန်း ၉-ရက် (၃၀-၄-၅၅) နေ့တွင် ဆက်လက်၍ (သီတင်းနေ့များမှတပါး)နေ့စဉ် သံဂါယနာတင်တော်မူကြရာ သံဃာယက အဖြစ် ဖြင့် ပခုက္ကူမြို့ မဟာ၀ိဇယာရာမ အရှေ့တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒန္တ ဇဝန မဟာ ထေရ်ကင်း၊ အကျိုးတော်ဆောင် အဖြစ် ဗါးကရ တောရ ဆရာတော် ဘဒန္တနာဂ၀ံသ မဟာထေရ်က ဆောင်ရွက်တော်မူကြလေသည်။

ဆဋ္ဌသံဂီတိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး အတွင်း သံဃနာယကမဟာထေရ်၏ ၀ဘက် ယာ ဘက်ဖြစ်သော အရှေ့နှင့် အနောက်ဘက်များတွင် ဘာဏကပါဋ္ဌက သံဂီတိကာရက သံဃာတော် ၅၀၀-မျှရှိသည့်အနက် မန္တလေးမြို့ ခင်မကန် ဘာဏ ကအမ္ဘေက နှတ်လွှတ် အာဂမ် ရွတ်ဆိုတော်မူကြရာ ဗါးကရတောရ၀ဆရာတော် ဦးနာ၀ံသ၊ ကြံခင်းမြို့ ဓမ္မစကြာ ကျောင်းတိုက် ဆရာတော် ဦးကုမုဒ၊ သိရေမဏိနှင့် ဝဏ္ဏသကဘွဲ့တော်ရ ဆရာတော် ဦးနာ၀ရဒါဘိ၀ံသ၊ အင်္ဂုတ္တရနိကာယ ကောဝိဒ ဘွဲ့ တော်ရ အသျှင် သောဘိတာဘိ၀ံသနှင့် ဘုံပျံ့ ဆရာတော် ဦးပညာသာမိတို့က အလည်ည်ကျ ခေါင်း ဆောင်၍ သံဂါယနာတင်တော်မူကြလေသည်။

ကေကနိပါတ်၊ ရှုပါဒိ၀ဂ်မှစ၍ စတုက္ကနိပါတ် ဒေါသအဘိညာဒိသုတ် တိုင်အောင် စာမျက်နှာ ၅၀ ရှိသော အင်္ဂုတ္တိရ် ပဌမပိုင်းကို ၁၃၁၇-ခု ကဆုန်လဆန်း ၃-ရက် (၉-၅-၅၅) နေ့တွင် သံဂါ ယနာတင်၍ ပြီးစီးအောင်မြင်လေသည်။

အင်္ဂုတ္တိရ်ဒုတိယပိုင်း

၁၃၁၇-ခု၊ ကဆုန်လဆုတ် ၄-ရက် (၁၀-၅-၅၅) နေ့တွင် အင်္ဂုတ္တိရ်ဒုတိယပိုင်းကို ဆက်လက်၍ သံဂါ ယနာတင်တော်မူကြလေသည်။ ၎င်းအင်္ဂုတ္တိရ် ဒုတိ ယပိုင်း အလည်ည်ကျ ဖြစ်တော်မူသော မန္တလေးမြို့ ခေမာသီ၀ံကျောင်းတိုက် နိုင်ငံတော် ဝိနည်းဓိရိ ခေမာသီ၀ံဆရာတော် ဘဒန္တ၀ိလာသ မဟာထေရ် က သံဃနာယကအဖြစ်ဖြင့်၎င်း၊ ဗါးကရတောရ ဆရာတော် ဘဒန္တနာဂ၀ံသ မဟာထေရ်က အကျိုး တော်ဆောင် အဖြစ်ဖြင့်၎င်း၊ အသီးသီး ဆောင် ရွက်တော်မူကြလေသည်။

ဆဋ္ဌသံဂီတိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး အတွင်း သံဃနာယကမဟာထေရ်၏ ၀ဘက် ယာ ဘက်ဖြစ်သော အရှေ့နှင့် အနောက်ဘက်များတွင် ရှိသည့် ဘာဏကပါဋ္ဌကသံဂီတိကာရက သံဃာ တော် ၅၀၀-ကျော်တို့အနက် မတ္တရာဘာဏက အမ္ဘေက နှတ်လွှတ် အာဂမ် ရွတ်ဆိုတော်မူ၍ သံဂါ ယနာ တင်တော်မူကြရာ မန္တလေးခရိုင် မတ္တရာမြို့ ကမ်းတဘက်ကျောင်းဆရာတော် ဦးကောသလ္လ၊ ဗါးကရတောရ၀ဆရာတော် ဦးနာ၀ံသ၊ ဘုံပျံ့ ဆရာတော် ဦးပညာသာမိ၊ ကြံခင်းဓမ္မစကြာဆရာ တော်ကုမုဒ ဦးကုမုဒ၊ ဆရာတော် အသျှင်နာ၀ရ

ကဆုန်လဆန်း ၃-ရက် (၉-၅-၅၅) နေ့တွင် သံဂါ ယနာတင်၍ ပြီးစီးအောင်မြင်လေသည်။

အင်္ဂုတ္တိရ်တတိယပိုင်း

၁၃-၅-၅၅-ရက်နေ့တွင် အင်္ဂုတ္တိရ် တတိယပိုင်းကို ဆက်လက်၍ သံဂါယနာတင်တော်မူကြရာ အစီ အစဉ်အရ အင်္ဂုတ္တိရ် တတိယပိုင်း အစနေ့တွင် သီဟိုဠ်ကျန်း ဘာလံကိုဒါမြို့ လက်ဘဒီ၀သုဓမ္မ နိကာယ တိပိဋကဓ ဝါစိသာဆရာ၀ရိယ မဟာနာယက ဖြစ်တော်မူသော ဘဒန္တအနာနန္ဒာမေတ္တေယ မဟာ ထေရ်ကင်း၊ နောက်တနေ့ ဖြစ်သော ၂၀-၅-၅၅ ရက်နေ့မှစ၍ အလှည်ည်ကျ ဖြစ်တော်မူသည့် စစ်ကိုင်း တောင်ရိုးတောလေးထပ်ချောင် နိုင်ငံတော် ဝိနည်း ဓိရိ အဂ္ဂမဟာပဏ္ဍိတ စကုမော် ဆရာတော်၊ဘဒန္တ ဥတ္တမ မဟာထေရ်ကင်း၊ သံဃနာယက အဖြစ် ဆောင်ရွက်တော်မူ၍ ဗါးကရတောရ ဆရာတော် ဘဒန္တနာဂ၀ံသ မဟာထေရ်နှင့် သိရေမဏိနှင့် ဝဏ္ဏသကဘွဲ့ရ ဆရာတော် ဘဒန္တနာဂရဒါဘိ၀ံသ မဟာထေရ်တို့က အလှည်ည်ကျ အကျိုးတော်ဆောင် အဖြစ် ဆောင်ရွက်တော်မူကြလေသည်။

ဆဋ္ဌသံဂီတိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး အတွင်း သံဃနာယက မဟာထေရ်၏ ၀ဘက် ယာ ဘက်ဖြစ်သော အရှေ့နှင့် အနောက်ဘက်များတွင် ရှိသည့် ဘာဏကပါဋ္ဌက သံဂီတိ ကာရက သံဃာ တော် ၅၀၀-မျှ ရှိသည့်အနက် ကောလင်းနှင့် နတ္တ လင်း အမ္ဘေများက နှတ်လွှတ်အာဂမ် ရွတ်ဆိုတော် မူကြ၍ သံဂါယနာ တင်တော်မူကြရာ ကသာ၁ရိုင် ကောလင်းမြို့ အနောက်ကျောင်းကြီးတိုက် ဆရာ တော် ဦးကလျာဏာဘိ၀ံသ၊ နတ္တလင်းမြို့ ခေမာ သီ၀ံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဦးဥာဏ ဝံသာဘိဓေ၊ နတ္တလင်းမြို့ ထန်းပင်ကုန်းကျောင်း ဆရာတော် ဦးဂန္ဓမာ ဆရာတော် ဦးနာ၀ံသ ဘုံပျံ့ဆရာတော် ဦးပညာသာမိ၊ ကြံခင်း ဓမ္မစကြာ ဆရာတော် ဦးကုမုဒ၊ ဆရာတော် အသျှင်နာ၁ရ

ဒါဘိဝံသ တို့က အလှည့်ကျ ဦးဆောင်တော်မူကြ လေသည်။

အဌက နိပါတ် မေတ္တသုတ်အစ ဧကာ ဒသက နိပါတ် ရာဂပေယ္ယာလဝဂ်တိုင် အောင် စာမျက်နှာ ၅၈၀-၌ အဂုံတ္ထိရ်တတိယပိုင်းကို ၂၀-၅-၅၅-နေ့တွင် သံဂါယနာတင်၍ ပြီးစီးအောင်မြင်တော်မူကြလေ သည်။

အဘိဓမ္မာပိဋကအောက်ခြောက်ကျမ်း

အဘိဓမ္မာ ပိဋကဓမ္မသင်္ဂဏီမှ ယမိုက်ကျမ်း အထိ အဘိဓမ္မာအောက် ခြောက်ကျမ်းတို့ကို ၁၃၁၇-ခု၊ နယုန်လဆန်း ၉-ရက်၊ (၃၀-၅-၅၅)နေ့မှ စ၍ သံဂါယနာတင်လေရာ ပဋ္ဌမဝါဆိုလဆန်း ၁၃-ရက် (၂-၇-၅၅) နေ့၌ ပြီးစီးလေသည်။

နာယကနှင့် ဘာဏကများ

ဓမ္မသင်္ဂဏီ ပါဠိတော်ကို တင်ရာတွင် ပခုက္ကူ အနောက်တိုက် ဆရာတော်က နာယကအဖြစ် ဆောင်ရွက်တော်မူသည် မကွေးမြို့ မဟာဝိသုတာ ရာမဘာဏက ၁၃-ပါး။

ဝိဘင်း ပါဠိတော် တွင် မန္တလေးမြို့ ဆင်တဲ တိုက်သစ် ဆရာတော်က နာယကအဖြစ် ဆောင် ရွက်တော်မူသည်။ ပေါင်းတည် ပဋ္ဌမဘာဏက အဖွဲ့မှ ဂ-ပါး၊ ဒုတိယ ၁၀-ပါး၊ ပြည်မြို့ မဟာ ဇေတိကာရုံဘာဏက ၁၀-ပါး၊ (သုံးစု ၂၇) ပါး။

ဓာတုကထာနှင့် ပုဂ္ဂလပညတ် ပါဠိတော်များ တွင် မန္တလေးမြို့ ရွှေကျင်နိကာယ မဟာနာယက ပတ္တမြားဆရာတော်က နာယကအဖြစ် ဆောင်ရွက် တော်မူသည်။ ရွှေတောင် ဘာဏက ၉-ပါး၊ မင်းလှ ဒုါရဝါဒီဘာဏက ၁၂-ပါး၊ မင်းလှ ဂိုဏ်းပေါင်းစုံ ဘာဏက ၁၃-ပါး၊ ပြည်မြို့ ပွင့်လှ သိမ်ကုန်း ဘာဏက ၁၅-ပါး။ (၄-စု၊ ၄၉-)ပါး။

မှတ်ချက်။ ။ပုဂ္ဂလပညတ်၌ မူလသတ်မှတ်ချက် အတိုင်း ပန်းတောင်းဘာဏကအဖွဲ့၊ မကြ္ဒလာသဖြင့် (မင်းလှ ဒုါရဝါဒီ ဘာဏကမှတပါး၊ ဓာတုကထာဘာဏ က ၃၇-ပါးတို့က ဆောင်ရွက်တော်မူ သည်။

ကထာဝတ္ထုပါဠိတော်တွင် မန္တလေးမြို့ ပတ္တမြား တိုက် ဆရာတော်က နာယကအဖြစ် ဆောင်ရွက် တော်မူသည်၊ မန္တလေး အနောက်ထီးလင်းတိုက် ဘာဏက ၁၃-ပါး။

ယမက (ပဋ္ဌမပိုင်း) တွင် ရန်ကုန် ဒေဝသာဂရ သိမ်ကုန်းဆရာတော်က နာယက အဖြစ် ဆောင် ရွက်တော်မူသည်။ အမရပူရ ဘာဏက ၁၅-ပါး။

ယမက(ဒုတိယပိုင်း)တွင် သိမ်ကုန်း ဆရာတော် ပင် နာယကအဖြစ် ဆောင်ရွက်တော်မူသည်: တောင်ငူ ဘာဏက ၁၄-ပါး။

ယမက (တတိယပိုင်း)တွင် မန္တလေးမြို့မစိုးရိမ် ဆရာတော်ခ်ာ နာယကအဖြစ် ဆောင်ရွက်တော်မူ သည်၊ ညောင်လေးပင် ဘာဏက ၁၅-ပါး။

အစုစု စာမျက်နှာပေါင်း ၂၃၀၂-နာယကပေါင်း ၅-ဘာဏကပေါင်း ၁၅-ဖွဲ့။ ဘာဏကဆရာတော် ပေါင်း ၁၈၁-ပါးမျှ ရှိလေသည်။

ဘတိယသန္နိပါတဖွင့်ပွဲတွင် သာသနာရေး အမျိုးသား စီမံကိန်းနှင့် ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီး ဦးဝင်း လိုဏ်ဂူတော်ကြီးအတွင်းသို့ ဝင်ရောက်နေပုံ။

Hon'ble U Win, Minister for Religious Affairs, National Planning and Union Culture, entering the Cave at the Opening of the Third Session of the Chaṭṭha Sangāyanā.

THIRD SESSION

The third Session of the Chaṭṭha Sangāyanā commenced on the 7th Waxing of Kason 2498 B.E. (28-4-55). The Sangīti-kāraka Bhikkhus recited the Anguttara Nikāya for 27 days excepting the Buddhist Fast Days and concluded the recitation on the 28th May 1955. The Anguttara Nikāya comprises 1,651 Suttas in 9,557 pages. The Book containing the Suttas having monads is called Ekañguttara ; those having duads are called Dukañguttara and in this manner those containing 11 kinds of Dhamma in each are called Ekādasaka Anguttara. Thus the Anguttara Nikāya comprises 11 Treatises compiled in the Three Books.

Although this Nikāya was recited by the Sangīti-kāraka Mahātheras in 120 recitation-sessions during the First Great Buddhist Council this age being a pāṭhaka (text-reading and reciting), the Bhāranitthāraka Sabhā decided to raise the number of recitation-sessions to 210.

Anguttara-Nikāya—Part One.

The Anguttara Nikāya is divided into three parts, the First, the Second and the Third part. On the 7th Waxing of Kason 2498 B.E. (28-4-55), the Opening Day of the Third Session of the Chaṭṭha Sangāyanā, the 598 Sangīti-kāraka Bhikkhus from the Theravādin countries the 11 pages of the Anguttara-ekanipāta, from the Rūpādi-vagga to Pañcama-vagga.

Beginning from the 9th Waxing of Kason 2498 B.E. (30-4-55), excepting the Buddhist Fast Days, the Sangīti-kāraka Bhikkhus recited the remaining portion of the Anguttara-Nikāya, Part I. The Venerable Bhadanta Javana Mahāthera, Agga Mahā Paṇḍita of Mahāvijayārāma East Monastery, Pakokku, acted as the Sangha Nāyaka and Bhadanta Nāgavamsa Mahāthera, Bāgayā Sayādaw acted as the Master of the Ceremony.

About 500 Sangīti-kāraka and Bhāṇaka Bhikkhus took their seat on the left and right wings inside the Mahā Pāsāṇa Guhā (The Great Cave). Of these, Bhāṇakas from Khinmakhan Bhāṇaka-group recited the Anguttara-Nikāya, Part I. The following Mahātheras acted as the leaders of the Bhāṇakas in turn :—

Venerable U Nāgavamsa, Bāgayā Sayadaw ;
Venerable U Kumuda, Dhammacakka Monastery, Kyangin ;
Venerable U Nāradābhivamsa, Siromaṇi and Vaṭamsaka ;
Venerable U Sobhitābhivamsa, Anguttara-nikāya-kovida ;
Venerable Bonpyan Sayadaw U Paññāsāmi.

The Sangīti-kāraka Bhikkhus completed the recitation of the Anguttara Nikāya Part I, from Ekanipāta—Rūpādi-vagga to Catukka-nipāta-dosaabhiññādi-sutta, on the 3rd. Waning of Kason 2499 B.E. (9-5-55). The First Part of the Anguttara-Nikāya comprises 1,500 pages.

Anguttara-Nikāya—Second Part.

The recitation of the Anguttara-Nikāya, Second Part, commenced on the 4th Waning of Kason 2499 B.E. (10-5-55). Venerable Bhadanta Vilāsa Mahāthera, Union Vinayadhara, Khemāsīvam Monastery, Mandalay acted as the Sangha Nāyaka and Venerable Bhadanta Nāgavamsa, Bāgayā Sayadaw acted as the Master of the Ceremony.

There were over 500 Sangīti-kāraka Bhikkhus and Bhāṇakas seated on the tiers which run along the right and left sides of the Great Cave. The Mattayā Bhāṇaka-group recited the Second Part.

The following Mahātheras acted as the leaders of the Bhāṇakas in turn :—

Venerable U Kossalla, Kantaphet Monastery, Mattayā, Mandalay.
Venerable Bhadanta Nāgavamsa, Bāgayā Sayadaw.
Venerable U Paññāsāmi, Bonpyan Sayadaw.
Venerable U Kumuda, Dhammacakka Sayadaw, Kyangin.

The recitation of the Second Part of the Anguttara Nikāya concluded on the 12th Waning of Kason 2499 B.E. (18-5-55). It comprises 1,513 pages beginning from Pañcaka-nipāta-Selavagga to Sattaka-nipāta-Peyyāla-vagga.

Anguttara-Nikāya—Third Part.

The recitation of the Third Part of the Anguttara Nikāya commenced on the 13th Waning of Kason 2499 B.E. (19-5-55). Venerable Bhadanta Ānanda Maitreya Mahāthera of Ceylon acted as the Sangha Nāyaka. On 20-5-55 Venerable Bhadanta Uttama Mahāthera, Agga Mahā Paṇḍita of Sagaing Hills acted as the Sangha Nāyaka and Venerable Nāgavamsa Mahāthera and Venerable Bhadanta Nāradābhivamsa, Siromaṇi and Vasamṭaka acted in turn as the Masters of the Ceremony.

Of the 500 Sangīti-kāraka Bhikkhus participating in the Proceedings, the Kawlin Bhāṇaka Group and the Nattalin Bhāṇaka Group recited this part. The following Mahātheras acted as the leaders of the Bhāṇakas :—

Venerable Kalayanābhivamsa, West Kyaunggyi-taik, Kawlin, Katha District.
Venerable U Ñāṇāvamsābhidhaja, Khemāsīvam Monastery, Nattalin.
Venerable U Gandhamā, Htanbingon Monastery, Nattalin.
Venerable Nāgavamsa
Venerable U Paññāsāmi, Bonpyan Sayadaw.
Venerable U Kumuda, Dhammacakka Sayadaw, Kyangin.
Venerable Nāradābhivamsa.

The recitation terminated on 28-5-55. Up to the end of Ekadasa-nipāta, Peyyāla-vagga, it covers 500 pages.

THE FIRST SIX BOOKS OF THE ABHIDHAMMA

The recitation of the First Six Books of the Abhidhamma—Dhammasangaṇī, Vibhanga, Kathāvatthu, Puggala Paññatti, Dhātukathā and Yamaka—commenced on the 9th Waxing of Nayon 2499 B.E. (30-5-55) and terminated on the 13th Waxing of First Waso 2499 B.E. (2-7-55).

Nāyakas and Bhāṇakas

When the Dhammsangaṇī (the Book of Classification of Dhammas) was recited, the Venerable Pakokku Sayadaw of Pakokku West Monastery acted as the Sangha Nāyaka and the 13 Bhāṇakas from the Magwe Mahāvisutārāma-bhāṇaka-group participated in the Proceedings.

When the Vibhanga (the Book of Divisions) was recited, the Venerable Sinde Taik-thit Sayadaw of Mandalay acted as the Sangha Nāyaka and the following Bhāṇakas recited :—

(1) First Paungde Bhāṇaka Group	8
(2) Second Paungde Bhāṇaka Group	10
(3) Third Paungde Bhāṇaka Group	10
	28

When the Dhātukathā (Discussion with reference to Elements) and Puggala Paññatti (Classification of Individuals) were recited, the Venerable Padamya Sayadaw of Shwegyin Nikāya, Mandalay acted as the Sangha Nāyaka and the following Bhānakas recited the same :—

(1) Shwedaung Bhāṇaka Group	9
(2) Minhla Dvāravādī Bhāṇaka Group.	12
(3) All Minhla Bhāṇaka Group	13
(4) Pwinhlatheingon Bhāṇaka Group, Prome.	15
	49

(NOTE.—In reciting the Puggala Paññatti, as the Padaung Bhāṇaka Group could not participate in the Proceedings, the 37 Bhāṇakas (except the Minhla Bhāṇaka Group) who recited the Dhātukathā recited the Puggala Paññatti).

When the Kathāvatthu (the Book on the Points of Controversy) was recited, the Venerable Padamya Sayadaw of Mandalay acted as the Sangha Nāyaka and the 13 Bhāṇaka from the Htilin Bhāṇaka Group, Mandalay West recited.

When the Yamaka (the Book of the Pairs) Part One was recited, the Venerable Devasāgara Theingon Sayadaw of Rangoon acted as the Sangha Nāyaka and the 13 Bhāṇakas from the Amarapura Bhāṇaka Group recited.

When the Yamaka Second Part was recited, the Venerable Devasāgara Theingon Sayadaw also persided over the Proceedings and the 14 Bhāṇakas from the Toungoo Bhāṇaka Group recited.

When the Yamaka Third Part was recited, the Venerable Masoeyein Sayadaw of Mandalay acted as the Sangha Nāyaka and the 15 Bhāṇakas from the Nyaunglebin Bhāṇaka Group recited.

In all, the total number of pages recited was 2,302; the number of the acting Sangha Nāyakas was 5 ; and 181 Bhāṇakas from 15 Bhāṇaka Groups participated in the Proceedings.

စတုတ္ထသङ္ဂီပါတ ဖွင့်ပွဲတွင် လိုဏ်ဂူတော်ကြီး အတွင်းရှိ စင်မြင့်ပေါ်မျှားတွင် သံဃာတော် မျှား သီတင်းသုံးနေပုံ။

Scene at the high dais where Mahātheras are seated in the Great Sacred Cave at the Opening Ceremonies of the Chaṭṭha Saṅgāyanā—Fourth Session.

ဆဋ္ဌသံဂါယနာ စတုတ္ထ (သျှာမ) သန္နိပါတဖွင့်ပွဲ

ဗုဒ္ဓရုပ်ပွါးတော်အပ်ပွဲ

ဆဋ္ဌသံဂါယနာ သျှာမသန္နိပါတခေါ် (စတုတ္ထ သန္နိပါတ)ကို ၁၃၁၇-ခု နတ်တော်လဆန်း ၂-ရက် သောကြာနေ့တွင် သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏဂုဟာ ခေါ် လိုဏ်ဂူတော်ကြီး အတွင်း၌ ကျင်းပလေသည်၊ သံဂါယနာဖွင့်ပွဲမစမီ ယိုးဒယားမှ ပင့်ဆောင်လာသည့် ဗုဒ္ဓရုပ်ပွါးတော် အပ်နှင်းပွဲကို ပြုလုပ်လေသည်။

မွန်းတည့် ၁၂-နာရီအချိန်တွင် အခမ်းအနားမှူး အကျိုးဆောင် စာချီ (၂) ဦးဗဆွေက ယိုးဒယားမှ ပင့်ဆောင်လာသော ဗုဒ္ဓရုပ်ပွါးတော် ပူဇော်အပ်နှင်းပွဲ အခမ်းအနားစတင်ကြောင်းကို ပါဠိဘာသာဖြင့် လျှောက်ထားပြီးလျှင် ခရွသင်းနှင့် ထိုးစည် သုံးချက်ဖြင့် အချက်ပေးလေသည်၊ ထို့နောက် ယိုးဒယားနိုင်ငံတော် ဝန်ကြီးချုပ် မာရှယ် ပီဘွန်ဆွန်ဂရမ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုတို့က ထိုရုပ်ပွါးတော်အား ဖယောင်းတိုင်နှင့် အမှေးတိုင်များကို ထွန်းညှိ ပူဇော်ကြလေသည်။ ထို့နောက် ယိုးဒယားနိုင်ငံတော် သာသနာ့ဥည္စာကြားရေးဝန်ချုပ် နိုင်ဗွန်သိရီ ဝိစာရဏက ငါးပါးသီလ ပေးသနားတော်မူပါရန် ယိုးဒယားနိုင်ငံတော် သံဃနာယက ဆောမ်ဒဂျီ ဖရားဝနရတကိတ္တိသောဘန ဆရာတော်ဘုရားကြီး အား လျှောက်ထားတောင်းပန်ပြီးလျှင် ယိုးဒယားနိုင်ငံတော် သံဃနာယက ဆရာတော်ဘုရားက ငါးပါးသီလ ပေးတော်မူလေသည်၊ ယိုးဒယားနိုင်ငံတော် သာသနာ့ဥည္စာကြားရေးဝန်ချုပ် နိုင်ဗွန်သိရီ ဝိစာရဏက ဗုဒ္ဓါဘိသေက (အနေကဇာတင်ခြင်း) ပြုတော်မူပါရန် ယိုးဒယားနိုင်ငံတော်သံဃနာယက ဆရာတော်ဘုရားကြီးအား လျှောက်ထား တောင်းပန်သည့်အတိုင်း ယိုးဒယားနိုင်ငံတော် သံဃနာယက ဆရာတော်ဘုရားကြီးနှင့် ယိုးဒယား သံဃာတော် (၇) ပါးတို့က ထိုရုပ်ပွါးတော်ကို ဗုဒ္ဓါဘိသေက (အနေကဇာတင်ခြင်း) ပြုတော်မူပြီး၍ ခရွသင်းမှုတ် ထိုးစည်တီးခြင်းများပြု၍ အောင်မြင်ကြောင်း ကြေညာလေသည်။

ပြီးမှ ယိုးဒယားနိုင်ငံတော် ဝန်ကြီးချုပ်က မိန့်ခွန်းစကား မြွက်ကြား၍ ရုပ်ပွါးတော်ကို မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်သို့ တိုင်းသူပြည်သားများပူဇော်ရန်အတွက် ပေးအပ်လေရာ မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်က ထိုရုပ်ပွါးတော်ကို လက်ခံပြီးလျှင် တိုင်းသူပြည်သားများ ကိုယ်စား ကျေးဇူးတင်ကြောင်း ပြန်လည် မြွက်ကြားလေသည်၊ ထို့နောက် ယိုးဒယားနိုင်ငံတော် ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်တို့က ဗုဒ္ဓါဘိသေက (အနေကဇာတင်ခြင်း) ပြုတော်မူကြသော ရဟန်းတော်တို့အား အလှူတော်များ ဆက်သ်လှူဒါန်းကြလေသည်၊ အလှူတော်များ ဆက်သ်လှူဒါန်း၍ အပြီးတွင် ယိုးဒယားနိုင်ငံတော် သံဃနာယက ဆရာတော်ဘုရားကြီးက အနုမောဒနာပြု၍ ဝန်ကြီးချုပ် နှစ်ဦးတို့က ရေစက်ချ အမျှပေးဝေရာ ပရိသတ်က သာဓု သုံးကြိမ် ခေါ်ဆိုကြလေသည်၊ ခရွသင်းနှင့် ထိုးစည်များလည်း တီးမှုတ်ကြကာ အခမ်းအနားမှူးက ရုပ်ပွါးတော် ပူဇော်အပ်နှင်းပွဲအခမ်းအနားပြီးစီးကြောင်း ကြေညာလေသည်။

CHAṬṬHA SANGĀYANĀ (THE SIXTH GREAT BUDDHIST COUNCIL)

THAI SESSION (SIYĀMA SANNIPĀTA)

Buddha Image Consecration and presentation Ceremony.

A ceremony for the presentation of the Buddha Image brought to Burma by His Excellency Field Marshal Pibul-songgram, Prime Minister of Thailand was held at the Mahā Pāsāna Guhā (the Great Cave) near the World Peace Pagoda, Rangoon on the 16th December 2499 B.E. (1955 C.E.) at 12 noon. The Proceedings opened with three beats of the drum and blowing of conchs. His Excellency Field Marshal Pibul-songgram, Prime Minister of Thailand, and the Hon'ble U Nu, Prime Minister of the Union of Burma paid homage to the Buddha by lighting candles and burning incense in front of the Buddha Image. Then, on being requested by Nai Fung Srivijarn, Director-General of Religious Affairs Department, Thailand to administer the Five Precepts, His Holiness Somdej Phra Vanarat Kittisobhana, Sanghanāyaka of Thailand gave the Five Precepts to the audience. After that Nai Fung Srivijarn requested His Holiness the Sanghanāyaka of Thailand to perform the Buddhābhiseka ceremony, which was performed by His Holiness the Sanghanāyaka and the eight Mahātheras of Thailand. The successful completion of the consecration was announced by blowing of conchs and beating of drums.

An address of veneration was then delivered by His Excellency the Prime Minister of Thailand, followed by the presentation by him of the Buddha Image to the Hon'ble U Nu for public veneration. . An address of reply was made by the Hon'ble U Nu, and after that both the Prime Ministers of Thailand and Burma presented offerings to the Bhikkhus who performed the Buddhābhiseka ceremony. They then performed the libation ceremony under the kind patronage of His Holiness the Sanghanāyaka of Thailand. In sharing the merits with all sentient beings, all present uttered *Sādhu* thrice. The ceremony then came to a close with the beat of drums and blowing of conchs.

Address by His Excellency Field-Marshal P. Pibulsonggram, Prime Minister of Thailand, on the occasion of the ceremony of presentation of the Image of the Buddha to the Prime Minister of the Union of Burma.

December 16th, E.E. 2498 (1955)

MR. PRIME MINISTER, EXCELLENCIES, LADIES AND GENTLEMEN :

I am very happy indeed to have this opportunity of visiting the resplendent capital of the Union of Burma. It is also a joy for me to be able to bring with me a sacred Image of our Lord Buddha and to present the Image to Your Excellency amidst this distinguished gathering. May this gift be looked upon as a token of the spirit of peace and brotherhood between our two peoples, who are both sons of the Buddha. Our mutual worship of the Lord Buddha will reinforce our affection for each other, turning it into a love such as prevails between members of the same family.

It is historically known that certain races who used to live adjacent to one another in Central Asia migrated southwards and eventually took over and again occupied adjacent lands, now known as "the Union of Burma" and "Thailand".

In the 17th century of the Buddhist Era, Mighty King Anawratha of Burma unified the country into a powerful Kingdom adopted and elevated Theravādin Buddha Sāsana as the principal religion of the country, which for 898 years has so remained down to the present day. In the same period, Theravādin Buddha Sāsana had taken firm root in Thailand as evidenced by the Sacred monument standing at Nakorn Pathom.

Bearing in mind the difficulties in communication in those days, it is indeed a wonder how the peoples of the two countries, in the unity of their faith in Buddhism, were united in their thinking. However, the physical hardship of the regions on either side of the frontier and the difficulties in communication had prevented the two peoples from coming closer to one another as they should. So each had to follow their separate destiny.

But the advancement in means of communication now makes possible rapid contact between the various countries in the world,

ယိုးဒယားနိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ပီဗူလ်ဆွန်ဂရမ်က၊ ယိုးဒယားနိုင်ငံတော် ဘုရင်မင်းမြတ်၏ကိုယ်စား စတုတ္ထ (သျှာမ) သန္နိပါတ်ကို ဖွင့်လှစ်ကြောင်း လျှောက်ကြားနေပုံ။

H.E. Field Marshal P. Pibul Songgram, Chairman of the Council of Ministers of Thailand, on behalf of His Majesty the King of Thailand, declaring the Siyāma Sannipāta (Thai Session) of the Chaṭṭha Sangāyanā open.

and in particular, bring two countries much closer to one another. So much so that it could be said that we do not now live a separate life but that our interests are linked as of now and in the future.

Because of the proximity our countries, rendered ever greater in degree by the development in communication, and because of the firm faith in the teaching of the Buddha which we have in common, it is most fitting that our two countries should build and develop our friendship, cooperate with one another to promote peace and happiness and endeavour jointly to expand the consequential benefits into the permanent peace desired by all the peoples of the world.

In our endeavour, we should be guided by the moral precepts taught by the Supreme Buddha as represented in the four Divine States of Mind, namely :—

1. Loving Kindness. To wish happiness for others and be free of vengeful thoughts.

2. Compassion. To wish well for others and be free of evil thoughts.

3. Sympathetic Joy. To rejoice in the happiness of others and be free of jealous thoughts.

4. Equanimity. To be impartial and be free of prejudicial or partial thoughts.

These Four Divine States of Mind are the moral precepts of Buddhism. They are the base for peace and happiness. But these or precepts could not develop without wisdom realisation. Wisdom or to know things as they really are, is the brightest light of the world, for this light can produce every good thing and disperse the inner darkness, which causes world crises, and even world war. The way to realisation, as as we learn from Buddhism, is endowed with three factors : education, thinking and practice.

Mr. Prime Minister, in March last, Your Excellency was able to spare your valuable time to visit Thailand You took with you a Sacred Bo Tree and planted it in a ceremony arranged for the purpose at Wat Pra Sri Mahatat as a token of the friendship between the peoples of Burma and Thailand under the same religion. I am convinced that the friendship between our two countries will, with the above mentioned precepts of the Buddha as its base, endure forever and will be a factor in helping the peoples of Burma and Thailand towards the realisation of the common aim of peace and happiness in accordance with the teaching of our Lord Buddha.

On the occasion of my present visit to Burma, I have brought with me an Image of the Buddha, which has already been sanctified in a proper ceremony. The auspicious moment has arrived. In the name of His Majesty's Government and of the Thai people, I now present to Your Excellency and to the people of the Sacred Image and the set of tables which you see before you.

By the Sacred Power of this Image of the Buddha, whom we revere, may Your Excellency and the people of the Union of Burma meet with prosperity and happiness and be free from all dangers. May you achieve all that you may desire.

May the Image bring blessings and glory to the people of Burma and by its enduring presence serve to unite the hearts of the Burmese and Thai people a friendship that will remain forever.

By the Sacred Power of the Triple Gem, may Burma and Thailand enjoy prosperity, peace and happiness for all time and be blessed with the strength to uphold the teaching of the Buddha so as to bring perpetual peace to the peoples of the world.

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဦးနုအား ကြေးဆင်းတုရုပ်ပွါးတော်ပေးအပ်သော အခမ်းအနား၌ထိုင်နိုင်ငံတော်ဝန်ကြီးချုပ်

ဦးလိမ्ပျင်ကြီးဝိဇူလိဿွန်ဂရမ်၏ မိန့်ခွန်း

၁၉၅၅-ခု ဖေဖေါ်လ ၁၆-ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် မင်းနှင့်တကွ ဂုဏ်သရေရှိမင်းမိန်းမ မင်းယောကျား သူတော်ဝင် အပေါင်းတို့—

ကျွန်တော် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ မြို့တော်သို့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ကိုးကွယ် ဆည်းကပ်နိုင်ကြစေရန် ကြေးဘုရား ရုပ်ပွါးတော်တဆူကို ပင့်ဆောင်လာခွင့် ရသဖြင့် အထူးပင် ရှင်လန်းဝမ်းမြောက်မိပါသည်။ မြန်မာနှင့် ထိုင်နိုင်ငံတော်ရှိ လူထုများသည် ဘုရားသားတော်များ ဖြစ်ကြသည့်အလျောက် တအိမ်ထည်းနေ တရေထည်းသောက် ညီရင်းအစ်ကိုပမာ ချစ်ခင်ရင်းနှီးစွာဖြင့် ရှိခဲ့ရင်း မေတ္တာမဏ္ဍိုင်သည် ပိုမို ခိုင်မြဲသည်ထက် ခိုင်မြဲဘိုသာ ရှိပါတော့သည်။

ထုဇင်ကြောင်းအရ ဆိုလျှင်လည်း အာရုတိုက် အလယ်ပိုင်းမှ အောက်ပိုင်းသို့ ဆင်းလာခဲ့ကြပြီး ပထဝီမြေတဆက်ထည်းဖြင့် တဘက်တွင် "ပြည်ထောင်စု မြန်မာနိုင်ငံတော်" တဘက်တွင်လည်း "ထိုင်နိုင်ငံတော်" ဟူ၍ အမည်တွင်လာခဲ့ရာ၌ ဗုဒ္ဓသကရာဇ် ၁၆၀၀-ခုနှစ်လောက်တွင် မြန်မာပြည်ရှင် မင်းတရားကြီး အနရထာ၌ဘုရင်မင်းမြတ်သည် မြန်မာပိုင် မြေနယ်များကိုသတ်မှတ်ပြီး ဗုဒ္ဓသာသနာ ထေရဝါဒကို ပဌမထူထောင်လာရာ ယနေ့ထိဆိုလျှင် နှစ်ပေါင်း ၇၉-နှစ်မျှ ကြာညောင်းလာခဲ့ပြီး ၎င်းထေရဝါဒသည်လည်း ထိုင်နိုင်ငံတော်တွင် မရွေးမနှောင်း ရှိခဲ့ကြောင်းကို နဘုန်းပထုံ ရှိ ပုဇနီယဌာနများကို ထောက်ထား၍ သိရှိရပါကြောင်း။ ဘာသာရေးတည်းဟူသော ရေသောက်မြစ်ကြီးနှင့် တူခဲ့သည့်ပြင် ပထဝီဝင် အနေအထားအရ တော တောင်များ ကန့်ဆီးကာ ဝေးကွာနေကြရသော်လည်း စိတ်နေသဘောထားမှာ ကွာခြားခြင်း မရှိကြောင်းကို မြင်သိခဲ့ရလေသည်။ သို့သော် မိမိတို့ ကံတရားအရ ၎င်းကံတရား၏ စီမံရာအတိုင်း ဘဝ ခရီးလမ်းကို သွားခဲ့ကြရပေသည်။

ယခုအခါ၌မူ အသွားအလာ အဆက်အသွယ်များ ကောင်းမွန် လွယ်ကူလာသဖြင့် သဘာဝ အဆက်အခဲများကို ကျော်လွှန်နိုင်ခဲ့ကြကာ တဦးနှင့် တဦး ပိုမိုနားလည်မှု ရရှိချင်ပြီး ရင်းနှီးသည်ထက် ရင်းနှီးခဲ့ကြရလေသည်။

ဤကဲ့သို့ အသွားအလာ အဆက်အသွယ် ခက်ခဲမှုကို အရင်းခံ၍ အနေဝေးခဲ့ငြားသော်လည်း ဘုရားရှင် သာသနာတော်ကို လေးစားမြတ်နိုးကြသူများ ပြိုပြို ရှိခဲ့ရင်းမေတ္တာမခက်ကို တိုးပွါးအောင် ပြုလုပ်ရာ၌ လုံးဝခက်ခဲခြင်းမရှိဘဲ ဤလောကကြီးတွင် ထာဝစဉ် ချစ်ကြည်ငြိမ်းချမ်းမှုနှင့် ကြီးပွါး တိုးတက်မှုများ ဖန်တည်းရန်အတွက် တရားတော်အရ မြဟူစိုရ်တရား လက်ကိုင်ထားကြကာ-

(၁) မေတ္တာ တရားနှင့် အများ ဝေနေယျကို ဒေါသစိတ္တုပ္ပါဒ် မရှိဘဲ ကြင်နာခြင်း။

(၂) ကရုဏာ တရားနှင့် အများဝေနေယျကို ကြမ်းကြုတ် ရက်စက်ခြင်းမှ ဝေးကွာပြီး ဒုက္ခ ဘေးဆိုးမှ သနားစိတ်ဖြင့် ကယ်တင်ခြင်း။

(၃) မုဒိတာ တရားနှင့် အများ ဝေနေယျကို မစ္ဆရိယ စိတ်မှ ကင်းဝေးပြီး အများ ကောင်းစားသည်ကို ဝမ်းမြောက်ခြင်း။

(၄) ဥပေက္ခာတရားနှင့် အများ ဝေနေယျကို ဂတိမဘက်ဘဲ ရှုနိုင်ခြင်း။

ဤမြဟူစိုရ်တရား လက်ကိုင် ထားကြခြင်းဖြင့် ထာဝစဉ် ငြိမ်းချမ်းသာယာမှုကို ရနိုင်ကြပေမည်။ သို့သော်လည်း ပညာတည်းဟူသော ကမ္ဘာ့ အ

လင်းရောင်ရှိမှမောဟအမှောင်ကြောင့် ဤလောက ကြီး၌ ရှုပ်ထွေးမှု အထွေထွေကစပြီး ကမ္ဘာ့စစ်မီး တောက်လောင်သည် တိုင်အောင် ဖြစ်စေနိုင်သော ကပ်ဆိုးကြီး အမျိုးမျိုးတို့ကို ကျော်လွန် နိုင်ပေ မည်။ ၎င်းပညာဉာဏ်ကို တရားတော်အရ ဗဟု သုတရှာမှီးခြင်း၊ ဝေဖန်စဉ်းစားတတ်ခြင်းနှင့် ကျင့် ကြံအားထုတ်ခြင်းတို့ဖြင့် ပျိုးထောင်နိုင်ပေမည်။

လွန်ခဲ့သောနှစ် မတ်လက ဝန်ကြီးချုပ်မင်း ဦးနု ထိုင်နိုင်ငံတော်သို့ ဗောဓိပင်ပျိုနှင့် ကြွရောက်ပြီး "ဝပ်စီမဟာထတ်" ကျောင်းတော်တွင် ပြည်ထောင် စု မြန်မာနိုင်ငံတော်လူထုနှင့် ထိုင်နိုင်ငံတော် လူထု မျှား ပိမိုရင်းနှီးပြီး တရားတော်အရ မြတ်သုခကို ရည်သန်ပြီး ရှေ့လမ်း ဖွင့်ခဲ့လေရာ ကျွန်တော်ကလည်း ဤမက်လာ အခါတော်ကြီး၌ ဗုဒ္ဓဘိသေက ခံယူပြီး ပင့်ဆောင်လာခဲ့သော ကြေး ဆင်းတု ရှုပ်ပွါးတော်ကို အမျှားပူဇော် ကိုးကွယ် ကြရန် ထိုင်နိုင်ငံတော် ဘုရင်မင်းမြတ် အစိုးရနှင့် တကွ ပြည်သူ လူထုကိုယ်စား ကျွန်တော်က ဤရှုပ်ပွါးတော်နှင့်တကွ ပရိဝါရဖြစ်သော ပူဇော် ဘွယ် စုတ္တေပါ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်မင်းနှင့်တကွပြည်သူလူထုအား မေတ္တာ ဖြင့် ပေးလှူပါကြောင်း။

မြတ်ဗုဒ္ဓ၏ ကိုယ်စားတော် ဖြစ်သော ဤကြေး ရှုပ်ပွါးတော်ကို ပူဇော်ကန်တော့ရသော အကျိုး အားကြောင့် ဝန်ကြီးချုပ်မင်းနှင့်တကွ တိုင်းသူ ပြည်သားမျှားပါ ဘေးမသီ ရန်မခဘဲ ပြည်ထောင် စု နိုင်ငံတော်နှင့် ထိုင်နိုင်ငံတော် လူထုအပေါင်းတို့ အား ဗုဒ္ဓါနုဘာဝေန မြတ်စွာဘုရား၏ အာနုဘော် တော်ကြောင့် ဗြဟ္မစိုရ်တရား လက်ကိုင်ထားကာ ညီရင်းအစ်ကိုပမာ ချစ်ခင်ကြပြီး လောက ဥတ္တမ ဖြစ်သော ရတနာသုံးပါးကိုမြန်မာနှင့်ထိုင် ပူးတွဲပြီး အောင်လံသဖွယ် လွှင့်ထူလွှမ်းမိုးကာ ဤကမ္ဘာ ကြီးအား ထာဝစဉ် ငြိမ်းချမ်းစေရန် ထမ်းဆောင် နိုင်ကြပါစေသောဝ်။



ပြည်ထောင်စု မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကစတုတ္ထသင်္ဂါပါတဖွင့်ပွဲတွင်လျှောက်ကြား နေပုံ။

Hon'ble U Nu, Prime Minister of the Union of Burma, delivering an address of Veneration at the Opening of the Siyāma Sannipāta (Thai Session) of the Chaṭṭha Saṅgāyanā.

ဗုဒ္ဓရုပ်ပွါးတော် ပူဇော်အပ်နှင်းပွဲအခမ်းအနား၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်

ဝန်ကြီးချုပ်ဦးနု၏ ပြန်ကြား မိန့်ခွန်းချက်

ထိုင်နိုင်ငံတော် နန်းရင်းဝန်ကြီးခင်ဗျား

ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ ကြီးမှူးကျင်းပ သည့် ဆဋ္ဌမဟာသင်္ဂါယနာ ဓမ္မဘာဘင်ကြီး၏ ယခု စတင် ကျင်းပတော့မည်ဖြစ်သော သျှာမယန္ဒီပါတ ဖွင့်ပွဲနှင့် သံဂါယနာတင် အခမ်းအနားများတွင် ပူဇော်ရန် ရည်စူး၍ အထူး သွန်းလုပ်ခဲ့သည့် အလွန် ကြည်ညိုဘွယ်ထု ဂုဏ်အပေါင်းနှင့် ပြည့်စုံသော ဤဗုဒ္ဓရုပ်ပွါး ကြေးဆင်းတုတော် မြတ်ဘုရားကို ထိုင်နိုင်ငံတော် နန်းရင်းဝန်ကြီးက သခ္ဓါကြည်ဖြူ ပေးလျှ။ အပ်နှင်းသည်ကို မြန်မာနိုင်ငံသူ နိုင်ငံသား တို့၏ ကိုယ်စား ခံယူရရှိသဖြင့် အလွန် အကြူး အထူး ဝမ်းမြောက်လှပါသည်။

မိတ်ဆွေ နိုင်ငံတခုမှ အခြားမိတ်ဆွေနိုင်ငံတခု သို့ အချစ်ကြည်ဆုံး အရင်းနှီးဆုံး အထိမ်းအမှတ် အဖြစ်ဖြင့် ပါးနိုင်သည့် လက်ဆောင်အပေါင်းတို့ တွင် ဤရတနာ လက်ဆောင်သည် အမှန်မြတ်ဆုံး ဖြစ်သည့်ပြင် နှစ်ဦးလုံး၏ အကျိုးကို အဆောင်နိုင် ဆုံး ဖြစ်ပါသည်၊ မိမိ၏ အချစ်ခင် အရင်းနှီးဆုံး အကြည်တော်ထံသို့ ဗိဿသာရမင်းကြီးက လက် ဆောင် အပေါင်းတို့တွင် မနှိုင်းယှဉ်သာအောင် မှန်မြတ်လှသည့် ရတနာသုံးပါး တည်းဟူသော လက်ဆောင်ကို ပေးပို့သဖြင့် လက်ခံရရှိသည့်အခါ ပက္ကျသာတိမင်းကြီးသည် သခ္ဓါကြည်ညိုခြင်း ပီတိ ဇောဖြင့် အကြိမ်ကြိမ် မိန်းမောမှု ဩသားဘိသကဲ့သို့ ကျွန်တော့်မှာလည်း ဖရဏာပီတိ ဂွမ်းဆီထိသလို အတိုင်းမသိ ကြည်နူးမိပါသည်။

လူမျိုးအားဖြင့်ရင်း၊ ဓလေ့ထုံးစံအားဖြင့်ရင်း၊ ယဉ်ကျေးမှုအားဖြင့်ရင်း ထပ်တူဖြစ်သည့်ပြင် ရွှေ နှစ်ပြားကို ဂဟေသားသကဲ့သို့ တခုတည်းသော ဘာသာဝင်များ ဖြစ်ကြသော ဤ အိမ်နီးချင်း ဘဝတူ နိုင်ငံနှစ်ခုသည် အချစ်ကြည်ဆုံး အရင်း နှီးဆုံး အယုံကြည်ဆုံး မဟာမိတ်အဖြစ်သို့ ရောက် ခဲ့ပါပြီ၊ ဤသို့သော မဟာမိတ်နိုင်ငံ နှစ်နိုင်ငံသည် ဤ ဆဋ္ဌမဟာသံဂါယနာကြီးကို တွဲဘက် ဆောင် ရွက်ခြင်းဖြင့် ပြီးမြောက်စေခဲ့ပါသည်။

ဤ မှန်မြတ်လှစွာသော ရတနာဆင်းတုတော် မြတ်ကို ပေးအပ် လျှ၊ဒါန်းရသည့် ကုသိုလ်ကံ စေတနာတို့ကြောင့်--

ထိုင်နန်းရင်းဝန်ကြီးနှင့် တကွ ထိုင်နန်းရင်း ဝန်ကြီးကတော်တို့မှ အစပြု၍ ထိုင်နိုင်ငံသူ နိုင်ငံ သားအပေါင်းတို့သည်–ကိုယ်စိတ်နှစ်ဖြာ လွန်ချမ်း သာ ကျန်းမာကြပါစေ၊ ဘေးရန်ခပ်သိမ်း ရှောင် ဝေါ်တိမ်း ကင်းငြိမ်းကြပါစေ၊ စည်းစိမ် ဥစ္စာ ရတနာ လွန်စွာပေါပါစေ။

Speech delivered by the Honourable U Nu, Prime Minister of the Union of Burma at the Buddha Image Consecration and Presentation Ceremony held at the Mahā Pāsāṇa Guhā on the 16th December 1955 at 12 noon.

HONOURABLE PRIME MINISTER OF THAILAND :

I am greatly inspired to receive the most venerable and excellently finished brass image of the Buddha, which the Honourable Prime Minister of Thailand has been kind enough to bring from Thailand to be offered to the people of the Union of Burma for their veneration at the Thai Session (Siyāma Sannipāta) of the Chaṭṭha Sangāyanā which is now about to commence.

Of all the gifts that can be presented by one friendly country to another as a token of goodwill and friendship, this present of 'RATANĀ' is the most excellent. Just as King Bimbisāra of old was much inspired to receive the gift of the Three incomparable Jewels from King Pakkusāti, I am also much inspired.

We two peoples, who are both Buddhists, near neighbours, close friends of the same custom and culture, are now united as if two leaves of gold had been welded together, by this magnificent offering of yours, and the spirit in which it is given.

May the Prime Minister and his wife and all the people of Thailand be hale and hearty and free from every danger and be enriched with all wealth.

အနီးစခန်းဆရာတော်ဘဒန္တ ပဏ္ဍိတမဟာထေရ်က
စတုတ္ထသင်္ဂါယနာဖွင့်ပွဲတွင် သြဘာစာနှင့် ထုတိ
ဝေလျှက်ထားမျှားကိုဘတ်ကြားလျှောက်ထား
နေပုံနှင့်ထေရာသနပလွင်ထက်၌ယိုးဒယားနိုင်ငံ
တော်သံဃနာယကဆရာတော်
သီတင်းသုံးနေပုံ

Bhadanta Paṇḍita Mahāthera (Anisakhan Sayadaw) delivering an Address at the Opening Ceremonies of the Siyāma Sannipāta (Thai Session) of the Chaṭṭha Sangāyanā. Seated on the Presidential Dais is His Holiness Somdej Phra Vanarat Kittisobhana, the Sangha-nāyaka (Ecclesiastical Premier) of Thailand.

ဆဋ္ဌသံဂါယနာ စတုတ္ထ (သျှာမ) သန္နိပါတဖွင့်ပွဲ

သကရာဇ် ၃၇၁၇-ခုနှစ် နတ်တော်လဆန်း ၂-ရက် သောက်ကြာနေ့ နေ့ ၁၂-နာရီ မိနစ် ၃၀ အချိန်တွင် နိုင်ငံတော်သမတကြီး အဂ္ဂမဟာသီရိသုဓမ္မဒေါက်တာဘဦး၏ ယိုးဒယားမှ ပင့်ဆောင်လာသည့် ရှပ်ပွါးတော်အ်ား ဖရောင်းတိုင်နှင့် အမှေ့တိုင်များ ထွန်းညှိ ပူဇော်ပြီးနောက် "ဆဋ္ဌသံဃာယနာ ၅၂ စတုတ္ထသန္နိပါတသည် ယိုးဒယားသန္နိပါတ အမည်တွင်စေ"ဟု ကျေညာပြီးလျှင် ယိုးဒယားဝန်ကြီးချုပ်အား၎ဂ္ဂါ သန္နိပါတကို ဖွင့်ရန် မေတ္တာရပ်ခံလေသည်၊ ယိုးဒယားနိုင်ငံတော် ဝန်ကြီးချုပ်ကလည်း ထောမနာစကားဖြင့် ဆဋ္ဌသံဂါယနာ သျှာမသန္နိပါတဖွင့်လှစ်ကြောင်းကိုလျှောက်ထားလေသည်၊ ထိုနောက် ဝန်ဆောင် သံဃအဖွဲ့အကျိုးဆောင် ဗဟကရာတောဂဆရာတော် ဘဒန္တနာဂဝံသာဘိဝံသက အခါကြား ကျေညာစာတမ်းကို ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် လျှောက်ထားကျေညာတော် မူပြီးလျှင် သံဃ မဟာထေရ်က ယိုးဒယားနိုင်ငံ သံဃနာယကအား ဆဋ္ဌသံဂီတိ သံဃနာယက အဖြစ်ဖြင့် ဆောင်ရွက်ရန် ပါဠိဘာသာဖြင့် သမုတိပေးတော်မူလေရာ သံဃာတော်များက သာဓု သုံးကြိမ် ခေါ်တော်မူကြလေသည်။ ကြေးဘည်နှင့် ခရသင်းများလည်း တီးမှုတ်ကြလေသည်။ ထိုနောက် သံဃနာယကက ဗုဒ္ဓရုပ်ပွါးတော်အား ဖရောင်းတိုင် အမှေ့တိုင်များဖြင့် ထွန်းညှိပူဇော်ပြီးနောက် ထေရာသနပလ္လင်ထက်သို့ ကြွတော်မူလေသည်၊ ဝန်ဆောင် သံဃအဖွဲ့ဝင် ဘဒန္တပဏ္ဍိတ (အနီးစခမ်း ဆရာတော်) က သျှာမသန္နိပါတ ဖွင့်ပွဲမင်္ဂလာ ဩဘာစာကို ဘတ်ကြားတော်မူခြင်း၊ အကျိုးဆောင်ဆရာတော်က ဆဋ္ဌသံဂီတိ သံဃနာယက ကိုယ်စား အလည်ကျအုပ်ချုပ်ဆောင်ရွက်တော်မူမည့် သဘာဝတိဆရာတော်များ၏ စာရင်းကို ကျေညာတော်မူခြင်း၊

သံဃ မဟာနာယက က ယိုးဒယားဘာသာဖြင့် မိန့်ခွန်းစကား မြှက်ကြားတော်မူသည်ကို မမ္ပာစရိယ ဦးတေဇိန္ဒ အရှင်မြတ်က မြန်မာဘာသာပြန်ဆိုဘတ်ကြားခြင်း၊ ထေရဝါဒ နိုင်ငံနှင့် အခြားနိုင်ငံများမှ ဆရာတော်ကြီးများက မိန့်ခွန်းစကား မြှက်ကြားတော်မူ ကြခြင်း၊ အရပ်ရပ် သဝန်လွှာများကို ဘတ်ကြားခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဦးနုက သံဂီတိကာရက အရှင်မြတ်များအား လျှောက်ထားခြင်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး၏ကိုယ်စား ဒုတိယ ဥက္ကဋ္ဌ နိုင်ငံတော်တရားဝန်ကြီးချုပ် သတိုးသိရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ ဦးသိမ်းမောင်က သံဂီတိကာရကအရှင်မြတ်တို့ကို လျှောက်ထားခြင်း ပြုလုပ်ပြီးနောက် အခမ်းအနားကို ခေတ္တရပ်နားလိုက်လေသည်။

ထိုနောက် သံဃာတော်များက အဘိဓမ္မာပိဋကပဋ္ဌာန ပစ္စယနိဒ္ဒေသ ပါဠိတော်ကို ဆက်လက်သံဂါယနာတင်တော်မူကြလေသည်။ ပြီးဆုံးသည့်အခါ သံဃာတော်များက သာဓု သုံးကြိမ် မြှက်ဆိုတော်မူကြလေသည်။ ထိုနောက် ဘဒန္တ နာဂဝံသာဘိဝံသက စတုတ္ထသန္နိပါတ ပဋမနေ့ အခမ်းအနား ရွတ်သိမ်းကြောင်းကို (ပါဠိ-မြန်မာ ၂-ဘာသာဖြင့်) လျှောက်ထားကျေညာတော်မူပြီးနောက် ထိုးစည်နှင့် စည်တော် ၁၀-ချက်ဖြင့် အချက်ပေး၍ ပဋမနေ့ အခမ်းအနားကို ရွတ်သိမ်းလိုက်လေသည်။

OPENING CEREMONY OF THE THAI SESSION (SIYĀMA SANNIPĀTA)

After the conclusion of the Buddha Image Consecration and Presentation Ceremony, the Proceedings of the Opening Ceremony of the Fourth Session of the Chaṭṭha Sangāyanā which is known as the Thai Session (Siyāma Sannipāta) commenced at the Mahā Pāsāṇa Guhā (the Great Cave) at 12-30 p.m. with a signal by blowing of conchs and striking of gongs. His Excellency *Agga Mahā Thiri Thudhamma* Dr. Ba U, President of the Union of Burma paid homage to the Buddha by lighting candles and burning incense in front of the Buddha Image, and declared that the Fourth Session of the Chaṭṭha Sangāyanā be known as the " Siyāma Sannipāta " (Thai Session). After this declaration he called upon His Excellency Field Marshal Pibul-songgram, Prime Minister of Thailand, to open the Session.

His Excellency the Prime Minister of Thailand delivered an address of veneration and declared the Thai Session of the Chaṭṭha Mahā Sangāyanā open, followed by 10 strokes of gongs and beat of drums. After that, Ven'ble Bhadanta Nāgavamsa, Honorary Secretary of the Sangha Bhāraniṭṭhāraka Sabhā (The Supreme Sangha Council) announced the commencement of the Proceedings both in Pāli and Burmese. The Sangha Mahāthera (Elder monk who is most senior amongst the monks present) proposed His Holiness the Sanghanāyaka of Thailand as the Chaṭṭha Sangīti Sangha Mahānāyaka (Chairman). The Sangha signified their assent by uttering *Sādhu* thrice, followed by the striking of gongs and blowing of conchs. His Holiness the Sangha Mahānāyaka (Chairman) then paid homage to the Buddha by lighting candles and burning incense in front of the Buddha Image and took his place on the Presidential Dais.

Venerable Bhadanta Paṇḍita, a member of the Sangha Bhāraniṭṭhāraka Sabhā read in Pāli and Burmese an address of Adoration relating to the Siyāma Sannipāta. After that, the list of Chaṭṭha Sangīti Anu-nāyaka (The Panel of Deputy Chairmen) was announced followed by the Presidential address in Thai, the Burmese translation of which was read by Ven. U Tejinda, Dhammācariya. After the Presidential address, the Mahātheras from Theravādin countries delivered their addresses of veneration, and messages from various countries and organisations were read. The Hon'ble U Nu, Prime Minister of the Union of Burma, and *Agga Maha Thray Sithu* U Thein Maung, Vice-President of the Union Buddha Sāsana Council, on behalf of *Thado Thiri Thudhamma* Sir U Thwin, President of the Union Buddha Sāsana Council delivered addresses of veneration respectively.

The Chairman then proposed the names of Ven'ble Agga Mahā Paṇḍita Bhadanta Sobhana (Mahāsi Sayadaw) and Ven'ble Tipiṭakadhara Dhammabhaṇḍāgārika Bhadanta Viccitasārābhivamsa as the Pucchaka (Questioner) and Visajjaka (Replier) respectively with regard to Paṭṭhāna (The Book of Origination) of Abhidhamma. After the catechisms were made by the Questioner and the Replier, the Sangīti-kāraka Bhikkhus recited Paccayuddesa of the Book of Origination. At the end of the recitation the Bhikkhus uttered *Sādhu* thrice and there was an interval for 15 minutes. When the Session was resumed after the interval the Sangīti-kāraka Bhikkhus continued the recitation of the Paccaya-niddesa of Paṭṭhāna. At the the end of the recitation the Bhikkhus uttered *Sādhu* thrice. Venerable Bhadanta Nāgavamsa then announced the termination of the day's Proceedings, followed by 10 strokes of gongs and beat of drums.

ထိုင်နိုင်ငံတော် ဝန်ကြီးချုပ်၏ ဦးချောက်ထားချက်

၁၉၅၅-ခု၊ ဒီဇင်ဘာလ ၁၆-ရက်

အရှင်ဆရာတော်မြတ်များ, ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတမင်းနှင့် ဂုဏ်သရေရှိ မင်းမိန်းမ- မင်းယောကျ်ား သူတော်စင် အပေါင်းတို့—

ထိုင်နိုင်ငံတော် အစိုးရနှင့် ပြည်သူ ပြည်သားတို့ ကိုယ်စား ဘုရားတပည့်တော် ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် စတုတ္ထသန္နိပါတသို့ ပြည်ထောင်စု ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီး၏ ဆုံးဖြတ်ချက် အရ "ထိုင်သန္နိပါတ" ဟု သမုတ် ခေါ်ဆိုကာ ဂုဏ်ပြုရာ ဗုဒ္ဓဘာသာဝင် တိုင်းပြည်တပြည်အနေနှင့် လာရောက်ကာ မဟာကုသိုလ်တော်များ ဆောင်ရွက်ခွင့် ရရှိသဖြင့် ဘုရားတပည့်တော်တို့ အမျိုးသားများ ကိုယ်စား ဂုဏ်ယူမိကာ အထူးပီတိပါမောဇ္ဇ ဖြစ်မိပါကြောင်း။

ဘုရားတပည့်တော်များ သာသနာ၌ သစ္စာတရားတော်ကြီးကိုဟုတ်မှန်သည့်အတိုင်း နားလည်ကာကျင့်ကြံရန်မှာ အလွန်ပင် အရေးကြီးသော အချက်ပင် ဖြစ်ပါသည် သို့မှသာ ပညာဥာဏ် အလင်းဖြစ်ထွန်းပြီး သကာလ လောဘ-ဒေါသ- မောဟ ဘည်းဟူသောအကုသိုလ် စိတ္တုပ္ပါဒ် အညစ်အကြေးများကို ဖယ်ရှားကာ သန္တိသုခ အုစစ်ဖြစ်သော ငြိမ်းမှုကို ထူထောင်ကာ ဗုဒ္ဓရောင်ခြည်ဖြင့် အတိုင်းတိုင်း အပြည်ပြည်သို့ လွှမ်းခြုံနိုင်မည်မှာ မလွဲပါ၊ သို့အတူက်ကြောင့် ယခု ပြည်ထောင်စု ဗမာနိုင်ငံတော်၌ ကျင်းပနေသော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ပွဲကြီးသည် ဗုဒ္ဓဘာသာ ထေရဝါဒ ဂိုဏ်းဝင်တိုင်းနိုင်ငံတော် အသီးသီးရှိ ပိဋကတ်တော်များ၏ အညစ်အကြေးကို တရားဆည်းပူးကြရာ၌ သံသယမရှိရလေအောင်သုတ်သင်ပယ်ရှားခြင်းဖြင့် ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့၏ အကျိုးမှာ ပိုမိုကြီးမားလာမည် မလွဲပင်ဖြစ်ပါသည်ဘုရား။

ဤသို့ သာမဂ္ဂိတရား ရှေထားကာ ဆောင်ရွက်ခြင်းဖြင့် ဘုရားသာသနာတော်ကြီးကို ကမ္ဘာအနှံ့အပြားသို့ ပြန့်ပွါး ထွန်းလင်းစေရန် ချီးမြှောက်ရာ ရောက်သည်ပြင် ကိလေသာ အညစ်အကြေးမှ ကင်းလွတ်စေရန် တရားအားထုတ်နေကြသော သူတော်စင် အပေါင်းတို့လည်း ဒွိဟလွတ်ကင်း ချမ်းသာ မြေစွာဖြင့် ကျင့်ကြံ အားထုတ်ခွင့် ရကြလေတော့မည် ဟု ဘုရားတပည့်တော် ယုံကြည်ပါသဖြင့် သဒ္ဓါ ဆန္ဒ ဝီရိယ ပြင်းပြစွာဖြင့် ဤသံဂါယနာ မဟာကုသိုလ် ဓမ္မသဘင်တော်ကြီးတွင် ထမ်းဆောင်နေကြသော သူတော်စင် အပေါင်းတို့အား ရတနာသုံးပါး၏ တန်ခိုးတေဇော် အာနုဘော်တော်နှင့် သုံးလူ့ထွဋ်ထား ရှင်တော်ဘုရား ဟောကြားတော်မူသော သစ္စာတရားတော်၏ အာနုဘော်ကြောင့် ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ ချမ်းသာ စွာနှင့် ဆုံးခမ်းတိုင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြပါစေရန် ဘုရားတပည့်တော်က ဆုတောင်း မေတ္တာပို့သပါသည် ဘုရား။

Address by His Excellency Field-Marshal P. Pibulsonggram Prime Minister of Thailand, at the opening of the Fourth Session of Chaṭṭha Sangāyanā, December 16, B. E. 2499 (1955)

YOUR REVEREND, MR. PRESIDENT, EXCELLENCIES, LADIES AND GENTLEMEN,

In the name of the Government and people of Thailand, I wish to express my profound happiness in attending the Fourth Session of Chaṭṭha Sangāyanā, which the Union of Burma Buddha Sāsana Council has authorised to be called "Thai Session." This evokes not only a sentiment of the highest honour done to my country but also inspires a joy in me in having, as a Buddhist, an opportunity of sharing in the great merit to be derived from the ceremony of Chaṭṭha Sangāyanā.

The precepts of our Lord Buddha engender in his followers a realisation of goodness and truth and produces the wisdom to perceive what is right and what is wrong leading to the suppression of greed, hate and deception. The teaching of Our Lord can truly create, uphold and guarantee peace. Consequently, the holding of Chaṭṭha Sangāyanā in the Union of Burma with the object of collating the Tipiṭaka, which is the essence of Buddhist, and creating a Tipiṭaka complete with all the texts upheld by Theravādin Buddha Sāsana will not only be beneficial in removing suspicions and uncertainties among those who seek Dhamma but will also tend to consolidate Buddhism in the future.

I am firmly convinced that unity in Dhamma will be highly beneficial in spreading the teaching of our Lord Buddha extensively throughout the world. Not only will the teaching be perpetuated thereby but will help those who uphold the Dhamma to discard evil and live together in peace and happiness for all time.

By the Sacred Power of the Triple Gem and the moral precepts of Our Lord Buddha, which are the haven of all Buddhists, may the participants in this work of great merit in their serene faith and with strong unanimity achieve every success.

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ ရှေ့ဆောက်ထားချက်

ဤနေ့သည် ဗုဒ္ဓဘာသာဝင် အပေါင်းတို့၏ နှစ်ထောင်းအားရ ဝမ်းမြောက်ဘွယ်ရှိလှသော နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည်၊ ကြုံကြိုက်ခဲလှသည့် မဟာသံဂါယနာကြီးကို ထေရဝါဒနိုင်ငံတို့က ယှဉ်တွဲကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်အတိုင်း စတုတ္ထသန္နိပါတကို ကျင်းပနိုင်သည့်တိုင်အောင် အောင်မြင်ခဲ့ပါပြီ၊ ဤသို့ အောင်မြင်နိုင်ခဲ့သည်မှာ ထေရဝါဒနိုင်ငံများနှင့် တကွ ဗုဒ္ဓဘာသာလောကတခုလုံး၏ ကြိုးပမ်းအားထုတ် ပြုလုပ်ဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပေရာ၊ အထူးအားဖြင့် ထိုင်နိုင်ငံတော်၏ သံဃာတော်အရှင်မြတ်များ၏ ဓမ္မာနုဂ္ဂဟဖြင့်ရင်း၊ ထိုင်နိုင်ငံတော်အစိုးရနှင့် တိုင်းသူပြည်သားတို့၏ ပစ္စယာနုဂ္ဂဟဖြင့်ရင်း အစွမ်းကုန် ကူညီမှုကြောင့် ဖြစ်ပါသည်၊ အားလုံးတို့၏ ဆန္ဒအရ ထိုင်နိုင်ငံတော်ကို ဂုဏ်ပြုသောအားဖြင့် ယခု စတင်ကျင်းပသည့် သန္နိပါတကို "သျှာမသန္နိပါတ" ဟူ၍ ခေါ်တွင်ခဲ့လေပြီ။ ထိုပြင် ထေရဝါဒနိုင်ငံအားလုံးတို့နှင့် ဗုဒ္ဓဘာသာ သံဃလောကမှ ကိုယ်စားလှယ်တော်များဖြစ်ကြသည့် ယနေ့ ဤမဟာပါသာဒကုဟာ လိုက်ရှုတော်ကြီး အတွင်း၌ ကြွရောက်စုဝေးတော် မူကြကုန်သော သံဂီတိကာရက အရှင်မြတ် အပေါင်းတို့၏ ဆန္ဒအတိုင်း ထိုင်နိုင်ငံတော် သံဃနာယက ဆရာတော်ဘုရားကြီးအား ဆဋ္ဌသံဂီတိ သျှာမသန္နိပါတ သံဃမဟာနာယက အဖြစ်ဖြင့် တင်မြှောက်တော် မူခဲ့ကြပါပေပြီ။ သံဃနာယက ဆရာတော်ဘုရားကြီး၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကြောင့် ဤသျှာမသန္နိပါတ သည်လည်း ချောမောစွာ အောင်မြင်ရမည်ပင် ဖြစ်ပါသည်။

ထိုင်နိုင်ငံတော် နန်းရင်းဝန်ကြီးက ဤသျှာမသန္နိပါတကို ကြွရောက်ဖွင့်လှစ်ခြင်းသည်လည်း ဗုဒ္ဓဘာသာ အားလုံးနှင့်တကွ မြန်မာနိုင်ငံတော် သံဃာအစိုးရနှင့် တိုင်းသူပြည်သားတို့၏ လိုလားတောင့်တချက်ကို ပြည့်ဝစေပါပြီ၊ အလွန် ဘဝေးကြီးသည့်ပြင်၊ မြားမြောင်လုစွာသော ဆောင်ရွက်ဘွယ်များကို ထားခဲ့ပြီးလျှင် ယခုကဲ့သို့ မြန်မာနိုင်ငံသို့ ကြွရောက်နိုင်သဖြင့် သံဃနာယကဆရာတော် ဘုရားကြီးအား ကျေးဇူးတင်သည့်နည်းတူ နန်းရင်းဝန်ကြီးကိုလည်း ကျေးဇူးတင်လှပါသည်၊ နိုင်ငံတော် အစိုးရ၏ အကြီးအချုပ်ဖြစ်သော ထိုင်နန်းရင်းဝန်ကြီး မြန်မာနိုင်ငံသို့ ကြွရောက်နိုင်သည်မှာ ယခုအကြိမ်သည် ပဌမဆုံး အကြိမ် ဖြစ်သဖြင့် သာသနာရေး အတွက်သာမက နှစ်ပြည်ထောင်ချစ်ကြည် ရင်းနှီးရေးအတွက်လည်း အတိုင်းမသိ ကျေးဇူးရှိလှပါပေသည်။

ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ တန်ခိုးတေဇော် အာနုဘော်တော် ကြောင့်ရင်း။

ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော တရားတော်၏ တန်ခိုးတေဇော် အာနုဘော်ကော် ကြောင့်ရင်း။

AN ADDRESS OF VENERATION DELIVERED BY THE HONOURABLE U NU PRIME MINISTER OF THE UNION OF BURMA, AT THE THAI SESSION (SIYĀMA SANNIPĀTA)

MOST RESPECTFULLY. BHANTE,

Today is a most auspicious day and a great occasion of rejoicing for all Buddhists. Owing to the co-operation and collaboration of all Theravādin countries, the GREAT RECITAL has been very successful so far and now the Fourth Session has commenced.

Such success is due to the endeavours of the whole Buddhist World and especially due to the help in points of Doctrine given by the deeply-learned Thai Mahātheras and also with the support of the people and the Government of Thailand.

According to the wish of all and as a mark of respect to Thailand the Session now commencing is to be known as the SIYĀMA SANNIPĀTA (THAI SESSION). Again in accordance with the wishes of the Sangīti-kāraka Bhikkhus and the representatives of the Buddhist countries who are now present in this Mahā Pāsāṇa Guhā, His Holiness the Sangha-nāyaka of Thailand has been appointed as the Sangha Mahānāyaka of this Siyāma Sannipāta. By virtue of the Sīla, Samādhi and Paññā possessed in a very high degree by His Holiness, this Siyāma Sannipāta will undoubtedly succeed to our highest wishes.

By the visit of His Excellency the Prime Minister of Thailand and his opening of this Siyāma Sannipāta the earnest wishes of all the Buddhists, the people, the Government and the Sangha of the Union of Burma have been fulfilled.

I thank His Holiness the Supreme Patriarch of Thailand and His Excellency the Prime Minister of Thailand, for honouring us with their presence here today, leaving aside all their important business in Thailand

As His Excellency the Prime Minister of Thailand has now visited us for the first time, it is important for the Sāsana and will make stronger the tie of Buddhist friendship between our two countries.

By the grace of the Nine Inherent Qualities of the Buddha, Six Inherent Qualities of the Dhamma, Nine Inherent Qualities of the Sangha ; by the Power of all Sangīti-kāraka Bhikkhus of previous Sessions who are the descendants of the Mahātheras who participated in the First Sangāyanā ; by the Power of all Sangīti-kāraka Bhikkhus taking part in the present Session ; and by the Power of the Sangīti-kāraka Bhikkhus headed by His Holiness the Sangha-nāyaka of Thailand, may the Buddha Sāsana shine as a brilliant sun in this world !

ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော်တို့၏ တန်ခိုးတေဇော် အာနုဘော် တော်ကြောင့်ရင်း။

ပဌမသံဂါယနာမှစ၍ အဆက်ဆက်သော သံဂါယနာတို့ကို ဆောင်ရွက် အောင်မြင်စေတော်မူခဲ့ကုန်သော သံဂီတိကာရက သံဃာတော်တို့၏ တန်ခိုးတေဇော် အာနုဘော်ဟောင်ကြောင့်ရင်း။

ဤ ဆဋ္ဌမဟာသံဂါယနာကြီးကို ဆောင်ရွက်တော်မူဆဲ ဖြစ်တော်မူကုန်သော သံဂီတိကာရက သံဃာတော်တို့၏ တန်ခိုးတေဇော် အာနုဘော် တော်ကြောင့်ရင်း၊

ဤသျှာမသန္နိပါတ သံဃမဟာနာယက ဖြစ်တော်မူသော ထိုင်သံဃနာယက ဆရာတော်ဘုရားကြီးကို အမှူးပြု၍ ကြည်ညိုဘွယ် ကြွရောက်စုဝေးတော်မူလျက် ရှိကုန်သော သံဂီတိကာရက သံဃာတော်တို့၏ တန်ခိုးတေဇော် အာနုဘော်တော် ကြောင့်ရင်း။

ဗုဒ္ဓသာသနာ ဤကမ္ဘာဝယ် ထောင်ဝါနေသို့ ထွန်းစေသောဝ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်
ဦးနုက စတုတ္ထသင်္ဂါယနာ ဖွင့်ပွဲတွင် ဖယောင်း
တိုင်များဖြင့် မီးပူဇော်နေပုံ။

Hon'ble U Nu, Prime Minister of the Union of Burma, lighting candles at the Opening Ceremonies of the Fourth Session of the Chaṭṭha Saṅgāyanā.

ဩဘာစာနှင့် ထုတ်ဝေဒေါ်ရွှေ ဂါထာများ

ကမ်းမမြင်လမ်းမမြင်၊ သံသရာနယ်တခွင်ဝယ်၊ ကျင်လည်ကျက်စား၊ ဆုံလည်နေရားပမာ၊ ရပ်တည်ရာမရ၊ဘယ်ဘဝတွင် အဆုံးသတ်မည်-ဟု၊ သတ်မှတ်ချက်မရှိ၊ ဝိပရိဏာမ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်၍ နေကြရသော သတ္တလောကအလယ်တွင် အမြင်မှန် တရားအစစ်ကြောင့် ဘုရားအဖြစ်သို့ စင်စစ်ရောက်ရှိတော်မူလာသော သကျသာကီဝင် ဘုရင်နေမျိုး မြေမိုးဘဝဂ် အောက်ထက်ဖိလာ သွက်သွက်ခါအောင် ဩဘာဒန်မိတ်၊ အောင်တံဆိပ်ဖြင့်၊ အတွင်ရှိအထိပ်သို့ရောက်ကာ၊ ပွင့်ထွန်းတော်မူလာသော၊ ဂေါတမနယ်ဘူး၊ သမ္ဘည်မြတ်စွာ ဘုရားသည်၊ အခြားသတ္တဝါ၊ နတ်ပြဟ္မာတို့နှင့် လားလားမျမတူ၊ ရှေးရှေးဘုရားတို့နှင့်သာ တူတော်မူသဖြင့် "အသမသမာ"ပဏ္ဍိုလ်မြတ် ဟူ၍၊ ချီးကျူးထောမနာတော်မူအပ်ပေသည်။

မည်သူနှင့်မျှမတူ၊ ဘုရားသျှင်တို့နှင့်သာ တူတော်မူသော ပဏ္ဍိုလ်ထူးပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်နှင့်အညီ၊ လူ့ပြည်နတ်ရပ်၊ လောကဓာတ်၌၊ ပစ္စယသမဂ္ဂီ အကြောင်းတွေ စုံညီသဖြင့်၊ ဂုဏ်ရည်ချယ်ဆင်လျက်၊ ပေါ်လွင် ပွင့်ထွန်းတော်မူလာသော အခါ၊ သတ္တဝါတို့၏ အကျိုးစီးပွါးကို၊ သူတပါးနှင့် မတူသော လုလ္လ၊ သူတပါးနှင့် မတူသော သမာဓိ၊ သူတပါးနှင့် မတူသော ဉာဏ်တော်ဖြင့် မည်သူ့စကားနှင့်မျှ မတူသော ဗုဒ္ဓဘာသိတ ဝေါဟာရ ဒေသနာ အဖြာဖြာတို့ကို ကရုဏာတော် ရှေထားလျက်၊ ဟောကြားညွှန်ပြ၊ ဆုံးမနည်းပေးတော်မူခြင်းဖြင့်၊ ရည်ဝေးလုစ္ဆာသံသရာဝဋ်ဆင်းရဲမှ၊ ကင်းလွတ်အောင် ဆောင်ရွက်တော်မူခဲ့လေသည်။

သတ္တဝါ အနန္တတို့၏ အကျိုးကို၊ သည်ပိုးဆောင်ရွက်ဌာဋ္ဌ၊လှန်စွာထက်မြက်သည့်၊လက်နက်အကာင်း သဖွယ်ဖြစ်သော၊ ပဋ္ဌာန်ကတ်သုံးပြာ၊ ဒေသနာတော်များမှာ နှစ်ပေါင်း (၂၅၀)တိုင်တိုင်၊ မဏ္ဍိုင်အလား၊ ဓားမားမတ်မတ်ကြီး၊ တည်ရှိတော်မူကြရန်၊ ဗုဒ္ဓသာဝက-ဘုရာ့တပည့်သား၊ အသျှင်ကောင်း အသျှင်မြတ်များက ကြိုးစားမပျက်၊ ဆရာတပည့်အဆက်ဆက်၊ ဆောင်ရွက် ထိန်းသိမ်းတော်မူလာကြသဖြင့်၊ ခုကာလဝေနေ၊ မျှားဗိုလ်ခြေတို့မှာ၊ နေရောင်ခြည်နှင့် အသင့်တွေ့ကြုံကြရသော၊ ကြာငံ့ ကြာမူးတို့အလား၊ တရားဓာတ်ငွေ့ကြိမ်ကြိမ်တွေ့ရသဖြင့်၊ ချမ်းမြေ့ကြည်သာ၊ နတ်ရွာနိဗ္ဗာန်၊ သုံးတန်သုခ၊ ရရာရကြောင်း အခွင့်ကောင်းကြီးများကို တိမ်းစောင်းမရှိ၊ လက်ကိုင်မိအောင် ရရှိပြီး ဖြစ်နေကြပေသည်။

အသမသမ၊ ဂုဏ်ပေါင်းခသည့်၊ ဗုဒ္ဓမြတ်စွာ၏၊ သာဝကစင်စစ်၊ ဖြစ်ကြီး ဖြစ်တော်မူကြသော၊ သံဂီတိကာရက-သံဃာတော် အသျှင်သူမြတ်တို့၊ ဘုရား—။ ဗုဒ္ဓဘာသိတ-ဝေါဟာရ ဒေသနာ၊ ပိဋ္ဌက သုံးဖြာကို၊ ကမ္ဘာတခွင်၊ ထုဇဝင်တွင် စာတင်လောက်ဘွယ်၊ အကယ်မလွဲ ထည်မြဲခြင်းကြီး တည်မြဲပါစေ ဟူသော၊ သမ္မာဆန္ဒ၊ အာသယဖြင့်၊ ဆဋ္ဌသံဂါယနာ-မဟာမမ္မသဘင်ကြီးကို၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရတို့၏၊ ပစ္စယာနုဂ္ဂဟ ကူညီထောက်ပံ့ချက်အရ၊ သံဂီတိကာရက သံဃာတော် အသျှင်သူမြတ်တို့သည်၊ သန္ဓိပါတ ငါးကြိမ် သတ်မှတ်စီစဉ်၍၊ ဆင်ယင်ကျင်းပ၊ သံဂါယနာ တင်လာခဲ့ကြရာ၊ ယခုအခါ၊ တတိယ အကြိမ်လွန်ရမြောက်၍၊ စတုတ္ထအကြိမ်သို့ပင်၊ ရောက်ရှိလာခဲ့ပြီးဖြစ်ပါကြောင်း။

ဤသို့ စတုတ္ထအကြိမ်မြောက်၊ ဆိုက်ရောက်လာပြီ ဖြစ်သဖြင့်၊ သန္ဓိပါတသာင်း၊ ပွဲကို ဆင်နွှဲတင်ဆိုတော်မူကြရန် ဆဋ္ဌသံဂီတိ မဟာပါသာဏ၊ မည်ရတင်ပေါ်၊ ဤလိုက်ဂူတော်ကြီး၌၊ ကြီးစာင်ယင်လိုက် သိုက်မြုံကိစ္စာ ခင်းကျင်းထားအပ်သော၊ ထေရာသနမလွှင်၊ မှမ်းဖြင်ညီး၊ နေရာတော် အသီးသီး တို့၌၊ ဦးစီး-ဦးကိုင် ဖြစ်တော်မူသော၊ ဩဝါဒါစရိယ သံဂီတိမဟာနာယက ဆရာတော်ဘုရားကြီးများ၊ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး အမှူးရှိသော ဝန်ဆောင်သံဃအမှဲ့ဝင် ဆရာတော်များနှင့် တကွ ဓမ္မဘာဏက၊ ဓမ္မပါဌက၊ သံဂီတိကာရက သံဃာတော် အသျှင်သူမြတ်တို့သည်၊ လေဖြိမ်ဆာ၌ ထွန်းညှိထားသော ဆီမီးတိုင်အလား၊ ခုံညားတင့်တယ်၊ကြည်ညှိဘွယ်အခြင်းအရာတို့ဖြင့်၊ကောင်းစွာ သီတင်းသုံးလျက်နေတော်မူပြီးဖြစ်ကြပါကြောင်း။

သို့ သီတင်းသုံးတော်မူပြီးဖြစ်ကြသည်နှင့်အညီ၊ မိကသီနကွတ်နှင့် စန်းယုဉ်၌၊ သစ်လွင်တင့်ဆန်း၊ သင်ဝင်နန်းတို့ဖြင့်၊ ရှမခမ်း ကြည်လင်ရာ၊ ဒဂုံရသ ရာသီ၊ ဆဲနှစ်လီတွင်၊ မိဂသီမှတ်၊ ကြယ်နက္ခတ်နှင့်၊ စန်းမြတ်ယှဉ်ရာ၊ မာဂသီရာ၊ မာသခေါ်ဝေါ်၊ သော်မော်ပလျမ်း၊ နတ္တော်လဆန်း ၂၄ရက် သောကြာနေ့ မှန်းတည့် ၁၂နာရီအချိန်၌ သိုက်မြိုက်စည်ကား၊ ယိုးဒယား-သျှမ၊ ခေါ်ဆိုရသည့်၊ စတုတ္ထသန္ဓိပါတ အခမ်းအနားသဘင်ကို၊ စတင်ဖွင့်လှစ်ပြီ ဖြစ်ကြောင်း၊ ကောင်းမှန်စွာဘိ၊ ပါရိကဗျာ၊ မြန်မာစကားပေါ်၊ နှစ်ထွေဖွဲ့သီ၊ အဠာလီသွယ်ယှက်၊ ပန်းဆယ်ခက်ကို၊ ဦးထိပ်ထက် တင်ပိုး၍ ရှိခိုးလျှောက်ထားအပ်ပါသည်၊ သံဂီတိကာရကဝင် သံဃာတော်အသျှင်သူမြတ်တို့ဘုရား။

သိဒ္ဓိရတ္တု

၁။ မယာမေကာသယာ တိတ,
သမ္ဘူတေ ဓမ္မသင်္ဂဟေ၊
သရမာနာဝ တိကွတ္တုံ,
အကမှ ဆဋ္ဌသင်္ဂီတိ ။ ။

၁။ ကောသယာ၊ ပင်ကိုယ်နစ်လုံးသွင်း၊ လုပ်ငန်းချင်းတူမျှသဖြင့်၊ မူလဖြစ်စဉ်၊ သာသနာဝင် သျှောစပ်၊ စိတ်ချင်းထပ်လျက်၊ မြင့်မြတ်သည့်အလို အဏ္ဏာသယမျိုးကြပေကုန်သော။ မယ်၊ ကမ္ဘာတခွင်၊ ပတ်ဝန်းကျင် ပြည်သိသည့်၊ "သံဂီတိကာရက၊ သမ္မတိရ အကျော်၊ ဘုရားတပည့်တော်တို့သည်။ အတိတ သမ္ဘူတေ၊ သာသနာသဝကဆင်၊ အတိတ်ခေတ် ကမ္ဘာအမြင်၊ သာသနာဝင် လွှမ်းဖောက်လျက်၊ ထွန်းတောက် ကုန်ပြီး၊ ဖြစ်ပွါးပေါ်ပေါက်ဘူးကုန်သော။ ဓမ္မသင်ဟေ၊ နောက်ကြောင်း သာသနာဝင်၊ ကမ္ဘာတွင်-မကြုံဘူးလောက်အောင်၊ ဂုဏ်ထူးမြတ် အတိတ်ရသည့်၊ ဣဋ္ဌမင်္ဂလာ၊ သည်ဂုဏ်ချီး၊ ငါးတန်သော သံဂါယနာ၊ မဟာဓမ္မသဘင် ကြီးတို့ကို။ သရမာနာဝ၊ ထင်ယောင် မြင်ယောင်၊ ကြံဆောင်စိတ်ကူး၊ အာရုံထူး အဓိက ဟု၊ သတိရစွဲထုံ၊ အမှတ်ရ အောက်မေ့တော် မူကြကုန်လျက် သာလျင်။ ဆဋ္ဌသင်္ဂီတိ ။ သာသနာ့တဝက်အလယ်တွင်၊ အခက်အခဲတွေ ဖြိုခွင်းလျက်၊ လိုရင်းခေါ်လောက် ခြောက်ကြိမ်မြောက် ကမ္ဘာတွင်မည်၊ ထုဇဝင်အသစ်၊ လူထုခေတ်သံဂါယနာ၊ မဟာမမ္မသဘင်ကြီးကို။ တိကွတ္တုံ၊ ပဌမ၊ ဒုတိယ၊ တတိယ ဟု၊ အလှည့်ကျ ဆင်ယင်၊ သဘင်ဖြစ်မြဲ၊ ဖွင့်ပွဲတိုက်ဆိုင်၊ သုံးကြိမ်တိုင်တိုင်ပင်။ အကမ၊ သာသနာ ငါးထောင်၊ ခိုင်ခံ့အောင် အရေး ဖြစ်သဖြင့်၊ သွေးသစ်လောင်းရန်။ အချိန်တန် အခါရောက်ပြီ ဟု သဒ္ဓါမောက်လွှမ်းတုံ၍၊ အစွမ်းကုန် ဆောင်ရွက်ခဲ့ကြပါကုန်ပြီဘုရား။

၂။ တံ ကထေန္တာ'ဝ မယံ ထေရ,
နိန္နာ ကာလဝဝတ္ထေတေ၊
ပိဋ္ဌကေ တဂ္ဂစိတ္တေန,
သံဂါယိမှ ယထာဂ္ဂမုံ။ ။

၂။ ကောသယာ၊ စိတ်တူ ကိုယ်တူ၊ ကြည်ဖြူမျှတ၊ ကေစ္ဆန္ဒ ဖြစ်ကြပေကုန်သော။ မယ်၊ ဆဋ္ဌသံဂါယနာ အောင်မြင်ရေး၊ မြေ့တွေးထောက်

ထား၊ လုပ်အားပူဇော်၊ ဘုရားတယည့်တော်တို့
သည်။ တံ၊ ထိုနေ့ဘင်တဆော်တ် ကမ္ဘာတွင်မည့်၊ ရာဇ
ဝင်အသစ်၊ လူထုဆော်သံဂါယနာ၊ မဟာဓမ္မသဘင်
ကြီးကို။ ကရော့ဏ္ဍာ၊ သာသနာ သမိုင်းညွှန်းလျက်၊
ဝိုင်းဝန်းစီစဉ်၊ မြင့်တင်ခါးခြေမြောက်၊ ရဲရဲတောက်
ဆောင်ရွက် ကြကုန်သည်ရှိသော်။ ထေရနိန္နာ၊
သီဟိုဠ် ယိုးဒယား၊ ကမ္ဘေဒီးယား မကျန်ရသည့်၊
သံဃာ့ဇာ၊ အင်္ဂါညီလျော်၊ မထေရ်တော် ရှိသမျှ
တို့ကို၊ အလည်ည့ကျ အပူးထားမည်ဟု၊ ထူးခြားသည့်
အနေ၊ တရိုတသေကိုင်းရှိုင်းကြကုန်လျက်။ ကာလ
ဝဝတ္ထိတေ၊ သံဂါယနာအတွက်၊ နေ့ရက်ကျမ်းစာ၊
စာမျက်နှာ အကျန်မရှိရအောင် သန့်ပါတ၊ ကာလ
သတ်မှတ်၊ ပိုင်းခြားထားအပ်ပြီး ဖြစ်ကုန်သော။
ပိဋ္ဌကေ၊ ရှေးဦးပူဇော်၊ ပိဋ္ဌကတ်တော် ဝိနည်းနှင့်
တကွ နိကာယ်ကြီး လေးရပ်၊ အဆုံးသတ် အောင်
မြင်၊ အဘိဓမ္မာတွင် ပိုက်ကျူးသည့်၊ ယမိုက်အဆုံးရှိ
သော ပိဋ္ဌကတော်တို့ကို။ တဋ္ဌစိတ္တေန၊ ကိုယ်စီ
ကိုယ်စီ၊ အလိုလိသဒ္ဓါကြွလျက် ဘုဏသမ္ဘယုတ်၊
ထိန်းချုပ်ရှေသွား၊ နှစ်သက်ဝမ်းမြောက်သော စိတ်
ထားဖြင့်။ ယထာဂ္ဂမ်၊ ရှေးဓော် အစဉ်အလာ၊
သံဂါယနာ တင်စဉ်အတိုင်းသာလျှင်။ သံဂါယိမ္မ၊
တကမ္ဘာလုံး ကျေညာ၊ သာသနာ ငါးထောင်၊
တည်တံ့အောင် အကြောင်းပြုမည် ဟု၊ ပေါင်းစု
ရွတ်ဘတ်၊ မှသတ်မှတ်လျက်၊ အထပ်ထပ် သံဂါ
ယနာ တင်ခဲ့ကြပါကုန်ပြီဘုရား။

၃။ စတုတ္ထေ သန္နိပါတေ စ,
ဒေသဒေသာဂတာ 'မယံ၊
ယထာဝဝတ္ထိတံ ဓမ္မံ,
သင်္ဂါယေယျာမ သာဓုကံ။ ။

၃။ စတုတ္ထေ၊ သာသနာပြန့်ပျံ့ရေး၊ မြော်ခေါ်
တွေးလျက်၊ ဟစ်ကြွေးကျေညာ၊ ဂုဏ်ဝါထိန်
တောက်၊ လေးကြိပ်မြောက် ဖြစ်သော။ သန္နိ
ပါတေ စ၊ ယိုးဒယားသျှာမ၊ ခေါ် ဆိုရသည့်၊ ထေရ
ဝါဒဂိုဏ်းဝင်၊ ကမ္ဘာတွင် မကျန်ရသည့်၊ သံဃ
ညီလာခံ၊ ဂုဏ်သံဝှေ့ချီး၊ ဤသန္နိပါတ၊ မဟာဓမ္မ
သာဝင်၊အစည်းအဝေးပွဲကြီး၌လည်း၊ဒေသဒေသာ-
ဂတာ၊ စိတ်ထားမငြင်ငြိ၊ တာဝန်ကို မဖယ်ကြပြီ
ဟု၊ အနယ်နယ်ပေါင်းဆုံ၊ ဂိုဏ်းပေါင်းစုံညီလာခံ
သည့်၊ သီဟာပုံ့အကျော်၊ ဤလိုဏ်ဂုတော်၌ဘနသို့၊
ညီညာဖျတျ ကြွလာတော်မူကြကုန်သော။ မယံ၊
ဆဋ္ဌသံဂါယနာ၊ မဟာဓမ္မသာင်၊ အောင်မြင်ဘွယ်
အရေး၊ မြော်တွေး ထောက်ထား၊ စိတ်သွား
ညီလျော်၊ ဘုရားတယည့်တော်တို့သည်။ ယထာ-
ဝဝတ္ထိတံ၊ ၁၃၁၆-ခု တပ္ပိတ္တဲ လဆန်း ၆-ရက် စနေ
နေ့ဦးချမ်းမြေ့ကြည်သာ၊ အခါကာလ၊ မလွန်
ရအောင်၊ ဝန်ဆောင်သံဃအဖွဲ့ဝင်၊ထေရ်အသျှင်တို့၊
စီစဉ်သတ်မှတ်၊ဝေဘန်ပိုင်းခြား၍ ထားအပ်သော။
ဓမ္မံ၊ နယသာဂရ၊ ဂုဏ်ပေါင်းခ ဟု၊ မည်ရနက်ဝှမ်း၊
ပဋ္ဌာန်းကျမ်းနှင့် တကွ၊ ခုဒ္ဒကနိကာယ် အင်၊
သုခေသင်တည်းဖြတ်၊ ပိဋ္ဌကတ် သုတ္တန်လာ၊ ခုဒ္ဒက
ပါဋ္ဌ, ဓမ္မပဒ, ဥဒါန်း, ဣတိဝုတ်၊ သုတ္တနိပါတ်
(ကျမ်းတအုပ်)၊ ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရ
ဂါထာ, ထေရီဂါထာ (ကျမ်းတအုပ်)။ ထေရာ
ပဒါန်, ထေရီအပဒါန်, ဗုဒ္ဓဝံသ, စရိယာပိဋကတ
(ကျမ်းတအုပ်) တည်းဟူသော၊ ဘုရာ့ရှေ့နှတ်
တော်ထွက်၊ လေးနက်ထင်ပေါ်၊ တရားတော်ကို။
သာဓုကံ၊ ပုံ့ပါ၌အကျမှရာ၊ ပြစ်ဆာလွက်ကင်း၊
သန့်ရှင်းဇကောင်းမွန်စွာ။ သင်္ဂါယေယျာမ၊ ရှေးမို
စံမျှ၊ မလိုရအောင်၊ ချိုမြသာယာ၊ သံဂါယနာ
တင်ကြပါကုန်အုံ့ဘုရား။ ဝါ၊ ၁၃၁၇-ခု၊ ဥတုဟေ
မန္တ, နတ္တော်လဆန်း ၂-ရက် (၁၆-၁၁-၅၅) နေစက်
ရှိန်ဝါ၊၁၂-နာရီ ချိန်အခါ၌၊ သာသနာငါးထောင်၊
အမိုက်မှောင် မထွေးရစ်စေဘို့၊ သွေးသစ်လောင်း
ရန်၊ အချိန်တန် အခါရောက်ပြီ ဟု၊ သဒ္ဓါမောက
ဥာဏ်ယှဉ်၊ သာသနာတွင် အရေးပြီးအောင်၊ သွေး
စည်းပေါင်းဆုံ၊ သံဂါယနာတင်တော်မူကြပါကုန်အုံ့
ဘုရား။

AN ADDRESS OF WELCOME DELIVERED BY VEN'BLE BHADANTA PANḌITA (ANISAKHAN SAYADAW)

The Omniscient Buddha—Buddha Gotama of the Sākyan clan, who had attained Omniscience by again discovering the liberating Law (Dhamma) which had become lost to the worldlings, who. governed by the law of anicca, had been wandering in Samsāra (Round of Rebirths) the beginning and the end of which are not attainable to thought, could not be compared with any man, Deva or Brahma, but only with the former Buddhas, and is fit to be declared as an " Asamāsama " (Having no equal).

When, by virtue of his unparalleled viriya (diligence), unequalled samādhi (concentration) and unrivalled paññā (wisdom), the supernormal embryo Buddha attained Omniscience and became the Supremely Enlightened Buddha, He for the benefit of the beings taught the people the Dhamma—the Buddha-word which cannot be compared with the word of any one in the 31 planes of existence, and which leads beings to Deliverance and Nibbāna.

As the mighty Arahants of old and their spiritual successors down to the present day have preserved the Buddha-Dhamma—the Tipiṭaka, which is likened to the best weapon in saving the beings out of this samsāra, so that the Text remains as a rock pillar throughout the whole period of 2,500 years, we the people of today have grasped an opportunity to lead ourselves to be reborn in the Happy Course of Existence and finally to Nibbāna, just as the lotus flower has an opportunity to bloom fully when it comes in contact with the sun's rays.

Bhante Sangīti-kāraka Bhikkhus who are the spiritual descendants of the disciples of the Unrivalled and Unequalled Omniscient Buddha :

For the purpose of allowing the Buddha-Dhamma to remain in its entire purity for a great length of time, the Sangīti-kāraka Bhikkhus, with the ardent support of the Government of the Union of Burma with the four requisites, have been able to successfully convene the first three Sessions out of the five Sessions scheduled, and the present Session is the fourth.

To convene the Fourth Session—Siyāma Sannipāta, in this Mahā Pāsāṇa Guhā (the Great Cave), the Ovād'ācariya Mauātheras, Sangha-Mahāthera, the Presiding Mahāthera, the members of the Supreme Sangha Council, the Piṭaka-reciters, the supporters of the Text and the Sangīti-kāraka Bhikkhus have respectively taken their seats gracefully and modestly, just as a candle burns without flickering in a room with no draughts.

Thus, at 12.30 p.m. on the 2nd. Waxing of Nadaw 2499 B.E. (16-12-55 C.E.), when the flowers are in their full bloom, I most respectfully declare that the Fourth Session of the Chaṭṭha Sangāyanā—the Siyāmā Session now commences at the Mahā Pāsāṇa Guhā (the Great Sacred Cave).

1. **Pāli verse :—**

Maya me kāsayā tīta,
Sambhūte dhammasangahe,
Saramānāva tikkhattum,
Akamha chaṭṭhasangitim.

We, the Sangīti-kāraka Bhikkhus who have an equal mind and an equal intent Sāsana purpose to perform noble deeds for the benefits of all beings, and who have a glimpse of the past when the mighty Mahā-theras of old had successfully convened the Five previous epoch-making Sangāyanās, have been now convening the world-renowned International Sixth Great Buddhist Council with the intent purpose of allowing the Buddha-Dhamma to endure for another 2,500 years. We have hitherto convened the first three Sessions of the Chaṭṭha Sangāyanā with great success, and now we have made all the preliminary preparations for the holding of the Fourth Session—Siyama Sannipāta.

(*Continued on page 202*)



စတုတ္ထသङ္ဂီပါတဖွင့်ပွဲမစမီ သင်္ဂီတိကာရက ဆရာတော်ဘုရားများကို စင်မြင့်များပေါ်၌ ဤသို့ ဖူးမြင်ရပုံ။

Sangīti-kāraka Bhikkhus assembling before the commencement of the Fourth Session.

2. Pali verse :—

Tam karonto mayam thera,
Ninnā kālavavatthite,
Piṭake tuṭṭhacittena,
Saṃghāyāma yatthākkamam.

We, the Sangīti-kāraka Bhikkhus have a common intention and purpose and who have in co-operation and collaboration striven their utmost for the successful conclusion of the Chaṭṭha Sangāyanā, having decided to elect the Sangha-mahā-nāyakas (Chairmen) from amongst the virtuous and learned Mahātheras of Burma, Cambodia, Laos, Thailand and Burma, and having divided the Chaṭṭha Sangāyanā into five Sessions, apportioning the pages and Books to be recited in each Session without omission, have collectively chanted the whole of the Vinaya Piṭaka, the whole of the Sutta Piṭaka and the first six Books of the Abhidhamma Piṭaka, so that the Buddha's Sāsana may endure for another 2,500 years.

3. Pāli verse :—

Catutthe sannipāte ca,
Desadesāgatā mayam,
Yathāva vatthitam dhammam,
Saṅgāyeyyāma sādhukam.

Also in this Fourth Session—the Siyama Sannipāta (Thai Session) of the Chaṭṭha Sangāyanā which is the joint effort of all Theravādin countries including the country of Thailand, we, the Sangīti-kāraka Bhikkhus who have gathered here today at this Mahā Pāsāṇa Guhā (the Great Cave) and who have determined to shoulder the responsibilities imposed on each of us, are, as decided by the Bharanittharaka Sabha (the Supreme Sangha Council) on the 6th Waxing of Tabodwe 2498 B.E. (29-1-55 C.E.), to recite the following Books of the Tipiṭaka which have been scrutinised and revised by the Text Re-editing Groups :—

Patthana Book, Khuddaka-patha, Dhammapada, Udana, Itivuttaka, Suttanipata, Vimana Vatthu, Peta-vatthu, Theragatha, Theri-gatha, Thera Apadan, Theri Aoadana, Buddhavamsa and Cariya Pitaka.

Now, at 12.30 p.m. on the 16th December 1956 C.E., let us the Sangīti-kāraka Bhikkhus collectively commence the chanting of the above Texts, as the time has now arrived for all of us to show the unity of Buddhist Brotherhood.

ယိုးဒယားနိုင်ငံတော် သံသနာယကနှင့် ဆဋ္ဌသံဂါယနာ စတုတ္ထသန္နိပါတ သံသနာယက စုမ်ဒိပ်ဝနရတနမဟာထေရ်မြတ် လျှောက်ထားအပ်သော

သမ္ဘောဒနိယကထာ

ဤဆဋ္ဌသံဂါယနာ မဟာမေ့မသဘင် စတုတ္ထသန္နိပါတသို့ ကြွရောက်လာတော်မူကြသော သံသမဟာထေရ် အနုထေရ် အစရှိသည့် သံသာတော် အရှင်မြတ်တို့နှင့်တကွ ဗုဒ္ဓသာသနာအဖွဲ့ အစိုးရ အဖွဲ့ လူထုအဖွဲ့ အစရှိသည့် အားလုံးသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့—

ဤနေ့ ဤအခါသည် မြန်မာပြည် ဆဋ္ဌသံဂါယနာ စတုတ္ထသန္နိပါတဖွင့်ပွဲကြီးကို ကျင်းပသော မင်္ဂလာ နေ့ထူးနေ့မြတ်ကြီးဖြစ်သောကြောင့်ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့်တကွ ယိုးဒယားစသော ဗုဒ္ဓဘာသာဝင် နိုင်ငံတော် အသီးသီးရှိ လူမျိုးများအပေါင်းတို့၏ ကြက်သရေ ဂုဏ်အင်္ဂါ အပေါင်းတို့နှင့် ပြည့်စုံ ကောင်းမြတ်သော မဟာသိရိမင်္ဂလာအခါနေ့ထူး နေ့မြတ်ကြီး ဖြစ်ပေ၏။ ဤကဲ့သို့ ကောင်းမြတ်သော မဟာသိရိမင်္ဂလာ အခါ နေ့ထူး နေ့မြတ်ကြီးတွင် ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးသို့ မွန်မြတ်လစ္ဆာသော သङ္ခါတိုဖြင့် နိုင်ငံတော်အသီးသီးမှ ကြွရောက် လာတော်မူကြသည့် သံဃပရိသတ်ပေါင်းစုံနှင့်တကွ အစိုးရကိုယ်စားလှယ် ပေါင်းစုံ ပါရှိသော မင်းပရိသတ် လူထုပရိသတ် အပေါင်းတို့၏ မျက်မှောက်၌ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ဝင် လူကြီးများနှင့်တကွ ပြည်ထောင်စု အစိုးရ အဖွဲ့ဝင် လူကြီးမင်းအပေါင်းတို့၏ ပင့်လျှောက်ချက်အရ ယိုးဒယား ပြည်ရှိ သံဃာတော် အပေါင်းတို့၏ ကိုယ်စား တပည့်တော်သည် သံဃာယက အနေအားဖြင့် ဤဆဋ္ဌသံဂါယနာ စတုတ္ထသန္နိပါတ အစည်းအဝေး၌ သဘာပတိ အဖြစ်ရွက်ဆောင်ခွင့်ရသည့်အတွက် ပြည်ထောင်စု နိုင်ငံတော်ကြီးအား အထူးပင် ကျေးဇူးတင်လျက် ရှိပါသည် ဘုရား။

မြတ်စွာဘုရား သာသနာတော် မြတ်ကြီးသည် အစ အလယ် အဆုံး သုံးပါးသော ကောင်းခြင်း ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံရှိသာမက မွန်မြတ်သော ဗြဟ္မစရိယ ကျင့်ဝတ္တရားများနှင့်လည်း ထက်ဝန်း ကျင်မှ ပြည့်စုံသည်၏ အဖြစ်ကြောင့် တလောက လုံးဘဏ္ဍာရှိသော သတ္တဝါ အပေါင်းတို့အား နှစ်ပေါင်း ၂၅၀၀-ကျော်အောင် အလုနှိ ကောင်းမြတ်လှသော အကျိုးတရားတို့ကို ဖြစ်ပေါ် စေသဖြင့် ဗုဒ္ဓဘာသာဝင်သူတော်စင် အပေါင်းတို့သည်လည်း ဗုဒ္ဓဘာသာ တရားတော်မြတ်ကြီးကို မိမိတို့ တိုင်းပြည်နှင့် လူမျိုးများအတွက် ကောင်းကျိုး ကြက်သရေ မင်္ဂလာ အဖြာဖြာတို့ကို ရကြစေခြင်းအကျိုးငါ ရှေးဘိုးဘွားမိဘ စသည်တို့၏ လက်ထက်ကစ၍ ယနေ့တိုင်အောင် အစဉ်မပြတ် ဆည်းကပ် ကိုးကွယ်နေကြရခြင်းဖြစ်ပါသည်ဘုရား။ တပည့်တော်များ အစဉ်မပြတ် ဆည်းကပ် ကိုးကွယ်လာခဲ့သော ဤဗုဒ္ဓဘာသာ တရားတော်မြတ်ကြီးသည် တရားရှင် ဖြစ်တော်မူသော မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း လိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော ဗုဒ္ဓဘာသာဝင် တိုင်းပြည် အသီးသီးရှိ လူမျိုးအသီးသီးတို့အား ကြက်သရေ မင်္ဂလာရှိသော ကိုယ်ကျင့်တရားများကို ဖြစ်ပေါ် စေရံသာမက အစဉ်အတိုင်း အဆင့်ဆင့် မြင့်မြတ်ခြင်းအကျိုးနှင့် အမြိုက်နိဗ္ဗာန်တိုင်အောင်သော အကျိုးထူးများကိုလည်း ဖြစ်ပေါ် စေတတ်သော တရားတော်မြတ်ကြီး ဖြစ်ပါသည်။ ဥပမာအားဖြင့် နေမင်း၏ ရောင်ခြည်သည် ကမ္ဘာဝေဝကကြီး၌ အလင်းရောင်ပေးကာ သတ္တဝါ အပေါင်းတို့၏ အသက်ရှည်မှုစသော အကျိုး အမျိုးမျိုးတို့ကို ဖြစ်ပေါ် စေနိုင်သကဲ့သို့ ထိုအတူ မြတ်စွာဘုရား တရားတော်မြတ်၏ ရောင်ခြည်တော်သည်လည်း သာသနာတော်ကို ကိုးကွယ် ယုံကြည်လေးစားကြသော သူတော်စင် အပေါင်းတို့အား သာသနာတော်၌ ယုံကြည်နေသမျှ ကာလပတ်လုံး မ ကောင်းသော အကျင့်ယုတ် တရားတို့ကို ပယ်လျက် ကောင်းသော အကျင့်မြတ်တရားတို့ကို ဖြစ်ပေါ် စေပြီးလျင် စိတ်၏ကြည်လင် ချမ်းသာမှု အစရှိသော လောကုတ္တရာအကျိုး အမျိုးမျိုးတို့ကို ဖြစ်ပေါ် နိုင်စေပေသည်။

ဤ ကဲ့သို့အကျိုးအမျိုးမျိုးတို့ကို ဖြစ် ပေါ် စေနိုင်သော မြတ်စွာဘုရားသာသနာတော် တည်နေခြင်းမှာလည်း သာသနာဝင်သူတော်စင် အပေါင်းတို့၏ ပဋိပတ်ကျင့်ဝတ် တရားနှင့် ပြည့်စုံခြင်းကြောင့်သာ ဖြစ်ပေသည် ။ထိုပဋိပတ်ကျင့်ဝတ် တရား ထင်ရှားတည်နေခြင်းသည်လည်း မြတ်စွာဘုရား ဟောကြားတော် မူအပ်သော ပိဋကတ်တော်များကို အဖန်မဲ့ ပြည့်စုံအောင် လေ့လာ သင်ကြားမှုတည်ဟူသော ပရိယတ္တိတရား ထင်ရှား ရှိနေခြင်းကြောင့်သာ ဖြစ်ပေသည်။ ထို ပရိယတ္တိ တည်းဟူသော သဒ္ဓမ္မတရား အမြဲထင်ရှားတည်တန့်ခိုင်မြဲစေရန် အကျိုးငှါ မြတ်စွာဘုရား ရှင်သည် ၅-ပါးသော အကြောင်းတရားတို့ကို ဟောကြားတော်မူ၏။ ထို ၅-ပါးသော အကြောင်းတရားတို့မှာ—

(၁) တရားတော်မြတ်ကို ရှိသေစွာ ကြားနာခြင်း။

(၂) တရားတော်မြတ်ကို ကောင်းစွာ သင်အံ လေ့ကျက်ခြင်း။

(၃) တရားတော်မြတ်ကို ရှိသေစွာ မှတ်သားထားခြင်း။

(၄) တရားတော်မြတ်ကို ရှိသေစွာ သုံးသပ်ဆင်ခြင်ခြင်း။

(၅) တရားတော်မြတ်နှင့် လျော်ညီစွာ ကျင့်ကြံ အားထုတ်ခြင်းတို့ ပေတည်း။

ဤအထက်ပါ အကြောင်းတရား ၅-ပါးတို့နှင့် ပြည့်စုံအောင် ကျင့်ကြံ အားထုတ်ကြသော သူတော်စင် အပေါင်းတို့သည် တရားတော်မြတ်၏ အကျိုးဖြစ်သော ဝိမုတ္တိရသ အစစ်အမှန်ကို ကေန်သိမြင် မျက်မှောက်ပြုနိုင်ကြပေကုန်ရာသည်။

ထင်ပြင် မြတ်စွာဘုရားရှင်သည် ငါဘုရား၏ သာသနာတော် အတွင်းရှိ အားလုံးသော ရဟန်းရှင် လူ အပေါင်းတို့သည် ငါဘုရားဟောကြားတော်မူအပ်သော ကျင့်ဝတ်တရား အပေါင်းတို့ကို ခန္ဓာ တရားနှင့် သောရစွတရားများကို အသီးသီး လက်ကိုင်ထားလျက် အမြဲမပြတ် လိုက်နာကျင့်ကြံကြသောကြောင့်သာ ၎ဤ သာသနာတော်ကြီး တင့်တယ်နေသည် ဟု ဟောကြားတော်မူ၏။ ဤကဲ့သို့ ဟောကြားတော် မူအပ်သော တရားတော်တို့ကို အာရုံပြုပြီးလျှင် ရဟန်းရှင်လူ အပေါင်း ကျင့်ကြံရန်ကိစ္စ၏ အခြေခံဖြစ်သော ပရိယတ္တိတရားများကို အားပေးချီးမြှောက်ကြသော သူတော်စင် ဒါယကာ ဒါယိကာမအပေါင်းတို့အား လယ်မြေကောင်း ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် များစွာသော အကျိုးကို ဖြစ်စေနိုင်သကဲ့သို့ ထိုအတူ **အဆုံး** အပိုင်းအခြားမရှိအောင် အလွန် များစွာသော သာသနသမ္ပတ္တိ အကျိုးထူးတရားများကို ရစေနိုင်သည် ဟု မှတ်ကြရမည်။

ယခုအခါတွင် အထက်ပါ သာသနသမ္ပတ္တိ အကျိုးထူးတို့ကို သိမြင်ကြပြီးသော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ မြန်မာသံဃာ့အဖွဲ့ အစိုးရအဖွဲ့နှင့် အားလုံးသော လူထုအပေါင်းတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်မှာ နှစ်ပေါင်း ၂၅၀၀-ရှိနေပြီဖြစ်သဖြင့် ကာလကြာမြင့်သောကြောင့် ဘုရား တရားတော်နှင့် ဝိနည်းတော်များ၌ နောင်လာ နောက်သားများ သင်ယူ၍ မဖြစ်နိုင်အောင် အကွာရှာပါဒ စသည် ချုတ်ယွင်း ပျက်စီးမည့် အရေးနှင့် အဆင့်ဆင့်

ပျောက်ကွယ်မည့် အန္တရာယ် ဘေးကြီးများကို တွေးလျက် စိုးရိမ်မကင်း ဖြစ်ကြပြီးလျင် သာသနာ ဘေးရန်များ၊ ကာကွယ်ရန်နှင့် သာသနာ အရည်တည်တန့်ရန် အကျိုးငါ ရွေးမင်းများကဲ့သို့ ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို ကျင်းပရခြင်း ဖြစ်ကြပေသည်၊ ဥပမာအားဖြင့် ရွေးအခါ ကာလများမှာ ရာဇဝင်ဆရာများသည် တိုင်းပြည်၏ အတိတ် ရာဇဝင်များကို စာဖြင့် ရေးသားမထားဘဲ နှုတ်ဖြင့်သာ မှတ်သားထားခဲ့လျင် နောင်လာနောက်သားများ အား ပြောကြားရန် အလိုရှိသောအခါ လိုရင်း အကြောင်းများ ပျောက်ကွယ်နေတတ်၍ ဝမ်းနည်းဘွယ် ဖြစ်သည့်အရေးကိုတွေးလျက် ရာဇဝင်များကို ဆိုင်ရာ စာပေဖြင့် သေချာစွာ ရေးကူး မှတ်ထားကြရသကဲ့သို့ ထိုအတူ မြတ်စွာဘုရား တရားတော်နှင့် ဝိနည်းတော်များကို မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီး ၃-လမြောက်သောအခါ သုဘဒ္ဒရဟန်းကြီးကို အကြောင်းပြု၍ ရှင်မဟာ ကဿပမထေရက အကြီးအမှူးပြုလျက် ပဌမ အကြိမ် နှုတ်ဖြင့် သံဂါယနာတင်ပြီး အောက် အစဉ် အားဖြင့် သံဃမဟာထေရ်ကြီး များသည် နှုတ်ဖြင့် သံဂါယနာသုံးကြိမ်တင်ပြီးဖြစ်သော မြတ်စွာဘုရား စကားတော်များကို သာသနာသက္ကရာဇ်၇၅၂-ခုနှစ် မြောက်တွင် သီဟိုဠ်ကျွန်းရှိသာသနာပဝေဏီပါလက သံဃမဟာထေရ် အရှင်မြတ်ကြီးများသည် နောင် ပျောက်ကွယ်၈၇ ဝမ်းနည်းဘွယ် ဖြစ်မည့်အရေး တွေးလျက် ပေထက်တွင် အက္ခရာရေးကူး မှတ်သား ထားခဲ့ကြလေပြီ၊ ထိုသို့ မထေရ်အဆက်ဆက် စောင့်ရှောက် ရေးသားထားပြီး သံဂါယနာ တင်ခဲ့ ကြသော မြတ်စွာဘုရား စကားတော်များကို ဘာသာတပါးမှ ဘာသာတပါးသို့ ကူးပြောင်းပြီး လျင် အသီးသီး ဆိုင်ရာဌာနများသို့ ပင့်ဆောင် ဖြန့်ဖြူးထားကြခြင်းကြောင့်သာ ဗုဒ္ဓဘာသာဝင် တိုင်းပြည်များ၌ ယခုအချိန်တိုင်အောင် ဗုဒ္ဓသာ သနာတော်ကြီး တည်တံ့ထွန်းကား နေခြင်းဖြစ်ပေ သည်၊ သို့သော် ဗုဒ္ဓသာသနာ တည်တံ့အောင် တဘာသာမှ တဘာသာသို့ ကူးပြောင်းရသော ကိစ္စမှာ အလွန်ခက်ခဲသော ကိစ္စကြီးဖြစ်သဖြင့် ရွေးမူရင်းများ မပျက်မကွက် မှန်ကန်အောင် ရေးကူးရန် တာဝန်မှာ မလွယ်ကူချေ။ ထို့ကြောင့် တပည့်တော်များ ယိုးဒယားပြည်ကလည်း မူလ မဂဓဘာသာမှ ခမင်မဂဓအက္ခရာ၊ ခမင်မဂဓ အက္ခရာမှ ယိုးဒယားမဂဓအက္ခရာ၊ ယိုးဒယား မဂဓအက္ခရာမှ ယိုးဒယားပြည်သုံး စကားဘာသာ သို့ ထောက်အောင် ပြောင်းလွှဲပြန်ဆိုပြီးလျင် ရွေး မူဟောင်းများ မပျက်စီးစေဘဲ အလွန်သန့်ရှင်း စင်ကြယ်အောင် အစဉ်မပြတ် ကောင်းစွာ သုတ် သင် ပြင်ဆင်ပြီးလျင် ဘုရားစကားတော်များကို စောင့်ရှောက် ထိန်းသိမ်းလျက်ရှိပါသည် အရှင် ဘုရား။

ၛင်းပြင် ရွှေးမြန်မာရာဇဝင်အရ လွန်ခဲ့သော နှစ်ပေါင်း ၉၀-ကျော် သာသနာ သကရာဇ် ၂၄၁၅-ခုနှစ်၌ ဘုန်းတုန်ခိုး အာနဘော်နှင့် ပြည့်စုံ၍ လွန် ကဲသော သဒ္ဓါဘသာဟတရားနှင့် ပြည့်စုံသော မင်း တုန်း ဘုရင်မင်းမြတ်ကြီးသည် သံဃမဟာထေရ် စသော ဆရာတော် အရှင်မြတ်တို့ကို အကြီးအမှူး ပြု၍ ဓမ္မဝိနယတရားတော်များ တည်တံ့ရေးနှင့် ဗုဒ္ဓသာသနာ့ကြီးပွားရေး အတွက် ပါဠိတော်တို့ကို ကျောက်ထက်အက္ခရာတင်ထားခဲ့သဖြင့် သာသနာ တော် အကျိုးများကြောင်း အထူးသက်သေ ထင်ရှားရှိပေသည်။

ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံတော် အ တွင်းရှိ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ မြန်မာသံဃ အဖွဲ့ အစိုးရအဖွဲ့နှင့်တကွ အားလုံးသော ထေရဝါဒ တိုင်းပြည်သူ တိုင်းပြည်သား အပေါင်းတို့သည် အထက်ပါ မင်းတုန်းဘုရင်မင်းမြတ်ကြီး တည် ထားခဲ့သော ရွှေမပျောင်းများကို မပျက်စီး အောင် စောင့်ရှောက်ခြင်း သာသနာတော်ကြီး၏ ဘေးအန္တရာယ်များကို ကင်းရှင်းစေခြင်း သာ သနာတော်ရှိ ကျွမ်းစာများ မူမှန်ဖြစ်ပေါ် လာစေ ခြင်း၊ ဘသာအကျိုးတရားများပြစ်ပေါ် လာရန် ရည်ရွယ်ပြီးလျင်—

(၁) ပါဠိတော်များကို ယုတ်သင်ပြင်ဆင်ခြင်း။

(၂) မဟာပါသာဏ လိုဏ်ဂူတော်ကြီးကို တည် ဆောက်ခြင်း။

(၃) သံဃတော်များ သီတင်းသုံးတော်မူကြ ရန် ကျောင်းဆောင်များနှင့် ဆွမ်းစားကျောင်း ဆောင် အစရှိသော ကျောင်းများကို ဆောက်လုပ် ခြင်း စသော ပုဗ္ဗကိစ္စမျိုးများကို ပြုလုပ်ကြပြီးလျင် သံဂါယနာတင်မှ ပြုလုပ်ရန်ကိစ္စအတွက် အစည်း အဝေး သန့်ပါတ ၅-ပိုင်း ခွဲခြား၍ တင်လာခဲ့ကြရာ လွန်ခဲ့သောသန့်ပါတ ၃-ခုအနက် ပဌမသန့်ပါတ တွင် ထေရဝါဒ နိုင်ငံတော် အသီးသီးရှိ ထေရာနှ ထေရဖြစ်တော်မူကြသော သံဃာတော် အရှင်မြတ် များတို့သည် မြန်မာဆရာတော်ကြီးများနှင့်အတူ သာသနာသကရာဇ် ၂၄၉၈-ခု၊ ကဆုန်လမှ စ၍ ဝိနည်းပိဋကတ်တော်ကြီးကို ပြီးဆုံးအောင် သံဂါ ယနာ တင်တော်မူခဲ့ကြပေပြီ။

ၛင်းနောက် ဒုတိယသန့်ပါတတွင်လည်း ထေရ ဝါဒ သံဂီတိကာရက သံဃာတော် အရှင်မြတ်ကြီး များသည် သာသနာသကရာဇ် ၂၄၉၈-ခု၊ တန် ဆောင်မုန်းလမှစ၍ ဒီဃနိကာယ် မဇ္ဈိမနိကာယ် သံယုတ္တနိကာယ် တည်းဟူသော နိကာယ် သုံးရပ် သုတ္တန်ပါဠိတော်မြတ်များကို ပြီးဆုံးအောင် သံဂါ ယနာ တင်တော်မူခဲ့ကြပေပြီ။

ထို့ပြင် တတိယသန့်ပါတတွင်လည်း သံဂီတိ ကာရက သံဃာတော် အရှင်မြတ်များသည် အင်္ဂုတ္တရနိကာယ်ကြီးနှင့် အဘိဓမ္မာခြောက်ကျမ်း ပါဠိတော်မြတ်တို့ကို သာသနာသကရာဇ် ၂၄၉၉-ခု ကဆုန်လမှစ၍ ပြီးစီးအောင် သံဂါယနာ တင်တော် မူခဲ့ကြပေပြီ။

ၛင်းယနေ့ အချိန်အခါသည်ကား နိုင်ငံတော် ဗုဒ္ဓ သာသနာအဖွဲ့ကြီးနှင့် တကွ အစိုးရ ပြည်သူ့ပြည် သားစသည့် အားလုံးသော သူတော်ကောင်း အ ပေါင်းတို့သည် ဆဋ္ဌသံဂါယနာမဟာမွေသဘင်ကြီး ၏ စတုတ္ထသန့်ပါတ အစည်းအဝေးကြီးကို ဖွင့်ရန် အကျိုးငှါ ထေရဝါဒ နိုင်ငံတော်အသီးသီးရှိ ရဟန်း ရှင်လူဟောပေါင်းတို့ကို ပင့်ဆောင်လျက် ၅၂မဟာ ပါသာဏ လိုဏ်ဂူတော်ကြီး၌ စည်းဝေးကြသော မဟာမင်္ဂလာ အခါကြီးဖြစ်သောကြောင့် ဘုရား တပည့်တော်သည် ၅၂ဆဋ္ဌသံဂါယနာ စတုတ္ထသန့် ပါတ အစည်းအဝေးပွဲကြီးတွင် သံဃမဟာနာယက ထေရ်အဖြစ်ဖြင့် ဆောင်ရွက်ခွင့် ရရှိပါသော ကြောင့် ဝမ်းမြောက်ပါကြောင်း ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည်ဘုရား။

နိဂုံး

ယခု ဘုရားတပည့်တော်သည် ဆဋ္ဌသံဂါယနာ စတုတ္ထသန့်ပါတ အစည်းအဝေးတွင် ကောင်းမြတ် သော သဒ္ဓါဓနဒ္ဓဖြင့် သံဃမဟာနာယကထေရ် အဖြစ်ဖြင့် ဆောင်ရွက်အပ်သော မဟာကုသိုလ် စေတနာ၏ တန်ခိုးတေဇော် အာနုဘော်တော် ကြောင့်ရင်း၊ ဘုရား တရား သံဃာ တည်းဟူသော ရတနာသုံးပါး၏ တန်ခိုးတေဇော် အာနုဘော် တော်ကြောင့်ရင်း ဤမဟာမွေသဘင်ကြီးသို့ ကြ ရောက် ခါးမြောက်တော်မူကြသော သူတော်စင် အပေါင်းတို့၏ မဟာကုသိုလ် တန်ခိုးတေဇော် အာ နုဘော်တော်များကြောင့်ရင်း ဤဆဋ္ဌသံဂါယနာ စတုတ္ထသန့်ပါတ မဟာမွေသဘင်ကြီးသည် အေး အမျိုးမျိုးတို့မှ ကင်းရှင်းလျက် ချောမောစွာ ပြီးမြောက် အောင်မြင် ရှိသာမဏ ဘုရားဟော တော်မူအပ်သော ဓမ္မဝိနယတရားတော်များသည် ၎င်း၊ ထိုမွေဝိနယ တရားတော်တို့ကို လိုက်နာ ကျင့် သုံးကြသော ဓမ္မစာရိပုဂ္ဂိုလ်များနှင့် ရဟန်း သံဃာ တော်တို့သည်၎င်း ဘုရားသာသနာတော် အတွက် ညီညီညွတ်ညွတ် သာမဂ္ဂိတရားပြည့်စုံစွာနှင့် အမွန် ရှည်အောင် တည်ကြပြီးလျင် ကောင်းကျိုးချမ်း သာ မင်္ဂလာအဖြာဖြာတို့နှင့် အမြဲမပြတ် ပြည့်စုံ ကြပါစေသောဝ်ဟုဆုမွန်ကောင်း တောင်းဆိုလျက် နိဂုံးချုပ် အနေဖြင့် ရိုသေစွာ လျှောက်ထားအပ် ပါသည်သံဂီတိကာရကဝင် အရှင်သူမြတ်တို့ဘုရား။

GREETING BY HIS HOLINESS SOMDEJ PHRA VANARAT, SANGHANAYAKA OF THAI SANGHA, ON THE OCCASION OF THE OPENING CEREMONIES OF THE FOURTH SESSION OF CHAṬṬHA SANGĀYANĀ

EMINENT THERAS, ELDER THERAS, THERAS AND BUDDHIST FRIENDS IN THE DHAMMA:

Today is an auspicious occasion and a memorable day for all Buddhists within and without the Union of Burma. For it marks the opening of the Fourth Session of the Chaṭṭha Sangāyanā when Buddhists including monks and laity, officials and people in all walks of life, virtuously assemble here in this magnificent and spacious Mahā Pāsāṇa Cave. With strong faith in the sublime Sāsana of the Buddha, I, on behalf of Thai Sangha, feel it a great honour to have been invited by the Union Buddha Sāsana Council, the Government and the people of the Union of Burma to preside over these Opening Ceremonies of the Chaṭṭha Sangāyanā. I wish to take this opportunity to express my cordial thanks and sincere appreciation.

The Noble Sāsana of the Blessed One embraces all the exalted virtues that exist from beginning to end. It advocates to the world complete celibacy, chastity and a sanctified life. It has existed for more than 2,500 years and has been worshipped by us, Buddhists, from the time of our forbears. It is our guide. It ensures national prosperity and it provides the principle guidance which is the source of good conduct for peoples and nations. Whosoever adheres to these principles and follows the noble path will progressively achieve pure happiness and contentment according to the merit of his own behaviour. As long as the Sāsana remain firm, the light of the Dhamma will guide those who revere and observe the noble guidance showing them how to avoid evil and to do good, in the same way as the sun shines its light upon all creatures so that they may live.

As the Sāsana of the All-Enlightenment to exist must depend on the good conduct of all Buddhists, so it has to rely on the same good conduct for it to prosper. Good conduct implies a study of the Text of the Buddha's Word as foundation. Once the text is mastered, you will know what to avoid, what to follow and what is proper to do. Only when there is good conduct can the Sāsana continue to exist. As the Blessed One said, "O Bhikkhus, this five Dhammas are there so that the true faith, namely the Sāsana, may exist, so that it may not degenerate and so disappear. These five Dhammas are firstly, that bhikkhus who are well disciplined in dhammas should listen to sermons with respect, secondly, should study the Dhammas with respect, thirdly, should remember the dhammas with respect, fourthly, should determine the substance of the dhammas so that they remember with respect and lastly having absorbed the main points of the dhammas, should conduct themselves as befit the dhammas. Buddhists who conduct themselves according to the dhammas can appreciate the enlightened words of the Buddha, the perfection of the dhammas and the good conduct of the Sangha. For these reasons, the Sāsana continues resplendent. As the Buddha said, "O bhikkhus, because you have become ordained in the discipline of the dhammas which the Tathāgata has wisely laid down, you ought to have patience and forbearance. For these are the finest virtues in the Sāsana". For this reason, the devotion rendered to the Text of Buddha's Word will bring blessed yields similar to the sowing of seeds in fertile soil. So those who desire the Sāsana to endure should keep the truth because it is a factor in the attainment of unfold merits.

For the reasons already mentioned, the Union Buddha Sāsana Council under the patronage of the Government and the people of the Union of Burma, deems that the Sāsana, which owes its birth to the Great Teacher who attained Nibbāna 2,500 years ago and the Buddha's exhortation bestowed upon Buddhists, namely his vinaya and his dhammas, have been scattered and not classified as proper and in accordance with the need of the time. Hence it has become very difficult for men of later generations to have a full understanding because of lack of evidence, which gradually disappear. Simliar to the history of past nations, where no records exist and events were narrated from generation to generation, before reaching the peroid when record can be made, a great deal of historical fact were lost. This is indeed a great pity. So is it with the teaching of the Sāsana, even though some Sangāyanā had been made. Taking these in order, the first took place three months after the Teacher passed into Nibbāna initiated by Mahā Kassapa Thera because of a false remark on dhammas made by Subhaddha Bhikkhu who became ordained in old age. Thereafter another Mahā Thera mentioned the decay of the Sāsana which inspired him to effect another Sangāyanā. Then in the year 452 after the Buddha attained Nibbāna, an erudite Celyonese Thera thought of inscribing the Text of Buddha's words on prepared palm leaves, which have become important manuscripts. From then on the dhammas have been copied and translated from one language to another and are wide spread throughout Buddhist countries. The transcription of the text from one language to another makes it very difficult to attain purity and perfection. In Thailand, though we translated the Text from Pāli in Cambodian characters into Pāli in Thai characters and thence from Pāli into Thai language, many revisions and recompositions had to be made from time to time in order to remove the false doctrines and errors and to purify the text.

In the Union of Burma, too, historical records have revealed that nearly 90 years ago, about the year B.E. 2410, the August Sovereign of Burma, King Mindon, who was renown for his piety and righteousness, call a congregation of men of wisdom and theras who were well-versed in dhammas and vinaya, and under his patronage revised and purified the Text, and inscribed it on stone tablets in Pāil with commentary and scholium. In this respect, we Buddhists owe him an invaluable debt for his noble deed. The clarification made at that time has been of immense value.

In order to follow the Royal footsteps in one respect and also to erase the prevarication and the false doctrine in the Sāsana, the Bharanitthāraka Sabhā and the people have been piously inspired to initiate another Sangāyanā, to revise the Pāli, build the Mahā Pāsāṇa Cave, the rest house for Sanghas and the dining hall. The Chaṭṭha Sangāyanā has commenced in B.E. 2498. In conducting the clarification at the present Chaṭṭha Sangāyanā, it has been resolved to do it in five sessions. Three sessions have already been held.

In the First Session, theras from Theravādin countries and the people of those countries were invited to join with theras of Burmese Sangha in conducting the Sangāyanā of Vinaya in Visākhā month of the year B.E. 2498.

In the Second Session, Sangāyanā of Suttanta Piṭaka was carried out and the session was able to complete 3 Nikāyas-Dīghanikāya, Majjhima Nikāya and Samyutta Nikāya in Kattikan Month of the year B.E. 2498.

In the Third Session, Sangāyanā of Suttanta Piṭaka, Anguttara Nikāya and Abhiddhama Piṭaka were carried out in Visākhā Month of B.E. 2498. The task was accomplished with success.

Today, members of the Union Buddha Sāsana Council, the people, the officials and representatives of various countries, monks as well as laity, are gathered here in unanimity in this Mahā Pāsāṇa Cave for the opening of the Fourth Session of Chaṭṭha Sangāyanā. The auspicious moment has arrived. Therefore I declare the Fourth Session now open.

Finally, I pray that by the Power of the Triple Gem namely the Lord Buddha, the Dhammas, and the Sangha, and, the power of the great merit gained by all of you from your upholding of the Sāsana, this Fourth Session may be blessed with success. May it be free from any hindrance and may it be the source of strength to all of you so that you may live in peace and happiness always. May the dhammas of the benevolent people and the virtues of men of dhammas remain forever. May the Sangha wholeheartedly cooperate in the spirit of amity for the benefit and in service of humanity.

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာ-ဦးသင်း၏ ကိုယ်စား ဒုတိယဥက္ကဋ္ဌ

နိုင်ငံတော် တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မ အရှင်မဟာသရေစည်သူ ဦးသိမ်းမောင် ရှေ့ဆက်ထားချက်

တယည်တော် ရှိသမျှ လျှောက်ထားပါသည်၊ ဆဋ္ဌသံဂီတိ သျှာမသန္နိပါတ သံဃမဟာနာယက ဖြစ်တော်မူသော ထိုင်နိုင်ငံတော် သံဃနာယက ဆရာတော်ဘုရားကြီး အမှူးရှိသော သံဂီတိကာရက အရှင်သူမြတ်များဘုရား။

ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ-အစိုးရနှင့် တိုင်းသူပြည်သားများ၏ ဆန္ဒအရ ဆဋ္ဌ မဟာသံဂါယနာ သျှာမသန္နိပါတတွင် သံဃမဟာ နာယကအဖြစ်ဆောင်ရွက်အတာ်မူရေးအတွက်ရင်း၊ သျှာမသန္နိပါတကို ဖွင့်လှစ်ရေးအတွက်ရင်း၊ ထိုင်နိုင်ငံတော် သံဃနာယက ဆရာတော်ဘုရားကြီးနှင့် ထိုင်နိုင်ငံတော် နန်းရင်းဝန်ကြီးတို့ ယခုကဲ့သို့ ကြွရောက်တော် မူလာကြသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓဘာသာဝင် အပေါင်းတို့၏ ကိုယ်စား အထူးပင် နှစ်ထောင်းအားရ ရှိလှပါကြောင်းကို ဦးစွာဖေါ်ပြ လျှောက်ထားပါသည် ဘုရား။

ထေရဝါဒ ငါးနိုင်ငံမှ ကြီးမှူးကျင်းပသည့် ဆဋ္ဌ မဟာသံဂါယနာ ဓမ္မသဘင်ကြီးကို စတုတ္ထသန္နိပါတ အထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ရာတွင် ထိုင်နိုင်ငံ သံဃာ-အစိုးရနှင့် ပြည်သူပြည်သားတို့၏ စွမ်းစွမ်းတမန် ကူညီဆောင်ရွက်ခဲ့သည့် ကျေးဇူး အများပင် ပါဝင် ခဲ့ပါကြောင်းကို ထုတ်ဖော်လျှောက်ထားပါသည်။

အသောက မင်းတြားကြီး လက်ထက်တော်၌ တတိယ သံဂါယနာ တင်ပွဲကြီး၏ သံဃနာယက ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အရှင်မြတ်သည် ပါတလိပုတ် နေပြည်တော်သို့ "သာသနာတော်ကို ချီးမြှောက်တော်မူရန် ကြွတော်မူပါ" ဟု လျှောက်ထားပင့်ဆောင်သည့်အခါ မှ ကြွလာတော်မူသကဲ့သို့ ထိုင်သံဃနာယက အရှင်မြတ်သည်၎င်း၊ ထိုင်နန်းရင်းဝန်ကြီးသည်၎င်း၊ ရှေးယခင်က မြန်မာနိုင်ငံသို့ ကြွလာတော်မမူခဲ့ကြဘူးသော်လည်း၊ ယခုအခါ ဆဋ္ဌမဟာသံဂါယနာကိစ္စတည်းဟူသော သာသနာရေးကိစ္စတို့ အကြောင်းဖြင့် ကြွလာတော်မူခြင်းကို ထောက်ထားသော အားဖြင့် ဤနှစ်ပြည်ထောင်တွင် သာသနာရောင်သည် အကြင်းမဲ့ ထွန်းလင်းမည် ဖြစ်သည့်အပြင် ကမ္ဘာတဝှမ်းလုံးသို့ လွှမ်းဖုံးပြန့်ပျံ့ရန် အားပါးတရ ပူးပေါင်း ဆောင်ရွက်ကြတော့မည် ဖြစ်ကြောင်း ထင်ရှားပါသည်။

၎င်းကဲ့သို့ ထိုင်နိုင်ငံ သံဃမဟန္တရီအဖွဲ့ ဥက္ကဋ္ဌ သံဃနာယက ဆရာတော်ဘုရားကြီးသည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် သျှာမသန္နိပါတတွင် သံဃမဟာထေရအဖြစ် ကြွရောက် ဆောင်ရွက်တော်မူခြင်း ထိုင်နိုင်ငံတော် နန်းရင်းဝန်ကြီး ကိုယ်တိုင်လည်း ကြွရောက်ဖွင့်လှစ်ကာ သမ္မာသမ္ဗုဒ္ဓ ကြေးဆင်းတုတော်မြတ်ကို ပေးအပ်ခြင်းဟု ဆိုအပ်သော မဟာကုသိုလ်ကံ စေတနာအဟန့်တို့ကြောင့် ထိုင်နိုင်ငံ သံဃနာယက ဆရာတော်ဘုရားကြီး သက်တော် ရာကျော် ရှည်ပါစေသတည်း။ ထိုင်နိုင်ငံတော် နန်းရင်းဝန်ကြီး သက်တော်ရာကျော် ရှည်ပါစေသတည်း၊ အဲ့ဘုယ်ရှစ်ဖြာနှင့် ပြည့်စုံသော ဤထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး သည်လည်း ကမ္ဘာတဝန်းလုံးဝယ် နေမင်း-လမင်း သဘွယ် တနေ့တခြား ထွန်းလင်း တိုးတက်ပါစေ သတည်း၊ ဤသာသနာတော် မြတ်ကြီးအား ယုံကြည်လေးမြတ် ဆည်းကပ်ကိုးကွယ်ကာ မြတ်စွာဘုရားရှင်၏ အဆုံးအမတော်အတိုင်း လိုက်နာကျင့်သုံးခြင်းဟု ဆိုအပ်သော ဓမ္မနုဓမ္မပဋိပတ္တိ ကုသိုလ်ကံ စေတနာအဟုန်တို့ကြောင့် ထိုင်နိုင်ငံ

AN ADDRESS OF VENERATION BY THADO THIRI THUDHAMMA SIR U THWIN, PRESIDENT OF THE UNION BUDDHA SĀSANA COUNCIL

To His Holiness the Sanghanāyaka of Thailand, the Chairman, and the Sangīti-kāraka Bhikkhus.

[*Read by Agga Mahā Thray Sithu U Thein Maung, Chief Justice of the Union and Vice-President of the Union Buddha Sāsana Council.*]

MOST RESPECTFULLY, BHANTE,

Before saying anything else, I, on behalf of all the Buddhists of the Union of Burma, shall most respectfully declare that I am greatly inspired to find the presence here today of His Holiness, the Sanghanāyaka of Thailand to preside over the Proceedings of the Siyāma Session of the Chaṭṭha Sangāyanā, and that of His Excellency Field Marshal Pibul-songgram, Prime Minister of Thailand to open the Thai Session, which two duties are in accordance with the earnest wishes of the Bhikkhu Sangha, the Government and the people of the Union of Burma.

Also, I most respectfully declare that the Chaṭṭha Sangāyanā being the Joint effort of all Theravādin countries, we could have performed the first three Sessions successfully owing to the co-operation and collaboration of the Sangha, the Government and the people of Thailand.

By judging the fact that both His Holiness the Sanghanāyaka and His Excellency the Prime Minister of Thailand have, for the first time, visited Burma to discharge the onerous Sāsana duties connected with the Chaṭṭha Sangāyanā just as Arahant Mahā Moggaliputta-Tissa Mahāthera went over to Pāṭaliputta (present Patna), when he was requested by Emperor Asoka to preside over the Proceedings of the Third Great Buddhist Council, it is evident that both the countries of Thailand and the Union of Burma will be flooded with the rays of the Buddha's Sāsana, and both the countries will be able to propagate the Buddha-Dhamma all over the world in co-operation and in collaboration.

By the power of the great kusala (wholesome volitional actions) performed by both His Holiness and the Prime Minister of Thailand by presiding over the Proceedings of the Siyāma Session of the Chaṭṭha Sangāyanā and the latter by presenting the Buddha Image to the people of Burma and opening the Siyāma Session of the Chaṭṭha Sangāyanā, may both of them live a long life.

May the Theravādin Buddhism which possesses the eight wonderful qualities, shine more and more in the world, just as the sun and the moon are shining.

By the wholesome volitional actions done by the Thai people by taking refuge to the Triple Gem and also by following the Teaching of the Omniscient Buddha, may the Bhikkhu Sangha, the Government and the people of Thailand enjoy good health and prosperity.

May all the peoples of the world attain Peace and Happiness likewise.

စတုဏ္ဍသန္ဓိပါတ အကြောင်းအရာ အကျဉ်းချုပ်

၁၃၁၇-ခု၊ နတ်တော်လဆန်း ၂-ရက်၊ ၁၉၅၅-ခု၊ ဒီဇင်ဘာလ ၁၆-ရက်နေ့ကစတင်၍ ဆဋ္ဌသံဂါယနာ စတုတ္ထ(သျှမ) သန္ဓိပါတမဟာဓမ္မသဘင်ကို ဆင်ယင်ကျင်းပခဲ့ရာ ဥပုသ်နေ့ သီတင်းပါတ်များနှင့် လွတ်လပ်ရေးကို ချန်လှပ်၍ တပ်တွဲလဆန်း ၅-ရက် (၁၆.၂.၅၆) နေ့အထိ ရက်ပေါင်း ၅၄-ရက် ကြာခဲ့လေသည်။

စတုတ္ထသန္ဓိပါတ အခါတော်၌ ထေရဝါဒနိုင်ငံ အားလုံးမှ သမ္ဃတိရ သံဂီတိကာဂရက သံဃာတော်ပေါင်း (၆၀၀)တို့က ယိုးဒယားနိုင်ငံတော် သံဃနာယက ဆောမ်းဂျိဖရား ဝနရတတိတ္ထိသောဘဏ သံဃမဟာထေရ်အား ၎င်း၊ နောက်နေ့များတွင် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဆရာတော်ဘုရားကြီးအား ၎င်း၊ ဆဋ္ဌသံဂီတိ သံဃမဟာနာယကအဖြစ်ဖြင့် ဆောင်ရွက်တော်မူပုန် ရွေးကောက် တင်မြှောက်တော်မူကြပြီးလျှင် ရန်ကုန်မြို့မှ ဗားကရာတောရ ဆရာတော် အသျှင်နာဂဝံသမဟာထေရ်က အကျိုးတော်ဆောင် အဖြစ် ဆောင်ရွက်တော်မူလေသည်၊ ဆရာတော် အသျှင်နာဂဝံသမဟာထေရ်သူမြတ်၊ သာသနာရေးကိစ္စဖြင့် မန္တလေးသို့ ခေတ္တ ကြွသွားတော်မူခိုက်၌ရေး၊ ခုဒ္ဒကနိကာယ်နှောက်ပိုင်း ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရ-ထေရီဂါထာ၊ ထေရ-ထေရီအပဒါန် ဗုဒ္ဓဝင် စရိယာပိဋကတ မဟာနိဒ္ဒသ စူဠနိဒ္ဒေသ ပါဠိတော်မျှား အမေးအဖြေ ပြုလုပ်တော်မူစဉ် ဆရာတော် အသျှင်နာဂဝံသမထေရ် အမေးပုစ္ဆကပုဂ္ဂိုလ်အဖြစ်ဖြင့် ဆောင်ရွက်တော်မူခိုက်၌ ၎င်း၊ ဗားကရာတောရကျောင်းတိုက် ဝဋ္ဌသကာနှင့် သိရောမဏိဘွဲ့ခံ သ-စ-အ-မမှာ၀ရိယ ဆရာတော် အသျှင် နာရဒါဘိဝံသ (ဝိနယပါရဂူ)က အကျိုးတော်ဆောင်အဖြစ်ဖြင့် အသျှင်နာဂဝံသကိုယ်စား ဆောင်ရွက်တော်မူခဲ့ပါသည်။

သံဂါယနာတင်သည့်ကျမ်းများ

ဒုယား နိုင်ငံ သံဃမဟာနာယကထေရ်က ပဌမနေ့ စတုတ္ထသန္ဓိပါတ၌ အဘိဓမ္မာ၀ိဠဂမှ ပဋ္ဌာန်းပါဠိတော်ကြီး ငါးအုပ်နှင့် ခုဒ္ဒကနိကာယ်မှ ခုဒ္ဒကပါဋ္ဌ ပါဠိတော် အစ စူဠနိဒ္ဒေသ ပါဠိတော်အထိ ၁၅-ကျမ်း (စာအုပ်ရေ ၆-အုပ်မျှ) ပြီးစီးခဲ့သဖြင့် စုစုပေါင်းလိုက်လျှင် စတုတ္ထသန္ဓိပါတ၌ ကျမ်းပေါင်း ၁၆-ကျမ်း၊ စာအုပ်ရေ ၁၁-မျှ ပြီးစီးခဲ့ပြီး စာမျက်နှာပေါင်း (၄၉၈၅)မျက်နှာမျှ ရှိလေသည်။

သက်ဆိုင်ရာ ကျမ်းများကို သံဂါယနာတင်တော်မူစဉ် အုပ်ချုပ်တော်မူသည့် နာယကဆရာတော်များနှင့် ဘာဏကအဖွဲ့စသော အသေးစိတ်များကို အသီးအသီး ခွဲခြား၍ ဖေါ်ပြလိုက်ပါသည်။

ပဋ္ဌာန်းပါဠိတော်

ထိုစတုတ္ထသန္ဓိပါတအခါတော်၌ စာအုပ် အရေအတွက်အားဖြင့် ၅-အုပ်၊ စာမျက်နှာအားဖြင့် ၂၆၈၆-မျှ ရှိသော အဘိဓမ္မာ၀ိဠဂ ပဋ္ဌာန်းပါဠိတော်ကို စတုတ္ထသန္ဓိပါတ၌ အကြိမ်ပေါင်း ၂၃၇-ကြိမ်တိတိ ရွတ်ဆိုခဲ့ကြပါသည်။

ဘာဏကအဖွဲ့ဝင်များ

ပဋ္ဌာန်းပါဠိတော်ကျမ်းကြီးကို ပဌမအုပ်၊ ဒုတိယ တတိယ စတုတ္ထ ပဉ္စမအုပ်အားဖြင့် ၅-အုပ်၊ ၅-တွဲ ခွဲခြားထားသည့်အနက် ပဌမအုပ်ကို ဆဋ္ဌသံဂါယနာ စတုတ္ထသန္ဓိပါတဖွင့်ပွဲဖြစ်သည့် ၁၃၁၇-ခု၊ နှစ် နတ်တော်လဆန်း ၂-ရက် (၁၆.၁.၂၅၅)နေ့၊ ဝင် မုံရွာမြို့ ပေပင်မမှပါရဂူ ဘာဏကအဖွဲ့ဝင် (ဆရာတော် ၁၂-ပါး)တို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာ၁ရက သံဃာတော် ၅၀၀-တို့က သံဂါယနာတင်တော်မူခဲ့ကြလေသည်။ စာမျက်နှာအားဖြင့် (၄၆၄) မျက်နှာ ရက်အားဖြင့် (၆) ရက် ဖြစ်လေသည်။ နာယက ဆရာတော်အဖြစ်ဖြင့် ယိုးဒယားတွင် ဆောင်ရွက်၍ ဒုတိယနေ့မှစ၍ ပဌမအုပ် ပြီးသည်အထိ ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မဟာဝိဇယာရုမတိုက် ဆရာတော်ဘုရားကြီးက ဆောင်ရွက်တော်မူခဲ့ပါသည်။

ပဋ္ဌာန်းပါဠိတော်ဒုတိယအုပ်

ပဋ္ဌာန်းပါဠိတော် ဒုတိယပိုင်းကို ပျဉ်းမနားမြို့ ပဋ္ဌာန်းဒုတိယအုပ် ဘာဏကအဖွဲ့ဝင် ဆရာတော် ၁၄-ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရက သံဃာတော်ပေါင်း (၅၀၀) တို့က သံဂါယနာတင်တော်မူခဲ့ကြလေသည်။ စာမျက်နှာ အားဖြင့် (၄၉၃) မျက်နှာ ရက်အားဖြင့် (၆) ရက် ဖြစ်၍ နာယကဆရာတော်မှာ ပခုက္ကူမြို့ မဟာ၀ိသုတာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ နာယကဆရာတော် ဘုရားဖြစ်လေသည်။

ပဋ္ဌာန်းတတိယအုပ်

ပဋ္ဌာန်း ပါဠိတော် တတိယပိုင်းကို မုံရွာမြို့ ပဋ္ဌာန်း တတိယအုပ်ဘာဏကအဖွဲ့ အမှတ် (၃) ဆရာတော် (၆)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရက သံဃာတော် ၎၀၀ တို့ကာ သံဂါယနာ တင်တော်မူကြလေသည်။ စာမျက်နှာအားဖြင့် (၆၀၅)မျက်နှာ ရက်အားဖြင့် (၅)ရက် ဖြစ်၍ နာယကဆရာတော်မှာ စစ်ကိုင်းတောင်ရိုး တောလေးထပ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဓကုမော် ဆရာတော်ဘုရားကြီး ဖြစ်လေသည်။

ပဋ္ဌာန်းစတုတ္ထအုပ်

ပဋ္ဌာန်းပါဠိတော် စတုတ္ထပိုင်းကို ပျဉ်းမနားနယ် ကျည်တောင်ကန် ဘာဏကအဖွဲ့ဝင် ဆရာတော် ၁၁-ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရက သံဃာတော်ပေါင်း (၅၀၀) တို့က သံဂါယနာ တင်တော်မူခဲ့ကြလေသည်။ စာမျက်နှာ အားဖြင့် (၆၃၆)မျက်နှာ ရက်အားဖြင့် (၄)ရက် ဖြစ်၍ နာယကဆရာတော်မှာ မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ဆင်တဲတိုက်သစ် ဆရာတော်ဘုရားကြီး ဖြစ်လေသည်။

ပဋ္ဌာန်းပဉ္စမအုပ် ၄-ခု

ပဋ္ဌာန်း ပါဠိတော် ပဉ္စမအုပ်ကို မုံရွာမြို့ ဆားလင်းကြီး ဘာဏကအဖွဲ့ဝင် ဆရာတော်(၉ပါး တို့က) အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရက သံဃာတော် ၅၀၀ တို့က သံဂါယနာ တင်တော်မူခဲ့ကြလေသည်။ စာမျက်နှာအားဖြင့် (၄၈၈) မျက်နှာ ရက်အားဖြင့် (၄)ရက်ဖြစ်၍ နာယကဆရာတော်မှာ ရေနံချောင်းမြို့ အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီ ဆရာတော်ဘုရားကြီးဖြစ်လေသည်။

ပဋ္ဌာန်းပါဠိတော်ကြီးမှာ စာအုပ်အရေအတွက် အားဖြင့် ၅-အုပ် စာမျက်နှာပေါင်း (၂၆၈၆) မျက်နှာ နာယကဆရာတော် (၆)ပါး ဘာဏက အမှု (၅)ဖွဲ့ ဘာဏကဆရာတော် (၅၂)ပါး၊ သံဂါယနာတင်ရက်အားဖြင့် (၂၅)ရက်ဖြစ်လေသည်။

ခုဒ္ဒကနိကာယ်(၁၅)ကျမ်း

ခုဒ္ဒကနိကာယ် ခုဒ္ဒကပါဠိပါဠိတော်မှ စူဠနိဒ္ဒေသ အထိ ကျမ်းရင်း ၁၅ ကျမ်းတို့ကို ၁၃၁၇-ခု၊ မြာသိုလဆန်း ၃-ရက် တနင်္လာနေ့ (၁၅.၁.၅၆) နေ့မှ စ၍ သံဂါယနာ တင်တော်မူကြလေရာ တပ်ပြီတွဲလဆန်း ၅-ရက် (၁၆.၂.၅၆)နေ့တွင် ပြီးစီးတော်မူလေသည်၊ ကျမ်းစာ အရေအတွက် အားဖြင့် ၁၅-ကျမ်း၊ (စာအုပ်အရေအတွက်အားဖြင့် ၆-အုပ်၊ စာမျက်နှာအားဖြင့် ၂၂၉၉-မျက်နှာ)ရှိလေသည်။

အဆိုပါ ခုဒ္ဒကနိကာယ ပါဠိတော် ၁၅-ကျမ်းကို စတုတ္ထသန္ဓိပါတ၌ အကြိမ်ပေါင်း(၂၂၈)ကြိမ်တိတိ ရွတ်ဆိုခဲ့ကြလေသည်။

(၁) ခုဒ္ဒကပါဌပါဠိတော်

ခုဒ္ဒကပါဌပါဠိတော်မှ အစ သုတ္တနိပါတ် ပါဠိတော်အထိ စာမျက်နှာပေါင်း (၄၅၅)မျက်နှာ၌ ပါဠိတော် ၅-ကျမ်းကို မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ခေမသီဝံ ဆရာတော်ဘုရားကြီးက သံဃနာယက အဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့လေသည်။ ခုဒ္ဒက ပါဌပါဠိတော်ကို (က) ကျောက်ကုန်း ဘာဏက အဖွဲ့ဝင် ဆရာတော် (၁၀) ပါး၊ (ခ) နတ္တလင်း ဘာဏကအဖွဲ့ဝင် ဆရာတော် (၁၅)ပါး၊ ပေါင်း ဘာဏကအဖွဲ့ဝင် ဆရာတော် (၂၅) ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရက သံဃာတော် ၅၀၀-တို့က သံဂါယနာတင်တော်မူခဲ့ကြလေသည်။

(၂) ဓမ္မပဒပါဠိတော်

ဓမ္မပဒ ပါဠိတော်ကို (က) ညောင်လေးပင် ဘာဏကအဖွဲ့ဝင် ဆရာတော် (၇) ပါး၊ (ခ) မိုးညို

ဘာဏက အမ္ဘဲဝင် ဆရာတော်(၁၀)ပါး၊ (၈)ဝေါ်မြို့ ဂွေကြီး ဘာဏကအမ္ဘဲဝင် ဆရာတော် (၃) ပါး၊ (ဃ) ရွှေကျင်မြို့ ဘာဏကအမ္ဘဲဝင် ဆရာတော် ၂-ပါး၊ (c) ပြွန်တန်ဆာမြို့ ဘာဏကအမ္ဘဲဝင် ဆရာတော် (၂) ပါး၊ (စ) မော်လမြိုင်မြို့ ဘာဏက အမ္ဘဲဝင် ဆရာတော် (၁)ပါး၊ ပေါင်း ဘာဏကအမ္ဘဲဝင် ဆရာတော် (၂၆)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရက သံဃာတော် ၅၀၀-တို့က သံဂါယနာ တင်တော်မူခဲ့ကြလေသည်။

(၃) ဣတိဝုတ္တကပါဠိတော်

ဣတိဝုတ္တက ပါဠိတော်ကို ပခုက္ကူမြို့ မဟာ ဝိသုတာရုမ ဘာဏကအမ္ဘဲဝင် ဆရာတော် (၁၀) ပါးတို့က အာဂုမ် ရွတ်ဆိုကာ သံဂီတိကာရက သံဃာတော် ၅၀၀-တို့က သံဂါယနာ တင်တော်မူခဲ့ကြလေသည်။

(၄) သုတ္တနိပါတပါဠိတော်

သုတ္တနိပါတပါဠိတော်ကို ရွှေဘိုမြို့ ဆိပ်ခွန် ဘာဏက အမ္ဘဲဝင် ဆရာတော် (၈) ပါးတို့က အာဂုမ် ရွတ်ဆိုကာ သံဂါယနာတင်တော်မူခဲ့ကြလေသည်။ ကျမ်းစာအရေအတွက်အားဖြင့် ၅-ကျမ်း၊ စာမျက်နှာအားဖြင့် (၄၅၅) ပြာသိုလ ဆန်း ၃-ရက်မှ ၇-ရက်အထိ ၅-ရက်ဖြစ်၍ နာယက ဆရာတော်မှာ မန္တလေးမြို့အဂ္ဂမဟာပဏ္ဍိတ ခေမာသီဝံဆရာတော် ဘုရားကြီးဖြစ်လေသည်။

ညောင်ဦးဘာဏကအမ္ဘဲ

ဥဒါနပါဠိတော် ဘာဏကအမ္ဘဲဝင် ဖြစ်သော ဇောင်ဦးမြို့ ဘာဏကအမ္ဘဲဝင် ဆရာတော် ၁၄-ပါး တို့မှာ လမ်းပမ်း အသွားအလာ မလွယ်ကူသဖြင့် ဥဒါနပါဠိတော်ကို သံဂါယနာတင်ပြီးသည့် ညနေ ကျမှ ကမ္ဘာအေးသို့ ရောက်ရှိကြပါသဖြင့် နေဘက် ကျသွားပြီး မပါဝင်လိုက်ရပါ၊ သို့ရာတွင် နေဘက် တနေ့ ဣတိဝုတ္တကပါဠိတော်ကြီး သံဂါယနာတင် စဉ်တွင် ပခုက္ကူမဟာဝိသုတာရုမ ဘာဏက အမ္ဘဲ နှင့်ပေါင်း၍ ဘာဏကအဖြစ် ပါဝင်တော် မူကြ ပါသည်။

ဝိမာနဝတ္ထုပါဠိတော်နှင့်ပေတဝတ္ထုပါဠိတော်

ဝိမာနဝတ္ထုပါဠိတော်နှင့် ပေတဝတ္ထုပါဠိတော် ကို သက်ဆိုင်ရာ ဘာဏကအမ္ဘဲဝင်ဆရာတော်များ မကြွေရောက်လာသဖြင့် ဘာဏကအမ္ဘဲမရှိပါ။

ထေရဂါထာပါဠိတော်

ထေရဂါထာပါဠိတော်ကို ဟသံဘတ်မြို့ ထေရ ဂါထာ ဘာဏကအမ္ဘဲအမှတ် ၁-မှ ၁၂-ပါး၊ အမှတ် ၂-မှ၁၁ပါး၊ ပေါင်း ဘာဏကအမ္ဘဲဝင် ဆရာတော် (၂၃)ပါးတို့က အာဂုရွတ်ဆိုကာ သံဂီတိကာရက သံဃာတော် ၅၀၀-တို့က သံဂါယနာ တင်တော်မူ ခဲ့ကြလေသည်။

ထေရီဂါထာပါဠိတော်

ထေရီဂါထာ ပါဠိတော်ကို မြန်အောင်ဘာဏက အမ္ဘဲဝင် ဆရာတော် (၁၁)ပါးနှင့် ပြည်မြို့ဘာဏက အမ္ဘဲဝင် ဆရာတော် (၁၄)ပါး၊ ပေါင်း ဘာဏက အမ္ဘဲဝင် ဆရာတော် (၂၅)ပါးတို့က အာဂုရွတ်ဆို ကာ သံဂီတိကာရက သံဃာတော် ၅၀၀-တို့က သံဂါ ယနာတင်တော်မူခဲ့ကြလေသည်။

ကျမ်းစာ အရေအတွက် အားဖြင့် (၄)ကျမ်း၊ စာအုပ် အရေအတွက်အားဖြင့် (၁)အုပ် စာမျက် နှာအားဖြင့် (၄၅၅) မျက်နှာရှိသော ဤ ဝိမာန ဝတ္ထု ပါဠိတော်စသော ၄-ကျမ်းတို့ ပါဠိတော်ကြီး ကို သံဃာ့ဝယနာတင်ခဲ့သည်၊ ရက်အားဖြင့် ပြာသို လဆန်း (၉-ရက်မှ ၁၂-ရက်အထိ) ၄-ရက်ဖြစ်၍ နာယက ဆရာတော်မှာ၊ မန္တလေးမြို့ အဂ္ဂမဟာ ဏ္ဍိတ ပတ္တမြားဆရာတော် ဖြစ်လေသည်။

ထေရုပဒါနိ ပါဠိတော် ပဌမအုပ်ကို မိုးကုတ်မြို့ ဘာဏကအမ္ဘဲဝင်ဆရာတော် (၁၃)တို့က အာဂုရွတ်ဆိုကာ သံဂီတိကာရက သံဃာတော် ၅၀၀ တို့က သံဂါယနာတင်တော်မူခဲ့ကြလေသည်။

စာအုပ်အရေအတွက်အားဖြင့်(၁)အုပ် စာမျက်နှာ အရေအတွက်အားဖြင့် (၄၄၅)မျက်နှာ ရက္ခ အားဖြင့် ပြ ၁သိလဆန်း ၁၃ရက်နေ့မှ ၎င်းလဆုတ် ၂-ရက်နေ့အထိ ၄-ရက်ဖြစ်၍ နာယက ဆရာတော ၊ ယိုးဒယာ ၊နိုင်ငံတော်သံဂီတိကာရကနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒန္တဝိမလဓမ္မ မဟာဆရာ့ဖြစ်လေသည်။

ထေရုပဒါန်နှင့် ထေရီအပဒါန် ဗုဒ္ဓဝံသစရိယာ ပိဋကပါဠိတော် များအနက် ကျင်းကျန်သေးသော ထေရုပဒါန် ပါဠိတော်ကို မိုးကုတ်မြို့ ဘာဏက အမ္ဘဲဝင်ဆရာတော် ၁၃ပါးတို့ကင်း၊ ထေရီအပဒါန် ပါဠိတော်ကို ဖျာပုံမြို့ ဘာဏကအမ္ဘဲဝင်ဆရာတော် ၁၅ပါးတို့ကင်း၊ ဗုဒ္ဓဝံသပါဠိတော်ကို မော်လမြိုင်မြို့ ဘာဏကအမ္ဘဲဝင် ဆရာတော် ၁၃-ပါးတို့ကင်း၊ စရိယာ ပိဋကပါဠိတော်ကို သမိုင်းမြို့ ဘာဏက အမ္ဘဲဝင် ဆရာတော် ၃-ပါးတို့ကင်း ပေါင်း ဘာဏကအမ္ဘဲဝင် ဆရာတော် ၅၄ ပါးတို့က အသီး အသီး အာဂုရွတ်ဆိုကာ သံဂီတိကာရက သံဃာ တော် ၅၀၀-တို့က သံဂါယနာ တင်တော် မူခဲ့ကြ လေသည်။

ကျမ်းစာအရေအတွက်အားဖြင့် (၄) ကျမ်း၊ စာအုပ်အရေအတွက်အားဖြင့် (၁)အုပ်၊ စာမျက် နှာ အရေအတွက်အားဖြင့် (၄၂၀)မျက်နှာ ရက် အားဖြင့် ပြာသိုလဆုပ် ၃-ရက်မှ ၎င်း လဆုပ် ၆-ရက်နေ့ အထိ (၄) ရက်ဖြစ်၍ နာယကဆရာ တော်များမှာ အဂ္ဂမဟာပဏ္ဍိတ အဘိဓေမဟာ ရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် သီဟိဠ နိုင်ငံတော် သံဂီတိကာရက မဟာနာယက ဆရာ တော် ဘဒန္တပဏ္ဍိတဝိမလဓမ္မမဟာထေရ် ဖြစ်လေ သည်။

(မှတ်ချက်) သီဟိဠဆရာတော်မှာ (၁-၂-၅၆) တနေ့သာနာယကအဖြစ် ၄ဆောင်ရှက် ,တော်မှသည်။

မဟာနိဒ္ဒေသပါဠိတော်ကို ရွှေကျင်မြို့ မဟာ နိဒ္ဒေသဘာဏကအမ္ဘဲဝင် ဆရာတော် ၁၃-ပါးတို့ကြီ အာဂုရွတ်ဆိုကာ သံဂီတိကာရက သံဃာတော် ၅၀၀ တို့က သံဃာယနာ တင်တော်မူခဲ့ကြလေ သည်။ ကျမ်းစာ အရေအတွက်အားဖြင့် (၁) ကျမ်း၊ စာအုပ်အရေအတွက်အားဖြင့် (၁) အုပ်၊ စာမျက်နှာ အရေအတွက်အားဖြင့် (၄၁၀)၊ ရက် အားဖြင့် ပြာသိုလဆုပ် ၇-ရက်မှ ၁၃-ရက် အထိ ၆-ရက် ဖြစ်၍ နာယက ဆရာတော်မှာ ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ ဒေဝသာဂ ရသိမ်ကုန်းဆရာတော် ကြီးဖြစ်လေသ ည်။

ဓဋ္ဌနိဒ္ဒေသ ပါဠိတော်ကို ရေနံချောင်းမြို့ ဓဋ္ဌ နိဒ္ဒေသဘာဏက အမ္ဘဲဝင် ဆရာတော် ၁၁-ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရက သံဃာတော် ၅၀၀-တို့က သံဂါယနာ တင်တော်မူခဲ့ကြလေသည်။ ကျမ်းစာအရေအတွက်အားဖြင့် ၁-ကျမ်း၊ စာအုပ် အရေအတွက် အားဖြင့် (၁)အုပ်၊ စာမျက်နှာ အရေအတွက် အားဖြင့် (၃၀၇) မျက်နှာ၊ ရက် အားဖြင့် ပြာသိုလဆုတ် ၁၄-ရက်မှ တပို့တွဲ လဆန်း ၅-ရက်အထိ (၆) ရက်ဖြစ်၍ နာယက ဆရာတော် မှာ ဖြူးမြို့ ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယကျောင်း ဆရာတော်ဘုရားကြီးဖြစ်လေသည်။

ခုဒ္ဒကနိကာယ် ကျမ်းရင်း ၁၅ ကျမ်းမှာ စာအုပ် အရေအတွက်အားဖြင့် (၆)အုပ်၊ စာမျက်နှာ အရေ အရေအတွက် အားဖြင့် (၂၂၉၉) မျက်နှာ၊ ရက်အားဖြင့် ပြာသိုလဆန်း ၃-ရက် (၁၅-၁-၅၆) ရက်မှ တပို့တွဲလဆန်း ၅-ရက် (၁၆-၂-၅၆)အထိ ဥပုသ်နေ့မှတပါး သံဂါယနာတင် ရက်ပေါင်း (၂၉) ရက်ဖြစ်၍ နာယကဆရာတော် (၇) ပါး၊ ဘာဏက အဖွဲ့ (၂၀) ဘာဏကအမ္ဘဲဝင် ဆရာတော် (၁၉၄) ပါး ဖြစ်လေသည်။

ဖုတ်ချက်။ ။ဥဒါန်း ဘာဏက အမ္ဘဲ ဖြစ်သည့် ညောင်ဦးဘာဏကအမ္ဘဲဝင် ဆရာတော် ၁၄-ပါး တို့မှာ ဥဒါန်းပါဠိဟော် သံဂါယနာ တင်စဉ်က ရောက်မလာကြဘဲ နောက်တနေ့ ဣတိဝုတ် ပါဠိ တော် သံဂါယနာတင်သည့်အခါမှ ကြွရောက်လာ ကြသဖြင့် မမှီလိုက်ဖြစ်သည်။သို့ရာတွင် ဣတိဝုတ်၌ ကျေညာရာတွင် ညောင်ဦးဘာဏကအမ္ဘဲဝင်၁၄-ပါး တို့က ပါဝင်ကြောင်း ကျေညာခဲ့ပြီး ပူဇော်ဘွယ် စသည်တို့ကို လျှူဒါန်းခဲ့ပါသည်၊ သို့ရာတွင် ဥဒါန်း ပါဠိတော် သံဂါယနာတင်စဉ်က မပါရှိ၍ စာရင်း၌ မရေတွက်ခဲ့ခြင်း ဖြစ်ပါသည်။

PROCEEDINGS OF CHAṬṬHA SANGĀYANĀ

FOURTH SESSION—THAI SESSION (SIYĀMA SANNIPĀTA)

The Fourth Session—Siyāma Sannipāta of the Chaṭṭha Saṅgāyanā commenced on the 2nd. Waxing of Nadaw 2499 B.E. (16-12-55). The Saṅgīti-kāraka Bhikkhus recited the Paṭṭhāna (Book of Origin) of the Abhidhamma, for 54 days excepting the Buddhist Fast days and the Independence Day, and concluded on the 16th February 1956.

Over 600 Saṅgīti-kāraka Bhikkhus elected His Holiness Somdej Phra Vanarat Kittisobhana, Saṅgha-nāyaka of Thailand, as the Chaṭṭha Saṅgīti Mahānāyaka (Chairman). On the following day Ven. U Javana, Pakokku Sayadaw, Agga Mahā Paṇḍita acted as the Chairman of the Chaṭṭha Saṅgāyanā Proceedings. During the Siyāma Session, Ven. Bhadanta Nāgavamsa, Bāgaya Sayadaw acted as the Honorary Secretary of the Proceedings ; but while Ven. Bhadanta Nāgavamsa was away at Mandalay on Sāsana duties, and while he was acting as the Pucchaka (Questioner) in regard to the questions on Vimāna-vatthu, Peta-vatthu, Thera-gāthā etc., Ven. Ashin Nāradābhivamsa, Siromaṇi, Dhammācariya, Vinaya-Pāragū acted as the Honorary Secretary in place of Ven. Bhadanta Nāgavamsa.

During the Siyāma Session, the Five Books of the Paṭṭhāna of the Abhidhamma Piṭaka, and 15 treatises in 6 Books comprising Khuddaka-pātha, Dhammapada, Itivuttaka, Vimāna-vatthu, Petavatthu, Thera-Gāthā, Therī-Gāthā, Thera Apadan, Therī Apadan, Buddhavamsa, Cariya Piṭaka, Mahā-niddesa, and Cūla-niddesa, contained in 11 Books of 4,985 pages were recited.

PAṬṬHĀNA BOOKS.

The Saṅgīti-kāraka Bhikkhus recited the five Books of Paṭṭhāna containing 2,686 pages in 237 Recitation-sessions.

Paṭṭhāna Book I

The Paṭṭhāna is divided into five Books, the First, the Second, the Third, the Fourth and the Fifth. On the 2nd. Waxing of Nadaw 2499 B.E. (16-12-55), the Opening Day of the Thai Session, the 500 Saṅgīti-kāraka Bhikkhus and 12 Bhāṇakas (Reciters) from Pebin Dhamma-pāragū Reciting Group, Monywa recited the First Paṭṭhāna Book of 464 pages in 6 days. His Holiness the Saṅgha-nāyaka of Thailand presided over the meeting on the Opening day, and on the following five days Ven. U Javana, Agga Mahā Paṇḍita of Mahā Vijayarāma Monastery of Pakokku acted as the Chairman.

Paṭṭhāna Book II

The 14 Bhāṇakas from the Paṭṭhāna Reciting Group, Pyinmana and the 500 Saṅgīti-kāraka Bhikkhus recited the Second Paṭṭhāna Book containing 493 pages in 6 days. The Nāyaka Sayadaw, Agga Mahā Paṇḍita of Mahāvisutārāma Monastery, Pakokku acted as the Saṅgha-nāyaka (Chairman).

Paṭṭhāna Book III

The 500 Saṅgīti-kāraka Bhikkhus and the 6 Bhāṇakas from Monywa Paṭṭhāna Reciting Group No. 3 recited the Third Paṭṭhāna Book comprising 605 pages in 5 days. Ven. Sakurmaw Sayadaw, Agga Mahā Paṇḍita of Sagaing acted as the Chairman.

Paṭṭhāna Book IV

The 500 Sagīti-kāraka Bhikkhus and the 11 Bhāṇakas from the Kyidaunggan Reciting group recited the Fourth Book containing 636 pages in 4 days. Ven. Sinde Sayadaw, Agga Mahā Paṇḍita of Mandalay presided over the Proceedings.

Paṭṭhāna Book V

The 500 Saṅgīti-kāraka Bhikkhus and the 9 Bhāṇakas from Sālingyi Bhāṇaka Group recited the Fifth Book containing 488 pages in 4 days. Ven. Shwezedi Sayadaw, Agga Mahā Paṇḍita acted as the Chairman.

The Paṭṭhāna contains 2,686 pages in five Books. The recitation lasted for 25 days, during which 6 Chairmen presided over the Proceedings and 52 Bhāṇakas took part in the recitation of these Five Books.

KHUDDAKA-NIKĀYA

The Khuddaka-nikāya comprises 15 treatises beginning with Khuddaka-pātha and ending with Cūla-niddesa. These 15 treatises comprise 6 Books in 2,299 pages.

The Saṅgīti-kāraka Bhikkhus and the Bhāṇakas commenced the recitation on 15-1-56 and completed it on 16-2-56. The number of Recitation-sessions was 228.

Khuddaka-pātha

The 10 Bhāṇakas from Kyauk-kon Bhāṇaka Group, the 15 Bhāṇakas from Nattalin Bhāṇaka Group and the 500 Saṅgīti-kāraka Bhikkhus recited the 5 Books of the Khuddaka-pātha which contain 455 pages.

Dhammapada

The 500 Saṅgīti-kāraka Bhikkhus and the following Bhāṇakas recited the whole of the Dhammapada :—Nyaunglebin Bhāṇaka Group 8, Monyo Bhāṇaka Group 10, Ywaygyi Bhāṇaka Group Waw, 3, Shwegyin Bhāṇaka Group 2, Pyuntaza Bhāṇaka Group 2, Moulmein Bhāṇaka Group 1.

Itivuttaka

The 500 Saṅgīti-kāraka Bhikkhus and the 10 Bhāṇakas from Mahāvisutārāma Bhāṇaka Group, Pakokku recited the Itivuttaka.

(NOTE.—According to the Schedule the 14 Bhāṇakas from Nyaung-U Bhāṇaka Group were to take part in the recitation of the Udāna. But, as they arrived at the Kabā Aye late, owing to difficut communication, they could not take part when the 500 Saṅgīti-kāraka Bhikkhus recited the Udāna. However, they combined with the 10 Bhāṇakas from the Pakokku Group and recited the Itivuttaka the next day.)

Suttanipāta

The 500 Saṅgīti-kāraka Bhikkhus and the 8 Bhāṇakas from Seikkhun Bhāṇaka Group, Shwebo recited the 5 treatises of Suttanipāta comprising 455 pages. The recitation was commenced on the 3rd. Waxing of Pyatho 2499 B.E. (15-1-56) and concluded on 19-1-56. Ven. Khemāsīvam Sayadaw, Agga Mahā Paṇḍita of Mandalay presided over the Proceedings.

Vimāna-vatthu and Peta-vatthu

The Bhāṇakas who were to recite these two Books could not attend the Chaṭṭha Saṅgāyanā.

Thera-Gāthā

The 500 Saṅgīti-kāraka Bhikkhus and the following 22 Bhāṇakas recited the Thera-Gāthā :—Thera-Gāthā Bhāṇaka Group I, Henzada 12, Thera-Gāthā Bhāṇaka Group II, Henzada 10.

Therī-Gāthā

The 500 Saṅgīti-kāraka Bhikkhus and the following Bhāṇakas recited the Therī-Gāthā:—Myanaung Bhāṇaka Group 11, Prome Bhāṇaka Group 14.

Vimāna-vatthu, Peta-vatthu, Thera-Gāthā and Therī-Gāthā are contained in a Book comprising 435 pages. The recitation commenced on 21-1-56 and lasted for four days. Ven. Padamya Sayadaw, Agga Mahā Paṇḍita of Mandalay acted as the Chairman.

Thera Apadan Book I.

The 500 Saṅgīti-kāraka Bhikkhus and the 13 Bhāṇakas from Mogok Bhāṇaka Group recited the Thera Apadan Book I, comprising 445 pages. The recitation commenced on the 26th January and concluded on the 29th January. Ven. Phra Bhimoldham, Agga Mahā Pāṇḍita of Thailand acted as the Chairman.

Thera Apadan, Therī Apadan, Buddhavamsa and Cariya Piṭaka

They were recited as follows :—

The remaining portion of the Thera Apadan was recited by the 13 Bhāṇakas from Mogok Bhāṇaka Group. The 15 Bhāṇakas from Pyapon Bhāṇaka Group recited the Therī Apadan. The 13 Bhāṇakas from Moulmein Bhāṇaka Group recited the Buddhavamsa, and the 13 Bhāṇakas from Thamaing Bhāṇaka Group recited the Cariya Piṭaka.

The 500 Saṅgīti-kāraka Bhikkhus and 54 Bhāṇakas participated in the recitation of the above Piṭakas. They are contained in 420 pages of four Books. The recitation commenced on 30-1-56 and concluded on 2-2-56. Ven. Bhadanta Vimaladhamma of Ceylon acted as the Chairman on 1-2-56 only. Ven. Abhi Dhaja Mahā Raṭṭha Guru Masoeyein Sayadaw occupied the chair on the other days.

Mahāniddesa.

The 500 Saṅgītikāraka Bhikkhus and the 13 Bhāṇakas from Shwegyin Niddes. Bhāṇaka Group recited the Mahā Niddesan

This is contained in one Book with 410 pages. The recitation commenced on 3-2-56 and ended on 9-2-56. Devasāgara Theingoe Sayadaw, Agga Mahā Paṇḍita acted as the Chairman.

Cūla-niddesa

The 500 Saṅgīti-kāraka Bhikkhus and the 11 Bhāṇakas from Yenangyaung Bhāṇaka Group recited the Cūla-niddesa. It is in one Book with 307 pages. The recitation commenced on 10-2-56 and ended on 16-2-56. Ven. Myodaung Sayadaw of Pyu acted as the Chairman.

The 15 treatises of Khuddaka-nikāya comprise 2,299 pages in 6 Books. The recitation of these books commenced on 15-1-56 and ended on 16-2-56 . Excluding the Buddhist Fast days the number of reciting-days was 29 ; the number of Chairmen was 7; and the number of Bhāṇakas from 20 Groups was 194.

(NOTE.—The 14 Bhāṇakas from Nyaung-U Group who came late to the Saṅgāyanā were not included in the calculation, but they were presented with the Bhikkhu requisites at the Closing Ceremony of Siyāma Session.)

ဆဋ္ဌသံဂါယနာ စတုတ္ထသန္နိပါတ အကျဉ်းချုပ်စာယားကြီး

ကျမ်းစာအမည်	ကျမ်းစာ	စာအုပ်ပေါင်း	စာမျက်နှာ	နာယက	ဘာဏက အမွှဲ	ဘာဏက ဆရာတော်	ရက်ပေါင်း
ပဋ္ဌာန်းပါဠိတော်	၁	၅	၂၆၈၆	၆	၅	၅၂	၂၅
ခုဒ္ဒကနိကာယ်ပါဠိတော်	၁၅	၆	၂၂၉၉	၇	၂၀	၁၉၄	၂၉
ပေါင်း	၁၆	၁၁	၄၉၈၅	၁၃	၂၅	၂၄၆	၅၄

Schedule of Proceedings of the Fourth Session of Chaṭṭha Sangāyanā.

	Paṭṭhāna	Khuddaka-nikāya	Total
Treatise	1	15	16
Number of Books	5	6	11
Number of Pages	2,686	2,299	4,985
Number of Chairmen	6	7	13
Number of Bhāṇaka Groups	5	20	25
Number of Bhāṇakas	52	194	246
Number of reciting days	25	29	54

ဆဋ္ဌသံဂါယနာ ပဌမ(သိရီလင်္ကာ)သန္နိပါတဖွင့်ပွဲ

ဆဋ္ဌသံဂါယနာ သိရီလင်္ကာသန္နိပါတ ခေါ် (ပဌမသန္နိပါတ့) ကို ၁၃၁၈-ခု၊ တန်ခူးလဆန်း ၁၃-ရက် (၂၃-၄-၅၆)တနင်္လာနေ့တွင် သိရီမင်္ဂလာကုန်းမြေ မဟာပါသာဏဂုဟာခေါ် လိုဏ်ဂူတော်ကြီးအတွင်း၌ ကျင်းပလေသည်၊ သံဂါယနာဖွင့်ပွဲ မစမီ သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်လာသည့် မြတ်စွာဘုရား၏ သရီရဓာတ်တော်များ၊ ရှေ့ပပ်ပါးတော်များ နှင့် ပရိဇာဝကအသုံးအဆောင်များ အပ်နှင်းပဲ့ကိုပြုလုပ်လေသည်။ နံနက် (၇)နာရီ မိနစ် ၃၀-အချိန်တွင် အခမ်းအနား၊ စတင်သည့် အထိမ်းအမှတ်ဖြင့် ခရူသင်း ထိုးစည်နှင့် စည်များ တီးမှုတ်၍ အချက်ပေးပြီးလျင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အကျိုးဆောင်စာချီ (၂) ဦးဘဆေ က သာသနာရေးဆိုင်ရာအခမ်းအနား စတင်ကြောင်း ပါဠိ-သီဟိုဠ်မြန်မာဘာသာတို့ဖြင့် လျှောက်ထားကျေးဇူးပြုလေသည်၊ ထိုနောက် သီဟိုဠ်နိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဇယဝီရကုရုပွုက သိယာမ မဟာနိကာယဂိုဏ်းချုပ် မဟာနာယကထေရ် ဖြစ်တော်မူသော အရှင်ဝေလိဝိဒူမမှက်တို့အသယရဏသရဏ-သိရိသရဏက်ရမဟာထေရ်အား ငါးပါးသီလ ပေးသနားတော် မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်ချက်အရ သိယာမ မဟာနိကာယ ဂိုဏ်းချုပ် မဟာနာယကထေရ် ဖြစ်တော်မူသော အရှင် ဝေလိဝိဒူမမှက်တို့အသယရဏ သရဏသိရိသရဏက်ရ မဟာထေရ်က ငါးပါးသီလ ပေးတော်မူပြီးနောက် သီဟိုဠ်နိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဇရဝီရကုရုပွုက ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့်အတူ ဗုဒ္ဓရွပ်ပွါးတော် ရွှေမှောက်တွင် ပန်းမျာ၊ ဆက်ကပ်ခြင်း၊ အုန်းဆီမီးနှင့် အမွှေးတိုင်များ ထွန်းညှိခြင်းတို့ဖြင့် မြတ်စွာဘုရားအား ပူဇော်လေသည်။

အမရပူရ မဟာနိကာယ ဂိုဏ်းချုပ် မဟာ နာယကထေရ် ဖြစ်တော်မူသော အရှင်ဇေရုဝလသိရိသုမင်္ဂလသိရိနိုဝါသက ပန်းကပ်ဂါထာများကို ရွတ်ဆိုတော်မူသည် (ပရိသတ်အပေါင်းက လိုက်ဆိုကြရပါသည်) ထို့နောက် ရာမည ဗမာနိကာယ ဂိုဏ်းချုပ် မဟာနာယကထေရ် ဖြစ်တော်မူသော တိပိဋကာ ဝါဓိသာရစရိယ ဘဒန္တဟိသေလ္လေသိရိဥာဏောဒယထေရ်က ဆီမီးကပ် ဂါထာများကို ရွတ်ဆိုတော်မူသည်။ (ပရိသတ်အပေါင်းက လိုက်ဆိုကြရသည်) ထို့ပြင် သီဟိုဠ်နိုင်ငံ သံဂါယနာ အဖွဲ့ချုပ်ဖြစ်သော တိပိဋကာ လက်ဘဉ္ဇာရီတရ မဟာသံဃသဘာ၏ အဖွဲ့ဝင်သံဃာတော်များက ပရိတ်ပါဠိတော်များကို ရွတ်ဘတ်သရဒ္ဓာယ်တော် မူကြပြီးသည့်နောက် သီဟိုဠ်နိုင်ငံသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဇယဝီရကုရုပွုက နှတ်ခွန်းဆက် စကား လျှောက်ထား၍ သာသနိက လက်ဆောင်ပစ္စည်းများကို သီဟိုဠ်နိုင်ငံအစိုးရနှင့် တိုင်းသူပြည်သားများကိုယ်စား ပြည်ထောင်စု မြန်မာ ဝန်ကြီးချုပ် ဦးနုသို့ ပေးအပ်သည်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက ထိုသာသနိက လက်ဆောင် ပစ္စည်းများကို လက်ခံပြီးလျင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းသူပြည်သားများ ကိုယ်စား ကျေးဇူးတင်ကြောင်း ပြန်လည်မြွက်ကြား၍ အပြီးတွင် တိပိဋကလက်ဘဉ္ဇာရီတရသံဃသဘာ၏ အတွင်းရေးမှူး ဘဒန္တ ကောသဝေါဓပဏ္ဍိတမမှဝံသမဟာထေရ်က ပုညာနုမောဒနာစကား မိန်ကြားတော်မူလျက် သံဃာတော်များက မေတ္တသုတ်ပရိတ်ကို ရွတ်ဘတ်၍ နန်ကဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်း ကျေးဇူးလိုက်သည်နှင့် တပြိုင်နက် (မြန်မာနှင့် သီဟိုဠ်) ခရူသင်း- ထိုးစည် နှင့် စည်များတပြိုင်နက် တီးခတ်လေသည်။

ဤအခမ်းအနားအပြီးတွင် သီဟိုဠ်ကျွန်းမှ ပင့်ဆောင်လာသော ဗောဓိပင်ပျိုကို သိရီလင်္ကာ သန္နိပါတ အထိမ်းအမှတ် အဖြစ်ဖြင့် ဆဋ္ဌသံဂါယနာ မဟာသိမ်ကြီး၏ အရှေ့ အရပ်၌ သီဟိုဠ် သံဃာအစိုးရနှင့် တိပိဋကာ သံဂါယနာ လင်္ကာ ဒါယကသဘာတို့၏ ကိုယ်စား သိယာမ မဟာ နိကာယ ဂိုဏ်းချုပ် မဟာနာယကထေရ်၊ အမရပူရ မဟာနိကာယ ဂိုဏ်းချုပ် မဟာနာယကထေရ်၊ ရာမည မဟာနိကာယ ဂိုဏ်းချုပ် မဟာနာယကထေရ်၊ သီဟိုဠ်နိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးနှင့် ဒါယကသဘာ၏ အတွင်းရေးမှူးတို့က စိုက်ပျိုးကြလေသည်။

မှန်းလွဲ (၂) နာရီ အချိန်တွင် သိရိလင်္ကာ (သီဟိုဠ်)သန္နိပါတ စတင်သည့် အထိမ်း အမှတ်ဖြင့် ခရူသင်း ထိုးစည်နှင့် စည်များတီးမှုတ်၍ အချက်ပေးပြီးနောက် ပဌမသီဟိုဠ်နိုင်ငံတော် သိယာယမ မဟာနိကာယ ဂိုဏ်းချုပ် မဟာနာယကထေရ် ဖြစ်တော်မူသော အရှင်ဝေလိဝိဒူမမှက်တို့ အသယရဏ သရဏသိရိသရဏက်ရ မဟာထေရ်က ဘဝနတ်ထံ စံလွန်တော်မူသော အာဂမဟာပဏ္ဍိတ အဘိဓမ္မာဝရဋဂုရု ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃအဖွဲ့ ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် ညောင်ရမ်း ဆရာတော်ဘုရားကြီး၏ ကြေးရုပ်တော်ကို ဖွင့်လှစ်တော်မူလေသည်။

၃တိယ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် သမတကြီး အဂ္ဂမဟာသိရိသုဓမ္မဒေါက်တာဘဘဦးက ဗုဒ္ဓရွပ်ပွါးတော်၏ ရွှေမှောက်၌ ပန်းမျာ၊ ဆက်ကပ်ခြင်း၊ အုန်းဆီမီးနှင့် အမွှေးတိုင်များ ထွန်းညှိခြင်းတို့ဖြင့် မြတ်စွာဘုရားအား ပူဇော်ပြီးလျင် ထေရသနပလ္လင်ထက် သို့ ကြွတော်မူလေသည်။

အဋ္ဌမ၊ ဝန်ဆောင်သံဃအဖွဲ့ဝင် ဘဒန္တပဏ္ဍိတ အနီးစမ်း မဟာထေရ်က သိရီလင်္ကာ သန္နိပါတ ဖွင့်ပွဲ မင်္ဂလာ ညြဘာဝကို (ပါဠိ-မြန်မာ) နှစ်ဘာသာဖြင့် ဘတ်ကြားလေသည်။

နဝမ၊ ဆဋ္ဌသံဂီတိ သံဃ နာယကအဖြစ်ဖြင့် အလှည့်ကျ အုပ်ချုပ်ဆောင်ရွက်တော်မူရန် သဘာဝတိ ဆရာတော်များ စာရင်းကို ကျေးဇူးလေသည်၊ သဘာဝတိ ဆရာတော်ဘုရားကြီးများ၏ စာရင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ပဌမ၊ ဝန်ဆောင်သံဃအဖွဲ့ အကျိုးဆောင် ဗားကဆာတောရ ဆရာတော် ဘဒန္တနာဂဝံသထေရ်က ဆဋ္ဌသံဂါယနာ သိရီလင်္ကာသန္နိပါတ ဓမ္မသဘင် အခမ်းအနား ဖွင့်ကြောင်း အခါကြား ကျေးဇူးစာတမ်းကို(ပါဠိ-မြန်မာ)နှစ်ဘာသာဖြင့် လျှောက်ထား ကျေးဇူးတော်မူလေသည်။

ဆဋ္ဌမ၊ ဝန်ဆောင်သံဃအဖွဲ့ ဥက္ကဋ္ဌ အဘိဓေ မဟာရဋ္ဌဂုရု မဟိုးရိမ်ဆရာတော် ဘဒန္တသူရိယာ ဘိဝံသ မဟာထေရ်က သီဟိုဠ်နိုင်ငံ သိယာမ မဟာနိကာယ ဂိုဏ်းချုပ် မဟာနာယကထေရ် ဖြစ်တော်မူသော အရှင်ဝေလိဝိဒူမမှက်တို့အသယရဏ သရဏသိရိသရဏက်ရမဟာထေရ်အား ဆဋ္ဌသံဂီတိ မဟာနာယက အဖြစ်ဖြင့် ဆောင်ရွက်တော်မူပါမည့် အကြောင်း ပါဠိဘာသာဖြင့် လျှောက်ထားတော်မူရာ (သံဃာတော်များက သာဓု သုံးကြိမ်မြွက်ဆိုကြပြီးလျင် ကြေးစည်နှင့် ခရူသင်း တီးမှုတ်ကြလေသည်)

သတ္တမ၊ ဆဋ္ဌသံဂီတိ သံဃမဟာနာယကအဖြစ်ဖြင့် ဆောင်ရွက်ရန် လျှောက်ထားခြင်းခံရသော သီဟိုဠ်နိုင်ငံတော် သိယာမမဟာနိကာယ ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓရွပ်ပွါးတော်၏ ရွှေမှောက်၌ ပန်းမျာ၊ ဆက်ကပ်ခြင်း၊ အုန်းဆီမီးနှင့် အမွှေးတိုင်များ ထွန်းညှိခြင်းတို့ဖြင့် မြတ်စွာဘုရားအား ပူဇော်ပြီးလျင် ထေရသနပလ္လင်ထက် သို့ ကြွတော်မူလေသည်။

အဋ္ဌမ၊ ဝန်ဆောင်သံဃအဖွဲ့ဝင် ဘဒန္တပဏ္ဍိတ အနီးစမ်း မဟာထေရ်က သိရီလင်္ကာ သန္နိပါတ ဖွင့်ပွဲ မင်္ဂလာ ညြဘာဝကို (ပါဠိ-မြန်မာ) နှစ်ဘာသာဖြင့် ဘတ်ကြားလေသည်။

နဝမ၊ ဆဋ္ဌသံဂီတိ သံဃ နာယကအဖြစ်ဖြင့် အလှည့်ကျ အုပ်ချုပ်ဆောင်ရွက်တော်မူရန် သဘာဝတိ ဆရာတော်များ စာရင်းကို ကျေးဇူးလေသည်၊ သဘာဝတိ ဆရာတော်ဘုရားကြီးများ၏ စာရင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) ဦးဝိလာသ၊ သိက္ခာတော် ၆၃-အဂ္ဂမဟာ ပဏ္ဍိတ ခေမသိဝံတိုက်၊ မန္တလေးမြို့။

(၂) ဦးဒေဝိန္ဒသိက္ခာတော်-၆၂-ဆဋ္ဌသံဂါယနာ ညြတ္တါဒါစရိယ ပခန်းကျောင်း၊ ရွှေဘိုမြို့။

(၃) ဦးဇေန၊ သိက္ခာတော်- ၆၁-ဆဋ္ဌသံဂါယနာညြတ္တါဒါစရိယမြို့ဒေါင့်ကျောင်းဖြူးမြို့။

(၄) ဦးဇေန၊ သိက္ခာတော် ၅၉-အဂ္ဂမဟာ ပဏ္ဍိတ၊မဟာဝိဇယာရာမတိုက်၊ပခုက္ကူမြို့

(၅) ဦးဥတ္တမ၊ သိက္ခာတော် ၅၇-အဂ္ဂမဟာ ပဏ္ဍိတ၊ တောလေးထပ်ကျောင်းတိုက်၊ စစ်ကိုင်းမြို့။

(၆) ဦးသုနၨရ၊ သိက္ခာတော် ၅၆-အဂ္ဂမဟာ ပဏ္ဍိတ၊မဟာဝိသုတာရာမတိုက်ပခုက္ကူမြို့၊

(၇) ဦးဇာဂရ၊ သိက္ခာတော် ၅၄-အဂ္ဂမဟာ ပဏ္ဍိတ၊ ပတ္တမြားတိုက်၊ မန္တလေးမြို့။

(၈) ဦးသေက၊ သိက္ခာတော် ၅၆-အဂ္ဂမဟာ ပဏ္ဍိတ၊ ရွှေစေတီကျောင်းတိုက်၊ ရေနံချောင်းမြို့။

(၉) ဦးသူရိယ၊ သိက္ခာတော် ၅၆-အဘိဓေ မဟာရဋ္ဌဂုရု၊ မဝိုးရိမ် ကျောင်းတိုက်၊ မန္တလေးမြို့။

(၁၀) ဦးရေဝတမမ္မ၊ သိက္ခာတော် ၅၂-အဂ္ဂ မဟာပဏ္ဍိတ၊ ဒေဝသာဂရသိမ်ကုန်းတိုက် ကျောင်း ရန်ကုန်မြို့။

ဒသမ၊ ဆဋ္ဌသင်္ဂါတိ သံဃနာယကအရှင် ဝေလိ ဝိဋ္ဌမမ္မကိတ္တိအသာရဏသရဏသိရိသရဏက်ရ မဟာ ထေရ်၏ မိန်ခွန်းစကားကို သိယာမ မဟာနိကာယ ၏ အတွင်းရေးမှူး ဘဒန္တယာတိကမ္မနသိရိမေဓင်္ကရ ဝိမလဘာဏ မဟာနာယကထေရ်က သီဟိဠဘာ သာဖြင့် ဘတ်ကြား၍ ကလျာဏီ သမဂ္ဂီ သံဃ သဘာ၏ အနုနာယက ဘဒန္တကာလကုန္ဒဝေသိရိ ပညာထေကရထေရ်က ပါဠိဘာသာဖြင့်ဘတ်ကြား ပြီးလျှင် ကလျာဏသံနိကာယ၏ အနုနာယက အဂ္ဂမဟာပဏ္ဍိတ အာသိမမ္မိက ဘဒန္တ ပေါလတ္တ ဗုဒ္ဓတ္တမထေရ်က မြန်မာဘာသာဖြင့် ဘတ်ကြား တော်မူလေသည်။

ဂေါဒသမ၊ ထေရဝါဒနိုင်ငံနှင့်အခြား နိုင်ငံများ မှ နာယကဆရာတော်ကြီးများက အသီးအသီးမိန့် ခွန်းစကား မြွက်ကြားတော်မူကြလေသည်။

ဒွါဒသမ၊ သီဟိုဠ်ကျွန်း လက်သမားဘဒ္ဒမဏ္ဍလ အ ဖွဲ့ အထေထေ အတွင်းရေးမှူး ဒေါက်တာ အေ-ဒဘလူပေါ၊ ဂုရုဂေး က သီဟိုဠ်နိုင်ငံဝန်ကြီးချုပ်၏ သဝဏ်လွှာကို သီဟိုဠ်ဘာသာဖြင့်ဌင်း၊ ပါဠိဘာ ဘာသာဖြင့်ဌင်း၊ အင်္ဂလိပ်ဘာသာဖြင့်ဌင်း၊ ဘတ် ကြား လျှောက်ထားပြီး နောက် သဝဏ်လွှာများကို ဘတ် ကြားခြင်း၊ သီဟိုဠ်နိုင်ငံ တိဝိဌက သံဂါ ယနာ လက်သမားဝါယာ သဘာ၏ အတွင်းရေးမှူး မစ္စတာ အိပ်(ချ) ကာ(လ်) ဒေးရား က သီဟိုဠ် နိုင်ငံတွင် ဆောင်ရွက်ပြီးစီးသော ဆင္ဒသံဂါယနာ ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံ စာ အကျဉ်းချုပ်ကို ဘတ်ကြားခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနု က လျှောက် ထားခြင်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိသဝမ္မ ဆာဉီးသူင်က လျှောက်ထားခြင်း ပြုကြပြီးလျှင် ခေတ္တ ရပ်နားကြလေသည်။ ထို နောက် ဆဋ္ဌသံဂီတိသံဃမဟာနာယက မထေရ်က အဂ္ဂမဟာပဏ္ဍိတ ဘဒန္တ သောဘနနှင့် တိဝိဌက ဓရမ္မဘဏ္ဍာဂါရိက ဘဒန္တဝိစိတ္တသာရာဘိဝံသတို့ အား ဇာတက ပါဠိဆိုင်ရာ ပဋ္ဌကနှင့် ဝိသဇ္ဇက အ ဖြစ်ဖြင့် အသီးအသီး ဆောင်ရွက်ရန် အလိုဂါ (ပါဠိဘာသာဖြင့်) သမ္မတိ ပေးတော်မူခြင်း၊ ပုစ္ဆာ က ပုစ္ဆန ဥာတ်ထားပြီး မိမိ သက်ဆိုင်ရာ နေရာသို့ ကြွတော်မူခြင်း၊ ဝိသဇ္ဇက က ဝိသဇ္ဇန ဥာတ်ထားပြီးမိမိ သက်ဆိုင်ရာနေရာသို့ ကြွတော်မူ ခြင်း၊ မာလာဝတ္ထသိယာမမဟာနိကာယ၏ အနု နာယက ဘဒန္တအမုနုကမရာဇဂုရုဝိပဿိမထေရ်က အဘိဓေမဟာရဋ္ဌဂုရု (မစိုးရိမ်ဆရာတော်) ဘဒန္တ သူရိယာဘိဝံသအား ယပ်တောင်ကို ဆက်လ် လျှုဒါန်းခြင်း၊ ပဏ္ဍိတဟပုဝလနေဥာဏာလေက မဟာထေရ်က အဂ္ဂမဟာပဏ္ဍိတ ဘဒန္တသောဘန (မဟာစည်ဆရာတော်) အား ယပ်တောင် ဆက် လ်လျှုဒါန်းခြင်း၊ ပဏ္ဍိတ အမွှလ်ဂေါဒမ္မ ကုသ

SRI LANKĀ SANNIPĀTA (CEYLON SESSION) OF THE CHAṬṬHA SANGĀYANĀ OPENS.

A religious Ceremony on the occasion of presenting gifts from Ceylon was held at the Mahā Pāsāṇa Guhā (the Great Sacred Cave) near the Kabā Aye Pagoda on 23rd. April 1956 at 8-30 a.m. His Holiness the Most Venerable Weliwita Dharmakirti Asarana Sarana Sri Saranankara, Mahānāyaka Thero of Malawatte Chapter of the Siyam Mahānikāya gave the Five Precepts to the audience. The Venerable members of the Burma Tripitaka Lanka Uttaritara Mahā Sangha Sabhā (Sangayānā Supreme Council, Ceylon) chanted Parittas. Then His Excellency Hon'ble Jayaweera Kuruppu, Minister for Local Government and Cultural Affairs, Ceylon delivered a short address of veneration and presented Ceylon's gifts on behalf of the Government and the people of Ceylon to the Hon'ble U Nu, Prime Minister of the Union of Burma.

After the ceremony, the Representatives of the Sangha, the Government and the Burma Tripitaka Sangāyanā Lankā Dāyaka Sabhā of Ceylon, namely, Mahānāyaka Theras of Siyam Mahānikāya, Amarapura Mahānikāya and Ramañña Nikāya, Hon'ble Minister for Local Government and Cultural Affairs of Ceylon, and Secretary of the Dāyaka Sabhā, planted a Bodhi Sapling (brought specially from Ceylon), at the selected site to the east of Chaṭṭha Sangāyanā Mahā Sīmā (Ordination Hall), in commemoration of the Sri Lankā Sannipāta (Ceylon Session).

At 2 p.m. on the same day the Opening Ceremony of the fifth and final Session—Sri Lankā Sannipāta (Ceylon Session) of the Chaṭṭha Sangāyanā was held at the Mahā Pāsāṇa Guhā, Yegu, Rangoon. His Holiness the Most Venerable Weliwita Dharmakirti Asarana Sarana Sri Saranankara · Mahānāyaka Thera unveiled the statue of the late Abhi Dhaja Mahā Raṭṭha Guru Nyaungyan Sayadaw. After that His Excellency *Agga Mahā Thiri Thudhamma* Dr. Ba U, President of the Union of Burma paid homage to the Buddha by offering flowers, and burning oil and incense, and declared that the Session be known as the Sri Lankā Sannipāta (Ceylon Session). Then His Excellency Hon'ble Jayaweera Kuruppu, Minister for Local Government and Cultural Affairs, Ceylon delivered an address of veneration declaring the Sri Lankā Sannipāta (Ceylon Session) of the Chaṭṭha Sangāyanā open. Venerable Bhadanta Nāgavamsa, Honorary Secretary of Sangha Bharaniṭṭhāraka Sabhā (The Supreme Sangha Council) announced the commencement of the Proceedings both in Pāli and Burmese. His Holiness the Most Venerable Abhi Dhaja Mahā Raṭṭha Guru Bhadanta Suriya, Sangāyanā Bharaniṭṭhāraka Sangha Sabhāpati (President of the Sangha Supreme Council) requested His Holiness the Most Venerable Weliwita Dharmakirti Sri Sarana Sranankara, Mahānāyaka Thero of Malwatte Chapter of the Siyam Mahānikāya of Ceylon to act as the Chaṭṭha Sangīti Sangha Mahānāyaka (Chairman). His Holiness then paid homage to the Buddha by burning oil and incense in front of the Buddha Image and took his seat on the *Therāsana* (Presidential Dais). This was followed by the reading of an address of welcome and verses of praise by Ven. Bhadanta Pandita (Anisakhan Sayadaw). The list of Chaṭṭha Sangīti Anunāyakas (The Panel of Deputy Chairmen) was announced followed by the presidential address in Sinhalese by His Holiness the Chairman. This was followed by the reading of messages from various countries and organisations. Some of the distinguished Bhikkhus and guests also delivered addresses. After that the Hon'ble U Nu, Prime Minister of the Union of Burma, and *Thado Thiri Thudhamma* Sir U Thwin, President of the Buddha Sāsana Council, delivered addresses of veneration. With the unanimous consent of the Sangītikāraka Bhikkhus, Ven. Agga Mahā Paṇḍita Sobhana (Mahāsi Sayadaw) and Ven. Vicittasārābhivamsa, Tipiṭakadhara Dhammabhaṇḍāgārika acted as the Pucchaka (Questioner) and Visajjaka (Replier) respectively with regard to Patha Jataka. After the catechism the Sangha chanted the Pātha Jātaka, and the day's proceedings terminated with the signal of ten strokes of gongs and blowing of conchs.

ल မဟာထေရ်က တိဝိဌကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒန္တဝိစိတ္တသာရာဘိဝံသအား ယပ်တောင်ဆက် လ်လျှုဒါန်းခြင်း ပြုပြီးနောက် ပဋ္ဌက ဝိသဇ္ဇက မထေရ်တို့က ဇာတကပါဠိတော်ကို (ပါဠိ-မြန်မာ နှစ်ဘာသာတို့ဖြင့်) မေးမြန်းဖြေဆိုတော်မူကြလျက် သင်္ဂီတိကာရက သံဃာတော်များက ဇာတကပါဠို တော်ကို သံဂါယနာတင်တော်မူကြလေသည်။



သီဟိုဠ်နိုင်ငံဒေသန္တရအုပ်ချုပ်ရေးနှင့် ယဉ်ကျေးမှု ဝန်ကြီး ဇယီရကုရုပ္ပုက ဝန်ကြီးချုပ် ဦးနုလက်သို့ သာသနိုက ပစ္စည်းများ မပေးအပ်မီ နှုတ်ခွန်းဆက် စကား လျှောက်ထားနေပုံ။

His Excellency Hon'ble Jayaweera Kuruppu, Minister for Local Goyernment and Cultural Affairs, Ceylon, delivering an address of veneration before handing Ceylon's gifts to Prime Minister U Nu.

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက ထိုသာသနိုက လက်ဆောင် ပစ္စည်းများကို လက်ခံပြီးလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းသူပြည်သားများကိုယ်စား ကျေးဇူးတင်ကြောင်းပြန်လည်မြွက်ကြားနေပုံ။

The Hon'ble U Nu, Prime Minister of the Union of Burma, delivering an address of reply at the Gifts Presentation Ceremony.

သိဟိုဠ်နိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး

ဇယဝီရကုရုမွှန်၏ မိန့်ကြားချက်

သံဃာတော် အရှင်မြတ်များ၊ ဝန်ကြီးချုပ်နှင့် မိတ်ဆွေ အပေါင်းတို့....

ဤမက်လာ ကြက်သရေနှင့် ပြည့်စုံသော အခါသမယ၌ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က စၦီ သန်းပေါင်းများစွာသော သတ္တဝါတို့အား အမြိုက်ရေအေး တိုက်ကျွေးတော်မူ၍ သန္တိသုခကို ရစေခဲ့သော ထိုမြတ်စွာဘုရားအား တယည်တော်တို့သည် လက်ဦးမဆွ ရိုသေညွှတ်ကျိုး ရှိခိုးပူဇော်ပါ၏၊ ဘုရား၊ ဗုဒ္ဓမြတ်စွာ၏ တရားတော်သည် တပည့်တော်တို့ ဗုဒ္ဓဘာသာဝင် နိုင်ငံအများ ကိုးကွယ်သော ဘာသာဖြစ်ရုံမျှမက လောဘ, ဒေါသ, မောဟ တရား ဖုံးလွှမ်း၍ ချောက်တွင်းသို့ ကျရန် လက်တလုံးသာ လိုနေသော ကမ္ဘာသူ ကမ္ဘာသားတို့အား ကယ်တင်နိုင်ပေသောကြောင့် ထူးကဲမှန်မြတ်လှပါပေသည်။

မြတ်စွာဘုရား၏ တရားတော်သည် ရှေးအထက်ကျော်ကာရိကစ၍ လူတို့အား ညီညွတ်စည်းလုံးစေခဲ့ပါသည်၊ဗုဒ္ဓသာသနာဝင်တရျောက်လုံးကို ကြည့်ပါလျှင် လူအမျိုးမျိုးနှင့် အယူအဆအမျိုးမျိုးရှိကြသော သူများကို တသွေးတသားထည်း ဖြစ်စေနိုင်ကြောင်း တွေ့မြင်ရပါလိမ့်မည်။

ဤသို့ စည်းလုံးညီညွတ်စေခြင်းကို ယခုလည်း ပိမ်ဓိုင်မြေလျက် ရှိပေ၏၊ မြန်မာပြည်နှင့် သိဟိုဠ်နိုင်ငံ ၂-နိုင်ငံတို့သည် ချစ်ခင် ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံခဲ့ကြသည်မှာ ဗုဒ္ဓဘာသာအတွက်ပင် မဟုတ်ပါလော။

အာရှတိုက်တခွင်တွင် ယဉ်ကျေးမှု တရပ်အနေနှင့် စည်းလုံးညီညာနေကြသည်မှာ ဗုဒ္ဓဘာသာ အတွက်ပင် မဟုတ်ပါလော၊ ယခု မျက်မှောက်တွင် လည်း ဤကဲ့သို့ စည်းလုံးညီညာနေသည်ကို တွေ့ရပါသည်။ သိက္ခာကာမလင်ဒီပေသလ ဖြစ်တော်မူကြသော ရဟန်းတော် မထေရ်ကြီးတို့၏ ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ် လာသော ဤဆဌသံဂါယနာမမှ သာဝကြီးသည် ထေရဝါဒ နိုင်ငံအားလုံးတို့ကို ချစ်ခင်ရင်းနှီးစွာ ပေါင်းစည်းစေအပ်ပါသည်၊ ဤသို့ နည်းအားဖြင့် မြန်မာပြည်ယိုးဒယားပြည် လောနိုင်ငံ ကမ္ဘေါဒီးယားနိုင်ငံ သိဟိုဠ်နိုင်ငံတို့ကို သမ္ဗန္ဓ ဖြစ်စေပါသည်။

ဤကဲ့သို့သော စိတ်ဓာတ်တို့သည် သတ္တဝါ အပေါင်းတို့၏ ချမ်းသာသုခ အလို့ငါ့ ခိုင်မြဲပါစေသတည်း။

နိဂုံးချုပ် အနေအားဖြင့် တပည့်တော်က သိဟိုဠ်နိုင်ငံရှိ ပြည်သူပြည်သားများနှင့် အစိုးရ၏ ကိုယ်စား များစွာ ကျေးဇူးဥပကာရတင်ရှိကြောင်း လျှောက်ထားရှိ ချစ်ကြည်ရေး မိတ်ဆက်အဖြစ်ဖြင့် ဤလက်ဆောင်ပဏ္ဏာများကို ဝန်ကြီးချုပ် ဦးနုလက်သို့ အပ်နှင်းပါကြောင်း၊ ဤတွင် ဆင်စွယ်များ ရတနာများဖြင့် မွန်းမံအပ်သော စွယ်တော်ပွါးတဆူ ဗုဒ္ဓရပ်ပွါးတော်တဆူနှင့် အခြားသရီရဓာတ်တော်များ ပါရှိပါကြောင်း။ ဤသို့ လက်ဆောင်ပဏ္ဏာများ ပေးအပ်ခြင်းဖြင့် တပည့်တော်တို့၏ ရာဇဝင်တွင် ကဏ္ဍသစ်တခု ဖြစ်ပေါ် စေပါသတည်း။

သတ္တဝါအပေါင်း ချမ်းသာသုခနှင့် ပြည့်စုံကြပါစေသောဝ်။

သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

ဆဌသံဂါယနာသိရီလင်္ကာသန္နိပါတ စတင် ဖွင့်လှစ်သည့် (၂၃-၄-၅၆)နေ့ နံနက်မိုင်း သိဟိုဠ် ဗုဒ္ဓဘာသာ ဓာတ်တော် ရုပ်ပွါးတော်များ စသည်တို့ကို အပ်နှင်းသည့် အခမ်းအနားဌာ

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ ပြန်ကြား မိန့်ခွန်းချက်။

သိဟိုဠ် နိုင်ငံတော် အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးခင်ဗျား။

ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ ကြီးမှူး ကျင်းပသည့် ဆဌသံဂါယနာ မဟာဓမ္မသာဝကြီးတွင် ယခု စတင် ကျင်းပတော့မည် ဖြစ်သော သိရီလင်္ကာရသန္နိပါတဖွင့်ပွဲနှင့် သံဃာယနာတင် အမမ်းအနားများတွင် ပူဇော်ရန် ဆင်ယင် ကျင်းပရန် ရည်စူး၍ ဆောင်ယူခဲ့သော ဤ ပူဇော်ဘွယ်များနှင့် အဆောင် အယောင်များကို သိဟိုဠ် နိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးက သိဟိုဠ် နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကိုယ်စား သဒ္ဓါကြည်ဖြူ ပေးလှူ နှင်းအပ်သည်ကို မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကိုယ်စား ခံယူရရှိပါသဖြင့် အလွန် အကြူး၊ ဝမ်းမြောက်လှပါသည်။

ဗုဒ္ဓဘာသာဝင် နိုင်ငံတခုမှ အခြား ဗုဒ္ဓဘာသာ နိုင်ငံတခုသို့ အချစ်ကြည်ဆုံး အရင်းနှီးဆုံး အထိမ်းအမှတ်အဖြစ်ဖြင့်ပါ၊နိုင်သည့် လက်ဆောင်အပေါင်းတို့တွင် ဤရတနာ လက်ဆောင်တော်များသည် အမှန်မြတ်ဆုံး လက်ဆောင်များ ဖြစ်သည့် အပြင် နှစ်ဘက်လုံး၏ အကျိုးကိုလည်း အဆောင်နိုင်ဆုံး ဖြစ်ပါသည်။

သက်တော်ထင်ရှား ဗုဒ္ဓရှင်တော် ဘုရား ရှိတော်မူစဉ် ဗုဒ္ဓဓာတုရေးရှင်၏ အရင်းနှီးဆုံး ဒါယကာတော်ကြီး ဖြစ်သော ဗိမ္ဗိသာရ မင်းကြားကြီးက မိမိ၏ အချစ်ခင် အရင်းနှီးဆုံး ပဏ္ဏသာတိ မင်းကြားကြီး ထံသို့ ရတနာသုံးပါး တည်းဟူသော လက်ဆောင်တော်ကို ပေးပို့လိုက်ရာတွင် ပဏ္ဏသာတိ မင်းကြားကြီးသည် ရတနာသုံးပါးလျင် အာရုံရှိသော ပီတိဇောဖြင့် အကြိမ်ကြိမ် မိန်းမောရှိ သွားတိသကဲ့သို့ ၎င်း။

မြန်မာနိုင်ငံတော် သမိုင်းတွင် ပုဂံခေတ် အတွင်း၌ ဘုန်းတန်ခိုး ကြီးမားလှသော အနော်ရထာ မင်းမြတ်ထံသို့ သီဟိုဠ်ကျွန်း ဓာတုသေန မင်းကြားကြီး ထံမှ စွယ်တော်ပွါး၊ စသော ရတနာ လက်ဆောင်တော်များကို ပေးပို့လိုက်သည့်အခါ အနော်ရထာမင်းကြီးသည် နှစ်သိမ့်ကြည်နူးလှသည့် စိတ်များ တဖွားဖွား ဖြစ်ပေါ် လာတိသကဲ့သို့ပင်။ ကျွန်တော်တို့ အသို့လည်း ဤကဲ့သို့ အမြင့်မြတ်ဆုံးသော လက်ဆောင်တော်များကို ခံယူရရှိသဖြင့် လို့ကျက်လို့ကျလဲလို့ ဝမ်းသာအားရသည့် စိတ်များ ဖြစ်ပွါးမိပါသည်။

သီဟိုဠ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် လူမျိုးရေး စီးပွါးရေး စသော သာမည အရေးတို့ထက် ထူးကဲမှန်မြတ်လှသည့် ဗုဒ္ဓဘာသာတရားတော်ကို အခြေခံ ပြုကာ နှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးသည့် ဓမ္မမိတ်ဆွေ နိုင်ငံများ ဖြစ်ခဲ့ကြကြောင်းကို သိဟိုဠ်ရာဇဝင်နှင့် မြန်မာရာဇဝင်တို့က အထင်အရှား သက်သေခံလျက် ရှိကြပါသည်။

ရှေးအဘိုဠ်လည်း ဓမ္မမိတ်ဆွေများပြီပြီ လောကအကျိုး သံသရာအကျိုး အမျိုးမျိုးတို့ကို ဖြစ်ပေါ် ရရှိနိုင်စေရန် ရှေးကထက် ဆထက်ထမ်းပိုး ပူးပေါင်း ဆောင်ရွက်နိုင်လိမ့်မည် ဟု မြော်လင့် ယုံကြည်မိပါသည် ခင်ဗျား။

သီဟိုဠ်နိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီး ဇယဝီရကုရုပ္ပုက မြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့်အတူ ဗုဒ္ဓရုပ်ပွါးတော် ရှေ့မှောက်တွင် ပန်းမျှားဆက်ကပ်ခြင်း၊ အုန်းဆီမီးနှင့် အမွှေးတိုင်များ ထွန်းညှိခြင်းတို့ဖြင့် မြတ်ရှာဘုရားအား ပူဇော်နေပုံ။

His Excellency Hon'ble Jayaweera Kuruppu, Minister for Local Government and Cultural Affairs, Ceylon, together with Hon'ble U Nu, Prime Minister of the Union of Burma, paying homage to the Buddha by offering flowers, lighting lamps and burning incense in front of the Buddha Image.

Address by Hon'ble Jayaweera Kuruppu, Minister for Local Government and Cultural Affairs, Ceylon, at the Ceremony for presenting gifts by the Government and people of Ceylon to the Buddhists of Burma, at the Chaṭṭha Sangāyanā Mahā Pāsāṇa Guhā on 23rd April 2499 B.E. (1956 C.E.)

VENERABLE MAHATHERAS, THE HON'BLE THE PRIME MINISTER, LADIES AND GENTLEMEN,

On this solemn occasion, we have, with the utmost devotion, paid our homage to the Buddha, whose precepts and example have for over 2,500 years moulded the lives of many millions of people and brought peace and contentment where neither was present. The Buddha-Dhamma is significant to us not merely because it is the religion professed by the majority community of our countries, but also because we firmly believe that it is a message of hope to the world, which is on the brink of destruction due to lust, hatred and ignorance.

The Buddha—Dhamma has had a tremendous unifying power right through the ages. The history of Buddhism is unrivalled as a record of mutual co-operation and goodwill among nations of diverse origins.

The unifying powers of Buddhism continue to be effective. Was it not Buddhism which bound Burma and Ceylon in friendship ? Was it not Buddhism which made the whole of Asia a cultural unit ? Today we see these same powers at work. This great Sangāyanā organised by our learned Mahātheras and Governments has been mainly responsible for the strengthening of the bonds of friendship among the Theravāda Buddhist countries. This laudable activity of yours has fostered a spirit of collaboration among Burma, Thailand, Laos, Cambodia and Ceylon. May this spirit spread among all nations of the world so that the happiness of mankind remains unmarred.

Let me, before I close, express my warmest thanks to you all and to present on behalf of the Government and people of Ceylon to your Prime Minister, the Honourable U Nu, these humble gifts as a token of goodwill. The ivory tusks and the bejewelled elephant with the replica of the Tooth Relic in addition to the sacred relics and the Buddha Statues will recall to you this great day on which we have together added a new chapter to the glorious history of our lands.

May all beings be happy.

Speech by Hon'ble U Nu, Prime Minister of the Union of Burma, on the occasion of receiving the Relics of the Buddha, Buddha-rūpas and antiques presented by the people and Government of Ceylon. Delivered at a special ceremony held at the Chaṭṭha Sangāyanā Mahā Pāsāṇa Guhā (The Great Sacred Cave) on 23rd April 2499 B.E. (1956 C.E.)

On behalf of the people of the Union of Burma, it gives me great pleasure to receive the gifts presented whole-heartedly by your Excellency, acting for the people of Sri Lankā as Hon'ble Minister for Local Government and Cultural Affairs of Ceylon, on this auspicious day, the Opening Day of the Sri Lankā Sannipāta (Ceylon Session) of the Chaṭṭha Sangāyanā, a joint undertaking of Buddhists under the sponsorship of the five Theravādin countries.

The greatest and most precious gifts a Buddhist country can present to another are Sacred Gifts of this kind, which greatly benefit both the giver and the receiver.

During the very lifetime of the Omniscient Buddha, when King Bimbisāra, the closest dāyaka of the Exalted One, presented his intimate friend King Pakkusāti with gifts of the Triple Gem, the receiver on account of his Saddhā (Faith) was engrossed in extreme rapture. When King Anoratha, the mighty monarch of the Pagan Dynasty of Burma, received gifts of Sacred Relics and the Triple Gem from the powerful and pious King Dhātusena of Ceylon, he was also overcome with joy. In the same way when we are in receipt of the most sacred gifts of this nature, we cannot help being overjoyed and greatly moved.

The histories of Ceylon and Burma have proved time and again that the two countries have been friends not only in the spheres of kinship, trade and commerce but most important of all, we have throughout been friends and brothers in the Dhamma.

It is my earnest hope and fervent desire that we may continue to be such friends in the Dhamma as we have always been in the past; and that we may be able to co-operate in the future in both secular and spiritual affairs even more than ever before.

ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘူးက ဗုဒ္ဓ ရုပ်ပါးတော်၏ ရှေ့မှောက်၌ ပန်းမျှား ဆက်ကပ်ခြင်း၊ အုန်းဆီမီးနှင့် အမွှေးတိုင်မျှား ထွန်းညှိခြင်းတို့ဖြင့် မြတ်စွာဘုရားအား ပူဇော်နေပုံ။

His Excellency *Agga Mahā Thiri Thudhamma* Dr. Ba U, President of the Union of Burma, paying homage to the Buddha by offering flowers, lighting a lamp and burning incense in front of the Buddha Image.

သန္ဓေသကထာ

လက်ဦးမဆုံ တပည့်တော် လျှောက်ထားလိုသည်မှာ တပည့်တော်သည် ဤဆင္ဆသံဂါယနာ သိရီလင်္ကာသန့်ပါတဖွင့်ပွဲသို့ သီဟိုဠ်နိုင်ငံ ဝန်ကြီးချုပ်၏ ကိုယ်စား မြန်မာပြည်သို့ လာ၍ ယနေ့တက်ရောက်ခွင့်ရသဖြင့် မျှားစွာ ဝမ်းမြောက်လှပါကြောင်း။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀-မှ စ၍ မဟာသံဃာဂိုဏ်းကြီးသည် ထေရဝါဒ ဗုဒ္ဓအယူဝါဒကို ပကတိအတိုင်း မတိမ်းစောင်းဘဲ စင်ကြယ်စွာ တည်တန့်နေရန် မည်ကဲ့သို့ လုံ့လဥဿဟပြု၍ ထိန်းသိမ်း စောင့်ရှောက် ခဲ့ကြရသည်ကို ပြန်ပြောင်း၍ ပြောရလျှင် အလွန်ရှည်လျားမည် ဖြစ်ပါသည်။ အသျှင်မဟာကဿပ လက်ထက်တော်မှစ၍ တင်ထားတော်မူခဲ့သော သံဂါယနာ ငါးတန်တို့သည် သဗ္ဗညုတ ရှင်တော်ဘုရား၏ ဓမ္မစက်ကို အနှစ် ၂၅၀၀-တို့ပတ်လုံး စင်ကြယ်စွာ တည်တန့်ရန် ထိန်းသိမ်းစောင့်ရှောက်ရာ၌ မျှားစွာ အထောက်အပံ့ ဖြစ်စေခဲ့ပါသည်။ ဝိတန္တဝါဒီတို့က မည်သို့ပင် မိမိတို့၏ ဝါဒဖြင့် ထေရဝါဒီတို့အား နှိပ်စက်ကလူ ပြုသော်လည်း မြတ်စွာဘုရား၏ သားတော်ဖြစ်သော မဟာထေရ်ကြီးတို့သည် မည်ကဲ့သို့ ခုခံ စောင့်ရှောက်ခဲ့ကြောင်းကို ကထာဝတ္ထုပါဠိတော်၌ ထင်ရှားရှိပါသည်။ မည်သို့ပင် ဖြစ်စေကာမူ ဒုတိယသံဂါယနာတင်သော အချိန်ကာလမှစ၍ ထေရဝါဒနှင့် မဟာသံဃိက ဟူ၍ ဂိုဏ်းကြီး ၂-ဂိုဏ်း ကွဲထွက်လာ၍ ယနေ့တိုင် တည်ရှိနေကြကြောင်း ထင်ရှားပါသည်။

ထေရဝါဒ ဗုဒ္ဓတရားတော်ကို စင်ကြယ်အောင် စောင့်ရှောက်ခဲ့ကြသည် ဟု အသိအမှတ် ပြုကြသော တပည့်တော်တို့ ၂-နိုင်ငံ၏ ချစ်ကြည်ရေး ပေါင်းသင်းဆက်ဆံရေးသည် ဗုဒ္ဓဂျင်တော်မြတ်၏ သာသနာကို နောက်ထပ်၍ အနှစ် ၂၅၀-ကာလ ပတ်လုံး တည်တန့် ခိုင်မြဲအောင် စွမ်းဆောင်ရာ၌ မျှားစွာ အထောက်အပံ့ရပါစေလိမ့်မည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ခေါင်းဆောင်သော နိုင်ငံတော် အစိုးရက သိန်းပေါင်း မျှားစွာ အကုန်ခံ၍ ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတော် ဂုဏ်သရေကို မျှားစွာ တိုးတက်စေပါကြောင်း။

မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် သဒ္ဓါတရား ထက်သန်သည့် အရာ၌ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင် အပေါင်းတို့တွင် ရှေ့တန်းကနေသည့် အတွက် မြန်မာတမျိုးလုံး ဂုဏ်ယူထိုက်ပါကြောင်း၊ ဤမြန်မာတို့ ရှေးအခါက တပည့်တော်တို့၏ သာသနာ၀င်အရ သုဝဏ္ဏဘူမိ ဟု ခေါ်တွင်ခဲ့၍ သောဏနှင့် ဥတ္တရမထေရ် ၂-ပါးတို့က သာသနာ စတင်ပြုစုခဲ့ကြောင်း ပါရှိပါသည်။ သာသနာ၀င် တလျှောက်လုံးကို ကြည်ရွှပါလျှင် ဥပသမ္ပဒါ ပြုလုပ်သည့် အရေးတွင် တတိုင်းပြည်တွင် လိုအပ်က တတိုင်းပြည်က ကူညီဆောင်ရွက်ခဲ့၍ ယခုတိုင် ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံခဲ့ပါကြောင်း၊ ဤသို့ သမဂ္ဂသမောဒါန ဖြစ်ခြင်းသည် နောင်တွင်လည်း အကျိုးမဖျက် ခိုင်မြဲလိမ့်မည် ဟု ယူဆပါကြောင်း။ သီဟိုဠ်နိုင်ငံမှ ရဟန်းတော်တို့သည် ဤဆင္ဆသံဂါယနာ လက်သည်ပြုပါတတွင် ပါ၀င်ဆင်နွှဲခဲ့ရသည့် အတွက် သီဟိုဠ် နိုင်ငံသားတို့က ဂုဏ်ယူ မိပါကြောင်း။

ယခု အခါတွင် သီဟိုဠ်နိုင်ငံ၌ အစိုးရအပြောင်းအလဲ ပြုလုပ်နေသည်သာမက ဗုဒ္ဓဇယန္တီ ပွဲတော် ကျင်းပရေး အတွက်လည်း အားကျိုး မာန်တက် ဆောင်ရွက်နေရကြောင်း သို့ အစိုးရအပြောင်းအလဲပြုလုပ်နေဆဲဖြစ်၍ တပည့်တော် ယခုလို ဤ၀မ္မသာဘင်ကြီး၌ ပါ၀င်ဆင်နွှဲရပါကြောင်း။

ယခင် သီဟိုဠ်အစိုးရလက်ထက်က ပြည်ထဲရေး ဝန်ကြီးလုပ်ခဲ့သော မစ္စတာအေရတ်နယာကေသည် ဤဆင္ဆသံဂါယနာနှင့် ပတ်သက်၍ သီဟိုဠ်ကျွန်းရှိ လုပ်ငန်းဆောင်တာ အရပ်ရပ်ကို ကိုယ်တိ ရင်တိ စိမ်းဆောင်ရွက်ခဲ့သည်ကို သီးခြားဖော်ပြရန် လိုအပ်သည် ဟု ယူဆမိပါသည်။ ကျွန်ရစ်နေသော လုပ်ငန်းဆောင်တာများမှာ တပည့်တော်၏ အပေါ်တွင် တာ၀နှ်ကျရောက်ပါ၍ တပည့်တော်က တတ်အားသ၍ အဖက်ဖက်မှ ဆောင်ရွက်ပါမည် ဟု ဝန်ခံကတိပြုပါကြောင်း။

တကြောင်းလည်း တသက်တွင် တပည့်တော် မကြုံဘူးသော သာသနာ့ ကိစ္စမှာ တပည့်တော် သီဟိုဠ် နိုင်ငံသို့ အပြန်တွင် တတိယ သံဂါယနာ မဟာသံဃ နာ၀ယက ဖြစ်တော်မူသော အရှင် မောဂ္ဂလိပုတ္တတိဿမထေရ်၏ ဓာတ်တော်များကို ပြန်လည် ပင့်ဆောင်သွားရခြင်းပင် ဖြစ်ပါသည်။ ၎င်းဓာတ်တော်များကို ပင့်ဆောင်၍ ,ကန္ဒီမြို့ရှိ စွယ်တော်မြတ်အနီးတွင် ကိမ်းဝတ်စေမည် ဖြစ်ပါကြောင်း၊ ဤသို့ ဓာတ်တော်များကို သီဟိုဠ်နိုင်ငံ သို့ ပင့်ဆောင်သွားရသည်ရှိသော် လူအများက သဒ္ဓါတရား ထက်သန်စွာ ကြည်ညိုကြ၍ သီဟိုဠ် နိုင်ငံသည်လည်း ရေးကထက် ပိုမိုရှိ၍ သာယာ ဝပြောလျက် ငြိမ်းချမ်းပေလိမ့်မည်ဟု တပည့်တော် ယူဆမိပါကြောင်း။

Speech by Hon. Jayaweera Kuruppu, Minister of Local Government and Cultural Affairs, Ceylon, at opening of Sri Lankā Sannipāta of the Chaṭṭha Sangāyanā at the Great Sacred Cave at Rangoon on 23rd April 1956.

First and foremost I would like to mention how happy I am today to be present here in Burma to represent the Honourable the Prime Minister of Ceylon at this Ceylon Session of the Chaṭṭha Sangāyanā (Sixth Buddhist Council).

The annals that go to narrate the efforts put forth by the Mahā Sangha during the past 25 centuries for the preservation of Theravāda Buddhism in its pristine purity are very long. The five Buddhist Councils held from the time of Arahat Mahā Kassapa up to the present date were in every way conducive to the preservation of the Doctrine of the Omniscient Buddha during the past 2,500 years. An enlightening example of the efforts put forth by the noble disciples of the Omniscient Buddha to prevent the sublime Doctrine from being contaminated and thereby being sullied by extraneous Vithandavadin doctrines is the Kathāvatthuppakāraṇa. However, it is a significant fact that the division of the community of monks into the Theravāda and the Mahā Sanghika factions during the time of the 2nd Buddhist Council continues even up to the present day.

The goodwill and friendship that exist today between our two countries which are hailed as the greatest custodians of the pure Theravāda Doctrine will be a great asset towards the preservation of this very Doctrine during the 2,500 years that are yet to come. The expenditure amounting to lakhs incurred by the Government of Burma headed by the Honourable the Prime Minister speaks volumes for the prestige of your country.

It is a cause for great national pride that the Burmese people are so devoted to their faith that they are in a position to be ranked among the foremost of devout Buddhists in the world. This land of yours which is referred to in our Chronicles as Suvaṇṇabhūmi carries with it the noble traditions established by the elders Soṇa and Uttara who visited your country. As a result of the mutual help rendered by our two countries to each other

for the reinstatement of the Higher Ordination whenever it became necessary, in either country, a firm foundation has been established whereon our mutual friendships could be cemented. This friendship of ours will continue unbroken in the future as well.

It is a cause for great pride to us Ceylonese that the Sangha from our own country has participated in this Lankā Session of the Chaṭṭha Sangāyanā.

This moment when a change of Government has taken place in my country is also the period when the hopes and aspirations of the people of my country regarding the Buddha Jayanti are coming to their culmination. Further it is as a result of this change of Government that I have got the opportunity of participating in this great ceremony.

I consider it imperative that I should make special mention of the services rendered by the Honourable A. Ratnayake, the former Minister of Home Affairs, who devotedly did everything within his sphere on behalf of Ceylon towards their own contribution to this Chaṭṭha Sangāyanā. All that that has yet to be done in future has now come upon me and I am glad to vouch that I shall put forth every effort to see that these activities are perfected in the best way possible.

At the same time I consider it a great privilege that has dawned upon me during this lifetime that I am delegated to carry the sacred relics of Arahat Moggalliputta Tissa Mahā Thera, who functioned as the Chairman of the Third Buddhist Council. These sacred relics will be lodged in the sacred Temple of the Tooth in Kandy in my country. It is my conviction that these relics while being greatly honoured and respected by the people of my country will also be conducive to the ushering in of an era of peace and prosperity to my country.

သီဟိုဠ်နိုင်ငံသေ့ဆရာအုပ်ချုပ်ရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဇယဝီရကုရုပ္ပုက သီဟိုဠ်ဘာသာ ဖြင့်ၦာင်း၊ ပါဠိဘာသာဖြင့်ၦာင်း၊ မဂ်လာစကား မြွက်ကြား၍ ဆဋ္ဌသံဂါယနာ သီရီလင်္ကာ (သီဟိုဠ်) ဓမ္မသဘင်ကို ဖွင့်လှစ်ကြောင်း လျှောက်ထားနေပုံ။

His Excellency Hon'ble Jayaweera Kuruppu, Minister for Local Government and Cultural Affairs, Ceylon, delivering an Opening Address.

ဆဋ္ဌသံဂါယနာ သိရီလင်္ကာသန္နိပါတဖွင့်ပွဲ၌

မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ လျှောက်ထားချက်

သီဟိုဠ် သံဃမဟာနာယက ဆရာတော်ဘုရား ကြီးနှင့်တကွ သံဂီတိကာရက သံဃာတော် အရှင် သူမြတ်တို့ဘုရား။

လူဘဝသက်တန်းနှင့် ရေတွက်၍ ကြည့်ပါလျှင် နှစ်ဘဝ- သုံးဘဝ အတွင်း တကြိမ်လောက်ပင် မပြုလုပ်နိုင်ခဲ့သော သံဂါယနာတင် ကိစ္စကြီးမျိုးကို ဘဝပါရမီ အခြေခံ ကောင်းလှသော ထေရဝါဒ ငါးနိုင်ငံရှိ ရှင် လူ အပေါင်းတို့ ယှဉ်တွဲကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ဆဋ္ဌသံဂါယနာ မဟာမမ္မသဘင်ကြီးကို ကျင်းပနိုင်ခဲ့ကြရခြင်း ဖြစ်ပါသည် ဘုရား။

(၁) မြတ်စွာဘုရား ဟောကြားတော် မူအပ်သော နိကာယ် ငါးရပ်ကို အထပ်ထပ် အဆင့်ဆင့် ရေးကူးကြဆဲ၌ သတိချွတ်ယွင်း ရေးမှားမိခြင်းဟု ဆိုအပ်သော ပမာဒလေခ (ပါဠိပျက်) များကို အထူးသန့်ရှင်းစင်ကြယ်စေရန်။

(၂) ထို စင်ကြယ်သော ပိဋကတော်များကို စက်တင်ပုံနှိပ်ပြီးလျှင် ဆဋ္ဌသံဂါယနာတင်၍ ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့စေခြင်းအားဖြင့် အခွန်ရှည်စွာ တည်စေရန်။

(၃) သီဟိုဠ် ယိုးဒယား ကမ္ဘောဇ လောနှင့် မြန်မာနိုင်ငံတော် များသည် သာသနာတော်ကို စုပေါင်း အားပေး ချီးမြှောက်ရန်။

ဟူသော ရည်ရွယ်ချက်ကြီး သုံးရပ်တို့ဖြင့် သာသနာတော် သကရာဇ် ၂၅၀၀-မပြည့်မီ လုန်ခဲ့သော နှစ်ခန့်က ကြိုတင်၍ ဆဋ္ဌသံဂါယနာ တင်ခဲ့ကြရာ ယခုအခါ နောက်ဆုံး သန္နိပါတ ဖြစ်သော ပဌမသန္နိပါတ ကျင်းပနိုင်သည့် အထိ အောင်မြင်ခဲ့ပါပြီ ဘုရား။

ဤကဲ့သို့ အောင်မြင်နိုင်ခဲ့ရသော အကြောင်းရင်းများကို ပြန်လည် ဆင်ခြင်ပါက ဇေတဝါဒ ငါးနိုင်ငံနှင့်တကွ ဗုဒ္ဓဘာသာလောက တခုလုံး၏ ကြိုးပမ်း အားထုတ်ခဲ့ပုံများကို သတိရမိပါသည်ဘုရား။

အထူးသဖြင့် ရှေးပုဂ်ခေတ်က စ၍ ယနေ့တိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဘာသာရေးအားဖြင့်ရင်း၊ ယဉ်ကျေးမှုအားဖြင့်ရင်း၊ တနိုင်ငံနှင့် တနိုင်ငံ ဆက်သွယ် လဲလှယ်ကာ အတုန့်အလှည့် ကျေးဇူးပြုလျက်ရှိကြသော သီဟိုဠ်နိုင်ငံမှ သံဃာတော် အရှင်မြတ်များ၏ ဓမ္မာနုဂ္ဂဟကြောင့်ရင်း၊ သီဟိုဠ်နိုင်ငံတော် အစိုးရနှင့် တိုင်းသူပြည်သားတို့၏ ပစ္စယာနုဂ္ဂဟများကြောင့်ရင်း၊ ဤမျှလောက် အောင်မြင်နိုင်ခဲ့ရပါကြောင်းကိုထုတ်ဖော်လျှောက်ထားလိုပါသည် ဘုရား။

ထေရဝါဒ နိုင်ငံအားလုံးရှိ ပုဂ္ဂိုလ်အပေါင်းတို့၏ ဆန္ဒအရ ဆဋ္ဌသံဂါယနာ ကိစ္စကြီး၌ ထိုမျှလောက် ကျေးဇူးပြုခဲ့သော သီဟိုဠ်နိုင်ငံတော်ကို ဂုဏ်ပြုသော အားဖြင့် ယခုကျင်းပသည့် သန္နိပါတကို သိရီလင်္ကာသန္နိပါတ ဟု ခေါ်တွင်စေခြင်း ဖြစ်ပါသည် ဘုရား။

ထို့ပြင် ထေရဝါဒ နိုင်ငံအားလုံးနှင့် ဗုဒ္ဓဘာသာ သံဃလောက၏ ကိုယ်စားလှယ်များဖြစ်ကြသည်ယနေ့ ဤမ်ဟာပါသာဏဟာ လိုဏ်ဂုတော်ကြီး အတွင်း၌ ကြွရောက် စုဝေးတော် မူကြကုန်သော သံဂီတိကာရက အရှင်မြတ် အပေါင်းတို့၏ ဆန္ဒအတိုင်း သီဟိုဠ်နိုင်ငံတော် သျှာမနိကာယ ဂိုဏ်း ချုပ် ဆရာတော် ဘုရားကြီးအား ဆဋ္ဌသံဂီတိ သိရီလင်္ကာသန္နိပါတ သံဃမဟာနာယက အဖြစ် တင်မြှောက်တော်မူခဲ့ကြပါပြီဘုရား။

သံဃနာယက ဆရာတော်ဘုရားကြီး၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကြောင့် ဤသိရီလင်္ကာသန္နိပါတမှာလည်း မုချ ချောမောစွာ အောင်မြင်ရမည် ဟု ယုံကြည်ပါသည်ဘုရား။

သီဟိုဠ်နိုင်ငံတော် အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုနှင်ကြီးက ဤသိရီလင်္ကာသန္နိပါတကို ကြွရောက် ဖွင့်လှစ်ခြင်းသည်လည်း မြန်မာနိုင်ငံတော် သံဃာအစုံရနှင့် တိုင်းသူ ပြည်သားတို့၏ လိုလားတောင့်တချက်ကို ပြည့်ဝစေရာ ရောက်ပါသည်။

ဤသိရီလင်္ကာသန္နိပါတ ဖွင့်လှစ်သည့် အချိန်မှစ၍ သီဟိုဠ် မြန်မာတို့၏ ချစ်ကြည်ရေးသည်လည်း ရေးကထက် ဆထက်ထမ်းပိုး တိုးတက်ရမည် ဟု မြော်လင့် ယုံကြည်ပါသည်။

ဤ ဆဋ္ဌသံဂါယနာ မဟာမမ္မသဘင်ကြီးကို နောက်ဆုံး သန္နိပါတ ဖြစ်သော ပဌမသန္နိပါတ အထိ အောင်မြင်စွာ ကျင်းပနိုင်သကဲ့သို့ ဤဆဋ္ဌသံဂါယနာ ကုသိုလ်ကြီးကို ပါဝင်ဆောင်ရွက်ခဲ့ကြသော သူတော်ကောင်းတို့အား မျက်မှောက် ချမ်းသာနှင့်တကွ ချမ်းသာတကာတို့ထက် အထွဋ်အမြတ် ဖြစ်သော နိဗ္ဗာန် ချမ်းသာအထိ ရရှိနိုင်ကြလိမ့်မည် ဟု တပည့်တော် လေးလေးနက်နက် ယုံကြည်ပါကြောင်းကို ရှိသေစွာ လျှောက်ထားပါသည် အရှင်သူမြတ်တို့ဘုရား။

AN ADDRESS OF VENERATION

By the Hon'ble U Nu, Prime Minister of the Union of Burma, at the Opening of the Sri Lankā Sannipāta (Ceylon Session) of the Chaṭṭha Sangāyanā at the Mahā Pāsāṇa Guhā (The Great Sacred Cave) on 23rd April 2499 B.E. (1956 C.E.)

To the Presiding Sangha Mahānāyaka, Mahāthera and the Sangīti-kāraka Bhikkhus.

MOST RESPECTFULLY, BHANTE,

The Bhikkhu Sangha and the people of all the Theravādin countries who have been endowed with good Pāramitās were able to hold most successfully the Chaṭṭha Sangāyanā (The Sixth Great Buddhist Council), a Council of a type which cannot be held once in two or three lifetimes.

In 2498 B.E., *i.e.* two years before the 2500th Anniversary of the Buddha's Mahāparinibbāna, the Proceedings of the First Session of the Chaṭṭha Sangāyanā commenced and by now, we have been able to hold the Fifth and the Final Session of the Chaṭṭha Sangāyanā successfully. The reasons for which the Chaṭṭha Sangāyanā has been held are :—

(1) To revise the mis-spellings that have crept into the printed Piṭaka books in repeatedly copying the Text ;

(2) To print these revised Texts and distribute them all over the world, so that the Buddha's Sāsana may endure for long ;

(3) To allow the people of Ceylon, Thailand, Cambodia, Laos and Burma to honour the Buddha's Sāsana unitedly.

Bhante, when I reflect over the causes of this ultimate success in holding the Chaṭṭha Sangāyanā, I realise that it is due to the united efforts of the five Theravādin countries and the whole Buddhist World.

Bhante, I should like to specially mention that the success could not have been so great but for the Dhamma support by the Bhikkhu Sangha of Ceylon and material support of the Government and the people of Ceylon, whose religious and cultural relations with Burma may be traced back to the time of the reign of the Rulers of Pagan.

Bhante, according to the ardent wishes of all Theravādin countries, and in honour of the Country of Ceylon which had rendered invaluable help in the holding of the Chaṭṭha Sangāyanā, the final and Fifth Session will be known as Sri Lankā Sannipāta (Ceylon Session).

Bhante, I firmly believe that, by virtue of the Presiding Mahāthera's qualities in respect of Sīla, Samādhi and Paññā, this Sri Lankā Session must come to a successful conclusion.

By the opening of the Sri Lankā Session of the Sixth Great Buddhist Council by the Hon'ble Minister for Religious and Cultural Affairs of Ceylon, the long cherished wishes of the people of the Union of Burma have been fulfilled.

Bhante, in conclusion, I most respectfully declare that just as we are able to bring this Ceylon Session of the Chaṭṭha Sangāyanā to a successful conclusion by strenuous effort in Sīla, Samādhi, and Paññā, so all who have participated in the preparations for and the actual holding of the Chaṭṭha Sangāyanā will be able to enjoy happiness in this world and by the Merit acquired and by the exercise of this same energy also enjoy Nibbāna—the Highest Good of all.

ဗဟုမသန္ဓိပါတမှင့်ပွဲ၌ မိန်ကြားအပ်သော သီဟိုဠ်ကျွန်း သျှောပေါလိ မဟာနိကာယ၏ မဟာနာယက
ဘဒ္ဒန္တ ဝေလိဝိဒူဝပဂိတ္တိသိရိ အသရဏသရဏ သိရိသရဏကရ

ဆဋ္ဌသံဂီတိသံဃမဟာနာယကအား၏ သဘာဝတိဗိန္ဒုဗျိုး

အရှင်ကောင်း အရှင်မြတ်တို့၊ သဒ္ဓါ ပညာ နှင့် ပြည့်စုံသော သမ္မတမင်း၊ ဝန်ကြီးချုပ် အမှူးရှိသော ဗုဒ္ဓဘာသာဝင် သူတော်စဉ် အပေါင်းတို့။

ဤဗုဒ္ဓသာသနာ (၂၅၀၀)ပြည့် မဂ်လာ အခါတော်သည်ထင်း၊ ဆဋ္ဌသံဂါယနာတင် အခါတော်သည်ထင်း အလွန်မြင့်မြတ်၍ အခါခပ်သိမ်း အောက်မေ့အပ်သော အချိန်အခါပေတည်း။ ရှေးလွန်လေပြီးသောအခါ ဘုရားသာသနာ အဆက်အနွယ်၌ သံဂါယနာ ငါးတန်တို့သည် ဖြစ်ကြကုန်ပြီ၊ အဆိုပါ သံဂါယနာ ငါးတန်တို့ကား ဇမ္ဗူဒီပကျွန်း ရဟန္တာ အာရှင်မြတ်တို့ ကျင်းတော်မူအပ်ကုန်သောရဟန္တာ ငါးရာ ပါဝင်သော ပဋ္ဌသတိက သံဂါယနာ၊ ရဟန္တာ ခုနစ်ရာ ပါဝင်သော သတ္တသတိက သံဂါယနာ၊ ရဟန္တာ တထောင် ပါဝင်သော သာဟဿိက သံဂါယနာ တည်းဟူသော သံဂါယနာသုံးတန်၊ သီဟိုဠ်ကျွန်း ဝဋ္ဌဂါမဏိ အဘယမင်းလက်ထက် ထိုစဉ်အခါ၌ ရဟန္တာအာရှင်မြတ်တို့ ပိဋကတ် သုံးပုံကို ပေထက်အက္ခရာတင်သည်၏ အစွမ်းဖြင့် ဖြစ်စေအပ်သော စတုတ္ထသံဂါယနာ၊ မြန်မာနိုင်ငံတော်မင်းတုန်းမင်းတရားကြီးလက်ထက် ထိုစဉ်အခါ၌ မြန်မာမဟာထေရ်မြတ်တို့သည် ကျင်းပအပ်သော ပဋ္ဌမသံဂါယနာတို့ ဖြစ်ပါသည်။ ထို့ကြောင့် ဤသံဂါယနာကို "ဆဋ္ဌသံဂါယနာ" ဟု ဆိုအပ်သတည်း။

ထို မဟာသံဂါယနာ အပေါင်းတို့တွင် ယခု ကျင်းပဆဲ ဆဋ္ဌသံဂါယနာသည် အံ့သြဘွယ် မဖြစ်ဘူးမဲ့ဖြစ်သော သံဂါယနာပေတည်း။ အဘယ့်ကြောင့်ဆိုသော် ရှေးအခါ၌ ကျင်းပအပ်ကုန်သော သံဂါယနာ ငါးတန်တို့သည် ထိုထိုနိုင်ငံတို့ အဘိုသာ သတ်မှတ်ပိုင်းခြားအပ်ကုန်သည်ဖြစ်၍ ဘုရင်မင်းမြတ်တို့၏သာလျှင် အထောက်အပံ့ကို ရရှိကြကုန်၏။ ဤဆဋ္ဌသံဂါယနာသည်ကား ကမ္ဘာတခုလုံး ပြန့်နှံ့ခြင်းနှင့် ပြည့်စုံ၏။ ဘုရင်ကင်းမဲ့သော လူထု အပေါင်းသည် စိရင်အပ်၏။ အလွန်မဝေးလှသော အချိန်အခါတွင် အနောက်နိုင်ငံသား မိစ္ဆာဒိဋ္ဌိ အယူရှိ သူတို့သည် အရှေ့နိုင်ငံသားတို့၏ ဥစ္စာနှစ်ကို ၎င်း ဂုဏ်ကျေးဇူး အနှစ်ကို၎င်း ဖျက်ဆီး၍ ဘုရားသာသနာတော်ကို ဆုတ်ယုတ်သော အခြေအနေသို့ ရောက်စေကုန်ပြီ၊ ဤသို့ ဆုတ်ယုတ်နေသော အခါ၌ ဘုရင်မင်းမြတ်တို့၏ မြှောက်စားမှုမရှိဘဲ လျက် ဤကဲ့သို့ ကြီးလေးသော အကြောင်းအရာတို့ကို စိတ်ကူးခြင်းမျှသည်ပင် အလွန်ခဲယဉ်းလေ၏။ ကုဋေမကသော ဥစ္စာတို့ကို စွန့်ကြဲခြင်းဖြင့် ထိုအကြံအစည်ကို အကောင်အထည်ဖော်ရန်ကား အဘယ်ဆိုဘွယ် ရှိပါတော့အံ့နည်း၊ ဤသို့လျှင် ဤ ဆဋ္ဌသံဂါယနာသည် ယောကျ်ားမြတ်တို့သာ လျှင် အရင်းမူလရှိ၏၊ ယောကျ်ားမြတ်တို့မှ ဖြစ်ပေါ်လာ၏၊ ဝီရိယ ပါရမီဖြင့် ထောက်ပံ့အပ်၏၊ ထို့ကြောင့် ထိုဆဋ္ဌသံဂါယနာကို ဖြစ်စေကုန်သော ထိုဆဋ္ဌသံဂါဗနာကို ကျေးဇူးပြုကုန်သော လူ ရှင် ရဟန်းတို့သည် ဘုရားလောင်းများ၏ ဂုဏ်ကျေးဇူး တည်းဟူသော အဆင်တန်းဆာတို့ဖြင့် ဆင်ယင် ထားသူများ ဖြစ်ကြပါသည် ဟု ယူဆပါ၏။

ဤဆဋ္ဌသံဂါယနာပွဲကြီး၏ အကြီးအကဲ ဖြစ်ကြသော မဟာထေရ်မြတ်များနှင့် မြန်မာနိုင်ငံတော် သမ္မတမင်း ဝန်ကြီးချုပ် ဦးနု အမှူးရှိသော အစိုးရ မင်း တည်းဟူသော အားလုံးသော လူရှင် ရဟန်း နှစ်ဦး နှစ်ဘက်တို့သည် ပူဇော်ထိုက်ကုန်၏။ အသိဉာဏ် ပညာနှင့် ပြည့်ဗဲကြကုန်၏၊ လူရော နတ်ပါ ချိုးမမ်းထိုက်ကုန်၏။ သီဟိုဠ် ယိုးဒယား ကမ္မောဇ စသော နိုင်ငံသားတို့သည်လည်း အကူအညီ ဖြစ်ကြကုန်၏။

ဤဆဋ္ဌသံဂါယနာပွဲကြီး၏ နောက်ဆုံးအကြိမ်ကို သိရိလင်္ကာ သန့်ပါတ အမည်ဖြင့် သီဟိုဠ်ကျွန်းသား ရဟန်းတို့၏ အကြီးအကဲ အဖြစ်ဖြင့် ဆင်ယင်ကျင်းပအပ်၏၊ ထို့ကြောင့် အားလုံးသော သီဟိုဠ်ကျွန်းသားတို့၏ ဆမ္ဘန်တောင်းခြင်း ရှေးရှိသော လိုက်လဲစ္စာ ချီးကျူးခြင်းကို မြှက်ကြားလျက် "နိဗ္ဗာနပစ္စယော ဟောတု" ဟု ကျွန်ုပ်မြှောကြားပါ၏။

ဆဋ္ဌသံဂါယနာ နောက်ဆုံးအကြိမ်တွင် ဤ မဟာထေရ်ကြီးနေရာကို ကျွန်ုပ်အား ကောင်းစွာ အပ်နှင်းခဲ့ပါပြီ၊ ထိုသို့ အပ်နှင်းခြင်းကို သက်တော်ထင်ရှား ရှိသော မြတ်စွာဘုရားနှင့် တူသော ကြက်သရေရှိသော စွယ်တော်ဓာတ်မြတ်ကို စောင့်ရှောက်သော အနေအားဖြင့်ထင်း၊ ထိုနှင့်ပတ်သက်သော မဟာဝိဟာရ အနွယ်ဝင် "သျှောမောပါလိ" ဂိုဏ်းကြီး၌ မဟာနာယကမထေရ် အနေအားဖြင့် အပ်နှင်းသည် ဟူ၍ ကျွန်ုပ် မယူဆပါ၊ စင်စစ်သော်ကား သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံသားတို့သည် ပိဋကတ်သုံးပုံ ဘုရားစကားတော် ကျမ်းစာများကို ရှေးဦးစွာ ရရှိခဲ့သည်အတွက် ထိုသီဟိုဠ်ကျွန်းအား မိမိတို့၏ ကတညုတကတဝေဒိတာ ဂုဏ်ကို ထုတ်

ဆဋ္ဌသံဂီတိသံဃမဟာနာယက အရှင်
ဝေလိဝိဋ္ဌ ဓမ္မကိတ္တိအသရဏ သရဏသိရိ
သရဏင်္ကရ မဟာထေရ်၏ မိန့်ခွန်းစကား
ကို သိယာမမဟာနိကာယ၏ အတွင်းရေး
မှူး ဘဒန္တယတိဂမ္မနသိရိမေဓင်္ကရဝိမလ
ဉာဏ မဟာ နာယက မထေရ်က ဘတ်
ကြားနေပုံ။

The Venerable Yatigammana Sri Medhankara Wimalañāna Nāyaka Thero, Secretary of the Malwatte Chapter of the Siyam Mahānikāya, Ceylon, reading the Presidential address for His Holiness the Most Venerable Weliwita Dharmakirti Asarana Sarana Sri Saranankara, Mahānāyaka Thero of the Malwatte Chapter of the Siyam Mahānikāya, Ceylon.



ဖော် ပြောကြားသောအားဖြင့် အသင်တို့ အပ်နှင်းသည် ဟု ကျွန်ုပ် ယူဆပါ၏။

အရှင်သူတော်ကောင်း အပေါင်းတို့သည် ပိဋ္ဌကတ် သုံးပုံကို သင်သင်ခြင်းဖြင့် ပရိယတ္တိသာသနာတော်၏ ကြီးပွါးခြင်းကို ပြုကြကုန်ပြီ၊ ကမ္ဘာ လောကကြီး တရမ်းလုံးရှိ ဗုဒ္ဓဘာသာဝင်တို့သည် အညီအညွတ် ပမ်းမြောက်ဝမ်းသာ ကြီးစွာသော လုံ့လဖြင့် သာသနာ (၂၅၀၀)ပြည့် ဗုဒ္ဓမင်္ဂလာပွဲကြီးကို လည်း ဆင်ယင်ကျင်းပကြပါလိမ့်မည်။

ဤမျှလောက်ဖြင့် တော်လောက်ပြီ ဟု ရောင့်ရဲကျေနပ်ခြင်းမရှိကြဘဲ မဆုတ်နစ်သော ကျင့်ဝတ်ကိုဖြည့်ကျင့်ကုန်လျက် ပဋ္ဌိယတ္တိသာသနာတော်ကြီးကိုစောင့်ရှောက်ခြင်း၌ကြီးပမ်းအားထုတ်ခြင်းကိုပြုကြပါကုန်အုံ၊ ဤမြေမိုဃယတည်းဟူသောသာသနာတော်ကြီးအနှစ်၈၊ထောင်ကာလပတ်လုံးကျောက်တိုင်ကြီးပမာတည်တန့်အောင်ကြိုးပမ်းကြကုန်အုံ။

သို့ရာတွင် ကမ္ဘာတဖန်ရှိလုံးကို သုံးသပ်ကြည့်ရှုလတ်သော် ကာမဂုဏ်ကို အကြောင်းခံ၍ ကာမဂုဏ်ကို အကြောင်းပြု၍ အချင်းချင်း ပဋ္ဌိပက္ခ ပြုကာ စစ်မက်ပြင်ဆင်ကြကုန်လျက်ရင်း၊ ကာမ ချမ်းသာ၌ ကပ်ငြိတွယ်တာမှုကို လုံးပန်းကြကုန်လျက်ရင်း နေကြကုန်၏ ဟူသော အကြောင်းသာ ထင်မြင်လာပါ၏။ သို့ပင်ဖြစ်စေကာမူ မဏ္ဍိမပဋ္ဌိပဒါသည်သာလျှင် ဘုရားသာသနာတော်ဟူ၍ နုလုံးမသွင်းကြကုန်၊ အဘယ့်ကြောင့်ဆိုသော် အရှေ့နိုင်ငံသားတို့သည် မဏ္ဍိမပဋ္ဌိပဒါကို လေသံမှမကြားဘူးကုန်သော အနောက်နိုင်ငံသားတို့၏ အနိုင်အထက် လွှမ်းမိုးဘိနိုပ်ခြင်းကို ခံခဲ့ရသော အခါနိမ့်စ၍ ဤသို့သော နုလုံးမသွင်းမှု ဖြစ်ရသည် ဟု တထစ်ချ ယူဆသင့်ပါသည်။

ယခုအခါ ကျွန်ုပ်တို့သည် ထိုအနောက်နိုင်ငံသား ထို၏ လွှမ်းမိုးအုပ်စိုးခြင်းမှ လွတ်မြောက်ခဲ့ကြပြီ၊ ထိုကြောင့် ထိုသူတို့၏ ဓမင်ကြယ်သော စရိုက်အဆန်းတို့ကို စွန့်ပယ်၍ အရှေ့နိုင်ငံသားတို့၏ ကိုယ်ပိုင်ဖြစ်သော ဓင်ကြယ် မြင့်မြတ်သော ဂုဏ်ကျေးဇူး အထူးတို့ကို တိုးပွါးစေသင့်ကုန်၏။ ကျွန်ုပ်တို့သည် ကြောင့်ကြမဲဖြစ်ပြီးလျှင် မြို့စင်သော တရားတို့၌ တယူသန် အချွတ်ခက် အစ္စဒုတိယ ကာလပတ်လုံး ပဋ္ဌိပတ္တိသာသနာတော်၌ တိုးတက်ကြီးပွါး စည်ကားပြန့်ပြောခြင်းသို့ ရောက်ကြလိမ့်မည်မဟုတ်ပါ။ ထိုကြောင့် ပဋ္ဌိပတ္တိသာသနာတော်၌ လုံ့လပြုကြပါစို့။

ပဌမ ပဋ္ဌိပဒါ၌ ညတ်ကိုင်းကြကုန်သော အရှေ့နိုင်ငံသားတို့သည် မိမိသန္တာန်၌ တွေ့ရှိသော ကျင့်ဝတ် ပဋ္ဌိပတ်၌ ဖြည့်ကျင့်ကြကုန်သည်ရှိသော် ထိုမဏ္ဍိမပဋ္ဌိပဒါသည် ကာမသုခလွှဲကာနုယောဂ၌ မက်မော တွေဝေ နေကြသော အနောက်နိုင်ငံသားတို့၏ အကျိုးအစီးအပွါး ထွန်းကားခမ်းသာရန် အလိုဂါပင် ဖြစ်နိုင်ပါ၏။ ပရမာဏုမြို့ပုံ၏ အစုင်းကို ပင် ဖြိုခွင်း ဖျက်ဆီးစေနိုင်ပါလိမ့်မည်။ စစ်ဘေးစစ်ဒဏ်ကို ကြောက်လန့်၍ ကိုယ်စိတ်ဆင်းရဲခြင်းသို့ ရောက်နေကြသော ကမ္ဘာသူ ကမ္ဘာသား အားလုံးတို့သည် လည်း ချမ်းချမ်းသာသာ အသက်ရှူနိုင်ကြပါလိမ့်မည်။

ဤသို့ ပဋ္ဌိပတ္တိ သာသနာတော်၏ ကြီးပွါးခြင်းကို အလိုရှိကြကုန်သော ကျွန်ုပ်တို့သည်မြန်မာ-သီဟိုဠ် နှစ်နိုင်ငံစလုံး၌ အားထုတ်လျက်ရှိသော ဝိဿပနာ အစီအရင်သည် တိုးတက် ကြီးပွါး စည်ကား ပြန့်ပြောခြင်းသို့ ရောက်၍ ပဋိဝေ၀ သာသနာတော်ကိုလည်း ကောင်းစွာစောင့်ရှောက် လုံခြုံစေ အပ်သည်ဟူသောဤအချက်ကိုလိုလားအပ်ပါသည်

ငင်းပြင် မြန်မာ သီဟိုဠ် ပေါင်းသင်းဆက်ဆံမှုသည်ငင်း၊ အချင်းချင်း အပြန်အလှန် ကူညီရိုင်းပင်းမှုသည်ငင်း ရေးအစဉ်အလာကပင် ဖြစ်ပါသည်၊ ယခုမှ ဖြစ်ပေါ် လာသည် မဟုတ်ပါ။ ထို့ကြောင့်ပင် ကျွန်ုပ်သည် အသက် (၈၇)နှစ် ရှိပြီဖြစ်၍ အားအင် နည်းပါးလှသော်လည်း သဒ္ဓါတရားဖြင့် လုံ့ဆော် တိုက်တွန်းအပ်သည်ဖြစ်၍ အသက်ကိုပင်

Presidential Speech delivered by His Holiness the Most Venerable Weliwita Dharmakirti Asarana Sarana Sri Saranankara, Mahānāyaka of Ceylon at the Opening Ceremony of the Sri Lankā Sannipāta (Ceylon Session) of the Chaṭṭha Sangāyanā.

VENERABLE MAHATHERAS AND THERAS, His EXCELLENCY THE PRESIDENT OF THE UNION OF BURMA AND THE LAY DEVOTEES HEADED BY THE PRIME MINISTER,

The auspicious time on which the 2500th anniversary of the Buddha's Sāsana falls and the time during which this Chaṭṭha Sangāyanā is held are extremely important and are worthy of contemplation by the people at all times. In the history of the Buddha's Sāsana, five Sangāyanās were held previously. The First Buddhist Council was convened by 500 Arahats ; the Second Buddhist Council was convened by 700 Arahats ; and the Third Buddhist Council was convened by 1,000 Arahats. All these three councils took place in India. During the reign of King Vaṭṭagāmaṇi of Ceylon, the venerable Mahātheras convened the Fourth Buddhist Council and caused the Texts to be written on palm leaves. During the reign of King Mindon in Burma, the venerable Mahātheras of that period convened the Fifth Buddhist Council. So, the present Sangāyanā becomes the Sixth of its kind.

The present Chaṭṭha Sangāyanā is a unique and an admirable one, because the five previous Sangāyanās were indigenous and supported by their respective rulers. But this Sixth Great Buddhist Council is international, and held with the co-operation and collaboration of people who are not under the monarchial system of government. Not up until recently our countries were not free, thus causing the decline of the Buddha's Sāsana. During those adverse periods it was very difficult even to dream of undertaking such a mighty task without the support of the king, and the existence of the Chaṭṭha Sangāyanā originated in virtuous persons endowed with good Pāramitās. I presume that all of those who participate in the holding of the Chaṭṭha Sangāyanā are endowed with the Pāramitās that are usually fulfilled by the embryo Buddhas (Bodhisattas).

The Mahātheras of the Sangha Supreme Council, the President of the Union of Burma, the Government headed by the Honourable Prime Minister U Nu, and all lay devotees are worthy of honour. They are endowed with wisdom and are worthy of admiration both by devas and men. The people of Ceylon, Thailand, Cambodia and Laos also came to their help.

This fifth and final Session of the Chaṭṭha Sangāyanā is to be convened under the Chairmanship of the Sangha Mahānāyaka of Ceylon and is to be known as the Sri Lankā Sannipāta (Ceylon Session). So, on behalf of the Sangha and the people of Ceylon, I declare that we are deeply moved and say : "*nibbāna paccayo hotu*" (May this merit of yours be a condition to your attaining Nibbāna).

I have now been entrusted with the onerous duty of the Chaṭṭha Sangīti Sangha Mahānāyaka (Chairman). However I do not consider that I have been entrusted with that duty either as the Mahānāyaka Thero of the Malwatte Chapter of the Siyam Mahānikāya of Ceylon, or the one whose onerous duty is to look after the Sacred Tooth of the Buddha, but I consider that you have done this honour to me as a token of your return of gratitude towards Ceylon from where the Tipiṭaka was first brought to Burma.

Your venerables have now caused the growth of the Pariyatti Sāsana (Learning of the Wording of the Doctrine) by revising

---

မင့်ကွက်ဘဲ ဤမြန်မာနိုင်ငံတော်သို့ ရောက်ရှိလာခဲ့ပါ၏။

ရှေးအခါက မြန်မာ သီဟိုဠ် နှစ်နိုင်ငံသားတို့သည် အချင်းချင်း အကျိုးစီးပွါးကို လုံလားကြသည်ထက် အနာဂတ်ကာလ၌ အလွန်အမင်း ထိုလားကြပါစေ ဟု ကျွန်ုပ်ဆုမွန်တောင်းပါ၏။ ဤကုသိုလ် ကောင်းမှုကြီးကြောင့် သံဂိတိကာဂရကရဟန်းသံဃာတော်များ၊ မြန်မာနိုင်ငံတော် အစိုးရ အဖွဲ့ဝင်များ ဗုဒ္ဓသာသနာ အဖွဲ့ဝင်များနှင့် သီဟိုဠ် အစိုးရနှင့် ပတ်သက်သော ဒါယကာ အဖွဲ့ဝင်များသည် နိဗ္ဗာန် ချမ်းသာကို ရပါစေသတည်း ဟု ကျွန်ုပ် ဆုမွန်ကောင်း တောင်းလိုက်ပါသတည်း။

the Texts. Buddhists all over the world will celebrate the 2500th anniversary of the Buddha's Sāsana very harmoniously and in co-operation.

We should not be satisfied with that only, and let us strive our best to foster the Paṭipatti Sāsana (Practising the Dhamma) with unswerving diligence ; and let us strive our best so that the Buddha's Sāsana may last for 5,000 years just as a rock pillar.

But when we survey the world situation of today, we find that rooted in the sensuous pleasures and dissatisfaction through these sensuous pleasures, nations are preparing for war. We of the East should cast aside all their impure characteristics and ideologies and should strive our best to improve ourselves by practising our own glorious possession—the Dhamma. So long as we are irresponsible and are swayed by delusion, the Paṭipatti Sāsana (the Practice of the Doctrine) will never thrive. So let us put our full force in practising the Doctrine.

When the Easterners who believe in the Majjhima-paṭipadā (the Noble Eightfold Path) and practise the same, their action will be conducive to the well-being of the Westerners. Our mental actions will even be able to resist the actions of hydrogen bombs, and will also ease the breathing of the world's populace who are threatened and terrorised with the dangers of war.

All of us who desire to see the progress of the Paṭipatti Sāsana earnestly wish one vital point, *i.e.* to preserve the Paṭipatti Sāsana through practising the Doctrine by means of the methods adopted by the Sangha of both Burma and Ceylon.

History tells us that there have been instances where Burma sought the assistance of Ceylon and *vice versa*. It is an old tradition and is not the outcome of the present day affairs. Although I am 87 years old and destitute of vigour, being prompted by my saddhā (faith), I have come over to Burma at the sacrifice of my life.

I earnestly wish that the mutual benefits of Ceylon and Burma may be increased more and more in the future. I also earnestly wish that by virtue of this kusala (wholesome volitional action), the Sangīti-kāraka Bhikkhus, the Government of the Union of Burma, the members of the Buddha Sāsana Council and the Dāyaka Sabhās connected with the Government of Ceylon may attain Nibbāna.

"သိရိလင်္ကာသန္နိပါတ အခမ်းအနားဖွင့်"

ဩဘာခန္ဓာ ထုတိဝေခဋ္ဌ ဂါထာများ

၁။ စက္ကဝတ္တိ ယထာ ရာဇာ,
အမစ္စပရိဝါရိတော၊
သမန္တာနုပရိယေတိ,
သာဂရန္တံ မဟီ ဣမံ။ ။

၂။ ဧवं ဝိဇိတသင်္ဂါမံ,
သတ္ထာပါဟံ အနုတ္တရံ၊
သာဝကာ ပယိရုပါသန္တိ,
တေဝိဇ္ဇာ မစ္စုဟာယိနော။ ။

စက္ကဝတ္တိရာဇာ၊ ရတနာ ၇-ပါးတို့၏ သခင်ဘုရင်တို့၏ အထွတ် စက္ကဝတ်သနင်း မင်းထက်မင်းသည်။ အမစ္စပရိဝါရိတော၊ လက်ရုံးရည်-နှလုံးရည် ဂုဏ်နှစ်မည်ဖြင့် ယုံကြည် အပ်နှင်းလောက်သည့် အမတ်မင်းအပေါင်း ခြံရံလျက်။ သာဂရန္တံ၊ သမုဒ္ဒရာ လေးစင်းလျင် အဆုံးရှိသော။ ဣမံ မဟီ၊ လေးကျွန်းတမြင်းမိုရ် ထိုထိုမြို့ပြ မျှားလှုပ်ခိုင်ဖြီး ဤမြေကြီးကို၊ သမန္တာ၊ ရှစ်မျက်နှာရပ်ခွင် ထက်ဝန်းကျင်မှ၊ အနုပရိယေတိ ယထာ၊ စကြာရွှေထား လှည့်လည်ကြွသွားလေသကဲ့သို့၊ ဧवं၊ ဤနည်း မခြား အလားတူစွာ၊ ဝိဇိတသင်္ဂါမံ၊ အောင်မြင် အပ်ပြီးသော-မာရ်မင်းစစ်ပွဲ ရှိတော်မူသော၊ သတ္ထာပါဟံ၊ လှည်းမှူးကြီးပမာ သတ္တဝါတို့ကို မှန်ရာ လမ်းအစဉ်သို့၊ ကယ်တင်တော်မူပေထသော။ အနုတ္တရံ၊ လောကတခွင် ဘုံအပြင်ဝယ် ပြိုင်ယှဉ်ဘက်ကင်း တရားစကြာမင်းကြီး ဖြစ်တော်မူသော မြတ်စွာဘုရားကို၊ တေဝိဇ္ဇာ၊ ပုဗ္ဗဒိ,အာ ဟု ဝိဇ္ဇာသုံးတန် အထက်ဥာဏ်နှင့် ပြည့်စုံတော်မူကြကုန်သော၊ မစ္စုဟာယိနော၊ အာဏာထန့်ပြင်း ရှင်သေမင်းကို ဖြိုခွင်းပယ်နှင်း အောင်ပွဲဝင် ဖြစ်တော်မူကုန်သော၊ သာဝကာ၊ တပည့်သားအပေါင်း သန်းပေါင်းများစွာတို့သည်၊ ပယိရုပါသန္တိ၊ ဦးဖြင့် ညွှတ်ကာ ဆည်းကပ်ခြံရံကြပါကုန်သတည်း။

ဘုရား တဆူ တဆူ ပွင့်တော်မူတော့မည် ဆိုလျှင် အနှစ်တထောင်က ကြိုတင်၍ လောကအတွင်း ပြိုင်ဘက်ကင်းသော တရားမင်းတဆူ ပွင့်တော်မူလတ္တံ့ ဟု လူတိုင်း နှတ်ဖျား စကားလိုင်းစီးလျက် ချီးကျူးတောင့်တ ကောလာဟလ ဖြစ်ပွါးကာ ဘုရား တဆူတဆူ ဥဒယ်တောင်စွန်း နေစက်နန်း ကဲ့သို့-ပွင့်ထွန်းတော်မူခဲ့လေသည်။ ဤနည်းနင်နှင်သာကိုင်မင်းတို့၏ စိတ်နှလုံးကို ရှင်ပြုံးနှစ်သက်စေတတ်သော မြတ်စွာဘုရားသည် ကြားကြားစွင့်စွင့် ငွေးငွေးတင့်၍ ပွင့်တော်မူလာသောအခါ ကဗျာပန္ဓာ ဘွဲ့စီရေးတွင် တေဒဂ်ဘွဲ့ထူးကို ပန်ဆင်တော်မူရသော အသျှင်ဝဂ်ဂီသမထေရ်မြတ်က ရှင်တော်မြတ်ဘုရားကို လောကစကြာမင်းနှင့် ရှိုင်းယှဉ်၍ အစဉ် မှတ်သားလောက်အောင် ကဗျာပန္ဓာ ဖွဲ့ဆိုချီးကျူးတော်မူခဲ့လေသည်။

ဤသို့လျှင် သဘာဝကျကျ ကဗျာပန္ဓာဖြင့် ဖွဲ့ဆိုချီးကျူးခဲ့သည့်အားလျော်စွာ လောကီစကြာမင်းသည် ရတနာ ၇-ပါးနှင့် ပြည့်စုံသကဲ့သို့ ကိုးဂုဏ်သခင် သမ္မာညဘုရားရှင်သည်လည်း (၁) သတိသမ္မောဇ္ဈင် ဟူသော စကြာရတနာ၊ (၂) ဓမ္မဝိစယသမ္မောဇ္ဈင် ဟူသော ဆင်ရတနာ၊ (၃) ဝီရိယသမ္မောဇ္ဈင် ဟူသော မြင်းရတနာ၊ (၄) ပီတိသမ္မောဇ္ဈင် ဟူသော ပတ္တမြားရတနာ၊(၅)ပဿဒ္ဓိသမ္မောဇ္ဈင် ဟူသော မိဖုရားရတနာ၊ (၆)သမာဓိသမ္မောဇ္ဈင် ဟူသော သူဌေးရတနာ၊(၇)ဥပေက္ခာ-သမ္မောဇ္ဈင်ဟူသော သားကြီးရတနာ၊ ဤသို့သော ရတနာ၁အစစ်ဖြစ်သည့် ဗောဇ္ဈင်တရား (၇) ပါးနှင့် ပြည့်စုံတော်မူသည်နှင့်အညီ ဘုရားတည်းဟူသော စကြာမင်းကြီးသည် သင်းသီးပိုင်းခြား တရားတော်ဟူသမျှကို မချစိုးပိုင်တော်မူသဖြင့် ချက်ရိုင်ထင်ရှား ခြံရံလျက်ရှိသော တပည့်သား အပေါင်းတို့အား တရားနှင့်အညီ နှိမ့်ချခြင်း ချီးမြှင့်ခြင်းကို ပြုတော်မူလေသည်။

လောကီစကြာမင်းသည် ရတနာ အာနုဘော်ဖြင့် သမုဒ္ဒရာလေးဝင်း အဆုံးရှိသော လောကခတ်စကြာဝဠာတိုက်၌ စကြာမင်း အဖြစ်သို့ရောက်လျှင် ငါအား ပြုဘွယ်ကိစ္စမရှိပြီ ဟု ကြောင့်ကြမဲ့ စည်းစိမ်ခံစားကာသာ မနေဘဲ၊ တိုင်းသူပြည်သားတို့အား တရားသဖြင့် ချီးမြှောက်တော်မူ သကဲ့သို့ ထိုအတူ သမ္မညဘုရားတည်းဟူသော စကြာမင်းကြီးသည်လည်း သတိ သမ္မောဇ္ဈင်နှင့် ယှဉ်သော သဒ္ဓညတဥာဏ်၏ အာနုဘော်ဖြင့် ကုဋေတသိန်းသော လောကခတ် စကြာဝဠာ တိုက်၌ တရား စကြာမင်း အဖြစ်သို့ ရောက်လျှင်ငါ့အား ပြုဘွယ်ကိစ္စမရှိပြီ ဟု ကြောင့်ကြမဲ့ သမာပတ် ဝင်စားကာသာ မနေဘဲ၊ ထူးခြားမြင့်မြတ်သော ဓမ္မောင ရွှေဗျာ ပိဋကတ်ဒေသနာတို့ကို ချိန်ခါမလပ်၊ အရာရာစေ့စပ်အောင် သတ်မှတ်ဟောကြားတော်မူခဲ့လေသည်။

တရားစကြာ ပိုင်ကာစိုးနင်း မင်းထက်မင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏ ထူးခြားလေးနက်သော ဓမ္မစက် ဒေသနာတို့မှာ နေ၀လေထန်းအသွင် ယနေ့ထက်တိုင်အောင်ပင် ကြည်လင်ထွန်းပ အလင်းကို ပြလျက်ရှိလေရာ စကြာမင်းကြီး၏ အမေ အနှစ်ကို စင်စစ်ခံယူလျက်ရှိကြသော အရိယာ နွယ်ဝင် သဃာတော်, အှျင်သျှမြတ်တို့သည် သဒ္ဓမ္မသုံးဖြာ မိန့်ရှေ့ဗျာကို ပဋ္ဌာသဟသ် နှစ်ငါးထောင် တည်လတ်အောင် အမှတ်တရ စောင့်ထိန်းတော်မူကြသဖြင့် လောကအတွင်း အမှောင်ဂိုဏ် ခွင်းပြီးလျှင် တည်မြဲခြင်းကြီး တည်မြဲနေခဲ့လေသည်။

တရားစကြာမင်းကြီး၏ အမေခံရင်နှစ် ဖြစ်တော်မူကြသော သံဂီတိ ကာရက သံဃာတော်အသျှင်

သူမြတ်တို့ဘုရား.... တရားစကြာမင်းကြီး၏ မိန့်မှာရင်း ဒေသနာတို့ကို ရွေးသာသနာစောင့်ရဟန္တာမြတ်ကြီးများ နည်းတူ စောင့်ရှောက် ထိမ်းသိမ်းကြမည် ဟူသော ရည်ရွယ်ချက်ဖြင့် ဓမ္မစက် ဒေသနာဘုံကို ထေရဝါဒ ငါးနိုင်ငံ မတေရံမြတ်တို့ စုပေါင်းလျက် ကောင်းစွာ သံဂါယနာ တင်ခဲ့ကြရာ ယခုအခါ စတုတ္ထသန္နိပါတ လွန်မြောက်၍ ပဉ္စမ သန္နိပါတ အကြိမ်သို့ပင် ရောက်ရှိလာပြီ ဖြစ်ပါကြောင်း။

ဤသို့ ပဉ္စမသန္နိပါတ အကြိမ်မြောက် ဆိုက်ရောက်လာသည်နှင့်အညီ နောက်ဆုံးသန္နိပါတ ဖြစ်သော သဘင်ပွဲကို ဆင်ခြေ တင်ဆိုတော်မူကြရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ လှုံ့လ ဥဿာဟဖြင့် ဝေဘာရလိုဏ်ဂူနှင့်မခြား ခမ်းနားစွာ ဆောက်လုပ်၍ထားသော အလျားပေ ၂၂၀-အနံ ပေ ၁၄၀-ကျယ်ဝန်း၍ နံဘေးပတ်လည် ပေ ၇၀၊ မြောက်ဘက် လေးထပ်ခန်း ပေ ၉၀-မြင့်မားသည့် ဆန်းပြားလှစွာသော ဆဋသံဂီတိ မဟာပါသာဏ မည်ရထင်ပေါ် ဤလိုဏ်ဂူတော်ကြီးဝယ် အသီးအသီး ၅၁၈ အလိုက် သိုက်မြှုံက်စွာ ခင်းကျင်းထားအပ်သော ထေရာသနလွှင် ပေါ်လွင်ဖြင်ညီး နေရာတော် အသီးအသီးတို့၌ ဦးစီးဦးကိုင် ဖြစ်တော်မူကြသော ဩဝါဒါစရိယ သံဂီတိမဟာနာယက ဆရာတော်ဘုရားကြီးများ၊ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး အမှူးရှိသော ဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာတော်များနှင့် တကွ မမ္မဘာဏက ဓမ္မပါဠိက သံဂီတိကာရက သံဃာတော် အသျှင်သူမြတ်တို့သည် ဥပ ဌာန သတိတရား လက်ကိုင်ထား၍ ခုံညားတင့်တယ် ကြည်ညိုဘွယ် အခြင်းအရာတို့ဖြင့် ကောင်းစွာ ကြွရောက် သီတင်းသုံးလျက်ရှိတော်မူပြီး ဖြစ်ကြပါကြောင်း ။

ဤပဉ္စမသန္နိပါတသာဘင်တွင် ပဓာန နာယက အဖြစ်ဖြင့် ဆောင်ရွက်တော်မူရန် သီတိုင်ကျွန်း ဂိုဏ်းပေါင်းစုံ သံဃဂိုဏ်စားလှယ်များ အစည်းအဝေးမှ ရွေးချယ်တင်မြှောက်လိုက်သော သျှာမ မဟာနိကာယ ဘဒ္ဒန္တ သရဏင်္ကရ ဆရာတော်ဘုရားကြီးက ရှေးဦးစွာ ကြီးမှူးဆောင်ရွက်တော်မူသဖြင့် သိရိလင်္ကာ သန္နိပါတ ဟူ၍ ခေါ်ဆို သမုတ်အပ်သည်ဖြစ်ရာ သံဂါယနာ တင်ဆိုမည့် ပိဋကတ်တော် မျှားမှာ ဇာတက ပါဠိတော် ၂-အုပ်၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော် ၁-အုပ်၊ နေတ္တိပေဋကောပဒေသ ၁-အုပ်၊ မိလိန္ဒပဉှပါဠိတော် ၁-အုပ် အားဖြင့် ပိဋကတ်တော် ၅-အုပ်မျှဖြင့် ၁၃၁-ခု ဥတုဂိမှာန ဝေဿခ မသာ ကဆန့်လပြည့်နေ့တိုင် သံပြိုင် ညီညွတ်စွာ တင်ဆိုကြရမည် ဖြစ်ပါကြောင်း။

သို့ဖြစ်သည့် အားလျော်စွာ တဆယ်နှစ်ရာသီ စတည်အဝင် သစ်လွင်တင့်ဆန်း ကဲ့ကော် ရင်ခတ်ပန်းတို့ဖြင့် ရှုမခမ်းကြည်လင်ရာ တိမ်မိုလ္လာယုက် သန်း ကောင်းကင်နန်းတွင်၊ လစန်းစိတြ၊ ယှဉ်တွဲကြသည့်, စိတြမာသ၊ မည်ရဆန်းထူးသည့် တန်ခူးလဆန်း ၁၃-ရက် တနင်းလာနေ့ မနှင်းလွဲ ၂-နာရီ အချိန်ဝယ် ခုံထယ်လစွာ သိရိလင်္ကာ သန္နိပါတ ခေါ် ဆိုရသည့် ပဉ္စမသန္နိပါတ အခမ်းအနားသဘင်ကို စတင် ဖွင့်လှစ်ပြီးဖြစ်ကြောင်း အခွင့်ကောင်း အခါညီလျက် ပါဠိကဗျာ မြန်မာစကားပြေ နှစ်ထွေ ကုံးသီ သွယ်ဈယောင်းခက် ဆယ်ချောင်းလက်ကို ဦးထိပ်ထက် မြှောက်ချီ၍ အဋ္ဌလိညွတ်ကျိုး ရှိခိုး ဝတ်တူး အခါကြား လျှောက်တင်အပ်ပါသည် သံဂိတိကာရကဝင် သံဃာတော် အသျှင်သူမြတ်တို့ ဘုရား။

An Address of Welcome and Verses of Praise

Read by Ven. Bhadanta Paṇḍita Mahāthera (Anisakhan Savadaw).

1. *Cakkavatti yathā rājā, maccaparivārito, samantānupariyeti, sāgarantam mahim imam.*
2. *Evam vijitasaṅgāmam, satthavāham anuttaram, savakā payirūpāsanti, tevijjā macchuhārino.*

Millions of the Buddha's Disciples who overcame Death and attained Nibbāna after they had possessed Pubbenivāsa-ñāṇa (Remembrance of Former Existences), Dibbacakkhu (Divine Eye), and Āsavakkhaya-ñāṇa (Knowledge relating to Extinction of all Biases), had been taught by the Incomparable and Omniscient Buddha, who had shown the beings the Path of Deliverance like the Chieftain of a caravan, and who might be compared with a Universal Monarch—the King of Kings—who toured in state in a supernatural chariot throughout the universes, attended by his ministers and courtiers.

After there has prevailed a Buddha-koḷāhala (a rumour in the world that a Buddha would arise for a thousand years), a Buddha arises in the world just as the sun arises luminously in the eastern horizon. Similarly, Gotama the Buddha, to the delight of the people of the Sākyan clan and all the people of the world had arisen prominently for the benefit of beings. The Venerable Vangisa Mahāthera had ably composed Pāli verses in this connection wherein he had compared the Omniscient Buddha with the Universal Monarch in the following manner :

A Universal Monarch is endowed with (1) A flying chariot, (2) a royal elephant, (3) A royal horse, (4) A precious ruby, (5) A chief queen, (6) a royal banker, and (7) An eldest son. In like manner, an Omniscient Buddha possesses the seven Links of Enlightenment (Bojjhaṅga) which may be compared as follows :

Sati-sambojjhaṅga (Attentiveness) may be compared to a flying chariot, Dhammavicaya-sambojjhaṅga (Investigating the Law) to a Royal elephant, Viriya-sambojjhaṅga (Energy) to a Royal horse, Pīti-sambojjhaṅga (Rapture) to a precious ruby, Passaddhi-sambojjhaṅga (Tranquillity) to a Chief queen, Samādhi-sambojjhaṅga (Concentration) to a royal banker, and Upekkhā-sambojjhaṅga (Equanimity) to an eldest son of a Universal monarch. Having endowed with the above 7 Links of Enlightenment, the Omniscient Buddha preached his sermons to all His Disciples and beings alike.

Although a Universal Monarch has enjoyed all worldly pleasures and become the ruler of the whole world, he does not keep quiet saying, " I have nothing to do ", but he delivers religious Discourses to his subjects. Similarly, the Supremely Enlightened Buddha —the King of Dhammas—did not remain silent after he had thoroughly comprehended the seven Bojjhaṅgas and become an Omniscient Buddha by enjoying Sustained Application. But He delivered His sermons to all beings throughout His life.

The Universal Buddha having discovered the liberating Law (Dhamma) which had become lost to the world, realized it and clearly proclaimed it to the world, His Teaching still exists in the world just like a brilliant noon tide sun, and it has been preserved in its purity through a period of 2,500 years by an unbroken lineage of monks who are the spiritual successors of the Buddha's Disciples.

Bhante, Venerable Saṅgīti-kāraka Mahātheras and Theras who are the spiritual successors of the Buddha's Disciples :

With the main object of preserving the Text in its pristine purity, the Bhikkhus from the five Theravādin countries, in conformity

with the Buddha's Declaration that the Bhikkhu Sangha must look after the Sāsana, have successfully held the four previous Sessions of the Chaṭṭha Sangāyanā and have now come to the fifth and the Final Session.

Now, the time for the commencement of the Fifth Session drawing near, the Ovad'ācariya Sangīti Mahānāyaka Theras, the Bhāraniṭṭhāraka Mahātheras headed by the President of the Sangha Supreme Council, His Holiness the Venerable Chairman, the Bhāṇakas (Reciters) and the Sangīti-kāraka Bhikkhus have gracefully and modestly taken their respective places on the dais inside the beautifully decorated Mahā Pāsāṇa Guhā (the Great Sacred Cave) which is 220 feet long and 140 feet wide, and which has been constructed after the model of the Vebhāra Cave of the First Great Buddhist Council, by the untiring efforts of the Government of the Union of Burma.

His Holiness the Most Venerable Weliwita Dhammakirti Asarana Sarana Sri Saranankara Mahānāyaka Thero of the Malwatte Chapter of the Siyam Mahā Nikāya, Ceylon having been nominated by the Bhikkhu Sangha of Ceylon to act as the Padhāna Nāyaka (Chairman) of the Proceedings, and having been unanimously approved by the Sangha present here, this Session has become known as Sri Lankā Sannipāta (the Ceylon Session), and the Sangīti-kāraka Bhikkhus will recite the following Piṭaka Books :—

1. Jātaka,
2. Paṭisambhidhā-magga,
3. Netti and Peṭakopadesa, and
4. Milinda Pañhā.

Most respectfully, Bhante, I now most respectfully venture to declare that on this auspicious day of 2499 B.E. (23-4-56 C.E.) at 2 p.m., it is time to commence the Proceedings of the Sri Lankā Sannipāta (the Ceylon Session).



နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဆာဦးသွင်က လျှောက်ထားနေပုံ။

The President of the Union Buddha Sāsana Council, *Thado Thiri Thudhamma* Sir U Thwin, delivering an address of veneration.

ပဋ္ဌမသန္နိပါတဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌကြီး

သတိုးသီရိသုဓမ္မ ဆာဒီးသွင် လျှောက်ထားသော

ကြွရောက်လာတော်မူကြသော သံဃနာယကမ၊ သံဃရာဇာ ဂဏာဓိမောက္ခ ဂဏာစရိယ ဖြစ်တော်မူကြသော မဟာထေရ်ကြီးများ အမှူးပြုသည့် သင်္ဃာတိ ကာရက သံဃာတော် အပေါင်းတို့ဘုရား။

ယနေ့သည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၏ နောက်ဆုံးသန္နိပါတဖြစ်သော ပဋ္ဌမသန္နိပါတ အစည်းအဝေးကို စတင်ဖွင့်လှစ်မည့် နေ့ထူး နေ့မြတ်ဖြစ်သည်အားလျော်စွာ ဤဖွင့်ပွဲတွင် နိုင်ငံအသီးသီးမှ မဟာထေရ်ကြီးအပေါင်းတို့ ဦးစီးခေါင်းဆောင်ပြုကြကာ ယခုကဲ့သို့ တည်တည်တံ့တံ့ထည်းကြွရောက်လာတော်မူကြသည်ကို ဖူးတွေ့ရသည်မှာ များစွာ စိတ်ကြည်နူးရ၍ သဒ္ဓါဟုံ ကွန့်မြူးလှပါသည် ဘုရား။

မဟာထေရ်ကြီးတို့သည် ရေခြား, မြေခြား တနိုင်ငံစီ သီတင်းသုံးနေကြရလင့်ကစား သက္ကျပ္ထာသာကိယနှယ်ဘွား ဘုရားသားတော်တို့၏ လက်သုံးတော်ဖြစ်သော သမဂ္ဂသမောဓာန အဝိဝေဓာန ဂုဏ်ထိုနှင့် ပြည့်စုံတော်မူကြကာ ၅ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် ပဌမနှင့် ဒုတိယ သန္နိပါတကို မရမ္မသန္နိပါတ ဟူ၍ရင်း၊ တတိယသန္နိပါတကို ကမ္မဇလာဝသန္နိပါတဟူ၍ရင်း၊ စတုတ္ထသန္နိပါတကို သျှာမသန္နိပါတ ဟူ၍ရင်း၊ ယခုကျင်းပမည့် ပဋ္ဌမသန္နိပါတကို သိရိလင်္ကာ သန္နိပါတဟူ၍ရင်း အမည်တွင်စေ၍ ထေရဝါဒ နိုင်ငံတော် အသီးသီးမှ မဟာထေရ်ကြီး-အသီးသီးတို့အား သံဃနာယက အဖြစ်ဖြင့် ဝမ်းမြောက်ဝမ်းသာ ချီးမြှောက်ဆောင်ရွက်ခွင့်လည်း ရကြခြင်း၊ ဆောင်ရွက်လည်းဆောင်ရွက်တော်မူကြခြင်းသည် တဖသားချင်း နောင်ညီရင်းပမာ သမောဓာန ဖြစ်တော်မူကြသောကြောင့် ဘုရားရှင် အလိုတော်ကျ ရှိလှပါပေသည် ဘုရား။

ဘုရားဘဝည့်တော်တို့ လှုဒါယကာတို့ကလည်း ဆရာတော် သံဃာတော်တို့၏ သမဂ္ဂသမောဓာန အင်ဝေဓာန ရှိတော်မူကြသည့်ဂုဏ်ကိုင်း၊ ဧကီဘူတ သမာနစိတ္တရှိတော်မူကြသည့် ဂုဏ်ကိုင်း၊ ရှိသေလေးစားသမှု အာချိုပြုကြ၍ အနာဂတ်တွင် ညီညွတ်သည့်အဆုဋ္ဌ ဥပမာတရ စံနမူနာပြုကြရပါတော့မည်ဘုရား။

မြတ်စွာဘုရား၏ သာသနာတော် ၂၅၀၀ပြည့် မည့်နေ့တွင် အပြီးတိုင်ရောက်မည့် ၅ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၏ အောင်ပွဲကြီးကို သာသနာ ၂၅၀၀ပြည့် အထိမ်းအမှတ်ပွဲကြီးနှင့်အတူ တခမ်းတနား ကျင်းပရန် ဗုဒ္ဓသာသနာအဖွဲ့ ဒုတိယ ဥက္ကဋ္ဌကြီး အဂ္ဂမဟာသရေစည်သူ ဦးသိမ်းမောင် ကိုယ်တိုင် သာသနာရေး ဘာသာရေး အသင်းအဖွဲ့ ပေါင်းစုံတို့နှင့် တိုင်ပင်ဆွေးနွေး၍ စီစဉ်လျက်ရှိနေပါသည်ဘုရား။

၅ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး ပြီးစီးသည့် အခါတွင်လည်း အနာဂတ် သာသနာတော်တိုးတက်ပြန့်ပျံ၊ရေးအတွက် ဆောင်ရွက်ဖွယ်ကိစ္စ အဝဝတို့ကို ယခုလို ထေရဝါဒနိုင်ငံအသီးသီးမှ မဟာထေရ်ကြီးများ တွေ့ဆုံစည်းဝေးမိသည့် အခါကောင်းတွင် တိုင်ပင်ဆွေးနွေးတော်မူကြလိမ့်မည်ဟု တပည့်တော်များ မြော်လင့်ယုံကြည်ကြပါသည် ဘုရား။

၅ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး ကျင်းပနေစဉ်တွင် ဆရာတော် သံဃာတော် အရှင်မြတ်တို့ ကိုယ်စိတ်နစ်ဖြာ ချမ်းသာစွာဖြင့် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်နိုင်ရန်အလို့ငါ တပည့်တော်တို့ ဗုဒ္ဓသာသနာအဖွဲ့ကလည်း နိုင်ငံတော် အစိုးရနှင့် တိုင်းသူပြည်သား အပေါင်းတို့၏ ကိုယ်စား အဖက်ဖက်က ကိုယ်စီကိုယ်စ တာဝန်ယူကြ၍ မလစ်ဟင်းရအောင် ဆောင်ရွက်လျက်ရှိနေကြပါသည်ဘုရား။

နိုဂ်ုးချုပ် အားဖြင့် လျှောက်ထားလိုသည်မှာ ထေရဝါဒ နိုင်ငံအသီးသီးမှ ဆရာတော်သံဃာတော် အပေါင်းတို့သည် တဖသားချင်း ညီနောင်ရင်းပမာ အချင်းချင်းညီညွတ်စွာနှင့် အနာဂတ် သာသနာတော်၏ အကျိုးကို ပွါးတိုးအောင် ဆောင်ရွက်နိုင်ကြပါစေသော် ဟု ဆုတောင်းပတ္ထနာပြုပါသည် ဘုရား။

An Address of Veneration Delivered by *Thado Thiri Thudhamma* Sir U Thwin at the Opening Ceremonies of the Sri Lankā Sannipāta (The Ceylon Session) Chaṭṭha Sangāyanā.

To the Presiding Mahāthera and the Sangīti-kāraka Mahātheras and Theras

MOST RESPECTFULLY, BHANTE,

I am much inspired to have an opportunity to pay my deepest respects to the Sangīti-kāraka Mahātheras and Theras who assemble here on this auspicious day to participate in the Opening Proceedings of the fifth and the Final Session of the Chaṭṭha Sangāyanā.

Although the Mahātheras reside in different countries which are separated from one another by geographical barriers, they have followed the Word of the Buddha, inasmuch as they could have harmoniously and in collaboration held the First and the Second Sessions of the Chaṭṭha Sangāyanā known as the Burmese Sessions, the Third as Cambodia-Laos Session, and the Fourth as the Siyāma or the Thai Session, and that the Mahātheras from these respective Theravādin countries were able to preside over the Proceedings of these last four Sessions of the Chaṭṭha Sangāyanā.

We dāyakas also pay our deep veneration to your venerables who are endowed with the virtues of being harmonious, without any dispute and co-operative and collaborative, and this will remain as an example of Buddhist unity in the future.

Bhante, I most respectfully declare that[1] *Agga Mahā Thray Sithu* U Thein Maung, Vice-President of the Buddha Sāsana Council have, in consultation with the Buddhist Associations, made preparations for the celebrations of the successful conclusion of the Chaṭṭha Sangāyanā and the 2500th Anniversary of the Buddha's Mahāparinibbāna.

Bhante, I earnestly hope that while the Mahātheras from all Theravādin countries are assembled here it is an opportune time for them to discuss about the propagation of the Buddha Dhamma after this Chaṭṭha Sangāyanā is over.

Bhante, the Buddha Sāsana Council is taking all possible steps to support the Sangīti-kāraka Bhikkhus with the four requisites, so that they may be able to discharge the Sāsana duties with comfort and happiness.

Bhante, in conclusion, I most respectfully and earnestly wish that all Mahātheras and Theras from all Theravādin countries may, in the future, be able to propagate the Buddha Dhamma in Buddhist unity, co-operation and collaboration.

1. May the Great Chaṭṭha Sangāyanā come to a successful conclusion.

2. May the future Sāsana of the Omniscient Buddha flourish many times more than at present and flourish all over the world.

3. May this world be peaceful and may the number of those who discern the truth as it is, increase day by day.

---

[1] ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး ချေဖျောမှုနှာ အောင်မြင်ပြီးစီးပါစေသော်။

[2] အနာဂတ်သာသနာသည် ဆပေါင်းများစွာ တိုးတက်၍ ကမ္ဘာအနှံ့ ထွန်းလင်းပြန့်ပျံ့ပါစေသော်။

[3] ကမ္ဘာလောကကြီး အေးချမ်းသာယာ၍ မှန်ကန်သော ယထာဘူတ ပရမတ္ထဓမ္မ လမ်းစဉ်ကို သိမြင်ကြသူတို့ တနေ့တခြား ပွါးများတိုးတက်ကြပါစေသော်။

သဝဏ်လွှာ

သီဟိုဠ်နိုင်ငံတွင် အစိုးရအပြောင်း အလွဲ ဖြစ်နေသဖြင့် အရေးကြီးသော ပြည်ရေးပြည်ရာ ဖြစ်သော မျှားမြောင်သော ကိစ္စတို့နှင့် တွေ့ကြုံနေရပါသောကြောင့် ဤသိရီလင်္ကာသန္နိုပါတခေါ် ဆဌသံဂါယနာ ပ(ဋ)မသန္နိုပါတသို့ တပည့်တော် ကိုယ်တိုင် မတက်ရောက်နိုင်သည်ကို မျှားစွာ ဝမ်းနည်းပါသည်။ ဤ(ပ(ဋ)မ)သန္နိုပါတကြီးကို ဖွင့်လှစ်ရန် တပည့်တော်အား တာဝန် ပေးပါသောကြောင့်၊ ထိုသို့ ဂုဏ်ကို ပေးအပ်ခြင်းအတွက် သီဟိုဠ်နိုင်ငံရှိ ပြ ည်သူ ပြည်သား ဖြို့၏ ကိုယ်စား၊ တပည့်တော်က မြန်မာပြည်ရှိ သံသာတော် အရှင်မြတ်များ ဝန်ကြီးချုပ်နှင့် ပြ ည်သူပြည်သားများ အား ကျေးဇူး ဥပကာရ တင်ရှိ ပါကြောင်း၊ သို့သော်လည်း တပည့်တော်၏ကိုယ်စား သီဟိုဠ်နိုင်ငံ ယဉ်ကျေးမှု ဝန်ကြီး ဇယာရီရကုရုပျုအား ဤဆုဇဝင် တွင်မည့် အခမ်းအနား၌ တပည့်တော်၏ ကိုယ်စား တက်ရောက်ရန် စေလွှတ်အပ်ပါသည်။ ဤဗုဒ္ဓဓသဗ္ဗာ ကို ပြန့်ပွါးအောင် ဆောင်ရွက်သည်အတွက် သီဟိုဠ်နိုင်ငံသူ နိုင်ငံသားများက မြန်မာပြည် အစိုးရနှင့် တကွ ပြည်သူ့ပြည်သား များအား ခြီးမွှန်း ထောမနာ ပြုလိုက်ပါသည်။

တပည့်တော်တို့နိုင်ငံသည် ဤဆဌသံဂါယနာ မဟာသဘင် ဆင်ယင်ပဲ့တင် ကနဦး အစကစ၍ ပါဝင်ဆင်နွဲခဲ့ပါသည်၊ တပည့်တော်တို့ သီဟိုဠ်နိုင်ငံ မှ ဆရာတော်တို့၏ ပါဠိဝိသောဂကအဖွဲ့များနှင့် ပဋ္ဌိဝိသောဂကအဖွဲ့များတွင် များစွာ အထောက်အပံ့ရစေသည်ဟု ကြားသိရသဖြင့် ကျေးဇူး အထူး တင်ရှိပါကြောင်း။

ဤဆဌသံဂါယနာသည် အာရှတိုက်ရှိ ဗုဒ္ဓဘာသာဝင် နိုင်ငံများ အခြင်းခြင်း ပူးပေါင်း ဆောင်ရွက်ခဲ့ကြသဖြင့်၊ တဦးနှင့်တဦး ပိမိုရှိ၍ ချစ်ခင်ရင်းနှီး စေခဲ့ပါသည်၊ ဤဆဌသံဂါယနာ ဓမ္မသဘင်ကြီး သည်လည်း၊ ရှေးနှစ်ပေါင်း များစွာက တည်ရှိခဲ့သော သီဟိုဠ်နှင့်မြန်မာ နှစ်နိုင်ငံ ချစ်ကြည် ရေးကို ပြန်လည်၍ ပိုမို ခိုင်မြဲစေပါသည်၊ ၂ နိုင်ငံ၏ ရာဇဝင်ကို ပြန်လည် ကြည့်ရှု မည်ဆိုသော်ဗုဒ္ဓဘာသာ နှင့် ပတ်သက်၍ တဦးကိုတဦး မှီခိုအားထားခဲ့ရကြောင်း သာဓက အများပင် ရှိပါသည်။

ဤအခါအခွင့် ကြုံသည့်အခါ၊ တပည့်တော်က သီဟိုဠ်ကျွန်းမှ ဝိပဿနာကမ္မဋ္ဌာန်း ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ အဘိဓမ္မာ စာမေးပွဲများ ပြုလုပ်ဆောင် ရွက် ပေးခြင်း၊ ထို့အတွက် မြန်မာပြည် ဝန်ကြီးချုပ်နှင့် တကွ မြန်မာနိုင်ငံသူ နိုင်ငံသား အားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း ဤသို့ ကျေးဇူးတုန့်ပြန်သော အနေနှင့် ဝန်ကြီးချုပ် ဦးနဏ ဗောဓိပင်ပျို ၁၀၀-နှင့် ဗောဓိစေ့ ၁၀၀၀-ကို ပေးပို့ရန် စီစဉ်လျက်ရှိပါကြောင်း။

ဤသိရီလ.ဂ်ာသန္နိုပါတခေါ် ပဋ္ဌမသန္နိုပါတကြီး သည်၊ ဗုဒ္ဓဘာသာဝင် အပေါင်းတို့အား ရှင်တော် ဘုရား ဟောကြားတော်မူသော မေတ္တာ ကရုဏာ တရားကို ပိုမိုလက်ကိုင်ထား၍ ကမ္ဘာသူ ကမ္ဘာ သားတို့အား ချမ်းသာ သုခနှင့် ပြည့်စုံပါ စေသ တည်း။

နိဂုမ်းချုပ်အနေအားဖြင့် တပည့်တော် ပြောကြား လိုသည်မှာ၊ မြန်မာပြ ည် ဝန်ဆောင် သံဃာ အဖွဲ့ချုပ် ဿဘာပတိ ဆရာတော်ဘုရားနှင့် ဝန်ကြီးချုပ် ဦးနု တို့အား သီဟိုဠ် ဗုဒ္ဓဇယန္တီပွဲတော်သို့ ကြွရောက်ရန် ဘိတ်ကြားရာ၊ လက်ခံလိုက် သဖြင့် တပည့်တော်တို့ ဝမ်းမြောက်ခြင်းပင် ဖြစ်ပါကြောင်း။ သီဟိုဠ်နိုင်ငံသူ နိုင်ငံသား ကိုယ်စား ဗုဒ္ဓဘာသာဝင် တိုင်းပြည်အားလုံးအား၊ သီဟိုဠ်နိုင်ငံ ဗုဒ္ဓဇယန္တီ ပွဲတော်ကြီးသို့ ကြွရောက်ရန်ဘိတ်ကြားပါကြောင်း။



သီဟိုဠ်နိုင်ငံဝန်ကြီးချုပ် ဒေါက်(စ်)ဒဗလယူ၊ဒီ။ဘန်ဒါရာနိုက်ကေ၏ပုံ

His Excellency the Honourable S. W. R. D. Bandaranaike,
Prime Minister of Ceylon.

သီဟိုဠ်ကျွန်း လက်ဘေဒူမဏ္ဍလ အထွေထွေအတွင်းရေးမှူး ဒေါက်တာ အေ-ဒဘလျူပီ ဂုရု ဂေးက သီဟိုဠ်နိုင်ငံ၏ကြီးမျှော်၏သဝဏ်လွှာကို သီဟိုဠ်ဘာသာဖြင့်ဖတ်ရှု၊ ပါဠိဘာသာဖြင့်ရင်း၊ အင်္ဂလိပ်ဘာသာဖြင့်ရင်း ဘတ်ကြား လျှောက်ထားနေပုံ။

Dr. A. W. P. Guruge, General Secretary, Lankā Bauddha Mandalaya reading the Message of the Prime Minister of Ceylon.

Message of the Honourable S. W. R. D. Bandaranaike, Prime Minister of Ceylon to the Sri Lankā Sannipāta of the Chaṭṭha Sangāyanā, Rangoon, 23rd April 1956.

While I deeply regret my inability to attend the ceremonial opening of the Sri Lankā Sannipāta of the Chaṭṭha Sangāyanā on account of urgent and pressing duties of State which have fallen on my shoulders with the change of Government, I offer my warmest thanks on behalf of the people of Ceylon, to the Mahā Sangha, the Prime Minister and the people of Burma for having conferred on Ceylon the honour of conducting the Final Session of the Sangāyanā. I have sent the Honourable Jayaweera Kuruppu, the Minister of Cultural Affairs, to represent me and the Government at this historic ceremony and to convey to the Government and the people of Burma our sincere appreciation of the services rendered by them for the advancement of Buddha Sāsana.

We are indeed happy that we are given the opportunity of being associated with the Sangāyanā from its very inception. It has been gratifying to note that the work of our learned theras, who prepared the Ceylon version of the Tipiṭaka and participated in the revision of texts, has been appreciated by the Mahā Sangha and the Sāsana Council of Burma.

The Chaṭṭha Sangāyanā has convinced all Buddhist countries of Asia that" a joint religious undertaking of this nature contributed immensely to better understanding among nations and to the strengthening of bonds of friendship among them. This Sangāyanā has brought Burma and Ceylon together and has served to revive and consolidate the cultural and religious ties which existed between the two countries for many centuries. The annals of our two countries are replete with accounts of mutual co-operation and assistance in the sphere of Buddhism.

I take this opportunity to thank the Prime Minister, the Buddha Sāsana Council and the Government of Burma for the assistance given in conducting Abhidhamma Pariyatti Examinations and organizing a number of Vipassanā Bhāvanā Meditation Centres. As a token of gratitude we are making arrangements to send 1,000 Bo saplings and 10,000 seeds as desired by the Honourable U Nu.

May the historic Sri Lankā Sannipāta mark the beginning of a new era when the Buddhist peoples will together take to the world the message of Universal Love and Compassion which the Buddha taught and foster peace and happiness among mankind.

Finally, the Government and the people of Ceylon are happy that the Sangharājā of Burma, and the Honourable U Nu, the Prime Minister, have kindly accepted our invitation to join us in our Buddha Jayanti celebrations. On behalf of the people of Ceylon I have the pleasure of extending our warmest welcome to all the Buddhist countries in the world to participate in Buddha Jayanti celebrations.

လောနိုင်ငံ သံဃနာယကတို့၏ သန္ဓေသကထာ

တပည့်တော်ဓမ္မသည် သံဃမဟာနာယကနှင့် သင်္ဃတိ ကာရက မထေရ်မြတ်တို့ကို ရိုသေစွာ ရှိခိုးပါ၏။ ထို့ပြင် ဤ ဓမ္မသဘင်ကြီးသို့ စည်းဝေးလာရောက်ကြကုန်သော ဒါယကာ ဒါယိကာမများအား မင်္ဂလာ နှတ်ခွန်းဆက်သပါ၏။

တပည့်တော်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့်တကွ သင်္ဃတိ ကာရက သဘာဝတိ၏ ဘိတ်ကြားချက် အရ ဤဆဋ္ဌသံဂါယနာ ပဉ္စမသန္နိပါတ ဓမ္မသဘင်သို့ လောနိုင်ငံ သာသနာပိုင်၏ ကိုယ်စား တက်ရောက်ခဲ့ရသည်ကို မင်္ဂလာတရ ဟု ယူဆပါကြောင်း။ ဤသို့ ဘိတ်ကြား ခံရခြင်းကို ဂုဏ်ယူမိသော တပည့်တော်တို့သည် လောနိုင်ငံ အစိုးရနှင့် ပြည်သူတို့၏ ဆန္ဒအရ အောက်ပါ ကိုယ်စားလှယ် အဖွဲ့ဝင်အဖုံကို စေလွှတ်ပါသည်။

၁။ စုန်ဒက် သံဃနာယက ပရာကရူကွန်မမ်ဝန်ဆေ ခေါင်းဆောင်။

၂။ သာသနာ အုပ်ချုပ်ရေး ခေါင်းဆောင် ပရားကရူကမ်ဖန်သိရသန်ဂရာရော။

၃။ မြို့နယ်ဆိုင်ရာ သာသနာရေးနှင့် ပညာရေး အရာရှိ ပ့ဏားမဟာဘွာကွမ် ဓမ္မပဇ္ဇောတ မဟာထေရ်။

၄။ တောင်တန်မဟာရဏ္ဍ တရားဘက်နှင့် ယဉ်ကျေးမှု ဌာနအရာရှိ။

တပည့်တော်တို့သည် လောနိုင်ငံ သံဃာတော်များနှင့် အစိုးရ၏ ကိုယ်စား ဤဓမ္မသဘင်ကြီးသို့ တက်ရောက်ကြရန် ဆန္ဒပြင်းပြလျက်ရှိရာ၊ ယခု ဤကဲ့သို့ တက်ရောက်ခွင့်ရပါသဖြင့် မျှားစွာဂုဏ်ယူမိပါကြောင်း၊ ရာဇဝင်ကို ကြည့်ပါလျှင် မြန်မာနိုင်ငံက လောနိုင်ငံအား သာသနာရေးနှင့် တိုင်းပြည်ရေးရာတို့တွင် ကူညီခဲ့ပါသည်။ ယခုတမန် ကကောင်းထောက်မရှိ ၎င်း ၂ ပြည်ထောင်တို့သည် ပိဋ္ဌကတော်များကိုဝိသေသဂကအလုပ်တွင်ပူးပေါင်းဆောင်ရွက်ခဲ့ရပေသည်။ ဗုဒ္ဓဘာသာ ပြန့်ပျံ့ရေးတွင် မြန်မာပြည်က လောနိုင်ငံအား အဘက်ဘက်မှ ကူညီလေသည်။ ဥပမာဆိုသော် လောနိုင်ငံမှ ရဟန်းတော်များကို မြန်မာပြည်၌ ပရိယတ္တိများကို ယခုရော နောင်ပါ သင်ကြားခွင့် ပြုခဲ့ပါသည်။

ဤသို့ ဆောင်ရွက်လိုက်ခြင်းကြောင့် လောနိုင်ငံရှိ သံဃာတော်များနှင့် အစိုးရတို့က မြန်မာနိုင်ငံရှိ သံဃာတော်များနှင့် အစိုးရတို့အား နှစ်ပြည်ထောင် အားရ၍ ကျေးဇူးတင်ရှိပါကြောင်း၊ ယခု ဤနေ့ရာ၌ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့် ပြည့်စုံတော်မူကြသော သံဃနာယကမထေရ်၊ သင်္ဃတိ ကာရကမထေရ်၊ ၎င်းပြင် နိုင်ငံတော် သမတကြီးနှင့် ဒါယကာ ဒါယိကာမများ ရှေ့မောက်တွင် လောနိုင်ငံအစိုးရနှင့် ပြည်သူ ပြည်သားတို့၏ ကိုယ်စား ဤသန္ဓေသကထာကို မြွက်ကြားခွင့်ရပါသဖြင့် အထူး ဂုဏ်ယူပါကြောင်း၊ ဤဆဋ္ဌသံဂါယနာတင် လုပ်ငန်းကြီးသည် အလွန်ခဲယဉ်းသော လုပ်ငန်းကြီးဖြစ်၍ အခြား ကမ္ဘာပေါ်ရှိ နိုင်ငံများက မဆောင်ရွက်နိုင်ပေ။ မြန်မာပြည်ကသာ ဆောင်ရွက်၍ မြန်မာပြည်ရှိ ရဟန်းတော်များနှင့် အစိုးရတို့မှာ မျှားစွာ ကုသိုလ်ဖြစ်ထွန်းပါသည်၊ တပည့်တော်တို့သည် မြန်မာပြည်သို့ လာရောက်ရာတွင် မြန်မာလူမျိုးများက သဒ္ဓါတရား ထက်သန်စွာ မဆုတ်မနစ်သော ဝီရိယဖြင့် သက်စွန်ကြိုးပန်း သာသနာ ပြန့်ပွားရေးအတွက် ဆောင်ရွက်နေသည်ကို မျက်မြင်ဒိဋ္ဌ တွေ့ရှိရသောအခါ တပည့်တော်တို့ လောနိုင်ငံသူ နိုင်ငံသားများ၏ ခြိုးမမ်းအံ့သြ၍ မဆုံးရှိပါသည်၊ ဤသို့ သဒ္ဓါတရား ရှိရခြင်းမှာ ရှင်တော်ဘုရား ဟောကြားတော်မူသော ဓမ္မစက်အတွက်ပင် ဖြစ်ပါသည်၊ တပည့်တော်တို့ လောနိုင်ငံရှိ သံဃာတော်တို့သည် ဤမြန်မာပြည်၏ နှမ္ပနာဂို ယူ၍ ကမ္ဘာသူ ကမ္ဘာသားတို့၏ ကြီးပွါးရာ ကြီးပွါးကြောင်း အလို့ငှါ တရားမမျှဟောပြော လိုကြပါသည်။

နိဂုံးချုပ် အနေအားဖြင့် တပည့်တော် လျှောက်ထားလိုသည်မှာ ရတနာသုံးပါး ဂုဏ်ကျေးဇူးတော်ကြောင့်င၊ ဤဆဋ္ဌသံဂါယနာဓမ္မသဘင်ကို ဆင်နွှဲရသော ကုသိုလ်ကံစေတနာတို့ကြောင့်င၊ သမ္မာဒေဝ နတ်အပေါင်းတို့သည် ဤ ဆဋ္ဌသံဂါယနာ ဓမ္မသဘင်ကြီး ပြီးစီးအောင်မြင်အောင် စောင့်ရှောက်ကြပါစေသတည်း။ ကမ္ဘာသူ ကမ္ဘာသားတို့လည်း အာသာဒ္ဓတရား စွန့်ပယ်၍ မေတ္တာတရား လက်ကိုင်ထားကြ၍ ချမ်းသာ သုခ နှင့် ပြည့်စုံကြပါစေ၊ အထူးအားဖြင့် သံဃာတိကာရက သဘာပတိနှင့် အသျင်သူမြတ်များ၊ နိုင်ငံတော် သမတကြီး၊ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်တွင် ကူညီဆောင်ရွက်ကြသော ရဟန်း ရှင် လူ အပေါင်းတို့သည် ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြ၍ သာသနာ့အကျိုးကို အခါခပ်သိမ်း ဆထက် ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ကြပါစေသောဝ်။

MESSAGE BY THE SANGHA PRESIDENT OF LAOS.

Delivered at the Great Conference of Chaṭṭha Sangāyanā in Burma (Sri Lankā Sannipāta—Ceylon Session.)

I beg to pay reverence to the President of the Council and all the Mahātheras and Theras.

I beg to express my best regards to all the Venerable Dhamma-sangīti-kārakas and to bestow my blessings on the President of the Union of Burma, also to the Ladies and Gentlemen gathered in this Conference.

My colleagues and I deem it an honour and merit-bringing act to join in this Fifth Session of the Synod on behalf of Somdetch Sangharājā of Laos and our Buddhist compatriots, at the invitation of the President of the Sangīti-kāraka Council of this country, together with the pleasure felt at the welcome accorded us by the Government of the Union of Burma. We who are greatly honoured in participating in this Sangītikāraka, have come at the decision and with the approval of the Sangha Council of Laos and our Government. Our names are as follows :—

1. Somdetch Sanghanāyaka Prakoo Koon Mamwongee, as chief delegate ;
2. Chief of the Right Group Ecclesiastical Administration Prakroo Kumfun, Sirasangvaro delegate ;
3. Chief Officer of Local Ecclesiastical Education Affairs Pra Mahā Buakum, Dhammapajotamahāthera delegate;
4. Tao Tharn Mahāraj, Official in the Ministry of Justice and Culture, collaborator ;

We, in the name of the Sangha of Laos and the Government of Laos have greatly desired to join in this great undertaking, therefore, having now the opportunity to come we really feel indescribably proud. The Union of Burma has assisted our country both in the sphere of Buddhism and the Civil Service to a great extent as had been recorded in history,

Burma and Laos now have the good fortune to join together in amending the Buddhist Texts once again. The Union of Burma has tried in every way to assist Laos to progress in the Buddhist sphere ; one thing, especially, was the kind permission given to Lao Bhikkhus to study in Burma in the past and also in the future. The Sangha of Laos and Government of Laos feel very much impressed by the kind gesture of the Sangha and Government of Burma indeed. We, in the name of the Sangha of Laos and the Buddhist Lao People, feel highly honoured to have the occasion of delivering this speech before the President of the Sangītikāraka Council and all his members intellectually distinguished, and the President of Burma and the People of Burma. This undertaking by the Sangha and the Government of Burma is most meritorious, and its execution is also very difficult for others of the present world. We have come and seen with our own eyes that the people of Burma revere and respect Buddhism unfeignedly and with all their heart, sacrificing their lives and spirit to the service of the Buddhist Religion, the act of which, we, the people of Laos, beg to express our exceeding appreciation and admiration. This is because the people of Burma hold fast the lofty principles of Buddhist Dhamma. We in the name of the Sangha of Laos, are very pleased to propagate to the world this example for the benefit of human beings and the world at large.

In conclusion, we beg to invoke the blessing of the Triple Gem and the great merits accruing from this Sangīti to move the Devas to protect the Sangīti so that its affairs may proceed successfully, and to bless all the people of the world to discard violence and

နိပေါလနိုင်ငံဧဗျောဒယအသင်းကြီးမှသဝဏ်လွှာ

အသျှင်သူမြတ်ဘုရားများနှင့် သူတော်စင်
အပေါင်းတို့....

ဤဆဋ္ဌသံဂါယနာ ပဋ္ဌမသန္နိပါတသို့ နိပေါလ
နိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရ
သည်ကို တပည့်တော် ဝမ်းမြောက်လှပါသည်ဘုရား
တပည့်တော်သည် နိပေါလနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်
တို့ထံမှ မေတ္တာစကား ကမ်းလှမ်းလိုက်ကြောင်း
လျှောက်ထားလိုပါသည်။ အားလုံးသိရှိတော်မူ
သည့်အတိုင်း နိပေါလနိုင်ငံသည် ရှေးအခါက သဗ
ညုမြတ်စွာဘုရား၏ ဖွားမြင်ရာ အရပ်ဒေသ ဖြစ်ခဲ့၍
တခါက ဗုဒ္ဓဘာသာ ထွန်းကားခဲ့ကြားသော နိုင်ငံ
ဖြစ်ပါသည်။ ယခုအခါမှာမူကား (နိပေါလနိုင်ငံ
၌) ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ လက်တဆုတ်
စာမျှ ရှိချေ၏၊ သို့နည်းပါးသော်လည်း ၎င်းတို့
သည် မိမိတို့၏ အမွေအနှစ်ဖြစ်သော ဗုဒ္ဓဘာသာကို
ပြန်လည် ထွန်းကားအောင် ကြိုးစားနေကြရာ၊
အောင်မြင်ရန် အရိပ်နိမိတ်များ ပေါ်ထွက်နေပါ
သည်၊ အကယ်၍ မြန်မာပြည်ကဲ့သို့သော တိုင်း
ပြည်ကြီးများ၏ အကူအညီကို ရပါလျှင် နိပေါလ
နိုင်ငံတွင် ဗုဒ္ဓဘာသာသည် မှချုပြန်လည် ထွန်းကား
လာပါလိမ့်မည်၊ ဤဆဋ္ဌသံဂါယနာသည် ဗုဒ္ဓဘာ
သာဝင် တိုင်းပြည်များကို မေတ္တာကြိုးဖြင့် စည်း
လုံး ညီညွတ်စေပါသည်။

စစ်ဘေးစစ်ဒဏ်ကို ကြောက်ရွံ့၍ ကျီးလန့် စာ
စား ဖြစ်နေသော ကမ္ဘာသူ ကမ္ဘာသားတို့အား
ကယ်တင်နိုင်သော လက်နက်သည် ဓမ္မလက်နက်
တခုသာဖြစ်၍ ထေရဝါဒ နိုင်ငံတို့၏ ပူးပေါင်း
ဆောင်ရွက်မှုသည် ကမ္ဘာတဝှမ်းလုံးသို့ ပြန့်နှံ့ပါ
စေသတည်း။

နိပေါလနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တို့က မြန်မာပြည်
နှင့် အခြားတိုင်းပြည်များရှိ ဗုဒ္ဓဘာသာဝင်တို့အား
မေတ္တာရှေထားပြီး နှုတ်ခွန်း ဆက်လိုက်ကြောင်း
တပည့်တော်က ထပ်လောင်းပြီး လျှောက်ထားပါ
သည် ဘုရား။

အားလုံး ကျန်းမာ ချမ်းသာကြပါစေ။
ဘိက္ခုဝိမလ

---

to respect non-violence for the achievement of peace for themselves, especially to the President, and all the members of Sangītikārakasabhā, also the President of Burma, the Prime Minister, the Ministers of Burma and all the patrons of this conference, may all blessings and happiness and strength attend them all that they may uphold the Buddhist Religion for all time.

MESSAGE FROM DHAMMODAYA ASSOCIATION, NEPAL.

VENERABLE SIRS, FRIENDS,

As representative of Nepal, it gives me great pleasure to be present at this last Session of the Chaṭṭha Sangāyanā, and to convey the good wishes and greetings of the Nepal Buddhists. As you all know, Nepal, the land where the Omniscient Buddha was born, was once a flourishing Buddhist country but today the Theravādins are in a small minority and a handful of Theravāda monks are doing their best to redeem their lost heritage—the Theravāda. There are also hopeful signs in the distance that Buddhism is gaining ground in Nepal, and with the help of great Buddhist countries like Burma, it will be possible to re-introduce Buddhism soon in Nepal. This unique Sangāyanā has knit Buddhist countries in undying bonds of good-will and friendship. May this increasing closeness of Theravādin countries help the progress and spread of glorious Dhamma, which is the only weapon to restore sanity to this war-scarred and frightened world of ours. I re-iterate the good-will and greetings of the Nepal Buddhists to Buddhists of Burma and other countries.

May you be well and happy.

Bhikkhu Vimalananda

Nepal, 23rd April 1956.

ဗီယက်နမ်ကိုယ်စားလှယ်အသျှင်နာဂမထေရ်၏သန္နေသကထာ

ဆောဂုံမြို့။

ဗီယက္ခမ္မိကာ သံဃသေဝနေန မဟာဘာဂါရဝေန မဟာသံဃ ဝန္ဒိတ္မာ ဣမသ္မိं ဌာနေ အဝသိဋ္ဌာနံ ဣဓသန္နိပတိတေသု ဥပါသက ဥပါသိကေသု နာနာရဋ္ဌေဘော ဣဓာဂတေသု ထုတိပုဗ္ဗင်္ဂမော ကတိပါယာစနာတိ ဝဒါမိ။

ဆဋ္ဌသံဂါယနာ သံဃမဟာနာယက သံဃာတော် အရှင် သူမြတ်များနှင့် သူတော်စင် အပေါင်းတို့....

ဗီယက်နမ်နိုင်ငံရှိ ထေရဝါဒ သံဃာတော်တို့၏ ကိုယ်စား တပည့်တော်က အသျှင်မြတ်ဘုရားများနှင့် ရဟန်း ရပ်ဝေးမှ စုရုံး လာရောက်ကုန်သော သူတော်စင် အပေါင်းတို့အား ရိုသေလေးမြတ်စွာ လျှောက်ကြားပါသည်။

တပည့်တော်သည် ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်သို့ တက်ရောက်ရသည်မှာ ယခုအကြိမ်မှပင် မဟုတ်ပါ၊ ရှေးအခါကလည်း သင်္ဂီတိကာဂရက အဖြစ်ဖြင့် တက်ရောက်ခဲ့ရာ၊ ယခုအကြိမ်သည် ပဉ္စမ အကြိမ်ဖြစ်၍၊ တပည့်တော် ဂုဏ်ယူမိပါကြောင်း။

ဗီယက်နမ် နိုင်ငံတွင် လူဦးရေ ပေါများသော်လည်း ထေရဝါဒ ဗုဒ္ဓဘာသာဝင်ဆိုလျှင် တပည့်တော်တို့ တစုလောက်သာရှိပါကြောင်း။

သို့ပင် ဖြစ်သော်လည်း တပည့်တော် တို့သည် ရတနာသုံးပါးကို ကြည်ညိုလေးစား၍ သာသနာတော်ပြန့်ပွါးရန် ကြိုးစားနေကြပါကြောင်း။

ဗီယက်နမ်ပြည် အနှံ့အပြားတွင် ဗုဒ္ဓဘာသာဝင် နှစ်ထောင်ခန့်ရှိ၍ ရဟန်းတော်အပါ ၂၀-နှင့် သာမဏေ ၁၅-ပါးလောက်သာ ရှိပါသည်။ကျောင်း အဆောက်အဦးများမှာ ၅-ကျောင်းသာ ရှိပါသည်၊ ဇေတဝန်ကျောင်းတော်သည် အကြီးဆုံးဖြစ်၍ဝင်း ကျောင်းတော်မှာ သာသနာပြန့်ပြားရန် အကောင်းဆုံး ဟု ယူဆပါသည်။ ဝိဇ္ဇနတော်များကို ဗီယက်နမ်ဘာသာဖြင့် ပြန်ဆို၍ ပရိုက်ပြီးလျှင် အခမဲ့ ဝေငှနေပါကြောင်း။

သီဟိုဠ်နှင့် ပြန်မာပြည်မှ ပင့်ဆောင်လာသော ဓာတ်တော်များကိုလင်း ဇေတဝန်ကျောင်းတော်ရှိ ဘုရားတွင် ဌာပနာထားပါသဖြင့် ဘုရားဖူးများ များစွာ လာရောက်ကြပါကြောင်း။

ဒါယကာ ဒါယိကာမများကလည်း ရှစ်ပါးသီလ ခံယူဆောက်တည်ခြင်း ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းခြင်း အလုပ်ကို ပြုလုပ်ကြပါသည်၊ သို့အတူက် ဆေးဂုံမြို့နှင့် ၁၀-မိုင်ကွာအရပ်တွင် ကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်နေပါသည်၊ ဤအလုပ်ကြီး အောင်မြင် ထမြောက်ရန် မြန်မာပြည်ကလည်း ကူညီလိမ့်မည် ဟု မျှော်လင့်ပါသည်။

ဤဆဋ္ဌသံဂါယနာ၏ တန်ခိုးကြောင့် တကမ္ဘာလုံးတွင် သာသနာရောင်ဝါ ထွန်းလင်းလိမ့်မည်ဟု တပည့်တော် ယုံကြည်ပါသည်။

နိဂ္ဂုံးချုပ် အနေအားဖြင့် ဤကမ္ဘာ၌ မှီတင်းနေထိုင်ကုန်သော နတ်အပေါင်းတို့အား ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကို ဘေးမသီ ရန်မခဲ့ ချောမောစွာ ပြီးစီးစေရန် စောင့်ရှောက်ရန် ပန်ကြားပါကြောင်း။

ဗုဒ္ဓသာသနာသည် တကမ္ဘာလုံးတွင် ကြာမြင့်စွာ ထွန်းလင်းပါစေသတည်း၊ သတ္တဝါအပေါင်းတို့ ချမ်းသာသုခနှင့် ပြည့်စုံပါစေသော၀်။

အသျှင်နာဂထေရ်။

SPEECH GIVEN BY VEN'BLE NĀGA THERA OF VIETNAM, SAIGON.

Vietnamikā Sanghassa vacanena mahatā gāravena Mahā Sangham vanditvā imasmim thāne avasitthānam idha sannipātitesu Upāsaka Upāsikāsu nānāraṭṭhato idhāgatesu thutipubbangamo katipāya vacanāti vadāmi.

To the President of Chaṭṭha Sangāyanā, the Mahā Sangha and to all lay devotees in the Dhamma.

VENERABLE SIRS,

In the name of the Theravāda Sangha of Vietnam, I respectfully worship the Mahā Sangha and congratulate all brothers and sisters in the Dhamma, coming from near and far.

I have the honour and opportunity to come here not only this time, and this is the fifth time of undertaking the duty as Sangītikāraka with all my elder brother Theras.

Vietnam has a large population, but there are very few of those who are interested in Theravāda, except our poor party.

Nevertheless, we, day after day are struggling to propagate the pure Buddha Dhamma, we though very few, are faithful towards the Triple Gem.

We have more than two thousand disciples here and there in the country, the number of the monks is not more than 20 Bhikkhus and 15 Sāmaṇeras. Vihāras are only five but the biggest is Jetavana Vihāra which is considered as the centre of Theravāda Buddhism in Vietnam. The books were translated from Pāli into Vitenamese language, we have printed many different books and all free distribution.

The Buddha Relics received from Ceylon and Burma, enshrined in Jetavana Vihāra, are a great attraction to all Buddhists.

Amongst our disciples, many of them are observing Athasīla and practising meditation, so just now we are constructing a centre of meditation about 10 miles from Saigon town.

We are hoping that all Burmese Theras will help us to accomplish our noble work.

I am sure that all the world over will be enlightened by the influence of the Chaṭṭha Sangāyanā.

Finally, we solicit all Devas who live in the world, to protect the last Session of Chaṭṭha Sangāyanā in order to complete it successfully, without any hindrance.

May the Buddha Sāsana shine long in Burma and in the whole world. May all beings be happy and live in peace.

Ven'ble Naga Thera

JETAVANA-VIHARA, KY-VIEN-TU,
472, RICHAUD PROLONGEE,
BAN-CO,
SAIGON.

ဆဋ္ဌသံဂါယနာ သံဃာတော်ဘက်ဆိုင်ရာ ဝန်ဆောင်သံဃအဖွဲ့ဝင်ဆရာတော်များ

ညောင်ရမ်းဆရာတော်
မန္တလေး
The late venerable Nyaungyan Sayadaw, Mandalay

ဆရာတော် ဦးဣန္ဒာသဘ
မန္တလေး
Ven. U Indāsabha Mahā-thera, Mandalay

ဆရာတော် ဦးဥက္ကံသ
မန္တလေး
Ven. U Okkansa Mahā-thera, Mandalay



ဆရာတော် ဦးဝိသုဒ္ဓ
မန္တလေး
Ven. U Visuddha Mahā-thera, Mandalay



ဆရာတော် ဦးဇနက
မန္တလေး
Ven. U Janaka Mahā-thera, Mandalay

ဆရာတော် ဦးနန္ဒိမာ
မန္တလေး
Ven. U Nandimā Mahā-thera, Mandalay

မစိုးရိမ်ဆရာတော် မန္တလေး
မန္တလေး
Ven. U Suriya Mahā-thera, Mandalay

ဆရာတော် ဦးဉာဏဝံသ
မန္တလေး
Ven. Ñāṇavamsa Mahā-thera, Mandalay

ဆရာတော် ဦးပဏ္ဍိတ
(အနိုးစခမ်း ဆရာတော်)
Ven. U Paṇḍita (Ani-sakhan Sayadaw)



ဆရာတော် ဦးကောဏ္ဍည
ရန်ကုန်
Ven. U Kondañña Mahāthera, Rangoon

ဆရာတော် ဦးဣဿရိယ
ရန်ကုန်
Ven. U Issariya Mahā-thera, Rangoon

BHĀRANIṬṬHĀRAKA MAHĀTHERAS (WUNZAUNG SAYADAWS)

Members of the Sangha Supreme Council

ဆရာတော် ဦးနန္ဒသာမိ
သာသနာလက်ဘရ
ဆရာတော် ရန်ကုန်
Ven. U Nandasāmi Mahāthera, Rangoon (deceased)

ဆရာတော် ဦးနာဂဝံသ
ဗဟုကရာဆရာတော် ရန်ကုန်
Ven. U Nāgavamsa, Rangoon

မဟာစည်ဆရာတော်
ရန်ကုန်
Ven. Mahāsi Sayadaw, Rangoon

ဆရာတော် ဦးတိလောကာ-
ဘိဝံသ ရန်ကုန်
Ven. U Tilokābhivamsa, Rangoon

မဂ်လာသုခ ဆရာတော်
ရန်ကုန်
Ven. U Kesara Mahāthera, Rangoon

ကျောက်ကုန်းတောရ
ဆရာတော် ရန်ကုန်
Ven. U Ālāra Mahāthera, Rangoon

သာလေးတောင် ဆရာတော်
ညောင်ရှွေ
Ven. U Neminda Mahāthera, Yaunghwe

မဟာဝိသုတာရာမ
ဆရာတော် ပခုက္ကူ
Ven. U Nandavamsa Mahāthera, Pakokku

ရှေစေတီ ဆရာတော်
ရေနံချောင်း
Ven. U Esika Mahāthera, Yenangyaung



သပြေပင် ဆရာတော်
ဟသ်ဘတ
Ven. U Sobhana Mahāthera, Henzada

မင်းကျောင်း ဆရာတော်
မော်လမြိုင်
Ven. U Pandicca Mahāthera, Moulmein

ဆဋ္ဌသံဂါယနာ သံဃာတော်ဘက်ဆိုင်ရာ ဝန်ဆောင်သံဃဒေါ်ဝင် ဆရာတော်များ
BHĀRANIṬṬHĀRAKA MAHĀTHERAS (WUNZAUNG SAYADAWS)

မြောင်းမြ ဆရာတော်
ပုသိမ်
Ven. U Dhammananda Mahāthera, Bassein

ဆရာတော် ဦးနရသီဟ
စစ်တွေ
Ven. U Narasīha Mahāthera, Akyab

လယ်တီစံကျောင်း
ဆရာတော် ပျဉ်းမနား
Ven. U Ñeyya Mahāthera, Pyinmana

ဆရာတော် ဦးဝိစိတ္တသာရာ-
ဘိဝံသ တိပိဋကဓရ-
ဓမ္မဘဏ္ဍာဂါရိက
Ven. U Vicittasārābhivamsa, Tipiṭakadhara, Dhammabhaṇḍāgārika

နိဂုံး

ဗုဒ္ဓဘာသာဝင် ငါးနိုင်ငံတို့၏ သမဂ္ဂသမောဓိန ဧတနာသဒ္ဓါတရားတို့ကြောင့် ဖြစ်ပေါ်လာရသော ဤရာဇဝင်တွင်သည့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၏ မှတ်တမ်းကို ပဋ္ဌမသန္နိပါတအထိသာ ပါဝင်ထည့်သွင်းနိုင်ပါသည်။

ယိုးဒယားနိုင်ငံ၊ လောနိုင်ငံ၊ သီဟိုဠ်နိုင်ငံ၊ မြန်မာနိုင်ငံတို့မှ မဟာထေရ်ကြီးတို့သည် ဝိသေသ ဓနအလုပ်ကို ဆောင်ရွက်ကြရာ၌ရင်း၊ ၎င်းသုခ်သင်ပြီးသော ပါဠိတော်တို့ကို ရွေးရွေးသော သံဂါယနာတင် ရဟန္တာအသျှင်မြတ်ကြီးများကဲ့သို့ သံဂါယနာတင်တော်မူကြထုတ်ရ သမစိတ္တ၊ သမဘာဂ သမဂ္ဂသမောဓိနလည်း ဖြစ်တော်မူကြပေသည်။

ဤသံဂါယနာမှတ်တမ်းကို ဆဋ္ဌသံဂါယနာ အောင်ပွဲမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်ရပါသောကြောင့် ထိုအောင်ပွဲကြီးတွင် ဖတ်ကြားလတ္တံ့သော သဝဏ်လွှာများနှင့် သန္ဒေသကထာများကို ထည့်သွင်းခြင်းမပြုနိုင်ပါကြောင်း။

သတ္တဝါအပေါင်းတို့ ချမ်းသာသုခနှင့်ပြည့်စုံပါစေသောဝ်။

CONCLUSION

This Album brings the history of the epoch-making Chaṭṭha Sangāyanā, a collaboration and co-operation of the five Buddhist countries, up to the final stage of its successful conclusion. Mahātheras from Thailand, Laos, Ceylon, Cambodia and Burma both in Editing Groups and those who actually chanted the Texts after recension, met in harmony, discussed in harmony and rose in harmony as did the Arahats of old. Due to the necessity of producing the album to synchronise with the concluding ceremonies we have not been able to include the messages and speeches delivered at those ceremonies.

MAY ALL BEINGS BE HAPPY.